www.burmeseclassic.com



www.burmeseclassic.com

18 JAN 2014

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

**ဒီတာဝန်အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး ...ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ...ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ...ဒို့အရေး




# နက္ခတ္တရောင်ခြည်

နက္ခတ္တရောင်ခြည်
နက္ခတ္တရောင်ခြည်







လောကီပညာရသစုံမဂ္ဂဇင်း

E.I.A. March, 2014.



www.burmeseclassic.com

www.burmeseclassic.com

# နက္ခတ္တရောင်ခြည်




စာတည်းချုပ်
ဦးကျော်မိုးသိန်း

တာဝန်ခံစာတည်း
မွေ့ဒေဝ

နည်းလှည့်အယ်ဒီတာ
အောင်ဇ(LL.B)၊ကိုစိုးဆန်း၊
သန်းထွန်း(ဘားအံ)

ပါဠိ အယ်ဒီတာ
* ဦးစံတင်
(စတုနိကာယကောဝိဒ၊ဝိနယရေ၊ မွေ့ဘဝရိယ)
* ဦးသန်းအောင်ဌေ
[မွေ့ဘဝရိယ (မဟာဝဏ္ဏိဒီ မြန်မာဂုဏ်ထူး)
ဒီဃဘာဏက-ဒီဃနိကာယကောဝိဒ
(နိကာယဝိပုလ)]

ဥပဒေအကြံပေး
ဦးထွန်းစိန်
B.A(Myanmar), H.G.P.R.L(Advocate)

ပန်းချီဒီဇိုင်းပညာရှင်
ကိုတင်ဦး၊
တင်တင်နွယ်

မျက်နှာဖုံးပန်းချီ
မြတ်မင်းဟန်

ဖြန့်ချိရေးမှူး
ယဥ်ကျေးဝေ

ကွန်ပျူတာစာစီ
ပါရမီ ကွန်ပျူတာစာစီလုပ်ငန်း

အတွင်းဖလင်
ပါရမီ

နာယကကြီး
ဒေါက်တာ အောင်မိုး
M.B.B.S (Ygn)
ဒု-ဘာ-ဝ(တိုင်းရင်းဆေး)
M.Med.Sc (Pharmacology)
Advanced Pharmacokinetics
Training (London)
M.C.P.A, A.T.C.M
(Wuhan), D.M.A
Senior Fellowship of Aryuvedic
Medicine(India)

သာသနာ့အကျိုးဆောင်
ကောလာသ ဆရာအောင်

တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ
အကြံပေး
ဒေါ်ဝတ်ရည်ထွေး
B.Sc(Bot),Dip.T.Med.
ဦးဝင်းထိန်ကျော်
B.A(Philos),Dip.T.Med.,
T.L.R.M (INDIA)

အနောက်တိုင်း ဆေးကဏ္ဍ
အယ်ဒီတာ
ကိုကိုမောင်


ဆံတော်များသည် အိပ်ပက်ထဲကအတိုင်း
ပွားပြီး လက်မ တစ်ဆစ်ခန့်
မြင့်တက်နေသည်ကို... ➤ စာ-၁၆၉


ထုတ်ဝေသူ
ဦးခင်မောင်ဝင်း(၀၃၄၇၂) နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတိုက်၊
၂၃၃၊ ၂၉ လမ်း ရန်ကုန်မြို့၊
အတွင်းနှင့်မျက်နှာဖုံးရိုက်
ဦးခင်မောင်ဝင်း(၀၅၁၉၄) ပါရမီအော့ဖ်ဆက်၊
အမှတ် ၅၈၉ ရန်ကြီးအောင်လမ်း၊
၅-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊
ရန်ကုန်မြို့၊
မန္တလေးဖြန့်ချိရေး
နဂါးစာပေ
ရှမ်းတောင်ကသား ဖြန့်ချိရေး
မီးလုံးနှာစာပေ (တောင်ကြီး)
ပဒိုနဒီစာပေဖြန့်ချိရေး(တောင်ကြီး)
မွန်ပြည်နယ်၊ ကရင်ပြည်နယ်ဖြန့်ချိရေး
ကျော်ကျော်စာပေ(မော်လမြိုင်)
ဖြန့်ချိရေး
ကျော်မိုးသိန်းစာပေ၊ ၂၃၃၊ ၂၉ လမ်း ရန်ကုန်မြို့၊
ဖုန်း- ၀၁ ၂၄၂၂၈၄



ကြော်ငြာဒီဇိုင်းနာမှူး – ကိုတင်မောင်ဆွေး
မင်္ဂလာ စီးပွားရေးကြော်ငြာလုပ်ငန်း


၂၀၁၄ ခုနှစ်၊ မတ်လ
အမှတ် ၃၃၂
အုပ်ရေ
၁၀၀၀
ငါးရာကျပ် (၅၀၀/-)
ဖုန်း-၀၁ ၂၄၂၂၈၄





F.N.B.March, 2014.

BURMESE CLASSIC .com
www.burmeseclassic.com



မှော်ဆရာဘော်ဖြစ် ဖြစ်ကြောင်း
ဝမ္မင်ဆော်မှ ဝင်းအညွှန်းအချိန်တွင်
ဖြိုးဖော်မွှာသည်ကို ... → စာ-၁၆၁

ကျီးမန်းကို အိပ်မပျော်ခြင်းဝေဒနာအတွက်
စည်းလုံးညီညွတ်ရေးအတွက်
နိုင်ငံပေါ်မှ နိုက်ပျိုးထက်ကြွသည် ... → စာ-၁၀၉



## ဗေဒဆုံဖြိုးရောင်ခြည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊
ကျန်းမာပါစေ တိုင်းရင်းဆေးခန်း ဆရာဦးသီဟ
(တဆ-၀၃၉၈၀)၏ အသည်းခြောက်ရောဂါ
ကာကွယ်စောင့်ရှောက်မှုများ
[မြေပြင်မြေ မောင်ယဉ်တင့်] ၂၀၉

## ပညာပေးရောင်ခြည်

လူတိုင်းအတွက် တရုတ်မိုးရာ
အိပ်မက်ရှင်းတမ်း (၇၈) [ထက်မင်းကျော်စွာ] ၁၃၈
တရုတ်ကြီးထုံးပညာ (၈၈) [ဟူကျင်းဇီ] ၁၄၅
သတ်တမျိုး၏ ဘာသာစကား (၃၂) ၂၁၁

## အထွေထွေရောင်ခြည်

သူ ဘယ်လိုလူစားလဲ [သန်းပညာ] ၃၈
စိုက်ပျိုးရေးသုံး ဆေးဆိုင်နဲ့ စီးပွားဖြစ်နိုင်သူ
[ဆရာကြီး ဦးအောင်မြိုင်-ဥပဒေသွဲ့] ၄၆
မဟာအင်ဂျင်နီယာဘွဲ့နှင့် လက္ခဏာ ၁၂၆
အိမ်ထောင်ရေးနဲ့ လက္ခဏာအမြင်
[ဆရာဦးခင်မောင်လင်း-B.Sc,ရွှေဘို] ၁၄၂
လက္ခဏာပဟေဠိ အဖြေညီကြစို့
[ဆရာကြီး ဦးအောင်မြိုင်-ဥပဒေသွဲ့] ၂၀၅

## လမ်းညွှန်ရောင်ခြည်

အရာတော်မြို့မှ ခြေရာတော်ဘုရား(၁) [ထွေးမောင်] ၉
မုံရွာမြို့ ဘုန်းစိုးရပ်မှ ဖိုးတစ်လုံးတောရသိမ်နှင့်
စေတီတော်(၂) [ဘုန်းကျော်စွာ-မြိုင်တက္ကသိုလ်] ၁၀၅
စိတ်သဖွယ်ပွားလျှင် ကြံသမျှ ထူးစေသည့်
ဝိဇ္ဇာဘုရားရှင်ထံတော်ဦးဆီသို့ (၄) [စံထွန်းသာ] ၁၂၀
မြတ်သာမဏာတို့ စံပျော်မြန်းသည့်
ထုံးတောင်မြေသာစခန်းဆီသို့(၁) [ဇင်ညိုငယ်] ၁၇၇

## အထူးကဏ္ဍရောင်ခြည်

ဘိုးပိုက်ဆံရှာပုံတော် [အောင်ဇ-LL.B] ၁၇
တဘောင်ထဲက ဖြစ်ပေါ်လာသည့် မြိတ်မြို့မှ
စုံလေးစုံ စေတီ(၁) [ရွှေဦး-မြိတ်] ၃၃
မြင်းမထိလိုဏ်ဂူအတွင်းမှ စေတီရုပ်ပွားများနှင့် ထူးခြား
ကျောက်ရုပ်များ(၃) [ဘုန်းကျော်စွာ-မြိုင်တက္ကသိုလ်] ၄၁
ရှုံးမာန်ကင်းစေသည့် ကောလင်းနယ်မှ ဇောင်းမိုးမိတ်ဆောင်
ခမောက်တောင်(၄) [ထက်မင်းကျော်စွာ] ၆၅
ဝေဘူဆရာတော်ကြီး၏ နွေရာသီ သီတင်းသုံးရာ
အင်ကြင်းပင်သာသနာမြေသို့(၄) [ထက်မင်းကျော်စွာ] ၈၉

www.burmeseclassic.com


## ❋ ကိုယ်တွေ့မျှဝေရောင်ခြည် ❋

ထူးတာတွေ့တော့ ပြောပြချင် [မောင်ကံ-တံတားရွာ] ၁၈၅
မှတ်မှတ်ရရ သာမည [မင်းခန့်ကျော်-ဇီးကုန်း] ၂၄၁
ဇလုပ်ငှက်ကျွန်းမှ မြွေမှော်ပညာ [မဇိုင်ဝါ-မြန်အောင်] ၂၄၃
ဝိဇ္ဇာရ ကျောက်ဖား [ခုတ်မောက် လှမြင့်သစ်] ၂၈၁

## ❋ ကျန်းမာရေးရောင်ခြည် ❋

ထူးခြားသော ချမ်းသာအဓိဋ္ဌာန် [အောင်ဇ-LL.B] ၁၂၉
သိဒ္ဓိဝင် သတ္တဋ္ဌာနကျင့်စဉ် (၂)
[ဘုန်းပြည့်တောအဖော်ဆရာ-ဝဇ္ဇိရနယ်မြေ] ၁၃၄
ဦး(၃)ဦး ဝိဇ္ဇာရအဓိဋ္ဌာန်ကျင့်စဉ် [ဦးကိုဦး] ၁၃၇
မွေးရပ်မြေသို့ ပြန်ရောက်ဖို့ [အောင်နန္ဒ-ကျိုက်လတ်] ၂၀၁
ငွေကြေးရလွယ်အောင် [သန်းခေါင်-ပညာရေး] ၂၀၄

## ● အိမ်အရေးရောင်ခြည် ●

လျှို့ဝှက်နက်နဲ "ထ"ထမနဲနှင့် ထမနဲနှင့်
ယတြာစီရင်စို့ [ကောင်းမြင့်မြတ်စိန်] ၅၄
မဟာဘုတ်ချိန်ခွင်နှင့် လာဘ်ရငွေဝင်အစီအရင်
[ဘွဲ့ကြွင်းတနင်္လာသားသမီးများအတွက်] [သန်းပညာ] ၆၂
နေအိမ်တွင် ဖျားစွဲလျှင် [ထွေးမောင်] ၁၆၅
ရက်ပုပ်ရက်ဆိုး အခိုက်ဖြေနည်း [ငြိမ်းသော်တာ] ၁၇၁
တားရောင်းလိုလျှင် ယောက်မဆောင်
[ဂါမဏီဖော်-စစ်ကိုင်း] ၁၉၂
တလေးအငိုတိတ်အောင် [ကသာ သင်းမွေး] ၂၀၈
ကျွန်တော်နှင့် ပိတုန်းသုံးကောင် ပျောက်ဆုံးခြင်း
[ကိုဒွန်-၁၀၈] ၂၂၉

## ❒ အမျိုးသမီးရောင်ခြည် ❒

အနွှေးထုံနှင့် ရှေ့ခြောက်နောက်လေး ထုံတည်နည်း
[ဝိဇ္ဇာမဟိဒ္ဓိ ဆရာဦးသန်းမြင့်-တိုင်းရင်းဆေး] ၁၄၄
ကြေးမုံကြိုးသွား မင်းလေးဝါး(၂)
[ရွှေတောင် ခင်မောင်ကြည်] ၁၄၇
ထုံစားလမ်း [ဟသ်ာတ ကောင်းမွန်ကျော်] ၁၇၃

## ❋ ဂါထာမန္တန်များရောင်ခြည် ❋

ပွဲတွေ့ ထုံမန်းဂါထာ [ဦးကျော်ဆောင်း-B.Aဗျာမန္တလေး] ၁၆၆
အမှောင့်ပယောဂဟူသမျှခွာချအရယ် [အံ့ကြွယ်] ၁၈၇
တိမ်မြုပ်နေသော မြွေဆိပ်ချ မန္တန်တစ်ခု [နောင်ရိုး] ၂၁၇
ဝိဇ္ဇာရဂါထာဆန်းတစ်ပုဒ် ပညာရှင်များမှ
ဖော်ထုတ်ပေးကြပါ [မောင်ညွန့်သိန်း-တောင်ငူနီးမြို့] ၂၈၉




ဤရုပ်ပွားတော်ကို
ပညာအရာ ထူးချွန်ကြီးမြတ်လိုသူတို့ အဓိဋ္ဌာန်ပြု ပူဇော်၍
အောင်မြင်ဖြစ်ထွန်းမှုကို ➡ ၈၁-၅၇

နောက်ခြေ အနည်းငယ်လျှော်၍
ငုံကြည့်တော်မူပြီးနောက် ခြေနှစ်ဖက်ကို ခြေရာကို
ကျော်သွားထားတော်မွင် ➡ ၈၁-၁၂





www.burmeseclassic.com

www.burmeseclassic.com



ငါးလုံးခွဲရာမှ ငါးအတွင်းမှ
ရွှေရောင်ဝင်းနေသော ရုပ်ပွားတော်လေး
မထင်မှတ်ဘဲ ထွက်ကျလာသည်ကို

စာ-၁၅၄

ဆရာတော်ကြီးမှ နဂါးများရွာမှ
ရှုသားများရွာ ဖြစ်လာသူများ
ရှိခဲ့ကြောင်း မိန့်ကြားခဲ့ပါသည်

စာ-၉၇




✻ ဆေးနည်းတို့ရောင်ခြည် ✻

ဆည်မြို့ဆရာတော်ကြီး၏ ရုပ်ပို့ကိုယ်နုဆေး [မြတ်သစ်ရွှေ-မြတ်စေတနာ] ၁၆

ဒဏ်ရာများနှင့် အပူကြောင့် သွားနာခြင်းသက်သာစေဖို့ [ဦးမောင်-ရွှေညောင်] ၁၁၀

အမျိုးသမီးများအတွက် အပြုဆင်းရောဂါ သက်သာ
ပျောက်ကင်းဆေးတစ်လက် [မဟူရာ-ရေဝတီ၊ ကသာ] ၂၂၂

◆ ဆေးဆေးရောင်ခြည် ◆

ဂဟေဆော်သူများအတွက် ဆေးတစ်လက် [လွမ်းသိန်းမိုး-နှင်းပုလဲ] ၇၈

ဆီးကျိတ်ရောင်ရောဂါ ကင်းဝေးစေရန် [သီရိ] ၈၆

ကလေးများအတွက် သန်ချဆေးတစ်လက် [ဦးအေးရွှေ-ကနောင်] ၁၇၆

ဖူးနာနှင့် အဆစ်နာ အဆစ်ကိုက်ပျောက်ဆေးတစ်နည်း [စဥ့်ကူ စိုးဝင်းထက်မောင်-သျှင်စာမွန်] ၂၆၈

⁘ ဂန္ထဝင်ပတ္တမြားရောင်ခြည် ⁘

ချစ်သူ့ဝိညာဉ် ပန်းသခင် [အင်ကြင်းပန်း] ၂၆၅

ဥစ္စာစောင့်၏ပဟေဠိ အမြေညိုမိသူ [ကြည်လှိုင်-ရွှေကူ] ၂၉၇

◆ ဗိဟိုရှိုးအင်းရောင်ခြည် ◆

တမလွန်နှင့် ဆက်သွယ်ပေးသူ [နန်းခင်ဖြူဝင်း] ၁၉၃

မေတ္တာလှိုင်းက သာပါစွ [အောင်လှသန်း-မင်းဘူး] ၂၉၅

⁜ ထူးခြားသတင်းရောင်ခြည် ⁜

ကုက္ကိုကုန်းရွာ ကျောင်းတိုက်ဝင်းအတွင်းမှ
ထူးခြားသည့် ငှက်ပျောပင် [ညွန့်ဝင်း-နတ်တလင်း] ၁၀၀

မိသားစု စည်းလုံးစေသည့် ခြင်းလုံးပန်း [ထက်မင်းကျော်စွာ] ၁၀၉

ကျောက်စိမ်းဂမုန်းကွင်းထိုး လက်ဆောင် [မောင်မောင်ထွန်း-မုံရွာ] ၁၁၄

⁜ ဗေဒသုတရောင်ခြည် ⁜

ကြောင်ခုတင်ရဲ့ အကျိုးကျေးဇူး [အောင်ဆန်းလင်း-ဘီအေ] ၁၆၇

အခေါက်ရွှေ သန့်စင်နည်း [ဆုမောင်-ရွက္ကူ] ၁၇၅

✝ ထူးခြားပုဂ္ဂိုလ်ရောင်ခြည် ✝

သဲပြင်ကျောင်းမှ ဝါးခြွေရှုပ်ကလေး [ထက်မင်းကျော်စွာ] ၃၁

ထန်းပင်တဲရွာမှ ထူးခြားရုပ်ပွားနှင့် ကြေးစည် [စောသိင်းလဲ] ၅၄

သက်တော်ရှည် ရာဇကြိုဟ်တောင် ဆရာတော်၏
ဆံတော်ပွား [ကိုကိုခန့်ချော-ကသာမြို့] ၁၆၉




www.burmeseclassic.com

www.burmeseclassic.com


● ကိုဏ်းခံပညာရောင်ခြည် ●

နှမ်းပါးသူ ကင်ဆာဝေဒနာရှင်အတွက် စေတနာပြင့် အကြံပေး ဓမ္မဏ္ဍပြုခြင်း [ဦးမင်းဇင်-ချွေနဝင်း] ၁၉၈

သိုင်းပညာရှင် ဆရာကြီး မင်းယကွ၏ ဘဝအတွေ့အကြုံများ (၂၅) [ဆရာကြီး မင်းယကွ-တိုက်ပွဲဝင်] ၂၁၄

* ကျန်းမာရေးရောင်ခြည် *

ခေါင်းမူးခေါင်းကိုက်ရောဂါ သက်သာစေသည့် အလွယ်တကူ နှိပ်တွက်များ [ဗိုလ်မင်း-မင်းလှ] ၁၆၈

အကျိုးပေးအပြစ်ပေးရောင်ခြည်

ငါးကျည်းငါးခူ အစုံဆူးသော် [ကျော်ခင်မြ] ၁၄၂

○ ဘုရားတရားရောင်ခြည် ○

မဟာဘုတ်ရိုနိုဒွင်နှင့် တွေ့ဆုံရှင်ဆရာတော်ကြီးများ
[အိမ်မဲ့ရှိ ဖိုးကြီးဝိသုဒ္ဓိ ဆရာတော်ကြီး၏တပည့် ငါးဘွဲ့ရ သာမဏေကျော် ပဋ္ဌာန်ကျော်ဘွဲ့ရ အရှင်ဇဝနာလင်္ကာရအား ဂါရဝပြုခြင်း] [သန်းပညာ] ၁၁၃

ထုတ္တန့်သိမ် ဗုဒ္ဓိုးတော်မှ ရွှေစေတ်ရနိုင်မှုရာ ဝတ်ဆင်ထုံးဖွဲ့မှု ဒီဇိုင်းလက်ရာများ(၄) [ပန်းချီထူးလှ-ရွှေဟောင်းသုတေသန] ၁၁၆

စိတ်ဝင်စားဖွယ်ကောင်းသော ထိုးမြွလက်မှတ်များအကြောင်း [ဆရာကြီး ဦးအောင်မြိုင်-ဥပဓေဘွဲ့] ၁၉၅

○ မြန်မာ့ယဉ်ကျေးမှုရောင်ခြည် ○

ပုဏ္ဏာရိုက်ပင်လေးအထင်မသေးနှင့် [မောင်ဇော-ရာမည] ၇၀

တောလင်းနယ်မှ ဆေးဖက်ဝင်အပင်များ(၁) [ခွန်စိုင်းဝင်း] ၂၂၅

* ဟိုမှုသည်မှုရောင်ခြည် *

နွားများ ဗိုက်တယ် ဗိုက်တားဖြစ်လျှင် [စိုးလင်းအောင်-မြန်အောင်] ၃၀၂

• တွေ့ဆုံမေးမြန်းခြင်းရောင်ခြည် •

ကြားမယုံ ကြုံဖူးမှ ကြည်ညို [ဦးငွေသန်း-တရင်းစစ်အရာရှိ ငြိမ်း] ၁၆၁

* အောင်မြေရောင်ခြည် *

စစ်ကိုင်းတစ်ခွင် သမိုင်းဝင်စေတီများ၏ အောင်မြေနှင့် ရှိုးပူဇော် ဂါထာတော်များ(၁၃) [အောင်ရွှေမြတ်-စစ်ကိုင်းတောင်] ၄၉

ဝပါးတောင်ခြေ အဓိဋ္ဌာန်ပြုရာ သစ်မြှုတောင် အောင်မြေ(၁) [မောင်မောင်စိုး-ထားဝယ်] ၈၁




ဤပုံတော်မှာ
ဆရာတော်ကြီး ခန္ဓာစွန့်၍ (၇)ရက်အကြာတွင်
ရိုက်ကူးထားသော ပုံတော်ဖြစ်ရာ... ➡ စာ-၁၃၈

တောမီးလောင်ရာ ဝါးရုံတစ်ခုအတွင်းမှ
မီးမလောင်ဘဲ ကျန်ရစ်ခဲ့သည့်
ဝါးပင်မှုဖြစ်ကြောင်း... ➡ စာ-၃၀





www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်အား
ဖိုးကျောင်းကြီး
မှ
ချူးတိုင်း
မြန်တိုင်း
ဦးတိုက်လေ့
ရှိကြသည်...
စာ-၂၉



ပထမ
ဆေးဝက်ပါ
ဆရာတော်ကြီး
ဦးသုရိယ၏
ခြေရာနှင့်
တစ်ထပ်တည်း
တွေ့ရသော
ခြေတော်ရာကို...
စာ-၃၇



ဤ
[illegible]
မှဆိုးမျိုး
တွေ့ရှုး
ဝါသနာ
[illegible]
များအ
ဖော်ပြ
ပေးပါရန်...
စာ-၉၄


## ✧ ထီဗေဒရောင်ခြည် ✧

၂၀၁၄ ခုနှစ်၊ မတ်လအတွက် ခေတ်ကြီးငါးပါး
စိုးမိုးမှုနှင့် အောင်ဘာလေထီဆုငွေ [ထက်မင်းကျော်စွာ] ၁၅၂
၂၀၁၄ ခုနှစ်၊ မတ်လ ထီအတွက် ရွှေချယ်ပါ ဤဂဏန်း
[ဆရာရဲထက်-သုတေသီ] ၁၉၇

## ✢ စိုက်ပျိုးရေးရောင်ခြည် ✢

ဥကာန်စွန်းပင်ကို သန့်သန့် ပျိုးစိုက်ပါ
[ကိုမောင်ကျော်လှိုင်-မအူပင်] ၁၄၁

## ✳ အင်းဆေးရောင်ခြည် ✳

ကာလကဏ္ဍီနှင့် တတိုးဆောင်းပါးပါ နံပေါ်အင်းနှင့်
ပတ်သက်၍ [နေနီလင်း-ကောလင်း] ၁၈၃
လိုရာသုံး ဗောဓိပက္ခိယအင်း
[ရသဂန္ဓီရ ကျော်ဝင်းအောင်-မြည်၊ ဆည်မြောင်း] ၂၀၆

## ✎ ပုဂ္ဂိုလ်ထူးရောင်ခြည် ✎

တနင်္သာရီနယ်မှ ထူးခြားသော ဆရာတော်တစ်ပါး
[နန်းဖြိုးရွှေရီ] ၂၅
ဘုတလင်မြို့၊ ကြောင်ပန်းတောရွာနှင့်
ပထမကြောင်ပန်း ဆရာတော်ကြီး အရှင်ကုဏ္ဍလ၏
ဘဝတောက်ကြောင်း(၂) [ဖင်ညိုငယ်] ၇၃
မိုးကောင်း ဓေဝဆရာတော်ကြီး၏ ထူးခြားမှုများ
[ဒေါ်သုမနဝီစိဇ္ဇ B.Sc,H.G.P,DipEd] ၉၇

## ❖ ထူးခြားအတွေ့အကြုံရောင်ခြည် ❖

ဝါးလုံးအတွင်းမှ ဖူးတွေ့ရရှိသော ရွှေဆင်းတု
ရုပ်ပွားတော်နှင့် ထူးဆန်းသော ဖြစ်ရပ်ဆန်းများ
[ဝေရွှာစိုး-တောင်ငူ] ၁၅၃
မဟာမြိုင်တောထဲမှ ထူးဆန်းသောဘုရား
[တက္ကသိုလ် အပန်ငယ်] ၂၃၃
စံကားဝါ ရွှေတစ်ပွင့်(၁)
[ရွှေတောင် ကြည်မောင်အေး] ၂၃၆
မြဒါးပြာနှင့် အံ့ဖွယ်ဖြစ်ရပ်ဆန်း
[မျိုးတင့်-ညောင်လေးပင်] ၂၄၉

## ❍ အမေးအဖြေရောင်ခြည် ❍

ပေပုတီးချပ်ပြားဝိုင်းတလေးများ သိသူများမှ
ဖော်ပြပေးကြပါရန် [အဝါ-ဖီးကုန်း] ၉၄
ကျိန်ပြုနိမိတ်နှင့်ပတ်သက်၍ သိသမျှ
ဖြေကြားလိုက်ပါသည် [မြေမိုးချစ်-နတ်မောက်] ၂၂၀
ခြတောင်ပို့နှင့် ပတ်သက်၍ သိသူများမှ
ဖော်ပြပေးပါရန် [ဗိုလ် .ငး-မင်းလှ] ၃၃၂
နိုတောင်းတောင်ပေါ်က ထူးဆန်းသည့် ကျောက်ရွက်
သိသူများမှ ဖြေကြားပေးစေချင် [ရွှေဆိုင်] ၂၆၃




www.burmeseclassic.com

www.burmeseclassic.com


✂ နေ့စဉ်သုံးအထက်ကမ်းညွှန်ရောင်ခြည် ✂

၂၀၁၄ ခုနှစ်၊ မတ်လ ငွေကြေး
လာဘ်လာဘ သွက်လက်စေဖို့ [ထက်မင်းကျော်စွာ] ၁၄၆
၂၀၁၄ ခုနှစ်၊ မတ်လအတွင်း
ပုံရိပ်ရှင်တို့၏ ကံကြမ္မာ [ဟူကျင်းဇီ] ၂၂၀
၂၀၁၄ ခုနှစ်၊ မတ်လအတွက်
ခုနစ်ရက်သားသမီး ဟောစာတမ်း [ဆရာ ရောင်ခြည်] ၂၂၃

★ ပြန့်ပွားရေးပညာရောင်ခြည် ★

ညှပ်သတ်ညှပ်တင် အပင်စိုက်လျှင် ထိရိုက်လေ၏
[မောင်ဗဟိန်း-အင်းတော်] ၁၃၂
အစာမှားသေး ကင်းဝေးစေရန်
[ကျော်မိုးလွင်-ဝါးခယ်မ] ၁၄၃

◆ ကျန်းမာရေး ဆောင်းပါးရောင်ခြည် ◆

၂၀၁၄ ခုနှစ်၊ မတ်လအတွင်း
ကျန်းမာရေးအတွက် အကြံပေးချက်များ [ဟူကျင်းဇီ] ၁၁၉

❖ အမျိုးမျိုးရာ ပြင်းမှန်ရောင်ခြည် ❖

၂၀၁၄ ခုနှစ်၊ မြင်းမိုးမိုးသည့်နှစ်အတွင်း
အန္တရာယ်ကင်းစေဖို့ [ထက်မင်းကျော်စွာ] ၁၅
၂၀၁၄ ခုနှစ်၊ မြင်းနှစ်တာလ
ကြံတိုင်းအောင်၍ ဆောင်တိုင်းမြောက်စေဖို့ [တိုင်းလီစု] ၁၀၃
၂၀၁၄ ခုနှစ်၊ မြင်းနှစ်တာလ
အရောင်းအဝယ်သွက်လက်စေဖို့ [ဟူကျင်းဇီ] ၂၀၀
၂၀၁၄ ခုနှစ်၊ မြင်းနှစ်တာလအတွင်း
နိုင်ငံရပ်ခြားခရီး အဆင်ပြေစေမည့်အစီအရင် ၂၇၂

● ဖြစ်ရပ်မှန်ရောင်ခြည် ●

မြိုင်တွင်းမတောင်းကောင်နှင့်ချပ်တွင်းကြီး [ဇရာမောင်] ၂၄၅
သစ်တံခါးအစွမ်း အံ့မခန်း [ညီလေးငယ်-လယ်တော်] ၂၅၇
အိမ်လိပ်စာမသိဘဲ ထူးဆန်းစွာ ရောက်ရှိလာသည့်
မိခင်ကြီး၏ရုပ်အလောင်း [ချို-အမရပူရ] ၂၆၁
တာဝန်ကျေလွန်းသူ [မေ-ပြင်ဦးလွင်] ၂၆၉
မယုံဘူးဆိုတာ မကြုံဘူးသေးလို့ပါ
[တက္ကသိုလ် မောင်လှလှ] ၂၇၆
နတ်ဝှက်မှု [မောင်လေးကော-ဘီးလင်း] ၂၈၇




ဒီ
သိကြား
ရုပ်တုကို
လှူဒါန်းခဲ့တဲ့
နှစ်.နှစ်ဆယ်က
လူတစ်ဦး
အိုးထုတ်
သွားတယ်
ဝင်းအပြင်
ရောက်တာနဲ့...
စာ-၉၂



သစ်ပင်ကို
ဖောက်ပြီး
နွယ်ပင်က
ဝင်နေသည့်
သစ်ဖောက်
နွယ်ဝင်ကိုမူ...
စာ-၁၈၅



အေးငြိမ်သော
သာမန်
ငှက်ပျောပင်
၏
အမြုံးမှ
အဖီး
တစ်ရာကျော်
ထွက်လာခြင်းမှာ
စာ-၁၀၂




www.burmeseclassic.com

www.burmeseclassic.com

အရာတော်မြို့မှ

# ခြေရာတော်ဘုရား (၁)

ဝေထူးမောင် [?]



◆ အနီးကပ်ရိုက်ရသော ခြေရာတော်စေတီ

'ဒကာ ဆန္ဒရှိရင် အရာတော်မြို့က ခြေရာတော်စေတီကို ဦးပဥ္စင်း လိုက်ပို့ပေးမယ်။ ရဟန်းစပြီးဝတ်တော့ အဲဒီနယ်ဘက်မှာ နှစ်အတော်ကြာအောင် နေခဲ့ဖူးတယ်'

'ဆန္ဒရှိပါတယ် ဘုရား၊ မျက်စိအောင့်တာ ပိုဆိုးလာတယ်။ အလင်းရောင် မကြည့်နိုင်အောင် စူးအောင့်နေတယ်'

'ကျုပ်မှာ နေကာမျက်မှန် အနက်ရောင်တစ်လက် ရှိတယ်။ စမ်းကြည့်ပါလား'

သားလင်းကြီးမြို့ ဝက်တောကျောင်း၊ မြောက်ကျောင်းဘုရားများအား သွားရောက်လေ့လာ၍ ပြန်လာရာတွင် ဒေါင်လောင်ရှင်ကဿပနှင့် ပတ်သက်၍ တိကျရေရာသော အထောက်အထားများ မရခဲ့သဖြင့် အရှင်သီလာစာရ အထက်ပါအတိုင်း မိန့်ကြားခြင်းဖြစ်သည်။ ခြေရာတော်စေတီရှိ [?]ခြေရာမှာ ပကတိခြေရာအတိုင်း သိမြင်ထင်ရှားစွာ တွေ့နိုင်သည်ဆို၏။ ထို့ကြောင့် မဟာလယ်တီတိုက်၊ ဒေါ်မေ[?]ကျောင်းမှ ဦးသီလာစာရ၏ ကူညီမှုဖြင့် အရာတော်မြို့ဆီသို့ နံနက်စောစောအချိန်တွင် စတင်ခရီးထွက်ဖြစ်ခဲ့သည်။ ရှင်မဟာကဿပ၏ ခြေတော်ရာ မဟုတ်သော်မှ ထူးခြားသောဖြစ်စဉ်အချို့ကို ဖော်ထုတ်ပူဇော်နိုင်ပေမည်။

## ခြေရာတော်ဘုရားသို့

မြို့မှ ကျောက်ကာလမ်းအတိုင်း ချောက်[?]ကာ ကျောက်ကာတောင်ရွာမြောက်ရွာများကို ကျော်လွန်လျက် (၁၉)မိုင်ခန့် ခရီးဆန့်မိသောအခါ အရာတော်မြို့သို့ရောက်သည်။ ထိုမှ အနောက်မြောက်သို့ အနည်းငယ်သွားသော် သဲချောင်းဖွေးဖွေးတစ်ခုနှင့် လယ်တီရွာ၊ ထိုမှ မနီးမဝေးတွင် ခြေရာတော်ဘုရားသို့ ရောက်တော့သည်။

ခြေတော်ရာဟုမဆို၊ **'ခြေရာတော်'** ဟု ဘွဲ့မည်တပ်ရခြင်းကား ဘုရားရှင်၏ သရီရဓာတ်တော်များ ဌာပနာ[?]ဝင်



www.burmeseclassic.com

www.burmeseclassic.com



◆ စောင်းတန်းအနီးမှ ဖူးရသောစေတီ



◆ ခြေရာတော်စေတီလိုက်မှန်

◆ ခြေရာတော်စေတီ စောင်းတန်းအဝ



တော်မူသော ဘုရားတွင် ရဟန္တာခြေရာ တည်ရှိသောကြောင့် ဖြစ်သည်ဆို၏။ ရဟန္တာခြေရာကို အာရုံခံတန်ဆောင်း အတွင်း ဖူးမြော်နိုင်သည်ဟု သိရသည်။

စောင်းတန်းထိပ် မုခ်ဦးပြာသာဒ်တွင် **'ခြေရာတော် မြတ်စွာဘုရား'** ဟူသော ကမ္ပည်းကို တွေ့ရသည်။ မုခ်ဦးမှ လှမ်းမြင်ရသော ခြေရာတော်စေတီတော်ကြီးမှာ ဉာဏ်တော်အမြင့် (၆၄) တောင်နှစ်မိုက် ရှိသည်ဆို၏။

စောင်းတန်းအတိုင်း ဝင်ရောက်သွားပြီးနောက် စေတီတော်အား အနီးကပ် ဖူးမြော်ရာ လေးထောင့်အုတ်ခုံခံ၍ ပစ္စယံသုံးဆင့်တင်ကာ အထက်တွင် ခေါင်းလောင်းမှောက်စေတီ ပေါက်ထားသည်။ ပစ္စယံထောင့်များတွင် သာမက အုတ်ခုံထောင့်များတွင်လည်း ထောင့်စိုက်အရံစေတီတစ်ဆူစီ ပူဇော်ထားလေသည်။

စေတီတော်၏ အာရုံခံတန်ဆောင်း အတွင်း ဝင်ကြည့်သောအခါ ဂန္ဓကုဋိမှန်လိုဏ် သံတံခါးပိတ်ထားသဖြင့် ဂေါပကအဖွဲ့ကို ရှာဖွေရာ မြို့တွင်းသို့ ညွှန်ပြကြသဖြင့် အရာတော်မြို့သို့ တစ်ခေါက်ပြန်သွားရသည်။


ဂေါပကဥက္ကဋ္ဌအိမ်သို့ ရောက်၍ အကျိုးအကြောင်း ပြောပြသည်တွင် ချက်ချင်းဆိုသလိုပင် ဆိုင်ကယ်ဖြင့် လိုက်ပါကူညီပေးကာ စေတီသမိုင်း စာအုပ်ကိုလည်း ဒါနပြုလေသည်။

## စေတီသမိုင်းအကျဉ်း

ပျူခေတ် ဟန်လင်းနေပြည်တော်တွင် ထီးနန်းစိုက်သော ဗန္ဓကမင်းကြီးသည် သားတော်ငယ် သီရိစန္ဒမင်းသားက အတန်တန် အယုံသွင်း ကုန်းချောသဖြင့် သားတော်ကြီး ဥပရာဇာသီဂိန္ဒအား အကျဉ်းချထားစေသည်။

ထိုအခါ ဥပရာဇာ အိမ်ရှေ့မိဖုရား စန္ဒာဒေဝီက အခြွေအရံများနှင့် မြို့တော်

www.burmeseclassic.com



◆ ခြေရာတော်စေတီလိုဏ်တွင်း
ရုပ်ပွားတော်
မူလရုပ်ပွားတော် ◆

အနောက်ဘက်သို့ ထွက်ပြေးတိမ်းရှောင်ရသည်။ နေပြည်တော်နှင့် အတန်ပင် ဝေးကွာသော **နာဂသရတောသို့ရောက်သော်**( မူးမြစ်နှင့် ချင်းတွင်းမြစ်အကြား၌ရှိ၏။) မထင်မရှား ဆင်းရဲသားအသွင်ဖြင့် ရှာတည်နေထိုင်ကြသည်။

ထိုတောအတွင်း သားကောင်များ သတ်ဖြတ်ခြင်းဖြင့် အသက်မွေးရသော နာဂသရမုဆိုးသည် အသက်အရွယ်ကြီးရင့်လာသော် အားအင်ယုတ်လျော့၍ သားကောင်မလိုက်နိုင်တော့သည့် ရောဒုက္ခကို သံဝေဂရ ငေးမှိုင်နေစဉ် သူမေဓာ ရဟန္တာအရှင်မြတ်ကို ဖူးတွေ့ရသဖြင့် တရားမမှ ကြားနာရလေရာ ငြိမ်းအေးခြင်းသို့ ရောက်သည်။

ခုနစ်ရက်တိုင်တိုင် ဟောကြားဆုံးမတော်မူသည်တွင် နာဂသရမုဆိုးလည်း ခြိမ့်ပျက်အစဉ်ကို ကောင်းစွာ သဘောပေါက်လေတော့သည်။ ထိုအခါ ရဟန္တာအရှင်မြတ်က နာဂသရတောအုပ်မှ ဆက်၍ထွက်ကြွလေလျှင် နာဂသရက...

'အရှင်ဘုရား ဤတောမှ ပြန်လည်ကြွချီတော်မူပါလျှင် တပည့်တော်အား သနားသောအားဖြင့် ကိုးကွယ်စရာ တစ်စုံတစ်ရာ ချီးမြှင့်တော်မူပါ ဘုရား'

ဟု လျှောက်ပါလေသည်။ အရှင်မြတ်လည်း လှမ်းကြွနေရာမှ နာဂသရ လျှောက်တင်သံကြားရသဖြင့် နောက်ခြေအနည်းငယ်လှည့်၍ ငဲ့ကြည့်တော်မူပြီးနောက် **ခြေနှစ်ဖက်ကို ကျောက်သားထက် တင်ချန်ရစ်ခဲ့လေသည်။**

နာဂသရလည်း ထိုခြေရာတော်အစုံကို ဆရာအရှင်အဖြစ် ကိုးကွယ်ကာ အရှင်မြတ်အား စတင်ဖူးတွေ့ရသော မြေပြင်၌ မြတ်စွာဘုရားရှင်အား ရည်မှန်း၍ စေတီတည်ပြီးနောက် ခြေရာတော်ကျောက်ကိုလည်း စေတီအနီး ထားရှိပူဇော်ခဲ့လေသည်။

အိမ်ရှေ့မိဖုရားသည် နာဂသရတောအုပ်တွင်း ဖြတ်သန်းသွားလာသော အခါ စေတီတော်နှင့် ခြေရာတော်ကို




www.burmeseclassic.com

www.burmeseclassic.com



ကျောက်ပြားထက်မှ ခြေရာများ

ခြေရာတော်ရှိရာ မှန်ကျောင်းဆောင်



တွေ့ရသဖြင့် တံမြက်လှည်း သန့်ရှင်းကာ ပန်း၊ ဆီမီး၊ ဆွမ်းများ ကပ်လှူလေ့ရှိလေသည်။

နေထိုင်ရာရွာနှင့် မဝေးလှသဖြင့် နေ့စဉ်ပင် ဆွမ်း၊ ပန်း၊ ရေချမ်း ကပ်လှူဝတ်ပြုကာ နေပြည်တော်မှ နန်းရေးပြဿနာ ကျေအေး၍ မောင်တော်နှင့် ပြန်လည်ဆုံစည်းရစေရန် ဆုတောင်းလေသည်။

ထိုအချိန်တွင် ဟန်လင်းနေပြည်တော်၌ ဒီဝိရစန္ဒမင်းသား၏ လော်လည်မှုပေါ်ပေါက်၍ မင်းကြီးက ကွပ်မျက်ကာ သက်တော်ကြီးရင့်ပြီဖြစ်သောကြောင့် ဥပရာဇာအား အရိုက်အရာလွှဲအပ်လေသည်။

ဟန်လင်းထီးနန်းကို ရရှိပြီးနောက် ဥပရာဇာမင်းသည် မိဖုရားအား ရှာဖွေစေရာ မတွေ့ကြသဖြင့် နောက်ပါအလုံးအရင်းဖြင့် ကိုယ်တော်တိုင် ထွက်ရှာတော့သည်။

နာဂသရတောအနီးတွင် မိဖုရားကိုတွေ့ရှိသဖြင့် ယာယီနန်းစိုက်ကာ ကာလအတန်ကြာ စံမြန်းခိုက် စေတီတော်နှင့် ခြေရာတော်ကိုလည်း ပူဇော်ကိုးကွယ်သည်။

www.burmeseclassic.com



ဝဲဘက်ခြေရာတော်



ယာဘက်ခြေရာတော်

နန်းတော်သို့ ပြန်ကြွသောအခါ မိဖုရား၏ သဒ္ဒါတရားအရ ခြေရာတော်ကို ပင့်ဆောင်ကြရာ လမ်းခုလတ်တွင် ခြေရာတော်တင်သည့်လှည်း ကျိုးလေသည်။

ထို့ကြောင့် မင်းကြီးက **'ခြေရာတော်သည် ဤနေရာ၌ ကိန်းဝပ်လိုဟန်ရှိသည်'**ဟု တွေးဆ၍ ဝန်းကျင်ချုံနွယ်များအား ရှင်းလင်းစေရာ **သီရိမွှာသောကမင်း၏ မုဒ္ဒောစေတီကို** တွေ့ကြရသည်။

မင်းကြီးက ဝါဖတ်ခြင်းအရွယ် စေတီငယ်ကိုငုံ၍ စေတီတော်ကြီး တည်ဆောက်ကာ စေတီအနီးတွင် ဓမ္မာရုံခြေရာတော်ကို ထားရှိ ပူဇော်တော်မူသည်။

ထိုမှ သက္ကရာဇ် ၂၅၅ ခုနှစ်တွင် ပုဂံဘုရင် တန်နက်မင်းသည် ပုဂံမြောက်ဖျား (မြင်းမူ) မြစ်ငူရွာ၊ အရာတော်ရွာများရှိ စေတီများကို မွမ်းမံရာ ခြေရာတော်စေတီလည်း ပါဝင်သည်။

သက္ကရာဇ် ၆၀၀ ပြည့်နှစ်တွင် ကျစွာမင်းသည် မင်းဆရာတော်ကြီးမှူး၍ အရာတော်စေတီကို မွမ်းမံသည်ဆို၏။ **ငှက်ပစ်တောင် ကဿပကျောက်စာတွင်**...

'သက္ကရာဇ် ၅၉၉ ခုနှစ်၊ မြိတ္ထသိုနှစ်၊ ပြာသိုလဆန်း (၅)ရက် ကြာသပတေးနေ့တွင် ပေါင်လောင်ရှင်ကဿပသည် ပုဂံပြည့်ရှင် ကျစွာမင်းကြီး၏ မင်းဆရာတော် ဖြစ်သည်' ဟု ဖော်ပြထားလေရာ ကျစွာမင်း ခြေရာတော်စေတီကို မွမ်းမံရာတွင် မင်းဆရာတော် ပေါင်လောင်ရှင်ကဿပမထေရ် ကြီးမှူးကြောင်း သိရလေသည်။ ထိုစဉ်က စေတီဉာဏ်တော်အမြင့် (၃၇)တောင်ဖြစ်သည်ဟု မှတ်သားရသည်။

ထိုမှ ၁၂၈၁ ခုနှစ်တွင် အရာတော်သူကြီး ဦးဘိုးသုန်က ဆရာတော်ကြီး ဦးသောမ၊ ဦးစာရိန္ဒ၊ ဦးတေဇောတို့၏ လမ်းညွှန်မှုကို ခံယူကာ စေတီတော် မွမ်းမံပြုပြင်ရေး အမှုဆောင်အဖွဲ့ ဖွဲ့လျက် ၁၂၈၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၂)ရက်၊ သောကြာနေ့တွင် ပန္နက်ချ မင်္ဂလာပြုသည်။ အုတ်ဖိုပေါင်း (၆၄)ဖို ပါဝင်၍ ဉာဏ်တော်အမြင့် (၆၄)တောင်ရှိ စေတီတော်ကြီး ထွမ်မွမ်းမံတည်လုပ်ခြင်းဖြစ်ရာ (၃၄)နှစ်

www.burmeseclassic.com

၂ တည်ဆောက်ရသည်။


တည်ဆောက်ဆဲကာလ ၁၂၅၃ ခုနှစ်တွင် ပါဒကြီးဆရာတော် ဦးကုသလ၊ ၁၂၆၅ ခုနှစ်တွင် မန္တလေး၌ သီတင်းသုံးသော သက်တော် (၈၀)အရွယ်ရှိ **ဘေးမဲ့ဆရာတော် (သီပေါမင်း ကိုးကွယ်သောဆရာတော် တစ်ပါးဖြစ်၍ ရတနာဂီရိသို့ သီပေါမင်းကုသိုလ်တော်အတွက် ကြွခဲ့ရသည်။)** စသည့် ဆရာတော်ကြီးများ ကြွရောက်၍ ကုသိုလ်တော် ပါဝင်ကြသည်။

၁၂၆၅ ခုနှစ်တွင် စေတီတော်ကြီး ပြီးမြောက်ရာ သူကြီးအဆက်ဆက်၊ မြို့ပိုင်အဆက်ဆက်တို့ (၁၂၈၈ ခုနှစ်တွင် အရာတော်အား ရွာအဖြစ်မှ မြို့အဖြစ်သို့ ပြောင်းလဲသတ်မှတ်ခဲ့သည်။) ဦးဆောင်မွမ်းမံခဲ့ရခြင်း ဖြစ်လေသည်။

## တန်ဆောင်းတွင်းဝယ်

အရိပ်ကောင်းသည့် စောင်းတန်းအုတ်လမ်းတွင်ထိုင်၍ ခြေရာတော် စေတီသမိုင်းကို လေ့လာဖတ်ရှုပြီးနောက် လုံခြုံရေးဝန်ထမ်း ဖွင့်လှစ်ပေးသော ဂန္ဓကုဋိမှခ်လိုဏ်တွင်းဝင်၍ ရုပ်ပွားတော်အား ဖူးမြော်သည်။ လိုဏ်တွင်း၌ တင်ပျဉ်ခွေရုပ်ပွားတော်ကြီးတစ်ဆူနှင့် ရှေ့တော်မှောက်တွင် ရုပ်ပွားငယ်တစ်ဆူတို့ ကိန်းဝပ်တော်မူကြသည်။

ရုပ်ပွားတော်ကြီးကား ၁၂၆၁ ခုနှစ်၊ နယုန်လပြည့်နေ့တွင် စတင်ပူဇော်သော ကြေးဆင်းတုဖြစ်၏။ ကြေးချိန် (၆၀၀)၊ ဉာဏ်တော် (၉)ပေ ရှိသော ရုပ်ပွားတော်ဖြစ်၍ ရှေ့တော်မှောက်ရှိ ရုပ်ပွားငယ်မှာ မူလစံပယ်တော်မူသည့် ရှေးရုပ်ပွားတော်ဖြစ်သည်။ ထုဆစ်မှု



◆ စေတီဝင်းမှ တောချိုးပင်ကြီးတန်းပင်

လက်ရာမှာ ကျံစွာမင်းလက်ထက် ပုဂံလက်ရာဖြစ်သည်ဆို၏။

မူလရုပ်ပွားတော်ငယ်မှာ ၁၃၁၀ ပြည့်နှစ်မှ ၁၃၁၄ ခုနှစ်ကာလအတွင်း အရာတော်နယ်တွင် ပြည်တွင်းစစ်ကြောင့် မငြိမ်မသက်ဖြစ်ရာ ဌာနဆိုင်ရာ ရုံးများ၊ ရဲစခန်းများအား မုံရွာသို့ ရွှေ့ပြောင်းရသည်။ ထိုကာလအတွင်း မသမာသူ တို့က ဤရုပ်ပွားတော်ကို ခိုးယူသွားကြ သည်။

သို့သော် ထိုလူစုသယ်ဆောင်သွား၍ အတန်ဝေးကွာသောနေရာ၌ ညအိပ်ရပ်နားရာ နံနက်လင်းသောအခါ ရုပ်ပွားတော်မှာ ပျောက်ဆုံးနေသည်။ စေတီတော်တွင် လာကြည့်သောအခါလည်း မတွေ့ကြရပေ။

ခိုးသူများ လက်လျှော့ပြန်သွားကြသောအခါ လူကြီးများ လူစု၍ လိုက်လံရှာဖွေရာ စေတီအနီး ချုံတွင်း၌ စံပယ်တော်မူသော ရုပ်ပွားတော်ကို ပြန်တွေ့ကြရသည်။

ထို့ကြောင့် ဘေးကင်းလုံခြုံစေသည့် တန်ခိုးကြီးရုပ်ပွားတော်ဟူ၍ သစ္စာအဓိဋ္ဌာန်ပြု ပူဇော်လေ့ရှိကြလေသည်။

အစောင့်ကာရက သမ္မာဒေဝများ စောင့်ရှောက်ပူဇော်ကြသည်ဟု ယူဆဖွယ်ရှိပေသည်။

ရုပ်ပွားတော်မှာ ပုဂံခေတ် ကျံစွာမင်းကြီး၏ ကုသိုလ်တော်ဖြစ်နိုင်ပါသည်။ ရွှေပေါင်လောင်ဘုရားများရှိ ရုပ်ပွားတော်အချို့နှင့် ဆင်တူနေသောကြောင့်ဖြစ်သည်။ ပေါင်လောင်ရှင်ကဿပ ဦးစီးတည်လုပ်ဟန် ရှိသည်။

## ရဟန္တာခြေရာတော်

ဂန္ဓကုဋိလိုဏ်မှခ်အပြင်ဘက် အာရုံခံတန်ဆောင်းအတွင်း၌ ရဟန္တာခြေရာတော် ထင်ကျန်ရစ်သော ကျောက်ပြားကို မှန်ဗီရိုဖြင့် ပြသထားသည်။ ကျောက်ပြားမှာ အလျား၊ အနံ (၂၂)လက်မခန့်နှင့် ဒု(၄)လက်မခန့်ရှိသည်။ ခြေရာနှစ်ခုရှိရာ ဝဲယာတစ်စုံဖြစ်သည်။ အလျား (၁၃ ၁/၂)လက်မ၊ ခြေဦးဖြက် (၆ ၁/၂)လက်မနှင့် ဖနောင့် (၄ ၁/၂)လက်မစီ ရှိကြသည်။

ရွှေလ ဆက်ဖတ်ပါရန်

**ထွေးမောင်**




www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ် မြင်းစီးမိုးသည့်နှစ်အတွင်း

# အန္တရာယ်ဘေးကင်းစေရန်



ဤအစီအစဉ်ကို တရုတ်နှစ်ဆန်း (၁)ရက်နေ့ သို့မဟုတ် နှစ်ဆန်းလ (တရုတ်ပြက္ခဒိန် တစ်လပိုင်း)အတွင်း တစ်နေ့နေ့၏ နံနက်ပိုင်းတွင် ပြုလုပ်နိုင်သည်။

ဒန်၊ ကြေး၊ စတီးစသည့် သတ္တုဖြင့် ပြုလုပ်သော ခွက်ငယ်တွင် ဆန် လက်တစ်ဆုပ်ခန့်ကို ထည့်ကာ အထက်မှ ဆားအနည်းငယ်ဖြူး၍ ညဦးကပင် ကြိုတင် ပြင်ဆင်ထားရမည်။

ထိုဆန်ခွက်ကို လုံခြုံစွာ ဖုံးလျက် မိမိမွေးနှစ်အရ ညွှန်းဆိုသော အရပ်မျက်နှာတွင် ထားရှိပါ။ နံနက်လင်းသောအခါ အိမ် သို့မဟုတ် ခြံဝင်းအနှံ့ ကြဲဖြန့်ပေးပါ။

၂၀၁၄ ခုနှစ်၊ မြင်းနှစ် တစ်နှစ်တာ ပတ်လုံး အနှောင့်အယှက် ဘေးအန္တရာယ်များ ကင်းရှင်း စင်ကြယ်စေပါလိမ့်မည်။

ယခုနှစ်သည် သစ်သား(ယန်း) ဓာတ်ဆောင်သော မြင်းပုံရိပ် ပိုင်စိုးသည်။ ဆန်သည် သတ္တုဓာတ်ဖြစ်သည်။ နှစ်သခင်၏ သစ်သားဓာတ်ကို ထိန်းချုပ်အောင်နိုင်သောဓာတ် ဖြစ်သည်။

ထို့ကြောင့် ရန်သတ္တရုများကို ထိန်းချုပ် နှိမ်နင်းပေးနိုင်သည်။ ဆားကား ရေဓာတ်ဖြစ်သည်။ နှစ်သခင်၏ သစ်သားဓာတ်ကို မွေးဖွားကူပံ့ပေးသည်။ ထို့ကြောင့် သစ်သားဓာတ်များ ဖို၍ အားအင် တောင့်တင်းစေသည်။

ဤအစီအစဉ်က အိမ်ဂေဟာအတွင်း အန္တရာယ် ဘေးအပေါင်းကင်းဝေးစေကာ သန့်ရှင်းစင်ကြယ်စေသကဲ့သို့ အိမ်သားစု၊ မိသားစုဝင်တို့သည်လည်း ဘေးအန္တရာယ်ကင်းစွာဖြင့် လုပ်ငန်းဆောင်တာများကို လုပ်ဆောင်ခွင့်ရနိုင်ကြသည်။

**ဓာတ်ပုံရိပ်တို့ စိုးမိုးပိုင်ဆိုင်ရာ (မွေးနှစ်ညွှန်း)အရပ်မျက်နှာများမှာ...**

| | |
|---|---|
| ကြွက် | → မြောက်အရပ် |
| နွား၊ ကျား | → အရှေ့မြောက်ထောင့်အရပ် |
| ယုန် | → အရှေ့အရပ် |
| နဂါး၊ မြွေ | → အရှေ့တောင်ထောင့်အရပ် |
| မြင်း | → တောင်အရပ် |
| ဆိတ်၊ မျောက် | → အနောက်တောင်ထောင့်အရပ် |
| ကြက် | → အနောက်အရပ် |
| ခွေး၊ ဝက် | → အနောက်မြောက်ထောင့်အရပ် |

ဆန်ခွက်ကို ညဦးကပင် မိမိဂေဟာအတွင်း မွေးနှစ်ညွှန်းရာအရပ်တွင် ထား၍ ( 家神 ) Jiā Shēng **ကျားရှင်း**ခေါ် အိမ်စောင့်နတ်မင်းအား ပူဇော်ခြင်း ဖြစ်သည်။

ထည့်စရာခွက်ကို ကြွေထည်၊ ယွန်းထည် စသည် မသုံးရပါ။ သစ်သားဓာတ်ကို ထိန်းချုပ်နိုင်သည့် သတ္တုဓာတ်ဖြစ်သော သတ္တုပစ္စည်းဖြင့်သာ ထည့်ရပါမည်။

***မြင်းနှစ်သစ်တာ တစ်လျှောက် အန္တရာယ်ဘေး ကင်းဝေးကြပါစေ...***

**ထက်မင်းကျော်စွာ**



www.burmeseclassic.com


www.burmeseclassic.com

ဆည်မြို့ ဆရာတော်ကြီး၏

# ရုပ်ပျိုကိုယ်နုဆေး



ရုပ်ပျိုဆေး



လူတို့မည်သည် အစဉ်သဖြင့် ပျိုမျစ်နုနယ်လှသွေးကြွယ်ပြီး အရွယ်တင်ချင်ကြပါသည်။

အသက်အရွယ်ရ၍ ဆံပင်ဖြူလေး တစ်ပင်စ၊ နှစ်ပင်စ ထွက်လာလျှင် လည်းကောင်း၊ ပါးရေလေး နည်းနည်း တွန့်လာလျှင် လည်းကောင်း တုန်လှုပ်ထိတ်လန့်တတ်ကြသည်။

လူတစ်ယောက်ကို တွေ့လျှင်...

'ခင်ဗျားကို ဒီလောက် အသက်ကြီးမယ် မထင်ဘူး။ တော်တော်နုပျိုတာပဲနော်'

ဟု ဆိုလျှင် ထိုသူသည် များစွာပီတိဖြစ်မည် ဖြစ်သလို...

'ခင်ဗျား အိုစာလိုက်တာဗျာ၊ အဘိုးကြီးတစ်ယောက်လို့တောင် ထင်ရတယ်'

ဟု ဆိုလျှင် ထိုသို့ အဆိုခံရသူသည် နှုတ်က ဖွင့်မပြောသော်လည်း စိတ်ထဲကတော့ ကျေနပ်မည် မဟုတ်ပေ။

သို့ပါသောကြောင့် စာရေးသူမှ ဆေးနည်းကောင်းလေး တစ်ခုကို ရေးသားဖော်ပြလိုပေသည်။ ထိုဆေးနည်းကို **မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ရှမ်းရွာဆည်မြို့ ကျောင်းဆရာတော်ကြီးမှ ပေးသနားခဲ့သော ဆေးနည်းကောင်းတစ်ခု** ဖြစ်ပါသည်။

ထိုဆရာတော်ကြီးသည် ထိုစဉ်က သက်တော်(၉၀)ပင် ပြည့်ခဲ့ပေပြီ။ ထိုအချိန်မှာပင် ဆံပင်အနည်းငယ် ဖြူရုံမှအပ သွားကျိုးခြင်း၊ မျက်စိမှုန်ခြင်း မရှိသေးပါ။

စာရေးသူကိုယ်တိုင် ဆရာတော်ကြီးကို သက်တော်(၆၅)နှစ်ခန့်ဟု ထင်မိခဲ့ပါသည်။ ဆရာတော်ကြီးက သူ၏ ဇာတာကို ထုတ်ပြမှ သက်တော်(၉၀) ပြည့်ခဲ့ပြီ ဆိုသည်ကို သိရခြင်း ဖြစ်ပါသည်။

စာရေးသူမှ ထိုဆရာတော်ကြီးအား **"ဆရာတော့်မှာ ဆေးကောင်းဝါးကောင်းတွေများ ရှိလို့လား"**ဟု လျှောက်ထားရာမှ ထိုဆေးနည်းကို ရရှိခဲ့ခြင်း ဖြစ်ပါသည်။ ထိုဆေးကို ဖော်စပ်စားခြင်းကြောင့် ရုပ်ပျိုကိုယ်နုသည့်အပြင် ဆီးမှန်ဝမ်းမှန် ဖြစ်ကာ အစားအသောက်လည်း ကောင်းသည်ဟု သိရပါသည်။

စာရှုသူများ ရုပ်ပျို၍ကိုယ်နု အသားရွှေလို ဥလိုပါက ဖော်စားနိုင်ရန် တင်ပြလိုက်ပါသည်။

**ရုပ်ပျိုဆေး**

ဆင်တုံးမနွယ် တစ်ပိဿာကို စဉ်းပါ။ ရှောက်သီးတစ်ပိဿာကို ပါးပါးလှီးပါ။ ဆား(၅၀)ကျပ်သားနှင့် ရေအနည်းငယ် ထည့်ပြီး အထက်ပါ ဆေးအမည်နှစ်ပါးနှင့် ရောပြုတ်ပါ။ ရေခန်းလျှင် အခြောက်လှန်း၍ အမှုန့်ပြုပါ။

ယင်းဆေးမှုန့်နှင့် ပျားရည် မပျစ်မကြဲ ဖျော်၍ တေပြီးလျှင် ဆီးကင်းခန့် နေ့စဉ် မှန်မှန်စားပါ။ ရုပ်ရည်နုပျိုလာပြီး အစားအသောက်လည်း ကောင်းလာပါမည်။ လပိုင်းအတွင်းမှာ သိသိသာသာ လှပနုပျိုလာပါမည်။

၎င်းဖော်ပြပါ ဆေးနည်းမှာ ရှာဖွေဖော်စပ်ရာ၌ လွန်စွာမှ လွယ်ကူပါသည်။ အဖိုးလည်း နည်းပါသည်။ မြန်မာနိုင်ငံမှာ ဆင်တုံးမနွယ်နှင့် ရှောက်သီးများ လွန်စွာမှ ပေါများပါသည်။

ငွေကုန်ကြေးကျခံပြီး တိုင်းတစ်ပါးမှ ဓာတုပစ္စည်းများနှင့် ဖော်စပ်ထားသော အသားလှဆေးများထက် ၎င်းဆေးနည်းကလေးက ပို၍ ကောင်းမွန်သင့်မြတ်မည်ဟု ထင်မိပါသည်။

ဘယ့်အတွက်ကြောင့်မူ ၎င်းဆေးကို စားသုံးခြင်းဖြင့် နောက်ဆက်တွဲ ရောဂါများ မဝင်နိုင်သည့်အပြင် ဖြစ်ပေါ်လာမည့် ရောဂါများကိုပင် ကြိုတင်ကာကွယ်နိုင်စွမ်းသောကြောင့် ဖြစ်ပါသည်။

မြသစ်ငွေ(မြိတ်စေတနာ)



www.burmeseclassic.com

www.burmeseclassic.com

# ဘိုးပိုက်ဆံ ရှာပုံတော် (၁)

ရွှေကင်ဖြ (LL.B)



ဖိုးဘူးတွယ်ဖူး(ခေါ်)ဘိုးပိုက်ဆံ

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့က ဧရာဝတီတိုင်းဒေသကြီး၊ ...အောင်မြို့သို့ ရောက်ရှိစဉ် အကြား ...မြင်ဟောသော ဆရာဦးစိုးမောင် ...မောင်ကို တွေ့ဆုံမေးမြန်း(အင်တာ ...)ခဲ့ပါသည်။ ထိုသို့ တွေ့ဆုံ မေးမြန်း ...ခို...

'ခင်ဗျားရဲ့နောက်မှာ ဘိုးပိုက်ဆံ စောင့် ...ရှောက်နေတယ်'

ဟူ၍ ပြောပြပါသည်။

ကျွန်ုပ်အနေဖြင့် အမှန်အတိုင်း ဝန်ခံ ...ရလျှင် ဘိုးပိုက်ဆံကို မသိခဲ့ပါ။ ကြား ...သည်း မကြားဘူးပါ။ ဘိုးပိုက်ဆံ၏ ...ဓာတ်ပုံရှိပါသလားဟု ထိုဆရာကို ပြန် ...သည့် မေးမြန်းရာ သူ့တွင် မရှိပါဟု ...ဖြေသည်။

ကျွန်ုပ်လည်း အပြန်ခရီး အချိန်လင့် ...နေ၍ တစ်ကြောင်း၊ ထိုဆရာ၏ ...ဟောပြောမှုခံယူရန် စောင့်နေသော ...အခြားပရိသတ်များကို အားနာ၍ ...လည်းတစ်ကြောင်း ဘိုးပိုက်ဆံ ...အကြောင်း ဆက်မမေးမိတော့ပါ။

...ဘိုးပိုက်ဆံဆိုတာ ဘာလဲ၊

...ဘိုးပိုက်ဆံ ဘာတွေ လုပ်ခဲ့လဲ၊

...ဘိုးပိုက်ဆံအကြောင်း ဘယ်မှာ သိနိုင်မလဲ၊

...အထက်ပါ အကြောင်းအချက်အချို့ ...သော ကျွန်ုပ်၏ စိတ်အာရုံတွင် ...ပေါ်ပါလာခဲ့ပေသည်။

...ရန်ကုန်မြို့ကို ပြန်ရောက်ပြီးနောက် ...ကျွန်ုပ်၏ လက္ခဏာဗေဒင်ဟော ...သို့ လာရောက် တွေ့ဆုံ ဟောပြော ...ကြသည့် အမြို့မြို့အနယ်နယ်မှ ...အမျိုးသား/အမျိုးသမီးများကို ဘိုးပိုက်ဆံဆိုတာကို ကြားဖူးသလား၊ သိပါသလားဆိုသော မေးခွန်းမျိုး မေးမြန်းစုံစမ်းမှု ပြုခဲ့ပါသည်။

အများအားဖြင့် ကြားဖူး၊ သိဖူးသူတွေ မရှိကြပါ။ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ထူးများ၊ ဝိဇ္ဇာပုဂ္ဂိုလ်များ၏ ဓာတ်နန်းဆောင်တို့တွင်လည်း ဘိုးပိုက်ဆံရုပ်တု မတွေ့ဘူးပါဟု ပြောကြသည်။

မှတ်မှတ်ရရ သီတင်းကျွတ်လကွယ်နေ့တွင် ကျွန်ုပ်၏ လက္ခဏာဗေဒင် ဟောခန်းသို့ လာရောက် တွေ့ဆုံကြသော ပရိသတ်များအနက် ...ညောင်

www.burmeseclassic.com



◆ မိမ္မလော်ဘုရားကျောင်းရှေ့ရှိ ကမ္ပည်းစာ

လေးပင်မြို့နယ်၊ ကျောက်တံခါးမြို့နယ်တို့မှ ပရိသတ်အချို့က ဘိုးပိုက်ဆံကို သိကြသည်။ ဘိုးပိုက်ဆံကို ကြားဖူးကြသည်။

သူတို့ဒေသရှိ အချို့သော စီးပွားရေးလုပ်ငန်းရှင်များ၊ အချို့သော ခရီးသည်တင်ကားများ၊ အချို့သော နေအိမ်များတွင် ဘိုးပိုက်ဆံဓာတ်ပုံကို ဘေးရန်ကင်းကွာ လာဘ်ပွင့်ကံပွင့် အဆောင်သဘောမျိုး ထားရှိကြကြောင်း ပြောပြသည်။

အချို့က ဘိုးပိုက်ဆံကို သူတော်စင်ပုဂ္ဂိုလ်ထူးဟု လည်းကောင်း၊ အချို့က ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ဟု လည်းကောင်း၊ အချို့က ဝိဇ္ဇာဟု လည်းကောင်း၊ အချို့က သာသနာပြုပုဂ္ဂိုလ်ဟု လည်းကောင်း အမျိုးမျိုးသိကြ ပြောပြကြသည်။

'ကျောက်တံခါးမြို့နယ်ထဲက ဖဒို့ရွာကို အဲဒီဘိုးပိုက်ဆံ စတင်တည်ထားခဲ့တာလို့ ကြားဖူးတယ်။ အဲဒီရွာမှာ အကြာကြီးနေခဲ့တယ်လို့လဲ ကြားဖူးတယ်။

ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်အက်တွေမှာ လှည့်လည်သွားလာပြီး သာသနာပြုခဲ့တဲ့ ပုဂ္ဂိုလ်လို့လဲ ကြားဖူးတယ်။

ဖဒို့ရွာက အချို့ နေရာတွေမှာ ဘိုးပိုက်ဆံ ဓာတ်နန်းမျိုး လုပ်ထားတယ်။ အချို့အိမ်တွေမှာရော၊ မော်တော်ကားတွေမှာရော ဘိုးပိုက်ဆံဓာတ်ပုံ ချိတ်ထားတတ်တယ်'

**"ပိုက်ဆံရှိမှ ပိုက်ဆံရ"** ဆိုပြီး ယုံကြည်ချက်နဲ့ ဘိုးပိုက်ဆံပုံကို ဆောင်ထားတတ်ကြတယ်။ ပညတ်သွားရာ ဓာတ်သက်ပါဆိုတဲ့ စကားလို စီးပွားတိုးတက်ချင်တဲ့သူတွေ၊ ဈေးရောင်းကောင်းချင်တဲ့ ဈေးဆိုင်တွေမှာ ဘိုးပိုက်ဆံပုံ ချိတ်ကြတယ်။ ကိုယ့်ယုံကြည်မှုနဲ့ ကိုယ်ပေါ့'

ကျောက်တံခါးမြို့နယ်နှင့် ပိန်းဇလုပ်မြို့နယ်မှ ပရိသတ်အချို့က ဘိုးပိုက်ဆံအကြောင်း အထက်ပါအတိုင်း အတော်များများ ပြောပြခဲ့ကြသည်။ သဲလွန်စရရှိပြီဖြစ်၍ ဘိုးပိုက်ဆံကို ရှာဖွေရန် ခရီးစဉ် စတင်ဖို့ တန်ဆောင်မုန်းလအဖိတ်နေ့ကို ရွေးချယ်လိုက်ပါသည်။

ဗေဒင်ပြက္ခဒိန်တွင် ဘရဏီနက္ခတ်၊ လာဘစုတ်၊ သိဒ္ဓိယုဂ်ဟု ဖော်ပြထားပြီး အင်္ဂလိပ်ရက်အားဖြင့် ၂၀၁၃ခုနှစ် နိုဝင်ဘာလ(၁၆)ရက် စနေနေ့ဖြစ်သည်။

နံနက်(၅)နာရီမှာ ကျွန်ုပ်တို့ မိသားစု

www.burmeseclassic.com



ပြုပြင်တည်ဆောက်ထားသော ဒီမူလေဘ်ကျောင်း မျက်နှာစာ

ခင်များအားလုံး ကိုယ်ပိုင်မော်တော်ကားဖြင့် ရန်ကုန်မှ ခရီး စတင်ထွက်ခဲ့သည်။ ရန်ကုန်–မန္တလေး မူလလမ်းဟောင်းအတိုင်း ဒိုက်ဦး၊ ပြွန်တံဆာ၊ ညောင်လေးပင် ' စသည် မြို့တို့ကို ဖြတ်ကျော်သွားရသည်။ မော်တော်ကားလမ်းများ ပြုပြင်ထားသဖြင့် ကတ္တရာလမ်း အထူး ကောင်းမွန်လှသည်။

သို့သော် မော်တော်ဆိုင်ကယ်များကို တစ်လမ်းလုံး သတိထား ရှောင်မောင်းရသဖြင့် ခရီးသိပ်မတွင်ပါ။ (၁၀) နာရီဝန်းကျင်မှာ ညောင်လေးပင်မြို့သို့ ရောက်ရှိပြီး ဖဒိုရွာသို့ အသွားလမ်းကို စုံစမ်းရသည်။

'ညောင်လေးပင်မြို့အထွက် တိုးဂိတ် (ဘီးခွန်ဂိတ်)ကျော်ရင် "ပိန်းလေုပ်သို့"ဆိုတဲ့ လမ်းညွှန်ဆိုင်းဘုတ်တွေ့မယ်။ ညာဘက်လမ်းကို လိုက်ရင် ပိန်းလေုပ်မြို့ထဲ ရောက်သွားမယ်။ ဘယ်ဘက်လမ်းကို လိုက်ပါ။ မကြာခင် ဘယ်ဘက်ကို ကတ္တရာလမ်းခွဲတစ်ခု တွေ့မယ်။ ဘာဆိုင်းဘုတ်မှ ရေးမထားဘူး။

အဲဒီလမ်းအတိုင်း ဆက်သွားရင် ဖဒိုမြို့ကို ရောက်မယ်။ ဖဒိုဟာ အခု ရွာမဟုတ်တော့ဘူး။ မြို့နယ်ခွဲတစ်ခု ဖြစ်နေပြီ။ ဖဒိုမြို့ထဲရောက်မှ ဘိုးပိုက်ဆံကျောင်းဆိုတာကို မေးပါ။ သူတို့ ပြပေးပါမယ်'

ဆိုင်ကယ်တက္ကစီဆွဲနေသော အမျိုးသားတစ်ဦးက တိတိကျကျ လမ်းညွှန်ပြပါသည်။

ကျွန်ုပ်တို့လည်း ထိုသူ၏ လမ်းညွှန်မှုအတိုင်း ခရီးဆက်ခဲ့ရာ ဖဒိုမြို့ဦး စေတီသို့ နံနက်(၁၀)နာရီခွဲခန့်တွင် ရောက်ရှိသည်။

ဖဒိုမြို့ဦး စေတီတော်ကို ဝင်ရောက်ဖူးမြော်စဉ် ထိုမြို့၏ အုပ်ချုပ်ရေးမှူးဆိုသူနှင့် စာနယ်ဇင်းအဖွဲ့ဝင် အမျိုးသားတစ်ဦးတို့ စေတီတော်မုခ်ဝတွင် တွေ့ဆုံပြီး ဘိုးပိုက်ဆံကျောင်း တည်နေရာကို ထပ်မံ လမ်းညွှန်ပေးပါသည်။

ထိုလမ်းညွှန်ချက်အတိုင်း ဆက်သွားရာ ဖဒိုမြို့တစ်နေရာမှာ **''ဘိုးပိုက်ဆံကျောင်း''**ဟု ဒေသခံများ ခေါ်သောနေရာသို့ ရောက်ရှိပါသည်။

'ပြည်လုံးဆိုင်ရာ သာဦးကရင်မေတ္တာပြဟ္မစိုရ် တိုင်းရင်းဘာသာ ပြည်တွင်းသာသနာ'

ဟု မြန်မာလို ရေးထားပြီး ကရင်လိုရော အင်္ဂလိပ်လိုပါ ရေးထားသည့် ဆိုင်းဘုတ်ကြီးကို ကျောင်းဝင်းအဝင်မုခ်ဝတွင် တွေ့ရှိရသည်။ လိုဂို (အမှတ်တံဆိပ်)မှာ ဆင်နှစ်ကောင်၏ အလယ်၌ ဖယောင်းတိုင်မီးလင်းနေပုံဖြစ်သည်။

ကျောင်းဝင်းအတွင်းမှာ ကွန်ကရစ်လမ်းခင်းထားသည်။ ထိုကျောင်း၏

www.burmeseclassic.com




▲ ဘိုးပိုက်ဆံကျောက်တိုင်နှင့် ဒါမူးလော်ဘုရားကျောင်း၊ ဒါသီးလော်ဘုရားကျောင်းတို့ကို တွေ့ရပုံ

ကပ္ပိယကျောင်းသားတစ်ဦး ဖြစ်သော ဖဒိုရွှာဇာတိ စောဆာပိုက ကျွန်ုပ်ကို သိလိုသမျှလိုက်လံ ပြသရှင်းပြပေးပြီး ကျွန်ုပ်၏ မိသားစုကိုတော့ ပိန်းဇလုပ်မြို့၊ ရေတွင်းကုန်းရွာဇာတိ စောရွှေဝင်းက ကော်ဖီ၊ ရေနွေးကြမ်း၊ ကန်စွန်းဥပြုတ်၊ မုန့်တို့ဖြင့် ကျွေးမွေးဧည့်ခံရင်း စကားစမြည် ပြောဆိုနေခဲ့ကြသည်။

ကျွန်ုပ်၏ဇနီးနှင့် တူမများက ပိုးကရင်ဘာသာစကားပြောပြီး စောဆာပို၊ စောရွှေဝင်းတို့က စကောကရင်ဘာသာစကားပြောသဖြင့် သိပ် နားမလည်ကြပါ။ မြန်မာစကားနှင့်သာ ပြောဆိုကြရသည်။ ဧည့်ဝတ် ကျေပွန်ခြင်းနှင့် ရိုးသားပွင့်လင်းခြင်းတို့ကို အထင်အရှား တွေ့ရှိရသည်။

ကျောင်းဝင်းအဝင်ဝမှ ပေ(၅၀)ခန့် ညာဘက်ဘေးတွင် သွပ်မိုး၊ သစ်ကာ အဆောက်အအုံ ပထမတစ်လုံးကို တွေ့ရသည်။

'ဘိုးပိုက်ဆံ ဒီနေရာကို ပြန်လာတော့ ဆင်(၂)ကောင်ပါလာတယ်။ အဲဒီအဆောက်အအုံနေရာဟာ ဆင်(၂)ကောင်ထားတဲ့ နေရာပဲ အခုအထိမ်းအမှတ်အနေနဲ့ ပြန်ပြင်ထားတာပါ'

ဆင်တဲဟု လွယ်လွယ်ခေါ်ဇိုက်ပါသည်။ ဆင်တဲနှင့် မနီးမဝေးမှာ သစ်သားအိမ်ကြီး တစ်ဆောင် တွေ့ရသည်။

'အဲဒါ ဘိုးပိုက်ဆံရဲ့ မိဘများ နေထိုင်ခဲ့တဲ့ အိမ်ပါ။ အခု ပြန်ပြင်ပေးထားတာ'

ထိုအိမ်ရှေ့တည့်တည့် ကွန်ကရစ်လမ်းအခြားတစ်ဖက်မှာ ကျောက်တိုင်ကြီး တွေ့ရသည်။ ကရင်ဘာသာစာပေဖြင့် ကမ္ပည်းရေးထိုးထားသည်။ ကျောက်တိုင်ထိပ်မှာ ဘိုးပိုက်ဆံရုပ်တုလုပ်ထားသည်။

ထိုကျောက်တိုင်ထိပ်မှာ ဘိုးပိုက်ဆံရုပ်တုကို ကင်မရာဖြင့် အနီးကပ်ဆွဲယူမှတ်တမ်းတင် ရိုက်ကူးလိုက်ပါသည်။


'ဟောဟိုက ကျောင်းကြီးက "ဒါမူးလော်" လို့ ခေါ်တယ်။ မြန်မာလို ရှင်သန်သောနေရာလို့ အဓိပ္ပာယ်ရှိမယ်။ ဟောဟို အုတ်တံတိုင်း ခြံစည်းရိုးတစ်ဖက်မှာ တွေ့မြင်ရတဲ့ ကျောင်းကြီးကိုတော့ "ဒါသီးလော်"လို့ ခေါ်တယ်။ သေလွန်သောနေရာလို့ မြန်မာလို အဓိပ္ပာယ်ရှိတယ်'

ဒါမူးလော်ကျောင်းကြီး၏ အုတ်တံ



www.burmeseclassic.com

www.burmeseclassic.com



◆ မြန်လည်ပြုပြင်ထားသော ဘိုးပိုက်ဆံ၏ ဒါမူးလော်ဘုရားကျောင်း ရေပတ်လည် ဝိုင်းထားပုံ

တိုင်းအတွင်း ကျောင်းအောက်ခြေကို ချောင်းကြည့်လိုက်ရာ ရေပတ်လည် ဝိုင်းနေကြောင်း တွေ့မြင်ရသည်။

'ဒီကျောင်းကြီးက ပြန်ပြင်ပြီးတာ မကြာသေးဘူး။ ဘိုးပိုက်ဆံလက်ထက်က အုတ်မြစ်ချပြီး ဝါးပိုးတိုင်တွေနဲ့ လုပ်ခဲ့တာပဲ။

ဒီကျောင်းမှာ အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း၊ လစဉ်လပြည့်နေ့တိုင်း စုဝေးဝတ်ပြုကြပါတယ်။ ဒီကျောင်းရဲ့ ကျောင်းအကြီးအကဲ ပုဂ္ဂိုလ်တွေ အခု ခရီးသွားနေကြလို့ မတွေ့တာပါ။

ပထမ ကျောင်းအကြီးအကဲက ဖူးအယ်အောလို့ ခေါ်တယ်။ မြန်မာလို ဖိုးပန်းချစ်ပေါ့ဗျာ။ ဒုတိယကျောင်းအကြီးအကဲကတော့ ဒူအယ်ပူးတဲ့။

တခြားမြို့တွေ ရွာတွေမှာလဲ ဒီလိုကျောင်းတွေ ကျောင်းအကြီးအကဲတွေရှိပါတယ်။ ထော်ပြုစင်ကြယ်နဲ့ သာသနာပြုတာပါ။

ကျောင်းထိုင် ပုဂ္ဂိုလ်အကြီးဆုံး(ဂိုဏ်းချုပ်)တွေက တောင်ငူမြို့မှာ ရှိတယ်'

ကြီးမားခမ်းနားလှသော ဒါမူးလော်ကျောင်း (ဘိုးပိုက်ဆံ)ကျောင်းကြီး၏ မျက်နှာစာတွင် ဆိုင်းဘုတ်ကြီး ရှိသည်။

ကျောင်းရှေ့မျက်နှာစာ ပန်းခြံငယ်အတွင်းမှာလည်း ကမ္ပည်းစာတန်းကျောက်စာတိုင်ရှိသည်။ အပေါ်ပိုင်းမှာ ကရင်ဘာသာစာပေဖြင့် ရေးထားပြီး အောက်ပိုင်းမှာ မြန်မာလို ရေးထားသည်။

'ဖူးဘူးပွယ်မူး (ခ) ဘိုးပိုက်ဆံ ဗျာဒိတ်တော်ရ တာမူးလော်ဘုရားကျောင်းတော်၏ အနှစ် (၁၀၀)ပြည့် အထိမ်းအမှတ် ၁၀-၁၂-၂၀၁၁'

ထိုကျောင်းတော်ကြီး၏ ညာဘက်ဘေး ပေ(၂၀)ခန့်မှာ သွပ်မိုးပျဉ်ကာ အိမ်ကြီးတစ်လုံး တွေ့ရသည်။

'အဲဒါ ဘိုးပိုက်ဆံမိသားစု နေခဲ့တဲ့အိမ်ပဲ။ အခု ပြန်ပြင်ပေးထားတာပါ'

ထိုအိမ်ရှေ့နံရံတွင် ပလတ်စတစ်လောင်းထားသော ကဗျာလင်္ကာ တစ်ပုဒ်ကို ဖတ်ရသည်။

ကြိုဆိုပါ၏


ဘိုးမြေးသူစင်...မေတ္တာရှင်နှင့်
ကမ္ဘာသူ-ကမ္ဘာသား...ငြိမ်းချမ်းပွားဖို့
လက်ကမ်းဖိတ်ခေါ် "ဒါမူးလော်"
ဘိုးပိုက်ဆံ၏ ဗျာဒိတ်တော်မှ
ဖိတ်ခေါ်သံ

တစ်ထောင့်ကိုးရာ တစ်ဆယ့်တစ်
ဒါမူးလော်တည် သက္ကရာဇ်
လေးတိုင်ဝါးပိုး သက်ကယ်မိုးပြီး
ဗျာဒိတ်စကား ဤသို့ထားခဲ့
ဒါမူးလော်ကြီး ထီးထီးမားသော်
ငါ၏သာသနာတော် ကြီးထွားပြီတဲ့
ယခုတွင်မူ...



www.burmeseclassic.com

www.burmeseclassic.com



◆ ဘိုးပိုက်ဆံကျောင်းအဝင်မုခ်ဦး

နှစ်ထောင့်ဆယ့်တစ် ရာပြည့်နှစ်၏ တန်ခေါင်မုန်းလသော် ထီးတော်ဖွင့်ပြီ အေးရိပ်ခိုနား လောကီသားတို့.., လက်ကမ်းဖိတ်ခေါ် **"ဒါမူးလော်"**

ဘိုးပိုက်ဆံနေအိမ်ဘေးတွင် ရေတွင်း တစ်တွင်း တွေ့ရသည်။အုတ်နံရံ ကာရံထားသည်။

'ဒီရေတွင်းက ဘိုးပိုက်ဆံရဲ့ သိဒ္ဓိဝင်ရေတွင်းပေါ့။ ဟိုရောဝတီတိုင်းအသေကြီးဘက်နဲ့ ရန်ကုန်ဘက်က ဘိုးပိုက်ဆံ တပည့်တွေ ဒီကိုလာတိုင်း ရေသန့်ဘူးတွေနဲ့ ဒီရေတွင်းရေကို ခပ်သွားကြတယ်။

ရောဂါကင်းဖို့ ကျန်းမာဖို့ ဘေးရန်ကင်းဖို့ လာဘ်ပွင့်ဖို့ ဈေးဦးကောင်းဖို့ ဉာဏ်ရှိသလို သုံးစွဲကြတယ်'

ဘိုးပိုက်ဆံနေအိမ် အနောက်တွင်လည်း သစ်သားကျောင်းဆောင်ငယ် (၂)လုံး ရှိသေးသည်။ ထိုနေရာမှာ ကျွန်ုပ်ကို ရေနွေးကြမ်း၊ ကော်ဖီ၊ မုန့်တို့ဖြင့် ဧည့်ခံရင်း ဘိုးပိုက်ဆံ၏ ဘဝဇာတ်လမ်းစုံ ပါဝင်ရေးသားထားသည့် စာအုပ်တစ်အုပ်ကို ယူပြပါသည်။

ဘိုးပိုက်ဆံ၏
မေတ္တာပြဟ္မစိုရ် သာသနာသမိုင်းကျမ်း
(ပထမတွဲ)
သားဦးကရင်မေတ္တာ ပြဟ္မစိုရ်ဂိုဏ်းရင်း
ဘာသာသာသနာဂိုဏ်း
***နော်မူလွယ်ထူးဒီဘိုးမင်း***
***(ပြုစုသည်)***

စာအုပ်အဖုံးတွင် ရေးသားထားသော မြန်မာဘာသာစာလုံးများ ဖြစ်ပါသည်။

စာအုပ်မှာ အတော်ထူသည်။ ဘိုးပိုက်ဆံအကြောင်းရော၊ အခြားသာသနာပြုပုဂ္ဂိုလ်အချို့ အကြောင်းရော ရေးသားထားပြီး ထူးခြားအံ့သြဖွယ်များလည်း ပါဝင်သည်။

ကျွန်ုပ်အနေဖြင့် ထိုစာအုပ်ကို ငှား၍လည်းမရ။ ထိုစာအုပ်အပြင်မှာလည်း မရောင်းဟု ဆိုသဖြင့် စာအုပ်ထဲပါ ဘိုးပိုက်ဆံအကြောင်း အချို့ကိုသာ ဖတ်ရှုရင်း ကျွန်ုပ်၏ မှတ်စုစာအုပ်တွင်လည်း ရေးမှတ်သင့်တာ ရေးမှတ်ရင်း အချိန်တွေ ကုန်မှန်းမသိ ကုန်သွားခဲ့ပါသည်။

ကျွန်ုပ်တို့မိသားစုကိုသက်လွတ် ထမင်းဟင်း ချက်ကျွေးမည်ဟု လောကွတ်ပျူငှာ ပြောကြပါသော်လည်း ကျွန်ုပ်တို့က ငြင်းပယ်ပြီး ကော်ဖီ၊ လက်ဖက်ရည်၊ မုန့်နှင့် ကန်စွန်းဥပြုတ် တို့ကိုသာ နေ့လယ်စာအဖြစ် တဝစားခဲ့ကြသည်။

'မနက်ဖြန်လပြည့်နေ့ ဒီမှာ အလှူရှိတယ်။ ခင်ဗျားတို့ မိသားစုကို လာစေချင်တယ်ဗျာ'

ဟူ၍ စောဆာပိုနှင့် စောရွှေဝင်းတို့က ဖိတ်မန္တကပြုကြသည်။

မနက်ဖြန်အလှူတွင် သက်လွတ် ထမင်းဟင်းကျွေးဖို့ ကရင်တိုင်းရင်းသူ အချို့အသီးအရွက် များ လှီးဖြတ်ပြုပြင်နေကြောင်း တွေ့ရှိရသည်။

မွန်းလွဲ(၃)နာရီခန့်မှာ ဖဒိုမြို့မှ ပြန်ထွက်လာခဲ့ကြရာ လမ်းတွင် ညနေစာအဖြစ် စားသောက်ဆိုင်မှာ ဝင်စားကြသေးဖြင့် အိမ်ကို ည(၉)နာရီခန့်မှာ ပြန်ရောက်ခဲ့ကြပါသည်။


ကျွန်ုပ်၏ ဖတ်ရှုမှတ်သားမိသမျှ ဘိုးပိုက်ဆံအကြောင်း တစ်စိတ်တစ်ဒေသကို ဖော်ပြပေးပါမည်။

ဘိုးပိုက်ဆံ၏ ငယ်နာမည်မှာ စောဆာဖိုးဝါးဖြစ်သည်။ ဖခင်မှာ စောရွှေရင်အေးဖြစ်၍ မိခင်မှာ နော်နယိုစေး ဖြစ်သည်။ ညီကိုမောင်နှမ ငါးဦးအနက် တတိယသား ဖြစ်သည်။ ဖာပွန်မြို့နယ်အပိုင် နန်းခူခိရွာတွင် ၁၂၁၅ ခုနှစ်ကဖွားခဲ့သည်။

နန်းခူခိကျေးရွာ၏ တည်နေရာကို မြေပုံပေါ်တွင် မှုကြမ်း ဖော်ပြပေးရပေ။

* * *

www.burmeseclassic.com




နန်းခူခိကျေးရွာမှာ ကရင်ပြည်နယ်၊ ဖာပွန်မြို့နှင့် ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့တို့၏ကြားတွင် တည်ရှိခြင်းဖြစ်သည်။ ထို့ကြောင့် နန်းခူခိရွာနှင့် ရွှေကျင်မြို့တို့သည် အသွားအလာ အဆက်အသွယ် ရှိခဲ့ကြပါသည်။

နောင်အခါ ဘိုးပိုက်ဆံ ဖြစ်လာမည့် စောဆာဖိုးဝါးမှာ မိဘလက်ငုတ် တောင်ယာအလုပ်ကို စိတ်မဝင်စားဘဲ စာပေသင်ကြားရန် ဆန္ဒပြင်းပြသဖြင့် ၁၂၃၀ ပြည့်နှစ်၊ နယုန်လတွင် ရွှေကျင်မြို့ရှိ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းမှာ မိဘများက အပ်နှံပေးခဲ့ကြသည်။

တစ်လအတွင်းမှာ မြန်မာသင်ပုန်းကြီးကို တတ်မြောက်ခဲ့ပြီး နယုန်လမှာ မဂ်လသုတ်ကို သင်ခွင့်ရခဲ့သည်။

ဝါတွင်းရောက်သောအခါ မိဘရပ်ထံ ပြန်လာပြီး ဝါကျွတ်ကျောင်း ပြန်တက်သောအခါ ရွာသားသူငယ်ချင်း (၅)ဦးပါ ခေါ်လာခဲ့သည်။ စောဆာဖိုးဝါးက မင်္ဂလသုတ် အနက်ဖွင့်ကို သင်ယူရသည်။

မိဘကို လုပ်ကျွေးပြုစုရခြင်း မင်္ဂလာကို သင်ရသောအခါ မိဘကို လုပ်ကျွေးပြုစုရန် ဆန္ဒပြင်းပြလာသဖြင့် ရွာပြန်လာပြီး မိဘအလုပ်ကို ကူညီ လုပ်ကိုင်ပေးခဲ့သည်။

ထို့နောက်ပိုင်းတွင် **သူးမဲသီးကျေးရွာ** သစ်ထုတ်ရေးစခန်းရှိ ဆင်ပိုင်ရှင် စောသက်ဖောထံတွင် အလုပ်သွားလုပ်ရာ ထမင်းချက်အဖြစ် အလုပ်ရရှိခဲ့သည်။ ညဘက် အလုပ်နားချိန်တွင် သစ်ကွင်းတစ်ကွင်းလုံးရှိ အလုပ်သမားများကို စောဆာဖိုးဝါးက ရှေးဟောင်းကရင်လင်္ကာများ ရွတ်ပြခြင်း၊ ရှေးဟောင်း မော်လော့ကရင်ရိုးရာ ဘာသာရေးဆိုင်ရာ ပြောပြခြင်း၊ ဗုဒ္ဓဘာသာမှ မင်္ဂလသုတ်ကို သင်ပြခြင်း၊ ဇာတ်တော်များ ဟောပြခြင်း၊ ငါးပါးသီလစောင့်ထိန်းဖို့ သင်ပြခြင်းများ ပြုခဲ့သည်။

ထိုအခါ ဆင်ပိုင်ရှင် စောသက်ဖောက အမျိုးဘာသာ သာသနာအတွက် ကျင့်ကြံ အားထုတ်ဆောင်ရွက်ဖို့ စောဆာဖိုးဝါးကို တိုက်တွန်းပြီး ငွေကြေး အပါအဝင် အခြားလိုအပ်ချက်မှန်သမျှ ထောက်ပံ့မည်ဟု ကတိပြုကာ နန်းခူခိရွာရှိ မိဘများအား ခွင့်တောင်းစေရန် ပြန်လွှတ်လိုက်သည်။

စောဆာဖိုးဝါး မိဘရပ်ရွာ ပြန်ရောက်ပြီး လိုက်လံ နှုတ်ဆက်သောအခါမှ အိမ်ခြေလေးငါးခြောက်ဆယ်မျှရှိသော သူတို့ရွာမှာ သုံးပုံတစ်ပုံခန့် ခရစ်ယာန်ဘာသာဝင်များ ဖြစ်နေကြောင်း သိရတော့သည်။

သူ့အသက်(၂၅)နှစ်ခန့်တွင် ရပ်ရွာ၏ သာရေးနာရေးတို့ကို လူငယ်များနှင့် စုပေါင်း၍ ဆောင်ရွက်ခြင်း၊ ရှေးဘိုးဘေးဘီဘင်များနှင့် ကျင့်သုံးခဲ့သော ကရင်ရိုးရာဓလေ့ထုံးစံများကို ပြန်လည်ဖော်ထုတ်ခြင်း၊ ရွာလယ်မှာ မဏ္ဍပ်ကြီးထိုး၍ သီလခံယူခြင်း၊ မေတ္တာပို့ခြင်းများ ဆောင်ရွက်မှုတို့ကို ဦးဆောင်ပါဝင်ခဲ့သည်။

၁၂၃၉ ခုနှစ်၊ တပို့တွဲလဆန်း(၄)ရက် ကရင်နှစ်သစ်ကူးအပြီးမှာ မိဘများ အလိုကျ နော်ဝါးဆိုသော အမျိုးသမီးနှင့် လက်ထပ်ခဲ့သည်။ တောင်ယာတစ်ခင်းနှင့် ဆင်တစ်ကောင် လက်ဖွဲ့အဖြစ် ရရှိပြီး ဖနီးကပင် အလုပ်ကို ကြိုးစားလုပ်ခဲ့သည်။

ရှေ့လ ဆက်ဖတ်ပါရန်

**အောင်ဇေ** *(LL.B)*

www.burmeseclassic.com




# ကျားမှန်လျှင် အားသန်ရအောင်
# ပြည်စိုး အမျိုးသားအားဆေးကိုဆောင်

အမှတ်တံဆိပ် တိုင်းရင်းဆေးဝါးမှတ်ပုံတင် TMR 009194(0814)

လိုင်စင်-၅/၂၀၁၀/တဆထလ/တိုး(၀၁၄၇၂)

"ကိုမင်းဝေပါလား. . . မရွှင်မလန်းနဲ့ စိတ်ပင်ပန်းလူပင်ပန်းဖြစ်နေပုံရတယ်"

"ဟုတ်တယ်ဗျာ. . . စိတ်သွားတိုင်းကိုယ်မပါဘဲ လိုရာဆန္ဒမပြည့်ဖြစ်နေတာ. . . ပွင့်ပွင့်လင်းလင်းပြောရရင် အမျိုးသားအားနည်းနေလို့ ဘယ်ဆေးစားပြီး ဘယ်ဆရာနဲ့ကုသရင်ကောင်းမလဲဆိုတာ အကြံပေးပါဦး"

"ရောဂါသိမှတော့ဆေးရှိပါတယ် ကိုမင်းဝေ. . . ကျွန်တော့်မိတ်ဆွေဆရာကြီး ဦးစံမြင့်က. . . ပြည်စိုးအမျိုးသားအားဆေးထုတ်လုပ်နေတဲ့အပြင် အမျိုးသားအားနည်းရောဂါ (ပန်းညိုးပန်းသေရောဂါ)၊ လိပ်ခေါင်းရောဂါ၊ လေငန်းလေဖြတ်ရောဂါတွေကို ဦးစားပေးကုသနေတာဗျ. . . ပြည်စိုးဆေးတိုက်ကို လမ်းညွှန်လိုက်မယ် ခင်ဗျား သွားလိုက်ပါလား"

"ခင်ဗျားရဲ့မိတ်ဆွေဆိုတော့ ခင်ဗျားပါမှ ပိုကောင်းတာပေါ့"

"ဒါဆို. . . ပြည်စိုးဆေးတိုက်ကို အခုပဲသွားကြရအောင်'

❀ ❀ ❀ ❀ ❀

"ကိုမင်းမြတ်မောင်ပါလား. . . မလာတာကြာလို့ သတိရနေတာ. . . ဧည့်သည်လဲပါလာတာကိုး၊ ကဲ. . . ထိုင်ကြပါ"

"ဆရာ. . . ဒါ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ ကိုမင်းဝေပါ၊ စိတ်သွားတိုင်းကိုယ်မပါဘဲ အမျိုးသားအားနည်းနေလို့ ဆရာနဲ့ဆွေးနွေးပြီး အမျိုးသားအားဆေးလဲ လာဝယ်တာပါ"

"ကဲ. . . ကိုမင်းဝေ ဒီရောဂါကြောင့်တော့ သိပ်လဲစိုးရိမ်သောကမဖြစ်ပါနဲ့. . . ကျွန်တော် ပြောပြတာတွေကို နားထောင်ပြီး ခင်ဗျားခံစားနေရတဲ့အချက်တွေနဲ့ ကိုက်ညီမှုရှိမရှိသိမှ ပိုကောင်းတာပေါ့. . . အမျိုးသားအားနည်းရောဂါ ဖြစ်တတ်သူတွေဟာ (၁) မေထုန်မှုလွန်ကဲသူများ၊ (၂) သဘာဝမဟုတ်သောဟတ္ထမေထုန်ပြုသူများ၊ (၃) ကုန်ခန်းသွားသောသုက်ဓာတ်နဲ့ အင်အားများကို ဆေးဝါးဓာတ်စာနဲ့ ပြန်လည်မဖြည့်ဆည်းသူများ၊ (၄) အပျော်အပါးလိုက်စားသူများ၊ (၅) မြစ်ခြောက်နာရှိသူများ၊ (၆) သားကြောဖြတ်ထားသူများ၊ (၇) အဆုတ်ရောဂါရှိသူများ၊ (၈) လေဖြတ်ဖူးသူများနဲ့ လေငန်းရောဂါရှိသူများ၊ (၉) ဆီးချိုသွေးချိုရောဂါရှိသူများ၊ (၁၀) လိပ်ခေါင်းရောဂါရှိသူများ၊ (၁၁) အသက်အရွယ်ကြီးရင့်သူများ၊ ပန်းညိုးပန်းသေရောဂါ ဖြစ်တတ်ကြပါတယ်။ ပန်းညိုးရောဂါခံစားနေရပြီဆိုရင် (၁) ခန္ဓာကိုယ်ဝနေသော်လည်း စိတ်ရောကိုယ်ပါ ရွှင်လန်းမှုမရှိခြင်း၊ (၂) မောပန်းလွယ်ခြင်း၊ (၃) အစားအသောက်ပျက်ခြင်း၊ (၄) ညဥ့်ဦးပိုင်းတွင် အိပ်ပျော်သော်လည်း တရေးနိုးလျှင် အိပ်မရတတ်ခြင်း၊ (၅)သတိမေ့လျော့တတ်ခြင်း စတဲ့လက္ခဏာတွေရှိနေတတ်ပါတယ်"

"ဟုတ်ပါတယ်ဆရာ. . . ဆရာပြောပြတဲ့အချက်အလက်အတော်များများနဲ့ ကိုက်ညီနေပါတယ်"

"ဒါဆိုရင် ပြည်စိုး အမျိုးသားအားဆေးကို ပုံမှန်သောက်သုံးပြီး အကြောပညာ၊ ဆေးပညာနဲ့ ကုသသွားမယ်ဆိုရင် ကိုမင်းဝေ ခံစားနေရတဲ့ အမျိုးသားအားနည်းရောဂါဟာ တဖြည်းဖြည်း သက်သာပျောက်ကင်းသွားမှာပါ"

"ပြည်စိုးအမျိုးသားအားဆေးက ဘယ်လိုရောဂါတွေ သက်သာပျောက်ကင်းစေပါသလဲဆရာ"

"ပြည်စိုးအမျိုးသားအားဆေးဟာ အိပ်နေစဥ် သုက်လွှတ်ခြင်း၊ သုက်အားနည်းခြင်း၊ သုက်လွှတ်မြန်ခြင်း၊ အကြောအားနည်းပြီး အကြောသန်စွမ်းမှုမရှိခြင်း၊ အမောမလုံခြင်း၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ခြင်း၊ အစဥ်သဖြင့် အားအင်နုံးချည့်သလို ခံစားရခြင်းများကို သက်သာပျောက်ကင်းစေပါတယ်"

ဆရာကြီး ဦးစံမြင့်နဲ့ တွေ့ဆုံဆွေးနွေးပြီး "ပြည်စိုးအမျိုးသားအားဆေး ဝယ်ယူရရှိနိုင်တဲ့နေရာတွေကတော့...

ဆေးထုတ်လုပ်ပင်ရင်း
အမှတ် (၂၅၁၉/ခ)၊ ဗညားဒလလမ်း၊
(၇၁) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)

ဆေးဖြန့်ချိရေး - ပြည်စိုး ဆေးကုဌာန
အမှတ် (၁)၊ ကျိုက္ကဆံဘုရားဝင်းတောင်ဘက်မုခ်၊
သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့




www.burmeseclassic.com

www.burmeseclassic.com

# တနင်္သာရီနယ်မှ ထူးခြားသော ဆရာတော်တစ်ပါး

နန်းမြို့ရွှေရီ

ကျွန်မသည် နက္ခတ္တရောင်ခြည် မဂ္ဂဇင်းကို လစဉ်မှန်မှန် ဖတ်ရှုနေသော စာဖတ်ပရိသတ်တစ်ဦးပင် ဖြစ်ပါသည်။

နက္ခတ္တရောင်ခြည် မဂ္ဂဇင်းထဲတွင် အယ်ဒီတာချုပ် ဦးကျော်မိုးသိန်း၏ **"မိမိတို့ဒေသရှိ ဆရာတော်ကြီးများ၊ ပုဂ္ဂိုလ်ထူးကြီးများ၏ မိမိတို့သာသိပြီး သမိုင်းမဝင်သော ဖြစ်ရပ်များကို ရေးသားပေးပို့နိုင်ကြပါပြီ။ ဤသို့ ရေးသားပေးပို့ခြင်းဖြင့် ကွက်လပ်ဖြစ်နေသော၊ အများမသိသော ဖြစ်ရပ်များကို မှတ်တမ်းတင်ပြီး ဖြစ်သွားပါမည်"**ဟု ဖော်ပြထိုက်တွန်းချက်ကို အမြဲ တွေ့ရှိရပါသည်။

ထို့အတွက်ကြောင့် စာဖတ်သူမှ စာရေးသူအဖြစ်သို့ ပြောင်းလဲရန် မဝံ့မရဲဖြင့် ဤဆောင်းပါးကို ရေးသားလိုက်ရပါသည်။

တနင်္သာရီမြို့ပေါ်နှင့် နယ်တစ်ခွင် ဘွဲ့ထင်ခဲ့သော **ဆရာတော် ဦးကေသရ (ဆရာမဲ)၊ ဆရာတော်ဦးသာဂရနှင့် ယခုလက်ရှိ ဆေးဝိဇ္ဇာဆရာတော်တစ်ပါးဖြစ်သော နှစ်ပေါင်း(၄၀)ကျော် ရေမသပ္ပာယ်သော်လည်း အမြဲတစေ သန့်ရှင်းကြည်လင်နေသော တနင်္သာရီမြို့၊ ဝဂ်ဘာကျောင်းဆရာတော် ဦးဥက္ကံသ (သက်တော်–၈၅)နှစ်တို့ကဲ့သို့ ဆရာတော်ကြီးများ ရှိနေသဖြင့်** ရေးသားဖော်ပြရလျှင် ကျည်ထိဖြစ်ရုံမက မှတ်တမ်းပါတင်ပြီး ဖြစ်မည်ဟု ယုံကြည်မိပါသည်။



ဆရာတော်ဦးကေသရ(ဆရာမဲ) ရုပ်တုအား ရွှေပြာကလေးများ ကပ်ပြီး ကုသိုလ်ယူထားပုံ

ထို့ကြောင့် ဆရာတော် ဦးကေသရ (ဆရာမဲ)၏ ပျောက်ကွယ်လုဆဲဆဲ ထူးခြားဖြစ်ရပ်များကို ရသမျှ စုံစမ်းမေးမြန်းကာ ပထမဆုံးအနေဖြင့် ရေးသားပူဇော်လိုက်ရပါသည်။

တနင်္သာရီရိုးမ တောင်စဉ်ရောင်တန်းအထပ်ထပ်သည် ညို့မှိုင်းလျက်ရှိ

www.burmeseclassic.com



◆ ဆရာတော် ဦးဇောတိကရဲ့ပုံတော်များ

◆ ဆရာတော် ဦးဇောတိက တရားအားထုတ်ခဲ့ရာ ကျောက်ဂူကြီး





www.burmeseclassic.com

www.burmeseclassic.com



● လက်ရှိကျောင်းထိုင် ကော့ယွန်းဆရာတော်မှ ဆရာတော် ဦးကေသရလက်ထက်တော်မှ ရှေးဟောင်းပစ္စည်းများ ပြသနေပုံ

ပြီး လူဦးရေ ကျဲပါးခြင်းကြောင့် တောမှို အညောဝါသီများ၊ သမထဝိပဿနာပွား များရန် အလွန်ကောင်းမြတ်ပါသည်။ ထို့ကြောင့် ဤနေရာတွင် ခေတ် အဆက်ဆက် မှတ်တမ်းမဝင်ခဲ့သော ဆရာတော်ကြီးများ ရှိခဲ့ပါသည်။

သို့သော် စာတစ်ဆောင် ပေတစ်ဖွဲ့ ရေးသားဖော်ပြရန် မပြည့်စုံတော့ပါ။ သို့သော် ကံကောင်းထောက်မစွာပင် ဦးကေသရ(ဆရာမဲ) အကြောင်းသည် ထိုဆရာတော်အား သိမီသူ **ဦးဘမီ ကဲ့သို့ အသက်(၇၅)နှစ်ကျော် လူကြီး သူမ များရှိနေခဲ့ခြင်းကြောင့်** ရသမျှ မှတ်တမ်းပြုနိုင်ခြင်း ဖြစ်ပါသည်။

ဆရာတော် ဦးကေသရသည် မြန်မာ နယ်စပ်မှာ ၁၂၆၀ ပြည့် နှစ်က ဖွားမြင်ခဲ့ပါသည်။ ဆရာတော်၏ မည်သည့်တော်၊ မယ်တော်များနှင့် ဇာတိ ကို ဖော်ပြနိုင်ခြင်း မရှိခဲ့သော်လည်း ဆရာတော် တည်ထောင်ထားသည့် ကော့ယွန်းရွာ ဘုန်းတော်ကြီးကျောင်း၊ ကျောက်စရစ်ရွာ ဘုန်းတော်ကြီး ကျောင်း၊ တမုတ်ချုံးရွာ ဘုန်းတော်ကြီး ကျောင်းများသည် တနင်္သာရီမြို့နယ် အတွင်း ထင်ရှားသည့် ကျောင်းတိုက် များအဖြစ် တည်ရှိပါသည်။

ဆရာတော်သည် **တနင်္သာရီမြို့၊ ချောင်းကြီးရပ်ကွက်၊ သာသနဝုမ္ပိ ပါလကျောင်းတိုက် ဆရာတော် ဦးတေဇ(ဦးစံ)**နှင့် အလွန်တရာ ရင်းနှီး ကျွမ်းဝင်ပါသဖြင့် သိန်ခွန်းရွာ၊ ကော့ယွန်းရွာ ကထိန်ပွဲများ ကျင်းပ သည့်အခါ **ဆရာတော်ဦးတေဇ**အား ဆင်ဖြင့် လာရောက် ပင့်ဆောင်လေ့ ရှိပါသည်။

ဆရာတော်သည် တနင်္သာရီမြို့၊ ဆင်ခြေဖုန်းကျေးရွာအုပ်စု၊ လယ် တောင်ယာကျေးရွာရှိ **သမန္တကူဋ တောင်(ဘုရားခြေတော်ရာ) (၂၄၂၄) ပေပေါ်ရှိ** စက်တော်ရာအနီးတွင် လည်း သမထတရား အားထုတ်၍ ပေါက်ရောက်ခဲ့ပါသည်။

**စက်တော်ရာ တောင်တော်ပေါ်တွင် ထူးခြားဆန်းကြယ်သော အပွင့်(၁၈) လက်အရွယ်ရှိသော နွယ်ကြယ်ပန်းကြီး များ ပေါက်ရောက်နေသော တောင် တော်မြတ်လည်း ဖြစ်ပါသည်။**

အဆိုပါတောင်တွင် တရားအား ထုတ်ရာ ဂူကြီးများစွာ ရှိပါသည်။ တချို့ ဂူကြီးများသို့ ခြေတော်ရာတောင် ဂေါပကများ ယနေ့ထိတိုင် မဝင်ရောက် ရဲကြပါ။ အဆိပ်ပြင်းသော တောကြီး မြွေဟောက်များ ခိုအောင်းရာနေရာ ဖြစ်ပါသည်။

ခြေတော်ရာတောင် တောကြီးထဲ



www.burmeseclassic.com

www.burmeseclassic.com

တွင် အန္တရာယ်ကြီးလှသည့် လူသား စား ကျားကြီးများ၊ မုဆိုးများကိုပင် အစာအဖြစ် ညှိ့ယူရစ်ပတ် မျိုချတတ်သော စပါးကြီးမြွေကြီးများ၊ လူဝံကြီးများ စသည်တို့ ပေါများသည့်ကြားမှ ဆရာတော်ကြီးအား အန္တရာယ်မပြုဘဲ အိမ်မွေးတိရစ္ဆာန်များသဖွယ် ရှိစေခဲ့ပါသည်။

အဆိပ်ပြင်းသည့် တောကြီးမြွေဟောက်မောင်နှံမှာ ဆရာတော်ကြီးကို အန္တရာယ်မပြုဘဲ တစ်မိုးတစ်ရံ တစ်ဂူတည်းတွင် နေထိုင်ခဲ့ကြပါသည်။

ဆရာတော်သည် သမထကို နှစ်ပေါင်းများစွာ အားထုတ် ပေါက်ရောက်ခဲ့ပြီးနောက် ကော့ယွန်းကျောင်းတွင် သီတင်းသုံးနေထိုင်ခဲ့ပါသည်။ ထိုစဉ်က လက်နက်ကိုင်အဖွဲ့အစည်းများ တစ်ဖက်နှင့် တစ်ဖက် ပစ်ခတ်ကြရာ ဆရာတော်ကျောင်းကို ကျော်၍ ပစ်လျှင် ကျည်မထွက်သဖြင့် ဆရာတော်၏ ဂုဏ်သတင်းမှာ ပို၍မွေးပျံ့ခဲ့ပါသည်။ မည်သည့်လက်နက်ကိုင်မဆို ဆရာတော်အား ကြောက်ရွံ့ ညွတ်တွားကြပါသည်။


ဆရာတော်၏ ထုံးမန်းမှာလည်း အလွန်နာမည်ကြီးလှသည်။ ကာယသိဒ္ဓိပြီးသည်ဟု အနီးအနားမှ ဒကာ၊ ဒကာမများနှင့် အဝေးမှ ဒကာ၊ ဒကာမများပါ ဆရာတော်ထံ လာရောက်တောင်းခံကြရပါသည်။ စာရေးသူလည်း ဆရာတော်၏ ရှေးဟောင်းကြေးကွမ်းအစ်ထဲမှ ထုံးခြောက်လေးများကို လက်ရှိ ဆရာတော်ခံခွင့်ပန်၍ စွန့်ယူခဲ့ပါသည်။

## ဆရာတော်နှင့် ကြာလက်ာမီးကျောင်း

ဆရာတော် သီတင်းသုံးရာ ကော့ယွန်းကျေးရွာအနီးတွင် ရှေးခေတ် အိန္ဒိယ–တနင်္သာရီ–အယုဒ္ဓယ ဖြတ်လမ်းအဖြစ် အသုံးပြုခဲ့သော ကြာလက်ာမြို့ဟောင်းကြီးသည် မြို့ရိုးကြီးများနှင့် အပြည့်အစုံ ရှိနေပါသည်။ တနင်္သာရီ မဟာရာဇဝင်ကြီးတွင် ပါရှိသော မြို့ဟောင်းကြီးတစ်မြို့ ဖြစ်သည်။

ထိုမြို့၏နံဘေး ရွှေချောင်းအဝ တနင်္သာရီမြစ်ငယ်တွင် ဆရာတော် ဖောင်ကျောင်းဖြင့် သီတင်းနေစဉ်က အဖြစ်အပျက်တစ်ခုမှာ အလွန်ထူးခြားလှသည်။

ဆရာတော် သီတင်းသုံးရာ မြစ်ထဲတွင် သွားလာကျက်စားနေသော ကြာလက်ာမြို့ဟောင်းမှ နာမည်ကြီး မိကျောင်း ခေါင်းဖြူကြီးတစ်ကောင်သည် ဆရာတော် ဖောင်နံဘေးတွင် ပေါ်ပြပြီးမှ သွားလာတတ်ပါသည်။



ဆရာ့မဲ ကျောင်းတော်အနီးမှ ကြာလက်ာမြို့ဟောင်းမှ ရှေးလက်ရာ

**ဆရာတော် ထိုင်စဉ် ဆိုပါ မိကျောင်းကြီးမှာ သွားပြနေပုံ**



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်အား ဦးတိုက်လေ့ ရှိပါသည်။ ဆရာတော်၏ ဖောင်မရှိတော့သည့် နောက်ပိုင်းတွင် မြစ်ထဲ၌ မိကျောင်းပေါ် သည်ကို မတွေ့ရပေ။

## ဆရာတော်နှင့်
## အင်္ဂလိပ်အရေးပိုင်မင်း

ဆရာတော် သီတင်းသုံးစဉ်က မြစ်အတွင်း ဝါးဖောင်ပေါ်တွင် ဆောက်လုပ်ထားသည့် စံကျောင်းငယ်သည် ဆရာတော် သက်သောင့်သက်သာ သမထ အားထုတ်နိုင်ရန် ဖြစ်ပါသည်။ အဆိုပါ စံကျောင်းကို တနင်္သာရီမြို့သို့ ဈေးဝယ်သွားသော လောင်းလှေကလေးများမှ အသွားအပြန်တွင် ဆရာတော်အား ဖူးမြော်ခြင်း၊ ဝတ်ပြုခြင်းတို့ကို အမြဲတစေ ပြုကြပါသည်။

၁၉၄၀ ပြည့်နှစ်၊ ဒီဇင်ဘာလတွင် မြိတ်ခရိုင်အရေးပိုင် မစ္စတာရိုမီတန်သည် ဤဒေသသို့ စက်သင်္ဘောဖြင့် အရှိန်ပြင်းစွာ မောင်းနှင် ဖြတ်သန်းသွားခဲ့သည်။ ဆရာတော်၏ ဖောင်ကလေးသည် လှိုင်းဒဏ်ကို တော်တော်ခံခဲ့ရပါသည်။

ကိုလိုနီခေတ် အရေးပိုင်စက်တပ်ရေယာဉ်ကလေးသည် ဆရာတော် သီတင်းသုံးရာမှ ပေ(၂၀၀၀)ခန့် မော်ကွေ့အနီးတွင် စက်ချို့ယွင်းကာ စက်သံပျောက်ပြီး မြစ်ရေအတိုင်း ဆရာတော် ဖောင်အနီးသို့ ပြန်၍ မျောပါလာသည်။ ဆရာတော့်ဖောင်အနီး ရောက်မှ စက်ပြန်ကောင်းကာ ပြန်လှည့်ခုတ်မောင်းသွားပါသည်။

ယခင်နေရာသို့ အရောက်တွင် တစ်ဖန် စက်ချို့ယွင်းပြန်၍ ဆရာတော် ဖောင်အနီးသို့ မျောပါရပြန်ပါသည်။ ဆရာတော်၏ ဖောင်ရှေ့သို့ရောက်လျှင် စက်ပြန်ကောင်းလေသည်။ ထိုအခါတွင် အင်္ဂလိပ်အရေးပိုင်က ဆရာတော်၏ ဖောင်နှင့် စံကျောင်းလေးကို စိတ်ဝင်စားသဖြင့် မေးမြန်းလေသည်။

စကားပြန်မှ တန်ခိုးကြီးသော ဆရာတော်ဟု ပြောရာ အရေးပိုင်မှာ စက်လှေထဲမှ စားသောက်စရာအချို့ကို ယူပြီး ဖောင်တော်ပေါ်သို့ တက်၍ ဆရာတော်အား အုံ့သြစွာ ဂါရဝပြုပါတော့သည်။

မိမိသည် အစိုးရတာဝန်ဖြင့် လာရောက်သော ခရိုင်အရေးပိုင်မင်း ဖြစ်ပါသည်။ ဆရာတော့်ဖောင်ရှေ့မှ ကြမ်းတမ်းစွာ ခုတ်မောင်းသွားမိကြောင်း တောင်းပန်ပါသည်။ ဆရာတော်မှ ပြုံးပြုံးကြီးဖြင့်...

'ကဲ...ဒကာတော် လိုရာသွားတော့ပေါ့'

ဟု အမိန့်ရှိလိုက်သည်။ အင်္ဂလိပ်အရေးပိုင်မင်းမှလည်း လိုအပ်တာများ ရှိလျှင် တနင်္သာရီမြို့အုပ်မှ တစ်ဆင့် အကြောင်းကြားပေးပါရန် လျှောက်ထားခဲ့ပြီး ဆက်လက်ထွက်ခွာခဲ့ပါသည်။ စက်လည်း မပျက်တော့ပါ။

ထိုအဖြစ်အပျက်ကို ဦးဘမဲ့က သူ၏ မှတ်တမ်းစာအုပ်ထဲတွင် မှတ်မှတ်ရရ ရေးထားခဲ့၍ စာရေးသူတို့ ဆက်လက်သိရှိရခြင်း ဖြစ်ပါသည်။



ရှေးဟောင်းစာထုပ်များနှင့်အတူ စာရေးသူအား ပြောပြခဲ့သူ အဘဦးဘမဲ့
[တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ တနင်္သာရီမြို့နယ်၊ တောသုမ်ရွာ]



www.burmeseclassic.com

www.burmeseclassic.com

### ဝါဆိုငှက်နှင့် ဝါဆိုသစ်ပင်

ဆရာတော် သီတင်းသုံးရာ ကော့ယွန်းကျောင်းဝင်းအတွင်း ပင်စည်ဖြောင့်တန်းပြီး ရှည်လျားသော စကားရွှေဝါပင်ကြီးရှိသည်။ ထိုအပင်ကြီးတွင် ဝါဆိုလပြည့်နေ့၌ ကျေးသား(၁၀၀) ကျော် လာရောက်ပြီး မိုးခိုနေထိုင်ကြသည်။

ဝါတွင်းတစ်တွင်းလုံး နေထိုင်ကြပြီး ဝါကျွတ်၊ သီတင်းကျွတ်လပြည့်ကျော် (၁)ရက်နေ့တွင် အခြားအရပ်များသို့ ပြောင်းရွှေ့သွားသည်။ ဝါထပ်နှစ်တွင် ဒုတိယဝါဆိုလပြည့်နေ့မှသာ လာရောက်ကြသည်။

စကားရွှေဝါပင်ကြီးတွင် **"ဝါဆိုငှက်များ မပစ်ရ"**ဟူသော စာသားကို မြန်မာလိုနှင့် ရှမ်းလိုပါ ဆရာတော်မှ ရေးသား တားမြစ်ထားသည်ကိုလည်း စာရေးသူတို့ တွေ့မြင်ရသည်။

ဆရာတော်ထံ ထိုင်းနိုင်ငံထဲမှ ရဟန်းတော်များ ခြေကျင်ကြွကာ တရားနည်းလာခံကြသည်။ တနင်္သာရီမြို့နယ်အတွင်းရှိ ဆရာတော်များ၊ လူပုဂ္ဂိုလ်များလည်း နည်းနာနိဿယ ခံယူလျက် သမထ ပေါက်ရောက်ကြပါသည်။



◆ ဆရာတော် ဦးကေသရနှင့် ရှေးတနင်္သာရီ ဆရာတော် အဆက်ဆက်တို့ တရားအားထုတ်ရာ ဂူတော်ကြီးအတွင်း

မြတ်စွာဘုရား၏ တရားတော်များအတိုင်း ဈာန်သမထအရာ၌ ပေါက်ရောက်ခဲ့သော ဆရာတော် ဦးကေသရ၏ အကြောင်းအရာများကို ကွန်ပျူတာ၊ အင်တာနက်ခေတ် မဟုတ်သဖြင့် ပြည့်စုံစွာ မှတ်တမ်း မပြုနိုင်ခဲ့သော်လည်း ဆရာတော် တည်ထောင် သီတင်းသုံးခဲ့သော **ဘုတ်ပြင်းမြို့နယ်နှင့် တနင်္သာရီမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး ငါးကျောင်းသည် ဆရာတော်ကြီး၏ သီလ၊ သမာဓိ၊ ပညာဂုဏ်ရောင်များဖြင့် ရှင်သန်အောင်မြင်လျက် ရှိသည်ကို တွေ့မြင်နိုင်ပါတော့သည်။**

**[ဆရာတော် ဦးကေသရ(ဆရာမဲ)၏ ထူးခြားဖြစ်စဉ်များကို ကော့ယွန်းရွာမှ ကျောင်းဒကာကြီး ဦးဘမဲ့ အသက်(၇၅)နှစ်၏ ပြောပြချက်အား ခံစားရေးဖွဲ့ပါသည်။ ပြောပြပေးသူ ဦးဘမဲ့အား အထူးကျေးဇူးတင်ရှိကြောင်းမှတ်တမ်းတင်အပ်ပါသည်။]**

**နန်းမြို့ရွှေရီ**

---

စာရှုသူ သုတေသီနှင့် ဝါသနာရှင်များသို့ . . .

**မိမိတို့ဒေသရှိ ဆရာတော်ကြီးများ၊ ပုဂ္ဂိုလ်ထူးကြီးများ၏ မိမိတို့သာသိပြီး သမိုင်းမဝင်သော ဖြစ်ရပ်များကို ရေးသားပေးပို့နိုင်ကြပါပြီ။**

**ဤသို့ ရေးသားပေးပို့ခြင်းဖြင့် ကွက်လပ်ဖြစ်နေသော၊ အများမသိသော ဖြစ်ရပ်များကို မှတ်တမ်းတင်ပြီး ဖြစ်သွားပါမည်။ သမိုင်းမှတ်တမ်းတင်ပြီး ဖြစ်ပါလိမ့်မည်။ ဤကုသိုလ်ထူးကြီးကို ပါဝင် ကုသိုလ်တော်ယူကြပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။**

*လေးစားစွာဖြင့် . . .*

**ဦးကျော်မိုးသိန်း**
**စာတည်းချုပ်**
**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**



www.burmeseclassic.com

www.burmeseclassic.com

သဲပြင်ကျောင်းမှ

# ဝါးမြွေရုပ်ကလေး

တောင်တွင်းကြီးမြို့၏ တောင်ဘက်၊ ညောင်ပင်လှရွာအနီးရှိ သဲပြင်ကျောင်း ဆရာတော် ဦးပါဝရအား သွားရောက် ဖူးတွေ့စဉ် ထုံးတောင်တောရနှင့်ပတ်သက်၍ သူ၏ အတွေ့အကြုံကို မိန့်ကြားပေးတော်မူပြီးနောက် မြွေတစ်ကောင်ပမာ ရစ်ခွေနေသည့် ဝါးတစ်ချောင်းကို ထုတ်ပြသည်။


ပဲခူးရိုးမအနီး တောတွင်းတစ်နေရာ၌ တောမီးလောင်ရာ ဝါးရုံတစ်ခုအတွင်းမှ မီးမလောင်ဘဲ ကျန်ရစ်ခဲ့သည့် ဝါးပင်ဖြစ်ကြောင်း သိရသည်။ အရင်းပိုင်းမှာ နဂါးခေါင်းနှင့် ဆင်တူသည်။

မူလက မျက်စိသဏ္ဌာန် အဖုကလေး တစ်ဖက်တစ်ချက်စီ ပါဝင်သော်လည်း ဆရာတော် ခရီးထွက်ကြွစဉ် ဦးပဥ္စင်းတစ်ပါးက ပါးစပ်ဟာနေသည့်ပုံစံ လွှဖြင့် ထွင်းကာ ဆေးသုတ်လိုက်သဖြင့် မျက်စိများ ပျောက်ကွယ်သွားသည် ဆိုသည်။

ထိုအရင်းပိုင်းကို အပေါ်ထောင်ထားပါက မြွေတစ်ကောင် ခွေနေရာမှ ပါးပျဉ်းထောင်တက်လာသည့် ပုံဟန်မြင်တွေ့ရသည်။

ဝါးပင်ဖြစ်သော်လည်း မီးမလောင်သည့် ထူးခြားဖြစ်စဉ်နှင့်အတူ ဗုဒ္ဓဟူးသင်္ကေတ "**ဝါး**" နှင့် စနေကိုယ်စားပြု မြွေကြီးပုံသဏ္ဌာန်က "**လံတော**" စတုရန်း အောင်ဓာတ်ဆောင်သည်ဖြစ်ရာ သဲပြင်ကျောင်းအတွက် တပည့်ဒါယကာ [illegible] စည်ကား၍ ပစ္စည်းလေးပါး [illegible] ပြည့်စုံမည့်နိမိတ်ဆောင် ဝါးမြွေရုပ်ကလေးဟု ယူဆဖွယ်ရှိပေသည်။

**ထက်မင်းကျော်စွာ**



▲ မီးမလောင်သည့် ဝါးမြွေရုပ်



www.burmeseclassic.com

www.burmeseclassic.com


ကြော်ငြာဆောင်းပါး

ဆေးစွမ်းထက်မြက်ကြောင်း အကြွားမပိုတဲ့

# သမားအိုဆေးတိုက်

မှ ထုတ်လုပ်သော နန်းတွင်းလိမ်းဆေး၊ လေးဖက်နာဆေး၊ နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး



သီပေါမင်း ပါတော်မူပြီး နောက်နန်းတွင်းသမားတော်ကြီးများ မြို့နယ်အသီးသီးသို့ ပြန့်ကျဲရောက်ရှိခဲ့ကြရာ ဘီလူးကျွန်း ကမာမွန်ရွာသို့ ရောက်ရှိခဲ့ကြသည့် နန်းတွင်း သမားတော်ကြီး ဦးပန္နဝ၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ်တော်လှန်ရေး ခေါင်းဆောင် ဆရာစံ (သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်းသမားစဉ် မူရင်းဆေးစွမ်းကောင်းတို့ကို **သမားတော်ကြီး ဦးနွယ်၏မြေး သမားတော်ကြီး ဦးတင့်လွင်(ငြိမ်း/ဗိုလ်ကြီး) ဇနီး ဒေါ်ကျင်သိန်း၊ တိုင်းရင်းသမားတော် ဦးသန်းဇော်၊ ညီမဒေါ်ခင်ခင်ထွေး**တို့ အကြောင်းပြု ပေါင်းစုလျက် သမားအိုဆေးတိုက်မှ မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက် ရှိပါသည်။

### သမားအို နန်းတွင်းလိမ်းဆေးကြီး

*[တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် ၀၅၁၀ YR ၀၀၀၉၉၇]*

*[လိုင်စင်အမှတ် ၁၁/၂၀၀၈ တဆထလ တိုး(၀၁၂၁)]*

မြန်မာ့နန်းတွင်း အစဉ်အဆက် သုံးစွဲခဲ့သည့် လိမ်းဆေးဖြစ်ပြီး **ပရုတ်၊ မင်သော် စသည့် ဆေးပူများ မပါရှိသော** ဆေးအေးဖြစ်၍ ဘေးထွက်ဆိုးကျိုး လုံးဝ မပါရှိဘဲ အပူနာများကိုပါ သက်သာပျောက်ကင်းစေကြောင်း အာမခံသည့် လိမ်းဆေးတစ်လက်ဖြစ်သည်။

ပျောက်ကင်းစေသော ရောဂါများ

သမားအို နန်းတွင်းလိမ်းဆေးကြီးသည် အဆစ်၊ အမြစ်၊ အကြောရောင်/နာ၊ ကိုက်ခဲခြင်း၊ ဒူးနာ၊ ခါးနာ၊ လေးဖက်နာ၊ ဂေါက်နာ၊ ဖက်ထိုး၊ ခေါင်းအုံ၊ ခေါင်းကိုက်၊ ပန်းနာ၊ ရင်ကျပ်၊ နှာစေး၊ နှာပိတ်၊ ထိပ်ကပ်နာ၊ အရိုးကျိုး၊ အဆစ်လွဲ၊ အဆစ်ဟ၊ ဒဏ်နာဖြစ်၊ လက်ကပ်ခြင်းနှင့် အပူလောင်ခြင်းများကို သက်သာ ပျောက်ကင်းစေပါသည်။

အသားပပ်ခြင်း၊ အသားကွဲခြင်း၊ ဝက်ခြံ၊ တင်းတိပ်၊ နေလောင်ကွက်များကို ညအိပ်ရာဝင်ချိန်၌ မျက်နှာအား ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောပြီးမှ ဆေးလိမ်း တစ်ရှူးကပ် အိပ်ပါ။

နေ့စဉ်ရက်ဆက် လိမ်းပေးခြင်းဖြင့်"**အသားအရေ ဖြူနု ချောမွတ်ပြီး မကြေုဘူးအောင် အလှထူးစေသည့်**"ကမ္ဘာ့ ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။ မန္တလေးတောင်၊ကျိုက်ထီးရိုးတောင်၊ ပုပ္ပါးတောင်ကဲ့သို့ အလေ့အကျင့်မရှိသော တောင်တက်ဘုရားဖူးခရီးသည်များ သုံးစွဲလျှင် ထုံကျဉ်ညောင်းညာ ကိုက်ခဲခြင်းများ သက်သာပျောက်ကင်းစေသည့်အပြင် ကျီးပေါင်းရောဂါဝေဒနာရှင်များ အသားထဲ စိမ့်ဝင်အောင် ညင်သာစွာ လိမ်းပေးခြင်းဖြင့်ကျီးပေါင်းရောဂါဝေဒနာများ အချိန်တိုအတွင်း သက်သာပျောက်ကင်းစေပါသည်။

### သမားအို လေးဖက်နာဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် ၀၃၀၅ YR ၃၀၆၃]*

လူတစ်ယောက်၏ခန္ဓာကိုယ်အား သိပ္ပံနည်းကျ သွေးစစ်ကြည့်ခြင်းဖြင့် **ယူရစ်အက်စစ် အလွန် များနေခြင်း။ အေအက်စ်အို သီတာယူနစ်(၂၀၀)ထက် ရှိခြင်း၊ နောက်ဆုံး အာအေ စမ်းသပ်မှု၌ (+) အပေါင်းလက္ခဏာတွေ့ရှိခြင်း**စသည်ဖြင့် လေးဖက်နာရောဂါအဆင့်ဆင့်တို့ကိုသိရှိနိုင်ပေသည်။

**လေးဖက်နာရောဂါ၏ ဆင့်ပွားရောဂါများဖြစ်သော နှလုံး၊ သွေးတိုး၊ ခါးဆယ်ရောဂါများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်သည့် ဆေးဖက်များ သမားအို လေးဖက်နာဆေးတွင် ထည့်သွင်း ဖော်စပ်ထားပါသည်။**

သမားအိုလေးဖက်နာဆေးတွင် သက်စောင့်ဆေးဖက်များ ပါရှိသည့်အတွက် ရာသီဥတုဒဏ်ခံနိုင်ပြီး တရားထိုင်သူများ၊ ယာဉ်မောင်းသူများ၊ စက်ချုပ်သမားများ၊ လက်နှိပ်စက်နှင့် ကွန်ပျူတာ အော်ပရေတာများ ဤဆေးကို မှန်မှန် စားသုံးသွားပါက ဆီး၊ ဝမ်း၊ လေမှန်ကန်ပြီး ကျန်းမာရေးနှင့်ညီညွတ်ကာ ကိုယ်လက်ပေါ့ပါး သွက်လက်စေပါသည်။

### သမားအို နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် ၀၃၁၁ YR ၀၀၃၀၆၂]*

မြန်မာ့နန်းတွင်းသမားတော်ကြီးများ အသုံးပြုခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်သည်။ **နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ နှလုံးကျပ်ခြင်း၊ နှလုံးခုန်လွန်းခြင်း၊ မောပန်းခြင်း၊နှလုံးအားနည်းခြင်း၊ နှလုံးရောင်ခြင်းနှင့် နှလုံးရောဂါအမျိုးမျိုး**တို့ကို သက်သာပျောက်ကင်းစေပြီး စိတ်ဓာတ်ကို ကြည်လင် လန်းဆန်း၍ ဉာဏ်ရည်ထက်မြက်စေသော "**သတ္တဂုဏ်**"နှင့် ပြည့်စုံသော ဆေးကောင်းတစ်လက် ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းသူကျောင်းသားများနှင့် ရဟန်းသံဃာ အရှင်မြတ်များ စာမေးပွဲနီးသော အခါ၌ လည်းကောင်း၊ ပရိယတ္တိ,ပဋိပတ္တိ ဝန်ဆောင်ရာ၌ လည်းကောင်း အစဉ်အလာအားဖြင့် အောင်မြင်စွာ သုံးစွဲခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

**ဆေးသုံးစွဲသူ ဝေဒနာရှင်များအနေဖြင့် ဆရာ ဦးသန်းဇော် (တဆ-၀၂၉၁၇) ဖုန်း-၀၉-၄၉၂၆၄၄၀၃ သို့ ဆွေးနွေး တိုင်ပင်နိုင်ပါသည်။**

**သမားအိုဆေးတိုက်**

အမှတ်(၄၇)၊ (၁၁၈)လမ်း၊ မင်္ဂလာဈေးအနီး၊

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၂၉၀၆၁၀ အမြို့မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။




www.burmeseclassic.com

www.burmeseclassic.com

တဘောင်ထဲက ဖြစ်ပေါ်လာသည့် မြိတ်မြို့

# စုံလေးစုံစေတီ (၁)

ရွှေမိုး (မြိတ်)



▲ ပထမတည့် ဖုန်းစုံ (ချောင်းရွာ) စေတီတော်(၁၃၀၂)

မြိတ်မြို့တွင် သက်တမ်း(၇၀)ကျော် ကျင်ရှိသူတိုင်း မသိသူ မရှိသလို သူလည်း များပေသည်။ ထို့အပြင် နေ့သမိုင်းသုတေသီများ၊ စာပေ ရှင်များလည်း လေ့လာစူးစမ်း လျှင် ဂန္ဓာရီပုဂ္ဂိုလ်များနှင့် သမထ ခိုင်များကို အားထုတ်သည့် အထူး များမှာ "စုံလေးစုံ"အမည်ရှိ တီများဖြစ်သည်။ ထိုစေတီများ

နုံစေတီ(စန္ဒဝတ်ကျေးရွာ)
စုံစေတီ(ဘုတ်ချောင်းကျေးရွာ)
ယ်စုံစေတီ(ရှမ်းချောင်းကျေးရွာ)
ဘိုစုံစေတီ(ကလွင်ကျေးရွာ)

စွမ်းပြီး မထင်မရှား မကျော် တည်ရှိပေသည်။

စုံလေးစုံစေတီများကို မြိတ်မြို့ လူသိများစေရန် ယခုအချိန် ဖော်ထုတ်ခဲ့သူမှာ မြိတ်မြို့မှ ညာရှင် မောင်ပြေချမ်း(မြိတ်)နှင့် ဂိုလ် ကိုလတ်တို့ကို ညွှန်းဆိုပြရ


ထိုစုံလေးစုံစေတီများကို စေရန် ဦးစွာ ရှေ့ပြေး င် စနည်းအရ စုံလေးစုံစေတီ ဆိ ကာလဖြစ်သော ၁၂၉၁ တန်ဆောင်မုန်းလအတွင်း မိမိ မြိတ်မြို့၊ ဈေးတန်းရပ်ရှိ မြန်မာ စာပုံနှိပ်တိုက်မှ ထုတ်ဝေခဲ့သော "တနင်္သာရီ မြိတ်ရာဇဝင်တော်ကြီး" ပထမ ာမျက်နှာ(၇၉)၊ အခန်း(၂၉)ပါ "မြိတ်မြို့ ဖြစ်ပျက်မည့်အကြောင်း" သိုက်စာကို ရှာဖွေ ပြုစုရေးသားခဲ့သူ "ဆရာဦးကြီးစိန်"က ဤအကြောင်း အရာသည် မြတ်စွာဘုရားရှင် ထားခဲ့ တော်မူသော ဗျာဒိတ်တော်နှင့်အညီ ဝိဇ္ဇာဓိုရ်ရေးသားသော စာကို သမားဖျူ၊ သမားညို ရှစ်ယောက်တို့က အနာဂတ် ကို မျှော်ကိုး၍ ဟောကြားထားကြောင်း ပြဆိုထားသဖြင့် (မူရင်းအတိုင်း) ဖော်ပြ လိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com





◆ ပန်းနုံစေတီမြောက်ဘက်မုခ် ဒုတိယပစ္စယံအတွင်းမှ
အပူဇော်ခံ ရုပ်ပွားတော်



◆ စုံလေးစုံတည် ဆေးတော်ပါ ဆရာတော်
ဦးသုရိယ အထိမ်းအမှတ် ပုံတူရုပ်တုနှင့်
လှမ်းစေတီ

ပန်းနုံစေတီ၏ ဂူနှစ်ထောင်
တောရကျောင်း၏ ပဓာနနာယက
ဆရာတော် ဦးတေဇာဝိမလ ◆

◆ တနင်္သာရီတိုင်းဆေးကြီး
မြို့ရှာစင်တော်ကြီးအား
မြို့ရှာရာသနာနှင့် ဆရာဦးကြီးမိန်



## စုံလေးစုံ၏ ရှေ့ပြေးနိမိတ် သိုက်စာ

မြစ်ကြီးကွယ်၍ မြစ်ငယ် ထင်ရှားမည်။ ရာကြီးကွယ်၍ ရာငယ် ထင်ရှားမည်။ ခေါင်းပေါင်းကြီးနှင့် ကြေးထီးရောက်မှ မြို့သာယာမည်။ အရှေ့မြောက်ထောင့် မာတော်ရောင်ဝါးဆုတည်လိမ့်မည်။ မြို့လည်ပေါက်၍ ခြေဆင်းလိမ့်မည်။ ခြေဆင်း၍ပြီး ပြည်မထီးအုံ။ မြို့သူမြို့သား ကျွတ်ကျွတ်ဆူ နောင်မှ အလွန်ငြိမ်းလိမ့်မည်။ ခြေထောက် အလွန်များလိမ့်မည်။ တရုတ်ကုလား များလိမ့်မည်။ မြို့သား တောမှာ ခိုလိမ့်မည်။

ပထက်တောင်ထိပ် ဂျူန်နား ကမ်းပါး အတောင် ထွက်လိမ့်မည်။ ပထော်တောင်မှာ နဂါးမြီးထောင်မှ သိရလိမ့်မည်။ ကာလွင်ခရီး ရေပုံးကြီး စျေးကြီးတည်ခါ အိမ်ရာတစ်ခု ရွှေတစ်ကြက်ဥ အဖိုးတန်လိမ့်မည်။ "စုံလေးပါးမှ ဘုရားလည်းတည် မြို့လည်းတည် ရုံးကြီးရုံးငယ် ဆောက်လိမ့်မည်"။

ထန်းပန္နဲချောင်း၊ ကွမ်းသီးချောင်း လှော်လောင်းသဗ္ဗာန် များလိမ့်မည်။ ကျောက်ဖျာ မြို့ကောင်း သဘောကြောင်း မြို့ဟောင်းတောင်လို စည်လိမ့်မည်။ ကာလွင်မော်အောက် ကုန်းကြောင်းသွားလိမ့်မည်။ ကျောက်တံတားအောက် သောင်ကြီးရောက်ခါ ကမ်းပါး



www.burmeseclassic.com

www.burmeseclassic.com





◄ ဖန်းစုံစေတီအနီးမှ မြင်ကွင်းရှုခင်းတစ်ခု

ဘုရားကြီးကျောင်းတိုက် ဆရာတော် ဦးကုမာရ၏ ရွှေတိဂုံစေတီငယ်(၁၃၄၂) ►

တစ်လျောက် တဲအိမ်ဆောက် ရောက်ပေါက် လူသူ များလိမ့်မည်။ တစ်ယောက်တစ်ဖက် ဖြစ်လိမ့်မည်။ ပထော်ပထက် အတောင် ထွက်လတ္တံ့။ ခယ်တောင်တောင်ကြီး မြို့ကြီး တည်လတ္တံ့။ မြို့မြေဆင်းလတ္တံ့။ ကလွင်ခရီး ရေပုံးကြီး စျေးကြီးတည်လတ္တံ့။ စုံလေးစုံ ဘုံပေါက်လတ္တံ့ဟု ဖော်ပြထားရှိပေသည်။

## စုံလေးစုံ မော်ကွန်းကျောက်စာ

ဖော်ပြပါ တဘောင်သိုက်စာအပြင် **စုံလေးစုံဘုရားတည် မော်ကွန်းစာ** မှုကြောင်းကို သုတေသီ စာပေရှင် တစ်ဦးဖြစ်သော"**ရွှေမြိတ်ခေါင်းနီ**"က ၂၀၀၂ ခုနှစ်ထုတ် ကန်ဖျားရပ် မဂ္ဂဇင်း တည် ဗုဒ္ဓသာသနာ့ရိပ်သာ နှစ်(၅၀) ပြည့်အထိမ်းအမှတ် စာစောင်တွင် အောက်ပါအတိုင်း ရှာဖွေဖော်ပြထား သည်ကို တွေ့ရပြန်ပါသည်။

"ရွှေစီပါ မြည်သာရွာဟု ရွာနတ်ခွင် ဆောင်သာမှာ၊ မြို့နှင်၊ မွှေးမှုန်၊ ကုန်း ကျော်တောင်များ "စုံလေးပါ"ဟု တံခါး သာထင် သော့လေးချက်ကို မိန့်ထွက် သော၊ ထောင်နားများလေ၊ ရှုလေး ဘု ရာမှုံထင်၊ သင်မင်ဦးခေါင်း၊ ရွှေ ဆောင်သို့၊ တကောင်းရာဇာ၊ နားရာ ကာ မြင်မောက်တက်ပြီး ဆက်လက် စုံလား၊ ဘုမဟာတွင် ပမာဆို နား စုံမလာသည်၊ အများသောအား ဒိုမဲပြောရှင် မိန့်ပော သာသာ မှတ်သားပေါ။

စုံတစ်စုံကား တောမှာထား မှတ်သား "ပလပ်စုံ" သတ်မှတ်၏။

စုံတစ်စုံကား ရေမှာထား မှတ်သား "မထိစုံ" ရှိခဲ့တုံ၏။

စုံတစ်စုံနော်၊ သေလာပေါ် တောင်တော် ထွတ်ဖျား "ဖန်းစုံ"ထား၏။

စုံတစ်စုံတွင် ကုန်းမှာတင်၊ လူရှင်တပ်အပ် "ဗုဒ်စုံ"မှတ်၏။

ကုန်းကြီးတစ်ခု မရှုကိုမြင်၍၊ မိုးပ်စု မြို့၊ မင်းမိုင်းတွင်၊ ရှာန်ပုံရှုသော၊ "ပလပ်" တွေ့၏။ ရှေ့ကိုဆက်သွား "ဖန်းစုံ" အားတွင်၊ နတ်များထင်ထင် ကိုယ်တိုင် မြင်၏။ အရှင်"မထိစုံ"မှတ်၏ကား မှီ သိကြား စောင့်နေ၍ငြား၏။

မှတ်သား"ဗုဒ်စုံ"၊ ကုန်းမြတ်ထုံတွင် ငှက်ကိုစောင့်ခြင်း မြတ်သောမင်းတို့၊ အခင်း(ရန်)ကုန်း ရောက်ကြကုန်မည်။ ခေါ်တုံ"ပ၊ ထ၊ ဓ၊ မ"လေးလုံးရ၍ ဗုဒ္ဓ သာသနာ၊ မယ်မာသာတွင် မွှားလျှင် သာကောင်း၊ ကြီးစေကြောင်းမို့၊ အဝေး သူပါ ထက်ထက်သိတွင် ကျောင်းပိရ၊ ပြေ၊ ဘုံကိုသပေတော့၊ ရှုန်မလှုယ် တွေ့ဆောင်ရွယ်မှု၊ နောင်လာနောင် သား၊ ချမ်းသာများစို့၊ ကြားဥာတ်

ထားတော်ခွန်သည်၊ မြတ်မှုန်"လေးစုံ" ကာရွည်တည်(၄) မော်ကွန်းတည်။"

ဟု ဖော်ပြပါရှိလေသည်။

## ဆေးဝက်ပါဆရာတော်၏ အဓိဋ္ဌာန် မြိတ်ခရီးမှ စုံလေးစုံ တည်ဆောက်ပုံ


ဤကဲ့သို့ ရှေ့ပြေးနိမိတ်များ ဖြစ်သော တဘောင်သိုက်စာ၊ မော်ကွန်းစာ တို့နှင့်အညီ **စုံလေးစုံ စေတီလေးဆူ** ပေါ်ထွန်းစေရန် အကြောင်းဆိုင်လာ သည်ကား ကောဇာသက္ကရာဇ် ၁၃၁၁ ခုနှစ်၊ ခရစ်နှစ် ၁၉၄၉ ခုနှစ် မြန်မာ နိုင်ငံ လွတ်လပ်ရေးရပြီးသည်နှင့် **ဆေးဝက်ပါဆရာတော် ဦးသူရိယ** သည် ပဋ္ဌာန်းဆက်ရှိရာ အတိတ်ဘဝ မှ မိမိရောက်ရှိ တရားအားထုတ်ခဲ့ဖူး သော နေရာကို ရှာဖွေ၍ ဘုရားတည် ရန် ရည်ရွယ်ကာ မြိတ်မြို့သို့ ကြွရောက် တော်မူလာသည်။


ဤသို့ဖြင့် ဆရာတော် ဦးသူရိယ သည် မြိတ်မြို့၊ တပ်ပြင်ရပ် ဘုရားကြီး



www.burmeseclassic.com

www.burmeseclassic.com





◆ သာဓုခေါ်ရွှေခန်းမျှား ပြောလျှသင်စား ပေါ်နေသည့် ရွှေတိဂုံစေတီသယ်အတွင်းမှ ကျောက်တုံးနှင့် အရိုးခြံ

◆ စုံလယ်ဖုံဘုရားတည် ဆောက်ပါ ဆရာတော်ဦးသုရိယ(ဗဒ္ဒ)
ရွှေတိဂုံစေတီသယ် အထင်ကလပ်တော်း တစ်နေရာရှိ ကော်ရီးသောဘောင်း
ကျောက်ဆုံတွင်းနှင့် ထောသောင်းတော် ◆



ကျောင်းတိုက် ဆရာတော် ဦးဂန္ဓမာနှင့်အတူ အချိန်ယူ၍ ရှာဖွေရာမှ ပထမ ဦးစွာ မြိတ်မြို့မှ (၆)မိုင်ခန့် ဝေးကွာသော **စန္ဒဝတ်ကျေးရွာအနီးရှိ တောင်ထွတ်တစ်ခုပေါ်မှ ခြေရာသဏ္ဌာန် ပေါ်ထွန်းနေသည့် ကျောက်တုံးတစ်တုံးကို တွေ့ရှိရာမှ ယင်းခြေရာအပေါ် နင်းကြည့်ရာ တစ်ထပ်တည်း တူညီနေသဖြင့် ဝမ်းသာပီတိဖြစ်ကာ "ငါ၏ ခြေရာ တွေ့ပြီ"**ဟု ကြွေးကြော်လျက် ထို ကျောက်တုံးအနီးတွင် စေတီတော် တစ်ဆူကို တည်လေသည်။

## ပန်းရုံစေတီ

ပန်းရုံစေတီရှိရာသို့ စန္ဒာကျေးရွာအနီး ကားလမ်းမကြီး၏ လက်ယာဘက်ရှိ ကုန်းမြင့်သာယာဟု အမည်ပေးထား သည့်လမ်းအတိုင်း ဝင်ရောက်၍ တပ်မတော်တပ်ရင်းတစ်ခု၏ အဝင် ဂိတ်ကို ဖြတ်ကျော်လျက် (၃)မိုင်ခန့် ရောက်လျှင် အမြင့်ပေ(၁၀၀၀)ကျော် ခန့်ရှိ **ရွှေနတ်တောင် ခြေရင်းသို့** ရောက်ရှိပြီး တောင်ပေါ် လမ်းကြမ်း အတိုင်း တက်ရောက်ရ လေသည်။ ယခင်က ထိုနေရာသည် လူသူ



www.burmeseclassic.com

www.burmeseclassic.com



◆ ဖန်ခုံအဝင်အဝိမှ ဒေဝါတောင်နတ်ကြွရာ ဗိမာန်ငယ်

◆ ရွှေနတ်တောင်၏ တောင်စောင့်နတ်သမီး နဂါးမယ်တော်ရုပ်တု(ဖန်ခုံ)



ကင်းမဲ့သော တောကြီး မျက်မည်း သားရဲ တိရစ္ဆာန် ပေါ်များသည့် နေရာဟု ဆိုပါသည်။

"ဒေဝါတောင်" (ဝါ) "ရွှေနတ်တောင်"ထိပ် အဝင်ဝသို့ ရောက်လျှင် တောစပ်အနီး ကျောက် တုံးကြီး တစ်ခုပေါ်တွင် အရှေ့ဘက်သို့ ဦးတည်၍ အနောက်ဘက်သို့ ခေါင်း လှည့် မာန်ဖီ နေဟန် ကျားမင်းရုပ်တုကို တွေ့ မြင်ရပြီး ယင်းနှင့် မနီး မဝေးတွင် ပေ(၃)ကေ ခန့်ရှိ ကျယ်ဝန်းသည့် တောင်ထိပ်တွင် **ဖန်ခုံ တောရကျောင်း**ကို တွေ့ ရှိရပြီး ရန်ကုန်တိုင်း ဒေသကြီး၊ အင်းစိန် မြို့နယ်ဘက်မှလာရောက် သီတင်းသုံးနေသောသက် **တော် (၃၃)နှစ်၊ ဝါတော် (၁၃)ဝါရှိ ဆရာတော် ဦးဇောတိပါလ**ကို ဝင် ရောက်ဖူးတွေ့ရပေသည်။

စာရေးသူ၏ ပန်ကြား ချက်အရ ဆရာတော် သည် ပထမဦးစွာ **ဆေးဝက်ပါ ဆရာတော် ဦးသူရိယ** အဓိဋ္ဌာန်ကျရာ ခြေရာတော် ရှိသည့် ကျောက်တုံးရှိရာ ဗိမာန် အား ပြသပါသည်။

အမြင့်(၃)ပေခန့် လုံး ပတ်(၆)ပေခန့် အလျား (၅)ပေခန့်ရှိ ကျောက်တုံး ပေါ်တွင် အလျား(၈)လက်မ

◆ ပထမဦးစွာ ဖန်ခုံသော် တွေ့ရှိ ဆရာတော် ဦးသူရိယ၏ ခြေရာနှင့် တစ်ထပ်တည်း တွေ့ရသော ဒေဝါတောင် နတ်ကြွရာကျောက်တုံးထိပ်မှ ခြေတော်ရာ

◆ ဖန်ခုံအဝင်အဝိမှ သူရဿတီမယ်တော် ရုပ်တု







www.burmeseclassic.com

www.burmeseclassic.com



ဖန်းစုံစေတီအနီးမှ
တောင်ပိုင် ခါးတိုရုပ်တု



ဖန်းစုံစေတီ အရှေ့ဘက်မှ
သိကြားမင်းနှင့် ကြက်မင်းရုပ်တု



ဖန်းစုံစေတီအနီးမှ နတ်တောင်သည်
ဆိုသည့် အသင်းအမှတ်နတ်ရုပ်တု

ကျောခန့် အနက်(၅)လက်မခန့်ရှိ တောင်ဘက်သို့ ဦးတည်နှင်းထားသော လူတစ်ဦး၏ ခြေရာသဏ္ဌာန်ကို တွေ့မြင်ရပြီး အဆောင်ဗိမာန်တွင် "ဒေဝါတောင်နတ်"ခြေရာဟု စာတန်း ရေးထိုးထားပေသည်။

ဆရာတော် ဦးသူရိယသည် ဤခြေရာကျောက်တုံးမှ ပေ(၂၀)ခန့်အကွာ တောင်အလယ်ဗဟို အမှီပြု၍ ၁၃၁၂ ခုနှစ်၊ တပေါင်းလဆန်း(၆)ရက် အင်္ဂါနေ့တွင် ဉာဏ်တော်အမြင့်(၁၈)တောင်ခန့်ရှိပြီး မြောက်ဘက်သို့ ပထမပစ္စယံတွင် မုခ်ဦးတစ်ခု ပြုလုပ်ပြီး အပူဇော်ခံ ရုပ်ပွားတော်ငယ်တစ်ဆူကို ပူဇော်လျက် ခေါင်းလောင်းတော်၌ "**ဖန်းစုံ**"ဟူသော ဘွဲ့အမည်နှင့်အတူ ဘုရားတည် သက္ကရာဇ်ကို ရေးထိုးထားပြီး ထိုစေတီအား နတ်ဒေဝါ စောင့်ကြပ်သည်ဟု အဆိုပြုကာ စေတီအနီး တောင်ဘက်တွင် နတ်ရုပ်တုကို ထုလုပ်ထားရှိသည်ကို တွေ့ရှိရပေသည်။

လက်ရှိဆရာတော် ဦးဇောတိပါလ၏ ထူးခြားသည့် မိန့်ကြားချက်မှာ ဒေဝါတောင်ခေါ် ရွှေနတ်တောင်သည် နတ်တို့၏ သားရဲတိရစ္ဆာန် ပေါများကြီးစိုး စောင့်ကြပ်သည်မှာ အထင်အရှားဖြစ်ကြောင်း ၂၀၀၃ ခုနှစ်၊ ဩဂုတ်လတွင် တောင်ခြေရင်းရှိ ရွာများမှ ကလေးငယ်များသည် တက်ရောက်လာပြီး ရုပ်တုရုပ်လုံးများအား မထိမဲ့မြင် ဆော့လှောင် နောက်ပြောင်၍အပြီး မကြာမီရက်ပိုင်းတွင် ဖန်းစုံစေတီတော်၏ တောင်ဘက်တွင်ရှိသော နဂါးမယ်တော်ရုပ်တုအနီးတွင် ကြီးမားသော မြွေကြီးတစ်ကောင် ရောက်ရှိလာသည်ကို လူအတော်များများ တွေ့မြင်ခဲ့ရပြီး ဆရာတော်မှ မေတ္တာတရား ဝေငှချီးမြှင့် မိန့်ကြားမှ ထွက်ခွာသွားခဲ့ကြောင်း မိန့်ဆိုပြောကြားပေသည်။

ဆရာတော်ဦးဂန္ဓမာ တည်ထားသည့် ရွှေတိဂုံလေးစေတီအနီးရှိ **ဇော်ဂျီ ဆေးထောင်းသည့် ကျောက်တုံးကို ပြသပြန်ရာ ထိုကျောက်တုံးမှာ အမြင့်(၅)ပေခန့် လုံးပတ်မှာ ခန့်မှန်း၍ မရအောင် မြေသားထဲ နစ်ဝင်နေပြီး ချုံနွယ်ပိတ်ပေါင်းများ ဖုံးလွှမ်းနေသော်လည်း မြေပြင်မှ(၂)ပေခန့်အကွာ ကျောက်လုံးကြီး၏ နံဘေးတွင် တွင်းပုံသဏ္ဌာန် အဝအကျယ် (၉)လက်မခန့်၊ အနက်(၁၀)လက်မခန့်ရှိ ကျောက်တွင်းငယ်တစ်ခုရှိပြီး ဆေးထောင်းတံဟု ဆိုသော လုံးပတ်(၅)လက်မခန့်၊ အလျား(၁၀)လက်မခန့်ရှိ ကျောက်ထောင်းတံကိုပါ မြင်တွေ့ရလေသည်။**

ရွှေလ ဆက်ဖတ်ပါရန်

ရွှေဦး (မြိတ်)



www.burmeseclassic.com

www.burmeseclassic.com

# သူ ဘယ်လိုလူစားလဲ




ကြည့်ပါ။

○ **ကာမလမ်းကြောင်း ပါတယ်။ (၁)**

ကာမဂုဏ်အာရုံ လိုက်စားချင်တဲ့ စိတ်ကို ပြတယ်။

○ **ကြာသပတေးဖြိုဟ်ခုံ အားနည်းကြောင်း တွေ့ရတယ်။ (၂)**

ဂုဏ်သိက္ခာကို အလေးမထားတတ်တဲ့ ဉာဉ်စရိုက်ကို ပြပါတယ်။

○ **သောကြာခါးပတ် အပြတ်ကို တွေ့ရတယ်။ (၃)**

စိတ်ခံစားမှု မြန်တဲ့သဘောပါပဲ။

စိတ်ရဲ့
အပြောင်း
အလဲမြန်မှုကို
ပြပါတယ်။

ကဲ ဒါတွေကြည့်ရင်...
သူ ဘယ်လိုလူစားလဲဆိုတာ
သိနိုင်လောက်ပါပြီ။

***အေးပါစေ၊ အောင်ပါစေ။***


သန်းပညာ



www.burmeseclassic.com

www.burmeseclassic.com


# ကျန်းမာပါဝေဆေးတိုက်မှမြန်မာ့ဆေးဝွပ်းကောင်းများ ထုတ်လုပ်ဖြန့်ချိလျက်ရှိပါသည်။





www.burmeseclassic.com

www.burmeseclassic.com



◆ ပုံဟန်ပုံ့ပုံ့နှင့် စေတီလေးဆူတန်း

ဘုန်းကျော်စွာ
(မြို့ငတက္ကသိုလ်)

# မြင်းမထိ ရိုက်ရှုတွင်းမှ

## စေတီရုပ်ပွားများနှင့် ထူးခြားကျောက်ရုပ်များ (၃)

### ယခင်လမှ အဆက်

မှီသလဒ္ဓ ပစ္စည်းဥစ္စာများ တည့်တံ့
ရေးအတွက် ဦးခေါင်းနှင့် ထိစပ်
ကောင်းလေ့ ရှိကြသည်။ ပရိသတ်
သော အချိန်ကာလများတွင် ဆု
င်းသူ များပြားသဖြင့် ဤနေရာ
သမ်းပိတ်ဆို့လျက် အချိန်ကြာ
ကျော်ဖြတ်ရသည်ကို
ကြုံဖူးလေသည်။

### ကျောက်ခရု

ခရုကြီးသဖွယ် နံရံတွင်
ဖြစ်တည်နေသည်။

### ကျောက်စိန်ကလပ်

စိန်ကလပ်ပမာအရောင် တဖိတ်ဖိတ် တောက်နေသော ကျောက်ကပ် ဖြစ်သည်။ မီးရောင်မှိန်မှိန်တွင် ပို၍ အရောင် တောက်ပသော်လည်း ပုံရိပ် မပီမြင်သဖြင့် အလင်းဖွင့် ရိုက်ကူးထား ပါသည်။

### အောင်မြေ

မြင်းမထိအောင်မြေကို အဝိုင်းပုံ ကျောက်ပြားခင်းထားသည်။ ရှေးစော်ဘွား နယ်စားတို့ စစ်ချီစစ်ထွက်ရာတွင် နိမိတ်ကောင်းယူ အောင်မြင်နင်းကာ ဆုတောင်းကြသော နေရာဖြစ်သည်ဆို၏။

လောကီလောကုတ္တရာ လိုရာ မျက်နှာစာအတွက် အောင်မြင် ထွန်းပေါက်ရေးကို အဓိဋ္ဌာန်ပြု ဆုတောင်း နိုင်ကြလေသည်။

### အထွက်လမ်းဝတွင်


ထိုမှ ရှေ့ဆက်ပါက ဥမင်လမ်းသည် ပြန်လည် မြင့်တက်ကာ လက်ဝဲဘက်သို့ သိသာစွာ ကွေ့ဝိုက်သွားသည်။ နှစ်ကျိပ်ရှစ်ဆူဘုရားသို့ မရောက်မီ တောင်နံရံမြင့်ထက်၌ စေတီလေးဆူတန်းတည်ရှိသည်။

ပုံဟန်တော်ပုံ့ပုံ့၌ ထူးခြားသော



www.burmeseclassic.com

www.burmeseclassic.com



◆ နှစ်ကျိပ်ရှစ်ဆူဘုရား

◆ ဥမင်အတွက်လှမ်းဖောက်ထားသောခန်းမ





www.burmeseclassic.com

www.burmeseclassic.com

ပူဇော်မှုဖြစ်ရာ မှတ်တမ်းပြု တင်ပြလိုက်ပါသည်။


နှစ်ကျိပ်ရှစ်ဆူဘုရားမှာ တင်ပျဉ်ခွေရုပ်ပွားတော်(၂၈)ဆူနှင့် အလယ်၌ မြေစိုက်စေတီတစ်ဆူ ပူဇော်ထားသည်။ ရုပ်ပွားတော်များမှာ ပုံဟန်အရွယ်အစား အသွယ်သွယ်ဖြင့် စံပယ်တော်မူကြလေသည်။

ဂေါတမ မြတ်စွာဘုရားလောင်း သုမေဓာရှင်ရသေ့ဘဝ နိယတဗျာဒိတ်ခံယူခဲ့သည့် ဒီပင်္ကရာမြတ်စွာဘုရားမှ အစပြုကာ ဂေါတမမြတ်စွာ လက်ထက်တော်တိုင် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတွင် ပွင့်ထွန်းခဲ့သမျှ ဘုရားရှင် (၂၈)ဆူကို ရည်မှန်း ပူဇော်ထားခြင်းဖြစ်ပေသည်။

ထို့နောက် အထွက်လမ်းဝ ဥမင်ခန်းသို့ ရောက်ရှိသည်။ ထိုခန်းမတွင် မြေစိုက်စေတီတစ်ဆူနှင့် တင်ပျဉ်ခွေရုပ်ပွားတော်များ ပူဇော်ထားရာ "**ဆေးတော်ပေးဘုရား**"ဟု ကမ္ပည်းတင်ထားသည့် ရုပ်ပွားတော်ကို မှတ်တမ်းပြု ပူဇော်တင်ပြလိုက်ပါသည်။

တင်ပျဉ်ခွေ ပေါင်ခွင်ထက် ကားထား လက်ဝဲလက်ပေါ်တွင် ...တော်ရှိ၍ လက်ယာလက်တော် ...သို့(ဖူးမြော်သူဘက်သို့) လှန်ချ လက်သီးနှင့် လက်မကြားတွင် ...စေ့ကို ကိုင်ထားသည်။ ...ဂုရု မြတ်စွာဘုရားဟုလည်း ...ကြသည်။

...မာရေးအတွက်သော် လည်း...ကောင်း ဆေးဝါး အတတ်ပညာ ...ရာတွင် လည်းကောင်း တိုင် ...ပူဇော်ကြသော မုဒြာဟန် ရုပ်ပွား ...ဖြစ်ပေသည်။



▲ ဆေးတော်ပေးဘုရား

## လိုဏ်ဂူနောက်ခံဖြစ်စဉ်


လိုဏ်ဂူအထွက်လမ်းမှ ပြန်ထွက်လာပြီးနောက်တွင် ပထမဆုံး ရောက်ဖူးခြင်းဖြစ်သော သားဖြစ်သူက တောင်ခါးပန်းထက်ရှိ စေတီပုထိုးများကို တက်ရောက်ဖူးမြော်စဉ် သစ်ပင်ရိပ်အောက် ခုံတန်း၌ ခေတ္တနားနေခဲ့သည်။

ထိုစဉ် ခရီးကြုံ၍ ဝင်ဖူးဟန်တူသော ဒေသခံအဘိုးဘိုတစ်ဦးအား လိုဏ်ဂူ၏ နောက်ခံဖြစ်စဉ်ကို မေးမြန်းကြည့်သည်။

'အဘက ဒီ"**တောင်ကြီးခြေ**" ရွာကပါ။ မြင်းမထိတောင်ခြေမှာရှိလို့ တောင်ကြီးခြေလို့ ခေါ်ပါတယ်။ ဂူသမိုင်းကတော့ အစဉ်အဆက် ပြောကြတဲ့ ပါးစပ်ရာဇဝင်ပဲရှိပါတယ်။ ဒဏ္ဍာရီဆန်တော့ တစ်မျိုးဖြစ်နေမလားပဲ။

ပင်းတယနယ်က ကုံလုံဆရာတော်

www.burmeseclassic.com



ဓမ္မာရုံတွင်းမှ ရုပ်ပွားတော်များ

မွမ်းမံခဲ့တဲ့ ရွှေဘုန်းပွင့်စေတီ အနောက်တောင်ထောင့်ယွန်းယွန်းမှာ **ရှမ်းပြည်နယ် ပုပ္ပါးတောင်ဆိုတာ** ကျွန်စစ်သားက စိတ်ဆိုးပြီး စီးတော်မြင်းရဲ့ပါးကို ပုတ်လိုက်ရာက ပါးပုတ်၊ ပုပ္ပါးလို့တွင်သတဲ့။ ဒီနေရာကလဲ ဆင်တူပါတယ်။

ကျွန်စစ်သား မင်းဘေးက လွတ်ဖို့ ဒီဥမင်တွေထဲ ခိုအောင်းနေထိုင်ပြီး အရေးသာလို့ ပြည်တော်ပြန်တဲ့အခါ စီးတော်မြင်းက ဂူရှေ့မြေပြင်ကနေ အနောက်ဘက်ကို လွှားခိုလိုက်တာ အနီးဆုံး ကာဆီးနေတဲ့ တောင်ကြီးကို တောင်မထိဘဲ လွတ်သွားသတဲ့။ ဒါ့ကြောင့် မြင်းမထိတောင်၊ ဂူကိုလဲ မြင်းမထိဂူ ခေါ်ကြတယ် ဆိုပါတယ်။

ဤသည်မှာ ဒေသခံတို့ ပြောစမှတ်တွင်သော ပါးစပ်ရာဇဝင် ဖြစ်လေသည်။

## ဓမ္မာရုံကြီး

ထို့နောက်တွင် အောင်ပန်းသို့ ပြန်ရန် ဓမ္မာရုံကြီးအတွင်းဝင်ကာ ရုပ်ပွားတော်များကို နှုတ်ဆက်ဂါရဝပြုသည်။

ဓမ္မာရုံအတွင်း၌ ဉာဏ်တော်စုံလင်သော ရုပ်ပွားတော်များစွာ ဖူးတွေ့ရသည်။ မတ်ရုပ်တော်များ ပါဝင်သော်လည်း တင်ပျဉ်ခွေရုပ်ပွားတော်က အများစု ဖြစ်သည်။

ဘူမိဖဿမုဒြာဖြင့် စံပယ်တော်မူကြရာ ယင်းတယ မြေလတ်ဒေသဓလေ့အတိုင်း လက်ယာလက်တော်က မြေကြီး (စမ္ဗခဏ်)ကို ထိထားခြင်းမရှိဘဲ ကြား၌ ဆင်ရုပ်ကလေးများ ခံထားသည့် **ဆင်လက်ထိ ဘုရားများ** ဖြစ်သည်။ ပုဂံအင်းဝခေတ် ပုံသဏ္ဌာန် လက်ရာအတိုင်း ထုဆစ်ပူဇော်ထားသည်။


ဓမ္မာရုံအနီးတွင် ကျောက်စာကမ္ပည်းတစ်ချပ် တွေ့ရှိဖတ်ရှုကြည့်ရာ "**ဂန္ဓကုဋီမဂ္ဂင်ဓမ္မာရုံ**"ဟု ခေါ်တွင်၍ (၂-၁-၂၀၀၇)နေ့တွင် ပန္နက်တင် အုတ်မြစ်ချ၍ (၃-၄-၂၀၁၃)နေ့တွင် ရွှေထီးတင် ပူဇော်ပြီးကြောင်း ရေးထိုးထားသည်။

ထူးခြားသည်ကား အခြားသော ကျောက်စာကမ္ပည်းများနှင့် အတူ မ,တည်လှူဒါန်းသူ၏ ဆွေစဉ်မျိုးဆက် ဇယားများ မပါဝင်ဘဲ ဘုရားဖူးပရိသတ် အများကောင်းမှု ငွေကျပ်သိန်း(၃၁၀) သိန်းသုံးထောင် ကုန်ကျခဲ့သည်ဟု ဖော်ပြထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



◆ ဦးဇင်းအရှိမှ ဂန္ဓကုဋီမဏ္ဍပ်ဆွမ်းစားရုံကြီး

## အထူးပြု ဆုပန်ယူနိုင်သည့် မြင်းမထိလိုဏ်ဂူ

မြင်းမထိလိုဏ်ဂူသည် မြတ်စွာဘုရားရှင်ကိုယ်စား ရုပ်တုရုပ်ပွားစေတီများစွာ ကိန်းအောင်း စံပယ်တော်မူသော လိုဏ်ဂူဖြစ်သည့်အပြင် ထူးခြားသော ပုံစံများ ဖြစ်တည်နေသည့် ကျောက်တုံး ကျောက်စိုင်များကလည်း မြင်ရသူတို့အတွက် အထူးကြည်နူး ရွှင်လန်းစေပါသည်။

ဤလိုဏ်ဂူတွင်းသို့ ဝင်ရောက်လေ့လာ ကြည်ညိုကာ ဒါန,သီလ, ဘာဝနာကုသိုလ်များ ပွားများ ရယူနိုင်သကဲ့သို့ ခရီးသွားလာခြင်းအတွက်လည်း ရည်မှန်းလှူဒါန်း ကုသိုလ်ပြုနိုင်သည်။

**"မြင်းမထိ"** ဟူသော ပညတ်အရ **ကြာသပတေး+ ကြာသပတေး+ စနေ** ဖြစ်လေရာ ဂြိုဟ်သက်ပေါင်းပါက **၁၉+ ၁၉+၁၀=၄၈** ရှိသည်။ သောကြာဂြိုဟ်သက်(၂၁)ထပ်ပေါင်းလျှင် **(၆၉)**ရ၏။ (၇)စားလျှင် **လဒ်(၉)ကြွင်း (၆)**ဖြစ်သည်။

သောကြာ ဖြစ်နေသောကြောင့် နံပေါ်ဓာတ်ရကိန်းဆိုက်၏။ ထို့ကြောင့် သောကြာ ပရိယာယ်ဖြစ်သည့် ခရီးသွားလာမှု အဆင်ပြေ ချောမွေ့စေရေးကို အထူးပြု ဆုပန်နိုင်ခြင်း ဖြစ်လေသည်။

အလားတူပင် သောကြာဂြိုဟ်၏ အခြားပရိယာယ်များဖြစ်ကြသော ဇနီးမယား၊ သွေးချင်းသားချင်း၊ သစ်သီးဝလံ၊ အတောင်ပေါက်သတ္တဝါ၊ ကာမဂုဏ် အပျော်အပါး၊ သံ,သဲ,သွပ် စသော သောကြာနံပစ္စည်းများ စသည်တို့နှင့် ပတ်သက်၍လည်း အထူးပြု ဆုပန်မှု ပြည့်ဝ အောင်မြင်နိုင်ကြပေသည်။

## အမျှပေးဝေပါ၏

ဤမြင်းမထိလိုဏ်ဂူ စေတီရုပ်ပွားများ ပူဇော်မှုမှ ရအပ်သော ကုသိုလ်အဖို့ သာမက ပြုပြီးသမျှ ကုသိုလ်အစုစုအတွက် အဖို့ဘာဂကို ခုနစ်ရက်သားသမီးတို့အား အမျှဝေငှပါသည်။ ပတ္တာနုမောဒနာပြု၍ အတူအမျှ ရကြပါစေ။

**ဘုန်းကျော်စွာ**
***(မြိုင်တတ္တသိုလ်)***

www.burmeseclassic.com

# စိုက်ပျိုးရေးသုံး ဆေးဆိုင်နဲ့


## စီးပွားဖြစ်နိုင်သူ


သရက်ကြီးဦးအောင်မြိုင်
(ဥပဒေတွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

အသက်လေးဆယ်ကျော် အမျိုးသားတစ်ဦး စိုက်ပျိုးရေးသုံးဆေးဆိုင်ဖွင့်ဖို့ ဆိုင်နာမည်ကောင်း ရွေးချယ်ပေးဖို့နဲ့ အဲဒီလုပ်ငန်းဟာ အကျိုးပေးစီးပွားဖြစ်နိုင်ခြင်း ရှိ,မရှိ သိရဖို့ လက္ခဏာလဲ မေးမြန်းပါတယ်။

**"က" အက္ခရာနဲ့** ညွှန်ပြထားတာဟာ အသက်လမ်းကြောင်းအရင်းလက်ဖနောင့်ပိုင်းမှာ **ငါးကြင်းမြီး သင်္ကေတ (သို့မဟုတ်) အမြစ်ဥ သင်္ကေတ** ထင်ရှားရှိခြင်း ဖြစ်တယ်။

* * *




အဲဒီ သင်္ကေတ ရှိသူများဟာ ဆိုင်လုပ်ငန်းကြီးများကို မြို့ကြီးပြကြီးတွေမှာ တည်ထောင်လုပ်ကိုင် အောင်မြင်နိုင်ကြတယ်။

ကုမ္ပဏီ၊ ပွဲရုံနဲ့ အခြားသော လုပ်ငန်းကြီးတွေကိုလဲ လုပ်ကိုင်အောင်မြင်နိုင်ကြတယ်။




www.burmeseclassic.com

www.burmeseclassic.com

**"ခ" အက္ခရာ**နဲ့ ညွှန်ပြထားတာဟာ အသက်လမ်းကြောင်းအတွင်းဘက်မှာ အရံအသက်လမ်းကြောင်း ထင်ရှားစွာရှိခြင်း ဖြစ်တယ်။

* * *




အရံအသက်လမ်း ထင်ရှားအားကောင်းစွာပါရှိသူ လက္ခဏာရှင်များဟာ ကျန်းမာရေးနဲ့ ဘေးဥပဒ် အပါအဝင် ကံကြမ္မာ အညံ့ပျက်တွေ ကြီးကြီးမားမား မကြုံရတတ်ဘူး။ ကိုယ်ကျန်းမာ စိတ်ချမ်းသာ အများအားဖြင့် ရှိနိုင်တယ်။

ဆိုင်လုပ်ငန်းလုပ်ရင် ဖောက်သည် အားပေးသူ အထူး များပြားတတ်ကြတယ်။

ရုပ်ရည်၊ ခန္ဓာ၊ အပြောအဆို၊ စကားသုံးလှုပ်ရှားမှုတွေက သူတစ်ပါးကို ဆွဲဆောင်စည်းရုံးနိုင်တဲ့ မွေးရာပါ စွမ်းရည်ထူးတွေ ပိုင်ဆိုင်ထားလို့ပါပဲ။


**"ဂ" အက္ခရာ**နဲ့ ညွှန်ပြထားတာဟာ ဦးခေါင်းလမ်းကြောင်းနဲ့ အသက်လမ်းကြောင်း (၁ ဒသမ ၅)စင်တီမီတာ ခန့်ပူးခြင်း၊ လမ်းကြောင်းထိပ်မှာ တြိဂံပုံနဲ့ အတက်လမ်းခွဲငယ်များရှိခြင်း၊ ဦးခေါင်းလမ်း တစ်ဆစ်ချိုးကွေးပြီး အဆုံးမှာ တြိဂံပုံရှိခြင်းတွေကို တွေ့ရတယ်။

* * * ⟶

ညှိမှိန်းချက် မြင့်မားခြင်း၊ စေ့စပ်သေချာခြင်း၊ ဉာဏ်ရည်ထက်မြက်ခြင်း၊ ကြံ့ခိုင်ဖန်ရည်ကောင်းခြင်း၊ တွေးခေါ်ဆုံးဖြတ်မှုမှန်ကန်ခြင်းဆိုတဲ့ ပင်ကိုဗီဇတွေနဲ့ ပြည့်စုံမယ်။


**"ဃ" အက္ခရာ**နဲ့ ညွှန်ပြထားတာဟာ လက်ညှိုးနဲ့ လက်ခလယ်ကြားမှာ ညောင်ရွက်ပုံသင်္ကေတရှိခြင်း ဖြစ်တယ်။

* * *





မင်းဆိုးရာဇာဖြစ်ခြင်း၊ မင်းကျွမ်းဝင်ခြင်း၊ ထီဆုကြီးပေါက်ခြင်း၊ ဘွဲ့ထူးဂုဏ်ထူးရခြင်း၊ အလှူ့အတန်းကြီးများပြုရခြင်း၊ ငွေကြေးဥစ္စာချမ်းသာပြည့်စုံခြင်းတွေထဲက တစ်ခုထက်မက ဖြစ်တတ်တယ်။

**"င" အက္ခရာ**နဲ့ ညွှန်ပြထားတာဟာ လက်သူကြွယ်အောက် နှလုံးလမ်း




ကြောင်းအထက်မှာ အောင်မြင်ရေးလမ်း ထင်ရှားပြီး အထောက်လမ်း အကူလမ်းတွေရှိခြင်း ဖြစ်တယ်။

* * *




စီးပွားရေးလုပ်ငန်းမှာ အကူအညီကောင်း အထောက်အပံ့ကောင်းတွေ ရနိုင်ပြီး လုပ်ငန်းစီးပွား အောင်မြင်ကျော်ကြား ကြီးပွားချမ်းသာစေနိုင်တဲ့ သင်္ကေတ ဖြစ်ပါတယ်။

အထူးသဖြင့် လက်ခလယ်အောက် စနေဂြိုဟ်ခုံမှာ အဖျက်လမ်းတွေ လုံးဝမရှိဘဲ ထောင်တက်နေတဲ့ လမ်းနဲ့ ညောင်ရွက်ပုံ မင်္ဂလာအခြေအရံ ရှိခြင်းက မြေယာနဲ့ စိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းတွေနဲ့ အကျိုးပေးစေနိုင်တယ်။

စာဖတ်သူများလဲ အထက်ပါ သင်္ကေတများနဲ့ နီးစပ်တူညီတဲ့ လက္ခဏာရှင် ဖြစ်မယ်ဆိုရင် စိုက်ပျိုးရေးသုံး ဆေးပစ္စည်းဆိုင်လုပ်ငန်းနဲ့ အကျိုးပေး စီးပွားဖြစ်နိုင်သူပဲ ဖြစ်ပါတယ်။

*လက္ခဏာပညာသုတ တိုးပွားကြပါစေ။*

*အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...*

**ဆရာကြီး ဦးအောင်မြိုင်**
**(ဥပဒေတွဲ)**
**လက္ခဏာဗေဒင်ပညာသုတေသီ**



www.burmeseclassic.com

www.burmeseclassic.com





တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004687

လိုင်စင်၇/၂၀၀၈၊တာဆထုလ(တိုး)-၁၃၁၂

အဆီကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့

# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက (စာနယ်ဇင်း) ၁၃၀/၀၁၁၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်။ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို **မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး** လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန့်,မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား။ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်။ ဂီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံးကောင်းခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံမက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းကာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့။ ကျွန်တော်လည်း သုံးမယ်ဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

ရန်ကုန်မြို့ မန္တလေးမြို့နှင့် မုံရွာမြို့ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိပေးနေပါပြီ။

ပင်ရင်း - **မုံရွာ-ဆရာမိုး** တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း

အမှတ်-ရ/၃၅၆၊ ဗေဓာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၈၇၊ ၀၉-၅၁-၀၈၆၃၂

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၁၁ လိုင်းခွဲ (၃၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ (၃၄၇)




www.burmeseclassic.com

www.burmeseclassic.com



ရွှေရင်မျှော်စေတီတော်မှ လျောင်းတော်မူရုပ်ပွားတော်

# စစ်ကိုင်းတောင်ခွင် သမိုင်းဝင်စေတီများ

၏ အောင်မြေနှင့် ရှိခိုးပူဇော်ဂါထာတော်များ (၁၃)

အောင်ရွှေမြတ်
(စစ်ကိုင်းတောင်)

ရွှေရင်မျှော်စေတီတော်

**...မောတဿ ဘဂဝတော အရဟ**
**...တော သမ္မာသမ္ဗုဒ္ဓဿ။**

*[၃-ကြိမ်ရွတ်ဆိုပါ။]*

...ဂံရာဇဿ ဒေဝီယာ၊
...ရင်မျှော် ဣတိ စေတီယံ။
...ကာယေယုံ သုပါကဋံ၊
...တံ အဟံ မာအရံ။

...သော ပါဠိအသံထွက်

**...ထိ** = အိတိ
**...ပါကဋံ** = သုပါကတံ
**...** = ဝန်ဒေ

မြန်မာပြန်

**ပုဂံရာဇဿ၊** အမရပူရ ပြည်မသနင်း ပုဂံမင်း၏။

**ဒေဝီယာ၊** မိဖုရား ကြီး,ငယ်တို့ သည်။

**သုပါကဋံ၊** ကောင်းစွာသာလျှင် ထင်ရှားလှသော။

**ယံ ရွှေရင်မျှော် ဣတိ စေတီယံ၊** အကြင် ရွှေရင်မျှော်တည်းဟူသော စေတီမြတ်ကို။

**သုကာယေယုံ၊** ကောင်းမွန်စွာ တည်ထားကိုးကွယ်ခဲ့ကြလေကုန်ပြီ။

**တံ၊** ထိုရွှေရင်မျှော် စေတီတော်မြတ်ကြီးအား။

**အဟံ၊** "......"ဟု နာမ သမုတ် အကျွန်ုပ်သည်။

**[မှတ်ချက်။ ။"......"နေရာတွင် ရှိခိုးကန်တော့သူ၏အမည် ထည့်ပါ။]**

**အာဒရံ၊** ရိုသေကြည်ဖြူ အာရုံယူလျက် သုံးလူတို့နတ် မြတ်ထက်မြတ်သား မြတ်ဘုရားအား သုံးပါ ဝန္ဒနာ ရှိသေစွာဖြင့် သဒ္ဒါဖြိုးဖြိုး ကျွန်ုပ် ရှိခိုးသည် ကောင်းကျိုး ခပ်သိမ်းပြည့်စေ

www.burmeseclassic.com



● ရွှေရင်မျှော်စေတီတော်နှင့် ကျောင်းတော်မှ ရုပ်ပွားတော်ကြီး စံပယ်တော်မူသော အာရုံခံ

သောဝ်။

မီးဆယ့်တစ်တန် ငြိမ်းရာမှန် နိဗ္ဗာန်အောင်မြို့ ရောက်စေသောဝ်။

ဘုရားတည်နှစ်

သက္ကရာဇ် ၁၂၀၈ ခုနှစ်။

ဘုရားဒါယကာ

အမရပူရနန်းစံ ပုဂံမင်း၏ မိဖုရားများ။

တည်နေရာ

စစ်ကိုင်းတောင်ရိုး ဆွမ်းဦးပုညရှင်စေတီတော်သို့အသွား ကားလမ်း၏လက်ယာဘက် ရွှေရင်မျှော်တောင်ကုန်းထက်တွင် တည်ရှိပါသည်။

ပွဲတော်ရက်

သီးခြား သတ်မှတ်ထားခြင်း မရှိပါ။

အောင်မြေနေရာ

ရွှေရင်မျှော် ဓမ္မာရုံအတွင်း ရုပ်ပွားတော် အရှေ့ဘက်။

အစောင့်အရှောက်

ရွှေရင်မျှော် ဘိုးဘိုးကြီး။

ထူးခြားချက်

ရှေးခေတ်မင်းများသည် ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်း အစရှိသော သာသနာတော် အထောက်အကူပြု ကုသိုလ်များ ပြုလုပ်သောအခါတွင် လုပ်ငန်းခွင်ရှိရာသို့ မိဖုရားကြီး၊ ငယ်များကို မိမိနှင့် လိုက်ပါခွင့်ပြုလေ့မရှိပေ။

မိဖုရား မောင်းမမိဿံများသည် လမ်းခုလတ် တစ်နေရာတွင် စောင့်မျှော်နေရစ်ကြရလေသည်။ ထို့အတူ ပုဂံမင်း၏ မိဖုရား မောင်းမမိဿံများသည် မိမိတို့ ရောက်ရှိနေရာ အရပ်မှ မင်းကြီးရှိရာအရပ်သို့ မျှော်မှန်းကြည့်ရှုသော နေရာတွင် အထိန်းတော်၊ အကြီးတော်ချုပ်မှ အမှတ်တရအဖြစ် **"ရွှေရင်မျှော်စေတီတော်"** အားတည်ထားခဲ့လေ၏။

ရှေးအခါက **"ရွှေလင်မျှော်စေတီ"** ဟု အမည်ရခဲ့သော်လည်း ကာလရွေ့လျား၍ **"ရွှေရင်မျှော်စေတီတော်"** ဟူ၍ ယနေ့တိုင် အမည်တွင်နေလေ၏။


ရွှေရင်မျှော်စေတီတော်အား လမ်းနှစ်သွယ်ဖြင့် သွားရောက် ဖူးမြော်နိုင်ကြလေသည်။ ဥမင်(၃၀) ဂူတန်းရှည်မှ လမ်းတစ်သွယ်အားဖြင့် အလွယ်တကူ သွားရောက်နိုင်၍ ရွှေရင်မျှော်ချောင်အတွင်းရှိ လိုဏ်ဂူတော်မှတစ်ဆင့် ရွှေရင်မျှော်စေတီတော်သို့ တက်ရောက်နိုင်ကြလေသည်။

လိုဏ်ဂူတော်၏ မြောက်ဘက်ဂူအဆုံးတွင် **အောင်ချမ်းသာအေး**




www.burmeseclassic.com

www.burmeseclassic.com



▲ ရှောင်ချောင်တော် အဝေးမြင်ကွင်းနှင့် ဥမင်သုံးဆယ်ဂူဘုရားပုံ

▼ ရှောင်ချောင်းပိုက်ဂူအတွင်းမှ ပန်းချီကား။





www.burmeseclassic.com

www.burmeseclassic.com





▲ ရွှေရင်မျှော်လိုဏ်ဂူတော်အား အပြင်မှ တွေ့မြင်ရသောပုံ

◀ ရွှေရင်မျှော်စေတီတော်မှ ဆောင်မြဲ ရုပ်ပွားတော်အား ဖူးမြင်ရပုံ

**ဗုဒ္ဓ ဓာတ်နန်းအတွင်းရှိ ရုပ်ပွားတော်ရှေ့၌** အဓိဋ္ဌာန် ဝင်ပါက မိမိတို့၏ ပါရမီ အရ၊ သီလ၊ သမာဓိ၊ သစ္စာ အရ ထူးခြားမှုများကို လက်ငင်း ရရှိနိုင်ကြလေ၏။

အဓိဋ္ဌာန်ပုတီး စိပ်ကြရာ၌ တစ်ဦး နှင့်တစ်ဦး မတူကွဲပြားသော အတွေ့


▼ ရွှေရင်မျှော်လိုဏ်ဂူအတွင်း
ဆရာဆောင်ချမြတ်အား တွေ့မြင်ရပုံ





www.burmeseclassic.com

www.burmeseclassic.com



ရွှေရင်မျှော်လိုဏ်အတွင်း၊ အောင်ချမ်းသာအား တော်နန်း

အကြွ အာရုံထင် ခံစားမှုများကို မလွဲ သွေ ရရှိခံစားနိုင်သော နေရာထူး ဖြစ်လေ၏။

လိုဏ်ဂူတော် အတွင်းနံရံများတွင် (၅၅၀)ဇာတ်တော်များ သရုပ်ဖော် ရေး ဆွဲထားသော ခေတ်နှောင်း ပန်းချီ ကားချပ်များကိုလည်း ကြည့်ရှု လေ့လာနိုင်ကြလေသည်။

ထိုလိုဏ်ဂူတော်အတွင်း အမှောင် ဆုံးထဲမှတစ်ဆင့် လက်ခြေ စသည်တို့ ဖြင့် စမ်းတဝါးဝါး လှေကားများကို ငြိမ်းနေးစွာ တက်ရောက်သောအခါ ကြည်းလှုပ်ရင်ဖို ခံစားရင်း ရွှေရင်မျှော် စေတီတော်သို့ ပျော်ရွှင်စွာ ရောက်ရှိ နိုင်လေသည်။

ရွှေရင်မျှော်စေတီတော်၏ အာရုံခံ ထိုထိအတွင်း. စံပယ်တော်မူသော ဆင်းတုတော်မြတ်၏ ရှေ့တည့်တည့် နေရာသည် အောင်မြင်နေရာ ဖြစ် သောကြောင့် လိုအပ်သော ဆုတစ်ဆု ကို ရည်မှန်း၍ အဓိဋ္ဌာန်ယူနိုင်ကြလေ ၏။

စေတီတော်၏ အောက်ခြေတောင် ဘက်တွင် မြတ်စွာဘုရားရှင်၏ သက် သောင့်သက်သာ လျောင်းတော်မူ ရုပ်ပွားတော်ကြီးကလည်း ဂန္ဓာရီလမ်း ခရီး၏ ပင်ပန်းနွမ်းနယ်ခြင်းများကို ပြေ ပျောက်စေနိုင်ပေ၏။

ရွှေရင်မျှော် စေတီတော်မြတ်ကြီး သည်ကား ဂန္ဓာရီလမ်းခရီးအတွက် ပင်ပန်းနွမ်းနယ်ခြင်းများကို အေးငြိမ်း စေသော မေတ္တာစခန်းတစ်ခု ဖြစ်လေ သည်။

ရေခြားမြေခြားတွင် သွားရောက် အလုပ် လုပ်ကိုင်နေကြသော အမိအဖ ခင်ပွန်းများအတွက်ဖြစ်စေ...

ဝေးမြေတစ်နေရာတွင် ကြာညောင်း စွာ ရောက်ရှိနေသော ချစ်ခင်သူများ အတွက်ဖြစ်စေ...

မိမိတို့မိသားစုအတွင်းမှ နှစ်လ ကြာမြင့်စွာ ခွဲခွာနေကြသော ညီအစ်ကို မောင်နှမများ သားချင်းများအတွက် ဖြစ်စေ...

စိတ်အခန့်မသင့်၍ စိတ်ကောက် မပြေနိုင်ဘဲ နီးလျက်နှင့် ဝေးနေရသူ များအတွက်ဖြစ်စေ၊ ခံစားမှုများ ပြေ ပျောက်စေရန်ဖြစ်စေ...

ရွှေရင်မျှော်အောင်မြေမှာ အောင် သပြေ၊ ရေချမ်း၊ အမွှေးတိုင်၊ အလင်း တိုင်များ ကပ်လှူပူဇော်ခြင်း...

ရွှေရင်မျှော်ဘိုးဘိုးကြီးအား မေတ္တာ ပို့ အမျှဝေခြင်း၊ ဆုတောင်းခြင်းများ ပြုလုပ်၍ အဓိဋ္ဌာန်ဝင်နိုင်သော နေရာထူး ဖြစ်လေသည်။


**အောင်ရွှေမြတ်**

***(စစ်ကိုင်းတောင်)***



www.burmeseclassic.com

www.burmeseclassic.com



လျှို့ဝှက်နက်နဲ "ထ" ထမနဲနှင့်

# ထမနဲနှင့်

ယတြာစီရင်စို့

ကောင်းမြင့်မြတ်စိန်

ထမနဲရဲ့ လျှို့ဝှက်နက်နဲပုံများကို ကျွန်တော် သိရှိခဲ့ရတာကြာပါပြီ။ ထမနဲ ထိုးပြီး အကျိုးရှိအောင်လဲ လုပ်နိုင်ခဲ့ပါတယ်။

ကျွန်တော်ဟာ ကယားပြည်နယ်၊ ဖားဆောင်းမြို့နယ်က မော်ချီးသတ္တုတွင်းမှာ သတ္တုတွင်းအင်ဂျင်နီယာအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ၁၉၈၅ ခုနှစ်ဝန်းကျင်က ဖြစ်ပါတယ်။

ထိုစဉ်က မော်ချီးသတ္တုတွင်းမှာ "တဘက်တင်မောင်" လို့ နာမည်ကြီးခဲ့တဲ့ ဆရာဦးတင်မောင်ထံမှာ ကျွန်တော် ဗေဒင်ပညာ သင်ယူခဲ့ပါတယ်။ ဆရာဦးတင်မောင်ထံက ထမနဲရဲ့ လျှို့ဝှက်နက်နဲပုံများကို သင်ကြားပေးခြင်း ဖြစ်ပါတယ်။

**ထမနဲရဲ့ လျှို့ဝှက်နက်နဲ ထူးခြားပုံတွေကတော့...**

(၁) မြန်မာ့ယဉ်ကျေးမှု ထုံးတမ်းစဉ်လာ ရာသီပွဲအဖြစ် ပြုလုပ်ခြင်း။
(၂) ကာလဒါနဖြစ်ခြင်း။
(၃) ကံ၊စိတ်၊ဥတု၊အာဟာရ မျှညီသော ကျန်းမာရေးဓာတ်စာဖြစ်ခြင်း။
(၄) တစ်နှစ်မှ တစ်ခါသာ ပြုနိုင်သော အထူးယတြာ ပြုနိုင်ခြင်း။
(၅) ရာဟုဂြိုဟ်စားသူများအတွက် လျှို့ဝှက်ယတြာ ပြုနိုင်ခြင်း။
(၆) ရာဟုသက်ရောက်သူများအတွက် လျှို့ဝှက်ယတြာ ပြုနိုင်ခြင်း။
(၇) ချက်ချင်းလက်ငင်း အကျိုးရှိစေခြင်း စတဲ့ အချက်တွေပဲ ဖြစ်ပါတယ်။

ပြီးတော့ ထမနဲမှာ ပါဝင်တဲ့ အဆာပလာတွေကလဲ ခုနစ်ရက်သားသမီးကိုယ်စားပြုတဲ့ ခုနစ်နေ့ ခုနစ်နံသင့် အစားအစာတွေ ဖြစ်နေပြန်ပါတယ်။

(၁) အုန်းဆန် *(တနင်္ဂနွေနံ)*
(၂) ကောက်ညှင်းဆန် *(တနင်္လာနံ)*
ကြက်သွန်ဖြူ *(တနင်္လာနံ)*
ချင်း *(တနင်္လာနံ)*
(၃) ဆီ *(အင်္ဂါနံ)*
(၄) ရေ *(ဗုဒ္ဓဟူးနံ)*
(၅) မြေပဲလှော် *(ကြာသပတေးနံ)*
(၆) သကြား *(သောကြာနံ)*
(၇) နှမ်းလှော် *(စနေနံ)*
တို့ ဖြစ်ပါတယ်။

ဒီလို ခုနစ်ရက်သားသမီးတွေရဲ့ နေ့နံအစာတွေ စုပေါင်းစီမံတဲ့ စားကောင်းသောက်ဖွယ်ကို ဘုရား၊တရား၊သံဃာ၊ မိဘ၊ဆရာအား လှူဒါန်းခြင်း၊ မိတ်သင်္ဂဟများနဲ့ ပျော်ရွှင်စွာ စီမံဆောင်ရွက် စားသောက်ခြင်းဟာ အင်မတန်ကုသိုလ်ထူးပါတယ်။

ကုသိုလ်ထူးတွေကို ရစေနိုင်မှာလဲ မလွဲပါဘူး။ လောကီပညာယတြာအနေနဲ့ ထူးထူးခြားခြား စီမံဆောင်ရွက်ခြင်းဖြင့်လဲ ထူးခြားတဲ့ အကျိုးတွေ ဖြစ်ပေါ်စေပါတယ်။

ပါဝင်တဲ့ အဆာပလာတွေရဲ့ အာဟာရ စွမ်းအားတွေ ပေါင်းစပ်ဖွဲ့စည်းဖြစ်ပေါ်လာတဲ့ ထမနဲဆိုတဲ့ အစားအစာဟာလဲ အလွန် ထူးကဲတဲ့ အရသာတွေနဲ့ ပြည့်စုံလို့ နေပါတယ်။ ချမ်းအေးလှတဲ့ ဆောင်းရာသီ တပို့တွဲကာလနဲ့ ကိုက်ညီတဲ့ ဓာတ်စာလဲ ဖြစ်နေပြန်ပါကယ်။

တပို့တွဲလမှာပဲ ပြုလုပ်တဲ့ ဒီထမနဲကို ဘုရားရှင်နဲ့ သံဃာတော်တွေကို ဆက်ကပ်လှူဒါန်းခြင်း၊ မိဘဆရာဆွေမျိုးသားချင်း၊ မိတ်ဆွေအပေါင်းအသင်းတွေကို ကျွေးမွေးခြင်းဟာ **"အလွန်မြတ်တဲ့ ကာလဒါန"** ဖြစ်ပါတယ်။ အကျိုးလဲ အလွန်ကြီးပါတယ်။

"ဇမ္ဗူဒီပါ လက်ယာတောင်ကျွန်း ဩဘာနိမိတ်ထွန်း"၊ "ပညတ်သွားရာ ဓာတ်သက်ပါ" ဆိုတဲ့အတိုင်း "ထ၊ ထမနဲ တပို့တွဲ" လို့ သူငယ်တန်းဖတ်စာလေးက နိမိတ်ဖော်ညွှန်းပေးနေပါတယ်။

ဆိုလိုတာကတော့ လောကဓံတရားတွေနဲ့ အမြဲရင်ဆိုင်ယှဉ်ပြိုင်နေရတဲ့ လူ့ဘဝမှာ ကံမကောင်း အကြောင်းမလှလို့ နိမ့်ပါး "လဲ" ကျနေသူတွေ "ထ" နိုင်အောင် တပို့တွဲလမှာ ထမနဲထိုးပြီး ကောင်းမှုကုသိုလ်တွေ လုပ်ဖို့ကို အသိပေးနေတာပါ။ တစ်နှစ်မှ တစ်ခါပဲ လုပ်နိုင်တာပါ။ တစ်ခါမှာလဲ တပို့တွဲလပြည့်မှာ လုပ်ရမှာ ဖြစ်ပါတယ်။ နိမ့်နေသူတွေ၊ ကံမကောင်းသူတွေ လုပ်သင့်တဲ့ အထူးယတြာ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

တစ်နှစ်မှ တစ်ခါသာ လုပ်ရတဲ့ အထူးယတြာဖြစ်လို့ တပို့တွဲလပြည့်နေ့ မတိုင်ခင်မှာ လိုအပ်တဲ့ ပစ္စည်းတွေ စုထားရပါမယ်။ သူများရောင်းတဲ့ ထမနဲကို ဝယ်ပြီး မလုပ်ပါနဲ့။ ကိုယ့်အိမ်မှာ ကိုယ်တိုင်ပါဝင်လုပ်တဲ့ ထမနဲကိုသာ ယတြာအဖြစ် လှူရမှာ ဖြစ်ပါတယ်။

ထမနဲထိုးတာကတော့ အနည်းဆုံး ကောက်ညှင်းဆန် နို့ဆီဘူး(၄)ဘူး လုပ်ရမှာပါ။ ကောက်ညှင်းဆန်(၁)ပြည်၊ (၂)ပြည် စသည်ဖြင့် ကိုယ်တတ်နိုင်သလောက် များများလုပ်နိုင်ရင်လဲ ပိုကောင်းပါတယ်။

မိဘဆရာတွေ၊ မိသားစုတွေကို ကျွေးနိုင်ရုံမက အသိုင်းအဝိုင်း အပေါင်းအသင်းတွေကိုပါ ကျွေးနိုင်ပါတယ်။ သဒ္ဓါအား၊ ပညာအား ညီမျှအားကောင်းတာနဲ့အမျှ အကျိုး ကြီးမားနိုင်ပါတယ်။ လူအများ ပါဝင်လုပ်ဆောင်မှ ထမနဲ ကောင်းကောင်း ရနိုင်ပါတယ်။

ထမနဲထိုးပုံ အဆင့်ဆင့်ကိုတော့ ဒီနေရာမှာ ရေးမပြတော့ပါဘူး။ ယတြာပြုပုံကိုပဲ လိုရင်းရောက်အောင် ဖော်ပြပေးပါမယ်။

တပို့တွဲလပြည့်နေ့နံနက် အရုဏ်တက်ချိန်မှာ ဘုရားရှင်အား ကပ်လှူပါ။ အိမ်မှာ ဘုရားရှင်အား မိမိအိမ်နေရာသို့ ပင့်ပါ။ ငါးပါးသီလ ခံယူပါ။ ပြီးလျှင် ထမနဲတစ်ပွဲနဲ့ သောက်တော်ရေကို ဇလုံတစ်လုံးပေါ်မှာ ခင်းကျင်းပြင်ဆင်ပြီး ဘုရားရှင်အား **"သက်တော်ထင်ရှားအာရုံပြုပြီး"** ကပ်လှူပါ။ ***(ဆရာတော် သံဃာတော်များကို ကပ်လှူသည့် ကပ်လှူပါ။)***

(၁၅)မိနစ်ခန့်ကြာမှ ဆုတောင်း၊ အမျှဝေပါ။ သာဓုခေါ်ပါ။ ဆုတောင်းရာတွင် တိတိကျကျ ပြည့်ပြည့်စုံစုံ လျှောက်ထားရပါမယ်။ ယုံကြည်လေးနက်စွာ ဆုတောင်းပါ။ မိမိ တစ်ဦးတည်း လွတ်လပ်စွာ ကပ်လှူ ဆုတောင်းနိုင်ဖို့ အရေးကြီးပါတယ်။

ပြီးမှ ဘုန်းကြီးကျောင်းများသို့ သွားကာ သံဃာတော်များအား လှူပါ။ သံဃာ့ဒါနအဖြစ် လှူပါ။ ပုဂ္ဂိုလ်စွဲဖြင့် မလှူသင့်ပါဘူး။

ပြီးရင် မိဘတွေ၊ မိသားစုတွေ၊ အသိုင်းအဝိုင်းမိတ်ဆွေတွေကို ကျွေးပါ။ အိမ်နီးနားချင်းတွေကို ကျွေးပါ။ **(ကံနိမ့်နေသူတွေ ကံမြင့်ကံပွင့် လာပါလိမ့်မယ်။)**

ကျွန်တော်တို့ရဲ့ မြန်မာ့ရိုးရာမဟာဘုတ်ဗေဒင်ပညာမှာ လက်တွေ့ အသုံးချလို့ရတဲ့ လျှို့ဝှက်ယတြာတွေ ရှိပါတယ်။ **ရာဟုကြိုဟ်စား ကြုံနေသူတွေ၊ ရာဟုသက်ရောက်ကြုံနေသူတွေအတွက် လျှို့ဝှက်ယတြာကတော့** အခုပြောတဲ့ တပို့တွဲလပြည့်နေ့ ထမနဲလှူခြင်းပဲ ဖြစ်ပါတယ်။

အထက်ဖော်ပြပါအတိုင်း လှူတာ ကျွေးမွေးတာတွေအပြင် **"ရာဟုဂြိုဟ်မင်း"**ကိုလဲ ပေးလှူရမှာ ဖြစ်ပါတယ်။

ရာဟုဂြိုဟ်စား (သို့မဟုတ်) ရာဟုသက်ရောက် ကြုံနေသူတစ်ဦးဟာ တပို့တွဲလပြည့်နေ့မှာ ရာဟုဂြိုဟ်မင်းကို မိမိအိမ်သို့ ပင့်ဖိတ်ပါ။ ပြုလုပ်ရမယ့်အချိန်ကတော့ အရုဏ်တက်အချိန် ဘုရားရှင်အား ကပ်လှူပြီးချိန်မှာ ဖြစ်ပါတယ်။

ဘုရားစင်အောက် တစ်နေရာမှာ စားပွဲဝိုင်းတစ်ခုချပြီး စားပွဲပေါ်မှာ အလင်းတိုင်တစ်တိုင်၊ အမွှေးတိုင်တစ်တိုင်ထွန်းပါ။ ထမနဲတစ်ပွဲ၊ သောက်ရေသန့်တစ်ခွက် ပြင်ဆင်ထားပေးပါ။ ပြီးလျှင် ရာဟုဂြိုဟ်မင်းအား ပေးလှူပါ။ ပေးလှူပုံကတော့...

'အရှင်ရာဟုဂြိုဟ်မင်း ကျွန်တော် (သို့မဟုတ်) ကျွန်မ နေထိုင်ရာ (လိပ်စာအပြည့်အစုံပြော) အိမ်ဂေဟာသို့ ကြွတော်မူပါ။ (၃ ကြိမ်ပြောပါ။) အရှင်ရာဟုဂြိုဟ်မင်းအား ဤရာဟုထမနဲကို ပေးလှူပါတယ်။

ကျွန်တော် (သို့မဟုတ်) ကျွန်မအား ရာဟုဂြိုဟ်နှင့် ပတ်သက်သော ဘေးရန်အပေါင်းမှ ကင်းဝေးစေပြီး ကောင်းကျိုးချမ်းသာများ ရရှိအောင် စောင့်ရှောက်တော်မူပါ။ (၃ ကြိမ် တိတိ ပြောပါ။)

ကျွန်တော် (သို့မဟုတ်) ကျွန်မ ပြုပြုသမျှ ကုသိုလ်တွေကိုလဲ အရှင်ရာဟုဂြိုဟ်မင်း အား အမျှပေးဝေပါတယ်။ အမျှ...အမျှ... အမျှ...သာဓု...သာဓု...သာဓု'

(၁၅)မိနစ်ခန့်ကြာလျှင် ပြန်ကြွနိုင်ရန် ရာဟုဂြိုဟ်မင်းအား ပြန်ပို့ပါ။

'အရှင် ရာဟုဂြိုဟ်မင်း နေထိုင်ရာဌာနသို့ ပြန်ကြွနိုင်ပါပြီ။ ကျန်းမာချမ်းသာစွာ ပြန်လည်ရောက်ရှိနိုင်ပါစေ'

လို့ ဆိုပါ။

ရာဟုဂြိုဟ်မင်းအား ပေးလှူထားသော ထမနဲကို မိမိနဲ့ မိသားစုများ စားပါ။ ဘေးကင်း ကျန်းမာစေပါမယ်။ ကံမြင့် ကံပွင့်လာပါလိမ့်မယ်။

ထူးထူးခြားခြား မကြာခင် အချိန်အတွင်း အလုပ်အကိုင်ကောင်းတွေ ရလာခြင်း၊ အကြံအောင်ခြင်း၊ လာဘ်ရွှင်ခြင်း၊ ငွေဝင်ကောင်းခြင်း၊ ငွေအစုလိုက်အပုံလိုက် ဝင်ခြင်းတွေ မလွဲမသွေ ကြုံတွေ့ ခံစားရပါလိမ့်မယ်။

ယုံယုံကြည်ကြည် လေးလေးနက်နက် မပျက်မကွက်သာ လုပ်ကြည့်ပါလို့ အကြံပေး တိုက်တွန်းလိုက်ပါတယ်။

**ကောင်းမြင့်မြတ်စိန်**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

ဆေးစွမ်းထက်မြက်ကြောင်း အကြွားမပိုတဲ့

# သမားအိုဆေးတိုက်

မြန်မာ့နန်းတွင်း သမားတော်ကြီး ဦးပန္န၀၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ်တော်လှန်ရေးခေါင်းဆောင် ဆရာစံ(သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်း သမားစဉ် မှုရင်းဆေးစွမ်းကောင်းတို့ကို သမားတော်ကြီး ဦးနွယ် ၏မြေး၊ သမားတော် ဦးတင့်လွင်(ငြိမ်း/ပိုလ်ကြီး)၊ ဇနီးဒေါ်ကျင်သိန်းမိသားစု(သမားအို ဆေးတိုက်) မှ အကြောင်းပြု ပေါင်းစုလျက် သမားအိုအမှတ်တံဆိပ် မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက်ရှိပါသည်။

**မှထုတ်လုပ်သော အစာအိမ်ရောဂါသောက်ဆေး၊ ပါရမီရှင်ချောင်းဆိုးပျောက်ငုံဆေးပြား၊ ငှက်ဖျားရောဂါသောက်ဆေး၊ ယားနာရောဂါသောက်ဆေး၊ အခြေကျော်လေဆေးလျက်ဆား၊**



## ဦးစိန်ကောင်း၏

**သမားအို** အမှတ်တံဆိပ်

**ငှက်ဖျားရောဂါသောက်ဆေး**

ဝရ၁၁ Y၀၀၉၀၇၅

ဤဆေးသည် ငှက်ဖျားနှင့် အဖျားရောဂါ အမျိုးမျိုးကို ထိရောက်စွာ သက်သာပျောက်ကင်းစေပါသည်။

ချွေးထွက်လျှင် အအေးပြန်မပတ်စေရန် အဝတ်နှင့် သုတ်ပေးရပါမည်။ မည်သည့်အဖျားမဆို ဆေးသောက်ပြီးပါက အအေးခံခြင်း၊ ပင်ပန်းစွာလှုပ်ရှားခြင်းတို့ကို ရှောင်ရှားသင့်ပါသည်။ ငှက်ဖျားနှင့် အအေးမိနှာစေးခြင်းတို့ကြောင့် တစ်ကိုယ်လုံး နာကျင်ကိုက်ခဲခြင်းများအတွက် သောက်သုံးနိုင်ပါသည်။

## ဒေါ်စင်စင်ထွေး၏

**သမားအို အမှတ်တံဆိပ် အစာအိမ်ရောဂါသောက်ဆေး ဝရ၁၁ Y၀၀၉၀၇၄**

လူမှာအကျင့် ဝမ်းမှာအချင့် ဆိုသလို မသင့်သော အစားအစာများကို စားခြင်း၊ အချိန်မှန်မှန် မစားသောက်ခြင်း၊ အပူ၊အစပ်၊ အချဉ်၊အငန် စသည့် အရသာများကို တာရှည်စွာ စားသောက်ခြင်း၊ ကြေညက်ခဲသော အစာများကို တာရှည်စွာစားသောက်ခြင်း၊ အလွန်အိပ်ရေးပျက်ခံသော်လည်း အစားပုံမှန် မစားခြင်း စသည့် အကြောင်းများ တာရှည်ရာမှ ပါစကဝမ်းပျက်ပြီး အစာအိမ်ရောဂါအမျိုးမျိုး ဖြစ်ပေါ်လာပါသည်။

ဤဆေးသည် အစာမကြေ၊ လေထိုးလေအောင့်၊ ရင်ပြည့်ရင်ကယ်၊ ရင်ခေါင်းနှင့် နံကြားတို့၌ ထိုးအောင့်နာကျင်ခြင်း၊ အစာအိမ် အချဉ်ပေါက်ခြင်း၊ အစာအိမ်ရောင်ခြင်း၊ နာခြင်း၊ ပျို့အန်ခြင်း စသည့် အစာအိမ် လေနာအမျိုးမျိုးတို့ကို ထိရောက်စွာ သက်သာ ပျောက်ကင်းစေပါသည်။

## ဒေါ်နှင်းနှင်းကြည်၏

**သမားအို အမှတ်တံဆိပ် ယားနာသောက်ဆေး ဝရ၁၁ Y၀၀၉၀၇၂**

ပိုးမွှားတိရစ္ဆာန်အချို့မှဖြစ်သော အဆိပ်သဖွယ် ယားယံမှုကြောင့်လည်းကောင်း၊ အပူ၊အစပ်၊အချို၊အဆိမ့် အရသာများ လွန်ကဲစွာ စားသောက်ပြီး ကိုယ်လက်လှုပ်ရှားမှုနည်းခြင်းကြောင့် လည်းကောင်း၊ ယခင်က ဝမ်းကိုက်၊သွေးပျက်၊ဝမ်းလျှော၊အသည်းရောင်နှင့် သည်းခြေနာ အမျိုးမျိုးဖြစ်ခဲ့ဖူးရာမှ သွေး၊သည်းခြေ ဖောက်ပြန်မှုကြောင့် လည်းကောင်း၊ တစ်ကိုယ်လုံး အနှံ့အပြားမှာ ဝဲကဲ့သို့ ခြေကြည်ဖုကလေးများဖြစ်ခြင်း၊ ပူစပ်ပူလောင်ယားယံပြီး အဖုအပိမ့်နှင့် အင်ပျဉ်များ ဖြစ်လာရပါသည်။ ဤဆေးသည် အထက်ပါ ယားယံခြင်း အမျိုးမျိုးတို့ကို ထိရောက်စွာ သက်သာပျောက်ကင်းစေသည့်အပြင် သွေးသား ညီညွတ်စေပါသည်။

## ဒေါ်အေးအေးမူ၏

**သမားအို အမှတ်တံဆိပ် ပါရမီရှင် ချောင်းဆိုးပျောက်ငုံဆေး ဝ၅၁၂ Y၀၀၉၆၉၆**

ဤဆေးသည် ရာသီအကူးပြောင်း၌ ဖြစ်တတ်သော ချောင်းဆိုးခြင်း၊ ချွဲကျပ်၊ ရင်ကျပ်၊ သလိပ်ကပ်၊ လည်ချောင်းနာ၊ လည်ချောင်းယား၊ အသံဝင်၊ အသံပျက်၊ အစာမကြေ၊ ရင်ပြည့်ရင်ကယ်၊ လည်ချောင်းနှင့် ရင်ဘတ်အတွင်း၌ သလိပ်များ ရှုရှုတက်ဖြစ်နေခြင်း၊ တရှုံးရှုံးမြည်နေခြင်းများကို ဆေးတစ်ပြားဆို ဆိုသလောက် သိသာလျင်မြန်စွာ သက်သာ ပျောက်ကင်းစေပါသည်။ ပထမတစ်ကြိမ်ငုံနေစဉ်မှာပင် ချွဲသလိပ်များ ထွက်လာပြီး ရောဂါများ သက်သာလာကြောင်းကို လက်တွေ့သုံးဆောင်ခြင်းက သက်သေပြပါလိမ့်မည်။ ဤဆေးသည် အသံကို အထူးကြည်လင်စေသဖြင့် အဆိုတော်များ၊ စာပေဆင်ကြားပို့ချနေသူများ၊ အသံဖြင့် အသက်မွေးဝမ်းကျောင်းနေသူများနှင့် လူတိုင်း အိမ်တိုင်း မရှိမဖြစ် ဆောင်ထားရမည့် ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

## ဦးသန်းဇော်၏

**သမားအို အမှတ်တံဆိပ် အခြေကျော်လေဆေးလျက်ဆား ဝရ၁၁ Y၀၀၉၀၇၃**

လူမှာအကျင့် ဝမ်းမှာအချင့်ဆိုသလို မသင့်သောအခါ မသင့်သော အစားအစာများစားမိ၍ အစာတောက်ခြင်း၊ အစာအဆိပ်သင့်ခြင်း၊ မူးဝေအော့အန်ဝမ်းကျခြင်း၊ ဝမ်းချုပ်ခြင်း၊ အထက်လှန် အောက်လျှောဖြစ်ခြင်း စသည်တို့ဖြစ်ကာ အချိန်ကြာလာသော် ဝမ်းမီးနံ့ရာမှ ဓာတ်လေးပါးပျက်ပြီး အခြားခြားသောရောဂါများ နောက်ဆက်တွဲ ဖြစ်ပေါ်စေတတ်ပါသည်။ အထက်ပါ အစားမှား၊ အစာအဆိပ်ဖြစ်ခြင်း၊ အစာတောက်ခြင်း၊ အစာမကြေ ရင်ပြည့်ရင်ကယ် ဝမ်းရင်ထိုးအောင့်ခြင်း၊ အစာအိမ်အချဉ်ပေါက်ခြင်း၊ အစားမှား၍ သလိပ်ထခြင်း၊ အအေးမိ၍ ဖျားခြင်း၊ ရက်ခြားဖျားခြင်း၊ ချမ်းတစ်လှည့် ပူတစ်လှည့်ဖြစ်ခြင်း၊ ခြေဖဝါးလက်ဖဝါးပူခြင်း စသည့် ရောဂါများကို ထိရောက်စွာ သက်သာပျောက်ကင်းစေပါသည်။

**ဆေးသုံးစွဲသူ ဝေဒနာရှင်များအနေဖြင့် ဆရာ ဦးသန်းဇော် (တဆ-၀၂၉၁၇) ဖုန်း-၀၉-၄၉၂၆၄၄၀၃ သို့ ဆွေးနွေး တိုင်ပင်နိုင်ပါသည်။**

**သမားအိုဆေးတိုက်**

အမှတ်(၄၇)၊ (၁၁၈)လမ်း၊ မင်္ဂလာဈေးအနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၉၀၆၃၀ အပြင်မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ထန်းပင်တဲရွာမှ

# ထူးခြားရုပ်ပွားနှင့် ကြေးစည်

စောသိင်းလ

ဆတ်သွားကျေးရွာမှ တောင်တွင်းကြီးသို့အပြန် ချောင်းနက်ရွာ မရောက်မီ လမ်းဘေး၌ ဆိုင်းဘုတ်ကြီးတစ်ခု တွေ့ရသည်။

ဂျပန်နိုင်ငံတွင် ကျင်းပခဲ့သည့် ရှေးဟောင်းယဉ်ကျေးမှုပြပွဲ ဒုတိယဆု ရတနာသိဒ္ဓိဗုဒ္ဓရုပ်ပွားတော် ထန်းပင်တဲရွာဦးကျောင်း

ဟူ၍ ဖြစ်သည်။

ထို့ကြောင့် ဆိုင်းဘုတ် စိုက်ထူထားသည့် လမ်းကလေးအတိုင်း ဝင်ရောက်ကြည့်ရာ လမ်းအဆုံးတွင် ကျောင်းဝင်းတစ်ခု တွေ့ရသည်။

ဝင်ရောက် လှည့်လည်ကြည့်ရာ ကျောင်းရှင်လူ အရိပ်အယောင် မမြင်ရ၊ ဘုန်းကြီးကျောင်းတွင် မြင်တွေ့ရတတ်သော ဆွမ်းကျန်ဟင်းကျန်များ စားသောက်မည့် ခွေးတစ်ကောင်တစ်မြီးမှပင် မမြင်ရသဖြင့် ပြန်ထွက်ကာ ရွာတွင်းသို့ ဝင်ရောက် မေးမြန်းကြည့်သည်။

'ဒေါ်ကြီး ထန်းပင်တဲ ရွာဦးကျောင်းဆိုတာ ဘယ်မှာရှိသလဲ'

'အို…ကျော်ခဲ့ပြီလေ။ ရွာအဝင်က ကျောင်းကြီးပဲ၊ ဘုရားဖူးလာကြသလား'

'ဟုတ်ပါတယ် ကျောင်းမှာ တစ်ယောက်မှ မရှိဘူး။ ကျောင်းတံခါးလဲ ပိတ်လို့'

'ကျောင်းထိုင်ဘုန်းကြီး တစ်ပါးတည်းရှိတာ၊ ကထိန်ကြွသွားလို့နေမှာ။ တဲ့ မောင်ဟိုသင်း ဘုရားဖူးလာသတဲ့။ သော့ယူပြီး လိုက်ပြပေးပါဦး'



ထူးခြားရုပ်ပွားတော် ဖူးတွေ့ရသည့်မြင်ကွင်း

ဘိလိယက်ဝိုင်းမှ အရွယ်လတ်ပိုင်း အမျိုးသားတစ်ဦးက လိုက်ပါ ကူညီပေးသည်။ ကျောင်းသို့ရောက်သော် အောက်ထပ်တွင် လူတစ်ဦး တွေ့ရသည်။

'ခုနက ဘယ်သွားနေတာလဲ'

'ရေသွားချိုးတာပါဗျာ'

သို့ဖြင့် ကပ္ပိယပါ လိုက်ပါ၍ ကျောင်းအပေါ်ထပ် ခန်းမကြီးကို [illegible] ဖွင့်ပေးသည်။

www.burmeseclassic.com



ချောင်းနက်ရွာအနီးမှ လယ်ပြည့်သိုင်းဘုတ်

ထူးခြားရုပ်ပွားကို နံဘေးဘောတော်၊ ပူရုံ

ကျောင်းခန်းခေါင်းရင်းဘက် ဘုရားဆောင်သို့ ရောက်သောအခါ ထူးခြားသော ဟန်တော်ဖြင့် စံပယ်တော်မူသည့် ရုပ်ပွားတော်တစ်ဆူ ဖူးတွေ့ရသည်။

ဘုရားရှင် ပါလိလေယျတော၌ သီတင်းသုံးစဉ် ယသော်ဓေဝီ အဖူးအမြော်ခံယူစဉ်တို့တွင် စံပယ်တော်မူလေ့ရှိသော ခြေနှစ်ချောင်းကို ပလ္လင်အောက် အလိုက်သင့်ချကာ သက်သောင့်သက်သာ စံပယ်တော်မူဟန်ဖြစ်သည်။

သို့သော် လက်နှစ်ဖက်ကိုမူ အလိုက်သင့်ချထားသော ပြည်တော်ဝင် ရုပ်ပွားတော် မဟုတ်ပါ။


လက်ယာလက်တော်ကို အနည်းငယ် ဆန့်ထုတ်ကာ လက်ဖဝါးကို ရှေ့သို့ (ဖူးမြော်သူဘက်သို့)လှည့်၍ လက်ချောင်းများကို ထောင်ထားသည်။ **အဘယမုဒြာနှင့်** လက်ဝဲလက်တော်မှာမူ လက်ဝါးကို ပခုံးခန့်အထိ ပင့်မြှောက်လျက် လှန်ထားကာ လက်ချောင်းများ နောက်သို့ ဖြန့်ကားထားသည့် **ဝိမုယမုဒြာလက်ဟန်တော်** ဖြစ်သည်။

မြန်မာ့ရေမြေတွင် ရှားပါးလှသော မုဒြာလက်ဟန် ပေါင်းစပ်ပူဇော်ထားသည့် ရုပ်ပွားတော်ဖြစ်ကာ ဤတစ်ဆူသာ ဖူးတွေ့ရခြင်းဖြစ်သည်။

**(နိုင်ငံရပ်ခြား ကမ္ဘာတစ်လွှားသို့ လှည့်လည်ရောက်ရှိဖူးသည်ဟု မဆိုလိုပါ။ စာနယ်ဇင်းများမှ လေ့လာခွင့်ရသော ရုပ်ပွားတော်များအနက် အိန္ဒိယ၊ တိဗက်၊ တရုတ်၊ ဂျပန် ဒေသများ၌သာ တွေ့မြင်ရကာ မြန်မာရေမြေတွင် စာနယ်ဇင်း၌ပင် မမြင်ခဲ့ရ ယခုတစ်ကြိမ်သာ ကိုယ်ထိလက်ရောက် မျက်မြင်ဖူးတွေ့ရခြင်းကို ညွှန်းပါ၏။)**

ဝိမုယမုဒြာရုပ်ပွားတော်ကို ကိုးကွယ်သူသည် လူရှင်ရဟန်းတို့၏ အံ့ဖွယ်သရဲ ချီးမွမ်းထောမနာ ခံရခြင်း၊ ဘုန်းခိုးကြီးခြင်း၊ သစ္စာဓိဋ္ဌာန်ပြုရာ၌ လေးနက်

www.burmeseclassic.com



◆ လျှောင်းတော်မူ ပထမအကြိမ်မှုရာစဉ်

◆ ဒုတိယအကြိမ် မှုမြော်စဉ် ပြောင်းလဲသွားသည့် လျက်နာဟန်တော်



အောင်မြင်ခြင်း၊ အစွမ်းသတ္တိ ထက်မြက်ခြင်း အကျိုးများ ခံစားရနိုင်ကြ၍...

အဘယမုဒြာရုပ်ပွားတော်ကို ကိုးကွယ်သုံ့ကား မုဒြာ၏ အနက်သဘော အရ ဗုဒ္ဓမြတ်စွာဘုရား ကိုယ်တော်ထိုင်မှာ ကိလေသာ ကင်းစင်တော်မူသော အနန္တဇိနဖြစ်တော်မူသောကြောင့် **"န ကုတောဘယံ"** ကြောက်ရွံ့ထိတ်လန့်ဖွယ် တစ်စုံတစ်ရာ မရှိတော့ပြီဟူသော ဗုဒ္ဓဂုဏ်တော်ကို သိစေလို၍ လည်းကောင်း၊ မကြောက်ရွံ့ကြလင့်၊ ဘေးအန္တရာယ်အပေါင်းမှ အသင့်အား ဗုဒ္ဓကိုယ်တော်တိုင် ကာကွယ်ပေးနေပါသည်ဟူ၍ လည်းကောင်း လက်တော်ဖြင့် ညွှန်းဆိုပြတော်မူခြင်းဖြစ်သည်။

'ဥပ္ပဇ္ဇေယျ ဘယံ ဝါ ဆမ္ဘိ တတ္တံ ဝါ လောမဟံသော ဝါ'

www.burmeseclassic.com

www.burmeseclassic.com



မတ်ရုပ်တော်များ

**"မကြောင့်ကြလင့် ထိတ်လန့်တုန်လှုပ်ခြင်း၊ ကြက်သီးမွေးညင်းထခြင်း တစ်စုံတစ်ရာ မဖြစ်လင့် ကိုးကွယ်အားထားရာ ဗုဒ္ဓမြတ်စွာ ရှိနေပါပြီ"**

ဟူသော **ဓဇဂ္ဂသုတ်ပရိတ်တော်** ဒေသနာကို ဟောကြားတော်မူနေဟန်ဖြစ်သည်ဟု သုတေသီတို့ အဆိုအမှတ်ပြု၏။

လောကဓံ အဆိုးတရားတို့နှင့် ရင်ဆိုင်နေကြရသူတို့ကို မတုန်လှုပ်ခြင်း၊ သောကကင်းခြင်း၊ ကိလေသာမြူကင်းခြင်း၊ ဘေးရန်ကင်းခြင်း တည်းဟူသော မင်္ဂလာများ ရရှိရန် သရုပ်ပြသော လက်ဟန်မုဒြာ ဖြစ်သည်။

မုဒြာနှစ်ခုပေါင်းစပ်၍ ဖော်ပြပါ အကျိုးသွားများ ပေါင်းစပ် ခံစားနိုင်ကြပေသည်။

ထိုမှအနီး ကျောင်းခန်းနံရံထောင့်ကပ်လျက် ညောင်စောင်းပေါ်၌ လျောင်းတော်မူ ရုပ်ပွားတော်တစ်ဆူ ပူဇော်ထားသည်။ ပကတိ အရွယ်အစားနှင့် ညောင်စောင်းထက် ပူဇော်ထားသဖြင့် သက်တော်ထင်ရှား မြတ်ဘုရားကို ဖူးတွေ့ရသကဲ့သို့ ခံစားရစေသည်။

လက်ယာနံတောင်းဖြင့် လျောင်းကာ လက်ယာလက်ဖဝါးအုံး၍ တစ်စုံတစ်ရာကို လေးနက်စွာ ကြံဆနေဟန် လျောင်းတော်မူ မြတ်ဘုရားဖြစ်သည်။

ဤလျောင်းတော်မူ ရုပ်ပွားတော်အား နေရာပြောင်း၍ ဖူးမြော်ပါလျှင် ဟန်တော် ပြောင်းလဲ၍ အပူအဇော်ခံယူတော်မူသည်ဟု ဆိုသဖြင့် အနည်းငယ် နောက်ဆုတ်၍ ဖူးမြော်သောအခါ ပြုံးတော်မူဟန် (ကြံဆတွေးတောသည့် အမေးပုစ္ဆာအဖြေရရှိဟန်)ဖြင့် ဖူးတွေ့ရလေသည်။ ယင်းနောက် မတ်ရုပ်တော်အချို့ ဖူးမြင်ရသည်။

မြတ်စွာဘုရားသည် ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာတရားတော်ကို ဟောတော်မူပြီး၍ တာဝတိံသာမှ သင်္ကာသနဂိုရ်မြို့သို့ ဆင်းကြွတော်မူသော ဟန်တော်ကို ရည်ရွယ်ထုလုပ် ပူဇော်ထားကြခြင်းဖြစ်သည်။

သင်္ကန်းအနားရေးကို လက်တော်ဖြင့် ကိုင်တွယ်သုံးသပ်ဟန် **စီဝရဟတ္ထမုဒြာ**ဖြင့် ဖူးတွေ့ရသည်။


ဤရုပ်ပွားတော်ကို အဦးအစဖြစ်လိုသူ၊ ပညာအရာ ထူးချွန်ကြီးမြတ်လိုသူတို့ အဓိဋ္ဌာန်ပြု ပူဇော်၍ အောင်မြင်ဖြစ်ထွန်းမှုကို ရရှိနိုင်ကြသည်။

အကြောင်းသော်ကား မြတ်စွာဘုရားရှင် သင်္ကာသနဂိုရ်ပြည်သို့ ဆင်းကြွတော်မူရာတွင် ပထမဦးစွာ ဖူးတွေ့၍ ခြေတော်အစုံကို ဦးခိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



◆ သရဏဂုံကြေးစည်

သူမှာ အရှင်သာရိပုတ္တရာ ဖြစ်လေသည်။(*ဘဒ္ဒန္တကုဏ္ဍလ၏ မဟာသုတ ဒီပနီကျမ်း ပထမတွဲ၊ စာမျက်နှာ–၁၂၉ တွင် ကြည့်ကြပါ။*)

အဦးအစ ဖူးတွေ့ရခြင်းကြောင့်လည်းကောင်း၊ ဉာဏ်ပညာအရာတွင် ဧတဒဂ်ရပုဂ္ဂိုလ် ဖြစ်ခြင်းကြောင့်လည်းကောင်း အထက်ပါအတိုင်း အောင်မြင်ဖြစ်ထွန်းမှုကို မျှော်ကိုးနိုင်ခြင်း ဖြစ်လေသည်။

ဘုရားခန်းတွင်းရှိ ရုပ်ပွားတော်များနှင့် ပတ်သက်၍ ကပ္ပိယနှင့် ကူညီပို့ဆောင်ပေးသူ ရှာခံတို့အား မေးမြန်းကြည့်ရာ ဤသို့ ဖြေကြ၏။

'ဆရာတော်မှပဲ သိပါလိမ့်မယ်'

'လမ်းထိပ်က ဆိုင်းဘုတ်မှာ ဂျပန်နိုင်ငံ ရှေးဟောင်းယဉ်ကျေးမှုပြပွဲ ဒုတိယဆုလို့ ရေးထားတယ်။ ဘယ်တုန်းက ကျင်းပတာလဲ'

'ကြာလှပြီ မ.ဆ.လအစိုးရ လက်ထက်ကတည်းကပါ။ ကျွန်တော်တို့လဲ ကောင်းကောင်း မမှတ်မိဘူး'

လူလတ်ပိုင်းအရွယ်များ ဖြစ်ကြလေရာ သူတို့ငယ်စဉ် ကလေးသူငယ်ဘဝတွင် ဖြစ်နိုင်ပေသည်။ ကျောင်းခန်းအတွင်း မှတ်တမ်းကမ္ပည်း တစ်စုံတစ်ရာ မတွေ့မမြင်ရသဖြင့် ရုပ်ပွားတော်များကို ဓာတ်ပုံမှတ်တမ်းပြုကာ ပြန်ရန် ရှိခိုးကန်တော့စဉ် ဘုရားခန်းရှေ့ကြမ်းပြင်၌ ထူးခြားသော ကြေးစည်တစ်ခုကို တွေ့ရသည်။

**သရဏဂုံကြေးစည်**

ကြေးစည်ထိပ်ပိုင်းတွင် **အရဟံ**ဟု ရေးထွင်းကာ အောက်မှ…

**"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"**

**"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ"**

**"ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု"**

ဟူ၍ ဆက်၍ ရေးသားထားသည်။

**"က၊ ဃ၊ ဏ၊ ဠ"** ကြီးလေးကြီး အက္ခရာများနှင့် စ.ဓ.ဗ.ဝ စမများလည်း တွေ့ရသည်။

ဆွမ်း ပန်း ရေချမ်း ဆီမီး ကပ်လှူဒါနပြုပြီးသောအခါတွင် ကြေးစည်တွင် ရေးထွင်းထားသည့်အတိုင်း နှလုံးသွင်းရွတ်ဆို၍ သရဏဂုံ တည်ဆောက်ကာ ကြေးစည်တီး အမျှပေးဝေရသည်။

လောကီလောကုတ္တရာ လိုရာကိစ္စတို့တွင် ကြီးမားသော အောင်မြင်မှုများ ရရှိ ပိုင်ဆိုင်နိုင်ကြသည် ဆိုလေသည်။

ဘုရားဖူးဧည့်သည်များကို ဂရုတစိုက် ကူညီပေးတတ်ကြသော ထန်းပင်တဲ ရွာသူရွာသားတို့အား ကျေးဇူး အထူးတင်ရှိပါသည်။

**စောသိင်းလ**

www.burmeseclassic.com

ဤအစီအရင်သည် ၁-ကြွင်း **မဟာဘုတ်ပိုင်ရှင် တနင်္လာသား သမီး**များအတွက် ဖြစ်ပါတယ်။

ကြည့်ပါ။

* * *


| | | |
|---|---|---|
| | ၅ | |
| ဝ | ၃ | ၆ |
| ၄ | ၁ | ၂ |

**၁-ကြွင်း မဟာဘုတ်**

၁-ကြွင်း မဟာဘုတ်အရဆိုရင် **တနင်္လာသားသမီးများသည် ပုတိ ဖွား**ဖြစ်ကြောင်း တွေ့ရပါမယ်။

၁-ကြွင်း မဟာဘုတ်ပြောရရင်တော့ တနင်္လာ(ပုတိ)သည် အထွန်း စနေနဲ့ ပက္ခမိပါတယ်။

* * *





ဒါကြောင့် တနင်္လာသားသမီးများသည် စနေသက်ရောက်ကြုံတဲ့နှစ်များတွင်...

- ငွေကြေးပြဿနာပေါ်ခြင်း
- ငွေကံခေခြင်း
- ငွေအကျိုးအကျပ်ကျခြင်း
- ကြွေးတင်ခြင်း

များ ကြုံရတတ်ပါတယ်။

ဒါကြောင့် စနေသက်ရောက်ကြုံတဲ့



သန်းပညာ

မဟာဘုတ်ချိန်ခွင်နှင့်

# လာဘ်ရငွေဝင်

အစီအရင်

၁၂၊ ၂၀၊ ၂၈၊ ၃၆၊ ၄၄၊ ၅၂၊ ၆၀ စတဲ့ အသက်အပိုင်းအခြားများတွင် ဆောင်ရွက်ရပါမယ်။

စနေနဲ့ တနင်္လာ ပညတ်ကြည့်ရင် **"ကြွေးတင်"**လို့ ရပါတယ်။ ဒါကို ပညတ်ကောင်းဖြစ်အောင် စနေနဲ့ တနင်္လာပညတ်ကို ကြည့်ရင် **"ကံတက်"**လို့ ရပါတယ်။




www.burmeseclassic.com

www.burmeseclassic.com

ဒါပြင် အောင်မြင်မှုရဖို့အတွက် စနေအနလ်ာပညတ်ကိုကြည့်ရာ "**တံခွန်**" လို့ ရပါတယ်။ ဒါပြင် ငွေကြေးရ သွယ်ဖို့ရာ ရုပ်ကို နာမ်ကူနည်းအရ **အနလ်ာအစ သောကြာအဆုံးသတ် ညတ်ကောင်းတဲ့ အမည်အဖြစ် "ကြေးသွန်း"**လို့ ရပါတယ်။

ဒါကြောင့် **ကြေးသွန်း** ရုပ်ပွားတော် (၂၆)မှာ အားထုတ်ရပါမယ်။

ကြည့်ပါ။




နည်းစဥ်ကို ပြောပါမယ်။

ကြည့်ပါဦး။

တနလ်ာသားသမီးများသည် စနေ ဆက်ရောက်ကြုံသောအခါ၌ ဖြစ်စေ ငွေကြေးဆိုင်ရာ အခက်အခဲ ကြုံတဲ့ အခါများတွင်...

"**ကြေးသွန်း**"ရုပ်ပွားတော် ရှေ့မှောက်တွင်...

အလင်းတိုင်၊ နံ့သာတိုင်၊ ရေ၊ ပန်း တို့ကို သဒ္ဓါတရားအရ လှူဒါန်းနိုင်ပါ တယ်။ ဘုရားရှိခိုး သီလယူ၊ မေတ္တာပို့ အမျှဝေခြင်းများလဲ ပြုပါ။ သက်တော် ဆင်ရှားဘုရားကို အထူးအာရုံထားပြီး သွင်...

- ◆ ပွဲနေ့မှာ ဆောင်ရွက်ပါ။
- ◆ ကြေပန်းကန်ပြားအဖြူရောင်တွင် "ကတွတ် ထို"ထည့်ပြီး လှူပါ။
- ◆ တံခွန်(၃)ချောင်းလှူပါ။ (ရတနာသုံးပါး ဦးထိပ်ထား၍)
- ◆ ထောတ်ရဂါထာကို (၁၅)ခေါက်ရွတ်ပါ။
- ❖ ဆုတောင်းပါ။

၁။ ဗုဒ္ဓါနံ ဥဒ္ဒိသ အဘိဟဋ္ဌာနံ စတုန္နံ ပစ္စယာနံ နသက္ကာ ကောနစိ အန္တရာယော ကာတုံ တထာ မေ ဟောတု။

၂။ အဘိနိပ္ဖန္နော လာဘော၊ သီလောကောစ မဟေသိနော။ ခတ္တိယာပိ ပိယာယန္တိ တထာပိသ အမတ္တကံ။

၃။ အာဟာရေတိဝ အာဟာရံ ဖေါ်ဟာရမ မတ္တကံ။

အာဟာရန္တံ န ပဿာမ အညံဘိတော ဣဒါနိ စ။

*(၁၅–ကြိမ်)*

ခက်ခဲသော ပါဠိအသံထွက်

| | |
|---|---|
| **ဗုဒ္ဓါနံ** | =ဗုတ်ဓာနံ |
| **ဥဒ္ဒိသ** | =အုတ်ဒိတ်သ |
| **အဘိဟဋ္ဌာနံ** | =အဘိဟတ်ထာနံ |
| **စတုန္နံ** | =စတုန်နံ |
| **ပစ္စယာနံ** | =ပစ်စယာနံ |
| **နသက္ကာ** | =နသက်ကာ |
| **အန္တရာယော** | =အန်တရာယော |
| **အဘိနိပ္ဖန္နော** | =အဘိနိပ်ဖန်နော |
| **ခတ္တိယာပိ ပိယာယန္တိ** | =ခတ်တိယာပိ ပိယာယန်တိ |
| **အမတ္တကံ** | =အမတ်တကံ |
| **အာဟာရန္တံ** | =အာဟာရန်တံ |
| **နပဿာမ** | =နပတ်သာမ |
| **အညံ** | =အင်ညံ |
| **ဣဒါနိစ** | =အိဒါနိစ |

အနက်

၁။ **ဗုဒ္ဓါနံ**၊ ဘုရားရှင်တို့အား။ **ဥဒ္ဒိသ**၊ ရည်မှန်း၍။ **အဘိဟဋ္ဌာနံ**၊ ဆောင်ယူလာအပ်ကုန်သော။ **စတုန္နံ ပစ္စယာနံ**၊ ပစ္စည်းလေးပါးတို့ကို။ **ကောနစိ**၊ တစ်စုံတစ်ယောက်သော သူသည်။ **အန္တရာယော**၊ အန္တရာယ်ကို။ **ကာတုံ**၊ ပြုခြင်းငှာ။ **နသက္ကာ**၊ မတတ်ကောင်း။ **မေ**၊ အကျွန်ုပ်အား။ **တထာ**၊ ထို့အတူ။ **ဟောတု**၊ ဖြစ်ပါစေ။

၂။ **မဟေသိနော**၊ မြတ်စွာဘုရားအား။ **လာဘော စ**၊ လာဘ်လာဘသည် လည်းကောင်း။ **သီလောကောစ**၊ ဂုဏ်တော်သတင်း ကျော်စောခြင်းသည် လည်းကောင်း။ **အဘိနိပ္ဖန္နော**၊ အလွန်ပြည့်စုံတော်မူပါပေ၏။ **ခတ္တိယာပိ**၊ မင်းမျိုးတို့ သည်လည်း။ **ပိယာယန္တိ**၊ ချစ်ခင် ကြည်ညိုကြကုန်၏။ **သေ–ဝေသော**၊ ထိုချစ်ခင်ကြည်ညိုခြင်း သည်။ **အမတ္တကံ**၊ အတိုင်းအရှည် မရှိ။

၃။ (ဘဂဝါ၊ မြတ်စွာဘုရားသည်။) **အာဟာရံ**၊ အာဟာရကို။ **မတ္တကံ–မတ္တကေန**၊ အတိုင်းအရှည်ဖြင့်။ **အာဟာရေတိဝ**၊ သုံးဆောင်တော်မူသကဲ့သို့။ **ဧဝံ–တထာ**၊ ထို့အတူ။ **မတ္တကံ–မတ္တကေန**၊ အတိုင်းအရှည်ဖြင့်။ **အာဟာရံ**၊ အာဟာရကို။ **အာဟာရန္တံ**၊ သုံးဆောင်သော။ **အညံ**၊ အခြားသောသူကို။ **အတီတေစ**၊ ရှေးအတိတ်အခါ၌ လည်းကောင်း။ **ဣဒါနိစ**၊ ယခုအခါ၌ လည်းကောင်း။ **နပဿာမ**၊ မတွေ့မမြင်ကြရကုန်။

*[ဤဂါထာတော်များ ပါဠိအနက်ကို နဂါးတွားရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်း တို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်း၊ အောင်ရွှေ မွှာစရိယ(မဟာဝဏ္ဏဒီမြန်မာ ဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယ ကောဝိဒ(နိကာယဝိပုလ) ]မှ ပြန်ဆိုပေး ပါသည်။ ]*

***အေးပါစေ၊ အောင်ပါစေ။***

သန်းပညာ



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဝင်ဆောင်းပါး

# သားမင်း နှလုံးသည်းခြေဆေး

အမှတ်တံဆိပ်

၀၂၁၁ Y ၀၀၈၉၅၄ လိုင်စင် ၇/၂၀၀၈/တဆထလ (၁၆၂၅)
ကြော်ငြာခွင့်ပြုချက် တဆဝက (စာနယ်ဇင်း) ၁၆၉/၀၂၀၁၀



**အမောပြေ၊ လန်းဆန်း၊ ကျန်းမာဖို့**

**သားမင်း** (အမှတ်တံဆိပ်)

**နှလုံးသည်းခြေဆေးကို သုံးစွဲကြစို့**

ကလင်...ကလင်ဆိုတဲ့ ခေါင်းလောင်းသံကြောင့် တံခါးဖွင့်လိုက်ရာ ရ–လွှာ တက်လာသော ဘရဏီကို တွေ့လိုက်ရသည်။

"တံခါးဖွင့်ပါဦး သရဖီရယ်... မောလိုက်တာ... နောင်ဆို ရ–လွှာမှာမနေဘဲ တာဝတိံသာတက်နေ" ငေါ်ငေါ်တူးတူး ပြောလိုက်သော ဘရဏီစကားကြောင့် သရဖီက ရယ်ကျဲကျဲလုပ်ရင်း...

"နောက်မှပဲစိတ်ဆိုး... ခုတော့ အမောပြေ ဒီဆေးလေးသောက်လိုက်... အမောတွေ ပြေသွားစေရမယ်"

ဆေးလက်ဖက်ရည်ဇွန်း တစ်ဇွန်းခန့် ရေအေးနှင့်သောက်ပြီး ခဏ ဘရဏီမျက်နှာ ရွှင်ပျလာသည်။

"ဟယ်...ဆေးကလဲချိုချဉ်အရသာလေးနဲ့ ကောင်းလိုက်တာ... အမောကို ပြေသွားတာပဲ... အခု ငါ့ကို တိုက်တာ ဘာဆေးလဲဟင်"

"ငါတို့မိသားစု အမြဲ သုံးစွဲနေတဲ့ **သားမင်း အမှတ်တံဆိပ် နှလုံးသည်းခြေဆေးပါ**"

ထိုစဉ် ဘရဏီ၏ မိခင် ဒေါ်မာလာရောက်လာကာ "ဟုတ်တယ်... ဘရဏီရေ... ဒေါ်ဒေါ်တို့က ရ–လွှာမှာနေကြတဲ့သူတွေဆိုတော့ မိတ်ဆွေတစ်ယောက်ရဲ့ ဆေးလမ်းညွှန်မှုကြောင့် **သမားတော် ဦးကိုကိုကြီး ဖော်စပ်ထားတဲ့ သားမင်းအမှတ်တံဆိပ် နှလုံးသည်းခြေဆေး**ကို အမြဲသုံးစွဲနေတာ သရဖီ ရှုံးသွားရှုံးပြန်သောက်တဲ့ ဆေးဖြစ်သလို ဒေါ်ဒေါ်လည်း ဈေးသွားဈေးပြန်သောက်ရတဲ့ ရ–လွှာအတွက် အမောပြေဆေးပါပဲကွယ်"

"ခုနက သရဖီပြောလိုက်တာ နှလုံးသည်းခြေဆေး ဟုတ်လား"

"ဟုတ်တယ် ဘရဏီ... နှလုံးသည်းခြေဆေးပါ... နှလုံးကောင်းမှ သည်းခြေနဲ့သွေးဟာ တစ်ကိုယ်လုံးပျံ့နှံ့သလို သွေးနဲ့ အဗဒ္ဓသည်းခြေရောစပ်ကာ တစ်ကိုယ်လုံးပျံ့နှံ့ပြီး နှလုံးကို ပြန်စောင့်ရှောက်တာလို့ မြန်မာ့တိုင်းရင်းဆေးပညာကို လေ့လာထားလို့ ငါသိရတာ"

"နှလုံးသည်းခြေဆေးဟာ နှလုံးအတွက်ရော သည်းခြေအတွက်ပါ အကျိုးပြုတယ်ဆိုရင် လူတိုင်း သုံးစွဲသင့်တဲ့ ဆေးတစ်လက်ပဲပေါ့... ဒါဆိုရင် အသက်ကြီးပြီဖြစ်တဲ့ ငါ့ရဲ့ဖေဖေနဲ့ မေမေကို သုံးစွဲဖို့ အသိပေးရဦးမယ်... အဲဒီ သားမင်းအမှတ်တံဆိပ် နှလုံးသည်းခြေဆေးဟာ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြပေးပါဦး သရဖီ"

"ပြောပြမယ်... သေသေချာချာ နား ထောင်... နှလုံးသည်းခြေ အားနည်းခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်း၊ နှလုံးသွေးကြောကျယ်ခြင်း၊ နှလုံးသွေးကြော အဆီပိတ်ခြင်း၊ နှလုံးကြွက်သားများ အားနည်းခြင်း၊ ရောင်ခြင်း၊ နှလုံးတုန် ရင်ခုန်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူကျပ်ခြင်း၊ နှလုံးခုန်မမှန် မူးဝေ မောပန်းခြင်းများကို ရေအေး(သို့မဟုတ်) ဆီးဖျော်ရည် ရရာနှင့် သုံးစွဲနိုင်တယ်တဲ့"

"ဒါဆိုရင် လူတိုင်းနဲ့ သင့်လျော်တဲ့ ဆေးကောင်းတစ်လက်ပဲ ဆက်ပြောပါဦး သရဖီ"

"ရင်ညွန့်၌ စူးအောင့်ခြင်း၊ ကျောနှင့်ရင် ညှပ်အောင့်ခြင်း၊ နှလုံးစူး၍အောင့်ခြင်း၊ ရင်ဝပူ၍ မအီမသာဖြစ်ခြင်း၊ လေးလံထိုင်းမှိုင်းခြင်း၊ အနည်းငယ်လှုပ်ရှားရုံနှင့် မောပန်းနွမ်းချိနေခြင်း၊ ဒေါသကြောင့်ဖြစ်စေ၊ စိုးရိမ်ကြောင့်ကြ ထိတ်လန့်ခြင်းကြောင့်ဖြစ်စေ၊ နှလုံးတုန် ရင်ခုန် မောပန်းခြင်းများကို ရေအေး (သို့မဟုတ်) ကြရည်ရရာနှင့် သုံးစွဲနိုင်ပါတယ်...

ဆက်နားထောင် ဘရဏီ... နှစ်ခြိုက်စွာ အိပ်မပျော်သူများ စိတ်ဖိစီးမှုများ၍ စိတ်မကြည်လင်သူ၊ စိတ်ရောကိုယ်ပါ ပင်ပန်းနွမ်းနယ်သူများ၊ အားအင်ကုန်ခန်းသူ၊ သတိမှတ်ဉာဏ်နည်းသူများ အထူးသဖြင့် အိပ်ပျက်ခံ ကျက်မှတ်ရသော စာသင်သား၊ ရဟန်းသံဃာများ၊ ကျောင်းသူကျောင်းသားများ၊ စိတ်ရောကိုယ်ပါ မောပန်းနွမ်းနယ်သာ ကာယ၊ ဉာဏ လုပ်သားများ၊ နာလန်ထစလူနာများ၊ သက်ကြီးရွယ်အိုများ၊ ရေအေး (သို့မဟုတ်) ပျားရည်နဲ့ နေ့စဉ် သုံးစွဲပါက ပင်ပန်းမှုပြေပျောက်လျက် စိတ်ကြည်လင် လန်းဆန်းစေပါတယ်။

အပူအပုပ်များသူ၊ ဆီးနီ၊ ဆီးနည်းသူများ ရေအေး (သို့မဟုတ်) မန်ကျည်းဖျော်ရည်နဲ့ သုံးစွဲနိုင်ပါတယ်။ အထူးသဖြင့် နှလုံးအားသွေးအား၊ သည်းခြေအားနည်းသူများ၊ နှလုံးရောဂါရှင်များ ပုံမှန်သောက်သုံးသင့်ပြီး အရွယ်တင်နုပျိုလိုသူ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ လေငန်းရောဂါ ကာကွယ်လိုသူများအတွက် နေ့စဉ်သောက်သုံးသင့်တဲ့ ဆေးတစ်လက်ဖြစ်ပါတယ်တဲ့ ဘရဏီ"

"အဲဒီလောက်ကောင်းတဲ့ **သားမင်း အမှတ်တံဆိပ် နှလုံးသည်းခြေဆေး**ကို ငါတို့မိသားစုလဲ သုံးစွဲမယ် လိုအပ်တဲ့သူတွေလဲ သုံးစွဲနိုင်အောင် ပြည်ပေါ်မှာ ရွှေကြော်ငြာထုတ်လုပ်ချင်ပါ့ ဘရဏီရယ်..."

**ပင်ရင်း-သားမင်းဆေးတိုက်** အမှတ် (၁၀၁၃)၊ ဤ္ဂန္ဒာ(၁၀)လမ်း၊ ၄/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၀၁-၇၀၅၃၆၄ ၊ ၀၉ ... ၉၇၉၈၇၃



www.burmeseclassic.com

www.burmeseclassic.com

ရွှံမာန် ကင်းစေသည့် ကောလင်းနယ်မှ

# ဆောင်နိုဝိတ်ဆောင်
# ခမေဟာက်ကောင် (၄)

ထက်မြင့်ကျော်စွာ

**ယခင်လမှ အဆက်**


ဤမုဒြာနှင့် ရုပ်ပွားတော်များကို မင်းကောင်းမင်းမြတ်တို့သည် မိမိ ိုင်းနိုင်ငံကို တိုင်းတစ်ပါးရန်သူတို့ ပါး မနှောင့်ယှက်နိုင်ရန်၊ တိုင်းသူ ည်သူတို့၏ ယုံကြည်အားကိုးမှု ရစေ ဘုန်းတန်ခိုး အာနုဘော် ထက်မြက် ပွားစေရန် ရည်ရွယ်၍ စီရင်ကိုး ယ်ခဲ့ကြသည်။

ဤရုပ်ပွားတော်ကို ပူဇော်ကိုးကွယ် သည် ရေးအတိတ်ကံ ကောင်းမှု င်းစေခြင်း၊ မဟုတ်မတရား စွပ်စွဲ ပြေပျောက်ခြင်း၊ ဘုန်းတန်ခိုးကြီး ခြင်း တွေ့ဝေမှောက်မှားမှု ပပျောက်၍ တွေ့ရှိခြင်း စသည့် အကျိုးများ စေသည်ဟု သိမှတ်ရသည်။

ဤမုဒြာရုပ်ပွားတော်နှင့်အတူ ပါဝင် ရှိသော အလုပ်အကျွေး ညီတော် ရုပ်တုကိုလည်း မြင်တွေ့ရလေ ည်။

ဘိတ်ပေးတန်ဆောင်းမှ ပြန်ထွက် အထက်စောင်းတန်းအတိုင်း တက်ခဲ့ရာ လက်ယာဘက်၌ မြ ောင်သို့ လမ်းညွှန်ဆိုင်းဘုတ်ကို ည်။ ယင်းမှလွန်သော် စောင်း ွန်၊ တောင်ခါးပန်း၌ ဥမင် လေးခုကို စီတန်း၍ တွေ့ရ

ဥမင်တစ်ခုလုံးမှာ သံပုန်းသံတံခါး ဆင်ထား၍ အတွင်း၌ တင်ပျဉ်ခွေ



▲ ကောင်းမှုတော်စေတီ




www.burmeseclassic.com

www.burmeseclassic.com

ရုပ်ပွားငယ်တစ်ဆူ ပူဇော်ထားသည်။ တရားကျင့်လိုဏ်ဂူများဖြစ်သည်။

လူတစ်ရပ်စာ အမြင့်ရှိ၍ လေးထောင့်ကျကျ စနစ်တကျ ဖောက်လုပ်ထားသည်။ အနှောင့်အယှက် ကင်းဝေး အေးချမ်းစွာ ကျင့်ကြံအားထုတ်နိုင်သည့် ကမ္မဋ္ဌာန်းလိုဏ်ဂူများ ဖြစ်ကြလေသည်။



ရင်ပြင်အရှေ့ အာရုံခံမှ ရုပ်ပွားတော်

ထိုမှ စောင်းတန်းလှေကားအတိုင်း ပြန်လည်၍ တက်ရောက်ရာ စောင်းတန်းနံဘေး စိုက်ထူထားသည့် အလှူရှင်အမည် ကမ္ပည်းများအနက် တစ်ခုမှာ...

'ခမောက်တောင် ဘုရားဖူးလာကြသော တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေ သားသမီးများ ကောင်းမှု'

ဟူ၍ ထူးခြားစွာ တွေ့ရလေသည်။

စောင်းတန်းကွေ့ တစ်နေရာတွင် သီးခြားကုန်းတော်နှင့် ကောင်းမှုတော်စေတီကို ဖူးတွေ့ရသည်။ အဝိုင်းပုံ ပစ္စယံသုံးဆင့်အထက် စပါးပုတ်သဏ္ဌာန်စေတီ ပေါက်ထားသည်။

ထိုမှအထက်တွင် တွေ့ရသော စန္ဒာမုနိစေတီမှာ လေးထောင့်လိုဏ်တစ်ထပ်ခံ၍ ရှစ်မြှောင့်ပစ္စယံနှင့် ခေါင်းလောင်းမှောက်စေတီ ပေါက်ထားသည်။ လိုဏ်အတွင်း၌ နှုတ်ခမ်းတော်ပြုံးတော်မူဟန် တင်ပျဉ်ခွေ ရုပ်ပွားတစ်ဆူ ပူဇော်ထားလေသည်။

ယင်းနောက်တွင်ကား အထက်စောင်းတန်း ဆုံးပြီဖြစ်၍ နဂါးလေးကောင်ရုံလမ်းဝ အတက်အစသို့ ရောက်လေသည်။


နဂါးရုံလမ်းဆာစ





www.burmeseclassic.com

www.burmeseclassic.com



နဂါးလှကျောင်း၏ ဆောက်ဦးနှိပ်(၇၂)တောင်

ရင်ပြင်တော်အဝင် ကျွန်းနှန်ကောင်းမှန်



www.burmeseclassic.com

## ပြည်လုံးကျောက်ထီးစေတီငယ်

ရသေ့ကြီး ဦးစီသည် ခမောက်တောင်ထိပ်စေတီတော်ကြီး တည်ဆောက်ပူဇော်ခဲ့ခြင်းကို ၁၃၁၅ ခုနှစ်၌ ရေးသားထုတ်ဝေခဲ့သည့် **အရဟံတာ၊ အရိယာဝိဇ္ဇာ ဝိပဿနာကျင့်စဉ် စာအုပ် စာမျက်နှာ (၁၅)တွင် ဤသို့ ဖော်ပြထားသည်။**

'ကောလင်းမြို့ သေလာပဗ္ဗတခမောက်တောင်သို အမြင့်(၉၉)လံရှိသော တောင်ထိပ်မှ (၉)လံရှိသော အောင်စကြာနေမင်းဘုရားကြီးသည် ပါပဂြိုဟ်လေးလုံး ဂြိုဟ်သက်ပေါင်း (၃၆)အရ၊ (၃၆)တောင် (၉)လံပြည့် ကမ္ဘာလုံးဆိုင်ရာ ရန်ပြေမာန်ပြေ အောင်စကြာ နေမင်း လေးကျွန်းကျောက်ထီးဘုရား။

သောမဂြိုဟ်လေးလုံး ဂြိုဟ်သက်ပေါင်း (၇၂)အရ အောက်ပိုင်းသို့(၇၂)တောင်ပြည့် မပြီးစီးသေးသော ကမ္ဘာလုံးဆိုင်ရာ ရန်ပြေမာန်ပြေ အောင်စကြာ လမင်းလေးကျွန်းကျောက်ထီးဘုရား'


ဟူ၍ ရေးသားဖော်ပြထားသည်။ ထို့ပြင် ၁၃၁၃ ခုနှစ်က ရေးသားထုတ်ဝေသည့် **အရိယာဝိဇ္ဇာ မဟာဗိဒ္ဓိကျင့်စဉ်**စာအုပ် စာမျက်နှာ(၄၀)၌...

'ကသာဒီစတြိုတ် ကောလင်းမြို့ သေလာပဗ္ဗတ ခမောက်တောင်သိုတောင်ပေါ်၌ ၁၃၁၁ ခုနှစ်၊ ကဆုန်လဆန်း(၁၀)ရက်နေ့မှစ၍ တောင်ထိပ်အထက် (၃၆)တောင်ပြည့် အောင်စကြာ ပြည်ကျောက်ထီးတော်ကြီးကို တင်ရာ ၁၃၁၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၁)ရက်၊ အင်္ဂါနေ့ နံနက်(၇)နာရီအချိန်တွင် ပြီးစီး၍ မဟာပထဝီမြေကြီးက တော်လဲလျှင် ပဲ့တင်ခတ်ပြီး ကမ္ဘာအရပ်ရပ်သို့ အကြောင်း ကြားပါကြောင်း...

ပေါင်း (၁၀၈)တောင်ပြည့်အောင် အောက်ပိုင်း(၇၂)တောင်ကို တောင်ကြီးအား ဘုရားလုံးပေါ်ရန် မြို့ပြီးပါပြီ။ ဗုဒ္ဓသာသနာတော်မြတ်ကြီး အမြန်ဆုံး ပွင့်လင်းသာယာတော်မူရန် ကမ္ဘာ့ဗုဒ္ဓသာသနာဝင် အပေါင်း စုပေါင်း မြှင့်တင်တော်မူကြပါမည့်အကြောင်း နှိုးဆော်လိုက်ပါသည်'

ဟူ၍ ဖော်ပြထားသည်။

ထိုအချက်များအရ (၉၉)လံ(အမြင့် ၃၉၆–တောင်၊ ပေပေါင်း–၆၃၀)ရှိသော ခမောက်တောင်ကြီးကို စေတီပမာပြုကာ အထွတ်ထီးတော်အဖြစ် (၁၀၈) တောင်အမြင့်ရှိ စေတီတော်ကို တည်ဆောက်ခြင်းဖြစ်သည်။



◆ ပြည်လုံးကျောက်ထီးစေတီတော်

ထို့ကြောင့် ထိုစေတီကို ကျောက်ထီးတော်ကြီး သို့မဟုတ် ကျောက်ထီးဘုရားဟု သုံးနှုန်းခြင်းဖြစ်သည်။

ထိုစေတီ၏ အထက်ပိုင်း (၃၆) တောင်အထွတ်ကို ၁၃၁၁ ခုနှစ်၊ ကဆုန်လဆန်း (၁၀)ရက်နေ့မှ စတင်တည်ဆောက်ရာ ၁၃၁၂ ခုနှစ်၊ ပြာသိုလပြည့်ကျော်(၁)ရက် အင်္ဂါနေ့တွင် ပြီးစီးကြောင်း သိရပေသည်။

အောက်ပိုင်း(၇၂)တောင်ကို တည်ဆောက်ရန် မြေဖို့၍ စေတီလုံးပေါ်ပြီးဖြစ်ရာ ကုသိုလ်ပါဝင်ကြပါရန် နှိုးဆော်



www.burmeseclassic.com

www.burmeseclassic.com



တောင်ထိပ်ရင်ပြင်မှ မြင်ရသော ဝန်းကျင်ရှုခင်း

...ခြင်းဖြစ်သည်။

ထို့အောက်ပိုင်း (၇၂)တောင်ကို ...လေးကောင်ရစ်ပတ်ကာ ဖိနပ်တော် ...လေးဆင့်အမြင့် တည်ဆောက်ရန် ...ည်ရွယ်သည်ဟု ဖော်ပြပါရှိသည်။

သို့သော်လည်း ကုန်းတော်(တောင် ...တ်) အနောက်မြောက်ထောင့်နှင့် ...မြောက်အရပ်တို့တွင် ချောက်...ဖြစ် ...ရာ အခက်ကြုံရကြောင်း သိမှတ်ရ ...သည်။

ယခု တွေ့ရှိရသော နဂါးကြီးမှာ ...အောက်ဆုံးအဆင့် ဖိနပ်တော် ပြုလုပ် ...ထားသောနေရာ ဖြစ်ပေသည်။

**ဣန္ဒာစရိယကျမ်း**တွင် အလွန် ...ရာ တန်ခိုးအာနုဘော်ကြီးသော ...ဥဒ္ဒောဒရနဂါးမင်း၊ မဟောဒရနဂါးမင်း၊ ...နန္ဒောပနန္ဒနဂါးမင်း၊ ဥရုဝေလနဂါးမင်း ...တို့သည် မြတ်စွာဘုရား၏(၁၀၈)ကွက် ...တော်လက္ခဏာနှင့် ပြည့်စုံသော ခြေတော်အောက်သို့ ရောက်ကြရကုန်သည်ဟု ဖော်ပြထား၏။

မြတ်စွာဘုရားရှင် ချေချွတ်၍ မိစ္ဆာဒိဋ္ဌိအယူမှားမှုများ ပျောက်ကွယ်ကြသည်ဟု ဆိုခြင်းဖြစ်၏။

သို့ဖြစ်လေရာ ဉာဏ်တော်အမြင့် (၁၀၈)တောင်ရှိသော ဤကျောက်ထီးစေတီတွင် အနားသတ်အဖြစ် ဝန်းရံနေသော နဂါးလေးကောင်သည် သင့်မြတ်လှသော ပူဇော်မှုဖြစ်သည်။

ဦးစီကလည်း ဣန္ဒာစရိယကျမ်း အပါအဝင် လောကီကျမ်းပေါင်း (၄၀) တို့ကို ပညာပေါက်ဆရာကြီးများထံမှ (၁၅)နှစ်ကြာ သင်ကြားမှတ်သားခဲ့ကြောင်း သူ၏ လောကသိပ္ပဝိဇ္ဇာ အလင်းပြကျမ်းတွင် ဖော်ပြထား၏။

နဂါးရံသော လမ်းကလေးမှာ ကုန်းတော်တစ်ပတ် ပြည့်အောင် တည်ဆောက်နိုင်ခြင်း မရှိသေးသဖြင့် နဂါးနှစ်ကောင်၏ ခေါင်းနှင့်အမြီးကြား လှေကားထစ်များမှသာ ဖြတ်ကျော်တက်ရောက်ခဲ့ရသည်။

ရသေ့ကြီး နှိုးဆော်ခဲ့သည့်အတိုင်း နဂါးပတ်ဖိနပ်တော် (၄)ဆင့် အပြည့်ကောင်းမှုပြုမည့် ကုသိုလ်ရှင်များ မြန်စွာပေါ်ထွက်နိုင်ပါစေဟု ထပ်လောင်းဆုတောင်းမိပါသည်။

## ရွှေတော်မှောက်သို့

တောင်ပေါ်သို့ ရောက်သောအခါ ဂျုန်နှစ်ကောင်ရံသော မုခ်ဦး အထက်နဖူးစီး၌ **'ပြည်လုံးကျောက်ထီးစေတီတော်'** ဟူသော ဘွဲ့မည်ကမ္ပည်းကို တွေ့ရသည်။ အနောက်ဘက်၌လည်း ဂျုန်နှစ်ကောင်ရံ အဝင်တံခါးတစ်ခု ရှိပေသည်။

**ရွှေလ ဆက်ဖတ်ပါရန်**

**ထက်မင်းကျော်စွာ**



www.burmeseclassic.com

www.burmeseclassic.com

ထုံးလေးလေး၊ ဆေးလေးလေး ဆိုသည့် စကားကို နေရာအနှံ့တွင် ကြားနေကြရသည်။ နားယဉ်ပါးသွားသည့်အတွက် ကွမ်းယဉ်ကျေးမှုအတိုင်း အတာ မည်မျှရှိသည်ကို စာရေးသူတို့ သိကြပါမည်။

ဤနယ်မှာ အမျိုးသမီးအချို့ပင် ကွမ်းစားကြ၍ ကွမ်းယာဆိုင်တွေ ရေတွက်မကုန်အောင်ရှိသည်။ ထုံးကောင်းကောင်း၊ မကောင်းကောင်း ကြာလျှင် ထုံးသည် ခံတွင်းကို ဒုက္ခပေးတတ်သည်။ မကြာခဏ ထုံးပေါက်၍ ပေါက်တိုင်းလည်း ထမင်းစားပင် ပျက်တတ်ပါသည်။

ဘတ်ဂျက်အရ ဆိုင်ကွမ်းရှောင်၍ အိမ်ကွမ်းဆောင်ခဲ့သည့် ကာလတစ်ခု အတွင်းမှာ ထုံး သုံးခါ ကြီးကြီးကျယ်ကျယ် ပေါက်ဖူးသည်။ စီးပွားရေးသမားတို့၏ ပြီးစလွယ် လုပ်ကွက်ကြောင့် စားနေကျဖြစ်တောင်မှ ထုံးက ဒုက္ခ လှလှပေးသွား၏။

နှစ်ခါက စားဆေး၊ သောက်ဆေးတို့နှင့် သက်သာပါသည်။ နောက်ဆုံး အကြိမ်ကျတော့ အင်္ဂလိပ်ဆေးမျိုးစုံနှင့် မရ။ ညာဘက်အောက် အံသွားနားရှိ သွားဖုံးကို ထုံးစားကာ အပေါက်ကြီး ဖြစ်၍ နေသည်။

လည်ချောင်းက နာကျင်လှ၍ အဖတ်စားမရပါ။ အရည်လောင်း ထည့်ဖို့ရာပင် ပါးစပ်ကို ဖွန်းနှင့်ကလော်ထားရသည့်ဘဝ။ ကိုယ်တွေလည်း ပူကာ အဖျားက တစ်ရာကျော်ကျော် ရှိလာသည်။

ဟ,ထားရာမှ ဓာတ်မီးဖြင့်ကြည့်ရာ အောက်ဘက်အံသွားမှ စ,ကာ ခုနစ်ချောင်းခန့်အထိ သွားရင်းတွေ ပေါ်ကာ သွားဖုံးတွေ အဖတ်လိုက် ကွာကျနေ

# ပုဏ္ဏာရိုက်ပင်လေး

အထင်မသေးနှင့်



သည်။ ပုပ်ရိကာ ရှေ့ဆက်ဆိုးဖို့သာ ရှိတော့သည့် အခြေအနေ။

ပြီးခဲ့သည့်နှစ်က လမ်းထဲမှ ကွမ်းသမားတစ်ဦး ဤသို့ဖြစ်ကာ ဆုံးသွားဖူး၍ လန့်နေစဉ် မိတ်ဆွေတစ်ဦး သတင်းလာမေးပြီး ဆေးနည်း ပေးသွားသည်။

လူတကာ အထင်သေးစရာ ခြံစည်းရိုး ပုဏ္ဏာရိုက်ပင်၏ အစွမ်းက မည်သည့် ဆေးနည်းမျှ မတိုးသည့် ရောဂါကို သက်သာ ပျောက်ကင်းသွားတာ ကိုယ်တွေ့ကြုံရ၍ မျှဝေပါသည်။

ဦးစွာ ပုဏ္ဏာရိုက်ပင် ငါးပင်ခန့်ကို နုပ်နုပ်စဉ်းပြီး ပြုတ်ပါ။ ပြုတ်ရည်ကို ဓာတ်ဘူးထဲ ထည့်ပြီးလျှင် တစ်ခွက်စာစီ ငုံနိုင်သလောက် အအေးခံကာ ( မအေးလွန်းမပူလွန်း ) ငုံရပါသည်။

နှစ်မိနစ်မျှကြာသော် ထွေးပြီး ပြုတ်ရည် နောက်တစ်ခွက် ငုံရပါသည်။ ထွေးထုတ်တိုင်း သွေးပြည်တွေနှင့် အသားစတွေပါလာပြီး နေ့ရထိုင်ရ သက်သာလာပါသည်။ ပါးစပ်ဟ,၍ ရလာပါသည်။

မကြာခဏ လုပ်ပေးရာ နှစ်ရက် အကြာ၌ လုံးဝ သက်သာလာပါသည်။ မည်သည့်ဆေးမျှ ထပ်မသောက်ပါ။

မကြာမီ အသားနုတက်လာပြီး သက်သာ ပျောက်ကင်းသွားသည်မှာ အံ့သြစရာပါ။

ထိုသို့ ကြုံရလျှင် ယုံကြည်စွာ လုပ်ဆောင်ပါ။ လက်တွေ့ သိရလျှင် တခြားသူကို မျှဝေအသိပေးပါ။ ကွမ်းမဖြတ်နိုင်လျှင်လည်း ထုံး ဆေး လွန်ကျူးစွာ မစားပါနှင့်။ ယုံကြည်စွာ လုပ်ပါ။

ဤစာစုဖြင့် မိတ်ဆွေကြီး ကိုတင်ကြိုင်အား ဂါရဝပြုပါ၏။

*လေစားလျက်...*

**မောင်ရော(ရာမည)**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

ဆီး ဝမ်း လေမှန်၍ မျက်စိကြည် အကြောပြေပြီး အပူအပုပ် ကင်းစေတဲ့

စကြာမင်း

အမှတ်တံဆိပ်

မျက်စိကြည် အကြောပြေဆေး

ယာယီတိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ် ၀၁၁၂ YR ၀၀၇၉၉၃

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၅/၀၅၁၃




ကျွန်ုပ်သည် တစ်နေ့တွင် စိတ်ချမ်းသာ ကိုယ်ကျန်းမာ အသက်တစ်ရာ ကျင့်ကြံ ထိုင်နည်းစာမူ ရေးသားနေစဉ် ''ဟာ စာရေးဆရာကြီးကို တွေ့မှတွေ့ပါ့မလား'' ဟူသော အသံရှင်ကြောင့် ရေးလက်စ စာမူကို အသာချထားပြီး ပြန်လည် ခရီးဦး ကြို နှုတ်ဆက်လိုက်သည်။

'သြော် ကိုမျိုးမြင့်ပါလား၊ လာဗျာ'

'စာရေးဆရာ ကိုဘုန်းဝေကတော့ ဘယ်အချိန်တွေ့တွေ့ တက်ကြွလန်းဆန်း ပြီးစာရေးစာဖတ် အမြဲတမ်းမပြတ်ဘူးနော်'

'ဟဲ... ဟဲ... ဟဲ'

'ဟဲ... ဟဲ လုပ်မနေနဲ့ စာရေးဆရာကြီး ရေ အခု စာရေးဆရာကြီးကို အကူအညီ တောင်းချင်လို့ဗျ'

'ပြောလေ ကိုမျိုးမြင့်'

'ဒီလိုဗျ၊ ကျွန်တော် ရုံးမှာပဲဖြစ်ဖြစ်၊ အိမ်မှာပဲဖြစ်ဖြစ် နည်းနည်းလေး စာဖတ်မိ တာတို့၊ အလုပ်ထဲကို အာရုံစူးစိုက်တာတို့ အထိုင်နည်းနည်းလေးကြာကြာ ထိုင်မိတာ တို့ဆိုရင် မျက်ခုံး၊ မျက်လုံးတွေ လေးလံလာတယ်။ ခေါင်းမကြည် တော့ဘူး။ နောက်ကြောတက်၊ ဇက်ကြောထိုးလာတယ်။ အမြဲ တမ်းလိုလို ကိုယ်လက်တွေ လေးလံထိုင်းမှိုင်းနေပြီး စိတ်ရော ကိုယ်ပါ မလန်းဆန်းဘူး ဖြစ်နေလို့ဗျ။ အဲဒါ ဘာဆေးတွေများ သုံးစွဲရမလဲဆိုတာ စာရေးဆရာကြီးဆီမှာ အကြံဉာဏ် လာ တောင်းတာ'

'ညှို့သည်ဆိုလို့ ဘယ်သူများမှတ်တယ် ကိုမျိုးမြင့်ကိုး။ ကော်ဖီလေး သုံးဆောင်ပါဦး'

'ကျေးဇူးပဲ အစ်မ၊ ကိုဘုန်းဝေနဲ့ အစ်မ မအေးစိန်တို့ ဇနီး မောင်နှံကတော့ ကျန်းမာရေး ပညာပေးစာပေတွေ ရေးသားနေ သူတွေမို့လား မသိဘူး။ လန်းဆန်းကျန်းမာ လှပနေတာကို တွေ့ရလို့ အားကျမိပါတယ်ဗျာ'

'ကိုမျိုးမြင့်ရေ ကျွန်တော်ရော အေးပါ အရင်တုန်းက ခင်ဗျားလိုပဲဗျ။ ကျွန်တော်ဆိုရင် စာလဲ မရေးနိုင်၊ စာလဲ မဖတ် နိုင် စာရေးစာဖတ်တိုင်း ခေါင်းတွေ အုံခဲလာပြီး စိတ်ရောလူရော အကြံဉာဏ်ပါ ထုံထိုင်းလေးလံနေတာဗျ။ အေးဆိုရင်လဲ တစ်နေ့ တခြား ဝ,ဝလာတယ်။ ဇက်ကြောထိုး၊ နောက်ကြောတက်၊ ကိုယ်လက်ညောင်းညာ ကိုက်ခဲနေတယ်။ အထိုင်လေး၊ အထ လေးနဲ့ ညဘက်ရောက်လာရင် သားသမီးတွေက နှင်းနှိပ်ပေး ရတယ်။ သူကြည့်ပြီး စိတ်မချမ်းသာ၊ ကိုယ်ကျတော့လဲ ကျန်း မာဘူး ဖြစ်နေခဲ့တာပါဗျာ'



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




'ဟာ ကိုဘုန်းဝေကလဲ လုပ်တော့မယ်။ အခု ဆရာဆိုလဲ ကျန်းမာလန်းဆန်းလို့၊ အစ်မဆိုရင်လဲ ခန္ဓာကိုယ် သွယ်လျပြီး သွက်လက်ပေါ့ပါးနေတဲ့ဥစ္စာ'

'ကိုမျိုးမြင့်ရေ၊ အခုလို ကျွန်မ အဆီတွေကျ၊ ကိုယ်ရေစစ်တာ၊ ခန္ဓာကိုယ် သွယ်လျပြီး ဖနီးမောင်နဲ့ ကျန်းမာရွှင်လန်းနေတာက တော့ ဆေးစွမ်းတစ်လက်ကြောင့်ပဲရှင်'

'ဒါဆိုရင် လုပ်ပါဦးဗျ၊ ဘာဆေးလဲ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးလေ'

'ကိုဘုန်းဝေကတော့ လုပ်ပြီ။ ဆေးဝါးကောင်းတွေ့တာတောင် အသိမပေးဘူး'

'ဒီလိုဗျ၊ ကျွန်တော်လဲ စာဖတ်စာရေးတာနဲ့ မျက်စိ၊ မျက်ခုံး၊ မျက်လုံးတွေ လေးလံလာတယ်။ နောက်ကြောတက်၊ ဇက်ကြောထိုးပြီး ညောင်းညာလေးလံနေတယ်။ ဆီးဝမ်းလဲချုပ်၊ အပူလဲ ငုပ်နေပြီး ဒူလာ လိပ်ခေါင်းရောဂါပါ ဖြစ်စပြုလာနေတာဗျ။ တစ်နေ့မှာ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ မောင်မြင့်မောင် ရောက်လာပြီး ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးတစ်ဘူး လက်ဆောင်ပေးသွားတယ်၊ ဆေးညွှန်း ဖတ်ကြည့်တော့ ကျွန်တော်တို့ ဖနီးမောင်နဲ့ဖြစ်နေတဲ့ ရောဂါ လက္ခဏာတွေနဲ့ တစ်ထပ်တည်း တွေ့ရလို့ သုံးစွဲလိုက်တာ ဖြစ်ပေါ်ခံစားနေရတဲ့ ရောဂါတွေဟာ ကင်းစင်သွားပြီး အခုလို စိတ်ရောကိုယ်ပါ ကျန်းမာလန်းဆန်းနေတာပါ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးရဲ့ အာနိသင်လေး ပြောပြပါဦး'

'သမားတော် ဆရာကြီး ဆရာမြင့်ကတော့ ဤဆေးဟာ တိုင်းရင်းဆေးစစ်စစ်ဖြစ်ပြီး သဘာဝဆေးဖက်ဝင် ဆေးပစ္စည်းများနဲ့ စနစ်တကျ စီမံဖော်စပ်ထားတဲ့ ဆေးဖြစ်လို့ စိတ်ချယုံကြည်စွာ သုံးစွဲနိုင်ပါတယ်လို့ ဆိုပါတယ်။

သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့ မျက်စိမှုန်ဝေခြင်း၊ မျက်စိ အာရုံကြောများအားနည်းခြင်း၊ ခေါင်းမူး,ခေါင်းအုံ့,ခေါင်းကိုက်ခြင်း၊ မျက်ခုံး,မျက်လုံးများ လေး၍ မျက်ရိုးကိုက်ခြင်း၊ နောက်ကြောတက် ဇက်ကြောထိုးခြင်း၊ ကိုယ်လက်များ ညောင်းညာကိုက်ခဲ၍ မအီ မသာ ထိုင်းမှိုင်းလေးလံနေခြင်း၊ သွေးတက်,သွေးတိုးဖြစ်ခြင်း၊ သွေးမသန့်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပြင်လိပ်ဖြစ်ခြင်း၊ ဒူလာကိုက် ညောင်းညာ ချည့်နဲ့ခြင်း၊ အပူရှိုး အပုပ်ခိုးများ အပေါ်သို့တက်၍ မျက်ရည်ပူကျခြင်း၊ မျက်ဝတ်ထွက်ခြင်း၊ တိမ်သလာဖြစ်ခြင်း၊ အာခေါင်ခြောက်ခြင်း၊ လည်ချောင်းနာခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဆီးချုပ်ဆီးကျန်ဖြစ်ခြင်း၊ ဝမ်းချုပ် ဝမ်းကျန် စမြင်းခံခြင်း၊ လေချုပ်လေပွဖြစ်ခြင်း၊ အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူ၍ အဆီပိုများ ပွားများနေခြင်း အသားအရေ မွဲခြောက် ညစ်ထေးနေခြင်း စသော ရောဂါများကို သက်သာ ပျောက်ကင်းလို့ မျက်စိကြည် အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေတဲ့ အဆီများကို ကျဆင်းစေပြီး ဆီး, ဝမ်း, လေတို့ကို မှန်၍ ကျန်းမာပေါ့ပါး သွက်လက်လန်းဆန်းစေ တဲ့ဆေး ဖြစ်တယ်ဗျ'

'ဒါဆို ဆရာမြင့်ရဲ့ စကြာမင်း မျက်စိကြည် အကြောပြေဆေးဟာ မျက်စိကို အသုံးပြုပြီး အလုပ်လုပ်ရသူတွေ၊ နေ့စဉ် စာရင်း ဇယားတွေနဲ့ ရင်ဆိုင်နေရတဲ့သူတွေ၊ ရုံးမှာ မိမိတို့လုပ်ငန်းတွေ မှာ ကြာမြင့်စွာ ထိုင်ကြပြီး အလုပ်လုပ်ကြရသူတွေနဲ့ ကာယ ဉာဏ အလုပ်သမားတွေအတွက် နေ့စဉ် မှီဝဲသုံးစွဲသင့်တဲ့ ဆေးပေါ့နော်'

'ပြောဖို့လိုသေးလား ကိုမျိုးမြင့်ရယ်၊ ဝမ်းတစ်လုံးကောင်းပြီး ခေါင်းမခဲဘဲ ဖွံ့ဖြိုးတိုးတက်နေတဲ့ ခေတ်ကြီးထဲမှာ ကျန်းမာရေး လူမှုရေး၊ စီးပွားရေးတွေ နောက်ကျကျန်မနေခဲ့အောင် အဖော် ကောင်းဖြစ်တဲ့ ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးကို ဆောင်ထားပါလို့ သင့်ကျန်းမာရေးအတွက် အကြံပြုပါရစေ'

'ကျေးဇူးပဲ ဆရာကိုဘုန်းဝေရေ၊ ကျန်းမာပျော်ရွှင် ပြည့်စုံ ကောင်းမွန်တဲ့ မိသားစုကမ္ဘာလေးဖြစ်အောင် "စကြာမင်း မျက်စိကြည် အကြောပြေဆေး"ကို ပြေးဝယ်လိုက်ဦးမယ်ဗျာ'

ပင်ရင်း–ဖြန့်ချိရေး

**စကြာမင်း**

တိုင်းရင်းဆေးတိုက်

အမှတ်-စ/၆၆၆၊ သုဝဏ္ဏလမ်းမကြီး

သုဝဏ္ဏမှတ်တိုင်အနီး၊ မြောက်ဥက္ကလာပမြို့နယ်။


ဖုန်း-၀၁-၆၉၁၀၉၁၊ ၇၂၂၅၉၁

www.burmeseclassic.com

ဘုတလင်မြို့ ကြောင်ပန်းတောရနှင့် ပထမ ကြောင်ပန်းဆရာတော်ကြီး

# အရှင်ကုန္ဒက

၏ ဘဝကောက်ကြောင်းများ (၂)



◆ ကြောင်ပန်းဆရာတော် ဦးကုန္ဒက

### ယခင်လမှ အဆက်

'…သူဆေးက ဖြစ်ဖြစ်မြောက်မြောက် မဟုတ် …ကျွာ အကုန်လုံးထည့်လိုက်'

… မိန့်၍ ကပ္ပိယက ပျားရည်နှင့် …မှုကာ ကပ်သဖြင့် ယူသောက်ရာ …ကာက်နေစဉ်ပင် ရင်၌ တဒိန်းဒိန်း …ကာကာ နောက်သို့ လန်ကျ …သွားတော့သည်။ ကပ္ပိယက …တွင်း ရေစက်ကလေးများချ၍ …သည်။ သုံးရက်ခန့်ကြာမှ သတိ …လာသည်။

…ကိစ်၌ မျက်ချေးများ ပိတ်နေ …သည်။ ပုလွန်းလှသဖြင့် ရေကန်တွင်း …ကာ ရေစိမ်နေရသည်။ နောက် … တစ်ကိုယ်လုံး အလွှားလိုက် …သည်။

…အချိန်မှစ၍ အဖျားအနာ ကင်း … နှစ်ပေါင်း(၂၀)ကျော်တွင်မှ အင် … ချိတဲ့၍ ပျံတော်မူခြင်း ဖြစ်လေ …သည်။ ***(ကြောင်ပန်း သာသနာပြု …ထူးများ စာမျက်နှာ–၅၈)***

### ကြောင်ပန်းတောရသိမ်

…နကစေတီ မြောက်ဘက်တွင် …အုတ်တိုက် သိမ်ကျောင်းကြီး …သည်။ အပြင်နံရံ အထက်၌ **"၁၂၇၈ …တွင် ကြောင်ပန်း ပထမ ဆရာ …ကြီး သမုတ်ခဲ့သော သဒ္ဓမ္မဇုမိ …တော်ကြီး"** ဟု ကမ္ပည်းထိုးထား …သည်။

…ကြောင်ပန်းတောရတည်ပြီး (၄)နှစ် …တွင် သားရိုးကုန်းဆရာတော် ဦးပရမ၊ ဘုတလင်မြို့မ ဆရာတော် ဦးသုဓမ္မ အပါအဝင် ဆရာတော်(၅)ပါး နှင့်အတူ သိမ်မာသမ္မုတိကံ ဆောင် တော်မူခဲ့သည်။

မူလ သိမ်အဆောက်အအုံကို အဆင့်ဆင့် ပြုပြင်ခဲ့ကြရာ ယခုတွေ့

www.burmeseclassic.com

ရသည်မှာ လေးကြိမ်မြောက် အဆောက်အအုံ ဖြစ်သည်ဟု သိရသည်။

## ထေရုပ္ပတ္တိ

ထိုမှ မြောက်ဘက်ရှိ လက်ရှိဆရာတော် ဦးအာလောက သီတင်းသုံးရာ ကျောင်းသို့ ရောက်ရှိကာ ဆရာတော်က ပထမဆရာတော်ကြီး၏ ထေရုပ္ပတ္တိ စာအုပ်၊ ပြုစုခဲ့သော ကျမ်းများကို ထုတ်ပြပေးသည်။

ဆရာတော်လောင်းလျာကို ၁၂၂၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း(၃)ရက် တနင်္ဂနွေနေ့ နံနက် (၁၀)နာရီတွင် မုံရွာခရိုင်၊ ဘုတလင်မြို့နယ်၊ ကျီးပင်ချောင်ရွာနေ ဦးမြ၊ ဒေါ်ဒွေးလှိုင်တို့မှာ မွေးဖွားခဲ့ကာ ငယ်မည် မောင်သံတူတွင်၏။

ကိုယ်ဝန်ဆောင်စဉ်ကာလ မိဘနှစ်ပါးစလုံးသည် နေအိမ်သို့ ရဟန်းတော်တစ်ပါး ကြွလာကာ တရားဟော၊ သီလပေးပြီးနောက် ရဟန်းတော်၏ ကိုယ်မှ အရောင်များ ထွက်လာကာ တစ်အိမ်လုံး ထိန်လင်းသွားသည်ဟု တူညီစွာ အိပ်မက် မက်ကြသည်။

သူငယ်ဘဝ အိပ်ပျော်နေစဉ် ပုခက်ပေါ်၌ ကျီးများ ဝိုင်းဖွဲ့နားနေကြသဖြင့် အလန့်တကြား ခြောက်လှန့်မောင်းထုတ်ကြသည်။ ကလေးမှာ နှစ်ခြိုက်စွာ အိပ်မြဲ တွေ့ရသည်။

(၆)နှစ်အရွယ်တွင် ရွာဦးကျောင်း ဆရာတော် ဦးမုနိန္ဒထံတွင် ကျောင်းအပ်ကာ (၁၄)နှစ်တွင် သာမဏေဖြစ်သည်။ ရှင်ကုန္ဒက ဘွဲ့မည်ရ၏။ (၁၇) နှစ်အရွယ်တွင် ဆရာတော်ဦးမုနိန္ဒ ပျံတော်မူ၍ ရှင်ကုန္ဒကလည်း အကြီးအကဲ နာမကျန်း ဖြစ်သောကြောင့် လူထွက်ခဲ့ရသည်။

(၂)နှစ်အကြာတွင် ဖခင် ကွယ်လွန်သဖြင့် ညီမောင် သာပိုက်နှင့်အတူ တောင်သူလုပ်ကာ မိခင်ကို လုပ်ကျွေးရသည်။ ထိုအတောအတွင်း သင်္ကန်းပြန်ဝတ်ရန် ခွင့်တောင်းသော်လည်း မိခင်ထံမှ ခွင့် မရသဖြင့် စိတ်ပျက်နေရာမှ အသက်(၁၉)နှစ်အရွယ်တွင် စစ်ကိုင်းတောင်ရိုး ညောင်ပင်သာချောင်ရှိ ဦးဉာဏဓ (လယ်တီဆရာတော်လောင်းလျာ)ထံသို့ တောလမ်းမှ တိတ်တဆိတ် သွားရောက်ခဲ့သည်။

ဦးဉာဏဓသည် မန္တလေးမြို့၊ စံကျောင်းတိုက်တွင် စာချဆရာတော် အဖြစ်နေရာမှ ဝါပချိန်တွင် စစ်ကိုင်းသို့ လာရောက်နေထိုင်ခြင်း ဖြစ်သည်။ ဦးဉာဏသည် ရောက်သောနေ့၌ပင် သာမဏေ ဝတ်ပေးသည်။

မကြာမီ သတင်းကြား၍ မိခင်လာရောက်ကာ ငိုယိုခေါ်ယူသော်လည်း ဦးဉာဏ ဟောပြောနှစ်သိမ့်မှုကြောင့် လက်လျှော့ရသည်။

ထိုမှ ၁၂၄၂ ခုနှစ်တွင် စစ်ကိုင်းတောင်ရိုး၊ ညောင်ပင်သာချောင်၌ သစ်ဆိမ့်ဆရာတော်ကြီးကို ဥပဇ္ဈာယ် ပြု၍ ဦးဉာဏဓ ဦးစီးကာ ရှင်ကုန္ဒကအား ရဟန်းခံပေးခဲ့သည်။

၁၂၄၄ ခုနှစ်၊ တန်ခူးလတွင် မန္တလေးမြို့ကြီး မီးလောင်ပြီးနောက် ဦးဉာဏ မုံရွာသို့ ပြန်ကြွရာတွင် ဦးကုန္ဒကသည် ဆရာတော်ထံတွင် ခွင့်ပန်၍ ဆီးပန်နီကျောင်း၌ ဆက်လက် ပညာသင်ကြားနေခဲ့သည်။

ဆရာတော်ဦးဉာဏ လယ်တီတိုက်တည်၍ (၅)နှစ်အကြာ ၁၂၅၃ ခုနှစ်တွင် လယ်တီဆရာတော် မန္တလေးသို့ ကြွ၍ ဦးကုန္ဒကအား ခေါ်သဖြင့် လယ်တီသို့ လာရောက်ကာ (၆)နှစ်မျှ ကူညီ စာချပေးရသည်။

၁၂၅၉ ခုနှစ်၊ ကဆုန်လ[...] တောထွက်ရန် လယ်တီဆရာ[...] ထံတွင် ခွင့်ပန်၍ ရေဦးမြို့နယ် ငှက်[...] တောင်ဆရာတော်ထံ တစ်လ[...] နည်းခံယူသည်။

၁၂၅၉ ခုနှစ်၊ နယုန်လပြည့်နေ့[...] မဟာမြိုင်တောအစပ် ဝက်ရဲတော[...] ကြွရောက်က ကျွန်းပင်ခေါင်း၌ ဝ[...] ကပ် ကျင့်ကြံသည်။ နောင်တွင် ဝ[...] ရွာမှ ဦးဖိုးခြူက နှစ်ပင်ကျောင်းဆော[...] ၍ တောတိရစ္ဆာန်ဘေး ကာကွယ်[...] သစ်သားတိုင်များဖြင့် ဝင်းခတ်[...] သည်။

## မုဆိုး၏ ကျော့ကွင်း

ဝက်ရဲတောတွင် သီတင်းသုံး[...] ဝက်ရဲရွာ၊ မောက်တက်ရွာ(မြဝတီ[...] ကြီးစမွေးဇာတိ)နှင့် လယ်မွန်ရွာများ[...] သို့ ခုနစ်ရက်စီ လှည့်၍ ဆွမ်းခံ[...] သည်။

တစ်နေ့တွင် လယ်မွန်ရွာသို့ ဆွမ်း[...] ကြွရာ တောတွင်း၌ မုဆိုးထောင်ထာ[...] သော ကျော့ကွင်း၌ ခြေတစ်ဖက် မိ[...] ၏။

ကျော့ကွင်းကို မဖြုတ်ဘဲ ရပ်နေခဲ့[...] မိမိ ထောင်ထားသော ကျော့ကွင်းမျာ[...] တွင် သားကောင် မိ,မမိ စစ်ဆေး[...] လာသော မုဆိုးက တွေ့သော်လည်[...] ကိုယ်တိုင်မဖြုတ်ရဲသဖြင့် ချုံတွင်း[...] နေ၏။

နေအတန်မြင့်မှ ရွာမွန်ရွာမှ ဦးဖို[...] ဆိုသူ ဖြတ်လာသည်ကို တွေ့ရသော[...] အခါ အကျိုးအကြောင်းပြောပြ၍ ဖြ[...] နိုင်းရသည်။

ဦးကုန္ဒက,က ဦးဖိုးအုံအား..

'မင်းပစ္စည်း ဟုတ်ရဲ့လား'

ဟု မေးသဖြင့်...

'တပည့်တော် ပစ္စည်းတော့ မဟုတ်[...]





www.burmeseclassic.com

www.burmeseclassic.com

ဘုရား ပိုင်ရှင်က အရှင်ဘုရားကို ကြောက်ပို့ မင်းဖြတ်ပေးစမ်းပါ ခိုင်းလို့ပါဘုရား' ဟု ပြန်လျှောက်ရသည်။

ကျော့ကွင်း ပြေသောအခါ အချိန်တော့သဖြင့် ကျောင်းပြန်ကာ သိတ်ရေကျင်း၍ ဆွမ်းကိစ္စ ပြီးရသည်။ ဒုက္ခ ထွေထွေထူးထူး မဖြစ်ပါ။ အားထုတ်ချိန် နည်းမည်စိုး၍ နှစ်ရက်တစ်ခါ သုံးရက်တစ်ခါ ဆွမ်းခံထွက်ရှိသောကြောင့် ဖြစ်သည်။

ဆာလောင်မွတ်သိပ်မှုကြောင့် ရုပ်နာမ်တရားတို့၏ လက္ခဏာရေးသုံးပါး သနာဉာဏ်အား ပို၍ ထင်ရှားစေသည်ဟု ခံယူတော်မူလေသည်။



ရဟန္တာဒီပနီကျွန်းကျောက်စာ

## ဆရာ၏စစ်ကူ

ဆရာတော်သည် နှစ်ရက်ခြားတစ်ခါ သုံးရက်ခြားတစ်ခါမျှ ဆွမ်းခံစား၍ အိပ်မနေ အားထုတ်သော်လည်း ခန်းသလောက် ခရီးမရောက်မာရေးလည်း ထိခိုက်လာသောအခါ လယ်တီဆရာတော်ကြီးထံမှ စစ်ကူတောင်းရသည်။

"**အရှင်ဘုရား ညွှန်ကြားဆုံးမတော်မူသော ပရမတ္ထဒီပနီကြီးကို ဦးထိပ်ထား၍ အားထုတ်ပါသော်လည်း ဝိပဿနာဉာဏ်အမြင် မပေါက်နိုင်ဘဲ ရှိနေရကြောင်း**" လျှောက်ကြားပြင်းချေ ကပ်စေသည်။

လယ်တီဆရာတော်ကြီးက စာကိုဖတ်ရသောအခါ "**ဝက်ရဲတောက ငါ့တပည့် မောင်ကုဏ္ဍက ခေါ်နေပြီ ငါသွားမှပဲ**"ဟု ဆိုလျက် စာပို့သူနှင့်အတူ ချက်ချင်းပင် နေ့ပူပူတွင် ဝက်ရဲတောသို့ လိုက်လာခဲ့သည်။

ဝက်ရဲတောတွင် လယ်တီဆရာတော်ကိုယ်တိုင် တစ်ဝါဆို၍ တရားပြ ဆုံးမခဲ့ကျွေးကာ ချီးမြှင့်ထောက်ပံ့သဖြင့် ဦးကုဏ္ဍကသည် သက်န်းဖြင့် မျက်စိ၊ နားများ ပတ်စည်းကာ မနေမနား အားထုတ်တော်မူရာ နာမ်အချက်ကို ကောင်းစွာ ပိုင်နိုင်တော့သည်။

လယ်တီ ဆရာတော်ကြီးကားလျောင်းသည့် ဣရိယာပုတ် ပယ်ဖျက်ကာ နိသဇ္ဇမှတင် ဆောင်၍ အာနာပါနကမ္မဋ္ဌာန်းကို အလွန်အမင်း ကြိုးစားအားထုတ်လေရာ ဥဂ္ဂဟနိမိတ်အာရုံကိုပင် ရတော်မူ၏။

ဝါကျွတ်သောအခါ နေ့ညမဟူ အလွန်အမင်း အားထုတ်တော်မူသဖြင့် ရောဂါရ၍ ဆရာတပည့်နှစ်ပါး မကျန်းမာကြောင်း သိရသောကြောင့် တပည့်များ ရောက်လာကာ ဖွတ်အတင်း ပင့်ဆောင်ကြသည်။

လယ်တီသို့ ပြန်ရောက်သောအခါ ဆရာတော်ကြီးကို ညအချိန် အရောင်လင်းလင်းဝါဝါနှင့် ဖူးတွေ့ရသကဲ့သို့ မြေပြင်ကို ခြေနှင့်မထိဘဲ စင်္ကြံကြွနေသည်ကို မြင်တွေ့ရကြောင်း ပြောကြလေသည်။ *(ကြောင်ပန်း သာသနာ့...)*



www.burmeseclassic.com

www.burmeseclassic.com



ကုန္ဒကစေတီနှင့်မုခ်ကျည်း

*ပုဂ္ဂိုလ်ထူးများ စာမျက်နှာ–၂၁၄၊ ၂၁၅)*

ဦးကုန္ဒကမှာ သုံးလခန့်ကြာအောင် သက်နိုးဖြင့် စည်းထားသော မျက်လုံးမှ မျက်ရည်ရွဲကာ နီနေသဖြင့် ဘုတလင် ဘိုတဲ၌ **"တစ်လလောက် မျက်စိဆေးစားကုသဦး"**ဟု လယ်တီဆရာတော် မိန့်မှာခဲ့သဖြင့် တစ်လမျှ နေထိုင်ကာ ဝေဒနာ သက်သာလာသည်နှင့် ဝက်ရဲတောသို့ ပြန်ကြွလေသည်။ ထို့နောက်ပိုင်းတွင်မှ ဝိဇ္ဇာဆေး ဘုဦး ပေးရခြင်းဖြစ်သည်။

### လယ်တီကြောင်းပန်း
### ရဟန္တာကျောက်တိုင်

ဆရာတော်သည် ဝက်ရဲတောတွင် (၆)နှစ်(၆)ဝါတိုင်အောင် အားထုတ်ပြီးနောက် ကြောင်းပန်းတောရသို့ ပြောင်းရွှေ့ခဲ့ရာ ဆရာတော့်ကျောင်းနေရာတွင် အထိမ်းအမှတ်ကျောက်တိုင်ကို ၁၃၇၄ ခုနှစ်တွင် စိုက်ထူခဲ့ကြသည်။

**"လယ်တီကြောင်းပန်း ရဟန္တာကျောက်တိုင်"**ဟု အမည်ပေး၍ မြေအောက်(၄)တောင်၊ မြေပေါ်(၉)တောင်၊ အရင်း၌ (၄)ပေ ပတ်လည်၊ အဖျား၌(၃)ပေ ပတ်လည်ရှိသော လေးထောင့်ကျောက်တိုင် ဖြစ်သည်။ အထက်တွင် လေးတောင်ပြည့်စေတီ တည်ထားသည်။

ထိုစေတီတော်တွင် ကျွန်းနက်သား တင်ပျဉ်ခွေ ရုပ်ပွားတော်တစ်ဆူ ကြောင်းပန်းတောရရှိ ကုန္ဒကစေတီတော်တောင်ဘက်ပစ္စယံသို့ အလိုအလျောက် ကြွလာသော ရဟန္တာဓာတ်တော် အဆူ(၂၀)တို့ကို ဌာပနာပြုပူဇော်ထားသည်။

**ကျောက်တိုင်၏ မြောက်ဘက်မျက်နှာတွင်...**

ခြောက်စောင် သာသနာ ထွန်းတောက်ဖြာ
ကျွှာနေသို့ လင်းစေသော်ဝ်၊
အောက်တွင်...

ရှေးကံပေါင်းသည် ရေကြောင်းက ထွ
လာသော ရေနှင့်တူ၏။ လျှမလျှ
ရေခပ်,မခပ် စသည်တို့နှင့်တူ၏'
ဟု ရေးထားသည်။

'ကြောင်းပန်းဆရာတော် ဦးကုန္ဒ
သည် ၁၂၅၉ ခုနှစ်၊ နယုန်လပြည့်
တင် ဤတောရ၌ စာသင်ဖက် သူ
ချင်း ဖြစ်တော်မူသော ဝက်ရဲကျော
ဆရာတော် ဦးဃောသမထေရ်မြ
ကြီးနှင့် ဝက်ရဲရွာ ဒါယကာ၊ ဒါယိကာ
တို့ကို အမှီပြု၍ ပဋိပတ်အလုပ် အ
ထုတ်တော်မူသည်။

၁၂၆၂ ခုနှစ်၊ ကဆုန်လတွင် ကျေ
ရှင် လယ်တီဆရာတော်ကြီးကိုယ်တို
ဆွမ်းခံကျွေးပြီး နာမပရိညာ ဝိပဿ
အလုပ်ကို နည်းပြပေးတော်မူသည်
ယင်းဝါတွင်း၌ပင် **နာမပရိညာစခ
ကို ဆုံးခန်းတိုင် ရောက်ပြီးမြော
တော်မူခဲ့သည်'**

စသည်ဖြင့် ဖော်ပြထားလေသည်



www.burmeseclassic.com

www.burmeseclassic.com

## ကြောင်ပန်းတောရသို့

၁၂၅၆ ခုနှစ် ဝါကျွတ်သောအခါ ဝက်ရဲတောမှ တောင်ဘက် လေးမိုင်ခန့်အကွာ ကူတော်၊ ကတိုး၊ ရွာမွန် သုံးရွာကြားရှိ ကြောင်ပန်းကုန်းခေါ် ကြောင်ပန်းတောရသို့ ကြွရောက်တော်မူသည်။

၁၂၆၂ ခုနှစ် ဝါကျွတ်ကာလတွင် လယ်တီဆရာတော်သည် တပည့် ဦးကုန္ဒကအား စစ်မေးဆွေးနွေးပြီးနောက် မိမိတပည့်၏ ဝိပဿနာဉာဏ်အမြင်ကို နှစ်သက်အားရတော်မူသဖြင့် ဝိပဿနာ သာသနာပြုရန် စေခိုင်းတော်မူသည်။

ဦးကုန္ဒကမှ တရားမဟောလို တစ်ကိုယ်ကောင်းသာ ရှန်းလိုကြောင်း ပြန်လျှောက်၏။ နှစ်ကြိမ်တိုင် ငြင်းဆန်နေခဲ့ရာ တတိယအကြိမ်တွင်...

'ကျုပ်လဲ တစ်ဘဝတည်း ကိုယ်လွတ်ရုန်းမယ်ဆိုရင် ရုန်းနိုင်ပါတယ်ဗျ။ မြန်မာနိုင်ငံမှာ ပိဋကတ်တက်က အားနည်းနေလို့ပါ။ တစ်ဘဝ နှစ်ဘဝလောက်တော့ အရှုံးခံစမ်းပါဦး'

ဟု ထပ်မံတိုက်တွန်းပြန်သဖြင့်...

'တပည့်တော် ဟောပါမယ်'

ဟု ပဋိညာဉ်ပေးလိုက်သည်။

ဤသို့ဖြင့် ဆရာ့အမိန့် ဦးထိပ်ရွက်ပန်ဆင်ကာ ကြောင်ပန်းတောသို့ ရောက်ခဲ့ရခြင်းဖြစ်သည်။ ကြောင်ပန်းတောရ၌ သီတင်းသုံးသဖြင့် ကြောင်ပန်းဆရာတော် ဟု စ,တွင်ခဲ့သည်။

## လက်ဖက်ကျွေးတရား

ကြောင်ပန်းဆရာတော်သည် ထိုစဉ်က ခေတ်အခြေအနေအရ ရုတ်တရက် တရားပွဲများ ကြေညာ၍ မဟောသေးဘဲ တစ်ဦးကောင်း၊ နှစ်ဦးကောင်းမှ၍ သိမ်းသွင်းခဲ့ရသည်။

ဒကာ၊ ဒကာမများ လျှုဒါန်းသည့် လက်ဖက်များကို စုထားကာ ဒကာ၊ ဒကာမများ အားလပ်သည့်အခါတွင် လက်ဖက်အုပ်ကို ပဝါဖြင့်ထုပ်၊ ရေနံဆီမီးခွက်တစ်လုံး ၊ တောင်ဝှေးတစ်ချောင်းဖြင့် ကူတော်ရွာ၊ ရွာမွန်ရွာ၊ ကတိုးရွာ တစ်ရွာရွာသို့ သွား၏။

ခင်မင်ရင်းစွဲ ဒကာအိမ်သို့ ရောက်လျှင် **"ဘယ်သူ ဘယ်ဝါတို့ ရှိကြရဲ့လား။ ခေါ်စမ်းပါကွယ်။ ငါ့မှာ လက်ဖက်တွေ စားမကုန်လို့ မင်းတို့ကို ကျွေးရအောင် လာတာကွယ်"** ဟူ၍ ဖော်ရွေစကားဆိုပြီး လက်ဖက်စားကြသည့်အခါ...

'မင်းတို့ လက်ဖက်စားတဲ့အခါ စဉ်းစားပြီး စားကြည့်ကွယ်။ လက်ဖက်ပါးစပ်ထဲရောက်ကြတော့ မာမှု၊ နူးညံ့မှု မတွေ့ဘူးလား'

'တွေ့ပါတယ် ဘုရား'

'အဲဒီ မာတဲ့၊ နူးညံ့တဲ့ သဘောက ဘုရားဟောပါဠိနဲ့ ပြောရရင် ပထဝီဓာတ်ခေါ်တယ်။ ဗမာလို မြေဓာတ်ပေါ့ကွယ်'

ဟု အစချီကာ...

**ပူသဘော၊အေးသဘော**= တေဇောဓာတ်၊မီးဓာတ်၊

**လှုပ်ရှားကြွရွတဲ့သဘော** = ဝါယောဓာတ်၊လေဓာတ်၊

**စေးဖွဲ့ယိုစီးတဲ့သဘော** = အာပေါဓာတ်၊ ရေဓာတ်

စသည်ဖြင့် ဓာတ်လေးပါး အစုအဝေးဖြစ်ကြောင်း စတင်ရှင်းပြသည်။

ထို့နောက် ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ အာဟာရဟူ၍ အဋ္ဌကလပ် ပရမတ်၊ ပညတ် ခွဲခြားပုံကို စဉ်းစားနိုင်သည်အထိ အထပ်ထပ် ရှင်းပြဟောကြားတော်မူသည်။

ညစဉ်ညတိုင်း ရွာသုံးရွာသို့ လှည့်ကာ ဒကာ၊ ဒကာမများကို ဟောကြား၍ အတန်အသင့် နားလည်သဘောပေါက်လာကြသောအခါ ကြောင်ပန်းဆရာတော် တရားပြကောင်းသည်ဟု သတင်းပျံ့နှံ့ကာ ရွာနီးချုပ်စပ်မှ ကြောင်ပန်းကျောင်းသို့ လာရောက်နာယူသူ ပေါများလျက် ကြောင်ပန်းတရားဟူ၍ စတင်ကျော်ကြားခဲ့လေသည်။



▲ ကြောင်ပန်းသိမ်

**ရွှေလ ဆက်ဖတ်ပါရန်**

**ဖင်ညိုငယ်**



www.burmeseclassic.com

www.burmeseclassic.com

# ဂဟေဆော်ရသူများ အတွက်

## ဆေးတစ်လက်



ကျွန်တော်သည် မော်လမြိုင် အမှတ် (၄) အရက်ချက်စက်ရုံတွင် ဌာနမှူး(ကုန်ထုတ်)တာဝန် ထမ်းဆောင်နေချိန်ကာလဖြစ်သည်။ စက်ရုံအတွက် လုပ်ငန်းလိုအပ်ချက်အရ ပိုက်များဆက်ခြင်း၊ ဖာထေးခြင်းနှင့် အခြားလုပ်ငန်းအရ ဂဟေဆော်ရမည့် လုပ်ငန်းရပ်များ ရှိပါက ဂဟေဆော်လုပ်သား ဦးဝင်းထိန်မှ တာဝန်ယူဆောင်ရွက်ရပါသည်။

တစ်ခါတစ်ရံ လက်တည့်စမ်းသဘောဖြင့် ဂဟေဆော်သည့် ဝန်ထမ်းများလည်း ရှိကြသည်။ အတွေ့အကြုံနည်းပါးသည့်အတွက် ဂဟေဆော်ပြီးနောက်နေ့တွင် မျက်စိနှစ်ဖက်စလုံးနီရဲပြီး ရောင်ကိုင်းကာ ဖွင့်မရလောက်အောင် နာကျင်ကိုက်ခဲသည့် ဒဏ်ကို အလူးအလဲ ခံစားကြရသည်။

တစ်ခါတစ်ရံ အရက်ချက် စတီးပန်းများ မှုပွင့်များ ဂဟေဆော်ရသည့်အခါဆိုလျှင် နောက်နေ့ ဂဟေဆော်ဒဏ်ကြောင့် မျက်စိနာ ရောင်ကိုင်းပြီး လုပ်ငန်းခွင် ပျက်ကွက်မှုများ ရှိခဲ့သည်။ နိုင်းစရာဝန်ထမ်း မရှိသလောက် ဖြစ်ခဲ့ရသည်။

တစ်ရက် ရုံးခန်းတွင် လုပ်ငန်းရပ်များ ဆောင်ရွက်နေစဉ် ဘိုင်လာဖာထေး ဂဟေဆော်ကျွမ်းကျင်သူ (ဘိုင်လာပြင်ဆင်လိုင်စင်ရ ) ဦးဟူစိန်မှ...

'ဌာနမှူး နေကောင်းရဲ့လား၊ မတွေ့တာလဲကြာခဲ့ပြီ။ မတွေ့ဆို ကျွန်တော်ကလဲ တစ်နှစ်တစ်ခါ ဘိုင်လာပြင်ဆင်စရာရှိမှသာ တွေ့ရတယ်လေ'

ဟု စကားအချီး ပြောနေခိုက် ကျွန်တော်မှ...

'အစ်ကိုကြီးရယ်... လုပ်သက်ရင့် ဂဟေဆော် ကျွမ်းကျင်သူတစ်ယောက် အနေနဲ့ ဂဟေဆော်ဒဏ် ခံစားရသူများအတွက် ဆေးနည်းလေး ဘာလေး ရှိရင် ပေးခဲ့ပါဦး။ ကျွန်တော့်ဝန်ထမ်းတွေ ဂဟေဆော်ပြီးတိုင်း မျက်စိနာ ရောင်ကိုင်း နီရဲတဲ့ ဒဏ်ကို ခံစားနေရပါတယ်။

ဟု ပြောပြရာ...

'ဌာနမှူးကြီးရာ ဒါလေးများ လွယ်လွယ်လေးပါ။ စောစောက ပြောရောပေါ့'

ဟု ပြောဆိုပြီး ဆေးမြီးတို ဆေးနည်းကို ပြောပြသည်။

သူ့ဆေးနည်းကို ရပြီးနောက်ပိုင်း ဝန်ထမ်းများ ဂဟေဆော်ပြီး မျက်စိဒဏ်ရာ ရလျှင် စိုးရိမ်စရာ မရှိတော့ဘဲ သူ ပေးသည့်နည်းဖြင့် မျက်စဉ်းခတ်ဆေးနှင့် သက်သာပျောက်ကင်းပြီး လုပ်ငန်းခွင်မပျက် ဆောင်ရွက်နိုင်ခဲ့ကြပါသည်။

**ဆေးနည်းကတော့...**

မန်ကျည်းရွက်အနု လက်တစ်ဆုပ်စာမျှ ခူးပြီး ရေဆေးကြော၍ အရိုးများကို သင်ကာ အရွက် သပ်သပ်ထားပါ။ ဆေးကြောပြီး မန်ကျည်းရွက်နုကို ဟင်းသောက်ပန်းကန်လုံးတွင် ထည့်၍ ထမင်းရည်ငှဲ့ပြီးနောက် ထမင်းကို ပြန်ပြီး မနှပ်ခင် ထမင်းအိုးအဖုံးဖွင့်၍ ထမင်းထဲတွင် နှစ်ထားပြီး ထမင်းကို ဆက်လက်ပြန်နှပ်ပါ။

ထမင်းနပ်ပြီဆိုလျှင် ဖိုမှချ၍ ထိုပန်းကန်လုံးကို ထမင်းအိုးမှ နုတ်ယူ၍ မန်ကျည်းရွက်များကို ပိတ်စိမ်းပါးပါးတွင် ထည့်၍ အရည်ညှစ်ယူပါ။

တစ်ဖန် ညှစ်ပြီးသား မန်ကျည်းရွက်နု အရည်များကို ပိတ်စိမ်းပါးပါးဖြင့် ပြန်စစ်ယူပါ။ ထိုမန်ကျည်းရွက်နုအရည်ဖြင့် နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် မျက်စဉ်းခတ်ပါ။ သက်သာပျောက်ကင်းသည့် ဆေးနည်းတစ်လက် ဖြစ်ပါသည်။

ညီနောင် ဂဟေဆော်သမားများ ဂဟေဆော်ဒဏ် ခံစားရပါက အထက်ပါနည်းအတိုင်း ဆောင်ရွက်ကုသမှုပြုကြနိုင်ပါရန် စေတနာ၊ မေတ္တာတရားဖြင့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ တစ်ဆင့် တင်ပြလိုက်ပါသည်။

**[ဆေးနည်းပေးသူ မောင်ငံရပ်၊ ယုဇနလမ်းမှ ဘိုင်လာပြင်ဆရာကြီး ဦးဟူစိန်အား ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။]**

**လွမ်းသိန်းမိုး (နှင်းပုလဲ)**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

# အရိုးကျိုးပေါင်းရောဂါအတွက် စကြာမင်း

အမှတ်တံဆိပ်

# ဆေးစွမ်းကောင်းနှစ်လက်

ဦးဉာဏ်ထွန်းရှိန်
(စက်မှု-၁)




ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-၀၅၁၃ YR ၀၀၅၃၆၉

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၆/၀၅၁၃

'ဟော့… ကိုဉာဏ်ထွန်းရှိန် ရုံးမတက်ဘူးလား'

'ဪ… စာရေးဆရာကြီး မောင်ကိုဇော် (ဥက္ကလာ)ပါလား။ ဘာထိုင်ဗျာ၊ ကျွန်တော် ခွင့်ယူထားရတယ်ဗျ။ နေမကောင်းလို့'

'ကိုဉာဏ်ထွန်းရှိန်က ဘာရောဂါတွေ ဖြစ်နေလို့တုံး'

'မသိပါဘူးဗျာ။ ဓာတ်မှန်ရိုက်ပြီး ဆေးစစ်ချက်အရကတော့ ကျွန်တော် ကုပ်ဆက်ရိုးအဆစ် (၄ + ၅ + ၆ + ၇)မှာနဲ့ ခါးဆက်မှ (၄ + ၅) အဆစ်တွေမှာ အရိုးကျိုးပေါင်းတက်တဲ့ရောဂါလို့ ပြောကြတာပဲ'

'ဆေး မကုဘူးလား'

'ကုတာမှ စုံနေတာပဲ။ လေ့ကျင့်ခန်းတွေလဲ လုပ်တယ်။ ဒါပေမယ့် အရိုးကျိုးပေါင်းရောဂါကတော့ ကျွန်တော့်ကို နှိပ်စက်နေတုန်းပဲ'

'ဒါဆို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းထဲမှာ ကျွန်တော် ဖတ်လိုက်ရတဲ့ ကိုယ်တိုင် အရိုးကျိုးပေါင်းရောဂါ သက်သာပျောက်ကင်းသွားကြတဲ့ ကိုဘုန်းဝေ၊ ပြီးတော့ ရွှေနေကြီး ဦးညွန့်လှိုင် (ညှိုပင်)တို့ ကုသကြ၊ သုံးစွဲကြတဲ့ ဆရာမြင့် ကိုယ်တိုင်ကုထုတ်လုပ်ထားတဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါအတွက် သောက်ဆေး၊ လိမ်းဆေးတစ်စုံကို သုံးစွဲကြည့်ပါလား။

ဒီဆေးဟာဆိုရင် အရိုးကျိုးပေါင်းရောဂါရှင်တွေကို စနစ်တကျ ကုသပေးရာမှ စနစ်တကျ ဖော်စပ်ထုတ်လုပ်ထားတဲ့ ဆေးဖြစ်လို့ ခင်ဗျားအတွက် အကျိုးမယုတ်နိုင်ပါဘူး'

'ဒါဖြင့် အဲဒီဆရာကြီး ဆရာမြင့်ဆီ ကျွန်တော့်ကို လိုက်ပို့ပေးပါ'

'အဲ… လာ သွားကြမယ်'

* * * * * *

'သိပ်လဲ မစိုးရိမ်ပါနဲ့ ကိုဉာဏ်ထွန်းရှိန်ရယ်။ အနာရှိရင် ဆေးရှိပါတယ်။ ဒီခေတ်မှာတော့ ဇက်ကျိုးပေါင်းတို့၊ ခါးကျိုးပေါင်း၊ ဒူးဆစ်ကျိုးပေါင်းတို့၊ ခြေဖနောင့် အတက်ထွက်တာတို့ ဆိုတဲ့ အရိုးဓာတ် ပျက်စီးရာမှ အရွတ်တွေ၊ အကြောတွေ၊ အာရုံကြောတွေ နှိပ်ပြန်ကြွက်သားတွေ ချို့ယွင်းပျက်စီးတဲ့ အရိုးကျိုးပေါင်းရောဂါဟာ တော်တော် အဖြစ်များနေတဲ့ ရောဂါတစ်ခု ဖြစ်ပါတယ်။ ကျွန်တော့်ဆေးကုခန်းမှာလဲ အရိုးကျိုးပေါင်းရောဂါ အမျိုးမျိုးကို နေ့စဉ် ကုသပေးနေရပါတယ်'

'ဇက်ရိုးကျိုးပေါင်းနဲ့ ခါးရိုးကျိုးပေါင်း လက္ခဏာတွေက ဘယ်လိုပါလဲ ဆရာ'

'ကုပ်ဆက်မှာ ကျိုးပေါင်းတက်လာရင်တော့ ဇက်ကြောတွေ တက်ခြင်း၊ ထိုးခြင်း၊ ခေါင်းမကြည်လင်ခြင်း၊ နားထင်ကြောတွေ မျက်ကြောတွေထိုးခြင်း၊ ကိုက်ခြင်း၊ ခေါင်းငုံ့ရင် နောက်ကြောတက်ခြင်း၊ ဆွဲထားသလိုဖြစ်ခြင်း၊ မိုက်ခနဲမူးခြင်း၊ ချာချာလည် အောင်မူးခြင်း၊ ဟိုဘက်ဒီဘက် ခေါင်းလှည့်ရခက်ခြင်း၊ ဇက်ခိုင်ခြင်း၊ ခေါင်းငုံ့မရခြင်း၊ လက်ပြင်ကြော မကြာခဏ ငုပ်တတ်ခြင်း၊ မကြာခဏ အုံးလွဲခြင်း၊ လက်ကြောများကိုက်ခြင်း၊ လက်ဖျားများ ထုံကျဉ်ခြင်း၊ ကြာလာတဲ့အခါ လက်တွေ အားမရှိသလိုဖြစ်ခြင်း၊ အကိုင်အတွယ်မမြဲခြင်း၊ စိတ်ကြည်လင်မှုမရှိခြင်း၊ ဗဟို အာရုံကြောကြီးတွေကို အရိုးကျိုးပေါင်းများမှ ဖိတောက်ပိတ်ဆို့မှုပြုနေရင် အောက်ပိုင်းလေးခြင်း၊ ဆွဲခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်းများကို ဖြစ်ပေါ် ခံစားရတတ်ပါတယ်။

ခါးဆစ်မှာ ကျိုးပေါင်းတက်နေရင်တော့ ခါး မကြာခဏနာခြင်း၊ တောင့်တင်းကိုက်ခဲခြင်း၊ တင်ပါးဆုံထဲက အောင့်ခြင်း၊ ကိုက်ခြင်း၊ ခြေထောက်အကြောတွေ ကိုက်ခြင်း၊ တင်းခြင်း၊ ခြေဖျားတွေ ထုံကျဉ်လေးလံတတ်ခြင်း၊ ကြာလာပါက ခြေထောက်တွေဟာ သွားရလာရ အားမရှိသလိုဖြစ်ခြင်း စတဲ့ လက္ခဏာတွေကို

www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-ဝဗ၁၂YR ဝဝ၆၇ဝ၈

ခံစားရတာတွေပါတယ်။ ပြင်းထန်လာပါက အောက်ပိုင်းတွေ ချည့်သွားစေနိုင်သလို အကြော လုံးဝ သေသွားတဲ့အထိလဲ ဖြစ်ပေါ်စေနိုင်ပါတယ်'

'ဟုတ်ကဲ့ပါဆရာ ကျွန်တော်ဖြစ်နေတာတွေနဲ့ တစ်ထပ်တည်းပါပဲ။ ကျွန်တော့်ကို လိုအပ်တဲ့ အကောင်းဆုံး ကုသမှုတွေ ပေးပါဆရာ'

'လိုအပ်တဲ့ ကုသမှုတွေ ပေးရမယ်ဆိုရင် ကျွန်တော့်ရဲ့ ကုထုံးစနစ်က နှစ်မျိုးရှိတယ်ဗျ။ ပထမစနစ်က စကြာမင်း အရိုးကျိုးပေါင်းပျောက်သောက်ဆေး၊ လိမ်းဆေးနဲ့ ကုသတဲ့နည်း။ ဒီနည်းစနစ်က ကျွန်တော်တို့ရဲ့ဆေးခန်းမှာ အရိုးကျိုးပေါင်းရောဂါရှင်ပေါင်းများစွာကို သုတေသနပြု ကုသရင်းမှ အရိုးကျိုးပေါင်းရောဂါကို ထိရောက်ပျောက်ကင်းတဲ့အတွက် ကျွန်တော့်ဆေးတိုက်က ထုတ်လုပ်တဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် (သောက်ဆေး)နဲ့ လိမ်းဆေးကို ဝယ်ယူပြီး ဆေးညွှန်းအတိုင်း သုံးစွဲတဲ့နည်း ဖြစ်ပါတယ်။

ဒုတိယနည်းကတော့ အစွမ်းထက်တဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက်ဆေး (သောက်ဆေး) လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး အနာရောက်ရာ၊ ဆေးရောက်ရာဆိုတဲ့ ရောဂါကို အလျှင်အမြန် နှိမ်နင်းတဲ့ ကုထုံးစနစ် ဖြစ်ပါတယ်။

ဒီနည်းစနစ်ကုထုံးကတော့ အရိုးကျိုးပေါင်းဖြစ်ရာ အစိတ်အပိုင်းကို ဆေးကြပ်ထုပ်တွေထိုးပေးခြင်း၊ ကျိုးပေါင်းဖြစ်ရာ နေရာရှိ ပျက်စီးနေတဲ့ အရွတ်တွေနဲ့ ပိုလျှံ အရိုးကျိုးပေါင်းတွေကို ခြေဖျက်ပေးနိုင်ပြီး အာရုံကြောတွေ အကြောတွေကို အားရှိ ပွင့်လန်းစေတဲ့ ဆေးတွေ အုံပြီး စည်းပေးတဲ့စနစ် ဖြစ်ပါတယ်။

ဒီကုထုံးစနစ်နဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက်သောက်ဆေး၊ လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး ကုသမှုခံယူရင်တော့ နှစ်ပတ်အတွင်း သက်သာပြီး လေးပတ်မှ ခြောက်ပတ်အတွင်း သက်သာ ပျောက်ကင်းစေပါတယ်'

ကျွန်တော်လဲ အားတက်သွားပြီး စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် သောက်ဆေးရော လိမ်းဆေးပါ သောက်၊လိမ်းပြီး ဆရာမြင့်ရဲ့ ဒုတိယကုထုံးစနစ်နဲ့လဲ ကုသမှု ခံယူလိုက်တာ နှစ်ပတ်အတွင်းမှာ သိသိသာသာ သက်သာလာပြီး တစ်လအတွင်းမှာ ကျွန်တော် ခံစားနေရတဲ့ အရိုးကျိုးပေါင်းရောဂါဟာ သက်သာ ပျောက်ကင်းချမ်းသာမှု ရခဲ့ပါပြီ။

'ဆရာ့ကို အရမ်း ကျေးဇူးတင်တာပဲခင်ဗျာ။ ကျွန်တော်ကတော့ တစ်သက်လုံး မပျောက်တဲ့ရောဂါမှ ငါ့ကို လာဖြစ်ရတယ်လို့ စိတ်ဓာတ်ကျနေတာ အခု ဆရာရဲ့ စကြာမင်းဆေးစွမ်းကောင်းနှစ်လက်ကြောင့် ဇက်ကျိုးပေါင်းရောဂါ၊ ခါးရိုးကျိုးပေါင်းရောဂါဘေးမှ စိတ်ရောကိုယ်ပါ လွတ်မြောက်ခဲ့တာပါ ဆရာ'

'ဒီလိုပေါ့ဗျာ အနာမသိတော့ ဆေးမရှိ၊ အနာသိရင် ဆေးရှိတယ်ဆိုတဲ့ ရှေးတိုင်းရင်း ဆေးပညာရှင်ကြီးတွေရဲ့ အဆိုအမိန့်အတိုင်းပေါ့လေ။ အရိုးကျိုးပေါင်းရောဂါလို့ သိရတော့ ဆေးတွေ့ပြီး ဦးလေးရဲ့ရောဂါဟာ သက်သာ ပျောက်ကင်းသွားတာပေါ့'

'ကျွန်တော့်လို ဆရာ့ဆီလာရောက်ပြီး မကုသနိုင်တဲ့ အရိုးကျိုးပေါင်းရောဂါရှင်တွေအတွက် ကိုယ်ချင်းစာမိတယ်ဆရာ'

'ဒီအတွက်တော့ ဘာမှ စိတ်မပူပါနဲ့ ကိုညဏ်ထွန်းရှိန်ခင်ဗျားလိုပဲ အများရဲ့ တောင်းဆိုတိုက်တွန်းချက်ကြောင့် ကိုယ်တိုင်ကုပြီး လက်တွေ့ပျောက်တဲ့ စကြာမင်း အရိုးကျိုးပေါင်းပျောက်ဆေးကို ဗဟို တိုင်းရင်းဆေးဝါး မှတ်ပုံတင်ဌာနသို့ မှတ်ပုံတင်စစ်ဆေးမှု ခံယူပြီး ဗဟိုတိုင်းရင်းဆေးဝါးမှတ်ပုံတင်နဲ့ ထုတ်လုပ်ဖြန့်ဖြူးခွင့် ရရှိထားလို့ တစ်ပြည်လုံးကို ဖြန့်ချိနေပါပြီ။

ကျွန်တော့်ဆေးခန်းကို လာရောက်ပြီး ကုသမှု မခံယူနိုင်တဲ့ အရိုးကျိုးပေါင်းရောဂါရှင်တွေအနေနဲ့ အမြို့မြို့အနယ်နယ်ရှိ ဆေးမျိုးစုံဆိုင်ကြီးများနဲ့ မိမိတို့ရဲ့ လက်တစ်ကမ်းရှိ ဆေးမျိုးစုံဆိုင်များမှာ စကြာမင်း အရိုးကျိုးပေါင်းပျောက်ဆေး၊ သောက်ဆေး၊ လိမ်းဆေးတစ်စုံကို လွယ်လင့်တကူ ဝယ်ယူပြီး ဆေးညွှန်းပါအတိုင်း စနစ်တကျ သောက်ကြလိမ်းကြရင် အရိုးကျိုးပေါင်းရောဂါဘေးဒုက္ခမှ ကင်းဝေးကြပါလိမ့်မယ်'

'ကဲ… အရိုးကျိုးပေါင်းရောဂါရှင်များ ပေါ့ပေါ့ဆဆ မနေကြပါနဲ့။ ကျွန်တော်ရဲ့ ဇက်ကျိုးပေါင်း၊ ခါးရိုးဆစ်ကျိုးပေါင်းရောဂါကတော့ ဆရာကြီး ဆရာမြင့်ရဲ့ ကုသမှုနဲ့ ကိုယ်တိုင်က လက်တွေ့ပျောက်ကင်းတဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက်တဲ့ သောက်ဆေး၊ လိမ်းဆေး ဆေးစွမ်းကောင်းနှစ်လက်ကြောင့် ကင်းဝေးခဲ့ပါပြီ။

ကျွန်တော့်လို ဘဝတူ အရိုးကျိုးပေါင်းရောဂါရှင်များအနေနဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် သောက်ဆေး၊ လိမ်းဆေး တစ်စုံလောက်ကို သုံးစွဲကြည့်လိုက်ပါ။ အရိုးကျိုးပေါင်းရောဂါဘေးမှ ကင်းဝေးကြမှာ အမှန်ပဲ ဖြစ်ပါတယ်။

မှတ်ထားနော် "စကြာမင်း" လို့ မေးဝယ်ပါ။


**ဆရာမြင့်**
**စကြာမင်းဆေးတိုက်**
**အမှတ်-စ/၆၆၆ သုဓမ္မာလမ်းမကြီး**
**သင်္ဃာမှတ်တိုင်အနီး**
**မြောက်ဥက္ကလာပမြို့နယ်။**

ဦးညဏ်ထွန်းရှိန် (စက်မှု-၁)



www.burmeseclassic.com

www.burmeseclassic.com



▲ သစ်ဖြူတောင် တောင်ထိပ်၌ ရှုခင်းတာဝင်းဝင်းပြင် စေတီနှစ်ဆူကို ဖူးမြော်ရစဉ်

မောင်မောင်စိုး
(ထားဝယ်)

စပါးတောင်ခြေ အစိဋ္ဌာန်ပြုရာ

# သစ်ဖြူတောင် အောင်မြေ (၁)

နေ့သစ်၏ အရုဏ်ဦးသည် သာယာ ပျော်ဖွယ် ငှက်ကလေးများ၏ စိုးစိ စိုးစိုးစီအော်မြည်သံကြောင့် လှုပ သစ်လွင်နေသည်။ အရှေ့ဘက် စပါး တောင်တန်းဆီမှ နေဝန်းကြီး ပေါ်ထွက် ပြီ။

**ထားဝယ်မြို့၏ အရှေ့တောင် ဘက် (၃)မိုင် (၁)ဖာလုံ ခရီးအရောက် တွင် ကူးတို့ရွာ** ရှိသည်။ ကူးတို့ရွာ သည် အရုဏ်ဦးတွင် ငြိမ်သက်နေဆဲ ။

ကူးတို့ရွာအဝင် **ထားဝယ်–မြိတ် လမ်းမကြီး၏ ဝဲဘက် (အရှေ့ ဘက်)** မြေနီလမ်းထိပ်၌ ပန်းနုရောင် သန်းနေသော မှန်ဦးကို တွေ့လိုက်ရ၏။

ဤမုခ်ဦး၌ **"သစ်ဖြူတောင် ကျောင်း။ မင်းမြှောက်ကုန်းကျောင်း။ အရိုးတောင်ကျောင်း၊ လင်းလွန်းပင် ကျောင်း"** ဟူ၍ လမ်းညွှန်ထားသည်။

မြေနီလမ်းမကြီး၏ တစ်လျှောက် ဖြတ်သန်းလာရာ လမ်းခရီးတွင် ဥယျာဉ်ခြံမြေများဖြင့် အသက်မွေး ဝမ်းကျောင်း လုပ်ကိုင်စားသောက်သူ များ နေအိမ်အဆောက်အအုံများကို မြင်တွေ့ရသည်။

အရှေ့ဘက်အစွန်သို့ ရောက်သော အခါ လမ်းဘေးဝဲယာ၌ ရော်ဘာခြံကြီး များဖြင့် အုပ်ဆိုင်း၍ ရှိချေ၏။

ရော်ဘာခြံကြီးများကို ဖြတ်ကျော် လာရ၏။ လမ်းဘေးနှစ်ဖက်ရှိ ရော်ဘာ ခြံကြီးများကြောင့် နေရောင်ခြည် ပျောက်ကာ စိမ့်အေးလာသည်။

မြေနီလမ်းမကြီးနှစ်ဖက်ကို အုပ်မိုး ထားသော ရော်ဘာခြံများကြောင့် အလင်းပင် အားနည်းနေ၏။ တစ်ချက် တစ်ချက်တွင် ကျေးငှက်များ လန့်ပျံ ပြေးကြသံကိုလည်း ခဏခဏ ကြား နေရ၏။

စိမ်းစိုမှိုင်းပျနေသော စပါးတောင် တန်းပေါ် နှင်းမြူများ အုပ်ဆိုင်းနေကြ သည့် ကြားက နေရောင်ခြည်တန်းများ

www.burmeseclassic.com

သည့် နှင်းပဝါကို ထိုးဖောက် ဖြာဆင်းလာသည်။ နံနက်(၇)နာရီခန့်တွင် ကူးတို့ရွာမှ သစ်ဖြူတောင်သို့ ခရီးထွက်လာကြခြင်းဖြစ်သည်။


(၂)ဖာလုံခရီးခန့် သွားရောက်ပြီးသောအခါ မြေနီလမ်းမကြီး၏ လက်ဝဲဘက်၌ မင်းမြှောက်ကုန်းကျောင်းဟူ၍ လမ်းညွှန်ထားသည်။ ရှေ့ဆက်၍ တစ်ကုန်းတက်၊ တစ်ကုန်းဆင်းကာ တောင်တက်ခရီးကို စက်ဘီးကလေးကိုယ်စီ စီးနင်းကြရသည်။ ဘုရားဖူးလိုသည့် စိတ်ဆန္ဒစော ပြင်းပြနေ၍ မောရမှန်းပန်းရမှန်းလည်း မသိပါ။

တဖြည်းဖြည်းနှင့် မြေနီလမ်းမကြီးသည် ညီညာ၍ လမ်းဖြောင့်လာသည်။ (၄)ဖာလုံခန့် ခရီးအရောက်တွင် လမ်းဆုံလမ်းခွဲ တစ်နေရာ၌ပင် **"လင်းလွန်းပင်၊ အရိုးတောင်၊ သစ်ဖြူတောင်သို့"**ဟူ၍ လမ်းညွှန်ထားသည်ကို တွေ့ရှိရလေသည်။

ထိုလမ်းညွှန် (၃)ခု ရှိသည့်အနက် သစ်ဖြူတောင်သို့ ခရီးဆက်ကြရန် ဆုံးဖြတ်လိုက်ရသည်။ ထို့နောက် ရှေ့ဆက်၍ပင် တစ်ဖာလုံခရီး စက်ဘီးစီး၍ စိမ်းစိုလန်းဆန်းနေသော ရော်ဘာခြံကြီးများကို တစ်မျှော်တစ်ခေါ် ဖြတ်သန်းသွားကြရပြန်ပါသည်။

ရော်ဘာခြံကြီးများ လွန်လာသည်နှင့် အလင်းက ဘွားခနဲ ရုတ်တရက် ပွင့်လာ၏။ မြောက်ဘက်သို့ ဦးတည်နေသော မြေနီလမ်းမပေါ်၌ အရှေ့စူးစူးသို့ ဦးတည်၍ ခွဲထွက်သွားသော လမ်းခွဲကလေးကို အဝေးကပင် လှမ်း၍ မြင်နေရပါပြီ။

အရှေ့ဘက်သို့ ခွဲထွက်သွားသော လမ်းအတိုင်း ရှေ့ဆက်သွားလျှင် အရိုးတောင်ကျောင်းသို့ ရောက်ရှိသည်ဟု သိရသည်။



◆ သစ်ဖြူတောင်ကျောင်း လမ်းညွှန်မုခ်ဦး

◆ အရိုးတောင်၊ သစ်ဖြူတောင် လမ်းညွှန်ဆိုင်းဘုတ်များ တွေ့ရစဉ်



စာရေးသူတို့ မြောက်ဘက်သို့ ဦးတည်နေသော မြေနီလမ်းမအတိုင်း ကိုက် (၁၀၀)ခန့်ရှေ့ဆက်၍ စက်ဘီးစီးနင်းလာရာ သစ်ဖြူတောင် တောင်ခြေသို့ ရောက်ရှိကြ၏။

ဤတောင်ခြေမှ အရှေ့မြောက် မိုးကောင်းကင်ဆီသို့ လှမ်း၍ မော့ကြည့်လိုက်ရာ စပါးတောင်၏ တောင်စွယ်တစ်ခုဖြစ်သော သစ်ဖြူတောင် တောင်ထိပ်၌ ရွှေရောင် တဝင်းဝင်းဖြင့် စေတီနှစ်ဆူကို ကြည်နူးစိတ်ချမ်းမြေ့စွာ ဖူးမြော်နေရပါပြီ။

တောင်ခြေလမ်းဆုံ လမ်းညွှန်ဆိုင်းဘုတ်ရှိရာ နေရာကပင် သစ်ဖြူတောင် တန်ဆောင်းလှေကားကြီးကို အဝေးက လှမ်း၍ မြင်ရသည်။

ထိုတောင်ခြေ၏ အနောက်ဘက်၌ သစ်ဖြူတောင် တောင်ပေါ်ကျောင်းသို့ အန္တရာယ်ကင်းရှင်း ချောမွေ့စွာ သွားရောက်နိုင်ရန် တောင်ပတ် ကွန်ကရစ်ကားလမ်းလည်း ရှိသည်။ သစ်ဖြူတောင် တန်ဆောင်းလှေကားထိပ်၌ စက်ဘီးကိုယ်စီ ထားခဲ့ကြရသည်။


တန်ဆောင်း လှေကားထစ်များကို





www.burmeseclassic.com

www.burmeseclassic.com



◆ သစ်မြှုတောင် တန်ဆောင်းလှေကားကြီးကို အဝေးမှ မြင်ရသည့် မြင်ကွင်း

◆ သစ်မြှုတောင် တောင်ပတ်ကားလမ်းကို မြင်တွေ့ရစဉ်



တစ်ထစ်ချင်း၊ တစ်ထစ်ချင်း၊ တစ်လှမ်းချင်း တစ်လှမ်းချင်း ခြေချလျက် တက်ရောက်ကြရသည်။ ဤတောင်တော်သည် မတ်စောက်မြင့်မားလှသဖြင့် မောဟိုက်၍ လာချေသည်။

တစ်ထောက်နားနေ ဇရပ်ကလေးများ၌ ခဏခဏ နားနေကာ အပန်းဖြေကြရသည်။ ဘုရားဖူးများ တစ်ထောက်နားနေ ဇရပ်ငယ်များတွင် ရပ်နားစဉ် တောင်ပေါ်မှ ပတ်ဝန်းကျင် အဝေးရှုခင်း ကြည့်ရှုကာ သဘာဝလေကောင်းလေသန့် ရှူရှိုက်ရ၍ မောပန်းသာသမျှ ကိုယ်စိတ်နှလုံး ရွှင်လန်းသွားစေသည်။

တောင်တက်လိုက်၊ ဇရပ်ငယ်လေးများ၌ ရပ်နားလိုက်နှင့် တောင်ပေါ်သို့ တက်ရောက်လာလိုက်ရာ တန်ဆောင်းလှေကားထစ်ပေါင်း (၂၁၈)ထစ်နှင့် ခေတ္တနားနေ ဇရပ်ငယ်(၅)ဆောင်ရှိကြောင်း ဗဟုသုတအဖြစ် ရေတွက်လေ့လာဖြစ်ခဲ့သည်။

နားနေဇရပ်များကို ၁၂၉၁ ခုနှစ်တွင် စေတနာရှင် ပြည်သူများက လှူဒါန်းခဲ့ကြကြောင်း မှတ်တမ်းတင်ထားသည်ကို တွေ့ရသည်။

တောင်ပေါ် တန်ဆောင်းလှေကားထိပ်၏ လက်ဝဲနှင့်လက်ယာ မြေပြန့်၌ သံဃာတော်များ သီတင်းသုံးနေထိုင်ကြသည့် ဇရပ်နှစ်ဆောင်လည်း ရှိသည်။

ထိုဇရပ်နှစ်ဆောင်တို့ကို ငွေ



www.burmeseclassic.com

www.burmeseclassic.com

၁၉၈၅–၁၉၈၆ အကုန်ကျခံကာ သရက်ချောင်းမြို့၊ သင်းကျွန်းရွာနေ ဦးရွှေချို၊ ဒေါ်မဲတို့က ၁၂၉၃ ခုနှစ်၊ နတ်တော်လဆန်း(၃)ရက်တွင် အလှူဒါနကောင်းမှုပြုခဲ့သည်ကို သဒ္ဓါယိုဖိတ်ကြည်ညိုစိတ်ဖြင့် မှတ်တမ်းတင်ကာ ဗဟုသုတအဖြစ် လေ့လာမှုပြုခဲ့ရလေသည်။

တန်ဆောင်း လှေကားကြီးထိပ်၏ မြောက်ဘက်ရှိ သစ်ဖြူတောင် ဘုန်းတော်ကြီးကျောင်းပေါ်သို့ သွားရောက်ကြသည်။ ဦးပဥ္စင်းတစ်ပါးသည် ဘုန်းတော်ကြီးကျောင်း ဘက်စုံပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေကြသူများအား လိုအပ်သည်များကို လမ်းညွှန် မိန့်ကြားနေပေသည်။

ရှေးဦးစွာ ကျောင်းဘုရားခန်းအတွင်း ရှေးစဉ်ဆက် ဆရာတော်ကြီးများလက်ထက်ကပင် ကိုးကွယ်လာခဲ့သည့် မှန်ကျောင်းဆောင်အတွင်း ကိန်းဝပ်သည့် ထိုင်တော်မူ ကျောက်ဆင်းတုတော်တစ်ဆူကို စာရေးသူကို ဖူးမြော်ကြည်ညိုခွင့်ရကြသည်။

ထူးခြားသည့်မှာ မှန်စီရွှေချကျောင်းဆောင်၏ အမိုးပေါ်၌ ရွှေရောင် ဝင်းဝါစွာဖြင့် စေတီတစ်ဆူ တည်ထားပေသည်။ ထို့ကြောင့် ထိုစေတီသည် ဘုရားရှင်အား ရည်မှန်း ကိုးကွယ်ထားသော ဆင်းတု ရုပ်ပွားစေတီဖြစ်၍ ဥဒ္ဒိဿစေတီဖြစ်ပေသည်။


ထို့နောက် ဦးပဥ္စင်းအား ဝတ္ထုအလှူငွေများ ဆက်ကပ်လှူဒါန်းမှု ပြုကြပြီး ဂါရဝပြု ရှိခိုးကန်တော့ကြသည်။

'တပည့်တော်သည် စာပေ ဝါသနာရှင်တစ်ဦးဖြစ်ပါသည် အရှင်ဘုရား။ သစ်ဖြူတောင်ကျောင်း သမိုင်းကို သိရှိသမျှ မိန့်ကြားပေးစေလိုပါသည် အရှင်ဘုရား'



◆ မြင့်မားမတ်စောက်သော သစ်ဖြူတောင် တန်ဆောင်း လှေကားကြီးကို တောင်ထိပ်မှ ခရီးတစ်ဝက် တောင်ကုန်းမှ မြင်ရသည့် မြင်ကွင်း

◆ တန်ဆောင်းလှေကားကြီး၏ ခရီးတစ်ထောက်နားနေ ဇရပ်များကို စေတနာရှင်ပြည်သူများက လှူဒါန်းထားမှု မှတ်တမ်းဆိုင်းဘုတ်




ဟု လျှောက်ထားသည်။

'ဦးပဥ္စင်းရဲ့ ဘွဲ့တော်က ဦးဝိသုတဖြစ်ပြီး သက်တော်က (၅၆)နှစ်၊ ဝါတော်က(၂၆)ဝါ ရပါပြီ။ ယခင်က ကူးတို့ရွာဘုန်းတော်ကြီးကျောင်းမှာ သီတင်းသုံးပါတယ်။

ကူးတို့စေတုတ္တဂိုဏ်းချုပ် သစ်ဖြူတောင် ကျောင်းဆရာတော် အရှင်ဝါသဝရဲ့ တောရတည်ဆောက်တော်မူခဲ့ရာ တောင်တော်ဖြစ်သလို ဤသစ်ဖြူတောင်ကျောင်းကြီးမှာ ကျောင်းထိုင်ကာ သီတင်းသုံး နေထိုင်ခဲ့ပါတယ်။

ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီကာလက ဒကာ၊ဒကာမများက ကျောင်းဆောက်လုပ် လှူဒါန်းကြလို့ ရေတွင်းရေကန်နဲ့တကွ ကျောင်းဆောင်များဖြင့် စည်ကားခဲ့ကြတယ်။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာတဲ့အခါ ထားဝယ်မြို့မှ သူဌေးများနဲ့ ကျောင်းဒကာ၊ ကျောင်းဒကာမများ စစ်ပြေးဘဝနဲ့ သစ်ဖြူတောင်မှာ လာရောက် ခိုလှုံခဲ့ကြရတယ်။



www.burmeseclassic.com

www.burmeseclassic.com



◆ တောင်ပေါ် တန်ဆောင်းလှေကားကြီး၏ အဓိကတစ်ဝက်မှ တောင်ခြေ တန်ဆောင်းလှေကားဆီသို့ မြင်ရသည့် မြင်ကွင်း

◆ တန်ဆောင်းလှေကားထိပ်ရှိ ဇရပ်ကြီးနှင့်ဆောင်အတွက် လှူဒါန်းကုန်ကျငွေနှင့် အလှူရှင်များ၏ မှတ်တမ်းဆိုင်းဘုတ်





◆ ရှေးမှန်ကျောင်းဆောင်အတွင်း မှတွေ့ရသည့် ထိုင်တော်မူ ကျောက်ဆင်းတုနှင့် ဓာတ်စေတီတော်ကို ဖူးမြော်ကြည်ညိုရစဉ်

...ကိုပိုင်းကာလမှာ ရှေးဟောင်း ...နှစ်များ ထိန်းသိမ်း စောင့် ...ကြမယ့် ပုဂ္ဂိုလ်များ နည်းပါး ...တယ်။ ဘုန်းတော်ကြီးတစ်ပါး ... ကျောင်းထိုင်လျက်ရှိခဲ့ပြီး ...ထိုင်ဘုန်းတော်ကြီးများ မမြဲကြ ...

...ကျောင်းမှာ ဆရာတော် ကျောင်း ...ခင်က ဘုန်းတော်ကြီးတစ်ပါး ... နှစ်ဝါခန့်သာ ကျောင်းထိုင်လျက် ... ကျောင်းထိုင်ဘုန်းတော်ကြီးများ မမြဲကြပါ။

အခုဦးပဉ္ဇင်းဟာ ကျောင်းကို ရောက်စကဆိုရင် ကျောင်းအသုံး အဆောင်ပစ္စည်း မည်သည့်ပစ္စည်းမျှ မရှိခဲ့ပါဘူး။

သစ်ဖြူတောင်ကျောင်းဟာ ရွာနဲ့ အလှမ်းဝေးတာကြောင့် ဆွမ်းဘောဇဉ် အခက်အခဲ၊ ရေအခက်အခဲ၊ မီးစက် အခက်အခဲ စတဲ့ အခက်အခဲများ ရှိတာကြောင့် ဒီကျောင်းမှာ ဘုန်းတော်ကြီးများ သီတင်းသုံးတာ မမြဲကြပါဘူး။

ဦးပဉ္ဇင်း ဒီကျောင်းမှာ ကျောင်းထိုင် ဘုန်းကြီး ဖြစ်လာမှ သစ်ဖြူတောင် တောင်ပေါ်ရှိ ဘုရား၊ စေတီ၊ ကျောင်း၊ ကန်၊ ဇရပ်တွေကို ပြုပြင်ခြင်း၊ တိုးချဲ့ ဆောက်လုပ်လှူဒါန်းခြင်း လုပ်ငန်းများ ဆောက်ရွက်နေတာ ဒီနေ့ ဒီအချိန်ထိ ပါပဲ ဒကာ'

စာရေးသူတို့ ဘုရားကန်တော့ခြင်း ကျောင်းထိုင်ဘုန်းကြီး ဦးဝိသုတအား ကန်တော့စဉ် ဘုရားခန်း နံရံ၌ ချိတ်ဆွဲ ပူဇော်ထားသော ဘုန်းတော်ကြီး၏ပုံတူ ပန်းချီကားကြီးများကို ဖူးတွေ့လိုက်ရ၍ ကြည်နူးပီတိ ဖြစ်ရသည်။

**ရွှေလ ဆက်ဖတ်ပါရန်**

**မောင်မောင်စိုး (ထားဝယ်)**



www.burmeseclassic.com

www.burmeseclassic.com

# ဆီးကျိတ်ရောင်ရောဂါ

တင်းဝေးစေရန်

ခုတစ်လော အမျိုးသားများ အသက်အရွယ်ရလာလျှင် ဆီးကျိတ်ရောဂါ အဖြစ်များလာသည်ကို မကြာခဏ ကြားနေရပါသည်။ အသက်အရွယ်ကြီးသော အဘိုးတစ်ယောက် ဆီးကျိတ်ရောင်ရောဂါ ဖြစ်လာတော့ ခွဲစိတ်ဒဏ်ကို မခံနိုင်သည့်အဆုံး ဆီးပိုက်နှင့်ပင် သေသည့်အထိ နေသွားရသည်ကို ဝမ်းနည်းဖွယ် ကြားသိရပါသည်။

မကြာမီ စာရေးသူ၏ ဖခင်ကြီးသည်လည်း ဆီးကျိတ်ရောင်ရောဂါ ဖြစ်လာပါသည်။ ဆီးလမ်းကြောင်းတွင် ပိတ်ဆို့မှုကြောင့် ဆီးသွားရခက်ခဲခြင်း၊ ဆီးသွားပြန်လျှင်လည်း ဆီးအနည်းငယ်ထွက်ဖို့ အရေး "တအင်းအင်း"နှင့် ညည်း၍ ညှစ်ထုတ်ရကြောင်း သိရပါသည်။

ကိုယ့်မြို့တွင် ကု၍မရသဖြင့် ရန်ကုန်သို့ ဆင်းရပါသည်။ ရန်ကုန် မသွားမီ ဆီးပိုက်တန်းလန်းနှင့် သွားရသည်ထိ ဖြစ်လာသည်။ ထိုအချိန်က သမားတော်ကြီး ဦးကျော်လင်းနှင့် ပြသပါသည်။

ဆရာကြီးက အဖေ့အသက်အရွယ်ကြီးပြီဖြစ်၍ ခွဲစိတ်ဒဏ်ကို ခံနိုင်မည်မဟုတ်၍ ဆီးလမ်းကြောင်းမှ ဆီးကျိတ်ကြီးနေသည်ကို သေးငယ်သွားအောင် ခြစ်ယူခြင်းဖြင့် ကုသပေးပါသည်။

ရောဂါအခြေအနေ ကောင်းမွန်ပျောက်ကင်းသွားသော်လည်း ဖခင်ကြီးမှာ ဤဒဏ်ကို အတော်ခံလိုက်ရပါသည်။ မည်သို့ပင်ဖြစ်စေ ရောဂါပျောက်ကင်းသွားပြီဖြစ်၍ ဝမ်းသာရပါသည်။

အသက်အရွယ် မကြီးသေးသော်လည်း ဤရောဂါဖြစ်လာလျှင် ခွဲစိတ်ကုသခြင်းဖြင့် အောင်မြင် ကုသနိုင်ပါသည်။ သို့သော် အရွယ်ကြီးမှ ရောဂါဖြစ်လာလျှင် ကုသဖို့ ပို၍ခက်ခဲကြောင်း သိရပါသည်။

သည်တစ်ခေါက် အိမ်နီးချင်း ဦးကြီး တစ်ယောက် ဆီးကျိတ်ရောဂါ ဖြစ်လာ ပြန်ပါသည်။ သူကတော့ တိုင်းရင်းဆေးကို လိုက်စုံစမ်းရာ ဦးကြီး အသိတစ်ယောက်က တိုင်းရင်းဆေးနှင့်သက်သာပျောက်ကင်းကြောင်း သိရ၍ ဆေးနည်းကို မေးရာ အောက်ပါအတိုင်း သိခဲ့ရသည်။



**ထိုဆေးနည်းမှာ**...

တစ်ပင်တိုင်မြနန်းအမြစ်ဖြစ်သော ဆေးဥကို ဆန်ဆေးရည် ဆပ်ပျစ်ပျစ်သွေး၍ နံနက် တစ်ကြိမ်၊ ညတစ်ကြိမ် လိမ်းရပါသည်။ ဆီးကျိတ်ရောင်ရာအပေါ်သို့ ဆေးကို ခြောက်ရင်း လိမ်းရင်း လိမ်းရပါသည်။

ယင်း တစ်ပင်တိုင်မြနန်းဥကိုပင် ဆန်ဆေးရည်နှင့်သွေး၍နံနက်တစ်ဖွန်း၊ ညတစ်ဖွန်း သောက်လည်း ရပါသည်။

ထိုဆေးနည်းကိုရပြီး ဦးကြီးသည် နေ့စဉ်မှန်မှန် လိမ်းခြင်း၊ သောက်ခြင်း ပြုလုပ်လာရာ ခုဆို သက်သာနေပါပြီ။ ဆီးသွားရသည်မှာ အရင်လို မညစ်ရတော့ ရှောရှောရှူရှူ ဆီးသွားနိုင်ပြီး တအင်းအင်းနှင့်လည်း မညည်းရတော့၊ ဆီးမှာလည်း အနည်းငယ်စီ မသွားတော့ဘဲ များများသွားနိုင်ပြီဖြစ်ကြောင်း ဝမ်းမြောက်ဖွယ် ကြားရပါသည်။

လက်တွေ့ သက်သာ ပျောက်ကင်းလာပြီဖြစ်၍ ရောဂါမတိုးစေရန် ရှေ့လျှောက် ဆက်လက်၍ သောက်လည်း သောက်၊ လိမ်းလည်း လိမ်းရပါဦးမည်။

ဤဆေးနည်းသည် ဆီးကျိ... ဝေဒနာရှင်များအတွက် သတင်းထူး... သတင်းကောင်းပင် ဖြစ်ပါသည်။

ထို့ကြောင့် ဆီးကျိတ်ရော... ဝေဒနာရှင်များ အသုံးပြုနိုင်... ဆေးဒါန ပြုအပ်ပါသည်။ ရောဂါနှ... အချိန်မှစ၍ စတင်ပြုလုပ်ပါက ပို... ထိရောက်မည် ထင်ပါသည်။

ရောဂါ အနုအရင့်အလိုက် ဆေး... များကို သောက်ခြင်း၊ လိမ်းခြင်း... နံနက်.ည မှန်မှန်ပြုလုပ်ရပါမည်။

အဓိကမှာ ဆေးလိမ်းရာ၌ **တစ်ပင်တိုင်မြနန်းဥစစ်ကို ရအောင်ရှာ...** လိမ်းခြင်း၊ သောက်ခြင်းကို ပြုရပါမည်... ဤဆေးနည်းဖြင့် ဝေဒနာရှင်အပေါ်... ကျန်းမာချမ်းသာစေရန် ရည်ရွယ်... လျက်...

သီရိ



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

## အသည်းရောဂါအတွက် ကိုယ်တိုင်ကုသ ထုတ်လုပ်ထားတဲ့

# မင်းရာဇာ အသည်းအားဆေး

အမှတ်တံဆိပ်

ဆေးဝါးမှတ်ပုံတင်အမှတ် ၀၀၁၃ ၊ ၁၁၀၆၇၂၂ (ဘာသဝက၊ အနယ်ဇင်း) ၀၀၇/၁၂၁၂

ဦးအိုက်စံ(လားရှိုး)

ယနေ့ခေတ်၊ ယနေ့အခါတွင် ရောဂါများသည်ခေတ်နှင့် ...လိုက်၍ ထူးထွေဆန်းပြားစွာ ပေါ်ပေါက်၍လာပေသည်။ ...သို့ ပေါ်ပေါက်စွဲကပ်လာသော ရောဂါများအနက်လွယ်ကူ ...ကုသပေးနိုင်သော ရောဂါများရှိသကဲ့သို့ ခက်ခဲနက်နဲပြီး ...ပျောက်ကင်းသက်သာအောင်ကုသမရဘဲလျက်သက်သာရုံ ...ကို ထိန်းချုပ်ထားရုံမျှသာ တတ်နိုင်သော ရောဂါများ ...ရှိ၏။

ထိုခေတ်နှင့်အပြိုင် ဆန်းပြားထွေလာသောရောဂါများ ...မှ အသည်းနှင့်ပတ်သက်သောရောဂါသည်လည်း ယနေ့ ...အခါတွင် ခေတ်စားအဖြစ်များသော ရောဂါတစ်မျိုးပင်ဖြစ် ...အချို့အသည်းရောဂါများသည် ကာကွယ်ရုံမျှသာစွမ်း ...ဖြစ်ပေါ်လာခဲ့လျှင် လုံးဝပျောက်ကင်းအောင်ကုသမှုခံယူ ...ဖြစ်နိုင်ဘဲလျက် ရောဂါကို ထိန်းထားရုံမျှသာ စွမ်းနိုင် ...ရောဂါဖြစ်ပါသည်။

...ခဲ့သောနှစ်နှစ်ကျော်လောက်က ကျွန်တော်၏ဝမ်းဗိုက် ...ဖြင့် ညာဘက်ခြမ်းနံရိုးဆုံးမှ အောင့်နာသည်။ ရင်ခေါင်း ...ပို့အန်၏။ အစားအစာများစားချင်သောက်ချင်စိတ် ...ဗိုက်ထဲမှလေသံများ တဂျုံးဂျုံး ကြားနေရ၏။မျက်စိနှင့် ...အရေများ ...ဖျော့လာ၏။ ဆီးနည်းလာ၏။ရုံခါဝမ်းချုပ် ...အပူဝမ်းကဲ့သို့ နည်းနည်းနှင့် ပျော့ပျော့သွား၏။ အားအင် ...လာ၏။ အိပ်မပျော်ဖြစ်လာ၏၊ အစားပျက်၊ အအိပ်ပျက်ကာ ...လာ၏။ လူကသာပိန်လာသော်လည်း ဝမ်းဗိုက်ကလေး ...ပူတင်းနေ၏။ ဘာမှန်းမသိရသော ရောဂါတစ်မျိုးကို ...ခံစားလာရသည်။

အစာမစားနိုင်သည်မှာ နှစ်လလောက် ဖြစ်လာတော့ ...ရောဂါလို့ထင်ခဲ့၏။ သည်လိုနှင့် ကျွမ်းကျင်သော ...သမားတော်ကြီးများနှင့် ပြသကြည့်တော့ လိုအပ် ...ဆေးစစ်ဆေးမှုများခံယူခိုင်း၏။ သည်မှာ ကျွန်တော်ကို ...ကျော်ကျော်နှိပ်စက်နေသော အနှိုးရန်သူသည် B-ပိုး ...ယင်းပိုးကြောင့် ကျွန်တော်၏အသည်းမှာ မာ ...နေ၏ဟု ဆရာဝန်ကြီးကမိန့်ကြား၏။ ထိုခဏမှာပင် ...နှင့် ဖနီးဖြစ်သူတို့မှာ နွေခေါင်ခေါင် မိုးကြိုးပစ်ခံ ...သလို ခံစားလိုက်ရ၏။

...ကျွန်တော့်ရောဂါအတွက် ရောဂါနှင့် ရောဂါကိုဖြစ်စေ သော လက်သည်ကိုတော့ တွေ့ပါ၏။ သို့သော် ထိုလက်သည် B-ပိုးနှင့် အသည်းမာခြောက်သောရောဂါကို လုံးဝကင်းစင်သွားအောင် ကုသနိုင်သောဆေးဝါးက နတ္ထိတဲ့လေ။ အသည်းပျက်စီးမှုကို မြန်မြန်မပျက်စီးစေရန် ထိန်းထားရုံနှင့် B-ပိုးကို အကောင်ရေ လျှော့ချရုံမျှသာစွမ်းနိုင်၏ဟု သမားတော်ကြီးက ဆိုလာလေတော့ ဆောက်တည်ရာမရခံစားရပြန်သည်။

သည်လိုနှင့် ဟိုဆရာ ဟိုဆေးကောင်းနိုးနိုး၊ သည်ဆရာ သည်ဆေးကောင်းနိုးနိုးနှင့် လိုက်ကုလိုက်တာ ရန်ကုန်ကို ရောက်လာပါလေရော။ ခေတ်မီဆေးဝါးများနှင့် ပျောက်ကင်းအောင် ကုသမှုမပေးနိုင်ဘူးဆိုတော့ ရေနစ်သူအတွက် ကောက်ရိုးတစ်မျှင်ကို ရှာရ၏။ မိတ်ဆွေတစ်ဦး၏အကြံပေးမှုကြောင့် တိုင်းရင်းဆေးနှင့် ကုသရန် ဆုံးဖြတ်လိုက်၏။ သည်လိုနှင့် ထိုမိတ်ဆွေမှ အရိုးကျိုးပေါင်းရောဂါ အထူးကုပေးနေသကဲ့သို့ ဆေးကျမ်းများစွာလည်း ရေးသားနေသော သမားတော်ဆရာမြင့်ရှိရာ စကြာမင်း တိုင်းရင်းဆေးကုခန်းသို့ လိုက်ပို့ပေး၏။ သမားတော် ဆရာမြင့်ထံရောက်တော့ ဆရာက "ကျွန်တော်က အရိုးကျိုးပေါင်းရောဂါကိုပဲ အဓိက ကုသပေးနေတာပါ။ ဒါပေမယ့် အရိုးကျိုးပေါင်းရောဂါတုန်းကလိုပဲ ယနေ့ခေတ်မှာအဖြစ်များပြီး ဆေးတွေ့ဖို့ခက်ခဲနေတဲ့ အသည်းရောဂါအတွက်လည်း ကုထုံးဆေးဝါးတွေ တစ်နိုင်တစ်ပိုင်



နက္ခတ္တရောင်ခြည်မှုလင်း ဓရ

www.burmeseclassic.com

ကုသရင်း သုတေသနပြုနေပါတယ်။ အခုတော့ အသည်းရောဂါအတွက် ဆေးတစ်လက်တော့ တွေ့ထားတယ်။ အဲ့ဒါ ဦးအိုက်စံ ယူသွားပြီး တစ်ကြိမ် ဆေး ၅ ပြား တစ်နေ့ ၃ ကြိမ် သောက်ပေးပေါ့။ သဘာဝ တိုင်းရင်းဆေးဖြစ်လို့ ဘေးထွက်ဆိုးကျိုးမရှိပါဘူး။ "ဟုတ်ကဲ့ပါ။ ကျေးဇူးအများကြီး တင်ပါတယ်"ဟု ဆရာ့ကို နှုတ်ဆက်ပြီး ပြန်လာခဲ့ပါသည်။

အိမ်ရောက်တော့ သမားတော်ဆရာမြင့် ပြောကြားသည့်အတိုင်း ငါ့အတွက် အကျိုးတော့မယုတ်တန်ကောင်းဘူးဆိုပြီး သမားတော်ဆရာမြင့်ပေးလိုက်တဲ့ဆေးကို ညွှန်ကြားချက်အတိုင်း ပုံမှန်သုံးစွဲမိသည်။ သည်လိုနှင့် တဖြည်းဖြည်းနှင့် ကျွန်တော် စောစောကပြောခဲ့တဲ့ ကျွန်တော်ခံစားနေရတဲ့ ရောဂါလက္ခဏာတွေ တစ်စတစ်စ သက်သာလာတာကို သတိပြုမိလာသည်။ ပုံမှန် အိပ်ရသည်။ ပုံမှန်စားကောင်းလာသည်။ ဝမ်းဗိုက်၏ ညာဘက် နံရိုး အဆုံးနားမှာ တစ်မျှင်းမျှင်းနှင့် အောင့်နာနေသော နာကျင်မှုမရှိတော့။ ဒါနှင့် အားတက်သွားပြီး ဂရုတစိုက်ဆေးကို သောက်မိ၏။ ဆေးသောက်လို့ ၆ လလောက်ကြာတော့ ကျွန်တော် အတော်လေး ကျန်းမာဝဖြိုးလာသည်။ ပုံမှန် အသားအရေနှင့် နဂိုအတိုင်း အားအင်အပြည့်နှင့် လုပ်ငန်းဆောင်တာတွေကို လုပ်လာနိုင်သည်။

ကျွန်တော်လည်း ကျေးဇူးရှင် သမားတော်ဆရာမြင့်ရှိရာ ရန်ကုန်သို့ မီရာ မန်းရွှေပြည်ကားနှင့် လိုက်လာခဲ့မိသည်၊ ဆရာထံရောက်တော့ "ဆရာရဲ့ကျေးဇူးကို ဘယ်လိုဆပ်ရမှန်းကို မသိတော့ပါဘူး"လို့ ဆိုတော့ ဆရာက တွေတွေလေးစိုက်ပြီး ကျွန်တော့်ကို ကြည့်နေတယ်။ "ဆရာ ကျွန်တော့်ကို မမှတ်မိဘူးလား၊ ကျွန်တော် အိုက်စံလေ။ အသည်းရောဂါဖြစ်လို့ ဆရာ့ဆီလာပြတာ ဆရာ ပေးလိုက်တဲ့ဆေးကြောင့် အခု ကျွန်တော်ရဲ့အသည်းရောဂါဟာ သက်သာကင်းဝေးသွားပြီ ဆရာ"ဆိုမှ "ဪ မှတ်မိပြီ ဦးအိုက်စံကိုး အခုလို ကြားရတာ ဝမ်းသာပါတယ်ဗျာ" "ဆရာ့ကို ကျွန်တော် တစ်ခုလောက် တောင်းဆိုချင်ပါတယ်ဆရာ" "ပြောပါ၊ ကျွန်တော် ဘာကူညီရမလဲ" "ဒီလိုပါဆရာ၊ ကျွန်တော့်လို အသည်းရောဂါရှင်တွေအတွက် ကျွန်တော့်ကိုပေးတဲ့ဆေးကို ထုတ်လုပ်ဖြန့်ဖြူးပေးပါလားဆရာ" "အင်း...ဦးအိုက်စံအနေနဲ့ အသည်းရောဂါသည်တွေအပေါ်ထားတဲ့ စိတ်စေတနာကို ကျွန်တော် လေးစားပါတယ်။ ဒါပေမယ့် ကျွန်တော့်မှာက ဆေးကု[...] ကတစ်ဖက်၊ အခြား ထုတ်လုပ်ဖြန့်ချိနေတဲ့ဆေးတွေ[...] တစ်ဖက်ဆိုတော့ ဒီအသည်းဆေးကို ထုတ်လုပ်ဖို့ မလွ[...] ကူသေးပါဘူး"

"ဆရာခွင့်ပြုမယ်ဆိုရင်တော့ ကျွန်တော်လို စိတ်[...] ကိုယ်ပါ နာကျင်ခံစားနေရတဲ့ အသည်းရောဂါဝေဒနာရှင်[...] အတွက် ကူညီပေးချင်လို့ ဆရာမထုတ်ရင် ဒီအသည်းဆေး[...] ကျွန်တော် ထုတ်လုပ်ချင်ပါတယ်ဆရာ။ အသည်းရော[...] ဝေဒနာရှင်များ အလွယ်တကူသုံးစွဲနိုင်အောင်လို့ပါ။ "ဟ[...] ကောင်းတဲ့အကြံပဲဗျာ။ ဦးအိုက်စံထုတ်လုပ်ချင်ရင် ထုတ်[...] "ဖော်မြူလာဆရာက ပေးမှာလား၊" "ပေးပါ့ဗျာ၊ ပေး[...] ဖော်မြူလာတင်မဟုတ်ဘူး လိုအပ်တဲ့အရာတွေကိုလဲ ကူ[...] ပေးပါ့မယ်" "မြင့်မြတ်တဲ့ ဆရာ့စိတ်ထားကို အရမ်းလေ[...] စားပါတယ် ဆရာ"

ကဲ ကျွန်တော့်လိုအသည်းနှင့်ပတ်သက်၍ ဝေဒနာခံ[...] နေကြရသော အသည်းရောဂါရှင်များ...သမားတော် ဆရာ[...] ရဲ့စေတနာ၊ ကျွန်တော်ကိုယ်တိုင် အသည်းရောဂါရဲ့ နှိပ်စ[...] ကို ခံစားခဲ့ရသည်မှလွတ်မြောက်၍ ရရှိခဲ့သော ပျော်ရွှ[...] အရသာကို အသည်းရောဂါရှင်များထံ ဖြန့်ဝေပေးလိုက်[...] သည်။ ကျွန်တော့်ကို အသည်းရောဂါဝေဒနာ ဘေးဒုက[...] လွတ်မြောက်စေသော ဆေးစွမ်းကောင်းတစ်လက်ကတော[...] **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**ပဲ ဖြစ်ပါသည်[...] ဤ**မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**၏ အာနိသ[...] ကတော့ အသည်းအားနည်းခြင်း၊ အသည်းရောင်အသာ[...] ရောဂါဖြစ်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းမာ၊ အသ[...] ကြီး၊ အသည်းခြောက် ရောဂါဖြစ်ခြင်း၊ အသည်းတစ်ဝ[...] အောင့်နာနေခြင်း၊ ပျို့အန်ခြင်း၊ ပိုးကြောင့်ဖြစ်သော[...] များအတွက် ထိရောက်သောဆေးဖြစ်သည်။ **မန်းရာ[...] အမှတ်တံဆိပ် အသည်းအားဆေးကို** အသည်းရောဂါအမျိ[...] ခံစားနေရသူများ၊ အသည်းကိုထိခိုက်စေတဲ့ အရက်သေစ[...] မကင်းနိုင်သူများ အသည်းမပျက်စီးအောင် ကာကွယ်လိုသူ[...] မဖြစ်မနေသုံးစွဲသင့်တဲ့ဆေးကတော့ **မန်းရာဇာအမှတ်တံ[...] အသည်းအားဆေး**ပဲဖြစ်၏ ဟူ၍ သတင်းကောင်းလေး [...] လိုက်ပါသည်။

**ဦးအိုက်စံ (လာ[...]**


ဤဆေးသည် သဘာဝဆေးဖက်ဝင်ပစ္စည်းများဖြင့် စီမံဖော်စပ်ထားခြင်းကြောင့် အသည်းပျက်စီးခြင်းတို့ကို ကာကွယ်ပေးနိုင်သော ဆေးဖြစ်ပါသည်။

**ပင်ရင်း-မန်းရာဇာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**
**အမှတ်(ဆ/၃၆၀)၊ သုနန္ဒာ(ဂ)လမ်း၊ မ/ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁ ၆၉၁၀၉၁၊ ၀၉ ၇၃၂ ၄၃၀၉၄**

**ရှမ်းပြည်နယ်ဖြန့်ချိရေး-**
**အမှတ်(ည/၉)၊ ဘူတာလမ်း၊ ရပ်ကွက်-၁၀၊ လားရှိုးမြို့**
**ဖုန်း-၀၈၂ ၂၆၂၉၁၊ ၀၉ ၄၇၃ ၂၂၂၃။**





www.burmeseclassic.com

www.burmeseclassic.com

ဝေဘူဆရာတော်ကြီး၏ နွေရာသီ သီတင်းသုံးရာ

# အင်ကြင်းပင် သာသနာမြေသို့ (၄)

ထက်မင်းကျော်စွာ



◆ ရွှေချက်သိုစေတီ

ယခင်လမှ အဆက်

၁၉၂၅ ခုနှစ် (အသက် ၂၈နှစ်)တွင် နေ့ကုန်မြို့ အလယ်တောရ ဆရာတော် ဦးကောသလ္လကို ဥပဇ္ဈာယ်ပြုကာ ရဟန်းဘောင်သို့ ရောက်သည်။ နွေလေး မစိုးရိမ်ကျောင်းဆရာတော် ဦးဉာဏထံမှ မဇ္ဈိမပဏ္ဏာသအဋ္ဌကထာကို သင်ယူခဲ့သည်။

ဝေဘူ ဆရာတော်ကြီးထံတွင် နည်းခံ၍ "ဝိပဿနာကမ္မဋ္ဌာန်း အား ထုတ်သည်။ သီရိလင်္ကာဝန်ကြီးချုပ် ဆာဂျွန်ကိုတီလာဝါးလား အကူအညီ ကောင်းသဖြင့် ဝေဘူဆရာတော်ကြီး အား သီရိလင်္ကာသို့ ပင့်ဆောင်ပေးခဲ့ရ သည်။

## အာနန္ဒာမင်္ဂလာမဟာနာယကထေရ်

သီရိလင်္ကာနိုင်ငံ မဝတ္တရွာတွင် ၁၉၁၇ ခုနှစ်၌ မွေးဖွားသည်။ သီရိ လင်္ကာမြောက်ပိုင်း ထရက်ဘုရားရှိခိုး ကျောင်းတွင် ဘာသာပေါင်းစုံ စမ်းသပ် လိုက်စားရာမှ ၁၉၄၃ ခုနှစ်တွင် ဗုဒ္ဓ ဘာသာဝင်အဖြစ် အတိအလင်း ခံယူ သည်။

၁၉၅၇ ခုနှစ်တွင် သီရိလင်္ကာ အမရပူရမဟာနိကာယ ကျောင်းတိုက် ဆရာတော်ထံ သာမဏေ ဝတ်ပြီးလျှင် မြန်မာနိုင်ငံသို့ ကြွရောက်ကာ ဝေဘူ ဆရာတော်ထံမှ ဝိပဿနာ နည်းနာ ခံယူလျက် သုံးနှစ်တာမျှ ကျင့်ကြံအား ထုတ်ခဲ့သည်။

ထို့နောက် သီရိလင်္ကာသို့ ပြန်ကာ အမရပူရမဟာနိကာယကျောင်း ဆရာ တော် အရှင် ဥဒ္ဒမိတဓမ္မရက္ခိတတိဿ မဟာနာယကထေရ်ကို ဥပဇ္ဈာယ်ပြု ကာ မြင့်မြတ်သော ရဟန်းဘောင်သို့ တက်ရောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေကျော်သိုင်စေတီ အဝေးမြင်ကွင်း

ဘဒ္ဒန္တ "အာနန္ဒမင်္ဂလာ" ရဟန်းဘွဲ့တွင်၍ လူမည် **အန္နာဂါမိမန်နိဂ်** ဖြစ်သည်။ ၁၉၆၁ ခုနှစ်တွင် မဟာစည်ဆရာတော်ကြီးထံ၌လည်း အာနာပါနသတိပဋ္ဌာန် ပွားများတော်မူခဲ့သည်။

၁၉၈၆ ခုနှစ်၌ စင်ကာပူနိုင်ငံ၌ ပျံလွန်တော်မူသည်။

## ဒေါ်မေဓာဝီ

အမေရိကန်နိုင်ငံသူ မစ္စစ်ကလာရစ် စာပင်စတရမ်ဖြစ်သည်။ ဆန်ဖရန်စစ္စကိုမြို့မှ ဘဏ်လုပ်ငန်းရှင် သူဌေးတစ်ဦး၏ သမီးဖြစ်သည်။ ၁၉၅၈ ခုနှစ်တွင် စင်ကာပူသို့ ရောက်ရှိကာ ဗုဒ္ဓဘာသာကို လေ့လာခဲ့သည်။

မြန်မာနိုင်ငံသို့ အီတလီရဟန်း ဦးလောကနာထနှင့်အတူ လိုက်ပါလာကာ ဝေဘူဆရာတော်အား ပုစ္ဆာအမျိုးမျိုး မေးလျှောက်၏။ ဖြေကြားသည်ကို သဘောကျသဖြင့် ဆရာတော်၏ လမ်းညွှန်မှု ခံယူကာ သီလရှင်ဝတ်ဖြင့် လပေါင်း(၂၀)မျှ ကျင့်ကြံခဲ့သည်။ သုံးဌာနစလုံး၌ လှည့်လည် အားထုတ်သည်။

အမေရိကန် ပြန်ရောက်သောအခါ သီလရှင်ဝတ်ဖြင့်သာနေ၍ တရားဟောတရားပြသည်။ ဆရာတော်အား ကျေးဇူးဆပ်သည့်အနေဖြင့် အမေရိကန်လုပ် ပလိုင်းမောင့်ကားတစ်စီးပေးပို့လှူဒါန်းခဲ့သည်။

**ဝေဘူဆရာတော် ဂျပန်သို့ ကြွရောက်သော အခါတိုင်းတွင် ဆရာကြီး ဦးတာခင်၏ အပြည်ပြည်ဆိုင်ရာ ဓမ္မရိပ်သာ သို့ကြွရောက်၍ နိုင်ငံခြားယောဂီများအား တရားဟောကြား ညွှန်ပြပေးတော်မူရလေသည်။**

ဆရာတော်ကြီးသည် နိုင်ငံခြားယောဂီများ သဘောပေါက်အောင် ရှင်းလင်းဖြေကြားပေးလေ့ရှိရာ ဒေါ်မေဓာဝီ၏ အမေးပုစ္ဆာ ဖြေကြားပုံကို သာဓကပြု တင်ပြပေးပါမည်။

'နိဗ္ဗာန်ဆိုတာ ဘာပျော်စရာ ရှိပါသလဲ'

'နိဗ္ဗာန်ဆိုတာ ငြိမ်းချမ်းတာပါ။ ပျော်စရာရယ်လို့ မဟုတ်ပါဘူး'

'ဘာတွေ ငြိမ်းချမ်းတာလဲ'

'အကုန်လုံး ငြိမ်းအေးသွားတာပါ ဗျာ။ ပြောစရာပင် မကျန်တော့ပါဘူး'

'ဒါကို ဘယ်လိုလုပ်ပြီး သိနိုင်ပါသလဲ'

'အဲ ငါတို့က သကြားဟာ ချိုပါတယ် ဆိုရင် အခြားသူက သကြားချိုတာကို လက်တွေ့ သိနိုင်ပါ့မလား'

'မသိနိုင်ပါဘူး'

'ဒါပေမယ့် သကြားချိုတာတော့ ကြားဖူးတယ် မဟုတ်လား'

'ကြားဖူးပါတယ်'

'သကြားချိုမှန်း ကိုယ်တိုင် တကယ် သိအောင်ကျတော့ ဘာတွေ လုပ်ရမှာ လဲဟဲ့'

'တကယ်လက်တွေ့ စားကြည့်ရမှာ'


'စားကြည့်ရအောင်အရွက် ကြ... တင်ပြီး ဘာတွေလုပ်ရမှာလဲ ပြော...






www.burmeseclassic.com

www.burmeseclassic.com







စမ်းပါဗျာ'

'အစပထမ သကြားရှိလာအောင် ရှာရပါတယ်'

'အဲ ဟုတ်ပါ့ ပြီးတော့ကောဗျာ...'

'သကြားရှိလာတော့ လက်တွေ့ စားကြည့်ရပါတယ်'

'အဲဒီတော့ ချိုတာ သိပြီ မဟုတ်လား'

'ချိုတာ သိပါပြီ'

'အဲပေါ့ဗျာ ဘာပဲဖြစ်ဖြစ် လက်တွေ့ သိအောင်ဟာ အရင်ရှာရမှာ ပြီးတော့ စမ်းကြည့် စားကြည့်ရမှာဗျာ မရှိဘဲနဲ့ကော သိနိုင်ပါ့မလား'

'မသိနိုင်ပါဘူး'

'သူများပြောတာနဲ့ သိနိုင်ပါ့မလား'

'မသိနိုင်ပါဘူး'

'သကြားချိုလိုက်တာလို့ ပါးစပ်က ပြောနေတော့ကော သိနိုင်ပါ့မလား'

'မသိနိုင်ပါ'

'စိတ်က စဉ်းစားနေမယ်ဗျာ။ သကြားဟာ ချိုတယ်ချိုတယ်လို့ ဒီတော့ကော ချိုတာ သိနိုင်ပါ့မလား'

'မသိနိုင်ပါ'

'အဲဗျာ ဘာပဲဖြစ်ဖြစ် ဒီလိုပါပဲဗျာ။ သကြားဆိုတာ ကေန္တ ချိုတာတော့ ယုံကြည်တယ်နော်'

'ယုံကြည်ပါတယ်'

'သူများပြောလို့ ချိုတာလား၊ ကိုယ်တိုင်က ချိုမယ်လို့ ယုံကြည်တာလား'

'ချိုမယ်လို့ ကိုယ်တိုင် ယုံကြည်ပါတယ်ဘုရား'

'ဒါဖြင့် ပြီးတာပါပဲဗျာ လက်တွေ့ ချိုအောင် လုပ်ဖို့ပဲ လိုတော့တာပါ။ ဘုရားရှင် ဟောတဲ့ ချမ်းသာ ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com

လဲ ဒီသဘောအတိုင်းဗျာ၊ ဒီလို သိရမှာဗျာ'

*(အရှင်မဏ္ဍလ၏ ဝေဘူဆရာတော် ထေရုပ္ပတ္တိစာအုပ် စာမျက်နှာ ၉၀၊ ၉၁)*

ယခုအခါ ဝေဘူဆရာတော်ကြီး ပျံလွန်တော်မူ၍ နှစ်ပေါင်း(၃၅)နှစ်ကျော်ကြာပြီဖြစ်သော်လည်း နိုင်ငံရပ်ခြားမှ သုတေသီများ၊ လေ့လာသူများသည် ဆရာတော်ဇာတိ အင်ကြင်းပင်ရွာမှ နန်းဦးကျောင်းနှင့် ကမ္မဋ္ဌာန်းကျောင်းများသို့ မပြတ် လာရောက်ဆဲ ဖြစ်ကြောင်း သိရသည်။

မိမိရောက်သောနေ့တွင် နိုင်ငံခြားညီ့သည်မောင်နှံနှစ်ဦး လာရောက်လေ့လာ၍ တိုက်ကြပ် ဆရာတော်အရှင်မဏ္ဍလနှင့် အတန်ကြာ ဆွေးနွေးပြောဆိုနေကြသည်ကို မြင်တွေ့ခဲ့ရလေသည်။

## ရွှေချက်သိုစေတီ

အင်ကြင်းပင် နန်းဦးကျောင်းတိုက်အတွင်း လေ့လာကြည်ညိုပြီးနောက် အရှေ့ဘက် မနီးမဝေးမှ အင်ကြင်းပင်ရွာသို့ သွားရောက်လျက် ရွှေချက်သိုစေတီကို ဖူးမြော်သည်။ ဝေဘူဆရာတော် မွေးဖွားရာ အိမ်မြေတွင် တည်ထားသောစေတီ ဖြစ်သည်။

ဝေဘူဆရာတော် ဂုဏ်သတင်းကျော်ကြားလာသော အချိန်တွင် သီတင်းသုံးရာ သုံးဋ္ဌာနစလုံးသို့ လေ့လာကြည်ညိုသူ များစွာ ရောက်ရှိလာကြသည်။

အင်ကြင်းပင်သို့ ရောက်လာကြသူများသည် ဆရာတော်မွေးဖွားရာ ခြံမြေနေရာသို့သွားကာ အောင်မြေဟူ၍ အခေါင်ပြု ယူငင်ကြသည်။ ထိုအကြောင်း ဆရာတော် ကြားသိသောအခါ ဤသို့မိန့်၏။

'ဒါဆိုရင် ဒီလိုမဟုတ်ဘူးဟဲ့။ ဒီဟာ ပူဇော်နေလို့ အကျိုးမများဘူး။ ဘုရား တည်ထားမှ ရောက်လာသူတွေ ဘုရားပူဇော်ပါမှ ပစ္စုပ္ပန် သံသရာ အကျိုးစီးပွား များမှာဟဲ့'

သို့ဖြင့် ၁၃၂၇ ခုနှစ်၊ နယုန်လဆန်း (၈)ရက်နေ့တွင် ဆရာတော်ကိုယ်တိုင် ပန္နက်ရိုက်၍ ရွှေချက်သိုစေတီတည်ထားခဲ့သည်။ စုပေါင်းအင်အားဖြင့် တည်ဆောက်ခဲ့ရာ လဆုတ်(၄)ရက်နေ့တွင် ဉာဏ်တော်အမြင့်(၂၇)တောင်ရှိ စေတီတော်ကြီး ပြီးစီး၍ ဝါဆိုလဆန်း(၇)ရက်နေ့တွင် ထီးတော်တင် ပူဇော်ခဲ့ကြသည်။

စေတီတော်မှာ (၈)မြှောင့်ပုံရှိ၍ မုခ်(၈)မုခ်ဖြင့် ရုပ်ပွားငယ်(၈)ဆူ ပူဇော်ထားသည်။ စေတီဝင်းအတွင်း အနောက်ဘက်နှင့် မြောက်ဘက်တို့



◆ မှိန်ပြမရသော သိကြားစကြာသွန်းရုပ်



www.burmeseclassic.com

www.burmeseclassic.com



◆ ရွှေချက်သိုစေတီနှင့် ဆရာတော် လှူခဲ့သည့် ရေတွင်း

... ဝေဘူဆရာတော် ဟောကြားခဲ့ ... တရားများကို ကျောက်ထက် ...တင်ကာ တန်ဆောင်းများဖြင့် ...ထားသည်။

...နွေထောင့်ရှိ တန်ဆောင်း ...၌ ခရုသင်းကိုင် သိကြားရုပ်တု ... ကြေးသွန်းရုပ်တုဖြစ်သည်။ ...ကပ်ပါ ပို့ဆောင်ပေးသည့် ဦးမင်း ... ဤသို့ပြောပြသည်။

...ကြားရုပ်ကို လွှန်ခဲ့တဲ့ နှစ် နှစ်ဆယ် ...က လူတစ်စုက ခိုးထုတ်သွားတယ်။ ...ပြင်ရောက်တာနဲ့ လူလေးယောက် ...မနိုင်အောင် လေးလံလာလို့ရုပ်တုကို ...ပြီး ထွက်ပြေးကြရတယ်။ နံနက်လင်း ... ရွာသားတွေတွေ့ပြီး ပူလနေရာကို ...ကြရတယ်'

...င် ဆက်လက်၍...

...ဆရာတော်ကြီးရဲ့ တပည့်ရင်းဖြစ်ခဲ့ ...စာရာဘိဝံသ ပုံတော် မမူခင် ပြောပြဖူးတယ်။ ရွှေချက်သိုစေတီပြုရင် အမေသေတောင် ထားရစ်ခဲ့တဲ့'

'ဘယ်လို အဖိုးတန်ပစ္စည်းတွေရှိလို့လဲ'

'ဝေဘူဆရာတော်ကြီး တောထွက်တုန်းက ရွှေစက်တော်၊ ပုဂံ၊ ပုပ္ပါးဒေသတွေကို ရောက်ခဲ့တာ တပည့်တွေကို ပြောပြတတ်ပါတယ်။ **တောတောင်ထဲမှာ ဝိဇ္ဇာဇော်ဂျီတွေနဲ့ တွေ့ပုံတွေလဲ မိန့်ကြားတတ်တယ်'**

'ဦးမဏ္ဍလရေးတဲ့ စာအုပ်မှာလဲ တွေ့ရပါတယ်။ စာမျက်နှာ(၃၆)မှာ ဝိဇ္ဇာတွေက ရွှေငွေ အပုံလိုက်ကြီးပြတာ မယူချင်ပါဘူးလို့ ငြင်းခဲ့သတဲ့'.

'ဟုတ်တယ် ဒကာတစ်ယောက်က ဓာတ်လုံးတစ်လုံး လာလှူတယ်။ ကိစ္စပြီးပါပြီဆိုပြီး လှူသွားသတဲ့။ အဲဒီဓာတ်လုံးကို ရွှေချက်သိုစေတီ တနင်္လာအရပ်မှာ ဌာပနာ ပြုထားတယ်တဲ့။ နောက်ပြီး စနေထောင့်မှာလဲ ငွေသား အစစ် ဓားတစ်လက် ရှိသတဲ့'

'စေတီပြိုတော့ကော ဒါတွေယူလို့ ရမှာလားဗျာ'

'ဦးအာစာရက စကားအဖြစ် ပြောတာပါ။ ဒီလိုထူးခြားတဲ့ ပစ္စည်းတွေရှိကြောင်း အသိပေးတာပါ'

ရွှေချက်သိုစေတီတော်အား ပူဇော်ကန်တော့ပြီးနောက် စေတီမြောက်ဘက် ရွာပြင်လမ်းမှ နန်းဦးကျောင်းသို့ ပြန်လာကြရာ စေတီနှင့် မနီးမဝေးတွင် ဇရပ်ကြီးတစ်ဆောင် မြင်ရသည်။ အနီး၌ မီးတင်းကုပ်ခေါ် ဆွမ်းချက်ဆောင်လည်း ပါရှိသည်။

ရွှေလ ဆက်ဖတ်ပါရန်

**ထက်မင်းကျော်စွာ**



www.burmeseclassic.com

www.burmeseclassic.com

# ပေယပုတီး ချုပ်ပြုံးဆိုင်းအကလေးများ

သိသူများမှ ဖော်ပြပေးကြပါရန်


ဘ၀ါ (ဗိုးကုန်း)

စိပ်ပုတီးသည် ဘာသာရေးဆိုင်ရာ ပစ္စည်းတစ်ခုဖြစ်သည်။ ဗုဒ္ဓဘာသာနှင့် အချို့ဘာသာ ကိုးကွယ်သူတို့ စိပ်ပုတီးကို အသုံးပြုကြသည်။ ယခုအခါတွင် ရဟန်းသံဃာတော်များ၊ သူတော်စင်များ၊ လူပုဂ္ဂိုလ်အများစုမှာ ဘုရားတရား ဂုဏ်တော်ကို ရည်မှန်း၍ ရွတ်ဆိုပွားများရန် စိပ်ပုတီးကို အသုံးပြုလေ့ရှိကြသည်။

တစ်နည်းအားဖြင့် အာရုံ မပြန့်ပွားအောင်၊ ရွတ်ဆိုသော ဂါထာတော်၏ ခေါက်ရေကို မှတ်သားရန် အသုံးပြုခြင်းဖြစ်ပြီး စိပ်ပုတီးကို သိမ်ဝင်ခြင်း၊ သိဒ္ဓိတင်ခြင်းဖြင့် အလေးအမြတ် ထားကြသည်။

နေအိမ်တွင် ဘုရားစင်၊ အိမ်ခေါင်းရင်းဘက် စသည်တို့၌သာ ချိတ်ဆွဲသိမ်းဆည်းပြီး အသုံးပြုချိန်မှာလည်း သန့်ရှင်းသောအဝတ် အထူးသဖြင့် အမျိုးသမီးတို့မှာ ခင်း၍ အသုံးပြုကြသည်။

စိပ်ပုတီးအရွယ်အစား အကြီးအသေး အမျိုးမျိုး ရှိကြသည်။ အသားကိုလည်း အမျိုးမျိုး အသုံးပြုကြသည်။ နေ့နံအလိုက် ဆီးသား၊ ပိတောက်သား စသဖြင့် ပြုလုပ်သကဲ့သို့ ကရမက်၊ နံ့သာဖြူသား ပုတီးများ၊ ကျောက်စိမ်းပုတီး၊ ဖန်ပုတီး၊ ပလတ်စတစ်ပုတီး၊




ဖယပုတီး



www.burmeseclassic.com

www.burmeseclassic.com



ပေပုတီး

...သပုတီး စသဖြင့် အမျိုးမျိုး ရှိကြ...သည်။

...တီးလုံးရေမှာလည်း အများဆုံး ...လုံးပုတီးမှ အနည်းဆုံး (၉)လုံး ...အထိရှိသည်။ ပုတီးလုံး အကြီး ...မှာလည်း အရွယ်အစား အမျိုး ...ကြသည်။

...တီးလုံးများမှာ အရွယ်တူ ပုတီးလုံးများအဖြစ် ပွတ်လုံးဆွဲထားခြင်းဖြစ်သည်။

**နှစ်ဆယ့်ခုနစ်လုံး ပုတီးတစ်လုံးတွင် အလုံးကြီး(၅)လုံး၊ အသေး (၁၉)လုံးနှင့် အဆုံးတွင် အလတ် (၃)လုံး ပါရှိသည်ကို တွေ့ဖူးပါသည်။**

ပထမဆုံး အနန္တောအနန္တငါးပါးအတွက် ငါးလုံးစိပ်၍ အသေး(၁၉)လုံးကို အရဟံစိပ်ပြီး အဆုံးသတ်သုံးလုံးမှာ မေတ္တာပို့ စိပ်ရကြောင်း သိရှိရပါသည်။

အများအားဖြင့် စိပ်ပုတီးများမှာ အလုံးများ ဖြစ်ကြသော်လည်း စာရေးသူ၏ ဘိုးဘွားပိုင် ပုတီးတစ်ကုံးမှာ **အချပ်ပြားဝိုင်းကလေးများ သီကုံးထားပြီး ပုတီးခေါင်း တစ်ဆင်ထားပါသည်။**

ထိုပုတီးမှာ ပေပင်၏ အသီးဖြင့် ပြုလုပ်ထားသော ပေပုတီးဖြစ်သည်ဟု သိရပါသည်။ အရွယ်ညီ ပေသီးများမှ အချပ်ပြားကလေးများရအောင် လှီးဖြတ်၍ အလယ်တွင် အပေါက်ဖောက်ပြီး ကြိုးဖြင့် သီကုံးထားသည်။

ပုတီးခေါင်းကို အချပ်ပြားအကြီးအသေးဆင့်၍ စေတီပုံသဏ္ဌာန် ပြုလုပ်ထားသည်။ **အပြားအရေအတွက်မှာ တစ်ရာ့တစ်ဆယ့်တစ် (၁၁၁)ပြားရှိသည်ကို တွေ့ရသည်။** အပြား၏ အရွယ်မှာ အချင်းဝက် (၀ ဒသမ ၈) လက်မခန့် ရှိသည်။

ပုတီးလုံးများကဲ့သို့ မြန်မြန်စိပ်၍ မရချေ။ **ထိုပုတီးမျိုးတွင် မည်သို့သော အကြောင်းခြင်းရာ ရှိသည်ကို မသိရသော်လည်း မသိသေး မမြင်ဖူးသေးသူများ၊ လူငယ်များအတွက် ဗဟုသုတ ဖော်ပြလိုက်ပါသည်။**

**သိရှိသူ စာဖတ်ပရိသတ်များမှ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ ရေးသားပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။**

**အဝါ(စီးကုန်း)**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

အမျိုးသမီးများ သွေးသားမွန်ကန်ပြီး စိုပြည်လှပဖို့ဆိုရင်

# တင်တင်အောင်

အမှတ်တံဆိပ်

# အကိုက်အခဲပျောက် မီးယပ်သွေးပေါ်ဆေး

(တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၁၁၂ YR ၀၀ဂ၉၈၈)

'ဣတ္ထိယ မိန်းမတို့၏ ဥစ္စာခနကား အဆင်းတည်း''ဟု လောကနီတိဆရာများက အဆိုရှိပါတယ်။ အမျိုးသမီးတိုင်း ရှင်လန်းကျန်းမာပြီး စိုပြည်လှပဖို့ဆိုရင် သွေးစ၊ သွေးလယ်၊ သွေးဆုံး အရွယ် (၃)ပါးလုံး ဓမ္မတာရာသီပန်း တစ်လတစ်ကြိမ် မှန်မှန် ပွင့်လန်းဖို့လိုပါတယ်။


အမျိုးသမီးများအနေနှင့် ကိုယ်ဝန်ဆောင်စဉ်ကာလ၊ သားဖွားပြီးစ ကာလများမှလွဲ၍ လစဉ် ဓမ္မတာ မှန်မှန်လာဖို့လိုပါတယ်။ မီးယပ်ထိမ် ငုပ်၊ ချုပ်၊ ကျန် ဖြစ်ခဲ့လျှင် အသားအရေ ညိုညစ်ညစ်နှင့် ယဉ်ဆိုသမျှ ပင်ကိုအလှများ ပျောက်ကွယ်တတ်ပါတယ်။

ဒါဆိုရင် မီးယပ်သွေးပေါ် ဆေးကောင်းတစ်လက် သုံးစွဲဖို့ လိုနေပြီ ဖြစ်ပါတယ်။ မီးယပ်သွေးပေါ်ဆေး အမျိုးမျိုးထဲက ဘယ်ဆေး အကောင်းဆုံးလဲလို့ မေးလာခဲ့ရင် အမျိုးသမီးများ မီးယပ်သွေးပေါ်ဆေးကို အမျိုးသမီးတိုင်းရင်းဆေးဆရာမ ဒေါ်တင်တင်အောင်(တဆ–၄၉၅၃)ကိုယ်တိုင် စီမံထုတ်လုပ်တဲ့ ဒေါ်တင်တင်အောင် အကိုက်အခဲပျောက် မီးယပ်သွေးပေါ်ဆေးဟာ အကောင်းဆုံးပဲလို့ ပြောလိုက်ပါရစေ။

တင်တင်အောင် အကိုက်အခဲပျောက် မီးယပ်သွေးပေါ်ဆေးဟာ ဘယ်လိုရောဂါ တွေအတွက် သုံးစွဲနိုင်သလဲဆိုရင် မီးယပ်မမှန် ထိမ်ကျန်၊ ငုပ်ခြင်း၊ နည်းခြင်း၊ အဖုံးအခဲများ ဆင်းသက်ခြင်း၊ ရာသီသွေးပေါ်ခါနီးနှင့် ဖြစ်ပေါ်ဆဲ အချိန်အခါများ တွင် ခါး၊ ရင်၊ ဆီးစပ် ကိုက်ခဲသူများ ဓမ္မတာမလာမီ (၃)ရက်ဆက်၍ တစ်နေ့ (၂)ကြိမ် သောက်နိုင်သလို ရာသီသွေးပေါ်ရမည့်ရက်ထက် တစ်ပတ် (သို့မဟုတ်) အရက်နဲ့ နှစ်ပတ် ကျော်လွန်နေပါက တစ်နေ့ (၂)ကြိမ် (၃)ရက် ဆက်သောက်နိုင်ပါတယ်။

သုံးပတ်၊ လေးပတ် ကျော်လွန်နေပါက တစ်နေ့ (၂)ကြိမ် (၃)ရက် ဆက်သောက် နိုင်ပါတယ်။ သုံးပတ်၊ လေးပတ် ကျော်လွန်နေပါက တစ်ခါသောက် ဆေး(၅)ပြား တစ်နေ့ (၃)ကြိမ် (၃)ရက် ဆက်ပြီး(ချင်း+ထန်းလျက်+ကွမ်းရွက်ပြုတ်ရည်) (သို့မဟုတ်) အရက်နဲ့ သောက်မယ်ဆိုရင် ဓမ္မတာပန်း ပွင့်လန်းလာပါလိမ့်မယ်။

သွေးမသန့်ခြင်း၊ သွေးပုပ်ကျခြင်း၊ မီးယပ်ကွက်များပေါ်ခြင်း၊




ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၁/၀၅၁၃

အသားအရေ ညစ်ထေးမွဲခြောက်[...] နှမ်းခြင်း၊ ကိုယ်ခန္ဓာနံ့ပြင်းခြင်း ဖြစ်နေ[...] များ တစ်နေ့တစ်ကြိမ် ဆေး(၅)[...] ရေနွေးနဲ့သောက်ရင် အသားအ[...] စိုပြည်သန့်ရှင်းပြီး ကိုယ်ခန္ဓာရနံ့ပြင်းခြင်း[...] ကင်းဝေးစေပါတယ်။

အိမ်ထောင်ရှင်အမျိုးသမီးများ သ[...] သမီးဝေးလိုပါက ဓမ္မတာပေါ်မည့်ရ[...] မတိုင်မီ (၃)ရက်ကြိုတင်ပြီး တစ်[...] (၂)ကြိမ် (၃)ရက်ဆက် ရေနွေးနဲ့ သော[...] ပါ။ ဓမ္မတာပေါ်ပြီး နောက်တစ်ပတ်အကြ[...] တွင် တစ်နေ့ (၂)ကြိမ်၊ (၃)ရက်ဆ[...] ရေနွေးနဲ့သောက်ပါ။ ဓမ္မတာပေါ်ပြ[...] (၃)ရက်ဆက်သောက်လျှင် သားသမီးဝေ[...] ပြီး နုပျိုဖွံ့ဖြိုး အလှတိုးစေပါတယ[...] မီးမကင်ဆေးအဖြစ် မီးတွင်းကာလတွ[...] (၁)ရက်ခြား ဆေးတစ်ခွက်နှုန်း (၃)ခွ[...] ပြည့်အောင် သောက်ပါ။ သွေးပုပ်၊ ချွေးပုပ်၊ အခိုးပုပ်များ က[...] စင်ပြီး တစ်သားမွေး တစ်သွေးလှစေပါတယ်။

အသက် (၄၀)ဝန်းကျင် ရောက်ရှိလာသူ အမျိုးသမီးမျ[...] သွေးပေါ်ချည်တစ်ခါ၊ ငုပ်ချည်တစ်လှည့် သွေးကစားခြင်း၊ ခ[...] လိုက်ပူလိုက်ဖြစ်ခြင်း၊ အပူဒဏ်,အအေးဒဏ် မခံနိုင်ခြ[...] သွေးဆုံးရောဂါ ဖြစ်နေသူများ တစ်နေ့တစ်ကြိမ် မှီဝဲသုံးစွဲပါက သွေးဆုံးမီးယပ်ရောဂါ ကင်းဝေးစေပါတယ်။

အမျိုးသမီးရောဂါမှန်သမျှ အမျိုးသမီးတိုင်းရင်းဆေးဆရာ[...] ဒေါ်တင်တင်အောင်နဲ့ ပွင့်ပွင့်လင်းလင်း တွေ့ဆုံဆွေးနွေးပြီ[...] ဆေးကုသမှုခံယူလိုက်မယ်ဆိုရင် အမျိုးသမီးရောဂါများသက်သာ[...] ပျောက်ကင်းကာ အနာဂတ်ဘဝ သာယာစိုပြည်သွားမှာပါ။

**ဆရာမ ဒေါ်တင်တင်အောင်**
**ဟိတ်ဟောက်အောင် ဆေးတိုက်**
အမှတ် (ဆ/၂၆၁)၊ ကရဝိက် (၁)လမ်း၊ ဆရပ်ကွက်၊
(မြောက်ဥက္ကလာပဆေးရုံကြီးအနီး) မြောက်ဥက္ကလာပမြို့နယ်။

မေမြတ်နိုးဦး (ဝိဇ္ဇာ/သိပ္ပံ)



www.burmeseclassic.com

www.burmeseclassic.com

မိုးကောင်း

# ဒေဝဆရာတော်ကြီး

## ၏ ထူးခြားမှုများ

ဒေါ်သုမနပိဋက
(B.Sc,H.G.P, Dip Ed)



ကချင်ပြည်နယ်၊ မိုးကောင်းမြို့၊ အသဘုန်းတော်ကြီးကျောင်း၌ ဒေဝဆရာတော်ကြီး ရှိခဲ့ဖူးပါသည်။ သက်တော်ရှည် ဆရာတော်တစ်ပါး (သက်တော် ၁၀၀–ကျော်) ဖြစ်ပါသည်။ ပျံလွန်တော်မူသည့်အထိ ရောဂါပြင်းပြင်းထန်ထန် ခံစားခဲ့ရခြင်း မရှိပါ။ သစ်သီးဆွမ်း (မီးလွတ်)သာ ဘုဉ်းပေးခဲ့ပါသည်။ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ် ကြီးပါသည်။

ဆရာတော်ကြီး၏ ကိုယ်ရနံ့မှာ သင်းပျံ့ပါသည်။ ပျံလွန်တော်မူသည်အထိ သာသနာပြုရာ၌ အလွန်မတန်ဒိဋ္ဌိယ ထုတ်တော်မူခဲ့ပါသည်။ မေတ္တာကြောင့် အလွန်အောင်မြင်ခဲ့ပါသည်။

ဒေဝဆရာတော်ကြီးသည် ကိုရင်ဘဝမှစ၍ လောကုတ္တရာ စာပေများသာမက လောကီပညာ ဗေဒင်၊ အင်းအိုင်ဂါထာ၊ မန္တန်များကို သင်ကြားခဲ့ရပါသည်။ ဆရာကောင်းများစွာ တွေ့ကြုံခဲ့ရပုံကို ပြောပြခဲ့ဖူးပါသည်။ ဗေဒင်၌ အတတ်ကျွမ်းလှသည့်မှာ စာရေးသူကိုယ်တွေ့ပါ။

ဒုက္ခသည်က ဆရာတော်ကြီးအား ဖြစ်ပျက်သမျှ မပြောရပါ။ ဆရာတော်ရှေ့ရောက်လျှင် ဆရာတော်က အဖြစ်အပျက်အစုံကို အစအဆုံး ပြောပါသည်။ အိမ်သူ/အိမ်သားများ အကြောင်းကိုပါ ပြောပါသည်။ ဆရာတော်ကြီးပေးသော ကုသိုလ်ကံဆက် အစီအမံများမှာ စွမ်းလှပါသည်။ တွေ့ကြုံဖူးသူတိုင်း များပါသည်။

ဆေးဝါး စွမ်းသည့်မှာလည်း ပြောပြမကုန်ပါ။ သေမည့်သူ ဝဋ်နာ၊ ကံနာကိုလည်း ခွဲခြားသိနိုင်တာပါ။ နတ်များ၊ နဂါးများ၊ ပရလောကသားများကိုလည်း မေတ္တာဖြင့် အောင်နိုင်ခဲ့သည်မှာလည်း အံ့ဖွယ်ရာပါ။

မိုးကောင်းမြို့၊ ဒေဝကျောင်း၌ သီတင်းသုံးစဉ် သာသနာပြုတော်မူပါသည်။ သက်တော်(၇၀)လောက်၌ ဝေဘူဝေဘာတောင်သို့ ပြောင်းရွှေ့သီတင်းသုံးခဲ့ပါသည်။ မိုးကောင်းမြို့မှ ခြောက်မိုင်ကျော် ဝေးပါသည်။

နှစ်ပေါင်း(၄၀)လောက်က တောအတိ ပြည့်နေတာပါ။ ဆရာတော်သာသနာပြုသောအခါမှ အခြောက်အလှန့်ကြီးခြင်း၊ တောကောင်များကြီးခြင်းတို့ ရှင်းလင်းသွားတာပါ။

တောင်ခြေရင်းမှ စ၍ တန်ဆောင်း၊ စေတီ၊ ဇရပ်၊ ကျောင်းများ ဆောက်လုပ်ခဲ့ပါ၏။ တောင်ပေါ်မှ ကြည့်လျှင် မိုးကောင်းမြို့ကိုသာမက အနီးအနားမြို့ရွာဝန်းကျင်အရပ်များကို မြင်နိုင်ပါသည်။

ဝေဘူဝေဘာတောင်၌ သာသနာပြုရာ၌ အခက်အခဲများစွာကို ဆရာတော်ကြီး ကြုံတွေ့ခဲ့ရပါသည်။ စရဏအား၊ မေတ္တာတော်တို့ဖြင့် တွန်းလှန်ခဲ့ပါသည်။ သာသနာပြုရာ၌ ဆရာတော် ကျေးဇူးပြုခဲ့သူများသာမက သိုက်ပိုင်ဆိုင်ရာ၊ နတ်ပိုင်းဆိုင်ရာများကလည်း ကူညီပံ့ရပါသည်။ **(ဆရာတော်၏ စကားအသွားအလာကို ထောက်၍ သိုက်ပိုင်း၊ နတ်ပိုင်းက ကူညီကြောင်း ကောက်ချက်ချရပါသည်။)**

ကျေးဇူးသိသူ လူသားများက ငွေကြေးလှူခြင်း ပြုကြပါသည်။ အခက်အခဲများကိုတော့ ပရလောကသားများက ကူညီကြပုံရပါသည်။

၁၉၈၉ ခုနှစ်၊ ဧပြီလက အဖြစ်အပျက်ပါ။ မိုးကောင်းမြို့မှ ဖားကန့် (ကျောက်စိမ်းထွက်ရှိရာ ဒေသ)သို့ သွားသော လမ်းမကြီး ရှိပါသည်။ ထိုလမ်းမကြီး၌ ကျွန်းတောတံတားကြီး ရှိပါသည်။ မိုးကောင်းမြို့ကို ရစ်ခွေစီးဆင်းနေသော နန့်ရင်းချောင်းကို ဖြတ်ကူးသော တံတားကြီးပါ။

သကြင်္န်မတိုင်မီ တံတားပေါ်၌ ဖြတ်





www.burmeseclassic.com

www.burmeseclassic.com

သွားသူများက ချောင်းအတွင်း၌ မြွေကြီးများ မြူးထူးပျော်ပါးနေသည်ကို တွေ့ခဲ့ကြပါသည်။ ရေချိုးဆင်းသူ၊ အဝတ်လျှော်သူ တံငါလေ့များကလည်း တွေ့ကြ၍ ကြောက်လန့်ကြပါသည်။ တံတားပေါ်မှာ မြွေကြီးများကို စောင့်ကြည့်သူများကလည်း မပြတ်မလပ်ပါ။ မြွေကြီးများ၏ ခေါင်းများ၊ ကိုယ်များ၊ အမြီးများကို တွေ့မြင်ပြီး၊ တံတားပေါ်၌ ည မဖြတ်ရဲကြပါ။

သကြံန်ပြီးသောအခါ ဆရာတော်ရှိရာ တောင်ပေါ်သို့ လူစိမ်းတစ်ဦးနှင့် နောက်ပါများ ရောက်လာကြပါသည်။ ထိုလူစိမ်းက ပန်းပွင့်ပါသော အပင်ကို ဆရာတော်ထံ ဆက်ကပ်ပါသည်။ ထိုအပင်ကို မြင်သည်နှင့် ဆရာတော်က သိပြီး ဖြစ်ပါသည်။ ထိုအပင်ကို မိုးကောင်းမြို့၌ စိုက်ခွင့်ပြုပါရန် ပန်ကြားလာပါသည်။

ဆရာတော်ကြီးက ခွင့်မပြုပါ။ အကြောင်းမှာ လူစိမ်းသည် အင်းတော်ကြီးအိုင်မှ နဂါးဖြစ်ပါသည်။ **(ကချင်ပြည်နယ်၊ အင်းတော်ကြီးအိုင်နှင့် ရေလယ်ဘုရား၏ ထူးခြားမှုများကို မြန်မာနိုင်ငံက သိပြီးဖြစ်ပါသည်။ ရောက်ဖူးသူများက အင်းတော်ကြီးအိုင်ဖြစ်လာပုံ၊ နဂါးများ လူတို့ရွာကို အင်းဖွဲ့ကြပုံကို သိပြီးဖြစ်ကြပါသည်။)**

အင်းတော်ကြီးအိုင်၌ နဂါးများ နေရာကျဉ်းကျပ်လာ၍ မိုးကောင်းမြို့၌ အင်းဖွဲ့လိုကြောင်း အထိမ်းအမှတ်ပါ။ **(နန့်ရင်းချောင်းသည် အင်းတော်ကြီးအိုင်နှင့် တစ်ဆက်တည်းပါ။)** ဆရာတော်ကြီးက လက်မခံပါ။

ထိုလူများကို ဆရာတော်ကြီးက တရားဟောပါသည်။ မေတ္တာဖြင့် ဆုံးမခြင်းပါ။ ပြီးလျှင် ခွင့်မပြုနိုင်ကြောင်း အမိန့်ချမှတ်ပါသည်။ လူသားများကို ခေါင်းတုံး တုံးပြီး စိပ်ပုတီး(၃)လုံး ဆွဲနိုင်းမည်ဟု ပရိယာယ်ကြွယ်ဝစွာ အကြောင်းပြန်ပါသည်။ **(ထူးခြားသော ဆရာတော်ကြီး၏ စွမ်းအားကိုတော့ မည်သူမျှ မသိနိုင်ပါ။)**

ဆရာတော်ကြီး၏ မိန့်ချက်အရ ကလေးငယ်တိုင်း၊ ခေါင်းတုံး,တုံးပြီး ဆရာတော် ဝေပေးသော စိပ်ပုတီး (၃)လုံးစီ လည်ပင်းမှာ ဆွဲရပါသည်။ လူကြီးများကတော့ အဖြူ၊ အညို ဝတ်စုံ ဝတ်ကြရပြီး ရာသက်ပန် သရဏဂုံဆောင်ရပါသည်။

ဆရာတော် ကြီးမှူး၍ ရဟန်းခံပွဲများ ပြုလုပ်ခြင်း၊ သံဃာများကို ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ အရပ်တိုင်း ပရိတ်ရွတ်ပွဲများ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ မိုးကောင်းမြို့ကို အင်းဖွဲ့လိုသော နဂါးများ ယနေ့အထိ အင်းမဖွဲ့နိုင်သေးပါ။

ဝေဘူဝေဘာတောင်ပေါ်၌ နဂါးသိုက်အတွက် ဆောက်လုပ်ထားသော အဆောက်အအုံများ ရှိပါသည်။ အခြားသိုက်နန်း အဆောက်အအုံများလည်း ရှိပါသည်။ သိုက်ပိုင်းဆိုင်ရာများက ဆရာတော် သာသနာပြုရာ၌ အကူအညီပေးကြကြောင်း ဆရာတော်ကြီး၏ အနီးကပ်ပုဂ္ဂိုလ်က ပြောပြပါသည်။

ဆရာတော်ကြီး ဘုရားတည်ရာတွင် ဌာပနာသွင်းခဲ့သော တကောင်းခတ်တော်များသည် အလွန်မတန် ထူးခြားပါသည်။ ဆန်ကွဲစေ့ပမာဏလောက်သာ ရှိပါသည်။ ဆန်ကွဲစေ့ ခတ်တော်များ၊ ပုလင်းများဖြင့် ထည့်ထားသော အခါ လုံးထွေးသွားပြီး တစ်စေ့ချင်းခွဲ၍ မရတော့ပါ။ စာရေးသူထံ၌ ရှိပါသေးသည်။

အင်းဖွဲ့ရန်လာသော နဂါးများလာသည့်နှစ်မှစ၍ ငါးနှစ်၊ ခြောက်နှစ်ကြာသောအခါ ထူးခြားမှုနှစ်ခု ပေါ်ပေါက်လာပါသည်။ ပထမဖြစ်ရပ်မှာ မိုးမိုးမိသားစုတွင် ဖြစ်လာပါသည်။

မိုးမိုး၏ သားလေးမှာ ငါးနှစ်မျှရှိသော်လည်း စကားမပြောပါ။ နည်းမျိုးစုံကုသော်လည်း မပြောပါ။ ဒေဝဆရာတော်ကြီးအား သွားရောက် ဖူးမြော်ရန် စာရေးသူက အကြံပေးပါသည်။

ဝေဘူဝေဘာ တောင်ခြေရင်း၌ပင် သားလေးက ထူးခြားမှု ပြလာပါသည်။ တောင်ခြေရင်း ကျောက်တုံးကြီး (အိမ်တစ်လုံးစာလောက်) အောက်ချိုင့်ခွက်ထဲသို့ ငုံ့ကြည့်သည်ဟု ဆိုပါသည်။

ဆရာတော်ရှေ့မှောက် ရောက်သောအခါ ငိုလည်းငို စကားလည်း ပြောပါသည်။ နဂါးဘဝမှ လူဖြစ်လာကြောင်း ပြောကြားနိုင်ပါသည်။ ယနေ့အထိ အသက်ရှင်နေပါသည်။ စကားကောင်းစွာ ပြောနိုင်ပါသည်။ ထူးခြားမှုကတော့ အလွန် အအိပ်ကြီး၊ အစားကြီးခြင်းပါ။

ဒုတိယဖြစ်ရပ်မှာ ဦးသောင်းမြင့်မိသားစုတွင် ဖြစ်ခဲ့ပါသည်။ ဦးသောင်းမြင့် (မိုးကောင်း–ဖားကန့်လမ်းတွင် ကားစီးရင်း)ငွေများစွာ ပျောက်ဆုံးခဲ့ရပါသည်။ ငွေများကို သားရေခါးပတ်တွင်ထည့်ပြီး ခါး၌ ချည်ထားရင်း ပျောက်သွားပါသည်။ ရဲစခန်း၌ ကားပေါ်ပါ ခရီးသည်များကို စစ်ဆေးရှာဖွေသော်လည်း မတွေ့ကြရပါ။ ဒေဝဆရာတော်ကြီးထံ အကူအညီ တောင်းခံခဲ့ပါသည်။

ဆရာတော်ကြီးက မရနိုင်တော့ကြောင်း မိန့်ကြားပါသည်။ ဆရာတော်ကြီးက ဦးသောင်းမြင့်ထံ၌ ရှိနေသော သမီးငယ်(ငါးနှစ်)သည် နဂါးဘဝမှ လာသူဖြစ်ကြောင်း မိန့်ပါသည်။





www.burmeseclassic.com

www.burmeseclassic.com

သမီးငယ်ကိုခေါ်၍ မိသားစု ဆရာတော်အား သွားရောက် ဖူးမြော်ပါသည်။ တောင်ခြေရင်း ကျောက်တုံးကြီး၏ အောက်ခြေချိုင့်ခွမ်းကို ပြေးသွားပြီး ငုံ့ကြည့်ပါသည်တဲ့။ **"သမီးနေခဲ့တဲ့နေရာ"**ဟုလည်း သူ့အမေကို ပြောပါသည်တဲ့။

ဆရာတော်ကြီးထံ ရောက်သောအခါ နဂါးဘဝမှ လူ့ဘဝသို့ လာကြောင်း ပြောကြားခဲ့ပါသည်။ **(ဆရာတော်ကြီးမှ နဂါးများစွာမှ လူသားများစွာ ဖြစ်လာသူများ ရှိခဲ့ကြောင်း ပြောကြား မိန့်ခဲ့ဖူးပါသည်။)**

ဆရာတော် အသက်(၈၀)ကျော်၌ ရှင်ကျော်မုနိမြတ်စွာဘုရားကို သွားရောက် ဖူးမြော်ခဲ့ပါသည်။ ရခိုင်ပြည်နယ် ကျောက်တော်ကြီး၌ စံမြန်းနေသော ရုပ်ရှင်တော်မြတ်ပါ။ လေကြောင်းဖြင့် သွားခြင်းဖြစ်ပါသည်။ ကျန်းမာစွာဖြင့် ဆရာတော်ကြီး ပြန်ကြွလာခဲ့ပါသည်။

မြတ်စွာဘုရား သက်တော်ထင်ရှားမြင့် ရခိုင်ဘုရင် အသနားခံလျှောက်ထား၍ သွန်းလုပ်ခဲ့သော ဘုရားဖြစ်ကြောင်း မိန့်ပါသည်။ သိကြားမင်းကိုယ်တိုင် သွန်းလုပ်ခဲ့ပါသည်။ ယခု မန္တလေးမြို့၌ စံမြန်းနေသော မဟာမုနိ (ဘုရားကြီး)ကို သိကြားမင်းက ပထမဆုံး သွန်းလုပ်ခဲ့ပါသည်။ ဒုတိယ သွန်းလုပ်သောဘုရားမှာ (ရခိုင်ဘုရား) ကျောက်တော်ကြီး ရှင်ကျော်မုနိ ဖြစ်ပါသည်။ တတိယသွန်းလုပ်သော ဘုရားမှာ ပြည်မြို့တစ်ဖက်ကမ်း ရွှေဘုံသာ မုနိရုပ်ရှင်တော်မြတ် ဖြစ်ပါသည်။ နောက်ဆုံးသွန်းလုပ်သော ဘုရားမှာ ဇလွန်မြို့ မာရ်အောင်မြင်မုနိ (ပြည်တော်ပြန်ဘုရား) ဖြစ်ပါသည်။ မြတ်စွာဘုရား၏ ရင်ငွေ့တော်လှူ ဘုရားများ ဖြစ်ကြောင်း မိန့်ကြားပါသည်။

ဆရာတော်ကြီး ရှင်ကျော်မုနိဘုရားကို ဖူးမြော်သောအခါ မယုံကြည်လောက်သော ထူးခြားမှုရှိခဲ့ကြောင်းတော့ ပြောပြပါသည်။ **(အကြောင်းစုံကိုတော့ ဖွင့်ဟ မမိန့်ကြားပါ။)**

ရှင်ကျော်မုနိ ရုပ်ရှင်တော်မြတ် ဓာတ်ပုံပေါင်းတစ်ရာ (အသက် တစ်ရာကို ရည်ရွယ်ပုံရပါသည်။)ကို ဒကာ/မများကို ပူဇော်စေခဲ့ပါသည်။ စာရေးသူထံ၌ ရှိနေပါသေးသည်။ ဆရာတော်ကြီး၏ကျေးဇူးပါ။

ဆရာတော်ကြီး မပျံလွန်တော်မူမီကပင် တပည့်ရင်းများအား မှာကြားစီမံခဲ့ပါသည်။ ထူးခြားချက်မှာ ပျံလွန်တော်မမူမီ သစ်သီးဆွမ်းဘုဉ်းပေးခြင်း (ရက်အတန်ကြာ)လည်း မပြုပါ။

ဆရာတော်ကြီး ပျံလွန်တော်မူသည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပါပြီ။ သို့သော် ဆရာတော်ကြီး သာသနာပြုခဲ့သော တောင်မှာ စည်ကားမြဲပါ။ တပည့်များက အဆောက်အအုံများ ပြုပြင်ဆဲ၊ ဆောက်လုပ်ဆဲပါ။ ဆရာတော်ကြီးအား တိုင်တည်ပြီး ဆုတောင်းကြမြဲပါ။ လိုရာဆုများလည်း ပြည့်နေဆဲပါ။ တသသ သတိရနေကြဆဲပါ။ **(ဒေဝဆရာတော်ကြီး အကြောင်းကို နက္ခတ္တဗေဒင်ခြည် မဂ္ဂဇင်းမှ ဖော်ပြခဲ့ဖူးသည်ကို စာရေးသူ သတိရနေဆဲပါ။)**

***ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။***

**ဒေါ်သုမနဝိစိတ္တ**
***(B.Sc,H.G.P, Dip Ed)***

**စာရှုသူ သုတေသီနှင့် ဝါသနာရှင်များသို့ . . .**

မိမိတို့ဒေသရှိ ဆရာတော်ကြီးများ၊ ပုဂ္ဂိုလ်ထူးကြီးများ၏ မိမိတို့သာသိပြီး သမိုင်းမဝင်သော ဖြစ်ရပ်များကို ရေးသားပေးပို့နိုင်ကြပါပြီ။

ဤသို့ ရေးသားပေးပို့ခြင်းဖြင့် ကွက်လပ်ဖြစ်နေသော၊ အများမသိသော ဖြစ်ရပ်များကို မှတ်တမ်းတင်ပြီး ဖြစ်သွားပါမည်။ ဤကုသိုလ်ထူးကြီးကို ပါဝင်မှတ်တမ်းတင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

***လေးစားစွာဖြင့်. . .***

**ဦးကျော်မိုးသိန်း**
**စာတည်းချုပ်**



www.burmeseclassic.com

www.burmeseclassic.com

ကုက္ကိုကုန်းရွာကျောင်းတိုက်ဝင်း အတွင်းမှ

# ထူးခြားသည့် ငှက်ပျောပင်

ညွှန့်ဝင်း
(နတ်တလင်း)

စာရေးသူသည် သရက်ကုန်းရွာသို့ ရောက်ရှိခိုက် **ပေါင်းတည်မြို့အပိုင် ကုက္ကိုကုန်းရွာ ဘုန်းကြီးကျောင်း ဝင်းအတွင်းတွင်** ငှက်ပျောပင်တစ်ပင်မှ အဖီးတစ်ရာကျော် ငှက်ပျောခိုင်တစ်ခိုင် ထွက်နေကြောင်း သတင်းစကား တစ်ဆင့်ကြားခဲ့ရသည်။



● ရွှေမောင်းသမိုင်းဝင် မဟာအတုလရန်အောင်စေတီတော်ကြီး

ကုက္ကိုကုန်းရွာသည် စာရေးသူနှင့် အနေစိမ်းသော ရွာမဟုတ်ပါ။ စာရေးသူ၏ မိတ်ဆွေ (လယ်သမားတစ်ပိုင်း၊ စက်ပြင်ဆရာတစ်ပိုင်း တွဲဖက်လုပ်ကိုင်သူ) ကိုကြူ၏ ရွာဖြစ်၍ သူ့ဆီ စက်ပြင်သွားခေါ်ရင်း ခဏခဏ ရောက်ဖူးပါ၏။

ယခုတလောမှသာ စက်ကိစ္စ အထွေအထူးမရှိ၍ ကိုကြူနှင့် မတွေ့ဖြစ်သလို ကုက္ကိုကုန်းရွာလည်း မရောက်ဖြစ်ခဲ့ခြင်းပင်။

(၂-၁၀-၂၀၁၃)နေ့က ငှက်ပျောခိုင် သတင်းကြားသိခဲ့ရ၍ (၃-၁၀-၂၀၁၃) ကြာသပတေးနေ့တွင် စာရေးသူသည် သားတော်မောင်ကို အဖော်ခေါ်ကာ ဘုန်းကြီးကျောင်းရှိရာသို့ ဆိုင်ကယ်တစ်စီးဖြင့် ထွက်ဖြစ်ခဲ့ပါသည်။

သားအဖနှစ်ဦးသား နတ်တလင်းမြို့မှ ရန်ကုန်-ပြည် ကားလမ်းမကြီး အတိုင်း ဆိုင်ကယ် မောင်းနှင်လာရာ မကြာမီ **ဘိုးသာအောင် ကုန်းတံတားကြီးကို ကျော်၍ ပေါင်းတည်မြို့**



www.burmeseclassic.com

www.burmeseclassic.com

...ကျောင်းကုန်းရွာထိပ်ဆီသို့ ...ရောက်လာသည်။

...လမ်းမကြီး၏ ဘေးဘက်ရှိ ...ကျောင်းကုန်း ဘုန်းကြီးကျောင်းနှင့် ...လျက် မြေနီလမ်းသည် ကုက္ကို ...ရွာသို့ သွားသောလမ်း ဖြစ်ပါ၏။

...မြေနီလမ်းမှာ ကျေးလက်ဖွံ့ဖြိုး ...လမ်းအဖြစ် မြို့နယ်စည်ပင် ...ယာရေးအဖွဲ့က ဦးဆောင်ဖောက် ...ထားခြင်းသဖြင့် ညီညာပြန့်ပြူး ...လမ်းကြောအတိုင်း သက်သာ ...ချောင်းစွာ မောင်းနှင်နိုင်ခဲ့သည်။

မြေနီလမ်းအတိုင်း (၄)ဖာလုံခန့် ...မောင်းနှင်လိုက်ရုံနှင့် မကျည်းပင်ရွာ ...စေတီတော်ကြီးကို ဖူးတွေ့ရပြီ ဖြစ် ...သည်။ စေတီတော်ကြီးသည် "**မဟာ အတုလရန်အောင်**"ဟူသော ဘွဲ့ ...ရပြီး ပဲခူးတိုင်းဒေသကြီး၊ ...အနောက်ပိုင်းရှိ ရှေးဟောင်း သမိုင်းဝင် ...စေတီတော်ကြီးများတွင် တစ်ဆူ အပါ ...အဝင်ဖြစ်သည်။

မဟာအတုလရန်အောင် စေတီ ...တော်ကြီးနှင့် ကပ်လျက်တည်ရှိသည့် ...ကျောင်းတိုက်သည် မကျည်းပင်အုပ်စု ...ကုက္ကိုကုန်းရွာ ဘုန်းတော်ကြီးကျောင်း ...ဖြစ်သည်။

စာရေးသူတို့သားအဖသည် ကုက္ကို ...ကုန်းကျောင်းတိုက်သို့ ရောက်ရှိသည် ...နှင့် ရှေးဦးစွာ ကျောင်းထိုင်ဆရာတော် ...ကြီး ဦးသြဘာသကို ဖူးမြော်ကန်တော့ ...ကြသည်။

ဆရာတော်ကြီးမှာ သက်တော်(၈၀) ...ဝါတော်(၆၀)ရှိ မထေရ်ကြီးတစ်ပါး ...ဖြစ်၏။ စာရေးသူက...

'အရှင်ဘုရားတို့ ကျောင်းဝင်း ...အတွင်းက အဖီးတစ်ရာကျော် ...ငှက်ပျောခိုင်အကြောင်း မှတ်တမ်းတင် ...ဆောင်းပါးရေးသားမယ့် နတ်ထလင်း



◆ ကုက္ကိုကုန်းကျောင်းတိုက် ဆရာတော် ဦးသြဘာသ

စာရေးဆရာအသင်းမှ အဖွဲ့ဝင်း ဒကာ ကြီး ဖြစ်ပါကြောင်း'

လျှောက်ထားရသည်။ ဆရာတော် ကြီးသည် ကျန်းမာရေး ကောင်းမွန်လှ သည် မဟုတ်သဖြင့် စာရေးသူတို့အား များများ မမိန့်ကြားနိုင်ပါ။

ဆရာတော်ကြီးကို မှတ်တမ်းတင် ဓာတ်ပုံရိုက်ရန်ကိုပင် ကပ္ပိယဒကာကြီး ဦးမောင်နု၊ ကိုရင်ကြီးနှင့် ကျောင်း သားများက ဝိုင်းဝန်းတွဲထူ၍ ပလ္လင် (ထိုင်ခုံ)ပေါ် တင်ပေးရသည်။

ဆရာတော်ကြီးကို မှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီးသောအခါ ဘုန်းတော် ကြီး ကျောင်းဝင်းအတွင်းရှိ အဖီး တစ်ရာကျော်ငှက်ပျောခိုင်ကို ကြည့်ရှု လေ့လာကြသည်။

ငှက်ပျောပင်မှာ သာမန် ကျောက် စိမ်းငှက်ပျောပင်အရွယ် (၈–ပေခန့်) သာရှိသည်။ အပင်လုံး(ပင်စည်)လည်း အလွန် သန်မာ ထွားကျိုင်းလှသည်

www.burmeseclassic.com



◆ အသီးတစ်ရာကျော် ငှက်ပျောခိုင်ကို အနီးကပ် တွေ့ရစဉ်



◆ အံ့ဩဖွယ်ထူးခြားသည့် အသီးတစ်ရာကျော်ငှက်ပျောခိုင်

မဟုတ်။

သေးငယ်သော သာမန်ငှက်ပျောပင်၏ အဖူးမှ အဖီးတစ်ရာကျော် ထွက်လာခြင်းဖြစ်၍ အံ့ဩဘနန်းဖြစ်စရာပင်။ ငှက်ပျောဖီးများသည် တစ်ဖီးနှင့်တစ်ဖီး ခပ်စိပ်စိပ် ကြိတ်ကြိတ်တိုးလျက်ရှိနေရာ ငှက်ပျောခိုင်အတွင်းသို့ လေဝင်ပေါက်ပင် မရှိပေ။

ငှက်ပျောပင်အမြင့်ထက် ကျော်လွန် ရှည်လျားသော ထိုငှက်ပျောခိုင်ကြီး၏ အလေးချိန်ကို ကောင်းစွာထိန်းနိုင်ရန် သစ်သားခွထောက်များဖြင့် ကူထောက်ပေးထားရသည်။

အဖီးတစ်ရာကျော် ကျလာပြီးသည့်အထိ အဖူးမှ ငှက်ပျောသီးများ ဆက်ထွက်ဆဲဖြစ်ရာ မြေကြီးနှင့် မလွတ်တော့သဖြင့် အောက်တည့်တည့်၌ တွင်းတူးပေးထားရသည်။ အပင်ပတ်လည်ကိုလည်း ရာဇမတ်ကာလျက် အထူးတလည် ဂရုစိုက်ရန် ဆရာတော်ကြီးက မိန့်ကြားထားသည်။

စာရေးသူသည် ငှက်ပျောခိုင်နှင့် မှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီးလျှင် ငှက်ပျောခိုင်အကြောင်း ကပ္ပိယဒကာကြီးနှင့် စကားပြောဖြစ်ကြ၏။

ကပ္ပိယဒကာကြီး ဦးမောင်နု၏ ပြောပြချက်အရ **ထိုငှက်ပျောသီးမျိုးသည် အလွန်ထူးခြားသည့် ဆေးဝါးအာနိသင် ရှိကြောင်း၊ အတွေ့အကြုံရှိသူ သက်ကြီးရွယ်အိုများက နတ်ဩဇာသီးဟုပင် ခေါ်ဆိုကြကြောင်း၊** ထိုငှက်ပျောသီးမှည့်ကို ပျားရည်နှင့် စိမ်၍ ဆေးအဖြစ် မှီဝဲပါက အားအင်ပြည့်ဖြိုးကာ ကျန်းမာသက်ရှည်နိုင်ကြောင်း သိရပါသည်။

ဤဆောင်းပါးကို ဖတ်ရှုပြီး **ငှက်ပျောခိုင်နှင့် ပတ်သက်၍ နောက်ထပ် ထူးခြားသော အသုံးဝင်မှုများ၊ ဆေးဖက်ဝင်မှုများကို ပိုမိုသိရှိသူ ပညာရှင်များရှိပါက ဆက်လက် ထုတ်ဖော် ရေးသားကြပါရန် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ တစ်ဆင့် လေးစားစွာ တောင်းဆိုအပ်ပါသည်။**

ညွန့်ဝင်း(နတ်တလင်း)



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊ မြင်းနှစ်ကာလ

# ကြံတိုင်းအောင်၍

## ဆောင်တိုင်းမြောက်စေဖို့



နံရံကပ် ရုပ်ပုံကားချပ်များ အရောင်းဆိုင်တွင် မြင်း(၈)ကောင် သန်မာဖျတ်လတ်စွာ ပြေးလွှားနေပုံနှင့် ( 馬到成功 ) Mǎ Dào Chéng Gōng **"မာတောက်ချင်းကုန်း"**ဟူသော စာတန်းကို တွေ့ရှိနိုင်ကြသည်။

ထိုရုပ်ပုံကားချပ်ကို အိမ်ခန်း၊ ညေ့ခန်း၏ တောင်ဘက်နံရံတွင် ချိတ်ဆွဲ(ကော်ကပ်)ထားရန် ဖြစ်သည်။

နှင်းသစ်ကူးနှစ်ဆန်း(၁)ရက်နေ့ မတိုင်မီတွင်ဖြစ်စေ၊ နှစ်ဆန်းစဦးလ (တရုတ်ပြက္ခဒိန်တစ်လ)တွင် ဖြစ်စေ ချိတ်ဆွဲထားရသည်။

ထိုစာတန်း၏ အဓိပ္ပာယ်မှာ အရာရာအောင်မြင်ပြီးမြောက်သည်၊ ကြံတိုင်းအောင်၍ ဆောင်တိုင်းမြောက်သည်ဟု ရည်ညွှန်းသည်။

မြင်းသည် တရုတ်လူမျိုးတို့ ဂုဏ်ယူစွာ လျှို့ဝှက်ထားခဲ့သော ပိုးထည်ထုတ်လုပ်ငန်းတွင် အဓိက သယ်ယူပို့ဆောင်ရေးယာဉ်ဖြစ်သည့်အပြင် တရုတ်နိုင်ငံသို့ ဗုဒ္ဓသာသနာတော် ရောက်ရှိ ထွန်းကားနိုင်ရေးအတွက် ပိဋကတ်ကျမ်းစာများ ပင့်ဆောင်ရာ၌လည်း အထူးပြုပါဝင်ခဲ့သည်။

ထို့ကြောင့် မြင်းကို အထွတ်အမြတ်ပြုကာ **(မာတောက်ချင်းကုန်း)**ဟု တင်စားသုံးနှုန်းထားခြင်းဖြစ်သည်။ တိုက်ရိုက်အဓိပ္ပာယ်မှာ **"မြင်းရောက်ပြီ၊ အောင်မြင်ပြီးမြောက်ပြီ"**ဟူ၍ ဖြစ်သည်။

မြင်းစိုးမိုးသည့် နှစ်ကာလဖြစ်လေရာ ထိုရုပ်ပုံနှင့် အညွှန်းစာတန်းသည် ကောင်းစွာသက်ဝင်၍ သင်၏ အိမ်ဂေဟာအတွင်း နေထိုင်ကြသူတိုင်းအတွက် ကြံစည်လုပ်ကိုင်သမျှ ကိစ္စအဖြာဖြာ အောင်မြင်ပြီးမြောက်နိုင်ပါလိမ့်မည်။

မိမိတို့ မွေးသောနှစ်၏ ပုံရိပ်အရ အထူးပြုလိုပါက...

| | | |
|---|---|---|
| ကြွက်ပုံရိပ်နှင့် ဝက်ပုံရိပ်ရှင်တို့သည် | → | ဗုဒ္ဓဟူးနေ့တွင် စတင် ချိတ်ဆွဲပါ။ |
| နွား၊ နဂါး၊ ဆိတ်၊ ခွေးပုံရိပ်ရှင်တို့သည် | → | စနေနေ့ |
| ကျားနှင့် ယုန်ပုံရိပ်ရှင်တို့သည် | → | ကြာသပတေးနေ့ |
| မြွေနှင့် မြင်းပုံရိပ်ရှင်တို့သည် | → | အင်္ဂါနေ့ |
| မျောက်နှင့် ကြက်ပုံရိပ်ရှင်တို့သည် | → | သောကြာနေ့ |

ထို့တွင် စတင် ချိတ်ဆွဲနိုင်ကြပေသည်။ တောင်အရပ်၌ ချိတ်ဆွဲရခြင်းကား နှစ်သခင် မြင်း၏ မူလမီးဓာတ် ပိုင်စိုးရာအရပ် ဖြစ်သောကြောင့်ပေတည်း။

***မြင်းနှစ်တာကာလ သုခအဖြာဖြာ ပြည့်စုံကြ၍ ကြံတိုင်းအောင် ဆောင်တိုင်းမြောက်ကြပါစေ...***

**ထိုင်းလီစု**(Tāi Lǐ Sù)



www.burmeseclassic.com

www.burmeseclassic.com



● မှတ်ပုံတင် - ၁၁၁၄ y ၁၁၀၇၃၆ လိုင်စင် ၇၊ ၂၀၁၁၊ တအာထလတိုး (၁၃၁၂) ●

နှလုံးရောဂါ ကင်းဝေးအောင်

# မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးကိုဆောင်

" ဆရာကိုယဉ်တင့်နဲ့ တွေ့ချင်နေတာ အတော်ပဲ။ ခုတလော အသက်ရှူကျပ်ပြီး မောတယ်ဗျာ။ ညဘက်လည်း အိပ်မပျော်ဘူး။ တစ်ခါတစ်ရံ နှလုံးနေရာက အောင့်တယ်။ ကိုယဉ်တင့်က တိုင်းရင်းဆေး သုတေသီဆိုတော့ ကျွန်တော့်ရဲ့ ဝေဒနာကို ဆန်းစစ်ပါဦး "

" ကိုချစ်ဆွေ ခံစားနေရတာ နှလုံးရောဂါပါ။ နှလုံးရောဂါဟာ ကံ၊ စိတ်၊ ဥ တု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်လေးပါး ညီညွတ်မျှတအောင် နေထိုင်စားသောက်မှုမရှိတဲ့ အတွက် ဖြစ်ရတဲ့ရောဂါပါ။ အထူးသဖြင့် စိတ်ကြောင့် ဖြစ်ရတာများပါတယ်။ လောဘ၊ ဒေါသ၊ မောဟ လွှမ်းကဲတဲ့သူတွေ ပရိဒေဝမီးတောက်လောင်ပြီး နှလုံးအိမ်ကို လောင်မြိုက်တဲ့အတွက် နှလုံးရောဂါဖြစ်စေတာပါ "




" နှလုံးရောဂါဟာ စိတ်ကြောင့်ဖြစ်ရတယ်ဆိုတာ လက်ခံပါတယ်။ ဆက်ပြောပါဦး "

" နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှကာလပတ်လုံး နေ့၊ ညမပြတ် အလုပ်လုပ်ရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခုပါ။ နှလုံးရောဂါ ခံစားနေရတာမသိဘဲ သန္နိပါတ်နှလုံးရောဂါဖြစ်လာပြီဆိုရင် ညဘက် အိပ်မပျော်ခြင်း၊ မူးခြင်း၊ မောခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပူခြင်း၊ အသက်ရှူကျပ်မောခြင်း၊ နှလုံးနေရာမှ အောင့်ခြင်း၊ ခြေဖျားလက်ဖျားအေးခြင်း၊ ဘယ်သူမှ စကားမပြောဘဲ စကားပြောသံကြားရခြင်း(စိတ်မှ ထင်မှတ်ခြင်း)၊ နှလုံးနေရာမှာ အပ်နဲ့ ဆွသလို နာကျင်ခြင်း၊ လက်သည်းခွံအရောင်မမှန်ခြင်း၊ လက်သည်းများပြာ နှမ်းလာခြင်း၊ အိပ်နေရင်း ကယောင်ကတမ်းပြောခြင်း၊ သွေးစမ်းကြည့်ပါက သွေးတိုးမမှန်ခြင်း၊ နှလုံးနေရာ အောင့်နေခြင်း၊ တစ်ကိုယ်လုံး အေးစက်နေခြင်း၊ လေးလံနေခြင်းစတဲ့ လက္ခဏာတွေ ဖြစ်တတ်တယ် ကိုချစ်ဆွေ "

" ကိုယဉ်တင့် ပြောခဲ့တဲ့ နှလုံးရောဂါလက္ခဏာတွေထဲက ကျွန်တော် ခံစား နေရတဲ့ အချက်သုံးမျိုးနဲ့ တူတယ်ဗျ။ ဒါဆို ဘာဆက်လုပ်ရမှာလဲ "

" ကိုချစ်ဆွေ ခံစားနေရတာ ဘယ်လောက်ကြာပြီလဲ။ ဖြစ်တာမကြာသေးဘူးဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပြီး ရောဂါသက်ကြာရင်တော့ ဆေးရုံဆေးခန်းပြရမှာပေါ့ "

" ကျွန်တော် ခံစားနေရတာ ဆယ်ရက်၊ ဆယ့်ငါးရက်လောက်ပဲ ရှိသေးတယ် "

" ဒါဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပါတယ် "

" သက်သာပျောက်ကင်းဖို့ဆိုရင် ဘယ်ဆေးစားရင် ကောင်းမယ်ဆိုတာ ကိုယဉ်တင့် ညွှန်ပြပေးပါဦး "

" သမားတော်ကြီး မုံရွာဆရာ[မိုး] ကိုယ်တိုင် ကုသအောင်မြင်ခဲ့တဲ့ **မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံနှလုံးအားဆေး**[...] သောက်ရင် ကိုချစ်ဆွေ ခံစားနေရတဲ့ နှလုံး ရောဂါဟာ အချိန်တိုအတွင်း သက်သာ ပျောက်ကင်းသွားမှာ သေချာပါတယ် "

" ဒါဆို မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးသောက်မယ် ဗျာ။ ဆေးအညွှန်းကို သိပါရစေ "

" ကဲ ကိုချစ်ဆွေ နားထောင် ပြောပြမယ်။ အညွှန်းက နှလုံးသွေးကြော ကျဉ်းခြင်း၊ ကျယ်ခြင်း၊ ရင်ညွန့်၌ ရင်[...] အောင့်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူကျပ်ခြင်း၊ သွေးတိုးခြင်း၊ ကျောနှင့်ရင် ညှပ်အောင့်ခြင်း၊ နှလုံးတုန်ရင်[...] မောပန်းနွမ်းနယ်ခြင်း၊ နှလုံးအားနည်းခြင်း၊ ရောင်ခြင်း၊ အနည်းငယ်လှုပ်ရှားရုံဖြင့် မောပန်းခြင်း၊ ချွေးထွက်လွန်၍ နှလုံးခုန်မမှန် မောပန်းခြင်း၊ မူးဝေခြင်း၊ စိတ်ဖိစီးမှုများ၍ အိပ်မပျော်၊ စားမဝင်၊ စိတ်မကြည်ခြင်း၊ အား[...] အင်ကုန်ခမ်းစိတ်မရွှင်လန်းခြင်းတို့အပြင် သုံးစွဲနိုင်တယ်တဲ့ "

" ကိုယဉ်တင့် ညွှန်မှတော့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမော[လုံ] နှလုံးအားတိုးဆေးဟာ ဆေးစွမ်းကောင်းတစ်လက်ဖြစ်တာ သေချာ[...] တယ်။ သောက်မယ်ဗျာ။ အဲဒီဆေးကို ဘယ်ဆိုင်တွေမှာ ဝယ်ရင်ရ[...] မှာလဲ "

" အဆီကျ၊ အကြောပြေ၊ ဆီး၊ ဝမ်း မှန်စေတဲ့ မုံရွာဆရာမိုး[...] ရောက်တစ်လုံး ဝမ်းမှန်ဆေးဟာ တိုင်းသိပြည်ကျော်ဖြစ် ပြီးသား[...] အထူးညွှန်းစရာမလိုတဲ့ ဆေးဖြစ်ပြီး ခုအသစ်တဖန် ထုတ်လုပ်လိုက်တဲ့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးကိုလည်း မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် ဝယ်ယူရရှိနိုင်ပါတယ်[...] ကဲ ကိုချစ်ဆွေ ယုံယုံကြည်ကြည် သောက်ကြည့်လိုက်စမ်းပါ။ ခင်ဗျား ခံစားနေရတဲ့ နှလုံးရောဂါဝေဒနာဟာ သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် "

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေး[...] မျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံး ဖြန့်ချိပေးနေပါ[...]

**ပင်ရင်း**

**မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

အမှတ် - (၅၂/၃၅၆) ပေမောင်လမ်းကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း ၀၁ - ၆၉၁၀၇၉ ၊ ၀၉ - ၅၁၈၈၆၃၂

**ဖြောင်းဖြ ဖောင်းယဉ်တင့်**



www.burmeseclassic.com

www.burmeseclassic.com



◆ သိမ်ဘုရား

ဘုန်းကျော်စွာ
(မြိုင်တက္ကသိုလ်)

မုံရွာမြို့ ဘုန်းစိုးရပ်မှ

# ဘိုးတာလုံးတောရသိမ်

## နှင့် စေတီတော် (၂)

**ယခင်လမှ အဆက်**

**ဆရာတော်၏ မိန့်ကြားချက်**

...နောက်တွင် လက်ရှိကျောင်းထိုင် ...တော် ဦးဇကနအား ဖူးတွေ့ ...ကျက်ထားသည်။ ဆရာတော်သည် ...နှလက်ထက်ကပင်လျှင် ဘုန်းစိုး ...ကျောင်းသို့ သာမဏေဘဝဖြင့် ရောက် ... တလုံးစေတီ ခဏ္ဍာသိမ်တွင်ပင် ...သောင်သို့ ရောက်ရှိတော်မူ [illegible]

...၁၃၅၆ ခုနှစ်တွင် တလုံးတောရခေါ် ...ကျောင်းတိုက် ဆရာတော် အဖြစ် တာဝန်ယူကာ ၁၃၅၇ ခုနှစ်မှစ၍ နှစ်စဉ် ဝါတွင်းတရားပွဲများ၊ လယ်တီ ဝိပဿနာတရားစခန်းများ ဦးဆောင် ကျင်းပပေးခဲ့ရာ ၁၃၇၅ ခုနှစ်တွင် (၁၈)ကြိမ် ပြည့်မြောက်ပြီဟု သိရသည်။ ဆရာတော်က ဤသို့ မိန့်ကြားတော် မူသည်။

'ကုန်းတော်မှာ ဘုမ္မိရက်မောင်နှမ ရှိတယ်လို့ ပြောကြတယ်။ ဘုန်းကြီးတော့ တစ်ခါမှ မမြင်ဖူးပါဘူး။ ထူးထူးခြားခြား သတိထား မိတာတစ်ခုတော့ ရှိတယ်။ (၂၅)ပေမြင့်တဲ့ တလုံးစေတီတော်ကြီး ကာလကြာရှည်မှုနဲ့ လျှင်အဟ်တွေကြောင့် ယိုယွင်းလာတော့ ၁၃၄၈ ခုနှစ် (၄၅)ပေ ဉာဏ်တော်အမြင့် အထိ တိုးမြှင့်ပွမ်းမံခဲ့ကြတယ်။ တစ်ပြိုင်နက် လိုလိုပဲ ကျောင်းဇရပ် သာသနိက အဆောက် အအုံတွေ လှူဒါန်းကြတယ်။

ထီးတော် မတင်မီကာလမှာ ဆောက်လုပ် သမျှ အဆောက်အအုံတွေ မအောင်မြင်ဘူး။ ဟိုရှေ့နားမှာ ပျဉ်ထောင်ကျောင်းကြီးတစ် ဆောင် ဆိုရင် အားလုံး ပြီးစီးကာမှ လေပြင်း မုန်တိုင်းတိုက်ပြီး လုံးဝ ပြိုပျက်သွားတယ်။ စေတီထီးတော် တင်ပြီးမှပဲ အခုမြင်နေရတဲ့ ကျောင်းဇရပ် အဆောက်အအုံကြီးတွေ ဖြစ်မြောက်တော့တယ်'

ကျယ်ပြန့်လှသော ကျောင်းဝင်း





www.burmeseclassic.com

www.burmeseclassic.com

အတွင်း မန်ကျည်းပင်အချို့ကို ရှင်းလင်းကာ ကျောင်းဇရပ်များ၊ တစ်ပါးစာ ကမ္မဋ္ဌာန်းကျောင်းဆောင်များ တည်ဆောက်ထားသည်ကို တွေ့ခဲ့ရပါသည်။

ဆက်လက်၍လည်း ဆွမ်းစားကျောင်းကြီးတစ်ဆောင်၊ သံဃာများ (ယောဂီသံဃာအပါအဝင်) သီတင်းသုံးရန်(၁၀)ဆောင်၊ လူယောဂီများအတွက် အဆောင်(၇၀)နှင့် ကုဋီ အိမ်သာ ရေချိုးခန်းများ ဆောက်လုပ်ရန် ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့က ကြိုးပမ်းနေကြောင်း သိရသည်။

စေတီတော်၏ မူလဖြစ်စဉ်တော်ကို မသိရသော်လည်း ဦးမျိုးတင့်အောင်က သူ ကြားသိရသမျှ ပါးစပ်ရာဇဝင်ကို ထပ်ဆင့်ဝေငှသည်။

## ဖြစ်စဉ်တော်

မြတ်စွာဘုရားရှင် ထင်ရှားပွင့်တော်မူစဉ် သာဝတ္ထိပြည် ပသေနဒီကောသလမင်းက ကပိလဝတ်ပြည် မဟာနာမမင်းထံ သမီးတောင်းရာ သမီးအစစ်ကို မပေးဘဲ ကျွန်မမှ မွေးသော **"ဝါသဘခတ္တိယာ"** သတို့သမီးကို ပေးသည်တွင် မိဖုရားမြှောက်၍ ဝိဋူဍုဘမင်းသားကို ဖွား၏။

အရွယ်ရောက်၍ ကပိလဝတ်ပြည်သို့ သွားရာ၌ ကျွန်မသားဟု နှိမ်ချသည်ကို ကြုံရသဖြင့်...


'နောင် ငါ မင်းဖြစ်လျှင် ဤသူတို့၏ လည်ချောင်းသွေးဖြင့် ခြေဆေးအံ့'

ဟု ကြုံးဝါးသည်။ မင်းဖြစ်သော် ရန်ငြိုးထားသည့်အတိုင်း သာကီဝင်မင်းမျိုးတို့ကို ဖျက်ဆီးရန် စစ်ဆင်၍ သွားရာ ဘုရားရှင် တားမြစ်သဖြင့် သုံးကြိမ်တိုင် ပြန်လာရ၏။

လေးကြိမ်မြောက်တွင် ဘုရားရှင်



ဘုန်းစိုးကျောင်းတိုက် မုခ်ဦး



တစ်ပါးကျောင်းကမ္မဋ္ဌာန်းဆောင်အချို့

မတားမြစ်တော့သဖြင့် ကပိလဝတ်သို့ ချီကာ နို့စို့ကလေးမျှ မကျန်အောင် အကုန်သတ်လေသည်။

ကြွင်းကျန်ရစ်သော သာကီဝင်မင်းမျိုး အနည်းငယ်မှာ ဘေးလွတ်ရာသို့ ရှောင်ရှားရလေရာ သကျဣလမင်းသားနှင့် နောင်တော်နှစ်ပါးသည် ဗိုဝင်တောင်သို့ ရောက်လာကြ၏။ ထိုမှ သလ္လဝတီမြစ်အရှေ့ဘက်ကမ်း၌ ညအခါ မီးရောင်ဖြစ်သဖြင့် လူသူရှိနိုင်သည်ဟု မှန်းဆကာ ရောက်လာကြသည်။

မြစ်အရှေ့ဘက်ကမ်း မြေညီသော်
၌ စီးတော်ဆင်မ ဝပ်တွားသဖြ
ဓာတ်တော်မွေတော်များနှင့် ဓာတ်
ပါး စီရင်ဌာပနာပြုကာ စည်းခုံ
တည်၏။

နှောင်းလူတို့ မွမ်းမံကြသဖြင့်
အခါ မုံရွာမြို့လယ် ရွှေစည်းခုံ
တော်ကြီးအဖြစ် ဖူးတွေ့နိုင်သည်။

ထိုမှ ကမ်းပါးပြတ်နေရာ(ယ





www.burmeseclassic.com

www.burmeseclassic.com



◆ ဘုန်းစိုးကျောင်းဆရာတော် ဦးဇနက

◆ ဇေါ်ပကာအသွဲ့ဝင် ဦးမျိုးတင့်အောင်



ဘုရားလှစေတီ၏ အနောက်တောင်ထောင့်အရပ်)၌ စေတီတစ်ဆူ၊ မန်ကျည်းကိုးပင်တောင်၌ စေတီတစ်ဆူ (ယခု တလုံးစေတီ)၊ ရှောက်ခါးအရပ်၌ စေတီတစ်ဆူ(ယခု မြဝတီရပ် မိုးကောင်းစေတီ)တို့ ဓာတ်ကိုးပါး စီရင်၍ ဌာပနာပြု တည်ထားခဲ့ကြလေသည်။

ဤသမိုင်း သိရှိရပုံကိုလည်း ဦးမျိုးတင့်အောင်က ဤသို့ ပြောပြသည်။

'လွန်ခဲ့တဲ့ နှစ်ပေါင်း(၅၀)လောက်က မုံရွာ မိဂဒါဝုန်ကျောင်းမှာ ဖိုထိုးတဲ့ ဆံရှည်ဆရာတော်တစ်ပါးရှိတယ်။ ကျွန်တော့်မိတ်ဆွေ ဦးစန်းလွင်ဆိုတဲ့ လူက ဆံရှည်ဆရာတော်ဆီမှာ ပီးသွေးသယ်၊ ဖိုဆွဲ ကူလုပ်ပေးရင်းက ဆရာတော်ရဲ့ လွယ်အိတ်ထဲက ဒီဘုရားသမိုင်း စာအုပ်တွေ့ပြီး ကူးယူထားတယ်လို့ ပြောပါတယ်။ ဒါကို ပြန်ပြောပြတာပါ'

## ဆရာတော်၏ ဓမ္မဒါန

တလုံးဆရာတော် ဦးဝါယမိန္ဒသည် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို အထူးပြုစီးဖြန်း အားထုတ်တော်မူခဲ့ကြောင်း သိရှိရကာ ဘုန်းစိုးကျောင်းတိုက်လက်ရှိဆရာတော် ဦးဇနက,က ဂုဏ်တော်ကိုးပါးကို နှလုံးသွင်းရန် အနက်မြန်မာပြန်ကို အောက်ပါအတိုင်း ဓမ္မဒါနပြုတော်မူသည်။

မြတ်ဗုဒ္ဓ၏ ဂုဏ်တော်(၉)ပါး

**အ,ရဟံ** = ကိလေသာ ကင်းစင်တော်မူသော မြတ်စွာဘုရား။

**အရ,ဟံ** = ဆိတ်ကွယ်ရာ အရပ်၌ပင် မကောင်းမှုကို ပြုတော်မမူသော မြတ်စွာဘုရား။

**အရဟံ** = ပူဇော်အထူးကို ခံယူတော် မူထိုက်သော မြတ်စွာဘုရား။

**သမ္မာသမ္ဗုဒ္ဓေါ** = သိစရာ အားလုံးကို အမှန်အတိုင်း ကိုယ်ပိုင်ဉာဏ်ဖြင့် သိတော်မူသော မြတ်စွာဘုရား

www.burmeseclassic.com



ကျောင်းဝင်းရှိ သောမဲ့ရေကန်

**ဝိဇ္ဇာစရဏသမ္ပန္နော** = အသိ ဉာဏ်ရော အကျင့်သီလပါ ပြည့်စုံတော်မူသော မြတ်စွာဘုရား။

**သုဂတော** = ကောင်းသောစကား၊ မှန်ကန်၍ အကျိုးရှိသော စကားကို ဆိုတော်မူသော မြတ်စွာဘုရား။

**လောကဝိဒူ** = သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောက လောကသုံးပါးကို သိတော်မူသော မြတ်စွာဘုရား။

**အနုတ္တရောပုရိသဒမ္မသာရထိ** = ဆုံးမထိုက်သော သတ္တဝါတို့ကို အတု မရှိ ဆုံးမတော်မူသော မြတ်စွာဘုရား။

**သတ္ထာဒေဝမနုဿာနံ** = နတ်လူ တို့၏ ဆရာတစ်ဆူ ဖြစ်တော်မူသော မြတ်စွာဘုရား။

**ဗုဒ္ဓေါ** =သစ္စာလေးပါးကို ကိုယ်တိုင် လည်း သိတော်မူ၍ သူတစ်ပါးကိုလည်း သိအောင် ဟောတော်မူသော မြတ်စွာ ဘုရား။

**ဘဂဝါ** = ဣဿရိယဘုန်းတော်၊ ဓမ္မဘုန်းတော်၊ ယသဘုန်းတော်၊ သိရီဘုန်းတော်၊ ကာမဘုန်းတော်၊ ပယတ္တဘုန်းတော် ဘုန်းတော်ခြောက်ပါး နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

## တိုက်တွန်းချက်

တလုံးစေတီတော်အား မူလဉာဏ် တော်အမြင့် (၂၅)ပေမှ (၄၅)ပေအမြင့် သို့ တိုးမြှင့်ကာ အရပ်ရှစ်မျက်နှာ အာရုံတန်ဆောင်း(၈)ခု မွမ်းမံလျက် ၁၃၄၈ ခုနှစ်တွင် ထီးတော်တင်လှူခဲ့ ရာ ပါဝင်ခဲ့ကြသော ကောင်းမှုရှင်တို့ သည် လုပ်ငန်းစီးပွား တိုးတက်အောင် မြင်ကာ မြင့်မားသော အခြေအနေသို့ ရောက်ရှိခဲ့ကြကြောင်း အမည်၊ နေရပ်၊ လုပ်ငန်းနှင့်တကွ သိရှိရသည်။

ယခုအခါ စေတီတော်ကိုင့်၍ (၇၂) ပေ ဉာဏ်တော်အမြင့်သို့ တိုးမြှင့် မွမ်း[illegible] လျက်ရှိသည်ကို တွေ့ရသည်။

ထို့ကြောင့် **'တ'**သမျှ အား'[illegible] ပြည့်စုံစေသည့် တလုံးစေတီ[illegible] မွမ်းမံမှုတွင် ဒါနပြု ကုသိုလ်ပြုခြင်း[illegible] လည်းကောင်း...

**ရဟန္တာများ သမုတ်ခဲ့ကြ[illegible] သာသနာ့အောင်မြေ တလုံးစေတီ[illegible] တော်တွင် သီလကုသိုလ်၊ ဘာဝ[illegible] ကုသိုလ်များ ပြုလုပ်ခြင်းဖြင့် လ[illegible] ကောင်း...**

မုံရွာမြို့ ဘုန်းစိုးရပ်ကွက် ဘုန်း[illegible] ကျောင်းတိုက်ခေါ် အိုးတလုံးတော[illegible] တစ်ခါတစ်ခေါက် ကြွရောက်ကြပါ[illegible] တိုက်တွန်းရပေသည်။

ဘုန်းကျော်စွာ
(မြိုင်တက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com



◆ ခြင်းလုံးပန်းပွင့်

ထက်မြင်းကျော်စွာ

မိသားစု စည်းလုံးစေသည့်

# ခြင်းလုံးပန်း

ခွေးရုပ်ကျေးရွာမှ ကျောက်ပန်းတောင်အတက်လမ်းအစ ညောင်ကုန်းတောင်ခါးပန်းတွင် အနီရောင် ပန်းပွင့်ကလေးများ စုရုံးကာ လုံးဝိုင်းနေသည့် အပင်စုစုကလေးကို တွေ့ရသည်။

ခြင်းလုံးပန်းဟု ခေါ်သည်ဆို၏။ ခတ္တာနွယ်ပင်ဖြစ်ကာ အရွက်မှာ

◆ ခြင်းလုံးပန်းပင်နှင့် ပွင့်ဖူးတော်ဖွက်ပုံ





www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ရံကြီးရွက်နှင့်တူ၏။ ပြက်နှင့် အလျား သေးငယ်သည်သာ ကွာခြား၏။

ကိုယ်ရံကြီးမှာ အလျား နှစ်တောင်ခန့်၊ ပြက် တစ်မိုက်ခန့်အထိ ရှိတတ်သော်လည်း ခြင်းလုံးပန်းမှာ အလျား တစ်တောင်၊ ပြက် လက်သုံးသစ်ခန့်သာ ရှိ၏။ (ကိုယ်ရံကြီးအငယ်စား) ကိုယ်ရံကလေးနှင့်လည်း မတူပါ။ ကိုယ်ရံကလေးရွက်မှာ ကြံရွက်နှင့် ဆင်တူလေသည်။

ခြင်းလုံးပန်းသည် ဖူးတံထိုး၍ ဖူးတံထိပ်မှ အပွင့်ကလေး (၃၀)ကျော်ခန့် စုဝေးဝိုင်းပတ်ကာ တစ်ပြိုင်နက် ပွင့်လေ့ရှိသည်။

ကိုယ်ရံကြီးအပွင့်ကဲ့သို့ သေး၍ ရှည်သော်လည်း စုပေါင်းကာ ခြင်းလုံးပုံသဏ္ဌာန် ရှိသောကြောင့် တစ်ပွင့်ချင်း ခူးယူလေ့လာကြည့်မှ သိနိုင်သည်။

အရောင်မှာ အနီဖြစ်၏။ ကိုယ်ရံကြီးပွင့်ကဲ့သို့ တစ်ပွင့်ပြီးမှ တစ်ပွင့်ဆင့်၍ ပွင့်ခြင်းမဟုတ်ဘဲ တစ်ပြိုင်တည်းပွင့်ခြင်း ဖြစ်သည်။

ခြင်းလုံးပန်းကို အိမ်ထောင်မိသားစုအတွင်း စည်းလုံး ညီညွတ်ရေးအတွက် နိမိတ်ယူ စိုက်ပျိုးတတ်ကြသည်။ အပင်များမှ ဖူးတံများစွာ စုစုဝေးဝေး ပွင့်လေ့ရှိသောကြောင့် ဖြစ်သည်။

စိုက်ပျိုးလို၍ မျိုးဥမျိုးပင် တောင်းလာပါကလည်း လိုလိုလားလား စွန့်လှူကြသည်။ သားမြေးအစဉ်အဆက် တည်တံ့ရှည်ကြာခြင်း သဘောဆောင်သည်ဟု ဝမ်းမြောက်ဝမ်းသာ ယူဆကြလေသည်။

၂၀၀၀ ပြည့်နှစ်က ထားဝယ်ဒေသသို့ စာပေခရီး ရောက်ခဲ့စဉ် ရှင်တောင်းပုံစေတီအနီး နေအိမ်တစ်အိမ်၏ မျက်နှာစာတွင် စိုက်ပျိုးထားသော ခြင်းလုံးပန်းပင်များ တွေ့ခဲ့ရကာ သူတို့သည်လည်း ဤကဲ့သို့ပင် နိမိတ်ယူ စိုက်ပျိုးထားကြောင်း သိခဲ့ရလေသည်။

**ထက်မင်းကျော်စွာ**

ဒဏ်ရာများနှင့် အပူကြောင့်

# သွားနာခြင်း

**သက်သာစေဖို့**



နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်ချက် အားပေးကူညီမှုကြောင့် ယခုအခါ တိုင်းရင်းဆေးများ ပြန်လည်ပေါ်ထွန်းလာပြီ ဖြစ်ပါသည်။

အချို့ပုဂ္ဂိုလ်များက တိုင်းရင်းဆေးဆိုလျှင် အထင်သေးတတ်ကြပါသည်။ တိုင်းရင်းဆေးထဲတွင် ဆေးမြီးတိုသည်လည်း တစ်ခုအပါအဝင် ဖြစ်ပါသည်။ နေရာဒေသအလိုက် ဆေးမြီးတို အမျိုးမျိုး ရှိကြပါသည်။

အချို့ဒေသတွင် ပိစပ်ရွက်ကို မွှေးနံ့ပင်ဟုလည်း ခေါ်ကြပါသည်။ ဆေးမြီးတိုတွင် ပိစပ်ရွက်မှာ အသုံးဝင်ပါသည်။

ချွန်ထက်သောကိရိယာ (သို့မဟုတ်) အရာဝတ္ထုတစ်ခုခုဖြင့် ထိခိုက်ဒဏ်ရာရ သွေးထွက်လျှင် **ပိစပ်ရွက်သတ္တုရည်ညှစ်ပြီး ဒဏ်ရာပေါ် လိမ်းပေးပါ။**

ထို့နောက် သတ္တုရည်ညှစ်ထားသော ပိစပ်ရွက် အဖတ်များဖြင့် အုံပြီး ပတ်တီးစည်းထားပါ။ သွေးတိတ်ပြီး ဒဏ်ရာပြည်တည်ခြင်း၊ ယောင်ခြင်း မရှိဘဲ အမြန်ဆုံး ပျောက်ကင်းပါသည်။

**အပူအားကြီး၍ အပူကန်ခြင်းကြောင့် သွားနာခြင်း၊ သွားလှုပ်ခြင်း၊ သွားကိုက်ခြင်းများကို** ပိစပ်ရွက် လက်နှစ်ဆုပ်ခန့်ကို ရေဖြင့် သုံးခွက်တစ်ခွက်တင် ကျို၍ ယင်းရေ ခပ်နွေးနွေးဖြင့် ငုံလိုက်၊ ထွေးလိုက် လုပ်ပါက ပျောက်ကင်းသက်သာပါသည်။

*ဖေမျှတ သဇ္ဇ မင်္ဂလံ*

**ဦးမောင် (ရွှေညောင်)**



www.burmeseclassic.com

www.burmeseclassic.com

# အသိကျ အလုပို ဆီး,ဝမ်း မှန်စေလိုလျှင်

(ကြည်ကြည်အောင်(ပဲခူး))

# ဆရာမြင့်ရဲ့ မြင့်မြန်မာ အကြောပြေ ဝမ်းမှန်ဆေးကို မှီဝဲပါ

ကျွန်မတို့လို မိန်းမသားတွေဟာ အမျိုးသားတွေ ထက် အနေရောဂါပိုပြီး ဖြစ်လေ့ဖြစ်ထရှိပါတယ်။ အမျိုးသမီးများ အနေနဲ့ အထူးအလေးပေး ဂရုတစိုက်ရှိတာကတော့ ဓမ္မတာ ပေါ် လစဉ် ၂၈ ရက်တစ်ကြိမ် ဆင်းသက်လာတဲ့ သွေးသား ပါ။ အဲဒီသွေးသား ဓမ္မတာမမှန်ကန်ဖောက်ပြန်ခြင်း ကြောင့် ရောဂါပေါင်းမြောက်မြားစွာ ဖြစ်ပေါ်ခံစားရသလို သွေးသားမှန်ကန်နေရင်လည်း အသားအရေ စိုပြေဝင်းပ ကျန်းမာပြီး လှပတင့်တယ်လို့နေပြန်ပါတယ်ရှင်။

ယနေ့ခေတ်မှာ ခေတ်မီသော အမျိုးသမီးများအတွက် ပဋိသန္ဓေတားဆေးတွေ သုံးစွဲခြင်းကြောင့်လည်း ရောဂါတစ်ခု မဟုတ်တစ်ခု ဖြစ်ပေါ်ခံစားနေရတယ်လို့ သမားတော်ကြီး ဆရာမြင့်မှ ပြောပြခဲ့ဖူးပါတယ်။ အလွန်မှန်ကန်တဲ့ ကျန်း မာရေးပညာပေးစကားဖြစ်ပါတယ်။ ယင်းပဋိသန္ဓေတားဆေး များ သုံးစွဲခြင်းကြောင့် ၂၈ ရက် တစ်ကြိမ် သွေးဖွားရမည့် အကျော် နှစ်ကျော်တဲ့အထိ ဓမ္မတာသွေးဟာ ဖွားခြင်းဆင်း ခြင်းမဖြစ်ဘဲ ခန္ဓာကိုယ်တွင်း ခိုအောင်းနေတတ်ကြပါတယ်။

ဒီလို သွေးဟောင်းလည်း မဆင်း၊ သွေးသစ်လည်း ပေါ်၊ လနှစ်ကြာလာသော် ကျွန်မတို့လို အမျိုးသမီးများမှာ အသားအရေ မကြည်လင်တော့၊ ပွယောင်ယောင်နှင့် ညို ပြာရောင်သန်းလာပြီး ဗိုက်ခေါက်ထူကာ ဝ,သထက် ဝ, လာ ကြပါတော့တယ်။ ခန္ဓာကိုယ် ဝ,လာတာနှင့်အမျှ ရောဂါ တာလည်း ခုတစ်မျိုး၊ တော်ကြာတစ်မျိုးနဲ့ အမျိုးမျိုးဖြစ်လာ တော့တာပေါ့ရှင်။

ကြာတော့ လူလည်း အလှပျက်၊ အသားအရေလည်း ကြည်လင်၊ ဗိုက်ပူနံကား ငါးစီပူခါးလို ပုံကပျက်၊ ရောဂါက တက်တော့ စိတ်ပျက်ရတော့တာပေါ့။ ဒီလိုနဲ့ သင့်တော်မယ့် ဆေးကို ရှာမိပါတယ်။ ဒါနဲ့ပဲ သမားတော်ဆရာမြင့်ထံ ရောက်သွားပါတယ်။ ဆရာ့ကို ဖြစ်ပျက်ခံစားနေရတာတွေ ကို အကုန်ပြောပြဆွေးနွေးမိတော့ ဆရာက-

"မကေသီအောင်ရေ အခုခေတ်မှာတော့ အများစု သော အမျိုးသမီးတွေ ဖြစ်ပေါ်ခံစားတွေ့ကြုံနေရတဲ့ ခေတ်မီရောဂါပေါ့ဗျာ" တဲ့လေ. . ။

"ဆရာရယ် ဘယ်လိုကြောင့် ဒီလိုဖြစ်ရတာလည်း" ဆိုတော့ -

"မကေသီအောင်ရေ၊ မကေသီအောင် ပြောသလို ပဋိ သန္ဓေတားဆေးတွေကြောင့် ပါသလို နေ့စဉ် စားသောက်နေ ရတဲ့ အစားအသောက်တွေကြောင့်လည်း ပါပါတယ်။ ပြီး တော့ လူနေထိုင်မှုပုံစံ၊ နောက် ပတ်ဝန်းကျင်စတဲ့ အ ကြောင်းတွေကြောင့်လည်း ဒီလိုဖြစ်တတ်ပါတယ်"

"ကျွန်မတို့လို အိမ်ထောင်ရှင်အမျိုးသမီးများ အနေနဲ့ မကင်းနိုင်တဲ့ ပဋိသန္ဓေတားဆေးတွေကြောင့် လစဉ်ဓမ္မတာ မလာတာကနေစပြီး အမျိုးသမီးတွေ ဝ,လာတယ်၊ ရောဂါ တွေ ပိုထူပြောလာတယ်လို့ ခံစားရပါတယ် ဆရာ၊ အဲ့ဒါကို ဘယ်လိုကုသပြီး ဘယ်လိုဆေးမျိုးတွေ သုံးစွဲသင့်ပါလဲ ဆရာ" ဆိုတော့ -

"မကေသီအောင်မေးတဲ့ မေးခွန်းက ကောင်းပါတယ်။ အမျိုးသားတွေနဲ့ အမျိုးသမီးတွေရဲ့ စွန့်ထုတ်ပစ္စည်းမလ ကွာခြားချက်က ဓမ္မတာသွေးသားပဲ ဖြစ်ပါတယ်။ ကျန်တာ ကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး တွေဟာ အမျိုးသားရော အမျိုးသမီးပါ တူညီနေပါတယ်"

"ဟုတ်ကဲ့ ဆရာ"

"ဒီတော့ အမျိုးသမီးအနေနဲ့ အထူးသဖြင့် ပဋိ သန္ဓေ တားဆေးတွေ သုံးလို့ပဲဖြစ်ဖြစ် အစားအသောက် အနေအ ထိုင်တွေကြောင့်ပဲဖြစ်ဖြစ် ဓမ္မတာမမှန် ထိန်ကျန်ချုပ် ငုပ်နေ တာ ကြာလာတာနဲ့အမျှ ရောဂါတစ်ခု မဟုတ်တစ်ခုတော့ စွဲကပ်လာပါတယ်။ ဒီလိုအခါမျိုးမှာ တားဆေးတွေကြောင့် ဓမ္မတာမပေါ်တာကို ကုစားဖို့လိုပါမယ်"

"ဘယ်လိုများ ကုစားရမလဲဆရာ"

"စောစောက ဆရာပြောခဲ့သလိုပေါ့ လူသားတွေ အ နေနဲ့ နေ့စဉ်စွန့်ထုတ် ဖယ်ရှားပေးရမယ့် မလအဆိပ် ဓာတ် တွေရှိပါတယ်။ ဒါတွေကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး ပြီးတော့ အမျိုးသမီးတွေလစဉ်စွန့်ပေးရတဲ့ သွေးသားဓမ္မတာပေါ့။ သွေးသားဓမ္မတာကတော့ တားဆေးတွေကြောင့် ဖြစ်ဖြစ်၊ အစားအသောက်ကြောင့်ဖြစ်ဖြစ် လစဉ်မပေါ်ဘူးဆိုရင် ကျန်တဲ့ ဆီး၊ ဝမ်း၊ လေ၊ချွေးတွေ မှန်နေဖို့လိုပါတယ်။ ဒီ မလလေးမျိုးထဲက ဆီးနဲ့ဝမ်းဟာ အဓိကဖြစ်ပါတယ်။ နေ့စဉ် ဆီး၊ ဝမ်း မှန်စေရန် ဂရုတစိုက် ပြုပြင်နေထိုင်ရပါ မယ်။ အဲဒီလိုတားဆေးသုံးသူတွေရော၊ တားဆေးမသုံးသူတွေ

www.burmeseclassic.com

ပါ ဖြစ်လေ့ဖြစ်ထရှိတဲ့ ဗိုက်ပူခြင်း၊ ဗိုက်ခေါက်တွေထူလာခြင်း၊ အဆီတွေ ဝမ်းဗိုက်ပြင်မှာ စုလာခြင်း၊ အသားအရေ စိုပြည်မှု မရှိခြင်း၊ ကြည်လင်တောက်ပဝင်းလက်မှုမရှိခြင်း၊ နောက် ကြောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူး၊ ခေါင်းအုံ ဖြစ်ခြင်း၊ ကိုယ်လက်များ လေးလံထိုင်းမှိုင်းခြင်း၊ ညောင်းညာကိုက်ခဲခြင်း၊ ပေါ့ပါးသွက်လက်မှု မရှိခြင်း၊ ဆီးချို သွေးတိုး အသည်းအဆီဖုံး၊ နှလုံးသွေးကြောကျဉ်း စတဲ့ ရောဂါများနဲ့ အမျိုးသမီးရောဂါများကို ဖြစ်ဖော် လာစေပါတယ်။ ဒါကြောင့် ဆီး၊ ဝမ်း၊ သွေး၊ လေ၊ ချွေးတို့ကို မှန်မှန်စွန့်ထုတ်နိုင်စေရန် နေထိုင်စားသောက်ရပါမယ်။ အကယ်၍ ကျန်းမာပြီး စိုပြည်လှပ အချိုးအစားကျတဲ့ ခန္ဓာကိုယ်ကို ပိုင်ဆိုင်ချင်တယ်ဆိုရင်တော့ ဆီးနဲ့ဝမ်းကိုတော့ မှန်ကို မှန်နေအောင် ပြုပြင်နေထိုင်ရပါမယ် မကေသီအောင်"

"ဒါဆို တားဆေးတွေကြောင့် သွေးသားမပေါ်ရင် ဆီး၊ ဝမ်းမှန်အောင် ပြုပြင်ပေးရင် အဝလွန်ခြင်း၊ ဗိုက်ပူခြင်း၊ အသားအရေညစ်ထေခြင်း၊ အကြောတက်ညောင်းညာခြင်းများနဲ့အတူ အခြားသောရောဂါတွေပါ ဖြစ်ပွားမလာအောင် တားဆီးနိုင်တာပေါ့ နော်. . . ဆရာ"

"ဟုတ်ပါ့ဗျာ. . ."




"အဲဒါဆို ဘာဆေးသောက်မလဲ ဆရာ"

"ဆရာ့ဆီလာတော့လဲ ဟောဒီ **မြင့်မြန်မာ တောရှောက်သီး အကြောပြေဝမ်းမှန်ဆေး**ကိုပဲ ညွှန်ရမှာပဲဗျ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးက ဘာတွေကောင်းလဲဆရာ"

"ဘာတွေကောင်းလဲဆိုတော့ ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ်ရောဂါတွေ၊ စမြင်းခံခြင်း၊ ဇက်ကြောတက်၊ နောက်ကြောထိုးခြင်း၊ ခေါင်းအုံ့,ခေါင်းကိုက်ဖြစ်ခြင်း၊ ကိုယ်လက်တွေ လေးလံညောင်းညာကိုက်ခဲခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဒူလာလိပ်ခေါင်းဖြစ်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပူအပုပ်များခြင်း၊ ဆီးချုပ်,ဆီးကျန် ဝမ်းချုပ်,ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အသားအရေ ယားယံခြင်း၊ အသားအရေ ညစ်ထေမွဲခြောက်ခြင်း၊ အဖုအပိန့်အကွက်များဖြစ်ပေါ်ခြင်း၊ သွေးမသန့်ခြင်း၊ ပါးစပ်နံခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ အပူခိုး၊ အပုပ်ခိုးများ အပေါ်ကို ဆောင်တက်ပြီး လည်ချောင်းနာခြင်း၊ မျက်ရည်ပူများကျခြင်း၊ လျှာ,နှုတ်ခမ်း, အာခံတွင်းတွေမှာ အပူနာတွေဖြစ်ခြင်း၊ သွေးတိုးသွေးတက်ဖြစ်ခြင်း၊ ဆီးပူ၊ ဆီးအောင့်ဆီးဝါ၊ ဆီးနီ၊ ဆီးနည်းခြင်း၊ မျက်နှာမှာ တင်းတိပ်၊ ဝက်ခြံမှည့်ခြောက်ထွက်ခြင်း၊ သွေးခာတ်ထဲနဲ့ ခန္ဓာကိုယ်ထဲမှာ မလိုအပ်တဲ့ အဆီပို(မလ)တွေ ပွားများလာပြီး အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူခြင်း စတဲ့ ရောဂါတွေအတွက်သုံးစွဲနိုင်ပြီး အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေသော အဆီပိုများကို ဖယ်ရှားပေးနိုင်ပြီး ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ်မှန်ကန်စေပြီး ကျန်းမာပေါ့ပါးလန်းဆန်း တက်ကြွစေပါတယ်"

"ဟုတ်ကဲ့၊ ဘယ်လိုသုံးစွဲရမလဲ ဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးကို ညအိပ်ရာဝင်ရေအေးနဲ့ ဆေး ၅ ပြားကို အစာနဲ့ဝေးဝေးမှာ သုံးစွဲပေးခြင်းဖြင့် အထက်ပါရောဂါတွေကို ပျောက်ကင်းသက်သာပြီး မဖြစ်သေးရင်လည်း ကာကွယ်ပြီးသားဖြစ်စေပါတယ်" **(ဝမ်းနုတ်ဆေးမဟုတ်၍ နေ့စဉ်မှန်မှန် သုံးစွဲနိုင်ပါသည်။ ဝမ်းချုပ်တတ်သူများ ဆေး ၅ ပြားမှ ၇ ပြား အထိ သုံးစွဲနိုင်ပါသည်။)**

"ဟုတ်ကဲ့ အခုလို ကျန်းမာရေးဗဟုသုတတွေရရှိအောင် ပြောပြလမ်းညွှန်ပေးတဲ့အပြင် သုံးစွဲရမယ့်ဆေးပါ ညွှန်ပြပေးတဲ့အတွက် ဆရာ့ကို အထူးပဲကျေးဇူးတင်ပါတယ် ဆရာ"

---

**ပင်ရင်း - စကြာမင်းဆေးတိုက်**

အမှတ် (၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း၊
မြောက်ဥက္ကလာပ။ ဖုန်း - ၀၁၆၉၁၀၉၁၊ ၀၉၇၃၁၉၅၂၄။

---



www.burmeseclassic.com

# မဟာဘုတ်ချိန်ခွင်နှင့်

## ကျေးဇူးရှင် ဆရာတော်ကြီးများ

သန်းပညာ

အိမ်မဲမြို့ ရုံးကြီး ဝိသုဒ္ဓါရုံ ဆရာတော်ကြီး၏တပည့် ငါးတွဲ့ရ သာမဏေကျော် ပဌမကျော်ဘွဲ့ရ အရှင်ဇဝနာလင်္ကာရအား ဂါရဝပြုခြင်း

အရှင်မြတ်သည် ၁၃၄၄ ခုနှစ်၊ ...ဆောင်းလပြည့်ကျော်(၁၂)ရက်၊ အင်္ဂါနေ့ ...ွင် ဖွားမြင်တော်မူရာ မဟာဘုတ် ...ဆိုရင် (ဝ)ကြွင်း မဟာဘုတ်ပိုင် ...င် ဖြစ်ပါတယ်။


**လေ့လာကြည့်ပါ။**

| | | |
|---|---|---|
| | ၄ | |
| ၆ | ၂ | ၅ |
| ၃ | ၀ | ၁ |

(ဝ)ကြွင်း မဟာဘုတ်

အရှင်မြတ်သည် **ဝ,ကြွင်း မဟာဘုတ်ပိုင်ရှင်ဖြစ်တဲ့အတွက် အင်္ဂါ...လဲဖြစ်သောကြောင့်** ပညာရပ် ...လိုအားဖြင့် မရဏဖွား ဖြစ်ပါတယ်။

- ကြောက်ရွံ့ ထိတ်လန့်တတ်မယ်။
- ...ယ်စဉ်မှာ ကြောက်စရာ အန္တရာယ်များ ကြုံတွေ့မယ်။
- အနာရောဂါ များပြားမယ်။
- ...ချာမယ်။
- ...ယ်ရွယ်စဉ် သေဆုံးတတ်ပြီး မသေ...ခဲ့ရင်တော့ ရွှေထီးဆောင်းရမယ့် ...ကြီးအကဲဖြစ်လို့ ဆိုပါတယ်။



ငါးတွဲ့ရသာမဏေကျော် ပဌမကျော်ဘွဲ့ရ အရှင်ဇဝနာလင်္ကာရ

ပုတိအိမ်မှာ တနင်္ဂနွေဂြိုဟ်(၁–နွေ) ရှိတဲ့အတွက်...

ဟိုးလေးတကြော်ကြော် အောင်မြင်မှုမျိုး မဖြစ်တတ်ပါဘူး။ သို့သော်လဲ ပုတိသဘောက ရွှေ့လျားတဲ့သဘောမို့ မိမိတို့ မွေးရာဒေသမှာတော့ မကျော်ကြား၊ မအောင်မြင် မထူးခြားနိုင်ပေမယ့် တစ်မြို့,တစ်ရွာ,တစ်နယ်ရပ်ခြားမှာတော့...

- ဘွဲ့ထူးဂုဏ်ထူးရခြင်း၊
- ထူးချွန်ခြင်း၊
- အောင်မြင်မှု သရဖူဆောင်းနိုင်ခြင်း၊
- ချီးကျူးဂုဏ်ပြုခံရခြင်း

တို့ ဖြစ်စေပါတယ်။

အင်္ဂါဂြိုဟ်သည် မရဏအိမ်မှာ ရပ်တည်နေတဲ့အတွက် စိတ်ပိုင်းဆိုင်ရာ ပြင်းထန်လွန်းပါတယ်။ မိမိကိုယ်ကို ယုံကြည်မှုများခြင်း ရှိပါမယ်။ ရဲရင့်ပြတ်သားစိတ်ကို ပိုင်ဆိုင်ထားပါတယ်။ တစ်ဇွတ်ထိုးစိတ်လဲ ရှိပါမယ်။

ကောင်းရင်လဲ ကောင်းပြီး မကောင်းပြီဆိုရင်လဲ အားမနာတမ်း ပြောဆိုဆက်ဆံတတ်တဲ့အတွက် ဒေါသစိတ်ကို လျှော့ပြီး မေတ္တာစိတ်ကို တိုးခြင်းကို ပြုသင့်ပါတယ်။

**ဗုဒ္ဓဟူးဂြိုဟ်သည် အဓိပတိဂြိုဟ်ဖြစ်တဲ့အတွက်...**

အပေါင်းအသင်း၊ လူအဖွဲ့အစည်း

နက္ခတ္တဗေဒင်ခြည်မဂ္ဂဇင်း ၁၁၃ စာမျက်နှာ (၁၂၅) သို့

တစ်ဖန်...

ဘင်္ဂအိမ်မှာ စနေဂြိုဟ်(ဝ–နေ)ရှိတဲ့ အတွက် ပညာရပ် သဘောအရကတော့ စနေဂြိုဟ်ကို အထက်မှာထီး၊ အောက်မှာမီးဆိုတဲ့ စကားစဥ်အရ ပြောရရင်တော့...

- ပူပင် ကြောင့်ကြရမှုများခြင်း၊
- လူမျိုးခြားများနဲ့ အကျိုးမပေးတတ်ခြင်း၊
- ပြဿနာ အမျိုးမျိုး ကြုံတွေ့ရခြင်း၊
- စိတ် အနှောင့်အယှက်များခြင်း၊

တို့ပါပဲ။




www.burmeseclassic.com

www.burmeseclassic.com

# ကျောက်စိမ်းဂမုန်းကွင်းထိုး

လက်ဆောင်

မောင်မောင်ထွန်း (မုံ



▲ ကွင်းထိုးနေသော ကျောက်စိမ်းဂမုန်းပင်

စာရေးသူထံသို့ မကြာခဏ ရောက်လာလေ့ရှိသော တူဝမ်းကွဲတော်သည့် ကိုကျော်ဝင်းသည် မြန်မာနိုင်ငံအနှံ့ အပြား ခရီးသွားလာနေသူတစ်ဦးဖြစ်လေသည်။

တစ်နေ့တွင် တူဖြစ်သူ ကိုကျော်ဝင်းသည် စာရေးသူထံသို့ နံနက်အစောကြီး ရောက်ရှိလာပြီးလျှင်...

'ဦးလေးထွန်းအတွက် လက်ဆောင်ပါလာတယ်'

ဟု ပြောကာ ကျောက်စိမ်းဂမုန်း ခေါ် ဇော်စိမ်းဂမုန်း ခေါ် နှစ်တစ်ရာပင် တစ်ပင်ကို ပေးပါသည်။

ထိုအပင်မှာ ရိုးရိုးသာမန် ကျောက်စိမ်းဂမုန်းပင် မဟုတ်ဘဲ ကွင်းထိုးနေသော ကျောက်စိမ်းဂမုန်းကွင်းထိုးပင်ဖြစ်သည်။

စာရေးသူလည်း တူ ကိုကျော်ဝင်းပေးသော ကျောက်စိမ်းဂမုန်းကွင်းထိုးပင်အား အသေအချာ ကြည့်ရှုသောအခါ အပင်၏ အဖျားလေးတွင်သာ ကွင်းထိုးနေသည် မဟုတ်ဘဲ အပင်၏ အောက်ခြေမှစ၍ အရွက်များမှာ တစ်ရွက်နှင့်တစ်ရွက် လူပြုလုပ်ထားခြင်းမရှိဘဲနှင့် သူ့အလိုအလျောက် ကွင်းများ ထိုးနေသည်ကို တွေ့ရှိရပေသည်။

စာရေးသူလည်း ထို ကွင်းထိုးနေသော ကျောက်စိမ်းဂမုန်းကွင်းထိုးပင်အား အိမ်တွင် အသင့်ရှိနေသော ပန်းအိုးထဲသို့ စိုက်လိုက်ပြီး ဓာတ်ပုံများ ရိုက်ယူလိုက်ကာ တူဖြစ်သူ ကိုကျော်ဝင်းအား...

'ဒီ ကျောက်စိမ်းဂမုန်းကွင်းထိုးပင်ကို မင်း ဘယ်က ရတာလဲ'

ဟု မေးသောအခါ ဒီတစ်ခေါက် သူ ကချင်ပြည်နယ်ဘက်ကို သွားခဲ့ရာတွင် အင်းတော်ဒေသ ကျောက်စိမ်းဂမုန်းပင်အား အမြော အများ စိုက်ပျိုးထားသည့် ရောက်သွားခဲ့သည်။

www.burmeseclassic.com

သို့နှင့် ကျောက်စိမ်းဂမုန်းပင်များထဲ ထူးခြားစွာ ကွင်းထိုးနေသော ကျောက်စိမ်းဂမုန်း ကွင်းထိုးပင်ကို တွေ့ရှိရသဖြင့် ဦးလေးထွန်း ဆောင်းပါး ရေးရန် ယူလာခဲ့ပြီး လာ၍ပေးခြင်းဖြစ်ကြောင်း ပြောပါသည်။

စာရေးသူလည်း ကျောက်စိမ်းဂမုန်း ကွင်းထိုး ရရှိသောကြောင့် ကျောက်စိမ်းဂမုန်းကွင်းထိုးပင်မှ ကွင်းထိုးနေသည့်အတွက် မည်သို့သော ကောင်းကြောင်း ဆိုးကြောင်းများကို သိရှိလိုသောကြောင့် စာရေးသူထံတွင် ရှိနေသည့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းများထဲတွင် ရှာဖွေကြည့်ပါသည်။

ထိုအခါ **၂၀၀၉ ခုနှစ်၊ ဩဂုတ်လထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အမှတ်(၂၇၇)နှင့် ၂၀၁၀ ပြည့်နှစ်၊ ဧပြီလထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အမှတ်(၂၈၅)တို့ထဲတွင် ဆရာ ကျောင်းတော်ရာ မောင်လှ ရေးသားထားသော "ထူးထူးခြားခြား ကွင်း(ဂွင်း)များ ထိုးနေသည့် ကျောက်စိမ်းဂမုန်းပင်" ဟူသော ဆောင်းပါးနှင့် ဆရာ ဓာတ်ပုံမောင်မောင်အေး ရေးသားထားသည့် "ထူးဆန်းစွာ ကွင်းထိုးနေသော ကျောက်စိမ်းဂမုန်း"** ဟူသည့် ဆောင်းပါးများကို ဖတ်ရှုလိုက်ရပါသည်။

ဆရာ ကျောင်းတော်ရာ မောင်လှ ရေးသားထားသည်မှာ သူ၏မိတ်ဆွေ တစ်ဦးအိမ်တွင် ကျောက်စိမ်းဂမုန်း ကွင်း(ဂွင်း)ထိုးသည့်အတွက် အိမ်ကို သွပ်မိုးနိုင်သည်။ စားရေးသောက်ရေး ကျန်းမာရေး အရင်ကထက် ပိုကောင်းပြီး အဆင်ပြေလာသည်။

သူ၏ သမီးဖြစ်သူမှာလည်း ဘတ်စကက်ဘော နိုင်ငံလက်ရွေးစင် အရွေးခံရပြီး နိုင်ငံခြားကို သွားရသည်ဟု ရေးသားထားသည်ကို ဖတ်ရှုရပါသည်။

ဆရာ ဓာတ်ပုံမောင်မောင်အေးက တော့ သူ၏ "**မောင်မောင်အေး–ဒစ်ဂျစ်တယ် ကာလာဓာတ်ပုံ**" ဆိုင်လေးမှာ လွန်ခဲ့သောလများက အတော်လေး အခြေအနေ ဆိုးခဲ့ပြီး တစ်ခါတစ်ရံ တစ်ပတ်(၇–ရက်)ခန့်ထိ ဝင်ငွေ တစ်ပြားတစ်ချပ်မှ မရခဲ့သည့် ရက်များပင် ရှိခဲ့ကြောင်း...

သူ၏အိမ်မှ ကျောက်စိမ်းဂမုန်းပင် ကွင်းထိုးသောအခါ တစ်စတစ်စဖြင့် အခြေအနေများ တိုးတက်လာကာ မင်္ဂလာပွဲ အခမ်းအနားတစ်ခုကိုပင် လက်ခံရရှိရိုက်ခဲ့ရသလို ကာလာလိုင်စင်လေးများလည်း ရိုက်ကူးလာရသည့် အပြင် ဗီနိုင်း(VENYL)ပုံကြီးအချို့ပင် လုပ်လာခဲ့ရပါသည်ဟု ရေးသားဖော်ပြထားပါသည်။

ဆရာကျောင်းတော်ရာ မောင်လှနှင့် ဆရာ ဓာတ်ပုံမောင်မောင်အေးတို့ နှစ်ဦးစလုံးက ကျောက်စိမ်းဂမုန်းပင် ကွင်းထိုးသည့်အတွက် ကောင်းကြောင်းများကို ရေးသားဖော်ပြထားပေသည်။

ထို့ကြောင့် စာရေးသူ၏ ကိုယ်တွေ့ အဖြစ်အပျက်ကို စာဖတ်ပရိသတ်များ သိရှိနိုင်ကြစေရန် ရေးသားဖော်ပြလိုက်ရပါသည်။

**[ကျောက်စိမ်းဂမုန်း ကွင်းထိုးပင် ပေးသော တူ ကိုကျော်ဝင်းအား ကျေးဇူးတင်ရှိပါသည်။]**

**မောင်မောင်ထွန်း(မုံရွာ)**

စာမျက်နှာ (၁၁၃) မှ အဆက်

သူ့ရေးလုပ်ငန်းများကိုအထူး ဂရုပြုပါ။ လုကောင်းတွေနဲ့ ကြုံရသလို လူလိမ် များနဲ့ ဆုံတွေ့တတ်ပါတယ်။ အပေါင်းအသင်းများကြောင့် ပြဿနာဖြစ်ရခြင်း၊ ရန်များခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း၊ စိတ်ဆင်းရဲရမှုများ ကြုံတွေ့ရတတ်သဖြင့် အပေါင်းအသင်းက အလွန်မဲ အရေးကြီးပါတယ်။

**သောကြာဂြိုဟ်သည် အထွန်းဂြိုဟ်ဖြစ်တဲ့အတွက်...**

စကားပြောကောင်းပါမယ်။ လူချစ်လူခင်များမယ်။ အထူးသဖြင့် ဆန့်ကျင်ဘက်လိင်များရဲ့ ကြည့်ညိုမှုအပိုင်း အထူးဂရုပြုရပါလိမ့်မယ်။ ပင်ကိုယ်က အလှအပနဲ့ အနုပညာကို ခံသနာထုံမယ်။

တနင်္လာဂြိုဟ်(၂–လာ)သည် သိုက်ဂြိုဟ်ဖြစ်ပြီး ကြာသပတေး(၅–တေး)သည် ရာဇဂြိုဟ်ဖြစ်တဲ့အတွက် လူကြီးအခက်အခဲ ကြုံတွေ့ရပါမယ်။ သို့ရာတွင် တနင်္လာ(၂–လာ)ဂြိုဟ်သည် သိုက်ဂြိုဟ်ဖြစ်တဲ့အတွက် မကြာခင်ပဲ ပြေလည်သွားတတ်ပါတယ်။

**ကြာသပတေးဂြိုဟ်သည် ရာဇဓိပ် ဌာနကောင်း၌ ရပ်တည်နေတဲ့အတွက်...**

❋ ပညာရေး၌ ထူးချွန်ခြင်း။
❋ ပညာဖြင့် ကောင်းကျိုးရခြင်း။
❋ ပရိယတ္တိစာပေနှင့် အကျိုးပေး ကောင်းခြင်း။
❋ အတွေးအခေါ် စိတ်ကူးစိတ်သန်း ကောင်းခြင်း။

ထို့ကြောင့် အရှင်မြတ်သည်ဝါးဘွဲ့ရ သာမဏေကျော်ဘွဲ့၊ ပထမကြီးတန်းကို တစ်နိုင်ငံလုံးပထမရရှိ အောင်မြင်ခဲ့ပြီး ပဌမကျော်ဘွဲ့ကို ရရှိကြောင်း တင်ပြလိုက်ရပါတယ်။

**အေးပါစေ၊ အောင်ပါစေ**

**သန်းပညာ**



www.burmeseclassic.com

www.burmeseclassic.com

# ထုက္ကန့်သိမ်ပုထိုးတော်မှ

## ရှေးခေတ် ရခိုင်ရိုးရာ ဝတ်ဆင်ထုံးဖွဲ့မှု ဒီဇိုင်းလက်ရာများ (၄)

ပန်းချီထူးလှ
(ရှေးဟောင်းသုတေသန)

ယခင်လမှ အဆက်

* * *ပုံ(၁၀)

**ပုံ (၁၀)** ဒီဇိုင်းလက်ရာမှာ ထုက္ကန့်သိမ်ပုထိုးတော် အဝင်လိုဏ်ပတ် လက်ယာဘက်နံရံ မုခ်ညာဘက်မှ နံပါတ်(၄၉) ကျောက်ဆစ်ရုပ်ကြွကို ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာ တစ်ခုပင် ဖြစ်ပါသည်။

မူရင်း ကျောက်ဆစ်ရုပ်ကြွအမြင့် (၆၄)စင်တီမီတာခန့်၊ အကျယ် (၃၃)စင်တီမီတာခန့်နှင့် ရုပ်ကြွအထု (၁၅)စင်တီမီတာခန့် ရှိပါသည်။ ဤရုပ်ကြွတွင်လည်း အဆင်တန်ဆာများ မိုးရေတိုက်စားမှုကြောင့် ပျက်စီးနေပါသည်။

ဖောင်းတော်(မကိုဋ်) အနေအထားကို ကြည့်ခြင်းအားဖြင့် အတွင်းဝန် လက်ယာအမတ် ရုပ်ကြွဖြစ်မည်ဟု ခန့်မှန်းရပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွ၌ လည်ပင်းလည်း ကျိုးနေသည်ကို တွေ့ရှိရပါသည်။

မကိုဋ်တော်ကို ခန့်မှန်းရေးဆွဲ၍ ရသည့်အလျောက် ပွင့်ဖတ်အထပ်ထပ်နှင့် ဖောင်းလုံးဖြင့် ဖွဲ့စည်းထားသည်ကို တွေ့ရှိရပါသည်။

နားနှစ်ဖက်တွင် နားတောင်လုံးများ ဝတ်ဆင်ထားပါ၏။ တဘက်ကို ဘယ်ဘက်ပခုံးပေါ်တွင် တင်၍ ညာဘက်ချိုင်းအောက်မှ ပတ်၍ သိုင်းထားပါသည်။ တဘက်စနှစ်ဖက်ကို လက်ဝဲ၊


ပုံ-၁၀

လက်ယာတွင် ဖြန့်၍ ချထားပါ၏။ တဘက်ကို အစင်းကြောင်းကလေးများဖြင့် တန်ဆာဆင်ထားပါသည်။

လက်နှစ်ဖက်တွင် ကြာဖူးတစ်ဖူးဖြင့် ပူဇော်နေပါသည်။ ခါးတွင် ခါးပတ်ကြိုးအပြားကို ပတ်ထားပါသည်။ ခါးပတ်ကြိုးအပြားတွင် ဖောင်းနှစ်ဆင့်ကြား၌ ခပ်စောင်းစောင်း အစင်းကြောင်းကလေးများဖြင့် အလှဆင်ထားပါသည်။

ကြက်ခြေကာအပြားကို ပေါင်ပေါ်တွင် အပြားလိုက် တင်ထားပါသည်။ ပုဆိုးအနားစကိုလည်း အောက်အနားကို ဖောင်းနှစ်ဆင့်ခံပြီး၊ ဖောင်းနှစ်ဆင့်နှင့်အပေါ် ဖောင်းတစ်ဆင့်ကြားတွင် အစင်းကြောင်းကလေးများဖြင့် အလှဆင်ထားပါသည်။

ဤပုံ(၁၀)ဒီဇိုင်းလက်ရာမှာ အနည်းငယ် အနုစိတ် ဝတ်ဆင် ထုံးဖွဲ့ထားသည်ဟု ပြောရမည် ပင်။

* * *(၁၁)

**ပုံ (၁၁)** ဒီဇိုင်းလက်ရာသည် ထုက္ကန့်သိမ်ပုထိုးတော် ဝင် လိုဏ်ပတ်လက် ယာဘက်နံ မုခ် လက်ဝဲဘက်မှ ကျော ဆစ်ရုပ်ကြွ နံပါတ်(၄၈)လက် ကို ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာ တစ်ခုပင် ဖြစ် သည်။

မူရင်း ကျောက်ဆစ်ရုပ် တွင်လည်း ဦးခေါင်းပိုင်း တော့ပေ။ မူရင်း ကျောက်ဆစ်ရုပ် အမြင့် (၃၁)စင်တီ မီတာခန့်၊ အကျ (၂၈)စင်တီမီတာခန့်နှင့် ရုပ်ကြွအ (၁၃)စင်တီမီတာခန့် ရှိပါသည်။

ပုံ(၁၁) ဒီဇိုင်းလက်ရာမှာ တဘ (ပုဆိုးပိုင်း)ကို ပခုံးနှစ်ဖက်တွင် ထားပြီး တဘက်စ တစ်ဖက်ကို ည ဘက်တွင် ဖြန့်ကားချထားပါသည် လက်နှစ်ဖက်တွင်လည်း လ ကောက်ကြီး တစ်ဖက် သုံးကွင်း ဝတ်ဆင်ထားကို တွေ့ရှိရပါသည်။


အင်္ကျီကို အပေါ်၌လည်း ရင်သ လုံအောင် ဝတ်ဆင်ပြီး အောက်တွ လည်း တင်ပါးဖုံးအောင် ဝတ်ဆင် ပါသည်။ အင်္ကျီအောက်နား ထ နားတွင် အနားသတ် င်းများဖြ



www.burmeseclassic.com

www.burmeseclassic.com




အလှဆင်ထားပါသည်။

ပေါင်ပေါ်တွင် ခါးပတ်ကြိုးစနှစ်စကို ...ပြားလိုက်ချထားပြီး အဖျားကို ...မြိတ်ဖွားကလေးများဖြင့် အလှဆင် ...ထားပါသည်။ ထဘီ(လုံချည်)တွင် ...ည်း အောက်အနား ရစ်ဖော်၍ ဝတ် ...ဆင်ထားပါသည်။

ဤပုံ(၁၁)ဒီဖိုင်းလက်ရာမှာ ·အမျိုး ...သမီး ဒီဖိုင်းလက်ရာဖြစ်ပြီး အတွင်းဝန် ...ကတော်ရုပ် ဖြစ်သည်ဟု ...ခန့်မှန်းရပါသည်။ ဝတ်ဆင်ထုံးဖွဲ့မှုမှာ ...နှင့် ယဉ်ယဉ်သာ တွေ့ရှိရပါသည်။

* * *(၁၂)

**ပုံ (၁၂)** ဒီဖိုင်းလက်ရာမှာ ထုက္ကန့် ...သိမ်ပုထိုးတော် ဝင်ဝလိုဏ်ပတ် လက် ...ယာဘက်နံရံ ကျောက်ဆစ်ရုပ်ကြွ ...နံပါတ်(၅၁)လက်ရာကို ကူးယူ ရေးဆွဲ ...ထားသော ဒီဖိုင်းလက်ရာတစ်ခုပင် ...ဖြစ်ပါသည်။

မူရင်း ကျောက်ဆစ်ရုပ်ကြွတွင် ...ဦးခေါင်း အပေါ်ပိုင်း မတွေ့ရှိရတော့ပေ။ ...ကျောက်ဆစ်ရုပ်ကြွ အမြင့် (၃၁) ...စင်တီမီတာခန့်၊ အကျယ် (၃၆)စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ(၁၅)စင်တီမီတာခန့် ရှိပါသည်။

**ပုံ (၁၂)** ဒီဖိုင်းလက်ရာမှာ တဘက် (ပုဆိုးပိုင်း)ကို ဘယ်ဘက်ပခုံးပေါ်တွင် တင်၍ ညာဘက်ချိုင်းအောက်မှ သိုင်းထားပါသည်။ တဘက်စနှစ်ခုစလုံးကို ဒီဖိုင်း၏ နောက်ကျောတွင် ထက်, အောက် ဖြန့်၍ ချထားပါသည်။

တဘက်စအဖျားကို ဆံမြိတ်စ အစင်းကြောင်းကလေးများဖြင့် အလှဆင်ထားပါသည်။ တဘက် ထက်, အောက် အနားနှစ်ဖက်ကို အနားသတ်ဖောင်းရစ်ဖြင့် အလှဆင်ထားပါ၏။ လက်နှစ်ဖက်တွင် လက်ကောက်တစ်ဖက်သုံးကွင်း ဝတ်ဆင်ထားပါသည်။

ခါးတွင်လည်း ခါးပတ်ပြားကြီး ပတ်ထားပြီး ခါးပတ်စတစ်ခုကို ရှေ့တွင် တွေ့ရှိရပါသည်။ ခါးပတ်စ အဖျားတွင် ဆံမြိတ်စ အစင်းကြောင်းကလေးများဖြင့် အလှဆင်ထားပါသည်။

ခါးပတ်ကြိုးကို ထက်,အောက် ဖောင်းနှစ်ဆင့်ခံပြီး ဖောင်းနှစ်ဆင့်ကြားတွင် ရုပ်စောက်အစင်းကြောင်းကလေးများဖြင့် အလှဆင်ထားပါသည်။ ပေါင်ပေါ်တွင် ဣန္ဒြေကာအပြားကို အပြားလိုက် ချထားပါသည်။

ပုဆိုး(ဒယော)ကိုလည်း အောက်အနားတွင် အဆင့်သုံးဆင့် အရစ်ရစ်ဖော်ထားသည်ကို တွေ့ရှိရပါသည်။

ဤပုံ(၁၂) ဒီဖိုင်းလက်ရာမှာ ယောကျ်ားရုပ်အဖြစ်သာ ခန့်မှန်းနိုင်ပြီး မည်သည့်ဝန်ကြီး ဖြစ်သည်ကို ဗောင်းတော် မတွေ့ရှိရ၍ မခန့်မှန်းနိုင်ပါ။ ဤဒီဖိုင်းလက်ရာတွင်လည်း ရိုးရိုးလေးသာ ဆင်ယင်ယုံးဖွဲ့ထားသည်ကို တွေ့ရှိရပါသည်။

* * *(၁၃)

**ပုံ (၁၃)** ဒီဖိုင်းလက်ရာမှာ ထုက္ကန့်သိမ်ပုထိုးတော် ဝင်ဝလိုဏ်ပတ် လက်ယာဘက်နံရံမှစ် လက်ဝဲဘက်မှ ကျောက်ဆစ်ရုပ်ကြွ နံပါတ်(၅၀)ကို ကူးယူရေးဆွဲထားသော ဒီဖိုင်းလက်ရာပင် ဖြစ်ပါသည်။

မူရင်း ကျောက်ဆစ်ရုပ်ကြွတွင် မျက်နှာချောမွတ်နေပြီး လည်ပင်းကျိုး

ပုံ-၁၃



နေပါသည်။ အဆင်တန်ဆာတချို့လည်း ချောနေသည်ကို တွေ့ရှိရပါသည်။

မူရင်း ကျောက်ဆစ်ရုပ်ကြွအမြင့် (၆၄)စင်တီမီတာခန့်၊ အကျယ် (၂၆) စင်တီမီတာခန့်နှင့် ရုပ်ကြွအထု (၂၅) စင်တီမီတာခန့် ရှိပါသည်။

**ပုံ(၁၃)** ဒီဗိုင်းလက်ရာ၏ ဆံထုံးပုံစံ အနေအထားမှာ ပန်းစိုက်ဆံထုံး ဖြစ်သည်ကို တွေ့ရှိရပါသည်။ နားနှစ်ဖက်တွင် နားတောင်းလုံးကြီး ဝတ်ဆင်ထားပါ၏။ တဘက်ကို ညာဘက်ပခုံးတွင် တင်ထားသည်ကို တွေ့ရှိရပါသည်။ တဘက်စ တစ်ဖက်ကိုလည်း ညာဘက်ဘေးတွင် ဖြန့်ချထားသည်ကို တွေ့ရှိရပါသည်။

လက်နှစ်ဖက်တွင် ကြာဖူးတစ်ဖူး ပူဇော်နေသည်ကို တွေ့ရှိရပါသည်။ လက်နှစ်ဖက်စလုံး၌ လက်ကောက်ပြားကြီးတစ်ဖက် တစ်ကွင်းစီ ဝတ်ဆင်ထားပါသည်။ အင်္ကျီကို ရင်သားဖုံးအောင် ဝတ်ဆင်ထားပြီး အင်္ကျီ အောက်နားလည်း တင်ပါးဖုံးအောင် ဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။

အင်္ကျီအောက်နားတွင် အရစ်ဆင့်ကလေးဖြင့် အနားသတ်ထားပါသည်။ ပေါင်ပေါ်တွင် ခါးပတ်ကြိုးစနှစ်စကို အပြားလိုက် ချထားပါသည်။

ထဘီ(လုံချည်)လက်ရာမှာ နုတ်ပြီး အောက်နားကို အဆင့်ကိုးဆင့် တွေ့ရှိရပါသည်။ ရိုးရိုးအဆင့် အုတ်စီ အဆင့် ဝါးထရံကာ အဆင့်နှင့် အစင်းကြောင်း ကလေး အဆင့်များဖြင့် တန်ဆာဆင်ထားပါသည်။

ဤပုံ(၁၃) အမျိုးသမီးလက်ရာ ဒီဗိုင်း ဝတ်ဆင်ထုံးဖွဲ့မှုမှာ အနုစိတ် လှသည်ဟု ပြောရမည်ပင်ဖြစ်ပါသည်။

* * *(၁၄)


**ပုံ (၁၄)** ဒီဗိုင်းလက်ရာသည် ထုက္ကန့် သိမ်ပုထိုးတော် ဝင်ဝလိုဏ်ပတ် လက်ယာဘက်နံရံမှ မုခ်ဘယ်ဘက် နံပါတ် (၁၄)ရုပ်ကြွ မိန်းမကျောက်ဆစ် လက်ရာကို ကူးယူ ရေးဆွဲထားသော ဒီဗိုင်းလက်ရာပင် ဖြစ်ပါသည်။

မူရင်း ကျောက်ဆစ်ရုပ်ကြွအမြင့် (၅၆)စင်တီမီတာခန့်၊ အကျယ် (၂၆)စင်တီမီတာခန့်နှင့် ရုပ်ကြွအထု (၁၀)စင်တီမီတာခန့် ရှိပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွတွင် ခန္ဓာကိုယ်အပေါ်ပိုင်း ဝတ်ဆင်ထုံးဖွဲ့မှုများ ရေတိုက်စားမှုကြောင့် ပျက်စီးနေသည်ကို တွေ့ရှိရပါသည်။

လက်နှစ်ဖက်တွင် ကြာဖူးတစ်ဖူး ပူဇော်နေသည်ကို တွေ့ရှိရပါသည်။ တဘက်စတစ်စကို လက်ယာဘက် အောက်တွင် ဖြန့်၍ ချထားပါ၏။

အင်္ကျီကို တင်ပါးဖုံးအောင်ထိ ဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ အင်္ကျီအောက်စကို အဆင့်နှစ်ဆင့်ဖြင့်

ပုံ-၁၄



အနားဖော်ထားပါ၏။ ပေါင်ပေါ်တွင် ခါးပတ်စ နှစ်စနှင့် ခါးပတ်ကြိုးခေါက် တစ်ခေါက်ကို တွေ့ရှိရပါသည်။

ကြိုးစအဖျားများကို ပန်းဖွားဖြင့် အလှဆင်ထားပါသည်။ ထဘီ (လုံချည်) အောက်နားစကိုလည်း အဆင့်နှစ်ဆင့်ဖြင့် အနားသတ် ဖော်ပြ ထားပါသည်။

**ဤပုံ(၁၄)**ဒီဗိုင်းလက်ရာ အမျိုး သမီးရုပ်မှာ ရိုးရိုးနှင့် ယဉ်ယဉ်လေးသာ ဝတ်ဆင်ထုံးဖွဲ့ထားသည်ကို တွေ့ရှိရ ပါသည်။

အထက်ဖော်ပြပါ ဒီဗိုင်းလက်ရာ များမှာ မြောက်ဦးခေတ် အေဒီ(၁၆) ရာစု ဝတ်ဆင်ထုံးဖွဲ့မှုများကို ဖော်ကျူး သော ဒီဗိုင်းလက်ရာများပင် ဖြစ်ပါ သည်။

*အနန္တောအနန္တငါးပါးကို ထား*
*ဦးထိပ်ပန်ဆင် ကန်တော့လျက်...*

ပန်းချီထူးလှ
(ရွှေပေါင်းသုတေသန)



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊ မတ်လ

# ကျန်းမာရေးအတွက် အကြံပေးချက်များ

| [illegible] | ဝမ်းတွင်းအင်္ဂါ | အရောင် | ဂဏန်း | စားဖွယ် | အရသာ | အရုပ် | မိတ်ဖက် | ကူညီသူ | ကံပွင့်နေ့ |
|---|---|---|---|---|---|---|---|---|---|
| [illegible] | အသည်း | အစိမ်းနု | ၃ | ဂျုံ | အချဉ် | အရှေ့ | ယုန်, ဆိတ်, ဝက် | သောကြာသားသမီး | ကြာသပတေးနေ့ |
| [illegible] | ကျောက်ကပ် | အပြာ | ၁ | ပဲအမျိုးမျိုး | အငန် | မြောက် | ကြွက်, နဂါး, မျောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ |
| [illegible] | ဆီးအိမ် | အပြာ | ၁ | ပဲအမျိုးမျိုး | အငန် | မြောက် | မျောက်, ကြွက်, နဂါး | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ |
| [illegible] | အဆုတ် | အဖြူ | ၆ | ဆန် | အစပ် | အနောက်မြောက် | ဝက်, ဆိတ်, ယုန် | ကြာသပတေးသားသမီး | တနင်္ဂနွေနေ့ |
| [illegible] | အူမ | ရွှေဝါ | ၇ | ဆန် | အစပ် | အနောက် | ကြက်, နွား, မြွေ | ကြာသပတေးသားသမီး | သောကြာနေ့ |
| [illegible] | အူမ | ရွှေဝါ | ၇ | ဆန် | အစပ် | အနောက် | နွား, မြွေ, ကြက် | ကြာသပတေးသားသမီး | သောကြာနေ့ |
| [illegible] | သရက်ရွက် | မြေဝါ | ၂ | ကောက်ညှင်း | အချို | အနောက်တောင် | ယုန်, ဆိတ်, ဝက် | စနေသားသမီး | တနင်္လာနေ့ |
| [illegible] | သည်းခြေ | အစိမ်းရင့် | ၄ | ဂျုံ | အချဉ် | အရှေ့တောင် | မြွေ, ကြက်, နွား | တနင်္ဂနွေသားသမီး | ကြာသပတေးနေ့ |
| [illegible] | သည်းခြေ | အစိမ်းရင့် | ၄ | ဂျုံ | အချဉ် | အရှေ့တောင် | နဂါး, မျောက်, ကြွက် | တနင်္ဂနွေသားသမီး | ကြာသပတေးနေ့ |
| [illegible] | နှလုံး | အနီ | ၉ | ပြောင်း | အခါး | တောင် | ကျား, မြင်း, ခွေး | ဗုဒ္ဓဟူးသားသမီး | အင်္ဂါနေ့ |
| [illegible] | အစာအိမ် | အညို | ၈ | ကောက်ညှင်း | အချို | အရှေ့မြောက် | မြင်း, ခွေး, ကျား | တနင်္လာသားသမီး | စနေနေ့ |
| [illegible] | အစာအိမ် | အညို | ၈ | ကောက်ညှင်း | အချို | အရှေ့မြောက် | နွား, မြွေ, ကြက် | တနင်္လာသားသမီး | စနေနေ့ |

* * *

မတ်လတွင် **ကြွက်နှစ်ဖွား၊ နွားနှစ်ဖွားနှင့် ကြက်နှစ်ဖွားတို့မှာ** ကျန်းမာရေး ချို့ယွင်းတတ်သဖြင့် သတိပြု ဆောင်ရွက်ပြုမူသင့်သည်။

ဤလအတွက် ကြွက်နှစ်ဖွားတို့ကို ...ကြ၍ ဆေးကို ရှင်းပြပေးပါမည်။

**ကြွက်နှစ်ဖွားတို့**သည် အသည်းနှင့် ...ဆက်သော ရောဂါဝေဒနာများကို သတိပြု ကာကွယ်ကုသသင့်သည်။ ...စိမ်းနုရောင်၊ (၃)ဂဏန်း၊ အရှေ့ ...အရုပ်တို့ ကံလာဘ် ပွင့်လင်းစေနိုင်ပါ သည်။

ချဉ်သောအရသာရှိသည့် ဆေးဝါး ...စားစာ၊ ဂျုံဖြင့်ပြုလုပ်ထားသော စားဖွယ်တို့က ကျန်းမာရေး အထောက် အပံ့ ပေးလိမ့်မည်။

**ယုန်နှစ်ဖွား၊ ဆိတ်နှစ်ဖွားနှင့် ဝက်နှစ်ဖွားတို့မှာ** မိတ်ဖက်ပုံရိပ်ရှင်များ ဖြစ်ကြသည်။ ကျန်းမာရေးကိစ္စ အရေးအကြောင်းရှိပါက သောကြာ သားသမီးက ကူညီပေးနိုင်လိမ့်မည်။ ကြာသပတေးနေ့ နေ့ကောင်းနေ့မြတ် ဖြစ်သည်။

ကျန်နှစ်ဖွားများ ဤအတိုင်း ကောက်ချက်ချ ကြစေလိုပါသည်။



**အာရောဂျ ဆုလာဘ်နှင့် ပြည့်ဝကြပါစေ။**

**ဟူဂျင်းဇီ** *(Hu Jin Zhi)*

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

အမျိုးသားများ အားအင်ကုန်ခန်း စိတ်မရွှင်လန်းရင်

# စကြာမင်း

အမှတ်တံဆိပ်

# အားတိုးဆေး

မှီဝဲပါ

ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် (၀ရ၁၁ YR ၀၀၆၀၂၄)



ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း)
၅၃/၀၅၁၃

'ဟော့ ကိုကြီးကောင်း အိမ်တွင်းပုန်း လုပ်နေတာလားဗျ'

'အိမ်တွင်းပုန်းနေတာ မဟုတ်ဘူး။ စိတ်ဓာတ်ကျနေတာဗျ'

'ကဲ ဆိုစမ်းပါဦး၊ စိတ်ဓာတ်ကျစရာ ဘယ်လိုအကြောင်းတွေများ ရှိလို့လဲ'

'ပြောရရင်တော့ ရှက်စရာကြီးပါဗျာ၊ ဒါပေမယ့် ခင်ဗျားက ဗဟုသုတစုံသူဆိုတော့ အကြံဉာဏ်များပေးနိုင်ကောင်းရဲ့ ဆိုပြီး ရှေ့မျက်နှာ နောက်ထားပြီး ပြောမယ်ဗျာ။ ကျွန်တော့်မှာ အမျိုးသားအားနည်းရောဂါ ဖြစ်နေလို့ဗျ။ အဲဒါ လုပ်ပါဦး။ ဘယ်လိုလုပ်ရင် ကောင်းမလဲ'

'ဆေးတွေ မသုံးစွဲဘူးလား'

'သုံးစွဲတာမှ ရှိသမျှအားဆေးတွေ စုံနေပြီ။ ထူးခြားမှုမရှိဘူး ကိုဘုန်းရဲ'

'ဒါဆိုရင် ကျွန်တော်လဲ အမျိုးသားအားနည်းရောဂါ ဖြစ်နေရလို့ ခင်ဗျားလိုပဲ စိတ်ဓာတ်ကျနေတဲ့အချိန်မှာ ဆရာကြီး ဆရာမြင့် (စကြာမင်း) ရေးသားပြုစုထားတဲ့ ''အမျိုးသားရောဂါ သိကောင်းစရာနဲ့ ကာကွယ်ကုသနည်းများ''ဆိုတဲ့ အမျိုးသားများအတွက် ကျန်းမာရေး ပညာပေးစာအုပ်ကို ဖတ်မှတ်မိရာမှ အားတက်သွားပြီး ဆရာမြင့်ထံ အပြေးကလေး သွားရောက်ဆွေးနွေးမိတယ်ဗျ။

အဲဒီမှာ ဆရာမြင့်က စကြာမင်းအားတိုးဆေးပေးပြီး ခာစ်နေ့ (၂)ကြိမ် မှန်မှန်သောက်ရင် မင်းရဲ့ရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းပါလိမ့်မယ်လို့ ညွှန်ကြားလိုက်တယ်။ ဒါနဲ့ ကျွန်တော်လဲ ဆရာ့ရဲ့ ညွှန်ကြားချက် ဆေးညွှန်းပါ အညွှန်းအတိုင်း သောက်သုံးလိုက်တာ အခုဆိုရင် လန်းဆန်းပြီး အကြောအားတွေ ကောင်းလိုက်တာမှ ဒေါင်ဒေါင်မြည်ပဲဗျ'

'ဆေးရဲ့ အစွမ်းအာနိသင်က ဘာတွေကောင်းလဲ'

'ဘာတွေကောင်းလဲဆိုရင် ခန္ဓာကိုယ်အတွက် တစ်နေ့တာ ကုန်ခန်းသွားတဲ့ အားအင်များကို အလျင်အမြန် ပြန်လည်ပြီး ဖြည့်တင်းပေးနိုင်တဲ့ အစွမ်းသတ္တိထူးရှိလို့ သွေးသစ်၊ အားသစ်၊ ခွန်အားသစ်၊ ဓာတ်ပစ္စည်းအသစ်များ ဖြစ်ထွန်းတည်ဆောက်ပေးနိုင်တယ်။

ပန်းသေ၊ ပန်းညှိုးဖြစ်ခြင်း၊ အားအင်ကုန်ခန်းခြင်း၊ သုက်ဓာတ်အားနည်းခြင်း၊ သုက်လွှတ်မြန်ခြင်း၊ အိပ်နေစဉ်အလိုလို သုက်လွှတ်ခြင်း၊ ပင်ပန်းနွမ်းနယ်နေခြင်း၊ စိတ်ဖိစီးမှုများခြင်း၊ အကြောအားနည်းခြင်း၊ နှစ်ခြိုက်စွာအိပ်မပျော်ခြင်း၊ စားမကောင်းခြင်း၊ ကိုယ်ခံစွမ်းအား လျော့နည်းကျဆင်းခြင်း၊ အာရုံကြောအားနည်းခြင်းနဲ့ အဆုတ်အား, နှလုံးအား, သွေးအားနည်းခြင်းများကို သက်သာပျောက်ကင်းစေပြီး အမောလုံး၍ စိတ်ဓာတ်အား, ဆန္ဒအား, အကြောအား, ပန်းအားများကို တက်ကြွလန်းဆန်းစေလျက် ဆန္ဒသုခ အိမ်ထောင်ရေးရသတို့ကို ပြည့်စုံစွာ ပေးစွမ်းနိုင်သော ရသာယနဆေး ဖြစ်ပါတယ်။ ပြီးတော့ နေ့စဉ်သုံးစွဲပါက ဒါ့အပြင် ခန္ဓာကိုယ်အတွင်းရှိ ဓာတ်ပစ္စည်းများကို ညီညွတ်မျှတစေပါတယ်'

'ကျွန်တော်လဲ ဆရာမြင့်ရဲ့ စကြာမင်းအားတိုးဆေးကို သုံးစွဲချင်လို့ ဆေးဆိုင်တွေမှာ မေးကြည့်တော့ မရှိဘူးလို့ ပြောပြောနေတော့ ခက်တယ်ဗျ'

'မခက်ပါနဲ့ဗျာ အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်စေဖို့ တစ်ပြည်လုံးကို ဖြန့်ချိနေပါပြီ။ ခင်ဗျားလဲ နီးစပ်ရာ ဆေးမျိုးစုံဆိုင်သာ ပြေးပြီးဝယ်ပေတော့'

ဟော အခုတော့ ဆရာမြင့်ရဲ့ စကြာမင်းအားတိုးဆေး အစွမ်းထက်မှုကြောင့် စိတ်ရောကိုယ်ပါ လန်းဆန်းတက်ကြွနေ တဲ့အပြင် အကြောအားတွေလဲ ကောင်းမှကောင်းပဲ။

အဲဒါကြောင့် ဘဝတူအမျိုးသားများ အကျိုးများပြီး အင်အားတိုးပွားကာ အမြဲတမ်းတက်ကြွလန်းဆန်း သန်မာစွာနဲ့ နေနိုင်စေဖို့ အသက်ရှည်ရာ အနာကင်းရေး သော့ချက်ဖြစ်တဲ့ စကြာမင်း စိတ်ပျိုကိုယ်နု အားတိုးဆေးစွမ်းတစ်လက်ကို နီးစပ်ရာ ဆေးဆိုင်များမှာ ဝယ်ယူသုံးကြည့်ပါလို့ အကြံပြုပါရစေ။

အဲ ဆရာမြင့်နဲ့ ကိုယ်တိုင်တွေ့ဆုံ ဆွေးနွေးချင်ကြရင်တော့...

## ဆရာမြင့်

**စကြာမင်း တိုင်းရင်းဆေးတိုက်**

အမှတ် (စ/၆၆၆)၊ သုဓမ္မာလမ်းမကြီး၊ သန္တာမှတ်တိုင်အနီး၊ (စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၇၂၂၅၃၁

ကိုကြီးကောင်း



www.burmeseclassic.com

www.burmeseclassic.com

စိတ်သဒ္ဓါပွားလျှင် ကြုံသမျှထူးစေသည့်

# ဝိဇ္ဇာဘုရားရှင် ထံတော်ကြီးဆီသို့ (၄)

စံထွန်းသာ



ဒေသအမည် ဆိုင်းဘုတ်များကြားမှ ရုပ်ပွားတော်များနှင့် ခင်ပွန်းကြီးဆယ်ပါး ကမ္ဗည်း

## သခင်လမ့် အဆက်

...ကာလကြာ၍ ဆွေးမြည့် ...ပျက်စီးသွားသော တည်ပင် ...အား ဝိဇ္ဇာဆရာတော် ...ဂသေန အမိဋ္ဌာန်ကြောင့် ...ပေါ်ပေါက်လာသောတည် ...င် ဖြစ်သည်။

...ကျောက်သပိတ်ကြီးမှာစ,ဦး ...ကာ မရှိခဲ့ပါ။ သပိတ်ကွဲ ...ည်ပင် သာသနာမြေ စတင် ...ကားလာ၍ အောင်သိဒ္ဓိ ...ချိန် တည်ဆောက်ပြီးချိန် ...င် ဖြစ်သည်။

...သန်းဝိုင်းသည် ဆရာတော်၏ ...ချက်ဖြင့် ခုနစ်ရက်သားသမီး ...အား ဒုက္ခအခက်အခဲမှ ကယ်တင် ...ရှောက်လျက် ဗုဒ္ဓသာသနာတော် ...ရှည် တည်တံ့ရေးအတွက် ...င်ရွက်ခဲ့သည်။

...တစ်နေ့တွင် ဗိမာန်အတွင်း ရှာသား ...နှင့် စကားပြောဆိုနေစဉ် ကပ် ...သော မြသပိတ်လေးလုံးမှာ ...ဆင့်နောက်ဆင့်ပင် အစိတ်စိတ် ...မြွာ အက်ကွဲသွားလေသည်။

...တွေ့အကြုံ မရှိသေးသဖြင့် ...န်းဝိုင်းခမျာ ချွန်းပွဲချ ငိုကြွေး ...သည်။ ထိုစဉ်...

...နဲ့ ဒီ ကောင်းတဲ့နိမိတ်။ အစိတ် ...မွှာ ကွဲပြားနေကြတဲ့ ပါရမီရှင်တွေ ...မှာလာပြီး စုစည်းမယ့်နိမိတ်ပဲ။ ဒီလို ပြန်ဆုံမှ သာသနာတော် စည်ကားပြန့်ပွား အောင် ပြုစုနိုင်မယ်။ တည်ပင်ပေါက်အနား မှာ သပိတ်ကြီးတစ်လုံးလုပ်ပြီး မြသပိတ်ကွဲ အစအားလုံး ထည့်လိုက်ပါ'

ဟူသော အသံကြားရသဖြင့် ဤ ကျောက်သပိတ်ကို ပြုလုပ်၍ မြသပိတ် ကွဲများ စုစည်းထားလိုက်ခြင်းဖြစ် ကြောင်း သိရသည်။

ထိုကဲ့သို့ မြသပိတ်များ အက်ကွဲစဉ် က ရောက်နေကြသူများမှာ ဘောဂ ရှာသား (ချမ်းသာခြင်းနိမိတ်)၊ ပါရမီ ရှာသား (ဖြည့်ဆည်းခြင်း)၊ ရှာစီကုံး (ညီညာခြင်း)၊ ဒန်းပင်တဲ (သက် သောင့်သက်သာရှိခြင်း၊ စည်းစိမ်နှင့် ပြည့်စုံခြင်း)တို့ ဖြစ်ကြရာ ရှာအမည် ပညတ်အရ ကောင်းမွန်လှသည်။ ဒန်း ပင်တဲရှာသား အမည်မှာ ဦးဆုနိုင်ဖြစ် လေရာ တောင်းသောဆုနှင့် ခိုင်မာ ပြည့်စုံခြင်း နိမိတ်ကိုလည်း ဆောင်စေ သည်ဟု ယူဆကြလေသည်။

### အခြားနေရာထူးများ

သပိတ်ကွဲတည်ပင်အနီးမှ အရှေ့ ဘက်ဆီသို့ ထွက်ခဲ့ရာ ဒယ်အိုး သဏ္ဌာန် မြေကွက်ကျယ်ကြီး၏ နှုတ်ခမ်း၊ မြေပြင်ထက် ပတ်လည်တွင် ဘုရားရှင် သာသနာတော် ထွန်းကား ပျံ့နှံ့ရာ တိုင်းပြည်၊ နိုင်ငံ၊ ဒေသများ၏ အမည်များကို ကမ္ဗည်းဆိုင်းဘုတ် စိုက်ထူထားသည်ကို တွေ့ရသည်။

ဒေသအမည် ဆိုင်းဘုတ်များ အကြား ရုပ်ပွားတော်အချို့ ပူဇော်ထား ကာ တစ်နေရာ၌ **"ခင်ပွန်းကြီး ဆယ်ပါးအဓိပ္ပာယ်"** ဟူသော ကမ္ဗည်းစာတိုင်ကြီးကို မြင်ရသည်။ ကုသိုလ်ကြီးမားလှသော မမ္မပူဇာ

www.burmeseclassic.com



◆ သာသနာတော် ပျံ့နှံ့ခဲ့ရာ တိုင်းဌာနများ

◆ ခင်ပွန်းကြီးဆယ်ပါးကျောက်စာ



ကုသိုလ်တစ်ရပ်ဖြစ်သည်။ ထိုခေါင်းစဉ် အောက်တွင်...

၁။ မြတ်စွာဘုရားရှင်အပေါင်း။

၂။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်အပေါင်း။

၃။ အဂ္ဂသာဝက၊ မဟာသာဝက ရဟန္တာ အပေါင်း။

၄။ ပကတိသာဝက ရဟန္တာအပေါင်း။

၅။ ကျေးဇူးကြီးမားသော မိခင်အပေါင်း။

၆။ ကျေးဇူးကြီးမားသော ဖခင်အပေါင်း။

၇။ လိမ္မာစေရန် ဆုံးမတတ်သော ဆရာ အပေါင်း။

၈။ သီလ၊ သမာဓိ၊ ပညာ ဆည်းပူးလျက်ရှိသော လူ၊ ရဟန်း၊ အရိယာအပေါင်း။

၉။ တရားဓမ္မ ဟောပြလမ်းညွှန်သော ဆရာ အပေါင်း။

၁၀။ ထမင်းတစ်လုတ်၊ ရေတစ်မှုတ် စသ... ထောက်ပံ့ဖူးသော ပုဂ္ဂိုလ်အပေါင်း။

ဟူ၍ ဖော်ပြထားလေသည်။

ဤခင်ပွန်းကြီးဆယ်ပါး၏ ဂု... ကျေးဇူးကို မမေ့လျော့ခြင်း၊ ယင်း... အပေါ်၌ ပြစ်မှားမိသော အပြစ်မျာ... ရှိလျှင် ပျောက်ပါစေကြောင်း ဘုရား... ထံတွင် ရှိခိုးတောင်းပန်ခြင်း စသည်... ပူဇော်ပါက အောက်ပါအကျိုးကျေ... များ ခံစားရနိုင်ပေသည်။

၁။ အရပ်တစ်ပါးသွားလည်း အစားအ... မရှားပါးခြင်း။

၂။ ရောက်ရာအရပ်၌ လေးစားပူဇော်ခံရခြ...

၃။ ရန်သူမျိုးငါးပါး မနှိပ်စက်ခြင်း။

၄။ ချစ်ခင်သူပေါ်များခြင်း။

၅။ မည်သည့် ပရိသတ်အလယ်၌မ... တင့်တယ်စွာ နေနိုင်ခြင်း။


၆။ ကောင်းသောဂုဏ်သတင်း ကျော်... ခြင်း။

၇။ အခြံအရံ မပြတ်ရှိခြင်း။



www.burmeseclassic.com

www.burmeseclassic.com



◆ သာသနာတော် ပျံ့နှံ့ရာ တိုင်းဌာနများ

၁ မွေးမြူသော တိရစ္ဆာန်၊ စိုက်ပျိုးသော သီးနှံ ဖြစ်ထွန်းခြင်း။

၂ ဘေးအန္တရာယ်ကင်းဝေး၍ အကူအညီ အမှီ အတွယ် ရရှိခြင်း။

၃ သားသမီးနှင့် စီးပွားဥစ္စာ ကောင်းမွန် ဖြစ်ထွန်းခြင်း။

ထိုမှ အောင်သိဒ္ဓိဗိမာန်ဆီသို့ ထွက်လာခဲ့ရာ ဗိမာန်အပြင်ဘက် အရှေ့တောင်ထောင့် ကပ်လျက်တွင် ဗောဓိညောင်ပင်တစ်ပင်ကို တွေ့ရသည်။ ထိုအချိန်တွင် အပြင်ထွက်လာသော သာသနာ့အကျိုးဆောင် ဒေါ်သန်းဝိုင်းနှင့် တွေ့ဆုံသဖြင့် ဗောဓိပင်အကြောင်း မေးမြန်းကြည့်သည်။

## အလိုအလျောက်

## ပေါက်လာကြသော သစ်ပင်များ

'ဗောဓိညောင်ပင်ကြီးက ကျွန်မတို့ရောက်ခါစက ပင်ပေါက်ကလေးပေါ့။ ညောင်ပင်မှန်းလဲ မသိဘူး။ ပေါင်းပင်အမှတ်နဲ့ ရှင်းပစ်လိုက်တာ။ နွား ကျောင်းသားကလေးက ကောက်ယူပြီး လာပေးတယ်။ အဲဒီအခါ ဆရာတော်ဆီက...

'ဒီ ဘုရားရှင်ပွင့်တော်မူတဲ့ ဗောဓိညောင်ပင်၊ ပရိဘောဂစေတီ ထိုက်တယ်။ စိုက်ထားပါ။ အကိုင်းငါးကိုင်း ဖြာထွက်မယ်။ သာသနာ အနှစ်ငါးထောင်တည်မယ့် နိမိတ်ကောင်းပဲ' လို့ အာရုံနဲ့ ပြောသံကြားရတယ်။

ဒါနဲ့ စိုက်ထားလိုက်တာ၊ ခုတ်ပစ်လို့ သုံးရက်ကြာနေတဲ့ ညှိုးရော်ရော် ညောင်ပင်ကလေးက အမြစ်သစ်ထွက်ပြီး အခုလို အကိုင်း(၅)ကိုင်းဖြာတဲ့ ပင်ပျိုကြီး ဖြစ်လာတာပဲ။ ညောင်ပင်ကြီး အမြစ်တွယ် ရှင်သန်လာတော့ ပန်းပင်၊ နှင်းဆီပင်၊ အုန်းပင်၊ ဒန်းပင်တွေ ရောက်လာလိမ့်မယ်။ ဒီမှာပဲ ဝိုင်းပြီး စိုက်ထားလို့ မိန့်ပါတယ်။

နောက်တစ်နေ့ကျတော့ ရန်ကုန်က ညီ့သည်တစ်ယောက် ယူလာပေးတယ်။ နှင်းသီးပင်တဲ့။ သတ္တဝါအများ အေးမြကြပါစေဆိုတဲ့ နိမိတ်၊ နောက်တော့ နှင်းဆီပန်းအဖြူပင်။ ပန်းပင်က တပည့်ဒါယကာတွေ မပင်ပန်းရအောင် နှင်းဆီဖြူပန်းပွင့်ကို စိတ်နှလုံး သန့်စင်အောင်တဲ့။

ဆက်ပြီး ဒန်းပင်၊ ဒန်းပင်က ဆရာတော်ရဲ့ နံတော်ကိုယ်စား စနေဖြစ်တဲ့ အပြင် ဒန်းဆိုတဲ့အတိုင်း တပည့်သာဝကတွေ စည်းစိမ်ချမ်းသာနဲ့ အေးအေးဆေးဆေး နေနိုင်မယ်တဲ့။

အုန်းပင်ကတော့ ကန်တော့ပွဲအုန်း။ သာသနာပွဲ ထိုးထားတဲ့ အုန်းသီးစိမ်းကနေ ပွဲထိုးပြီး သုံးရက်အကြာမှာ အစို့ထွက်လာလို့ စိုက်ထားလိုက်တယ်။ သတ္တဝါတွေရဲ့ အမှီအတွယ်ဖြစ်အောင် အုံးရအောင်တဲ့။ ဘဝ၊ ရာထူး၊ အလုပ်အကိုင်လဲ အုန်းပင်လို မြင့်မားအောင်လို့ ဆိုပါတယ်'

မိမိရောက်ရှိချိန်တွင် ထိုအပင်ငါးပင်အနက် **"နှင်းဆီ"**ပင်မှာ အဖြူရောင်ပန်းများ ပွင့်လန်းနေသည်ကို တွေ့ရသည်။ **"နှင်းဆီ"**မှာ **"စတေ"**



www.burmeseclassic.com

www.burmeseclassic.com

အောင်မာတက်ကိန်းသည်ဖြစ်ရာ ဤ ဒေသတွင် အောင်ပန်း တဝေဝေ ပွင့်လန်းခြင်းနိမိတ် ဟု ယူဆရပေသည်။

## ဆရာတော်ကြီးနှင့် ထူးခြားသော ပန်းနိမိတ်

သပိတ်ကွဲ တည်ပင် သာသနာမြေတွင် ကြည်ညို လှေ့လာစရာအချို့ကို လေ့လာ ပြီးနောက် အကျိုးဆောင် ဒေါ်သန်းပိုင်းအား နှုတ်ဆက်၍ ခရီးဆက်ရန် ပြင်ဆင်သော အခါ အရှင် သီလာစာရက...

'ဝိဇ္ဇာဆရာတော်ရဲ့ တပည့် ဦးဓမ္မနန္ဒက ပြောတယ်။ ခင်ဗျား နဲ့ မိတ်ဆက်ပေးပါတဲ့။ ကျုပ်ကလဲ ရပါတယ်ပေါ့။ အခု ကျိန်းနေပြီထင် တယ်။ ကျုပ်တို့ကို အေးအေးဆေးဆေး သုံး, လေးရက်လောက်နေမယ် မှတ်နေ တယ်။ သွားမယ်ဆိုရင် နှုတ်ဆက်သွား မှ ကောင်းမယ်ထင်တယ်'

ဟု မိန့်ကြားသဖြင့် ကျိန်းစက်နေ သော ထိုဦးပဥ္စင်းကို အားနာစွာဖြင့် နှိုးလေသည်။ ဦးဓမ္မနန္ဒမှာ မင်းလှမြို့ မဟာဇေယျ ကျောင်းတိုက်တွင် သီတင်းသုံး၍ ဆရာတော် ဦးနာဂသေန ၏ တပည့်တစ်ပါးဖြစ်သည်။ ထေရုပ္ပတ္တိ ကျောက်စာကမ္ပည်းကို ဤဦးပဥ္စင်းက ပင် မှတ်တမ်းတင်ပေးခဲ့သည်ဟု သိရ လေသည်။

'အေးဗျာ၊ ပြောမယ်ဆိုရင် ရက်ကြာ ကြာနေမှ ကောင်းမယ်'

'တပည့်တော်တို့ နယ်လှည့်စာ သမားအနေနဲ့ တစ်နေရာမှာ တစ်နေ့ တစ်မွန်းတည့်ထက် ပိုပြီး နေလေ့ မရှိပါဘူး။ တစ်လချင်း ရေးပြီး တင်ရ



ဝါးကိုင်းပြသည့် ဇောတိကကျောင်း

လို့ပါဘုရား'

'ဒါဖြင့်လဲ ထူးခြားတဲ့ပန်းနိမိတ်ပဲ ပြောရတာပေါ့။ ရန်ကုန် (၉)မိုင်မှာရှိတဲ့ အရိယဝံသကျောင်းမှာ ဝါဆိုတုန်းက ဝါဆိုပန်းအဖြစ် ကပ်လှူထားတဲ့ နှင်းဆီ ပန်းတွေ သုံးရက်လောက်အကြာ လဆုတ်(၃)ရက်ဆိုပါတော့။ သူ့ သဘာဝအတိုင်း ညှိုးရော်ကုန်တာပေါ့။

ဒါနဲ့ ပန်းအသစ်ဝယ်ပြီး နောက်တစ် နေ့ မနက်မှာ လဲမယ်လို့ ကြည့်လိုက် တော့ ညှိုးနေတဲ့ပန်းတွေက အခုမှ အပင်ကခူးလာသလို လန်းလန်းဆန်း ဆန်း ဖြစ်နေသဗျာ့။ မင်းလှ၊ မဟာ ဇေယျကျောင်းမှာ ပဋ္ဌာန်းပူဇော်တုန်း ကလဲ ဒီလိုအဖြစ်မျိုး ကြုံရပါတယ်။

ပြီးတော့ အရိယဝံသကျောင်းထဲမှာ တည်ထားကိုးကွယ်တဲ့ အောင်ချမ်းသာ ကိုးနဝင်းစေတီ တည်ပြီးတဲ့အခါ တပည့်ဒါယကာတွေက ကြက်မောက် ပန်းပင်တွေ လာလှူကြတယ်။ ဆရာ တော်ကြီး ဦးဆောင်ပြီး စေတီဝန်း

ကျင်မှာ စိုက်ထားလိုက်ပါတယ် အချိန်တန်တော့ ပွင့်၊ ညှိုး ကြွေတာပေါ့။

ဒါကို ဦးပဥ္စင်းတို့က ညှိုး ခြောက်သွားတဲ့ အပင်တွေ ရှင်း လင်းပစ်ကြတာပေါ့။ လေး၊ ငါး ရက်လောက်ကြာတော့ မရှင်း ဖြစ်ဘဲ ကျန်နေခဲ့တဲ့ အပင် ခြောက်တွေက စိမ်းစိမ်းစိုစို လန်းဆန်းလာပြီး အချိန်ရာသီ မဟုတ်ဘဲ ထပ်ပြီး ဖူးပွင့်ကြ တာ။ ပန်းတွေက တစ်လ လောက်ကြာအောင် လန်းဆန်း နေတယ်။

ဒါက ဆရာတော်ကြီး ပတ်သက်တဲ့ ထူးခြားမှုတွေ က ပန်းနိမိတ်တချို့ပါ။ တစ် ဆက်တည်း ပြောရရင် ပါရမီရှင် ဒေါ်သာသနသီရိ။ အဲဒီနာမည် ဆရာတော်ကြီးပေးတာ၊ ဒေါ်သန်းပိုင် ကို ဆိုလိုပါတယ်။ သူ တွေ့ကြုံရ နဲ့ဆွမ်းလိုပါပဲ။

သိပ်မကြာသေးဘူး။ ၁၃၆၉ ခုနှစ် ပါ။ ကျုပ်တို့က ဆရာတော်ကြီး ခန္ဓာ ချတော်မူတဲ့နေ့မှာ နှစ်ပတ်လည်အခါ အနား ကျင်းပပူဇော်လေ့ရှိပါတယ် (၁၀)နှစ်မြောက်ဖြစ်တဲ့ အဲဒီနေ့ ရေစက်ချတဲ့အခါ အလယ် ရေစက် ခွက်ထဲက ရေတွေက နွားနို့တွေ ဖြစ် နေတယ်။ မလိုင်တွေလဲ ပါတယ် အချိန်ရရင် တခြားဖြစ်စဉ်တွေ အများ ကြီး ပြောပြချင်ပါသေးတယ်။ ဒကာ ကလဲ တာဝန်နဲ့ဆိုတော့ ကဲ သွားပေဦးတော့ဗျား'


## အကြံပေးအပ်ပါသည်

ဦးဓမ္မနန္ဒအား ဂါရဝပြု နှုတ်ဆက် နောက် ဝိဇ္ဇာဘုရား ပရိဝုဏ်မှ ထွက်



www.burmeseclassic.com

www.burmeseclassic.com



◆ ရေထဲပေါက်သော သုန်၊ ဘုန်း၊ နှင်းဆီနှင့် နှင်းသီးပင်များ

◆ နှင်းဆီပန်းခြံအဝင်



ါးတောမရွာသို့ ခရီးဆက်ကြသည်။
ါးတောမရွာ၌ ခေတ္တနားနေကာ
ာက်ဖက်ရည် သောက်ပြီးသောအခါ
ာမ်းပြပေးသော မုံရွာမိတ်ဆွေ ဆိုင်
ာယ်နှစ်စီးက မုံရွာသို့ လှည့်ပြန်ကြ၍
ဦးသာစာရနှင့် မိမိတို့ ဆိုင်ကယ်
ာီးမှာ အရာတော်မြို့ဆီသို့ ဦးတည်
ာွက်ခွာခဲ့ကြသည်။

သန်းတောတောရ ခြေရာတော်
ာေါ်တို့အား လေ့လာပူဇော်ပြီးနောက်
ာွာသို့ရောက်သော် ညဥ့်မှာ အတန်
ပင် ရင့်နေပြီဖြစ်သောကြောင့် ဦးပဥ္စင်း
နှင့် မဆုံဖြစ်တော့ချေ။ နောက်တစ်နေ့
နံနက်တွင် ဒေါ်မေအုတ်ကျောင်းသို့
သွားရောက်တွေ့ဆုံသောအခါ...

'မနေ့က ဝါးတောမကနေ လှည့်ပြန်
သွားကြတဲ့ ဒကာတွေ ဆိုင်ကယ်ဘီး
ချော်လို့ တစ်ယောက်က ဆိုင်ကယ်
ဦးထုပ် ကွဲသွားတယ်။ ဦးထုပ်သာ
မပါရင် မတွေးဝံ့စရာဘဲ။ တစ်ယောက်
ကတော့ ခြေဆစ်လွဲသွားသတဲ့'

ဟု ပြောသည်။

'ဘယ်နေရာမှာ ဖြစ်တာလဲဘုရား'

'ဝါးတောမနားက သစ်သားတံတား
ကလေး ရှိပါရောလား'

တောင်ကုန်းငယ်နှစ်ခုကြား ရေဆင်း
မြောင်းကလေးကို လူနှင့်စက်ဘီးများ
သွားလာနိုင်ရန် တန်းခံ၍ (၃×၂)
လက်မ၊ (၆×၃)လက်မ သစ်ပြားခင်း
ထားသော တံတားကလေး ဖြစ်သည်။
အရှည်တစ်တောင်၊ အကျယ်
တစ်တောင်ခန့်သာ ရှိပါမည်။

'ဝိဇ္ဇာဘုရားဖူးသွားရင် အမင်္ဂလာကိစ္စ
မပြောမဆိုရဘူးတဲ့။ ဒေသခံတွေ ယုံကြည်
ကြတာပါ။ အဲဒီလူတွေက သူတို့ လုပ်ကိုင်
စရာရှိတဲ့ အသုဘကိစ္စတွေကို ဘုရားမှာ
ဆွေးနွေးနေကြလို့ ကျုပ်ကတောင် သတိ
ပေးခဲ့သေးတယ်။

အများစုနဲ့ မဆန့်ကျင်သင့်ဘူးလို့။ တစ်
ဖက်က တွေးကြည့်တော့လဲ သူတို့ရဲ့ကုသိုလ်
အကုသိုလ်ကံအကျိုးကြောင့် ဖြစ်ရတာ
တိုက်ဆိုင်မှုလို့လဲ ဆိုနိုင်တာပေါ့ဗျာ'

မည်သို့ဆိုစေကာမူ ဝိဇ္ဇာဘုရားဖူး
မြော်ရန် သွားလာရောက်ရှိသောအခါ
ဒေသခံတို့၏ ယုံကြည်မှုကို မဆန့်
ကျင်သင့်ပါဟု အကြံပေးအပ်ပါသည်။
မိမိတို့ ရင်ဆိုင်တွေ့ကြုံနေရသော ဘဝ
အခက်အခဲ၊ အမောအပန်းများ ပြေ
လျော့စေရန် ဝိဇ္ဇာဆရာတော်အား
လျှောက်ထားမေးမြန်းလိုလျှင် ဖြစ်စေ၊
ဘုရားဖူး ဒေသန္တရဗဟုသုတ ရှာဖွေ
လို၍ဖြစ်စေ **ဝိဇ္ဇာဘုရားသို့သွားရန်
မုံရွာ၊ အရာတော်မြို့မှ ဝါးတောမ
ရွာသို့၊ ထိုမှတစ်ဆင့် မှော်တော
အုပ်စု ချမ်းသာကုန်းရွာအနီးသို့**
မြေသား ကားလမ်းလေးအတိုင်း သွား
ရောက်နိုင်ကြပေသည်။

စံထွန်းသာ




www.burmeseclassic.com

www.burmeseclassic.com

# မဟာအင်ဂျင်နီယာကွဲ့

နှင့် လက္ခဏာ




**သရာကြီးဦးအောင်မြင့်**
**(ဥပဒေဘွဲ့)**
**လက္ခဏာဗေဒင်ပညာသုတေသီ**

သူမရဲ့ အသက်နှစ်ဆယ်ဝန်းကျ
သန်လျှင် အစိုးရနည်းပညာကောလိ
မှာ ပညာသင်ယူနေစဉ်ကတည်း
ကျွန်ုပ်နဲ့ နှစ်စဉ် လာရောက်တွေ့
ပြီး လိုအပ်တဲ့ အစီအရင်တွေ တောင်း
ဆောင်ရွက်လေ့ ရှိပါတယ်။ သူမရဲ့
ဘယ်လက်ဖဝါးပုံစံကို ကြည့်ပါ။

**“က”အက္ခရာနဲ့** ညွှန်ပြထားတာ
ဟာ အသက်လမ်းကြောင်း အတွင်း
ဘက်မှာ အရံအသက်
လမ်းကြောင်း ထင်
ရှားရှိခြင်း ဖြစ်
တယ်။

* * *




ဒါဟာ ကျန်းမာရေး
ကင်း အညံ့အပျက်တွေ
ကာကွယ်ပေးခြင်း ဖြ
စေတဲ့ အတွက် ပညာ
ရေး သင်ယူမှု ခရီးလမ်းကို အား
မာန်တက်ပြီး ဆုံးသည်အထိ လျှောက်
နိုင်ဖို့ အထောက်အပံ့ကောင်းတစ်ခု ဖြစ်
တယ်။



www.burmeseclassic.com


www.burmeseclassic.com

**"ခ"အက္ခရာနဲ့** ညွှန်ပြထားတာဟာ ဉာဏ်လမ်းကြောင်း အဖျားနဲ့ ဦးခေါင်းလမ်းကြောင်းအဖျား လက်ညှိုးအောက်က ကြာသပတေးဂြိုဟ်ခုံဘက်ပိုနီးတဲ့ နေရာက စတင်ထွက်ပြီး အဖျားတွေဟာ (ဝ ဒ္ဒသမ ၅)စင်တီမီတာခန့် ကွာဟနေခြင်း ဖြစ်ပါတယ်။

ရည်မှန်းချက် အလွန်မြင့်မားခြင်း၊ တက်ကြွလှုပ်ရှား သွက်လက်လျင်မြန်သော ဉာဏ်ရည်မြင့်ရှိခြင်းကို ဖြစ်စေပါတယ်။

**"ဂ"အက္ခရာနဲ့** ညွှန်ပြထားတာဟာ လက်ညှိုးရင်းကပ်လျက် ထောင်လိုက်မျဉ်း ထင်ရှားရှိနေခြင်းဖြစ်တယ်။ ဆော်လမွန်ကွင်းနဲ့ ထိနေတယ်။

* * *




ဒီသင်္ကေတမျိုး ရှိသူတွေဟာ ပညာရေးမှာ အရှုံးမရှိထိ ရရှိနိုင်ကြတယ်။ ဘွဲ့ထူးဂုဏ်ထူးတွေ ပညာရေးနဲ့ ပတ်သက်ပြီး ရတတ်တယ်။

**"ဃ"အက္ခရာနဲ့** ညွှန်ပြထားတာဟာ လက်ခလယ်အောက် စနေဂြိုဟ်ခုံနဲ့ လက်ညှိုးအောက် ကြာသပတေးဂြိုဟ်ခုံတို့မှာ ညောင်ရွက်သင်္ကေတတွေ ရှိခြင်းဖြစ်တယ်။

* * *




ဒါဟာ ပညာရေးမှာ ဘွဲ့ထူးဂုဏ်ထူးတွေ ဆွတ်ခူးရရှိခြင်း၊ မင်းကျွမ်းဝင်ခြင်း၊ ရာထူးဌာန မြင့်မားတိုးတက်ခြင်းတွေ ဖြစ်နိုင်တယ်။

**"င"အက္ခရာနဲ့** ညွှန်ပြထားတာဟာ ဗုဒ္ဓဟူးဂြိုဟ်ခုံနဲ့ ကြာသပတေးဂြိုဟ်ခုံကို ဆက်သွယ်ထားတဲ့ သောကြာခါးပတ်လမ်း နှစ်ထပ်ရှိခြင်း ဖြစ်တယ်။

* * *





စာသင်ခန်းထဲမှာ စာအလွန်ကြိုးစားတတ်သူ လူတော်စာရင်းဝင် ဖြစ်စေတဲ့ သင်္ကေတပါပဲ။ စာဂုဏ်ပိုးလို့ ခေါ်ရလောက်အောင် အိမ်မှာရော ကျောင်းမှာပါ စာအုပ်နဲ့မျက်နှာ မခွာတမ်း ပညာကြိုးစားလေ့ရှိသူ ဖြစ်မယ်။

သောကြာခါးပတ်ဟာ ညောင်ရွက်သင်္ကေတနဲ့ ဆက်စပ် ဖြစ်ပေါ်နေတဲ့အတွက် ပိုပြီး အားရှိပါတယ်။

**"စ"အက္ခရာနဲ့** ညွှန်ပြထားတာဟာ လက်သူကြွယ်အောက် တနင်္ဂနွေဂြိုဟ်ခုံက အောင်မြင်ရေးလမ်း၊ အကူလမ်း၊ အထောက်လမ်းတို့ ဖြစ်ပါတယ်။


* * *




အောင်မြင်မှု ရယူဖို့ အကူအညီကောင်း အထောက်အပံ့ကောင်းတွေနဲ့ ပြည့်စုံမယ့်သူ ဖြစ်ပါတယ်။

**"ဆ"အက္ခရာနဲ့** ညွှန်ပြထားတာဟာ ဉာဏ်လမ်းကြောင်း ဖြောင့်တန်း ရှည်လျားပြီး လက်ဖဝါးစောင်းအထိ ကြာဖူးသင်္ကေတရှိခြင်း ဖြစ်တယ်။

* * *




သင်္ချာ အတွက်အချက်ကောင်းခြင်း၊ ပညာရေးမှာ ဘွဲ့ထူးဂုဏ်ထူးတွေရပြီး သင်ယူလိုသမျှ အောင်မြင်ပြီးမြောက်ခြင်းတွေ ဖြစ်စေနိုင်တယ်။

သူမဟာ ဉာဏ်ရော ဝီရိယပါ အားကောင်းတယ်။ ကံကိုလဲ ယုံတယ်။ B.Techမှ BEတန်း တက်ရဖို့၊ BEမှ MEတန်း တက်ရဖို့တွေ အတွက်လဲ ယတြာအစီအရင် တောင်းခံဆောင်ရွက်ခဲ့တယ်။

ကံ,ဉာဏ်,ဝီရိယဆိုတဲ့ အကြောင်း (၃)ပါး ညီညွတ်စွာ ပေါင်းစပ်နိုင်တဲ့ အတွက် ယခုဆိုရင် မဟာအင်ဂျင်နီယာဘွဲ့ (ME)တန်းမှာ တက်ရောက် ပညာသင်ယူနေပြီ ဖြစ်ပါတယ်။

*လက္ခဏာပညာသုတ တိုးပွားရရှိကြပါစေ။*

*အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...*

**ဆရာကြီး ဦးအောင်မြိုင်**
**(ဉပဒေဘွဲ့)**
**လက္ခဏာဗေဒင်ပညာသုတေသီ**

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

အာရုံကြောနှင့် အကြောအားနည်းသူများအတွက်

# စကြာမင်း

အမှတ်တံဆိပ်

# အကြောအားဆေး



(ယာယီ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၇၁၁YR ၀၀၆၀ ၂၅)

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၂/၀၅၁၇

'မင်္ဂလာပါ ဆရာ'

'မင်္ဂလာပါဗျာ။ ဘယ်သူတွေများလဲ မှတ်တယ် ရှေ့နေကြီး ဦးအောင်ဝင်းနိုင်တို့ကို။ ဘယ်က လှည့်လာကြတုံး'

'ဆရာ့ဆီ သက်သက်လာတာပါ။ ဒီ ကျွန်တော့်မိတ်ဆွေ ဦးဇော်ထွန်းက ရုံးဝန်ထမ်းဆိုတော့ အလုပ်များ၊ အထိုင်များလို့နဲ့ တူတယ်။ ထိုင်းမှိုင်းလေးလံနေပြီး အမြဲတမ်း ညောင်းညာကိုက်ခဲကာ အကြောတွေတက်နေလို့ ညတိုင်းလိုလို နင်းခိုင်း၊ နှိပ်ခိုင်းနေတာ တွေ့တာနဲ့ ဆရာ့ဆီ ခေါ်လာတာ'

'ဒါဆိုရင် ဦးဇော်ထွန်းရဲ့ ညာဘက်လက် တစ်ချက်လောက် ပြပါဦး။ ကျွန်တော် သွေးစမ်း အဖြေရှာကြည့်မယ်'

'ဟုတ်ကဲ့ ဆရာ။ လိုအပ်သလိုသာ ကုသပေးပါ'

'ဪ… ဦးဇော်ထွန်းမှာ အာရုံကြောအားတွေ၊ အကြောအားတွေ နည်းလာလို့ အခုလို ဖြစ်လာတာပါ'

'အာရုံကြောအားနည်းရင် ဒီလိုမျိုး ခံစားရသလား ဆရာ'

'အာရုံကြောတွေ၊ အကြောတွေ အားနည်းလာရင် နောက်ကြောတက်, ဇက်ကြောထိုးခြင်း၊ ခြေလက်တွေ အားမရှိသလိုဖြစ်ခြင်း၊ ခြေလက်တွေ တုန်ယင်လာတတ်ခြင်း၊ အမြဲတမ်း လေးလံထိုင်းမှိုင်းနေခြင်း၊ ခြေကုန်လက်ပန်းကျသလို ခံစားရခြင်း၊ အမြဲတမ်း လိုလို ခြေလက်တွေ ညောင်းညာတောင့်တင်းခြင်း၊ ခြေလက်တွေ ကပ်ခြင်း၊ လုပ်ချင်ကိုင်ချင်စိတ်တွေ လျော့နည်းလာပြီး နုံးချည့်သလိုမျိုး ခံစားရတတ်ပါတယ်။

အာရုံကြောနဲ့ အကြောတွေ အားနည်းတော့ ကြွက်သားတွေ အဆစ်အဆက်အရွတ်တွေပါ အားနည်းသွားစေပါတယ်။ ဒီအခါမှာ လေးလံထိုင်းမှိုင်း ကိုက်ခဲခြင်း၊ အားမရှိသလိုမျိုး ခံစားရခြင်း၊ အကြောတက် ညောင်းညာခြင်း၊ လေဖြန်း, လေဖြတ်, သွက်ချာပါဒ ရောဂါတွေ ဖြစ်ပေါ်ခြင်း၊ ခြေတုန်,လက်တုန်၊ လည်ပင်း,ဦးခေါင်းတွေ၊ တုန်ယင်ခြင်းတွေ ဖြစ်ပေါ်ခံစားရတတ်ပါတယ်'

'ဟုတ်လား ဆရာ။ ကျွန်တော့်ကို အကောင်းဆုံးဆေးတွေ လမ်းညွှန်ပေးပါ'

'ဦးဇော်ထွန်းအတွက် အကောင်းဆုံးဆေး ပေးရမယ်ဆိုရင် အာရုံကြောနဲ့ အကြောအား အဆစ်အရွတ် ကြွက်သားအားတွေ အထူးကောင်းမွန်စေတဲ့ စကြာမင်း အကြောအားဆေးကိုသာ မှီဝဲပါ'

'စကြာမင်း အကြောအားဆေးက ဘာတွေကောင်းလဲ ဆရာ'

'ဘာတွေကောင်းလဲဆိုရင်တော့ အာရုံကြောနဲ့ အကြောများ ပိတ်ဆို့ရောင်ရမ်းပြီး နောက်ကြောတက် ဇက်ကြောထိုးခြင်း၊ သတိမှတ်ဉာဏ်နည်းခြင်း၊ အာရုံကြောများ၊ အကြောများ၊ ကြွက်သားများ အားနည်းရောင်ရမ်းခြင်း၊ အရိုးကျိုးပေါင်းတက်ခြင်း၊ လက်ခြေများ အားမရှိသလိုဖြစ်ခြင်း၊ အကိုင်အတွယ်မမြဲခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်း၊ အကြောများ တောင့်တင်း၍ ဆိုင်းနေခြင်း၊ လှုပ်ရှားမှုများ အားနည်းနှေးကွေးခြင်း၊ ခြေကပ်လက်ကပ်ဖြစ်ခြင်း၊ လက်မြှောက်မရခြင်း၊ ခါးနာ၊ ခါးတောင့်၊ ခါးကိုက်ခြင်း၊ အောက်ပိုင်းများ ထုံကျဉ်လေးလံညောင်းညာကိုက်ခဲခြင်း၊ ခြေလက် မသယ်နိုင်ခြင်း၊ အထိုင်အထလေးလံခြင်း၊ အမျိုးသားများ ပန်းသေ ပန်းညှိုး ဖြစ်ခြင်း၊ အကြောသေခြင်း၊ ဒူးနာ၊ ဒူးကိုက် ဒူးရောင်ခြင်း၊ ဒူးဆစ် အကွေးအဆန့်မရခြင်း၊ အဆစ်ရောင် အဆစ်နာ၊ အဆစ်ကိုက် လေးဖက်နာဖြစ်ခြင်း၊ အတက်စာနည်း နည်းစားရုံနဲ့ အကြောတက် ညောင်းညာလာခြင်း တစ်ကိုယ်လုံး သွက်လက် ပေါ့ပါးမှုမရှိခြင်းများကို သက်သာပျောက်ကင်းပြီး ကျန်းမာသန်စွမ်းကာ သွက်လက်ပေါ့ပါးစေတဲ့ဆေး ဖြစ်ပါတယ် ဒါ့အပြင် လေဖြတ်၊ လေငန်း၊ သွက်ချာပါဒရောဂါများအတွက် ကာကွယ် ဆေးအဖြစ် တစ်နေ့တစ်ကြိမ် ဆေး(၅)ပြား မှီဝဲပြီး ကြိုတင် ကာကွယ်နိုင်ပါတယ်'

'ဒီဆေးဟာ ဆရာ့ဆေးတိုက်မှာပဲ ရသလား ဆရာ'

'ကျွန်တော့်ဆေးတိုက်အပြင် အမြို့မြို့အနယ်နယ်ရှိ ဆေး ဆိုင်တိုင်းမှာ ရနိုင်ပါတယ်'

'အခုဆိုရင် ကျွန်တော့်မှာ စကြာမင်း အကြောအားဆေး ကြောင့် ကျန်းမာသန်စွမ်းပြီး သွက်လက်ပေါ့ပါးနေပါပြီ။ အာ ကြော အားနည်းနေသူများ၊ အကြောအားနည်းသူများ၊ အဆ အရွတ် ကြွက်သားအားနည်းသူများ၊ အသက်(၄၀)ကျော်သူ နဲ့ အာရုံကြောအားနည်းတဲ့ ကလေးလူကြီး၊ အမျိုးသား၊ အ သမီးများအတွက် အကောင်းဆုံး အဖော်မွန်ဖြစ်တဲ့ စကြာ အကြောအားဆေးကို အိမ်တိုင်းဆောင်ထားပြီး မှီဝဲကြ အကြံပြုပါရစေ'

ဆရာမြင့်
**စကြာမင်းဆေးတိုက်**
အမှတ်-စ/၆၆၆၊ သုဝဏ္ဏလမ်းမကြီး၊ သုန္ဒာမှတ်တိုင်အနီး၊
မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၇၂၂၈၄၁

// ဦးဇော်ထွန်း



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာကြီးစေတီတော် ပရိဝုဏ်

ထူးခြားသော

# ချမ်းသာ အဓိဋ္ဌာန်

အောင်ဇေ (LL.B)

လွန်ခဲ့သော(၃)နှစ်ခန့်က ရောဝတီ တိုင်းဒေသကြီးမှ စီးပွားရေးလုပ်ငန်းရှင် တစ်ဦး၏ သူကိုယ်တိုင်ချမ်းသာကြီးဘုရား ဟုဆိုသော ကိုယ်တွေ့အဓိဋ္ဌာန် အကြောင်းကို ကျွန်ုပ်၏ နေ့စဉ်မှတ်တမ်း စာအုပ်တွင် မှတ်သားထားခဲ့သည်။

ယခု မြန်မာသက္ကရာဇ် ၁၃၇၅ ခု၊ ကဆုန်ကျွတ်လပြည့်ဝန်းကျင်မှာ ကျွန်ုပ်တို့မိသားစု ရောဝတီတိုင်းဒေသကြီး ဘက်သို့ ခရီးထွက်သည့်အခိုက် ထို အဓိဋ္ဌာန်ကို ဝင်ရောက်ခဲ့ပါသည်။

ယင်းချမ်းသာကြီး စေတီတော်မြတ် ... ဖူးမြော်ရှိခိုးအရပ်ထောင့်တွင် ဖယောင်း ... ပြစ်စေ၊ အမွှေးတိုင်ဖြစ်စေ (၈)တိုင် ... ၍ ချမ်းသာကြီး ဂါထာတော်ကို ... ကပ်၍ ရွတ်ပွားပူဇော်ရသည်။

ချမ်းသာကြီး ဂါထာတော်

တွံပိ သေဋ္ဌော လောကသ္မိံ၊ တွံပိ လောကာ မဟိဒ္ဓိကော၊
လောကာဟံ မင်္ဂလံသေဋ္ဌံ၊ လောက ပိပံ ပဝိဟာနံ။
ဇယံ တဿ မယှံ ဘန္တေ၊ ပုညကမ္မံ ကရောမဟံ၊
ရတနံ တေဇ ယာစာမိ၊ ဒုက္ခပ္ပတ္တံ ပမောစယံ။
ရာဇာပိ သဗ္ဗသတ္တေသု၊ ယဒိ မေတ္တံ ဥပ္ပဇ္ဇယံ၊
ဇဝံ သတိ မမ သိဒ္ဓိ၊ ဘဝတု မံ သဗ္ဗ ပိယံ။

ခက်ခဲသော ပါဠိအသံထွက်

| | | | |
|---|---|---|---|
| သေဋ္ဌော | =သစ်ထော | တဿ | =တတ်သ |
| လောကသ္မိံ | =လောကာသမိန် | မယှံဘန္တေ | =မယ်ရှန်ဘန်တေ |
| မဟိဒ္ဓိကော | =မဟိတ်မိကော | ပုညကမ္မံ | =ပုန်ညကမ်မံ |
| မင်္ဂလံသေဋ္ဌံ | =မင်ဂလံသစ်ထံ | ဒုက္ခပ္ပတ္တံ | =ဒုတ်ခပ်ပတ်တံ |
| | | သဗ္ဗသတ္တေသု | =သပ်ဗသတ်တေသု |



www.burmeseclassic.com

www.burmeseclassic.com

**မေတ္တံ** =မစ်တံ
**ဥပ္ပဇ္ဇယံ** =အုပ်ပစ်ဇယံ
**သိဒ္ဓိ** =သိတ်ဓိ
**သဗ္ဗ** =သပ်ဗ

အနက်အဓိပ္ပာယ်

**တွံပိသေဋ္ဌောလောကသ္မိံ** = သင်ဘုရားရှင်သည်သာလျှင် လောက၌ အမြင့်မြတ်ဆုံး ဖြစ်တော်မူပါပေသည်။

**တွံပိလောကာမဟိဒ္ဓိကော**= သင်ဘုရားရှင်သည်သာလျှင် ဖြပဟ္မာလူနတ် သုံးရပ်သော တန်ခိုးရှင်အပေါင်းထက် အဆလွန်ကျူး အထူးအားဖြင့် ကြီးသော တန်ခိုးရှိတော် မူပါပေသည်။

**လောကပါပံ ပဝါဟန္တံ** = လောကညစ်ကျူ မကောင်းမှု ဟူသမျှတွေကို ဖျက်ဆီးကာ ရေမျှောပစ်ပြီးသော။

**လောကာဟံ မင်္ဂလံ သေဋ္ဌံ** = လောက၌ မင်္ဂလာအပေါင်းနှင့် ပြည့်စုံ၍ အလွန်ချီးကျူးအပ်မြတ်သော (သင်ရှင်တော်မြတ်ဘုရားကို) အကျွန်ုပ် ရှိခိုးပါသည်။

**ဇယံတသသ မယှံ ဘဝန္တေ** = အရှင်ဘုရား ထိုတပည့်တော်အား အောင်ခြင်းမင်္ဂလာ အဖြာဖြာသည် ဖြစ်ပါစေသတည်း။

**ပုညကမ္မံ ကရောမဟံ** = အကျွန်ုပ်သည် ကောင်းမှုကုသိုလ် ပြုလုပ်ပါသည်။

**ဒုက္ခပ္ပတ္တံ ပမောစယံ** = ဆင်းရဲဒုက္ခရောက်နေသူ လူအပေါင်းကို ကယ်တင် လွတ်မြောက်စေလို၍။


**ရတနံ တွေဝ ယာစာမိ** =(လောကီရတနာဆယ်ပါး) ဥစ္စာရတနာကို သာလျှင် တောင်းပါသည်။

**ရာဇာပိသဗ္ဗသတ္တေသု၊ ယဒိ မေတ္တံ ဥပ္ပဇ္ဇယံ** = အစိုးရမင်းသည်လည်း သတ္တဝါခပ်သိမ်းတို့၌ ကျောသားရင်းသားမခွဲခြားဘဲ မေတ္တာတရားကို



▲ မြချမ်းသာစေတီတော် ဆုတောင်းပြည့်ဘုရား

▼ ချမ်းသာရဆုတောင်းပြည့်ကျောင်းမှုတော် ဘုရားကြီး



သာ အကယ်၍ ဖြစ်စေအံ့။

**ဇဝံသတိ မမ သိဒ္ဓိ** = ဤသို့ ဖြစ်မှန်လျှင် အကျွန်ုပ်အား ပြီးမြောက်ခြင်း သိဒ္ဓိဟူသမျှ အဝဝသည် ဖြစ်ပါစေသတည်း။

**ဘဝတု မံ သဗ္ဗဝိယံ** = ကျွန်ုပ်အား ဖြပဟ္မာနတ်လူခပ်သိမ်းတို့၏ ချစ်ခင်မြတ်နိုးခြင်းသည် ဖြစ်ပါစေသတည်း။

**မှတ်ချက်။ ။ ပါဠိလို (၁)ခေါက်၊ အနက်အဓိပ္ပာယ် (၁)ခေါက်တွဲ၍ ရွတ်ရသည်။ စုစုပေါင်း (၈)ခေါက်စီ ရွတ်ပွားပူဇော်ရခြင်း ဖြစ်သည်။**

ဒုတိယအားဖြင့် မြချမ်းသာဆုတောင်းပြည့်ဘုရား ရုပ်ပွားတော်ရှေ့တွင် ဖယောင်းတိုင်(၃)တိုင်ဖြစ်စေ အမွှေးတိုင်(၃)တိုင်ဖြစ်စေ ထွန်းလျှ၍ ချမ်းသာကြီးဂါထာတော် ပါဠိလို အနက်အဓိပ္ပာယ် (၃)ခေါက်ရွတ်ပွား ပူဇော်ရသည်။


တတိယအားဖြင့် ချမ်းသာဆုတောင်းပြည့်ကျောင်းမှုတော်ဘုရားကြီးရှေ့တွင် ဖယောင်းတိုင် (၃)တိုင်





www.burmeseclassic.com

www.burmeseclassic.com




◆ ချမ်းသာကြီးစေတီတော် ပရိဝုဏ်မှ ဘုရား(၄)ဆူ ဂန္ဓကုဋိတိုက်

ဖြစ်စေ၊ အမွေးတိုင်(၃)တိုင်ဖြစ်စေ ထွန်းလျှ၍ ချမ်းသာကြီးဂါထာတော် ပါဠိလို + အနက်အဓိပ္ပာယ် (၃)ခေါက် ရွတ်ပွား ပူဇော်ရသည်။

စေတုတ္တအားဖြင့် ဘူမိဖဿမုဒြာ ...င်တော်မူ ဘုရားရုပ်ပွားတော် (၂)ဆူ ...ဲ့ မျက်နှာချင်းဆိုင် စုစုပေါင်း (၄)ဆူ ရှိသည့် ဂန္ဓကုဋိအတွင်း ရုပ်ပွားတော် (၁)ဆူစီရှေ့မှာ အမွှေးတိုင်ဖြစ်စေ၊ ဖယောင်းတိုင်ဖြစ်စေ(၁)တိုင်စီထွန်းပြီး ရုပ်ပွားတော် (၁)ဆူစီရှေ့မှာ ချမ်းသာကြီးဂါထာတော် ပါဠိ+အနက်အဓိပ္ပာယ် (၁)ခေါက်စီ စုစုပေါင်း(၄)ခေါက် ရွတ်ပွားပူဇော်ရသည်။

ထို့နောက် **"ကုသိုလ်အဖို့ကို ဤဘုရားပရိဝုဏ်ရှိ အစောင့်အရှောက် ...သိုလ်များအားလုံး အမျှရကြပါစေ"** ...ု အမျှတန်း ပေးဝေခြင်း ပြုရသည်။ လိုရာဆုတောင်းရန် အထူးမလိုပါ။ ဘုရားပရိဝုဏ်အတွင်း အလှူခံဌာနတွင် ဖြစ်စေ၊ အလှူခံပုံးတွင်ဖြစ်စေ၊ ကိုယ် တတ်နိုင်သမျှ အလှူငွေ ထည့်ရသည်။

ဤအဓိဋ္ဌာန်ကို ဒေသခံ မြို့သူ မြို့သားများအနေဖြင့် နေ့စဉ် တစ်နေ့ (၁)ကြိမ် မည်သည့်အချိန်တွင်မဆို ဝင်နိုင်သည်။ မိမိသက်စေ့ အကြိမ် အရေအတွက် ပြည့်အောင်ဝင်ရသည်။

ရပ်ဝေး မြို့သူ မြို့သားများအနေဖြင့် တစ်ပတ်(၁)ကြိမ်ဖြစ်စေ၊ တစ်လ (၁)ကြိမ် ဖြစ်စေ အဓိဋ္ဌာန်ဝင်နိုင်သည်။ စုစုပေါင်း အနည်းဆုံး(၉)ကြိမ် အဓိဋ္ဌာန် ဝင်ရန်လိုအပ်ပြီး အဓိဋ္ဌာန် အကြိမ် သက်စေ့ဝင်နိုင်လျှင် ပိုကောင်းသည်။

ယခုဖော်ပြခဲ့သော **ချမ်းသာကြီးစေတီတော်မြတ်မှာ ရောဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့တွင် ရှိပါသည်။** အဓိဋ္ဌာန်ဝင်ရမည့် ဘုရားရုပ်ပွားတော်များမှာလည်း ချမ်းသာကြီးစေတီတော် ပရိဝုဏ်အတွင်းမှာပင် ရှိကြပါသည်။

အထက်ပါ ချမ်းသာအဓိဋ္ဌာန်၏ ထူးခြားချက်မှာ အဓိဋ္ဌာန်မဝင်မီကတည်းက အဓိဋ္ဌာန်ဝင်နေစဉ်၊ အဓိဋ္ဌာန်ဝင်ပြီးသည့် နောက်ပိုင်းအထိ ဆင်းရဲနွမ်းပါး ဒုက္ခရောက်နေသူများကို မိမိတတ်နိုင်သမျှ ပေးကမ်းစွန့်ကြဲ လှူဒါန်းပေးရမည် ဖြစ်သည်။ **"များများပေးမှ များများရ"**ဟူသော အဆိုအမိန့်ကို လက်ခံကျင့်သုံးရန် ဖြစ်ပါသည်။

*စေတနာမှန်လျှင် ကံကောင်းမည်။*

**အောင်ဇ** *(LL.B)*

www.burmeseclassic.com

ဂျိုးကြာလွှင်ပြင်အရောက်တွင် မိုးသည် ရုတ်ခြည်း ရွာချလိုက်ပါသည်။ ထီးပါသဖြင့် တော်သေးသော်လည်း လေပါသဖြင့် တစ်ကိုယ်လုံးပင် ရွှဲလုခမန်း ဖြစ်သွားပါသည်။

နားနောင်ချောင်းရေ အလျှဉ်မှာ တောင်ကျချောင်းမို့ ရေစီးသန်လှပါသည်။ ချောင်းကူးတံတားသို့ပင်လျှင် ရေစီးရိုက်သံမှာ ပြင်းထန်ပေစွ။

မကျီးပင်ကုန်း အရောက်တွင်မူ လေအားက ပါးသွားသလို မိုးအားလည်း စဲသွားပါသည်။ နားနောင်ကျောင်းသို့ မပြေးရုံတမယ် သွက်သွက်ကလေး လျှောက်လှမ်းလာခဲ့ရပါသည်။

တောင်လုံးညိုသည် ခေါင်းမြီးခြုံထားသည်မှာ မဖော်သေး။ စာရေးသူ နားနောင်ကျောင်း အရောက်တွင် ရွှေခွန်စာဘုရားဓမ္မာရုံတွင် ဆရာတော်ဦးကလျာဏအား အခန့်သင့် တွေ့ရပါသည်။ စိုရွှဲနေသော စာရေးသူအား ကြည့်လျက်...

'ဒကာ တစ်ကိုယ်လုံး ရွှဲခဲ့တာပါလား၊ ရေနွေးအိုးရုံမှာ မီးလှုံလိုက်ဦး။ ဇာတိဝင်ဆေးလေး ဆီးကင်းခန့်သောက်'

စာရေးသူလည်း ဆရာတော်ပေးသည့် ဇာတိဝင်ဆေး ဆီးကင်းခန့်ကို ရေနွေးပူပူနှင့် သောက်လိုက်ပြီး ရေနွေးအိုးရုံသို့သွားကာ မီးခဏမျှ လှုံနေလိုက်ပါသည်။

မိုးမိလာသော စာရေးသူမှာ ဆေးကြောင့် ကိုယ်တွင်းပိုင်းတွင် နွေးသွားသလို စိုလျက်ရွှဲလျက်ရှိသော အင်္ကျီပုဆိုးတို့မှာလည်း ခပ်ဖန့်ဖန့် ခြောက်သွေ့သွားပါသည်။

ဓမ္မာရုံသို့ ရောက်လာပြီး ဆရာတော်အား ဦးချကန်တော့ပါသည်။ ဆရာ





ညှပ်သတ်ညှပ်တင်

# သပင်ရိုက်လျှင်

ထိခိုက်လေ၏

မောင်ဗယ်နီး
(အင်းတော်)

တော်သည် **အင်္ဂဝိဇ္ဇာကျမ်းရင်းလက်ာကြီး**ကို ကြည့်နေပါသည်။

'အရှင်ဘုရား အင်္ဂဝိဇ္ဇာမှာ ညှပ်သတ်နဲ့ ညှပ်တင်ကို တပည့်တော်ကို ရှင်းပြပေးပါဦး ဘုရား'

ဆရာတော်သည် စာရေးသူအမေးကြောင့် ဖက်လက်စ စာအုပ်ကို ဘေးချလျက် ပြုံးလည်း ရှင်းလင်းမိန့်ဆိုပါသည်။

'ဒကာ နေ့ခုနစ်နေ့သားအလိုက် တိုင်ထူလိုက်ပါ။ မွေးနံ ကဒ္ဒားကြိုးပ်ရဲ့တန်း အထက်နဲ့ တန်းအောက်ကြိုးပ်တို့ဟာ ညှပ်သတ်ကိန်းနဲ့ ညှပ်တင်ကိန်းပဲ။ တန်းအထက်က တန်းအောက်ကို စုံရင် ညှပ်သတ်ကိန်း။ တန်းအောက်ကနေ တန်းအထက်ကို ဆန်ရင် ညှပ်တင်ကိန်းခေါ်တယ်။

မကောင်းမှုကို ဖယ်ချင်ရင် ညှပ်တင်ကိန်းသုံးတယ်။ ညှပ်သတ်ကိန်းကျတဲ့ အဖင်တွေဆိုရင် အဲဒီနေ့သားအဖို့ ညှပ်သတ်ကိန်းကျတဲ့ အပင်ကို မရိုက်ရဘူး။

ဥပမာ ဖုတ်ဝင်သူကို ဖုတ်ထုတ်... ဩဇာနဲ့ ထုတ်ရတယ်။ ဖုတ်ဆိုး... ပညတ်ဟာ ကြာသပတေးနံ ကြာ... ပတေး နံတိုင်ကို ထူကြည့်ရင် ... မယ်'

စာရေးသူမှာ ဆရာတော်ပြောသ... အတိုင်း ထူလိုက်ပါသည်။

၂
၆
၃ ဇာ
၅ ဖုတ်
၁ ဩ
၄
၀

ဖုတ်ထုတ်လျှင် ဖုတ်ဝင်သူ... အိပ်ရာအောက်တွင် ဩဇာရွက်ထ... က ဖုတ် တာရှည်မနေနိုင်... ထွက်သွားသည်ဟု ဆိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အပင်စိုက်အပ်၊ မစိုက်အပ်နှင့် ပတ်သက်၍ ဆရာတော် ရှင်းပြသည့်အတိုင်း တနင်္ဂနွေအစ စနေအဆုံး နံတိုင်များကို အောက်ပါအတိုင်း ထုတ်ပါသည်။

**တနင်္ဂနွေသား**

၅
၂
သ ၆ သေ
၁
ရက် ၄ လောက်
၀
၃

ညှစ်သတ် / ညှစ်တင်

**တနင်္လာသား**

၆
၃
တ ၀ တောက်
၂
မာ ၅ ဗိ
၁
၄

**အင်္ဂါသား**

၀
၄
၁ အယ်
၃
၆ သစ်
၂
၅

**ဗုဒ္ဓဟူးသား**

၁
၅
ခ ၂ ခံ — ကြီး
၄
ဏ္ဍာ ၀ တက် — ဒန်း
၃
၆

**ကြာသပတေးသား**

၂
၆
၃ ဇာ
၅
၁ ဩ
၄
၀

**သောကြာသား**

၃
၀
ရင် ၄ ရီ → ရေ
၆
ခတ် ၂ ချယ် → ခ
၅
၁

**စနေသား**

၄
၁
ပင် ၅ ပန်း
၀
စိမ်း ၃ စိန်
၆
၂

| စဉ် | နွေသား/သမီး | ရှောင်ရမည့်အပင် | ရှောင်ရမည့်အရပ်မျက်နှာ |
|---|---|---|---|
| ၁ | တနင်္ဂနွေ | လောက်သေ/သရက် | အရှေ့မြောက်ထောင့် |
| ၂ | တနင်္လာ | တမာ၊ ပိန္နဲ၊ ပိတောက်၊ ဗာဒံ | အရှေ့အရပ် |
| ၃ | အင်္ဂါ | သစ်အယ် | အရှေ့တောင်ထောင့် |
| ၄ | ဗုဒ္ဓဟူး | ခတ္တာ၊ ခံတက်၊ ဒန့်ကြီး | တောင်အရပ် |
| ၅ | ကြာသပတေး | ဩဇာ | အနောက်အရပ် |
| ၆ | သောကြာ | ချယ်ရီ၊ ခရေ၊ ရင်ခတ်၊ ဝုဝါ | မြောက်အရပ် |
| ၇ | စနေ | ပင်စိမ်း၊ စိန်ပန်း၊ စံပယ်၊ ညမွှေးပန်း၊ ဆူးပုပ် | အနောက်တောင်ထောင့် |

အိမ်ဝင်းအတွင်း၌ အထက်ဖော်ပြပါ နွေသားအလိုက် အပင်များ မတော်တဆ ရှိနေပါက ဖယ်ရှားရန် လိုပါမည်။ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးတို့တွင် တစ်ခုမဟုတ် တစ်ခု ဒုက္ခပေးတတ်သောကြောင့် ဖြစ်ပါသည်။

ရှေးမြန်မာကြီးများ အဆိုအရ **"အိမ်ရှေ့တမာ၊ အိမ်နောက်ခံတက် စီးပွားတက်"**ဟု ဆိုသော်ငြားလည်း **ဗုဒ္ဓဟူးသားအဖို့မှ ခံတက် မသင့်ပါ။ တနင်္လာသားအဖို့သည်လည်း အိမ်ရှေ့တမာ မသင့်ပါ။**

အိမ်တစ်အိမ်တွင် တနင်္လာသားနှင့် ဗုဒ္ဓဟူးသားသမီးများရှိပါက မစိုက်သင့်သော


(စာမျက်နှာ (၁၃၅) သို့)

www.burmeseclassic.com

www.burmeseclassic.com

# ဘိုးဘွားအမွေအနှစ် ... သတ္တဌာနကျင့်စဉ် (၂)

ဘုန်းပြည့်ဝေဇာယိန်း
(ဂမ္ဘီရနယ်မြေ)



ယခင်လက ရေးသားဖော်ပြခဲ့သော သတ္တဌာနကျင့်စဉ်တွင် ကျင့်ဆောင်ရွတ်ပွားရမည့် နမောတဿလေးပါဒ၏ စိတ်ဝင်စားဖွယ်ရာများမှာ များစွာကျန်ရှိနေပါသေးသည်။

ယင်း၌ ဂမ္ဘီရဓာတ်စွမ်းအင်များ အပြည့်ပျော်ဝင်လျက်ရှိ၏။ မည်သို့ရှိသည်ကို ဆက်လက်၍ ရေးသားဖော်ပြပါဦးမည်။

နမောတဿ လေးပါဒတို့တွင် နှစ်လုံး ခြားထိုင်းခြားတိုင်း သုံးလုံးမြောက်တိုင်း မြောက်တိုင်းသော စာလုံးများ တူနေကြသည်ကို စိတ်ဝင်စားဖွယ်ရာ တွေ့ရှိနိုင်ပါသည်။

သုံးလုံးမြောက်စာလုံးများ တူနေကြ၍ နမောတဿဘုရားရှိခိုးသည် တစ်ဆယ့်ရှစ်လုံး ရှိပေရာ တစ်ဆယ့်ရှစ်ကို သုံးဖြင့်စားပါက ရလဒ် ခြောက်ရ၍ ခြောက်လုံးတိတိ တူနေသည်ကို တွေ့ရှိရသည်။

* * *

ထို စာလုံးခြောက်လုံးတို့မှာ **တ၊ ဂ၊ အ၊ တော၊ သ၊ ဿ** ဟူသော စာလုံးခြောက်လုံးတို့ ဖြစ်ကြသည်။ လေးပါဒရှိ၍ ထိုစာလုံးခြောက်လုံးတို့တွင် တစ်လုံးချင်း စိစစ်လျှင် ထိုတစ်လုံးသည် လေးလုံးစာန်း၍ တည်နေသည်ကို တွေ့ရမည်။

ယင်း လေးလုံး တန်းနေခြင်းသည် ပင် စတုဓလောကပါလနတ်မင်းတို့၏ ဘုရားရှိခိုးဟု ထောက်ခံသကဲ့သို့ ရှိတော့သည်။

န မော တ ဿ ဘ ဂ ဝ တော အ ရ ဟ တော သ မ္မာ သ မ္ဗု ဒ္ဓ ဿ
ဝ မ္မာ တ ရ ဒ္ဓ ဂ သ မော အ မ္ဗု ဘ တော န တော သ ဿ ဟ ဿ
သ တော တ မ္ဗု ဟ ဂ န မ္မာ အ ဿ ဒ္ဓ တော ဝ မော သ ရ ဘ ဿ
န မော တ ဿ ဘ ဂ ဝ တော အ ရ ဟ တော သ မ္မာ သ မ္ဗု ဒ္ဓ ဿ
↓ ↓ ↓ ↓ ↓ ↓

**"နမောတဿ"** လေးပါဒတွင် "နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"တည်း ဟူသော ဘုရားရှိခိုး(၁၈)လုံးစလုံး လေးပါဒစလုံး၌ ပါဝင်ပါသည်။

(၇)လုံးမြောက်စလုံးများဖြင့် ပြန်စီစဉ်သောကြောင့် စကားလုံးများ နေရာရွှေ့၍ တည်ရှိသွားခြင်းဖြစ်သည်။ ယင်း(၁၈)လုံး၌ နေရာရွှေ့ပြောင်း၍ မရဘဲ မူလနေရာအတိုင်း စာလုံးခြောက်လုံး တည်မြဲနေပါသည်။

ထို့ကြောင့် ယင်းဂါထာလေးပါဒကို နောက်ဆုံး **"စတုတ၊ စတုဂ၊ စတုအ၊ စတုတော၊ စတုသ၊ စတုဿ၊ သွာဟ"**ဟူသော စာကြောင်း တစ်ကြောင်း ထပ်မံ ဖြည့်စွက် ရွတ်ဆိုပေးမည်ဆိုပါက နမောတဿ ဘုရားရှိခိုးမှသည် လောကီပညာအတွက် လိုတရ လိုရာသုံး ဂါထာတစ်ပုဒ် ဖြစ်လာပါမည်။

အဘယ်ကြောင့်ဆိုသော် နေရာမပြောင်းရွှေ့ဘဲ တည်သော စကားလုံးမှာ (၆)လုံးရှိ၍ တစ်လုံးမှာ လေးကြိမ်ရှိသောကြောင့် စုစုပေါင်း ၆×၄=၂၄ လုံးရှိသောကြောင့် ပဋ္ဌာန်း၂၄ ပစ္စည်း ပါဝင်နေကြောင်း တွေ့ရှိရမည်။

ထို့ကြောင့် သတ္တဌာနကျင့်စဉ် ကျင့်ဆောင်သည့်အခါ အောက်ပါအတိုင်း အပြည့်အစုံ ရွတ်ပွား ကျင့်ဆောင်ရမည်။

နမောတဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။
ဝမ္မာတ ရဒ္ဓဂသမော အမ္ဗုဘတော
နတော သဿဟဿ။
သတောတမ္ဗုဟဂနမ္မာ အဿဒ္ဓတော ဝမော
သရဘဿ။
နမောတဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။
စတုတ၊ စတုဂ၊ စတုအ၊ စတုတော
စတုသ၊ စတုဿ၊ သွာဟ။

ခက်ခဲသော ပါဠိအသံထွက်

**ပါဠိ။ ။ ဝမ္မာတ ရဒ္ဓဂသမော အမ္ဗုဘတော နတော သဿဟဿ။**



www.burmeseclassic.com

www.burmeseclassic.com

ထွက်။ ။ ဝပ်မာတ ရတ်ဓဂသမော သစ်ဗု နတော သတ်သဟတ်သ

**။ သတော တမ္ဗုဟ်ဂနမ္မှာ သဒ္ဒတော ဝမော သရဘဿ။**

ရှေးဆရာအရှင်တို့၏ လုပ်ထုံးလုပ်နည်း အတိုင်း စနစ်တကျရေးသွင်း ဆောင်ထားလျှင် လွန်စွာ အစွမ်းထက် ပါသည်။

* * *

| | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| [illegible] | မှာ | တ | သံ | ဘ | ဂ | ဝံ | တော | အ | ရ | ဟ | တော | သ | မှာ | သ | မျှ | ဒွ | ဿ |
| [illegible] | မှာ | တ | ရ | ဒွ | ဂ | သ | မော | အ | မျှ | ဘ | တော | န | တော် | သ | ဿ | ဟ | ဿ |
| [illegible] | တော | တ | မျှ | ဟ | ဂ | န | မှာ | အ | သ | ဒွ | တော | ဝ | မော | သ | ရ | ဘ | ဿ |
| [illegible] | မော | တ | ဿ | ဘ | ဂ | ဝ | တော | အ | ရ | ဟ | တော | သ | မှာ | သ | မျှ | ဒွ | ဿ |

ထွက်။ ။ သတော တမ်ဗုဟဂနစ်မာအတ် တော ဓမောသရဘတ်သ

သိဒ္ဓိဝင် သတ္တဋ္ဌာနကျင့်စဉ်သည် မဟိဒ္ဓိကျင့်စဉ်တစ်ခု ဖြစ်သည်။ ယင်း ဝိဇ္ဇာမဟိဒ္ဓိကျင့်စဉ်၌ ကျင့်ဆောင် ပွားရမည့် နမောတဿ၏ သဘောသဘာဝ လျှို့ဝှက်နက်နဲမှုရှိပုံ ဦးစွာသိရှိ နားလည်အောင် သိရှိ စေရန်အတွက် ရှင်းပြနေရခြင်း ဖြစ်ပါသည်။

ယင်းဂါထာကို ဉာဏ်ရှိသလို လိုရာ အဝဝ၌ အသုံးပြုနိုင်ပါ။ ဘေး ရာယ်ကင်းဖို့၊ လာဘ်ရွှင်ဖို့၊ ကျန်းမာဖို့၊ အမှုကိစ္စပြေလည်ဖို့၊ ငြိမ်းဖို့ အရာရာ၌ လိုတရ အသုံးချ ပါသည်။

အချို့က “ဥုံ”ပါမှ ကြိုက်သည်ဟု လျှင် ဦးစွာ“ဥုံ”ဟု ရွတ်ပြီး ဂါထာကို ရွတ်ပါ။ ဂါထာတစ်ခေါက် တိုင်း ရှေ့မှ ဥုံခံပြီး ရွတ်သွားပေး

ရွတ်ပွားကျင့်ဆောင်သူအဖို့ အကျိုး များသကဲ့သို့ ထိုနမောတဿ ပါဒကို စတုရန်းကွက်ကလေးများ အတွင်း ထည့်သွင်း၍ ဆောင်ထားလျှင် ည်း အကျိုးကြီးပါသည်။

ဂဏန်းများကိုဖြစ်စေ၊ အက္ခရာဗျည်း များကိုဖြစ်စေ၊ ဘုရားဟော ဂါထာများ ကိုဖြစ်စေ စတုရန်းကွက်အတွင်း၌

လောက၌ ဓာတ်စွမ်းအင်များစွာ ရှိသည်။ ဗုဒ္ဓဓာတ်၊ ဓမ္မဓယတ်၊ သံဃာ့ ဓာတ်၊ နေဓာတ်၊ လဓာတ်၊ မေတ္တာ ဓာတ်၊ သစ္စာဓာတ် အစရှိသဖြင့် ဓာတ် စွမ်းအင်များစွာ ရှိသည့်အနက် ဗုဒ္ဓ ဓာတ်စွမ်းအင်သည် အကြီးမားဆုံးဖြစ် ၏။

မြန်မာ့ဂမ္ဘီရလမ်းစဉ်တွင် ဗုဒ္ဓဓာတ် စွမ်းအင် တစ်နည်းအားဖြင့် ဗုဒ္ဓါ နုဿတိကျင့်စဉ်ဖြင့် သိဒ္ဓိမဟိဒ္ဓိစခန်းကို တက်လှမ်းကြပေသည်။

နောင်တွင် ယင်းဓာတ်စွမ်းအင်တို့ နှင့် ပတ်သက်၍ နဝင်းဓာတ်စွမ်းအင်၊ ကက်ကင်းဓာတ်၊ နံတူဓာတ်၊ ရက္ခ ဓာတ်၊ ဒေဝဓာတ်၊ သိုက်ဓာတ်တို့နှင့် ပတ်သက်၍ ဂမ္ဘီရမျက်လုံးအမြင် ရှိကြစေဖို့ ထုတ်ဖော် ရေးသားပေးပါ ဦးမည်။

ယခုလောက်ဆိုပါက သိဒ္ဓိဝင်သတ္တ ဋ္ဌာနကျင့်စဉ်အတွက် လိုအပ်သော နမောတဿဂမ္ဘီရကို သိရှိ နားလည် သဘောပေါက်ပြီဖြစ်၍ နောက်လ၌ ကျင့်ပုံကျင့်နည်းအား ရေးသားတင်ပြ ပါတော့မည်။

***စိတ်ချမ်းသာ ကိုယ်ချမ်းသာဖြင့် လိုရာဆန္ဒ ပြည့်ဝကြပါစေ။***

ဘုန်းပြည့်တေဇာဟိန်း
*(ဂမ္ဘီရနယ်မြေ)*

**စာမျက်နှာ (၁၃၃)မှ အဆက်**

သင့်ပါ။

တိုက်ဆိုင်မှု ရှိလေသလား၊ အယူ အမှတ်ထားမိလေသလားမသိ။ စာရေး သူ ကသာတွင် နေခဲ့စဉ်က မသိ၍ ပိန္နဲပင် စိုက်ခဲ့ဖူးပါသည်။ ပိန္နဲသီး စားပြီး အစေ့ပစ်ထားရာမှ အပင်ပေါက်ခဲ့ပါ သည်။ ဖခင်ဖြစ်သူ တနင်္လာသားဖြစ် သလို စာရေးသူသည်လည်း တနင်္လာနံ ဖြင့် အမည်မှည့်ထားသူဖြစ်ရာ ဖခင် ကြီး ကျန်းမာရေး ညံ့ခဲ့သလို စာရေးသူ လည်း ကျန်းမာရေး ညံ့ခဲ့ပါသည်။

ပိန္နဲသီး သီးသည့်နှစ်မှာပင် အကြောင်းအမျိုးမျိုးကြောင့် အိမ် ရောင်းခဲ့ရပြီး အင်းတော် ပြောင်းရွှေ့ ခဲ့ပါသည်။ အင်းတော်တွင်လည်း ပိန္နဲ သီးစားပြီး အစေ့ပစ်ထားရာမှ ပိန္နဲသီး ပင်ပေါက်ပြီး ပိန္နဲသီး သီးလာသည့်အခါ လက်ရှိနေအိမ်ကို ရောင်းပြီး အသစ် မြေဝယ်ပြီး ဆောက်ဖြစ်ခဲ့ပါသည်။

စာရေးသူ၏ မိခင်ကြီးက ဗေဒင် တတ်၍မဟုတ် နှစ်ကြိမ်နှစ်ခါ ပိန္နဲပင်ကို အကြောင်းပြုပြီး မှတ်မှတ်သားသား သိရှိသဖြင့် ယခုနေအိမ်ဝင်း၌ ပိန္နဲပင်ကို စိတ်နာသည်ဟု ပြောကာ မစိုက်တော့ ပါ။ အံ့သြဖွယ်ကောင်းအောင် တိုက် ဆိုင်သည်မှာ မိခင်ကြီး၏ အမည်မှာ လည်း တနင်္လာနံ ဖြစ်နေပါသည်။

ဆရာတော် ဦးကာလျာဏနှင့် တွေ့မှ ညှပ်သတ်နှင့် ညှပ်တင်အကြောင်း လေ့လာသင်ယူသည့်အခါ တိုက်ဆိုင် ကြည့်ဖြစ်လာခဲ့ပါသည်။ စာဖတ်သူများ သုတေသန ပြုလုပ်လိုပါက ထပ်ဆင့် ရှာဖွေ လေ့လာသုတေသန ပြုသင့်ပါ သည်။

**အာယု ဝဍ္ဎော သုခံ ဗလံ**

**မောင်ဗဟိန်း(အင်းတော်)**



www.burmeseclassic.com

www.burmeseclassic.com

စကြာ့ကြော်ငြာဆောင်းပါး





# သွေးတိုးရောဂါရှင်များ . .

# စကြာမင်း

အမှတ်တံဆိပ်

# သွေးတိုးကျဆေး ကိုဆောင်ထားကိုရဲ




တိုင်းရင်းဆေးမှတ်ပုံတင်အမှတ်–0112 YR 007991

"အတော်ပဲ မြတ်တို့အိမ် အလည်လာတာ ထမင်းပွဲနဲ့ တန်းတိုးတယ်ဟေ့" "အော် မမမြင့်၊ လာ တစ်ခါထဲဝင်စားလိုက်လေ" "ဘာဟင်းချက်လဲဟင်" "မမမြင့်ရေ့၊ မနေ့က စင်ကာပူက သားကြီးပြန်လာ တယ်လေ၊ အဲ့ဒါ သားကြီးက အုန်းနို့ခေါက်ဆွဲစားချင်တယ်ဆိုလို့ ထမင်းလွှတ် ချက်စားနေကြတာပါ" "အမလေး အုန်းနို့ခေါက်ဆွဲဆိုရင် အသံကြားတာနဲ့တင် သွေးတိုးချင်ပြီ။ တော်ပါပြီအေမစားရဲပါဘူး" "မမမြင့်ကလဲ ရောဂါရှိရင်ဆေးရှိပါတယ်။ ကျွန်မလဲ အစက ဒီလိုပဲလေ။ သွေးတိုးရှိလို့ ဟိုဟာမစားရဲ ဒီဟာမစားရဲနဲ့ ရှောင်လိုက်ရတဲ့အစား၊ အခုတော့ စားချင်တာစားလို့ရပြီ မမမြင့်ရဲ့" "အေး အဲ့ဒါကြောင့် ငါအံ့ဩနေတာ၊ အရင်ကဆို အစားအသောက်ရှောင်တာ မမထက်တောင် မြတ်ကပိုသေးတယ်။ ခုတော့ အံ့ဩဘနန်းပဲ" "ဟုတ်တယ် မမမြင့်ရေ အရင်ကတော့ နည်းနည်းလေးအစားမှားတာနဲ့ သွေးကတိုးတိုးလာတော့ အစားတစ်လုပ်အတွက်နဲ့ ရောဂါမခံစားချင်တာနဲ့ အစားအသောက်ကို ဂရုတစိုက် ရှောင်ကြဉ်စားသောက်ခဲ့တာ။ အခုတော့ စကြာမင်းသွေးတိုးကျဆေး အားကိုးရှိနေပြီ မမမြင့်ရဲ့" "ဟင် ဟုတ်လား၊ တစ်ယောက်ထဲ ကျိတ်ပြီး သုံးစွဲမနေနဲ့ဦး မမကိုလဲ ပြောအုံးလေ" "လာပါ မမမြင့်ရယ် ဆေးကို နောက်မှပေးမယ်၊ အုန်းနို့ခေါက်ဆွဲကို အရင်တဝကြီးစားပြီးမှ ဆေးဘယ်လောက်စွမ်းသလဲဆိုတာ လက်တွေ့ပြမယ်" "ဟုတ်ရဲ့လား မြတ်ရယ်" "အော် မမမြင့်ရယ် ကျွန်မကိုယ်တိုင် ဒီမှာအားရပါးရ စားနေတာပဲ၊ မမမြင့်ကို ဘေးဖြစ်အောင်တော့ မလုပ်ပါဘူး" "စိတ်ချလက်ချသာစားပါ မမမြင့်၊ ကျွန်တော်နဲ့ မြတ်ကတော့ သွေးတိုးစေမယ့် အစားအစာတွေစားပြီးတာနဲ့ ဆေးသောက်လိုက်တာပဲ" "ကဲပါလေ လင်ရောမယားပါ ဒီလောက်ညွှန်းနေမှတော့ စားပြီပေ့၊ များများသာထည့်" "ဟားဟား၊ ဟင်း ဟင်း ဟင်း"

"မြတ်တို့ဖနီးမောင်နှံတိုက်တွန်းလို့ အုန်းနို့ခေါက်ဆွဲကို တဝတပြဲစားပြီးပြီနော်၊ ကဲ ဆေးမြန်မြန်ပေးတော့လေ"

"ပေးပါ့မယ်မမမြင့်ရယ်၊ ရော့ ရော့ ၅ ပြားသောက်လိုက်" "မှန်း ဘာဆေးလဲ၊ ဟယ် **စကြာမင်း သွေးတိုးကျဆေး**ကိုး"

"ဟုတ်တယ်မမမြင့်ရေ့ သွေးတိုးရောဂါကာကွယ် ချင်လို့ပဲဖြစ်ဖြစ်၊ သွေးတိုးနေလို့ပဲဖြစ်ဖြစ်၊ သွေးတိုးရောဂါရှိလို့ စားချင်ရက်နဲ့ အစားအသောက် ရှောင်နေရသူများပဲဖြစ်ဖြစ် သွေးတိုးရောဂါနဲ့ပတ်သက်ရင် အိမ်တိုင်းအမြဲဆောင်ထား သင့်တဲ့ ဆေးကတော့ **ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် သွေးတိုး ကျဆေး**ပဲ ဖြစ်ပါသတဲ့ရှင်" "သမားတော် **ဆရာမြင့်**ရဲ့ **စကြာမင်း သွေးတိုးကျဆေး**ဆိုရင် ယုံကြည်ပါတယ်၊ ဒါနဲ့အခြား ဘာရောဂါတွေအတွက် သုံးစွဲလို့ရလဲဟင်"

"သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့သွေးတိုးရောဂါဖြစ်ခြင်း၊ သွေးတက်၊ သွေးတိုးခြင်း၊ သွေးပေါင် အမြဲတမ်းတက်နေခြင်း၊ နောက်စေ့ကျောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူးဝေခြင်း၊ ခေါင်း အုံခဲ၍ လေးလံထိုင်းမှိုင်းနေခြင်း၊ အာရုံကြောအားနည်းခြင်း၊ အကြောအားနည်းခြင်း၊ အဆစ်ရောင်အဆစ်ကိုက်ရောဂါဖြစ် ခြင်း၊ လက်ခြေများ ထုံကျဉ်ကိုက်ခဲခြင်း၊ အတက်စာ နည်းနည်း စားရုံဖြင့် သွေးတက်၊ သွေးတိုးလာခြင်း၊ အစာအိမ်အားနည်းခြင်း စတဲ့ ရောဂါတွေအတွက်လည်း သုံးစွဲနိုင်ပါတယ်"

"ဟယ် ! စကားကောင်းနေလိုက်တာ (၂)နာရီတောင် ကျော်ပါပေါ့လား၊ ပြန်အုန်းမှ ပြန်အုန်းမှ" "ဘယ်လိုလဲ မမမြင့်" "အေးဟဲ့ ဘယ်လိုမှမခံစားရဘူး၊ အရင်ကဆိုရင် ဒီလိုသွေးတိုး စာတွေစားပြီးတာနဲ့ ဆေးခန်း တန်းပြေးရတော့တာပဲ" "ဒါကြောင့် သွေးတိုးရောဂါအတွက် အကောင်းဆုံးဆေးပါလို့ဆို" "ဟုတ် တော်၊ ဝမ်းသာလိုက်တာ။ အိမ်က ကိုရဲအတွက်လဲ အုန်း ခေါက်ဆွဲ ယူသွားအုန်းမှပဲ" "ဒီမှာ မမမြင့်ရေ အဆင်သင့်ထည့် ထားပြီးပြီ၊ ရော့၊ ဒါက **စကြာမင်းသွေးတိုးကျဆေး** ကိုရဲကို ပြောလိုက်ပါ။ သွေးတိုးအတွက်တော့ စိတ်မညစ်နဲ့တော့လို့"

"အေးအေး၊ ပြောရုံမဟုတ်ဖူး လက်တွေ့ပြလိုက်မယ်"

"ကဲ ကျွန်တော်ရဲ့ဇနီးနဲ့ ညီအစ်ကိုမောင်နှမသဖွယ် ခင်မင်ရင်းနှီးတဲ့ ကိုအေးမင်းနဲ့မအေးမြတ်ဝင်းတို့ရဲ့ စေတနာ မေတ္တာကြောင့် အခု ကျွန်တော့်မှာစွဲကပ်နေတဲ့ သွေးတိုး ရောဂါဟာ ပိန်းကြာရွက်ပေါ် ရေမတင်သလို ပျောက်ကင်း ချမ်းသာရာရခဲ့ပါပြီ၊ ဒါ့ကြောင့် စာဖတ်ပရိသတ်ကြီးရေ ကျန်းမာ ခြင်း ဆုလာဘ်နဲ့ပြည့်စုံပြီး စားချင်တာစားရအောင်နော် ဒါပေမဲ့...**စကြာမင်းသွေးတိုးကျဆေး**တော့ ဆောင်ထားဖို့တော့ လိုလိမ့်မယ်..."

**ကိုရဲ**

---

ပင်ရင်း – **စကြာမင်းဆေးတိုက်**

အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သုဝဏ္ဏလမ်း၊
မြောက်ဥက္ကလာပ။ ဖုန်း – ၆၉၁၀၉၁၊ ၅၂၂၅၃၀။

---



www.burmeseclassic.com

www.burmeseclassic.com



ဦးကိုဦး

# ဦး(၃)ဦး

## ဂမ္ဘီရ အဓိဋ္ဌာန်ကျင့်စဉ်

"ဦး"ဆိုတဲ့ အဓိပ္ပာယ်၊ ကျွန်ုပ်က ...ကဲ့သို့ ဖွင့်ဆိုချင်ပါတယ်။ **"ဦး"** ...ယ်ဆိုတာ **"နေရာကောင်းတစ်ခု ...ို ရယူလိုက်ခြင်း"** ပိုင်ဆိုင်လိုက် ...ပဲဟာ...

ကျွန်ုပ်ရဲ့ အဘိုးက ကျွန်ုပ်ကို ပြော ...တယ်။

'...းဖို့ရယ် ထွေရာလေးပါး စကားများဖို့ရယ် ဒီပါးစပ်ကို (အဘိုးက အဘိုးရဲ့ ပါးစပ်ကို ...က်ညွှိုးထိုးပြဖို့ရယ်) ဒီအတွက်ပဲ အသုံးပြု ...ကြတာများတယ် လူလေးရေ။

ဒီတော့ စားချင်ရာစား ပြောချင်ရာ ...ပြောတတ်တဲ့ ဒီပါးစပ်လေးကို ထိန်းသိမ်းတဲ့ အနေနဲ့ တစ်လတစ်ခါ မွေးနေ့တိုင်း ...(၃)ဦး အဓိဋ္ဌာန်ကို ဝင်နိုင်ရင် အကျိုးများ ...ပဲ လူလေး။

ဒီတော့ သေသေချာချာ မှတ်ထား ...လူလေး၊ ဦးတယ်ဆိုတာ နောက် ...ကျတူးနော်။ ဘာပဲဖြစ်ဖြစ် ဦးတယ် ...တာ ကောင်းတယ်'

...(၃)ဦး ဂမ္ဘီရအဓိဋ္ဌာန်တွင် ကျွန်ုပ် ...ဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ...ဦးများဖျား ဟောတဲ့ တရားတော် ...ကို အထွတ်တင်ပြီး ပူဇော်တာ ...ပါတယ်။

- မီးခင်ကို ရည်စူးပြီး ဦးဦးဖျားဖျား ဟောတဲ့ တရားဦးက **"ပဋ္ဌာန်း တရား"**
- ပဉ္စဝဂ္ဂီငါးဦးကို ဦးဦးဖျားဖျား ဟောတဲ့ တရားဦးက **"ဓမ္မစကြာ တရား"**
- ရာဇာယတနသတ္တာဟတွင် ဦးဦး ဖျားဖျား လူသားနှစ်ဦးကို ချီးမြှင့် တဲ့တရားဦးက **"သရဏဂုံ"**

ဒါကြောင့် ကျွန်ုပ်တို့သည် ဦး(၃)ဦး ...ဓိဋ္ဌာန်ကို...

...နံနက်နေထွက်ချိန်(နံနက် ၅ နာရီ မှ နံနက် ၇ နာရီ)တွင် ဘုရားကို ရည်မှန်းပြီး အဖြူရောင် မွှေးသော ပန်းများ လှူပြီးနောက် **ပဋ္ဌာန်း ပစ္စယုဒ္ဒေသ၊ နိဒ္ဒေသ ပါဠိတော်** ကို *(၃-ခေါက်)* ရွတ်ဆိုပူဇော်ပါ။

✲ နေ့လယ်မွန်းတည့်ချိန်(နံနက် ၁၁ နာရီ မှ နေ့လယ် ၁ နာရီ)တွင် ဘုရား ကို ရည်မှန်းပြီး ပန်းရောင် မွှေးသော ပန်းများ လှူပြီးနောက် **ဓမ္မစကြာ ပါဠိတော်**ကို *(၃-ခေါက်)* ရွတ်ဆို ပူဇော်ပါ။

✲ ညနေ နေဝင်ဆည်းဆာချိန် (ညနေ ၆ နာရီ မှ ည ၈ နာရီ)တွင် ဘုရားကို ရည်မှန်းပြီး သပြေပန်းများ ကပ်လှူပြီးနောက် **သရဏဂုံ ၃၀ ပါဠိတော်**ကို *(၃-ခေါက်)* ရွတ်ဆို ပူဇော်ပါ။

**သရဏဂုံ ၃၀ ပါဠိတော်**

✪ ဇာတိ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဇာတိ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဇာတိ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ၊
✪ ဘောဂ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊




 စာမျက်နှာ (၁၄၀) သို့

www.burmeseclassic.com

လူတိုင်းအတွက် တရုတ်ရိုးရာ

# အိပ်မက်ရှင်းတမ်း (၃

ထက်မြင့်ကျော်စွာ





ဖောက်စက်

❂ စာရွက်များ ဖိုင်တွဲရန်ဖောက်သည့် စက္ကူဖောက်စက်၊ အပ်ချုပ်သည်များ အသုံးပြုသည့် ကြယ်သီး (ရိုက်သီး)များတပ်ရန် အဝတ်စကို ဖောက်သည့် ကိရိယာ၊ မော်တော်ကား ဝယ်ရေးတွင် ကတ်ထူစက္ကူ ရာဘာစများကို ဖောက်သည့် ကိရိယာ သားရေထည်များတွင် ဖောက်သည့် ကိရိယာအားလုံး အကျုံးဝင်ပါသည်။

**အပေါက်ဖောက်သည့် ကိရိယာ ဖောက်စက်ကို မြင်မက်ရာ၌...**

✣ **အိမ်ထောင်ဦးစီးက မြင်မက်ပါက...**

စီးပွားလုပ်ငန်း တိုးတက်ဖြစ်ထွန်းမည်။

✣ **အိမ်ရှင်မက မြင်မက်လျှင်...**

ခင်ပွန်းသည် ကျန်းမာရေးကြောင့် မိသားစု ဝင်ငွေလျော့ပါးမည်။ သို့မဟုတ် စော်ကားမော်ကား ပြောဆိုပြုမူခြင်း ခံရတတ်သည်။

✣ **လူပျိုက မြင်မက်လျှင်...**

အိမ်ရာ ကြင်ရာ အတည်တကျ ရှိရမည်။

✣ **မိန်းမပျိုက မြင်မက်လျှင်...**

ကာယိန္ဒြေ ထိပါးခြင်း ခံရကိန်းရှိသည်။

✣ **ကုန်သည်က မြင်မက်လျှင်...**

စီးပွားအမြတ်အစွန်း မြောက်မြားစွာ ရှိရမည်။

✣ **တောင်သူလယ်သမားက မြင်မက်လျှင်...**

ကောက်ပဲသီးနှံ အလျှံပယ် ထွက်ရှိမည်။

✣ **ဝန်ထမ်းက မြင်မက်လျှင်...**

လုပ်အား၊ လစာ တိုးတက်ရရှိမည်။

✣ **အလုပ်လက်မဲ့ သို့မဟုတ် အလုပ်ထုတ်ပယ်ခံရသူ မြင်မက်ပါက...**

အလုပ်အကိုင်အသစ် ရှာဖွေတွေ့ရှိမည်။

✣ **ခရီးသွားစဉ် မြင်မက်လျှင်...**

စိတ်အေးချမ်းသာစွာ ခိုကိုးနိုင်မည့် နေရာ ရရှိမည်။

✣ **ကိုယ်ဝန်ဆောင် မိခင်က မြင်မက်လျှင်...**

ကလေးမျက်နှာမြင်ရာ၌ အခက်အခဲကြုံမည်။

✣ **ကျောင်းသူက မြင်မက်လျှင်...**

စာမေးပွဲ၌ ခြေချော်လက်ချော် ဖြစ်တတ်သည်။

✣ **ကျောင်းသားက မြင်မက်လျှင်...**

ဖြေဆိုထားသည့်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်မည်။

✣ **နာမကျန်းဖြစ်စဉ် မြင်မက်ပါက...**

ဆေးဝါးကောင်း တွေ့ရှိ၍ ဝေဒနာ ပျောက်ကင်းမည်။

✣ **ထိမ်းမြားလက်ထပ်မည့် သတို့သမီး သို့မဟုတ် သတို့သားက မြင်မက်လျှင်...**

မင်္ဂလာပွဲ အခက်အခဲမရှိ အောင်မြင်မည်။

❂ စက္ကူသို့မဟုတ် သားရေတွင် အပေါက်ဖော ရသည်ဟု မြင်မက်က...

✣ **အိမ်ထောင်ဦးစီးဖြစ်လျှင်...**

ဩဇာ ဂုဏ်သိက္ခာ ကျဆင်းမည်

✣ **ဇနီးသည်က မြင်မက်လျှင်...**

အမနာပ ပြောဆို ရှုတ်ချခြင်း ခံ တတ်သည်။

✣ **ကျောင်းသူ ကျောင်းသားက မြင်မက်လျှင်...**

ပညာရေး နှောင့်နှေး ကြန့်ကြာမည်

✣ **ခရီးသွားစဉ် မြင်မက်က...**

ခရီး ဖင့်နွှေးမည်။

✣ **ကုန်သည်က မြင်မက်လျှင်...**

လေလွင့်ဆုံးရှုံးမှု ကြုံရမည်။

✣ **တောင်သူလယ်သမားက မြင်မက်ပါက...**

ရာသီဥတု ပိုးမွှားရောဂါ ဖျက်ဆီး ၍ သီးနှံအထွက် ယုတ်လျော့မည်။

✣ **လူပျိုက မြင်မက်လျှင်...**

မိန်းမကိစ္စ အရှုပ်အထွေး ပေါ်ပေါက် တတ်သည်။

✣ **အပျိုက မြင်မက်လျှင်...**

ရောဂါသည် ခင်ပွန်းနှင့် အိမ်ထောင် ကျကိန်း ရှိသည်။





www.burmeseclassic.com

www.burmeseclassic.com

✤ **သားရေနယ်သမား၊ ဖိနပ်ချုပ်သမားက မြင်မက်လျှင်...**
အလုပ်အကိုင် အတည်တကျဖြစ်၍ အောင်မြင်ကြီးပွားမည်။

✤ **ခရီးသွားစဉ် မြင်မက်ပါက...**
မတော်တဆဖြစ်မှုဘေး သတိထားပြုရန် လိုသည်။

✤ **အရာရှိအရာခံက မြင်မက်လျှင်...**
ရာထူးအာဏာသက်တမ်း ရှည်ကြာမည်။

✪ သတ္တုပစ္စည်းတွင် အပေါက်ဖောက်ရသည်ဟု မြင်မက်လျှင် အခက်အခဲကြုံတွေ့ရမည့် နိမိတ် ဖြစ်သည်။

✤ **အိမ်ထောင်ရှင် အမျိုးသားက မြင်မက်လျှင်...**
စီးပွားရေး ကျပ်တည်းမည်။

✤ **အိမ်ရှင်မက မြင်မက်လျှင်...**
အိမ်သူအိမ်သား နာဖျားတတ်သည်။

✤ **ရှေ့နေက မြင်မက်လျှင်...**
လိုက်ပါဆောင်ရွက်သော အမှုကိစ္စ ရှုံးနိမ့်မည်။

✤ **ဆေးသမားဆရာဝန်က မြင်မက်လျှင်...**
ထိုဒေသ၌ ကူးစက်ရောဂါဘေး ကြုံတွေ့မည်။

✤ **ခရီးသွားစဉ် မြင်မက်ပါက...**
ခိုးသားဓားပြဘေး သတိထားပါ။

✤ **ကုန်သည်က မြင်မက်လျှင်...**
ကုန်ပစ္စည်း အဝယ်မှား၍ ဆုံးရှုံးမှု ရှိများမည်။

✤ **တောင်သူလယ်သမားက မြင်မက်လျှင်...**
ရာသီဥတု ဖောက်ပြန်၍သီးနှံပျက်စီးမည်။

✤ **ကျောင်းသူကျောင်းသားက မြင်မက်လျှင်...**
စာမေးပွဲ ကျတတ်သည်။





✤ **လူမမာရောဂါသည်က မြင်မက်လျှင်...**
ခံစားနေရသော ရောဂါဝေဒနာ ကြာရှည်မည်။

✤ **ကိုယ်ဝန်ဆောင် လွယ်ထားစဉ် မြင်မက်ပါက...**
ခွဲစိတ်၍ မွေးဖွားတတ်သည်။

✤ **လူပျိုက မြင်မက်လျှင်...**
မကောင်းသောမိန်းမကြောင့် ဒုက္ခရောက်မည်။

✤ **အပျိုက မြင်မက်လျှင်...**
အမျိုးသမီးရောဂါ ကြီးမားစွာ ခံစားရကိန်း ရှိသည်။

✪ စက္ကူ၊ သားရေ၊ သတ္တုစသည်တွင် အပေါက်ဖောက်ရသောလုပ်ငန်းဖြင့် အသက်မွေးရသည်ဟု မြင်မက်လျှင် ဝတ်မှတ်ခေါင်းပါး၍ ဒုက္ခကြီးမားလိမ့်မည်။ ကျား၊ မ၊ ပျို၊ အို၊ လုပ်ငန်းမရွေး အဟောမှာ အတူတူဖြစ်သည်။

---

စန္ဒရား

---

✤ **စန္ဒရားကို မြင်မက်ခြင်းသည်...**
မှောင်မိုက်သောကာလ လွန်မြောက်၍ ရောင်နီပေါ်ထွန်းလာခြင်း ဖြစ်သည်။

✤ **အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**
အိမ်တွင်းရေး အကျပ်အတည်း အားလုံး ပြေပျောက်သွားမည်။

✤ **အိမ်ရှင်မက မြင်မက်လျှင်...**
ခင်ပွန်းသည် လုပ်ငန်း အဆင်ပြေ၍ အိမ်တွင်းရေး သာယာအေးချမ်းမည်။

✤ **လူပျိုက မြင်မက်လျှင်...**
ဖူးစာဖက် တွေ့မည်။

✤ **အပျိုက မြင်မက်လျှင်...**
မိဘထံသို့ လက်ဆောင်ရောက်လာမည်။ (တောင်းရမ်းလက်ထပ်သူ ပေါ်ပေါက်မည်ဟု ဆိုလိုသည်။)

✤ **ကျောင်းသူကျောင်းသားက မြင်မက်လျှင်...**
စာမေးပွဲ၌ အခက်အခဲမရှိဘဲ အောင်မြင်မည်။

✤ **ကုန်သည်က မြင်မက်လျှင်...**
ဆုံးရှုံးမှုများ အစားထိုး ပြန်ရမည်။

✤ **တောင်သူလယ်သမားက မြင်မက်ပါက...**
ဆုံးရှုံးသွားသော လယ်ယာမြေ ပြန်ရမည်။

✪ စန္ဒရားတီးသံကို အိမ်သူအိမ်သားများက နားထောင်ရသည်ဟု မြင်မက်လျှင် မိသားစု ဝင်ငွေတိုးပွား၍ ပျော်ရွှင်ရမည်။

✤ **ဇနီးသည်က စန္ဒရားတီးသံကို နားထောင်ရသည်ဟု မြင်မက်ပါက...**
ခင်ပွန်းသည် ကျန်းမာရေး ကောင်းမွန်၍ ပျော်ရွှင်ချမ်းမြေ့သော မိသားစုဘဝကို ပိုင်ဆိုင်ရမည်။

✤ **ခင်ပွန်းသည်က နားထောင်ရသည်ဟု မြင်မက်လျှင်...**
လုပ်ငန်း အောင်မြင်မည်။

✤ **လူပျိုက မြင်မက်လျှင်...**
အလုပ်အကိုင် ဝင်ငွေကောင်းမွန်မည်။

✤ **အပျိုက မြင်မက်လျှင်...**
စေ့စပ်လက်ထပ်လိုသူ ပေါများမည်။

✤ **ကုန်သည်က မြင်မက်ပါက...**
အရောင်းအဝယ်ကိစ္စ အမြတ်အစွန်း



www.burmeseclassic.com

www.burmeseclassic.com

ကြီးမားစွာ ရရှိမည်။

✪ ခင်ပွန်းသည်က ကိုယ်တိုင် စန္ဒရားတီးရသည်ဟု မြင်မက်လျှင် မိသားစု အသုံးစရိတ် ကြီးလေးနေမည်။

**✤ ဇနီးသည်က ကိုယ်တိုင် စန္ဒရားတီးရသည်ဟု မြင်မက်ပါက...**

အခြားမိန်းမတစ်ယောက်နှင့် အခြေအတင် စကားများ ငြင်းခုံရတတ်သည်။

**✤ လူပျိုက မြင်မက်လျှင်...**

လိင်နှင့်ပတ်သက်သောရောဂါ ခံစားရဖွယ် ရှိသည်။

**✤ အပျိုက မြင်မက်လျှင်...**

ကြုံဆုံရသမျှ လူအားလုံးနှင့် မသင့်မမြတ် ဖြစ်ရတတ်သည်။

**✤ ကျောင်းသူကျောင်းသား က မြင်မက်လျှင်...**

အလွယ်လိုက်မိ၍ အခက်ကြုံရဖွယ် ရှိသည်။

**✤ နာမကျန်းဖြစ်သူက မြင်မက်လျှင်...**

ဆေးများ၍ ဝေဒနာတိုးပွားမည်။

✪ ရုတ်တရက် စန္ဒရားပျက်သွားသည်ဟု မြင်မက်လျှင် မကောင်းသတင်း ကြားရတတ်သည်။

**✤ ခင်ပွန်းသည်က မြင်မက်လျှင်...**

စီးပွားအလုပ်အကိုင်အတွက် စိတ်မချမ်းမြေ့ဖွယ် သတင်းစကား ကြားရလိမ့်မည်။

**✤ ဇနီးက မြင်မက်လျှင်...**

မိသားစုဝင် တစ်ဦးဦးအတွက် စိတ်မကောင်းစရာ ကြားရတတ်သည်။

✪ စန္ဒရားကို ကြိုးညှိရသည်ဟု အိမ်ထောင်ဦးစီးက မြင်မက်လျှင် မိတ်ဆွေဟောင်း အရင်းအချာတို့နှင့် အသွားအလာ အဆက်အဆံ ပြတ်တောက်မည်။

**✤ အိမ်ရှင်မက မြင်မက်လျှင်...**

မိန်းမဖော်ချင်း စိတ်သဘော မတိုက်ဆိုင်၊ မခေါ်မပြော နေဖြစ်မည်။

**✤ စန္ဒရားဝယ်ရသည်ဟု မြင်မက်လျှင်...**

သားသမီး အိမ်ထောင်ကျတတ်သည်။

**✤ စန္ဒရားရောင်းရသည်ဟု မြင်[မ]က်သော်...**

အိမ်ထောင်စီးပွား ပျက်ပြား[...]
သည်။

**✤ ရန်သူ မသင့်မြတ်သူအာ[...]စန္ဒရား လက်ဆောင်ပေး[...]သည်ဟု မြင်မက်လျှင်...**

ဘဝအခက်အခဲများ ကြုံရကိ[...]သည်။ တရားတဘောင် ရင်ဆို[...]ဖြေရှင်းရတတ်သည်။

✪ တစ်ဦးတစ်ယောက်က မိမိအား စန္ဒ[...]လက်ဆောင်ပေးလာသည်ဟု မြင်မ[...]လျှင် မရိုးမဖြောင့်သော မိတ်ဆွေ[...]လက်ပွန်းတတီး ချဉ်းကပ်လာခြင်း ကြုံရ[...]ရှိသည်။

ဤရှင်းတမ်းလေးခုမှာ အိပ်မက်မ[...]သူ ပုဂ္ဂိုလ်မခွဲခြား၊ အားလုံးအတွ[...]နိမိတ်ဖတ် ရှင်းလင်းထားခြင်း ဖြစ်[...]သည်။

**ထက်မင်းကျော်စွာ**

စာမျက်နှာ (၁၃၇)မှ အဆက်

ဘောဂ ပရိယာန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဘောဂ ပရိယာန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
✪ ဇီဝိတ ပရိယာန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဇီဝိတ ပရိယာန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဇီဝိတ ပရိယာန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
✪ ယာဝဇီဝံ ပရိယာန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ယာဝဇီဝံ ပရိယာန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ယာဝဇီဝံ ပရိယာန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
✪ မရဏ ကာလံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
မရဏ ကာလံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
မရဏ ကာလံ သံဃံ သရဏံ ဂစ္ဆာမိ။
✪ မရဏ ကာလံ ပရိယာန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
မရဏ ကာလံ ပရိယာန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
မရဏ ကာလံ ပရိယာန္တံ သံဃံ သရဏံ ဂစ္ဆာမိ၊
✪ အရဟတ္တ မဂ္ဂ ကာလံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
အရဟတ္တ မဂ္ဂ ကာလံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
အရဟတ္တ မဂ္ဂ ကာလံ သံဃံ သရဏံ ဂစ္ဆာမိ။
✪ အရဟတ္တ မဂ္ဂ ကာလံ ပရိယာန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
အရဟတ္တ မဂ္ဂ ကာလံ ပရိယာန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
အရဟတ္တ မဂ္ဂ ကာလံ ပရိယာန္တံ သံဃံ သရဏံ ဂစ္ဆာမိ၊
✪ နိဗ္ဗာန ကာလံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
နိဗ္ဗာန ကာလံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
နိဗ္ဗာန ကာလံ သံဃံ သရဏံ ဂစ္ဆာ[မိ]
✪ နိဗ္ဗာန ကာလံ ပရိယာန္တံ ဗုဒ္ဓံ သရဏံ [...]
နိဗ္ဗာန ကာလံ ပရိယာန္တံ ဓမ္မံ သရဏံ [...]
နိဗ္ဗာန ကာလံ ပရိယာန္တံ သံဃံ သရဏံ [...]

ဟုတ်ပေလိမ့်မယ်။ ကျွန်[...]အလုပ်ကောင်းများ အခွင့်အ[...]ကောင်းများ မမျှော်လင့်ဘဲ တိုက်[...]စွာ ရလေ့ရှိပါတယ်။ ဒါတွေဟာ ဦး[...]ဦးအမိဗွာန်ရဲ့ ကုသိုလ်ထူးများကို [...]ထင်နေမိပါတော့တယ်။

***အရင်ဦး၍ ထူးပါစေ။***

**ဦးကိုဦး**




www.burmeseclassic.com

www.burmeseclassic.com

# ဥကန်စွန်းပျိုးပင်ကို

## သန့်သန့်ပျိုးစိုက်ပါ



တစ်နေ့တွင် တစ်ရွာတည်းသားဖြစ်သူ ကိုစံရွှေတစ်ယောက် ကျွန်တော်၏ အိမ်သို့ရောက်ရှိလာပြီး ကျွန်တော့်အား...

'ကိုသန်းဆောင် ခင်ဗျား ဒီနှစ် ကန်စွန်း စိုက်သေးလား'

သူ ပြောသည်မှာ နွေဘက်တွင် ကိုင်းထဲမှာ စိုက်သော ဥကန်စွန်းကို ပြောခြင်း ဖြစ်ပါသည်။ ကျွန်တော်က...

'ဟုတ်ကဲ့ စိုက်တယ်၊ ကိုင်းထဲမှာ တခြား အသီးအပင်တွေအပြင် သူ့ကို ပါ ထည့်စိုက်တော့ တစ်ဖက်က အထောက်အကူ ရတာပေါ့ဗျာ'

'အေးဗျာ ခင်ဗျားစိုက်တဲ့ ကန်စွန်းတွေက ဥလဲ့ ချောမောတယ်၊ ပိုးလဲမပါဘူး။ ကျွန်တော်လဲ မနှစ်က စိုက်ပါတယ်ဗျာ။ ကန်စွန်းက ဥတော့ ဥပါတယ်။ **ဒါပေမယ့် ကန်စွန်းဥတိုင်းပိုးတွေပါတော့ စားလို့မရ၊ ရောင်းလို့မရ ဖြစ်ရတယ်။ ကျွန်တော်စိုက်တဲ့ မြေနေရာက မသန့်လို့လားတော့ မသိဘူး'**

သူ့စကားကြောင့် ကျွန်တော်က...

'ခင်ဗျားစိုက်တာ ကိုင်းမြေမှာ စိုက်တာ မဟုတ်လား။ ကျွန်တော်လဲ ကိုင်းမြေမှာ စိုက်တာပါပဲ။ တစ်မြေတည်း တစ်ရေတည်းပဲဗျာ။ မြေမသန့်လို့တော့ မဟုတ်ပါဘူး။ **ခင်ဗျားစိုက်တဲ့ ကန်စွန်းမျိုး မသန့်လို့ ဖြစ်လိမ့်မယ်'**

ကျွန်တော့်စကားကြောင့် ကိုစံရွှေမှာ တွေဝေသွားပြီး...

'ကျွန်တော်တော့ သူများ ပျိုးထားတဲ့ ကန်စွန်းမျိုးတွေကို ဝယ်ပြီးစိုက်မိတယ်။ ခင်ဗျား ပြောသလို မျိုးမသန့်လို့ ဖြစ်မှာပါ။ သူများဆီက မျိုးဝယ်စိုက်လို့ကတော့ စိတ်ချရမှာ မဟုတ်ဘူး။ လာမယ့်နှစ်ကျရင် ကန်စွန်းစိုက်ဦးမယ်ဗျာ။ သူများဆီက ပျိုးပင်ကိုတော့ လိုက်ရှာပြီး ဝယ်မစိုက်ချင်တော့ဘူး။ ကန်စွန်းပျိုးပင်သန့်သန့် စိုက်နိုင်ဖို့ နည်းနာလေးပေးပါဦးဗျာ'

ကိုစံရွှေက ကျွန်တော် ပြောသည်ကို လက်ခံယုံကြည်ပြီး လုပ်ကိုင်ဖို့ နည်းနာကို တောင်းခံလာပါသည်။

'ကျွန်တော်ကတော့ ကိုယ့်မျိုးနဲ့ ကိုယ်ပျိုးပြီး စိုက်တာဆိုတော့ ပြောပြပါမယ်။ ကန်စွန်းပျိုးရင် ပျိုးမယ့်နေရာက ရေမဝပ်တဲ့ ကုန်းမြင့်တဲ့နေရာ ဖြစ်ဖို့လိုတယ်။ အဲဒီနေရာမှာ မပျိုးမီ နွေလ အခါကတည်းက ရှင်းလင်းပြီး နှစ်ခါလောက် မီးရှို့ထားပါ။

ကိုယ်ပျိုးမယ့် ကန်စွန်းကတော့ ဥချောပြီး ပိုးကင်းတဲ့ဥ ဖြစ်ပါစေ။ ပျိုးတဲ့ အချိန်ကျတော့ မြေဆွပြီး ပျိုးပေတော့။ အဲဒီပျိုးပင်တွေကို စိုက်ရင် ဥတွေမှာ ပိုးမပါနိုင်တော့ပါဘူး။

နောက်ပြီး ကျွန်တော်တို့ စိုက်ပျိုးတဲ့ မြေတွေကလဲ မြစ်ဝကျွန်းဒေသ မြေနုမြေဖြစ်လို့ မြေသန့်ပါတယ်။ စိုက်တဲ့နေရာမှာ စနစ်ကျနပြီး ထယ်ရေးထွန်ရေး ကောင်းကောင်းနဲ့သာ စိုက်ပါ အောင်မြင်ပါတယ်'

ကျွန်တော်က ပြောပြတော့ ကိုစံရွှေမှာ နားလည် သဘောပေါက်သွားပုံရသည်။

'ဟုတ်ပြီဗျို့ လာမယ့်နှစ်ကျရင်တော့ ကိုယ်ပျိုးတဲ့ ကန်စွန်းနဲ့ပဲ ကိုယ်စိုက်တော့မယ်။ ခင်ဗျား လုပ်နည်းကိုင်နည်း ပြောပြတာ ကျေးဇူးတင်ပါတယ်ဗျာ'

ကိုစံရွှေမှာ အားတက်ရွှင်လန်းစွာနှင့် ပြန်သွားပါသည်။ ကျွန်တော်သည် ကိုစံရွှေအား ဥကန်စွန်းပျိုးပင် သန့်သန့် စိုက်နိုင်ရေးအတွက် ပြောပြလိုက်ရ၍ ကျေနပ်ပီတိ ဖြစ်ရပါတော့သည်။

**ကိုမောင်ကျော်လှိုင်(မအူပင်)**



www.burmeseclassic.com

www.burmeseclassic.com

ကြည့်ပါ။

○ **သောကြာခါးပတ် ဖြစ်ပါတယ်။ (၁)**

စိတ်အတက်အကျ မြန်ခြင်းရဲ့ သင်္ကေတပါ။

○ **ရည်ရွယ်ချက် လမ်းကြောင်းများကို ဥပဒ်လမ်းများ ဖြတ်ထားတယ်။(၂)**

ရည်ရွယ်ထားသမျှ ပျက်ပြားစေခြင်းနဲ့ ဘဝအခြေအနေ နိမ့်ပါးသွားစေခြင်းရဲ့ သင်္ကေတပါ။

○ **ဖွာလန်ကြဲနေတဲ့ နှလုံးလမ်းကြောင်းကို တွေ့ရတယ်။(၃)**

ဒီနှလုံးလမ်းကြောင်းသည် တေဇောလမ်းကြောင်းဖြစ်တဲ့အတွက် အပူသောကကြီးခြင်း၊ ဝမ်းနည်းကြေကွဲစရာကြုံခြင်း၊ ငယ်ရွယ်စဉ်မှာ အိမ်ထောင်ကျခြင်း၊ အိမ်ထောင်ပျက်ရခြင်းကို ဖြစ်စေတယ်။

○ **ကံလမ်းကို ဥပဒ်လမ်းများစွာက ဖြတ်ထားပါတယ်။(၄)**

အလုပ်ပျက်၊ အလုပ်ရပ်နား၊ ပညာသင်တစ်ပိုင်းတစ်စ ဖြစ်ကြောင်း ပြပါတယ်။

○ **ကံလမ်းကို သံယောဇဉ်လမ်းက ထိထားပါတယ်။(၅)**

သံယောဇဉ် တွယ်တာစရာနဲ့ ကြုံခဲ့ရကြောင်း ပြပါတယ်။

ဒါကြောင့်လဲ...

**ပညာတစ်ပိုင်းတစ်စနဲ့ အိမ်ထောင်ပျက်ခဲ့ရတဲ့ လူငယ်တစ်**

# အိမ်ထောင်ရေ

နှဲ့ လက္ခဏာအမြင်




**ယောက်ရဲ့ လက္ခဏာကို** ဗဟုသုတအဖြစ် တင်ပြပေးလိုက်ပါတယ်။

***သင်၏ဘဝ သာယာချမ်းမြေ့ပါစေ။***


ဆရာဦးခင်မောင်လင်း

*(B.Sa ရွှေဘို)*

(လက္ခဏာ–မဟာဘုတ်သုတေသီ)

www.burmeseclassic.com

# အစားမှားဆေား

ကင်းဝေးစေရန်



…သူမှာက အအေးနာ အပူနာရယ်လို့ နှစ်မျိုး …ကရှိတယ်။

အပူလို့ ပြောတာက အပြင်ပုံပန်း …သွာန်ကို ကြည့်ပြီး ပြောတာသာ ဖြစ် …တယ်။

…တိုင်းရင်းဆရာတွေက လူရဲ့အသားအရေ …သဏ္ဍာန်ကို မြင်ရုံနဲ့ ဒီလူရဲ့အတွင်းက …ဝေဒနာကို ဖော်ထုတ်နိုင်ခဲ့ကြတယ်'

**…ဆေးဆရာကြီး ဦးချစ်ပန်း** ရှိစဉ် …ပြောခဲ့သော စကားပင် ဖြစ်ပါသည်။

…ဆရာကြီးက ဆေးပညာနှင့် ပတ် …၍ ကျွန်ုပ်အား အချိန်ရသလို …သင်ပြပေးခဲ့ပါသည်။

…ဒိုလ်သရီးက ဆရာ ဖြစ်နိုင်ချေရှိ …ပြောနေရတာ ဒေါ်စောရွှေရ'

…ဒေါ်စောရွှေမှာ ကျွန်ုပ်အမေ ဖြစ်ပါ …သည်။

ကျွန်ုပ်သည် ယခုအခါ ကဗျာ၊ …ပြဇာတ်၊ ဆောင်းပါးများ ရေးနေ …တစ်ယောက် ဖြစ်ပါသည်။

…ဆရာတော့ ဖြစ်ပါသည်။ ဆေးဆရာ …တော့ မဟုတ်ပါ။ ဗေဒင်ဆရာ၊ စာရေး …ဆရာပင် ဖြစ်ပါသည်။ ဗေဒင်ပညာနှင့် …တိုင်းရင်းဆေးပညာများ ဆက်စပ်နေ …သည်။

…ဆရာကြီး ဦးချစ်ပန်းကိုယ်တိုင်က …ဗေဒင်နည်းနှင့် တွက်ချက်ကြည့်ပြီးမှ …ကုသည်ကို ကြုံခဲ့ဖူးရပါသည်။

ကျွန်ုပ်သည် ဒေါ်ဖွားစိန်ဆိုသူ နေ …ကောင်းသူကို ဗေဒင်နည်းအရ …တွက်ချက်ကြည့်မိပါတော့သည်။

**-ဒေါ်ဖွားစိန် အသက်(၆၀)နှစ်**
**-တနင်္ဂနွေသမီး**

**အအေးသွေး** ကျနေသည်ကို တွေ့လိုက်ရပါသည်။

ထိုနည်းမှာ တစ်နှစ်တာ အအေးသွေး၊ အပူသွေး မည်သည့်သွေး ဖြစ်သည်ကို သိနိုင်သော နည်းဖြစ်ပါသည်။

ဤနည်းမှာ **အအေးသွေးကျလျှင် အပူစာ စားရပါမည်။ အပူသွေးကျလျှင် အအေးစာ စားရပါမည်။ အအေးစာ၊ အပူစာများကို သီးခြား တင်ပြသွားမည် ဖြစ်ပါသည်။**

ဗေဒင်နည်းအရ တွက်ကြည့်လျှင် ဒေါ်ဖွားစိန်မှာ အအေးသွေး ကျနေသည့်နှစ်၌ အအေးစာ လွန်ကဲစွာ စားမိဟန် တူပါသည်။

ကျွန်ုပ် စာဖတ်သူများ တစ်နှစ်တာ မည်သည့်သွေး ကျရောက်နေကြောင်း သိနိုင်ရန် ပညာလက်ဆောင်ကမ်းလိုက်ရပါတော့သည်။

BURMESE CLASSIC .com

အပူသွေး၊အအေးသွေး
သိစေနိုင်သောနည်း

| | | |
|---|---|---|
| * ၁ | ၂ | ၃ |
| ၆ | | ၄ |
| ၈ | ၅ | ၀ |

ရောက်ဆဲအသက်တည် (၈)နှင့်စား အကြွင်း မွေးနံ့ခွင်အလွန်မှ လက်ယာရစ် ရေတွက် ရောက်သည့်ဂြိုဟ်သက်နှင့် မွေးသူဂြိုဟ်သက်ပေါင်း။ (၇)နှင့်စား…

✧ (၁,၃,၆)ကြွင်းလျှင် အပူသွေး၊
✧ (၄) အလယ်အလတ်
✧ (၂,၅,၀) အအေးသွေး

**ဒေါ်ဖွားစိန်၊ တနင်္ဂနွေသမီး အသက်(၆၀)နှစ်**

၆၀ ÷ ၈ = ၄ ကြွင်း ရှေ့တစ်ခွင် တနင်္လာမှစရေ စနေခွင်မှာ ကျ၏။ ထို့ကြောင့် စနေဂြိုဟ်သက် ၁၀၊ တနင်္ဂနွေဂြိုဟ်သက် ၆ (၁၀+၆=၁၆) ၁၆÷၇=၂ ကြွင်း ထို့ကြောင့် အအေးသွေးကျ၏။

ဆေးများမှာ အာနိသင် ရှိပါသည်။ နာပုံချင်း မတူသော လူများအတွက် အနာနှင့်ဆေး တည့်အောင်ပေးမှ ဘေးကင်းမည် ဖြစ်ပါသည်။

ဆေး အစာ မှားယွင်းခြင်း ကင်းကြရန် စေတနာဖြင့် လေ့လာမိသမျှ တင်ပြခြင်းသာ ဖြစ်ပါသည်။


*ဆရာအားလုံးကို ဦးထိပ်တင်ပါသည်။*

**ကျော်မိုးလွင်(ဝါးခယ်မ)**



www.burmeseclassic.com

www.burmeseclassic.com



# အချွဲထုံ

## နှင့် ရွှေခြောက် နောက်လေး ထုံတည်နည်း

စာရေးသူထံသို့ အင်္ဂရတ်ဝါသနာရှင် သုတေသီများမှ ပြဒါးကို အမြန်ဆုံး နည်းဖြင့် အခဲပြုနိုင်ရန်နှင့် ဓာတ်ဖိုး၊ မီးသွေးဖိုး၊ လုံဖိုးပါ အကုန်အကျ သက်သာသောနည်းများ ရှိပါက နက္ခတ္တ ရောင်ခြည်မဂ္ဂဇင်းမှ ဖော်ပြပေးပါရန် မန္တလေးမြို့နှင့် ရခိုင်ပြည်နယ် စစ်တွေ မြို့မှ စာဖြင့် တောင်းခံထားကြပါသည်။ ခင်မင်ရင်းနှီးကြသော အင်္ဂရတ်ဝါသနာ ရှင်အချို့မှလည်း…

'ဒီ ဟုတ်တာပေါ့ဗျာ။ မီးသွေးဖိုး လုံဖိုး ဓာတ်ပစ္စည်းဖိုးတို့ဟာ ဈေးကြီးလို့ ကျွန်တော်တို့ဆို ဖိုနားကပ်ဖို့ တဖြည်းဖြည်း ခြေယဉ်းလာပြီး ငွေကုန်ကြေးကျလဲ သက်သာ၊ လူလဲ သက်သာဆိုရင် အလွန် ကောင်းပေါ့ဗျာ။ ဒီလို အကုန်အကျ သက်သာတဲ့နည်းများရှိရင် ကျွန်တော်တို့လဲ လိုချင်ပါတယ်။ အားနာလို့ မတောင်းဘဲနေတာ။ လွယ်မယ်၊ အပန်းမကြီးဘူးဆိုရင်တော့ သူတို့တောင်းထားတဲ့အတိုင်း နက္ခတ္တရောင်ခြည်မဂ္ဂဇင်းက ဖော်ပြပေးလိုက်ပါဗျာ'

ဟု တိုက်တွန်း နှိုးဆော်ကြပြန်သည်။

ထို့ကြောင့် စာရေးသူသည် **၁၉၇၃ ခုနှစ်က သုံးခွမြို့နယ်၊ အဖောင်ကျေးရွာ အနောက်ကျောင်း ဆရာတော် ဦးတိသ**ထံမှ ဆရာတော် ကိုယ်တိုင်အသုံးပြု နေသော **အချွဲထုံနှင့် ရွှေခြောက် နောက်လေး ထုံတည်နည်းကို** ဆရာတော် ၏ မူရင်းအတိုင်း အင်္ဂရတ်ဝါသနာရှင် သုတေသီများနှင့် စာဖတ်ပရိသတ်များ ပညာ ဗဟုသုတရရှိစေရန် ရေးသား ဖော်ပြလိုက်ပါသည်။

**အချွဲထုံ ပြုလုပ်နည်းမှာ…**

ဒန် (၁၅) ကျပ်သား။ နာ (၁၅) ကျပ်သား။ နံပါတ်(၈)လုံးတွင် နာ (၁၅)ကျပ်သားကို မီး အေးအေး နှင့် ပျော်ရုံကျို။ ဒန်ကို အတုံး အခဲကလေး ပြုလုပ်ထားပါ။ နာအရည်ထဲကို တစ်တုံးချင်း ထည့်ပါ။ တစ်တုံး အရည်ပျော်မှ နောက်တစ်တုံး ထပ်ထည့်ပါ။ ဒန်အားလုံး အရည်ပျော်သွားလျှင် ထို သဲခွက်တွင် ဆွဲချ အအေးခံ။

ကျွန်းသားမီးသွေးမှုန့်ကိုသိပ် ဖော်မံပြီးလျှ သုံးအုပ်၊ ဓာတ်ကိုသုံးအုပ် ခါးတိုက် သုံးအုပ်ထိုး ထိုးပြီး အအေးခံ။ တစ်ဖန် လုံတွင် ထည့်၍ အရည်ပျော်ရုံ ကျို။ သဲခွက်တွင် ဆွဲချ၊ မခဲတခဲ ဥနဲ့သားဖြင့် ထုံခွက်နှိပ်။ ပြဒါး(၁)ကျပ်သားတင်လျှင် အလွယ်တကူ ခဲပါသည်။

---

**ရွှေခြောက် နောက်လေးထုံ**

---

**ဒန်** (၆)ကျပ်သား၊

**ငွေတ်** (၄)ကျပ်သား။

ငွေတ်ကို အရည်ပျော်ရုံ ကျို။ ဒန်ကို အတုံးအခဲကလေး ပြုလုပ်ထား။ တစ်တုံးချင်းထည့်။ အားလုံး ပျော်သွားလျှင် သဲခွက်တွင် ဆွဲချ။ ကျွန်းသားမီးသွေး မှုန့် အုပ်ပြီး မီးလျှံ မီးစီး(၉)အုပ်ခန့် ထိုး၊ လုံကို သဲခွက်တွင် ဆွဲချ။ ဥနဲ့သား ဖြင့် လုံခွက်နှိပ်။ ပြဒါး(၁)ကျပ်သားတင်လျှင် အလွယ်တကူ ခဲပါသည်။

*ဆင်းရဲကင်းပျောက် ချမ်းသာရောက်ကြပါစေ။*


**ဝိဇ္ဇာမဟိဒ္ဓိ ဆရာဦးသန်းမြင့်**
*(တိုင်းရင်းဆေး)*




www.burmeseclassic.com


www.burmeseclassic.com




# တရုတ် ကြိုးထုံးပညာ (၈၈)




ယခင်လမှ အဆက်

ဟူကျင်ဇီ

အခြေခံ ကြိုးထုံးနည်း(၈၈)

红花绿叶

Hōng Huā Lǜ Yè

န်း ဗွား လို ယဲ့= ဆူးပန်းစိမ်းရွက်

"ဆူးပန်းစိမ်း"သည် သမပိုင်းဒေသတွင် ပေါက်ရောက်သော ပန်းတစ်မျိုး ဖြစ်သည်။ သူ၏ အရွက်များမှာ အစိမ်းအနီ ရောယှက်၍ လှပသော ပုံစံရှိသည်။

ကျောက်စိမ်းနှင့် ပတ္တမြား တွဲဖက်ထားသည့် ကျောက်မျက်အဆင်

◆ ပုံ(၅)ယခင်။ ယခု လည်ဆွဲတစ်ခု

BURMESE CLASSIC .com





www.burmeseclassic.com

www.burmeseclassic.com

တန်ဆာနှင့် ပုံသဏ္ဍာန် တူသဖြင့် အလေးအမြတ် ထားကြသော နိမိတ်ကောင်းသည့် ပန်းတစ်မျိုးဖြစ်သည်။

ထို "ဆူးပန်းစိမ်းရွက်"ပုံစံ ကြိုးထုံး ပြုလုပ်ကာ လည်ဆွဲအဖြစ် ဖန်တီးထားခြင်းဖြစ်သည်။

**ပုံ(၁)** ကြိုးအနီစဖြင့် ချည်ထုံးရသည်။ ရတနာပန်းတောင်း ချည်နည်းနှင့် ကြယ်သီးပုံချည်နည်းတို့ တွဲဖက် အသုံးပြုပါ။

**ပုံ(၂)** ကြိုးအစိမ်းဖြင့် ပေါင်းစပ် ထုံးချည်သောအခါ အသပြာချည်နည်းကို သုံးပါ။

**ပုံ(၃)** ပုံ(၂)ကို ဖောက်ထိုးလှန်ကာ အလယ်၊ ကြိုးစစိမ်းတွင် အလိုရှိရာ ဆွဲသီးကို တပ်ဆင်ပါ။

ဤတွင် ပုတီးစေ့(၂)လုံးတွဲ ဆွဲသီးကို တပ်ဆင်ထားသည်။ **"ယင်း" သဘောဆောင်၍** အဖော်စုံခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ တည်ငြိမ်ခြင်း စသည့် "ယင်း"၏ အနက်အဓိပ္ပာယ်ကို ဖော်ဆောင်သည်။ အစိမ်း၊ အပြာရောင်တို့ဖြင့် ဖော်ပြလေ့ရှိ၏။

**ပုံ(၄)** ပုတီးစေ့တစ်လုံးတည်းသော ဆွဲသီးကို တပ်ဆင်ထားသည်။ "ယန်း" သဘောဆောင်၍ လုံးချင်း၊ သန်မာခြင်း၊ သွက်လက်ခြင်း စသည့် **"ယန်း" အနက်အဓိပ္ပာယ်**များကို ကိုယ်စားပြုသည်။ အနီရောင်၊ အဝါရောင်တို့ဖြင့် ဖော်ပြလေ့ရှိသည်။

နေအိမ်အလှဆင်ခြင်း၊ တစ်စုံတစ်ယောက်သို့ အခမ်းအနားပွဲလမ်းသဘင် အတွက် လက်ဆောင်ပေးခြင်း၊ ကိုယ်တိုင် ဆင်မြန်းခြင်းတို့တွင် ဆို... ယင်း၊ ယန်း အနက်အဓိပ္ပာယ်များ... ရွေးချယ်ရန်ဖြစ်သည်။

မဟော်သဓာနှင့် အမရာ... လည်း ပဟေဠိ ဖွက်နိုင်သည်။

**"ယန်း"**ဆွဲသီးနှင့် လည်ဆွဲ... အဖော်မရှိ တစ်ကိုယ်တည်းဟု ဆို... **"ယင်း"ဆွဲသီးနှင့်** လည်ဆွဲ... ခြေဆုပ်လက်နယ် အဖော်ရှိ... သည်ဟု အသိပေးခြင်း ဖြစ်လေသ...

**ပုံ(၅)** သည်ကား ယင်း၊ ယန်း ဆွဲ... များနှင့် လည်ဆွဲတစ်စုံ ... သည်။

**ဟူဂျင်းဇီ**

---

၂၀၁၄ ခုနှစ်၊ မတ်လအတွက်

# ငွေကြေး လာဘ်လာဘ သွက်လ...

မတ်လအတွင်း ရရန် ဝင်ရန်ရှိသော ငွေကြေးလာဘ်လာဘများ အဆီးအတားမရှိ သွက်လက်စွာ ဝင်ရောက်နိုင်စေရန် မိမိတို့၏ မွေးနှစ်အရ အောက်ပါအတိုင်း လုပ်ဆောင်နိုင်ပါသည်။

* * *

| မွေးနှစ် | ခုရေ | အရပ်မျက်နှာ | အလှူခံပုဂ္ဂိုလ် | လှူရန်နေ့ |
|---|---|---|---|---|
| ကြွက် | ၃ | အရှေ့ | သောကြာသားသမီး | ကြာသပတေးနေ့ |
| နွား၊ ကျား | ၁ | မြောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ |
| ယုန် | ၆ | အနောက်မြောက် | ကြာသပတေးသားသမီး | တနင်္ဂနွေနေ့ |
| နဂါး၊ မြွေ | ၇ | အနောက် | ကြာသပတေးသားသမီး | သောကြာနေ့ |
| မြင်း | ၂ | အနောက်တောင် | စနေသားသမီး | တနင်္လာနေ့ |
| ဆိတ်၊ မျောက် | ၄ | အရှေ့တောင် | တနင်္ဂနွေသားသမီး | ကြာသပတေးနေ့ |
| ကြက် | ၉ | တောင် | ဗုဒ္ဓဟူးသားသမီး | အင်္ဂါနေ့ |
| ခွေး၊ ဝက် | ၈ | အရှေ့မြောက် | တနင်္လာသားသမီး | စနေနေ့ |

**ဥပမာ ။ ။** နွားနှစ်တွင် မွေးသူသည် အောင်သပြေ၊ ကံ့ကော် စသည့် နိမိတ်ကောင်းသော အညွှန့်အခက် (၁)ညွှန့်ကို ဗုဒ္ဓဟူးနေ့တွင် လူအများ ကိုးကွယ်ပူဇော်သည့် စေတီပုထိုးတစ်ဆူသို့သွားကာ မြောက်အရပ် သောကြာဂြိုဟ်တိုင်



ကြောင်း သမ္မာဒေဝ နတ်အပေါ်... တိုင်တည်ဆုတောင်းပါ။

အင်္ဂါသားသမီးတစ်ဦး၏ ... အခဲ လိုအပ်ချက်များကို ကူညီ... ဆည်းပေးခြင်းဖြင့် ပိုမိုလျှင်... သိရောက်စေနိုင်ပါသည်။

**သစ်ညွှန့်၊ သစ်ရွက်ကိုသာ** ... ပြုပါ။ ပလတ်စတစ်ပန်း၊ စက္ကူ... စသည့် (ယင်း)ဓာတ်ဆောင် ပစ္စည်း... အသုံးမပြုပါနှင့်။ နှစ်သခင်မှာ ... ဓာတ်ဆောင် မြင်းဖြစ်သော... ပေတည်း။

အနီးမှ ကပ်လှူကာ ငွေကြေး လာဘ်ပပ်သကာတို့ ဝေဝေဆာဆာ လွယ်လွယ်ကူကူ ဝင်ရောက်နိုင်ပါစေ

***လာဘ်လာဘ ရှင်လန်းနိုင်...***

**ထက်မင်းကျော်စွာ**





www.burmeseclassic.com

www.burmeseclassic.com



# ကြေးမိုးကြိုးသွား မင်းလေးပါး (၂)

ရွှေတောင် ခင်မောင်ကြည်

ယခင်လမှ အဆက်

အဂ္ဂိရတ်မီးအတတ်၊ လျှို့ဝှက်အပ်ညဲ့ညာ၊ အထွတ်အမြတ်ပညာ၊ ...စ်ထိုင်တည်းနဲ့တော့ ဘယ်တတ်မလဲ...သေး။

ဒါပေမယ့် ဖိုးဟန် ယောက်ျား...းမလျှော့ဘူး။ အပတ်တကုတ်...းထုတ်လို့ရှာကြံ။ သင်သမျှကိုအံ...နှံ့တီးနိုင်ဖို့ မျှော်မှန်း။ လက်တစ်ကမ်း...လို။ ဆရာဆိုတာက ကိုယ့်ရှေ့မှာ...သင့်။ မြှင့်တင်ပေးမယ့် အနေ...ထား။ ဘာများ လိုသေးလဲ။ သဲကြီး...ကြီး ကြိုးစားဖို့သာ လိုတော့တာ ကိုယ့်ဝန်တာ။

'ကဲ မင့်ကို မေးတယ်။ ကြေးမိုးကြိုးသွားကို ဘယ်လို သတ်မလဲ ပြောစမ်း'

'ကြေးမိုးကြိုးသွားဆိုတော့ စနေ၊ မြွေနဂါး အနောက်တောင် ဒန်(ကြေး) ဆေးဒန်းဒုတ္တာဆိုတော့ ဒုတ္တာနဲ့ သတ်မယ်ဘုရား'

'ဓာတ်တူပေါ့ ဟုတ်လား'

'မှန်ပါ့ ဘုရား'

'ကြာတယ် ဖိုးဟန် လုံ့ပေါင်းများစွာ ထိုးရလိမ့်မယ်'

'ကန့်နဲ့သတ်မယ် ဘုရား'

'နံ့တူ သတ်မယ်ပေါ့'

'တင်ပါ့ ဘုရား'

'နောက်ရော'

'ဘုမ္မိနဲ့သတ်မယ် ဘုရား'

'နောက်တစ်ခု'

'ဓာတ်မိတ်အုဇ္ဇော နာနဲ့ သတ်မယ် ဘုရား'

'ဆက်ပြောကြည့်စမ်း'

'အမြစ်,အညွန့်,ဆပွတ် သွတ်မယ် ဘုရား'

'ဘင်နာဂျွတ်လား၊ ဇဝက်သာ ယမ်းကျောက်ချဉ်လား'

'မှန်ပါ့'

'ဘာမှန်ပါ့လဲ နောက်တစ်မျိုး'

**'မြွေလေးစင်း မင်းလေးပါး'**

'ဖိုးဟန်ရေ...မြွေလေးစင်း မင်းလေးပါးနဲ့ သတ်တာက မှန်လဲမှန် မြန်လဲ မြန်ကွ'

'အလွယ်လေးပါဘုရား... ဓာတ်တူရယ်၊ တြိရန်းရယ်၊ ဆပွတ်ရယ်၊ နံ့တူရယ်၊ သတ္တဗီသရယ်'

'ဖိုးဟန် မသိတဲ့သူအဖို့တော့ ခက်သဟေ့။ ဘယ်လောက် ခက်သလဲဆိုရင် ကြေးမိုးကြိုးသွားရဖို့တောင် ခက်တယ်။ အတော်ခက်တာနော်။ ကြေးမိုးကြိုးသွားကလဲ (၈)မျိုးရှိတယ်ကွ'

ကြေးမိုးကြိုးသွား (၈)မျိုးကို ဆရာတော် ဦးကလျာဏ ပါဠိရွတ်လိုက်၊ အနက်ပြန်လိုက်နဲ့ မိန့်ကြားသွားလိုက်တာ ဖိုးဟန်မှာ မျက်စိသူငယ် နားသူငယ်၊ ရလဒ်ကတော့ မမှတ်မိတော့တာဘဲ။

စာရှုသူများခင်ဗျား... မမှတ်မိတာကို မသိပါဘူးလို့ မောင်ဖိုးဟန် ဝန်ခံပါရစေ။ တောင်းပန်ပါတယ်။

မှတ်မိသမျှကတော့ မြန်မာလိုပါပဲ။

ရွှေနဲ့ကြေးရောတဲ့ ကြေးမိုးကြိုးသွား။

ငွေနဲ့ကြေးရောတဲ့ ကြေးမိုးကြိုးသွား။

ရွှေ,ငွေ,ကြေးရောတဲ့ ကြေးမိုးကြိုးသွား။



www.burmeseclassic.com

www.burmeseclassic.com

သွပ်ရောတဲ့ ကြေးမိုးကြိုးသွား၊ ခဲရောတဲ့ ကြေးမိုးကြိုးသွား စတာတွေပဲ။

**ရွှေနဲ့ကြေးရောတဲ့ ကြေးမိုးကြိုးသွားက အကောင်းဆုံးပဲတဲ့။**

ဆရာတော် ကြေးမိုးကြိုးသွားငို့ကာ ချဲ့လိုက်တာ ဖိုးဟန်မှာ နားထောင်လို့ မငြီးဘူး။ မှတ်သာ မမှတ်မိတာ။

ဆရာတော် စကားဆုံးတော့ ပြုံးပြီး မိန့်တော်မူတယ်။

'မင်း လိုချင်နေပြီလား'

တဲ့။

မောင်ဖိုးဟန်တို့ မြန်လိုက်ပုံများ ပြုံးခဲ့တဲ့ ဆရာတော့်စကား ကြားတော့...

'မှန်ပါ့ဘုရား'

ဆရာတော် နိဂုံးကမွတ် အဆုံးသတ်လိုက်တာက...

'ကြေးမိုးကြိုးသွားရှာ'

ဖိုးဟန်လေ အဲဒီနေ့ကစလို့ ရှာလိုက်တဲ့ ကြေးမိုးကြိုးသွား။ မနားမနေ သွားလေရာတိုင်း မဆိုင်းမတွ တွေ့သမျှ လူတွေကို မေး။

ဝေးစွ ခြောက်ပါး။ တချို့က ကြေးမိုးကြိုးသွားဆိုတာ ကြားတောင်မကြားဖူးဘူး။ မြင်ဖူးဖို့များ မမျှော်မှန်းနဲ့။

ဒါပေမယ့် ဖိုးဟန်မှာ ကံကောင်းတာ တစ်ခုရှိတယ်။ ဖိုးဟန် လိုချင်ရင် ရတာများတယ်။ ကြိုးစားမှုလဲ ပါတာပေါ့။ ကြိုးလိုက်တဲ့ လုံ့လဝီရိယ။

လိုချင်တာတွေ ရတဲ့အကြောင်း နှစ်ထောင်းအားရ ရေးမပြတော့ပါဘူး။ ရှိပါစေတော့ ရှိနေစေတော့။

လောဘတွေက တိုက်တွန်း၊ လိုချင်စိတ်တွေက ယိုဖိတ်ကျ။ ကြေးမိုးကြိုးသွားအကြောင်းသာကြား ဘယ်လောက် ဝေးဝေး ဝေးစမ်း။ ခရီးကြမ်း မွန်းတည့် နေပြင်းပြင်းအောက်မှာတောင် အရောက်သွားတဲ့ ဖိုးဟန်။



ကံခေတော့ မဟန်ပါဘူး။ ပြန် ပြန်သာ လာခဲ့ရ။ ဘာမှမရ။ အလဟဿ။ အချည်းနှီး။

ဖိုးဟန်ကြီးတော့ ခံရပြီ။ ဒါပေမယ့်...

ကံဆိုတာက နာလှန်ထတတ်တယ်။ နန့်တန့်တန့် ပျံတန်တန်။

မဟန်ရင် အကုသိုလ်ကံက တစ်ကွက်။ ဟန်ရင် ကုသိုလ်ကံက တစ်ချက်။ အကုသိုလ်ကံက ခပ်များများ ကုသိုလ်ကံဆိုတာ နည်းနည်းပါးပါး။ ဆွဲထားနိုင်မှ တော်ကာကျမယ်။

အခုလဲ ဖိုးဟန် ကံကောင်းပြီ။ ခရီးမဝေး၊ အနီးလေး၊ ကပ်ခါလေး သရက်တစ်ပင်ရွာကလေး။ တရုတ်မှော်ကနေ တစ်တိုင် မရှိတရှိဝေး။

သရက်တစ်ပင်ရွာမှာ ဆရာစော ရှိတယ်။ ဖိုးဟန်က ကိုကြီးစောလို့ ခေါ်တယ်။ ကိုကြီးစောကလဲ စကားများ ပြောရင် မောင်ဖိုးဟန်တဲ့။ ခေါ်ဟန်က ညီရင်းအစ်ကို တစ်ယောက်လို သိပ်ချစ်။ အနှစ်ပါလိုက်တဲ့ မေတ္တာ။

မမေ့ပါဘူးဗျာ... ကိုကြီးစောရဲ့ ထွက်ရပ်ပေါက်ပုဂ္ဂိုလ် အင်းဝိဇ္ဇာ ဘာဘလေး။

မောင်ဖိုးဟန် ကြေးမိုးကြိုးသွား ရှာလိုက်တာ မကြာပါဘူး (၆)လ။ တ
မှော်ကို ဆေးကုဖို့ ရောက်လာ
ဆရာစော။ ကိုကြီးစော။

ကိုကြီးစောက ဥသျှစ်ပင်ကျေ
ဆရာတော် ဦးကလျာဏကို အစ်ကို
ခေါ်တယ်။ ဆရာတော်က မောင်
တဲ့။ မမေးဘဲ သိခဲ့ရတာက ညီအစ်
တွေ။ အခုမှမဟုတ် ဟိုအရင်ကတည်
က အသိ။

အဲဒီနေ့က မနက်ထမင်း
ကျောင်းအဆင်း ထမင်းစားပြီး ဖိုး
အိမ်အပြန် ဥသျှစ်ပင်ကျောင်းကိုအ
မြင်လိုက်ရတာက ကိုကြီးစော...

ညီအစ်ကိုတွေ ပြောကြတဲ့စ
ဖိုးဟန်က ကြားမဝင်ဘူး။ နားထော
သက်သက် စွက်ဖက်မှုမရှိ။

ကျောင်းတက်ခါနီးတော့ ဆ
တော်ကို ရှိခိုးဦးချ ကန်တော့
မောင်ဖိုးဟန် ဆွမ်းစားကျောင်းပေ
အဆင်း၊ ကိုကြီးစောပါ ဆင်းလိုက်
တယ်၊ အပေါ့်သွားမလို့။

အတော်ပဲ... ကိုကြီးစောကို ဖိုး
က ဆတ်ဆတ်ဆော့ဆော့ မေးလိုက်
တယ်။

'ကိုကြီးစော ကြေးမိုးကြိုးသွား
ဘူးလား'

'တစ်ပဲသားလောက်ရှိပါ့မျာ။ ဘာ
လိုချင်လို့လား၊ နောက်တစ်ပတ်
တော့ ယူလာခဲ့မယ်'

'အဲဒီလောက်နဲ့ မရဘူး ကိုကြီး
ရဲ့ တစ်ကျပ်သားလောက် လိုချင်

'ရှိတဲ့သူဆီက ဝယ်ပေးမယ် တစ်
သားကို ငွေတစ်ဆယ်'


'ဝယ်မယ်ဗျာ ယူလာခဲ့ပါ'

မောင်ဖိုးဟန် ဟန်ကျသွားပြီ၊ ဘ
အေးချမ်း စိတ်ရွှင်လန်းပြီ လိုချင်တ
ဝမ်းမြောက်လှပြီ။ ပီတိတွေက
စည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့်ဗျာ... ကိုကြီးစောရဲ့ နောက်တစ်ပတ်က စောင့်လိုက်ရတယ်။ ဖိုးဟန်မှာတော့ နေမထိ၊ ထိုင်မသာ။ ကိုကြီးစောက ကြာလိုက်တာ မလာသေး။ ဘာကိစ္စအရေး အလေးပေးလို့ ဆောင်ရွက်နေ။ တစ်လနေနေ တစ်လ ဆန်းဆန်း။

မှန်းဆလို့ မရတဲ့နေ့မှာတော့ ရောက်လာပါပြီ ကိုကြီးစော။ မနက်အစောကြီး ဖိုးဟန် ထမင်းကြမ်းစားအပြီး ကျောင်းသွားဖို့တောင် မနီးသေးတဲ့အချိန်။

အိမ်ရှေ့မှာ လှည်းရပ်တော့ မတ်တတ်ပဲ။ အိမ်ပေါ်တောင် မတက်ဘူး။ လက်ထဲမှာ ဆုပ်ထားတာလေးကို ပေးတယ်။

ကြေးမုံကြီးသွား (၆)မူးသား။ ဖိုးဟန် မြောက်မြောက်ကြီး ပေးလိုက်ပါတယ် ငွေ(၆၀)။ ကိုကြီးစော ကျေးဇူးကြီးလှပါပေတယ်။

ကိုကြီးစောခမျာ ရေနွေးလေးတောင် မသောက်ဘူးဗျာ။ လှည်းပေါ်ကို ကပျာကယာ ပြန်တက် ယင်းမူကုန်းကထွက် စိန်ဒိုင်အထိ ခရီးဆက်ရမတဲ့။

ကိုကြီးစော လှည်းထွက်တော့ မောင်ဖိုးဟန် ကျောင်းတက်ဖို့ သွားပြီ။ သူ့လက်ထဲမှာ အထုပ်ကလေး တစ်ထုပ်။ ကျစ်ကျစ်ပါအောင်ဆုပ်။

ခါတိုင်းလာနေကျ အချိန်ထက် စောနေလို့ ဆရာတော် အံ့ဩနေပုံပေါ်တယ်။ ဖိုးဟန် ရှိခိုးပူဇော် ဖူးမြော်အပြီး ခေါင်းအမော့...

'ကနေ့ စောလှချည့်လား' တဲ့။

ဟုတ်တယ်၊ စောတာပေါ့။ ဆရာတော် ဆွမ်းကိစ္စမပြီးသေး။ ဘုဉ်းပေးနေတုန်းရှိသေး။

ဖိုးဟန် အင်္ကျီအိတ်ထဲ လက်နှိုက်၊ ထုတ်လိုက်တယ်။ အထုပ်ကလေး ဖြည်းဖြည်း ဖြည်းဖြည်း ဖွင့်ပြီးသွား။ ဆွမ်းစား စားပွဲပေါ်ကို တင်။ မြင်ရုံနဲ့ သိလိုက်တဲ့ ဆရာတော်...

'မင်း ဘယ်ကရသလဲ'

'ကိုကြီးစောဆီက ဘုရား'

'မောင်စော ဝယ်ပေးတာလား'

'ဟုတ်ပါတယ် ဘုရား'

'ဘယ်လောက်သား'

'(၆)မူးသား ဘုရား'

'ဘယ်လောက်လဲ'

'(၆၀)ဘုရား'

'မနက်ဖြန် မင်းလေးပါး တစ်ကျပ်သားစီ ကားကိုမှာလိုက်'

'မှန်ပါ့ဘုရား'

ဖိုးဟန် ဝမ်းသာလုံးဆို့ပြီ၊ လိုချင်တာကို ရတော့မယ်။ ပညာတွေလဲ ရတော့မယ်။ ရင် တဒိတ်ဒိတ် ခုန်နေပြီ။

လူတကာ မတတ်တဲ့ အင်္ဂရတ်မီးအတတ် နည်းပညာတစ်ရပ်ကိုတော့ မောင်ဖိုးဟန် လက်ဝယ်ပိုင်ပိုင် ဆုပ်ကိုင်နိုင်တော့မယ်။

ကိုယ်တိုင်ကိုယ်ကျ ကာယသိဒ္ဓိ သိရှိကျွမ်းကျင် လက်ထပ်သင်တာ မြင်ရတော့မယ်၊ တွေ့တော့မယ်။ အာစရိယဝါဒ မောင်ဖိုးဟန် ရတော့မယ်။

ချက်ပြီးပြုတ်ပြီး၊ ခူးပြီးခပ်ပြီး၊ ပြင်ပြီးဆင်ပြီး ထမင်းပွဲ လက်နဲ့ နှိုက်စားလိုက်ရုံလေးပဲ။

ကိုယ်တိုင်သာရှာရင် ကြာမယ်။ တလည်လည်။ နည်းမှန်လမ်းမှန်တွေ့ဖို့ ကတော့မလွယ်။ အခုတော့ အခက်အခဲမရှိ အလွယ်တကူ ဆရာကူတော့မယ်။

တစ်ဝက်တစ်ပျက် ပြီးမြောက်သိဒ္ဓိပေါက်နေတဲ့ ဆရာတော်၊ ဥသျှစ်ပင်ကျောင်းဆရာတော် ဦးကလျာဏ။

ရက်မြတ်ရက်ရာဇာ ပြာသိုလ။ မီးစလို့ တင်မယ့်နေ့။ မမေ့နဲ့နော်၊ ကျောင်းကိုလာခဲ့။ ကျောင်းလဲ ပိတ်သား။ စနေနေ့ ရက်အား မင်းလေးပါးနဲ့ ကြေးကို သတ်မယ်။

အဲဒီနေ့ အရုဏ်တက်စကတည်းက မောင်ဖိုးဟန် ဖင်တကြွကြွ ဖြစ်နေပြီ။ ဘယ့်နယ်တုန်း သွားချင်နေတာ လမ်းပေါက်ရာနေတာ။

ထမင်းကြမ်းစားအပြီး ဥသျှစ်ပင်ကျောင်းကိုသွား ဆရာတော်က ဆွမ်းစားနေတယ်။ မုန့်ဟင်းခါးဆွမ်း။

မောင်ဖိုးဟန် ကျောင်းကိုရောက်တာနဲ့ ဆွမ်းစားကျောင်းအောက်ဆင့် သင့်ရာကထိုင်၊ ဆရာတော်ကို ရှိခိုးဦးနိမ့် (၃)ကြိမ်ဦးချ။

ဆရာတော် ဆွမ်းကိစ္စပြီးတော့ ခဏနေ။ စကားထွေထွေကို လျှောက်ထား။ မိန့်ကြားသမျှ နာခံ။ ပြုရန်ဝေယျာဝစ္စ ဆောင်ရွက်။

မနက်(၈)နာရီထိုးတော့ ဆရာတော် ထိုင်ရာကထပြီ။ ဖိုရုံဆီအသွား နောက်ပါးက မောင်ဖိုးဟန်။ မကျန်ခဲ့ဖို့ ထက်ကြပ်လိုက်၊ ကပ်လို့ ကပ်လို့ လိုက်။

ဖိုရုံကိုသော့ဖွင့်လို့ ဝင်လိုက်တော့ မီးသွေးအသင့်၊ ဖိုအသင့်၊ မင်းလေးပါး တစ်ပါးစီ အထုပ်ကလေးတွေကလဲ

www.burmeseclassic.com

အသင့်။

ဆရာတော်က မင်းလေးပါးကို တစ်ပါးစီ သံဆုံနဲ့ ထောင်းခိုင်းတယ်။

မထောင်းခင် ဗုဒ္ဓဂုဏ်တော်(၉)ပါး တစ်ပါးပါးကို အာရုံပြုထားလို့ အမိန့်ရှိပြန်တယ်။ မောင်ဖိုးဟန် အရဟံဂုဏ်တော်ကို ရွတ်တယ်။ ဂုဏ်တော်မှာ မြတ်ဗုဒ္ဓရဲ့ပုံတော် ပေါ်လာတယ်။

မင်းလေးပါးကို မှုန့်ညက်နေအောင် ထောင်းတယ်။ ဆရာတော် စိတ်တိုင်းကျသွားတော့ အထောင်းရပ်။ သတင်းစာ စက္ကူထဲမှာ မင်းလေးပါးကို ထည့်ပြီးတော့ မွှေ။ လေးပုံ ပုံတယ်။ (၃)ပုံကို ပုလင်းအဖြူထဲ ထည့်တယ်။

ကျန်တဲ့ တစ်ပုံကို ထပ်ပြီး (၄)ပုံ ပုံပြန်တယ်။ အဲဒီ(၄)ပုံထဲက (၁)ပုံကို စောက်လုံနံပါတ်(၃)ထဲကို ထည့်တယ်။ အဲဒီအပေါ်က ကြေးမိုးကြိုးသွား (၆)မူးသားကို တင်တယ်။ အခုမှ ကြည့်မိတယ်။ အညိုမတက်ဘူး။ **နီဝါရောင်အသွေး။**

သူ့အပေါ်က ကျန်တဲ့ လေးပုံသုံးပုံကို တင်တယ်။ ဖော်မံ အန္တာပိတ်။

ဖားဖိုနှာပေါက် အောက်နှုတ်ခမ်းနဲ့ ဖော်မံ အန္တာပိတ်တဲ့ လုံပိုက်အဖုံးညီအောင်ထား မီးလျှံ ကစားတော့တယ်။

ဂုဏ်တော်ပွားထား၊ ဂုဏ်တော်ပွားထားဆိုတာကိုလဲ မနားတမ်း အမိန့်ရှိတယ်။

ဖိုခွင်မှာ မီးဝိုင်းလာပြီဆိုတာနဲ့ ဖိုဆွဲတာ ပြောင်းပြီး ဆွဲခိုင်းတော့တယ်။ ဖားဖိုအောက်မေး လှုပ်ရုံကလေး။ လေပြည်လေညင်းလေး။ လေပျော့လေး။

ဖားဖိုအောက်မေး လှုပ်ပြီး ထွက်လာတဲ့ နှာပေါက်လေက ရှူးခနဲ... ရှူးခနဲ။ လေ မဆက်ဘူး။ လေတို လေပြတ် ဖြတ် ဖြတ်ပြီး လေသွင်း။

ဖိုခွင်အတွင်းမှာ ရှိတဲ့ မီးကလဲ ရဲခနဲဖြစ်လာလိုက်၊ အားနည်းသွားလိုက်။ တစ်ကျော့စီပြန်... တစ်ပြန်စီကျော့ လေပျော့လေညင်း လေသွင်းပုံက...

မီးတစ်အုပ်အကျမှာ ဖိုခဏ ရပ်ခိုင်းတယ်။ ဆရာတော် မီးအခြေအနေကို ကြည့်တယ်။ ဖိုခွင်အထက်ကို ညာဘယ်လက်ခုပ်နဲ့ ဖမ်းပြီးတော့ ဖိုလေကို နမ်းကြည့်တယ်။

ဖိုးဟန်တော့ ဘာအနံ့မှ မရပါဘူး။ ပုံမှန်။

ဆရာတော်က ဖိုကို ဆက်ဆွဲခိုင်းတယ်။ မီးသွေးထပ်ထည့် ခိုင်းတယ်။ မီး(၅)အုပ်ကျခါနီးမှာ မီးရောင်ပြောင်းသွားတယ်။ ရပ်လိုက်ဆွဲလိုက် မီး(၅)အုပ်ကို(၂)နာရီကျော်။

မီးရောင်က စထိုးတုန်းက မီးခိုးရောင် နောက် အဝါပျော့။ မီး(၂)အုပ်အကျမှာ အဝါရင့်။ ကြည့်နေရင်း အဝါရောင်က ရင့်ရင့်လာတယ်။ ချက်ချင်း မီးရောင်မှိုင်းသွားပြီ။ ဓာတ်ပြုတဲ့ အနံ့ထွက်လာတယ်။ မွှန်နေအောင်တော့ မနံဘူး။ အနံ့တော့ ပြင်းတယ်။ ဆရာတော်က ချက်ချင်းပဲ။

'မင်းလေးပါးတော့ ဓာတ်ပြုပြီ ချော်ဖွဲ့တော့မယ်။ ဆက်မဆွဲနဲ့တော့ ဖိုရပ်'

လို့ အမိန့်ရှိတယ်။ ဖိုးဟန်ဖိုဆွဲတာ ရပ်လိုက်တော့...

'ဖိုခွင်ထဲကို မီးသွေးထည့်၊ ဖိုခွင်လွှန်သွားအောင်ထည့်'

ဆရာတော် လမ်းညွှန်မိန့်ကြားတဲ့အတိုင်း ဖိုးဟန် မီးသွေးတွေ ထည့်တယ်။ ဖိုခွင်နှုတ်ခမ်းအလွန် မီးသွေးတစ်ခဲထု တက်သွားတော့ လက်ကာပြပြီး ရပ်ခိုင်းတယ်။

မီးသွေးအုပ်ပြီးလို့ ခဏအကြာ မင်းလေးပါးအနံ့က တဖြည်းဖြည်းပျောက်သွားတယ်။ အဂ္ဂိရတ် သမ္မာရင့်

ဆရာတော်ရဲ့ မီးနေမီးထား။

အဲဒီနေ့တော့ ဖိုခွင်ထဲမှာပဲ လုံ
ပစ်ထားလိုက်ပြီ။ အလိုချမ်းလိုက်ပြီ

မနက်(၈)နာရီ ကျော်ကျော်
ကတည်းက ဖားဖိုလေးကို ဆွဲခိုင်းလိုက်
ရပ်လိုက်၊ ရပ်လိုက် ဆွဲခိုင်းလိုက်နဲ့
အလိုချမ်းတဲ့အချိန် နာရီကြည့်လိုက်
တော့ နေ့လယ် (၁၁)နာရီ ထိုးခါနီးနေ
ပြီ။

အချိန် တော်တော်ကြာတာပဲ
ဓာတ်ထိုးချိန် (၂)နာရီခွဲ။

လက်တွေကို ဆပ်ပြာနဲ့ တိုက်ချွတ်
ဆေးကြောနေတုန်း ဆရာတော်က...

'မင်း အိမ်မပြန်နဲ့တော့။ ကျောင်းမှာ
စား၊ ဆွမ်းတွေ ဆွမ်းဟင်းတွေ အများ
ကြီး ကျောင်းမှာပဲ စားသွား'

လို့ အမိန့်ရှိတယ်။ ဟုတ်တယ်
ဆွမ်းနဲ့ ဆွမ်းဟင်းက အလှူပယ်
ညီ့သည်များ (၃)ယောက်လောက်
ကတော့ လောက်လောက်ငေ
မတောင့်မတ၊ မကြောင့်မကြ ကျွေးမွေး
ညီ့ခံနိုင်တယ်။

ဆရာတော်တစ်ပါးတည်း အတွက်
ကတော့ ရဟန်းဒကာ ဦးချစ်စိန်
ဒေါ်စောခင်တို့ နေ့စဉ်နေ့တိုင်း လှူတဲ့
ဆွမ်းတစ်အုပ်နဲ့တင် မကုန်နိုင် မခန်း
နိုင်။ လျှံလို့ လန်လို့။

အသားဟင်းက အမြဲတမ်း (၂)ခွက်
ဟင်းချိုနဲ့ချဉ်ရည်ဟင်း။ ငါးပိရည်ကျို
တို့စရာအစုံ၊ ရေခွေးနဲ့ မြည်းဖို့က
အချိုအချဉ် ခဲဖွယ်သစ်သီး လက်ဖက်
နှမ်းအကြော်။

တော်ရုံတန်ရုံ သဒ္ဒါတရားမဟုတ်
ကြီးမားလိုက်တဲ့ ဒါနအလှူ။ နေ့တိုင်း
လှူ။

မောင်ဖိုးဟန် ထမင်းစားပြီးတော
ဆရာတော့်ဝေယျာဝစ္စနဲ့ ကျော
အတွက် ဆောင်ရွက်ဖွယ်မှန်သမျှကို



www.burmeseclassic.com

www.burmeseclassic.com

ဆုပ်ကိုင်။ မမောနိုင် မပန်းနိုင်။ ညနေ ၅ နာရီတိုင်ပါလေရော အိမ်အပြန် နောက်ကျ။

အိမ်က ဒကာမကြီး ဒေါ်မြရွှေကတော့ မညည်းမညူ ဆီးမဆူ။

ဖိုးဟန်အပေါ် စေတနာထား မေတ္တာထားလို့ သစ္စာတရားကြီးမားလှတဲ့ အိမ်သူ။

တနင်္ဂနွေနေ့ မနက်မှာလဲ ဥသျှစ်ပင် ကျောင်းကို စောစောသွားတယ်။ ဆရာတော် အရုဏ်ဆွမ်း ဘုဉ်းပေးအပြီး တစ်နာရီလောက်အကြာမှာ ဖိုခွင်ဝင်တယ်။

ဖိုခွင်ထဲမှာ လုံကလေးက မနေ့က အလိုချမ်းခဲ့တဲ့အတိုင်း ငုတ်တုတ်ကလေး။

လုံကို ဆွဲထုတ်။ ဖိုခွင်ကိုရှင်း မီးလျှံအနေ လုံကိုထားပြီး မီးတင်တယ်။ မီးပေးမီးယူမှုတ။ ဖိုဆွဲချက်ကလဲ သာယာဖြည်းညင်း။ ပြင်းခဲ့တစ်ခါ၊ ပျော့ကာတစ်လှည့် လုံလေးကို လှည့်လှည့်ပြီး ထိုးတယ်။ မနက် သဝေထိုး။ ညနေ(၉)။

မီးရောင် အဝါနုကနေ အရင့်ဘက်ကူးလာတယ်။ ဆက်ဆွဲတယ်။ လက်မလွှတ်ဘူး။ ရပ်မထားဘူး။ အခိုးထွက်ဘူး။ အနံ့မရဘူး။

ပန်းရောင် အဖျားကွပ်ပြီး တက်လာတဲ့ မီးရောင်ဝါ။ မီးကြီး နှိပ်စက်တာခံရပြီ။ ဓာတ်ငြိမ်ပြီ။

ဆရာတော်ရဲ့ အဂ္ဂိရတ်မီးပညာက အံ့ဩစရာ မီးကို နိုင်နင်းလိုက်တာ။

ဆရာတော်က ဖိုဆွဲတာရပ်ခိုင်းတယ်။ ဓာတ်လှုပ်ရှားမှု မတွေ့ရဘူး။ ချက်ချင်း ညှပ်တိုလေးနဲ့ လုံကို ဆွဲညှပ်ပြီး နည်းနည်းလေး အပေါ်ကို ဆွဲတင်တယ်။ စပါးလုံးတစ်ထောက်နီးနီး အများကြီးမဟုတ် ဆရာတော်



ပညာပေးတဲ့ လုံနေလုံထား။

လုံဘေးမှာ မီးသွေးညှပ်။ တည့်မတ်ပြီး ငြိမ်အောင် ထားခိုင်းတယ်။ ဖိုမဆွဲခိုင်းဘူး။ လုံပေါ်က မီးသွေးမီးခဲ ညိုလာတဲ့အထိပဲ။

မီးသွေးအညို မှိုင်းအကျမှာ ဖိုဆွဲခိုင်းတယ်။ မီးဝိုင်းလာတဲ့အချိန်မှာ မီးသွေး ထပ်ထည့်ခိုင်းတယ်။

ဖိုဆွဲနေရင်း ဓာတ်ပြုတဲ့အနံ့ကို ရှူခိုင်းတယ်။ ဆရာတော်က အခုအချိန်အထိ လုံထဲက ဓာတ်ကို စိတ်မချသေးဘူး။ လက်လွှတ်တော်မမူဘူး။ အထူးဂရုစိုက်။

မောင်ဖိုးဟန် ဖိုခွင် မီးညွန့်အပေါ်ဘက် ညာလက်နဲ့ ဝှေ့ယမ်းလို့ ဖမ်းဆုပ် အနံ့ခံကြည့်တယ်။ အနံ့မရပါဘူး။ ဆရာတော်က...

'မင်းလေးပါးချော်ဖွဲ့လို့ ကြေးမိုးကြီးသွားကို ဓာတ်ပြုနေပြီ'

တဲ့။

ဖိုချက်ကိုတော့ နာနာနှက်ဖို့ ဝေးလို့၊ သာသာလေးမှ သာသာလေး။ တစ်ချက်ချင်း မှန်မှန်။ မြတ်ဗုဒ္ဓဂုဏ်တော် အရဟံကိုလဲ ရွတ်ခိုင်းလို့။

ဖိုးဟန်စိတ်က ဘယ်ကိုမှ မပျံ့မလွင့်။ အရဟံဂုဏ်တော်ရွတ်ပွားခြင်းဖြင့် ကုသိုလ်တွေရလိုက်တာ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း အနန္တသင်္ချေ။

နေက မြင့်မြင့်လာတယ်။ ဖိုရုံပေါ်က သရက်ပင်အာဝါသ အပူသက်သာအေးမြပါရဲ့။ ဒါပေမယ့် နေ့ဆွမ်း ဘုဉ်းပေးချိန်နီးပြီ။

ဖိုခွင်မီးကိုရပ် လုံကို နှပ်ထားလိုက်ပြီ။

ကနေ့လဲ ဖိုးဟန် ကျောင်းမှာပဲ ထမင်းစားရတယ်။ ဒါပေမယ့် မနေ့ကလောက် နောက်မကျဘဲ အိမ်အပြန် စောတယ်။

အိမ်အပြန် ဖိုးဟန် ဝတ်ဖြည့်တော့ ဆရာတော်က...

'ဖိုခွင်ဝင် မီးတင်တဲ့ အဆင့်ဆင့် မင်း လက်တွေ့ မြင်ပြီးပြီ။ မီးနေမီးထားသာ မမှားစေနဲ့။ ကိုယ်တိုင် ဖိုခွင်ဝင်လို့ရပြီ။ အမြန်မပြီးချင်နဲ့၊ စိတ်ဆန္ဒမစောနဲ့ **"အဂ္ဂိရတ်ဆိုတာ စိတ်ရှည်ရတယ်"**။

'မှန်ပါ့ ဘုရား'

'မင်း ကျောင်းတက်တဲ့ နေ့တွေမှာ အခု မီးတင်သလိုပဲ မီးတင်သွားမှာ။ ဘာမှ စိတ်မပူနဲ့။ လာမယ့် စနေနေ့မှာ ချော်အသစ်တင်မယ်'

ဆရာတော် မိန့်ကြားတဲ့ စကားအဆုံးမှာ ဖိုးဟန် အိမ်အပြန်လမ်းကို စပြီ။

တနင်္လာနေ့ရောက်တော့ ဆရာတော့်ဆီကိုဝင်၊ ဆွမ်းစားကျောင်းအောက်ဆင့်ကထိုင် ရှိခိုးဦးချကန်တော့ မိန့်ဆိုမယ့်စကား နာကြား ဝပ်တွားလို့ရှိသေ။

**ရှေ့လ ဆက်ဖတ်ပါရန်**

**ရွှေတောင် ခင်မောင်ကြည်**

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊ မတ်လအတွက်
ဓာတ်ကြီးငါးပါး စိုးမိုးမှုနှင့် အောင်ဘာလေ

# ထီ ဆုငွေ



မတ်လတာကာလ အောင်ဘာလေ ထီဖွင့်ပွဲ၌ ဆုကြီးများနှင့် နီးစပ်နိုင်စေရန် ၂၊ ၃၊ ၆၊ ၈ ဂဏန်းခြေများကို ခ၊ ဠ၊ ဘ၊ ရ အက္ခရာတို့နှင့် တွဲဖက်၍ ကံစမ်းကြည့်ပါ။

ဂဏန်းတူ၊ ဂဏန်းထပ်များ အလို ရှိပါက ၂၊ ၃၊ ၆၊ ၈ တို့အနက် နည်းဆုံး နှစ်လုံးနှင့်အထက် ပါဝင်သော ထီလက်မှတ်ကို ရွေးချယ်ပါ။

မွေးနှစ်အရ ကံလာဘ် ပွင့်စေမည့် အခွင့်အလမ်းများကို အသုံးချလိုပါက အောက်တွင်ကြည့်ပါ။

* * *


| မွေးနှစ် | ကံပွင့် ဂဏန်း | လာဘ်ပွင့် အရောင် | ကံပွင့်အရပ် | တွဲဖက်ကံစမ်းသင့်သူ | ကံပွင့်နေ့ |
|---|---|---|---|---|---|
| ကြွက် | ၃ | အစိမ်းနု | အရှေ့ | သောကြာသားသမီး | ကြာသပတေးနေ့ |
| နွား၊ ကျား | ၁ | အပြာ | မြောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ |
| ယုန် | ၆ | အဖြူ | အနောက်မြောက် | ကြာသပတေးသားသမီး | တနင်္ဂနွေနေ့ |
| နဂါး၊ မြွေ | ၇ | ရွှေဝါ | အနောက် | ကြာသပတေးသားသမီး | သောကြာနေ့ |
| မြင်း | ၂ | မြေဝါ | အနောက်တောင် | စနေသားသမီး | တနင်္လာနေ့ |
| ဆိတ်၊ မျောက် | ၄ | အစိမ်းရင့် | အရှေ့တောင် | တနင်္ဂနွေသားသမီး | ကြာသပတေးနေ့ |
| ကြက် | ၉ | အနီ | တောင် | ဗုဒ္ဓဟူးသားသမီး | အင်္ဂါနေ့ |
| ခွေး၊ ဝက် | ၈ | အညို | အရှေ့မြောက် | တနင်္လာသားသမီး | စနေနေ့ |

ထီလက်မှတ် အရောင်းဆိုင်တည်ရာ၏ ဌာနဗလကို ရယူလိုပါက...

မီးရထားသံလမ်း၊ မီးရထားတွဲပြင်၊ ခေါင်းပြင်အလုပ်ရုံ၊ ပန်းပဲဖို၊ စက်ရုံကြီးများ၊ မီးဖိုချောင်သုံးပစ္စည်းများ အရောင်းဆိုင်၊ ဖန်ထည်မှန်ထည်ပစ္စည်း အရောင်းဆိုင်၊ လျှပ်စစ်ပစ္စည်း အရောင်းဆိုင်၊ စက်သုံးဆီ ဓာတ်ငွေ့ အရောင်းဆိုင်များအနီး ဖွင့်လှစ် ရောင်းချသော ထီဆိုင်၊ မြင့်မားသော အဆောက်အအုံများထက်၌ ရောင်းချသော ထီဆိုင်များတွင် ကံစမ်းသင့်သည်။

ထိုအရောင်းဆိုင်များ၌ အထက်ဖော်ပြပါ ကံအခွင့်အလမ်းများနှင့် တွဲဖက် ကံစမ်းခြင်းဖြင့် ပိုမို၍ ထူးခြားနိုင်ပါသည်။ **ဥပမာ...**

ကြွက်နှစ်ဖွားတို့သည် သုံးထပ်၊ သုံးလွှာရှိ ထီဆိုင်သို့မဟုတ် ဆိုင်ခန်းအမှတ်တွင် (၃)ပါသောဆိုင်တွင် အစိမ်းနုရောင်ပစ္စည်းကို အဆောင်ပြု၍ ကြာသပတေးနေ့တွင် ကံစမ်းနိုင်သည်။



မိမိ၏ နေအိမ် အလုပ်ခန်း၏ အရှေ့ အရပ်တွင်ရှိသောဆိုင် ဖြစ်သင့်သည်။ တွဲဖက်စပ်တူထိုးလိုပါက သောကြာ သားသမီးတစ်ဦးဦးနှင့် တွဲ၍ ကံစမ်း...

ထီကံမြှင့် ယတြာပြုလိုပါက...

အနီရောင်ကြက်လျှာ (၉)ခုကို လူအ... ကိုးကွယ်သည့် ဘုရားစေတီတစ်ဆူ... တောင်ဘက် ဗုဒ္ဓဟူးဂြိုဟ်တိုင်မှ... ကပ်လှူကာ လိုရာဆုတောင်းပါ။ ထို... မွေးနှစ်အရ ကံပွင့်သောနေ့တွင် ပြုလုပ်... ပါသည်။

***ဝှယုင်း၊ ဓာတ်ကြီးငါးပါး အကူအ...
ဖြင့် ထီကံထူးနိုင်ကြပါစေ။***

**ထက်မင်းကျော်စွာ**



www.burmeseclassic.com


www.burmeseclassic.com

ဝါးလုံးအတွင်းမှ ဖူးတွေ့ရှိသော

# ရွှေဆင်းတု ရုပ်ပွားတော်

နှင့် ထူးခြားသော ဖြစ်ရပ်ဆန်းများ

စေန္ဒာမိုး(တောင်ငူ)



▲ ရုပ်ပွားတော်အကြီး၏ ဘယ်လက်တော်ထဲမှ ရွှေဆင်းတု ရုပ်ပွားတော်

စာရေးသူသည် ယခု ရေးသား တင်ပြမည့် ဓာတ်လမ်းပိုင်ရှင်ဖြစ်သူ ဦးကျော်မြင့်နှင့် တစ်ရွာတည်း နေထိုင်ကြသူများဖြစ်ပါသည်။ ဦးကျော်မြင့်သည် စာရေးသူတို့ရွာသို့ ရောက်လာသည်မှာ (၂၇)နှစ်ခန့် ရှိပြီဖြစ်သော်လည်း သူ့အိမ် သူနေရာမှ ရွာထဲရှိ အခြားအိမ်များသို့ သွားလာလည်ပတ်တတ်သူ မဟုတ်သဖြင့် ယခု ရေးသား တင်ပြမည့် ဘုရားရှိမှန်း မသိကြပါ။

ဆရာဦးကျော်ဖောက ဦးကျော်မြင့်အိမ်ကိုရောက်ရှိပြီး သူတို့ ဆရာအချင်းချင်း စကားစပ်မိကြ၍ ဦးကျော်ဖောမှတစ်ဆင့် စာရေးသူ သိရှိရခြင်း ဖြစ်ပါသည်။

စာရေးသူလည်း ကြားသိရပြီဆိုတော့ တစ်နေ့မှာ ကင်မရာလေးနှင့် ဦးကျော်မြင့်အိမ်သို့ ရောက်ခဲ့ပါသည်။

ဝါးလုံးအတွင်းမှ ရရှိသည်ဆိုသော ရွှေဆင်းတုရုပ်ပွားတော်လေးကို ဖူးမြော်ကန်တော့ပြီး စာရေးသူက ဦးကျော်မြင့်ကို မေးမြန်း သိရှိရသည်များကို အောက်ပါအတိုင်း တင်ပြလိုက်ပါသည်။

## ရွှေဆင်းတု ရုပ်ပွားတော်လေး၏ ဉာဏ်တော်

ရွှေဆင်းတု ရုပ်ပွားတော်လေး၏ ဉာဏ်တော်အမြင့်မှာ အောက်ခြေလျှင်နှင့် နောက်ကျောဘက်တော်မှ တံကဲအပါအဝင် တစ်လက်မခန့် ဉာဏ်တော်မြင့်တော်မူပါသည်။

ပလ္လင်အောက်ခြေမှာ လက္ခဏာခန့် ရှိပါသည်။ ဘူမိဖဿမုဒြာဟန် ရုပ်ပွားတော်ဖြစ်ပြီး ရွှေသားဖြင့် သွန်းလုပ်ပူဇော်ထားသည်ဟု ယူဆရပါသည်။


ကိုင်ကြည့် ပူဇော်နေတုန်းကတော့ သတိမထားမိသော်လည်း တော်ပုံထဲ





www.burmeseclassic.com

www.burmeseclassic.com



မှာ ပလ္လင်တော်၏ ရှေ့ဘယ်ဘက် အောက်ခြေတွင် အပေါက်တစ်ပေါက် ပါရှိကြောင်း တွေ့ရှိရပါသည်။

ရုပ်ပွားတော်လေးသည် ပလ္လင်တော်နှင့် တံကဲတော်တို့ပါ တစ်ဆက်တည်း သွန်းလုပ် ပူဇော်ထားခြင်းဖြစ်ပါသည်။

**ဆင်လှည်းလှည်းမှ ခွာ၍ ဓာတ်ပုံရိုက်ယူ မှ ထင်ထင်ရှားရှား ဖူးမြော်တွေ့ရှိရပြီး အနီးကပ် ဆွဲယူရိုက်ကြည့်ရာတွင် ရုပ်ပွားတော် တစ်ဆူလုံးတွင် တူညီသော ရောင်စုံပုလဲလုံးများသဖွယ် ဖြစ်ပေါ်နေသည်ကို ဖူးတွေ့ရပါသည်။**

စာရေးသူ၏လက်တွင် တင်၍ (ကိန်းဝပ်၍)အနီးကပ် ရိုက်ယူထားသော ပုံတော်ကို တင်ပြပေးလိုက်ပါသည်။

---

ရွှေဆင်းတုရုပ်ပွားတော်လေး

---

စတင် ဖူးတွေ့ရပုံ

---

ဦးကျော်မြင့်သည် အသက်(၃၉)နှစ် အရွယ် ၁၉၈၅ ခုနှစ်က ဆက်သွယ်ရေး အဆင့်(၁)ဝန်ထမ်းတစ်ဦး ဖြစ်ပြီး **သန်လျင်မြို့ ပျဉ်ထောင်ကျောင်းရှိ ပြည်ပအသံဖမ်းရုံးတွင်** ရေဒီယိုအော်ပရေတာ တာဝန်ကို ထမ်းဆောင်လျက် ရှိပါသည်။

ထိုဒေသတွင် နှစ်ဆောင်တွဲ မြေစိုက်တိုက်ခန်း (လိုင်းခန်း)တွင် သမီးကြီးအပါအဝင် မိသားစုသုံး ယောက် နေထိုင်ကြပါသည်။

ထိုကာလ၏ နေ့တစ်နေ့ အလုပ်အားရက်မှာ သူငယ်ချင်းဖြစ်သူ ဦးသာအေး၏ နေအိမ် ဆောက်လုပ်ရာတွင် သွားရောက် ကူညီဆောက်လုပ်ပေးနေပါသည်။ ဦးသာအေး၏ နေအိမ်မှာ ဝါးအိမ်ဖြစ်သွားသဖြင့် တိုင်ကအစ အခင်းအကာတို့ကို ဝါးများဖြင့် ပြုလုပ်ပြီး ဓနိမိုးအိမ်ဖြစ်ပါသည်။

ကျွန်တော်က ကြမ်းခင်းရန် ဝယ်ပုံထားသော ဝါးလုံးများထဲမှ တစ်လုံးစီ ယူ၍ လွှဖြင့်ဖြတ်ကာ ဓားမဖြင့် ထက်ခြမ်းခွဲပေးရပါသည်။

ထိုသို့ဖြတ်ခွဲနေစဉ် ဝါးလုံးတစ်လုံး အတွင်းမှ မထင်မှတ်ဘဲ ရွှေရောင်ဝင်းနေသော ရုပ်ပွားတော်လေးကို ဝါးခွဲလိုက်၍ ထွက်ကျလာသည်ကို မြင်တွေ့ ရသဖြင့် ကောက်ယူကာ အိတ်ကပ်ထဲ ထည့်ယူလာခဲ့ပါသည်။ နောက်နေ့က မှ ဦးသာအေးကို ပြောပြရာ **"မင်း ပူဇော်ထိုက်လို့ရတာ ရှိရှိသေသေ လေးလေးစားစား ဂရုတစိုက်ထား ပြီး ပူဇော်ပါ"** ဟု ပြောပါသည်။

နေအိမ်အရောက်တွင် ရုပ်ပွားတော် လေးကို ရေစင်သပ္ပာယ်၍ အမွှေးနံ့သာ များဖျန်းပက်ကာ ခေါင်းရင်းအုတ်နံရံ တွင် သံပြားဖြင့် ကပ်ဆွဲထားသော ဘုရားစင်ပေါ် တင်ထားကိုးကွယ်ခဲ့ပါ သည်။

ဒီနောက်ပိုင်းတွင် ဘုရား,တရား အလုပ်ကို ယခင်ကထက် ပိုမို အလေး ထား ပြုလုပ်ချင်စိတ်များ ဖြစ်ပေါ်လာ ပါသည်။

သို့နှင့် နံနက်နှင့် ညအချိန်များတွင် ဆွမ်း,ပန်း,ရေချမ်း,ဆီမီး,နံ့သာ စသည် တို့ဖြင့် ပူဇော်ခြင်း၊ နံနက်ပိုင်းမှာဆွမ်း နှင့် သစ်သီးဆွမ်းများ ကပ်လှူခြင်း ဂုဏ်တော်ပုတီးစိပ်ခြင်း သမထ

www.burmeseclassic.com

ိပဿနာ တရားထိုင်ခြင်း စသည့် ဘုရား၊ တရားအလုပ်များကို ယခင်က ထက် အချိန်ပေး၍ ယုံကြည်သဒ္ဓါ ားများစွာဖြင့် ပြုကျင့်နေမိပါသည်။

## ရုပ်ပွားတော်အကြီးကို ဆုတောင်းရရှိပုံ


ဦးကျော်မြင့်သည် နေ့စဉ် ဘုရားရှိ ိုးခြင်း၊ အာရုံပြုတရားထိုင်ခြင်းတို့ ပြု ုပ်ရာတွင် ဘုရားစင်ပေါ်တွင်ရှိသော ရွှေဆင်းတု ရုပ်ပွားတော်လေးမှာ ာတော်သေးငယ်၍ အောက်မှ ိုင်ပြီး ပူဇော်ရာတွင် ထင်ထင်ရှားရှား ူတွေ့ရသဖြင့် အားမလိုအားမရ ဖြစ်နေမိရာ တစ်နေ့တွင် ဘုရားမှာ ုတောင်းပါသည်။

'ဘုရားတပည့်တော်သည် ရွှေဆင်းတု ုပ်ပွားတော်လေးကို မြင်မြင်ထင်ထင် ပူဇော် ိုပါသဖြင့် ပုံတော်ကြီးမားသော ရုပ်ပွား တော်တစ်ဆူ ထပ်မံ ရရှိရပါလို၏ ဘုရား' ဟု ဆုတောင်းမိပါသည်။

ဦးကျော်မြင့်တို့ မိသားစုသုံးဦးသည် ်တ်စဉ်(၃/၄)ရက်တစ်ခါ ကျိုက် ်ကဘုရားဈေးသွား၍ ဈေးဝယ်ထွက် ော့ ရှိပါသည်။ ဈေးဝယ်ထွက်တိုင်း ည်း ကျိုက်ခေါက်ဘုရား ရင်ပြင် ော်ပေါ်မှာ တံမြက်စည်းလှည်း ိန့်ရှင်းရေးပြုလုပ်လေ့ ရှိပါသ;ည်။


ဤလိုနှင့် တစ်နေ့မှာ ဦးကျော်မြင့် ျိုက်ခေါက်ဘုရား ရင်ပြင်တော်ပေါ် တံမြက်စည်းလှည်းနေရင်းက ေစေတီကြီး၏ အောက်ဆုံးပစ္စယံ ်တွင် (၇)လက်မခန့်ရှိ တစ်ဖက် ်င်း ရုပ်ပွားတော်တစ်ဆူကို ဖူးမြင် ရသဖြင့်. တစ်ဦးတစ်ယောက် ်နေသည်ထင်၍ ရှတ်တရက် ာ ပြန်လာခဲ့ပါသည်။

ဤအကြောင်းကို လုပ်ဖော်ကိုင်ဖက်




ရှေ့ဘက်ပုံတော်

နောက်ကျောဘက်ပုံတော်



www.burmeseclassic.com



● ဆောဆောက်ပုံတော်



● ဦးကျော်မြင့်

သူငယ်ချင်းကို ပြောပြရာ"ဒါ မင်း ပူဇော်ထိုက်လို့တွေ့ရတာ သွားပြန်ယူ ချေ"ဟု ပြောသဖြင့် ဘုရားပေါ်ပြန် သွားကြည့်ရာ မူလအတိုင်း ရှိနေသေး သဖြင့် မိမိနေအိမ်သို့ ပင့်ဆောင်လာ ခဲ့ပါသည်။

ရုပ်ပွားတော်မှာ (၇)လက်မခန့်ရှိ ဓမ္မစကြာမုဒြာဟန်ရုပ်ပွားတော် ဖြစ်ပြီး ဖိုင်ဘာကို တစ်ဖက်ဖောင်းပုံ လောင်းထု လုပ်ပူဇော်ထားသည်ဟု ယူဆရပါ သည်။

နေအိမ်အရှေ့ဘက်တွင် ရေစင် သပ္ပာယ်လျက် အမွှေးနံ့သာများ ဆွတ် ဖျန်းကာ ဘုရားစင်မှာ ပူဇော်ထားရှိပါ သည်။ ထိုအခါကြမှ ရွှေဆင်းတုတော် ရုပ်ပွားတော်လေးကိုလည်း ရုပ်ပွား တော်ကြီး၏ ဝဲဘက်လက်တော်ပေါ် တွင် တင်ထားပူဇော်ရသဖြင့် ကြမ်း ပြင်မှတိုင်၍ ထင်သာမြင်သာ ပူဇော်ခွင့် ရရှိပါတော့သည်။

ရုပ်ပွားတော်အကြီး၏ ဝဲဘက်ခြေ သလုံးတော်ပေါ်ရှိ သင်္ကန်းတော်ပေါ် တွင် (Swastir)ဆိုသည့် စာသား ရေးထိုးထားသည်ကိုလည်း တွေ့ရှိရပါ သည်။

## တရားထိုင်နေစဉ် ထူးဆန်းသော ဖြစ်ပေါ်မှုများ

ဦးကျော်မြင့်သည် ရုပ်ပွားတော် နှစ်ဆူကို ဖူးတွေ့ရရှိပြီးသည့် နောက် ပိုင်း ဘာသာရေးအလုပ်များကို ယခင် ကထက် စိတ်အားထက်သန်စွာ ပိုမို ဂရုစိုက် အလေးထား ပြုလုပ်ဖြစ်ပါ သည်။

နေ့စဉ် နံနက်(၄)နာရီ အိပ်ရာမှထ၊ မျက်နှာသစ် ကိုယ်လက်သန့်စင်ပြီး ဘုရားမှာ ရေချမ်းကပ်၊ အလင်းတိုင်၊ အမွှေးတိုင် (မှတ်မှတ်ရရ ထိုစဉ်က ရွှေဒဂါးအမွှေးတိုင် ဖြစ်ပါသည်။) ... ထွန်းညှိပူဇော်ပြီး ဘုရားရှိခိုး၊ ... သီလခံယူကာ ဂုဏ်တော်ပုတီး ... ပတ်စိပ်ပြီးနောက် သမထ၊ ဝိပဿ... တရားထိုင်ပါသည်။

နံနက်(၅း၃၀)နာရီမှာ တရား... တခြားပြုဖွယ်ကိစ္စများကို ပြု... သည်။ ညပိုင်းတွင်လည်း ည(၈)... မှ (၁၀)နာရီခန့်အထိ အထ... အတိုင်း ဘာသာရေးအလုပ်... ပြုလုပ်ပါသည်။ ဤသည်မှာ ဦး... မြင့်၏ နိစ္စဓူဝ ပြုကျင့်မှုများပင် ... သည်။


ထိုကဲ့သို့ ပြုကျင့်နေစဉ်... အတွင်း ထူးဆန်းသည့် ဖြစ်ရပ်... တစ်မျိုးပြီးတစ်မျိုး ကြုံတွေ့... သည်။ ပထမဆုံး ထူးဆန်းမှုမှာ ... မှာ ထွန်းညှိပူဇော်ထားသည့် ... တည်းသော အမွှေးတိုင်မီးစွဲ...




www.burmeseclassic.com

www.burmeseclassic.com


မှ ပြာတောင့်များသည် အောက် ကြွေကျမသွားဘဲ "က"ကြီး အက္ခရာ ဖြစ်ပေါ်၍ နေပါသည်။





ထိုသို့ ဖြစ်ပေါ်ပြီးမှ ကြွေကျသွားပါသည်။ နောက်တစ်နေ့တွင် "ခ" အက္ခရာ ပေါ်ပါသည်။




နောက်တစ်နေ့တွင် "ဂ"အက္ခရာ ပေါ်ပါသည်။




"ဂ"ပြာတောင့် အမွှေးတိုင်ရိုးတံသည်အားဖြင့် တစ်နေ့တစ်လုံး ပေါ်သွားရာ (၃၃)ရက်မြောက်မှာ ဗျည်း(၃၃) လုံးစလုံး ကုန်အောင်ပေါ်ပါသည်။




ဒုတိယ ထူးဆန်းမှုမှာ အမွှေးတိုင်အငွေ့များသည် အပေါ်သို့ ထောင်တက်မသွားဘဲ အမွှေးတိုင်၏ ဘေးနှစ်ဖက်သို့ မှုတ်ထုတ်လိုက်သလို ပန်းထွက်ပါသည်။ ပြာလည်း ကြွေကျသွားခြင်း မရှိပါ။


တတိယ ထူးဆန်းမှုကတော့ အမွှေးတိုင် မီးစွဲနေသည့် နေရာကနေ အငွေ့မထွက်ဘဲ မီးမရောက်သေးသည့် အောက်ဘက်မှနေ၍ မီးခိုးများ ထွက်နေသည်ကို တွေ့ရှိရပါသည်။


* * * ——————→



◆ လက်ထဲတွင် ပုံကြီးချဲ့ရိုက်ကူးရာတွင် ပုလဲလုံးသဏ္ဌာန်ဖြစ်ပေါ်နေသော ရွှေဆင်းတုရုပ်များတော်

ယင်းနောက်ရက်များတွင် ထူးဆန်းမှုများ တစ်မျိုးပြောင်း၍ ဖြစ်ပေါ်လာပြန်ပါသည်။ ပထမတွင် အမွှေးတိုင်ပြာသည် ကြွေကျမသွားဘဲ ယခုလိုပုံမျိုး ပေါ်နေပြန်ပါသည်။




(၂/၃)ရက်ဆက်တိုက် ဤပုံမျိုးချည်း ပေါ်နေသဖြင့် ဘာသာရေးကျင့်စဉ်များ ပြုလုပ်နေသည့် ဦးသာအေးကို ပြောပြမိပါသည်။ ဦးသာအေးမှာ အလုပ်က တွင်ခုံလုပ်ကိုင်ခြင်းဖြစ်ပြီး ပုတီးစိပ်ခြင်း၊ ဖိုထိုးခြင်း စသည့် ဓာတ်လိုင်းလိုက်စားသူတစ်ဦး ဖြစ်ပြီး ဘာသာရေး ဗဟုသုတလည်း ကြွယ်ဝသူတစ်ဦး ဖြစ်ပါသည်။

ဦးသာအေးက ရှင်းပြရာတွင်...

'အဲဒါ ပုဂ္ဂိုလ်ပိုင်းဆိုင်ရာက ကာယကံရှင် မင်းကိုပေးတဲ့ **"စ,ဓ,ဗ,ဝ"**အင်း ဖြစ်တယ်။ အဲဒီအင်းပြာကိုယူပြီး ရေစိမ်သောက်လိုက်'

ဟု ကျွန်တော့်ကို ပြောသည်နှင့် "စ,ဓ,ဗ,ဝ"အင်း ဖြစ်ပေါ်နေသော



www.burmeseclassic.com

www.burmeseclassic.com



◆ သင်္ကန်းတော်ထိပ်က စာ

အင်းပြာကို ရှိသေစွာယူ၍ ရေဖြင့် ဖျော်သောက်လိုက်ပါသည်။ ထိုအခါမှ ဤပုံမျိုး ထပ်မပေါ်တော့ပါ။

"စ,ဓ,ဗ,ဝ"အင်းပြာကို သောက်ပြီး နောက်ရက်တွင် အမွေးတိုင်ပြာက ၄၉ ဤပုံမျိုး ထပ်ပေါ်ပြန်ပါသည်။ ဦးသာအေးကိုပြတော့ "**နဘယ်အင်း**" ဟု ပြောပါသည်။

ထိုအင်းပြာကိုလည်း ရေဖျော်၍ သောက်လိုက်ပါသည်။ နောက်တစ်နေ့ တတိယအကြိမ် အမွေးတိုင်ပြာက ၅၇ ဤပုံမျိုး ပေါ်ပြန်ပါသည်။ ဦးသာအေးက "**အရဟံ**"အင်းဟု ဆိုပါသည်။ ဤ အရဟံအင်းပြာကိုလည်း ရေဖြင့်ဖျော်၍ သောက်လိုက်ပါသည်။

အထက်ပါ "စ,ဓ,ဗ,ဝ"အင်းပုံ၊ "နဘယ်"အင်းပုံနှင့် "အရဟံ"အင်းပုံ တို့ ပေါ်ပြီးနောက် အမွေးတိုင်ပြာများ သည် ထူးဆန်းသည့်ပုံများ မပေါ် တော့ဘဲ သမားရိုးကျ အတိုင်းကြွေကျ သွားကြပါသည်။

## ထူးဆန်းသော နေရာများသို့ ရောက်ရှိခြင်း

အထက်ပါ ကိစ္စရပ်များဖြစ်ပေါ်ပြီး နောက် ရက်များမကြာမီမှာပင် ဦးကျော်မြင့်သည် တရားထိုင်နေရင်းက အမွေးတိုင်ပြာများကို မြင်ယောင်ရင်း မိမိ အာရုံတွင် ဂေါတမမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် ပရိနိဗ္ဗာန်စံ လွန်တော်မူပြီး တေဇောဓာတ်လောင်ပုံ၊ တေဇောဓာတ် လောင်ပြီးနောက် ဘယ်လိုတွေ ဖြစ်သွားသလဲ စသည် တို့ကို သိလိုသည့်ဆန္ဒများ တဖွားဖွား ဖြစ်ပေါ်နေခဲ့ပါသည်။

ထိုသို့ ဆန္ဒများဖြစ်ပေါ်နေစဉ် ပုဂ္ဂိုလ် တစ်ဦးသည် သူ့ညာဘက်ဘေးမှာ လာရပ်ပြီး ဦးကျော်မြင့်၏ ညာလက် မောင်းကို ကိုင်ကာ ကောင်းကင်ထက် သို့ ခေါ်ဆောင်သွားပါသည်။

ကောင်းကင်ယံတွင် တိမ်တိုက်များ ကြား အတန်ကြာ လွင့်မြောသွားပြီး နောက် ဉာဏ်တော် ကိုးတောင်ခန့်ရှိ ရွှေရောင်တွေဝင်းနေပြီး ရွှေထီးဂိုဘုရား စေတီပုံသဏ္ဍာန်ရှိသော ဘုရားစေတီ တစ်ဆူကို ဖူးတွေ့ရပါသည်။

ဘုရားစေတီ၏ ပတ်ပတ်လည် ပရိဝုဏ်တွင် ဗြဟ္မာများ၊ နတ်များ သူတော်စင် ရဟန်းပုဂ္ဂိုလ်များ၊ အဖြူ ရောင်ဝတ် သူတော်စင်ပုဂ္ဂိုလ်များ အညိုရောင်ဝတ် သူတော်စင်ပုဂ္ဂိုလ် များ၊ သူတော်စင်ဝိဇ္ဇာများ အစရှိသည့် ပုဂ္ဂိုလ်များသည် သူ့အကန့်နှင့်သူ စေတီအနီးမှာနေ၍ နောက်ဘက်သို့ တိုင်အောင် အတန်းလိုက် အနေ အထားဖြင့် ရင်ပြင်တော်အပြည့် လက်အုပ်ချီ ရှိခိုးပူဇော်နေကြသည်ကို



www.burmeseclassic.com

www.burmeseclassic.com

ဆက်စီးမှုနေ၍ တွေ့မြင်နေရပါ
သည်။

ဦးကျော်မြင့်၏လက်မောင်းကို ကိုင်
သောပုဂ္ဂိုလ် (ထိုပုဂ္ဂိုလ်၏
သဏ္ဌာန်ကို မမြင်ရပါ)က မိန့်ကြားရာ
င် ယခု တွေ့မြင် ဖူးမြော်နေရသော
ရားစေတီသည် စူဠာမဏိဘုရား
ဖြစ်ကြောင်း မိန့်ကြားရှင်းပြပေးပါ
သည်။

ဦးကျော်မြင့်သည် စူဠာမဏိဘုရား
အာရုံပြု ဦးသုံးကြိမ်ချ ရှိခိုးလိုက်
သည့်အချိန်မှာ သူတော်စင် ပုဂ္ဂိုလ်ကြီး
ဦးကျော်မြင့်၏ လက်မောင်းကို
တ်လိုက်ပါသည်။

ဦးကျော်မြင့်ကလည်း ဤအချိန်
မှ မိမိရုပ်ခန္ဓာမှာ သတိပြန်ဝင်လာ
တော့သည်။ မကြာမီ တရားဖြုတ်ပြီး
ထူးဆန်းသည့်အဖြစ်အပျက်
ကို စဉ်းစား ဆင်ခြင်နေမိပါတော့
သည်။

ထိုသို့ ကြုံတွေ့ရပြီးနောက် မကြာမီ
တစ်ရက်တွင် ဦးကျော်မြင့်သည်
ထိုင်နေရင်းက **"သူတော်စင်**
**ဆိုတာ ဘယ်လိုပုဂ္ဂိုလ်မျိုး**
**ပါလိမ့် မြင်တွေ့ဖူးချင်လိုက်**
**"**ဟု စိတ်ဆန္ဒတစ်ခု အာရုံမှာ
ပေါ်နေမိပါသည်။

ထိုအခါမှာ ယခင်တစ်ကြိမ်က နတ်
သို့ ခေါ်ဆောင်သွားခဲ့ဖူးသည့်
ဂ္ဂိုလ်ကြီးသည် ဦးကျော်မြင့်၏ ညာ
ဘေးမှာ လာရပ်ပြီး ဦးကျော်မြင့်
ညာလက်မောင်းကို ကိုင်ကာ
ောင်းကင်ခရီးဖြင့် ခေါ်ဆောင်သွား
ပါသည်။

ဦးကျော်မြင့်သည် ဝေဟင်ကနေ
က်သို့ ကြည့်မိရာ လူနေအိမ်များ၊
ကွင်းများ၊ တောအုပ်များ၊ မြစ်
င်းအိုင်များတို့ကို ကျော်ဖြတ်
သွားနေတာကို မြင်တွေ့နေရပါသည်။

အချိန်အတန် ကြာသွားပြီးနောက်
အလွန်မြင့်မားသည့် တောင်ကြီး
တစ်လုံး၏ ထိပ်နားရှိ တောင်ခါးပန်း
မြေပြန့်လေးပေါ်ကို ဆင်းသက်ရပါ
သည်။

ခေါ်ဆောင်လာသည့် ပုဂ္ဂိုလ်ကြီး
က မိမိလက်မောင်းကို လွှတ်ကာ ထို
တောင်သည် ဟိမဝန္တာတောင်ဖြစ်
ကြောင်း ပြောပြပြီး တောင်ကြီး၏
ဘေးတွင်ရှိသော ဂူပေါက်ကြီးဆီသို့
ခေါ်ဆောင်သွားပါသည်။

ဂူပေါက်ကြီးမှ တစ်ဆင့်ဂူအတွင်းသို့
ရောက်သောအခါ ဂူကြီးမှာ အတန်
အသင့် ကျယ်ပြန့်ပြီး ဂူနံရံများ မှိုရောင်စုံ
ကျောက်သားများမှ အလင်းရောင်များ
ဖြစ်ပေါ်နေပြီး ယင်းအလင်းရောင်ဖြင့်
များပြားလှသော ဆင်းတုတော်များကို
လည်း ဖူးတွေ့ရပါသည်။

တဖြည်းဖြည်း ဘုရားဖူးလျှောက်
ရင်း သွားနေရာမှ ငါးပေခန့်ရှိ ဂူပေါက်
တစ်ခုဆီ ရောက်သွားပါသည်။ ယင်း
ဂူပေါက်မှ အပြင်တွင် အောက်ခြေထိ
အောင် မမြင်ရသော အလွန်တရာ
နက်ရှိုင်းသည့် ချောက်ကြီးတစ်ခု ရှိပါ
သည်။

ထိုအလွန်တရာ နက်ရှိုင်းသည့်
ချောက်ကြီးအလွန်တွင် တောအုပ်
ကလေးတစ်ခုကိုလှမ်းမြင်နေရပါသည်။

ထိုတောအုပ်ကလေးတွင် ဆယ်ပေ၊
ဆယ့်ငါးပေခန့် အမြင့်ရှိသော သစ်ပင်
ကလေးများသည် မဏ္ဍပ်တိုင်ကလေး
များသဖွယ် ပေါက်ရောက်နေခြင်းဖြစ်
ပြီး ထိုတောအုပ်ကလေး၏ အလယ်
တည့်တည့်တွင် ပြောင်းရှင်းနေသည့်
တောင်ကမူလေးတစ်ခု ရှိသည်။

ထိုတောင်ကမူလေးပေါ်တွင် ရွှေ
ရောင်ဝင်းနေသော ရုပ်ပွားတော်တစ်ဆူ
စံပယ်တော်မူနေသည့်ကို မြင်နေရပါ
သည်။ ရုပ်ပွားတော်သည် တင်ပျဉ်ခွေ
ထိုင်တော်မူလျက် တရားဟောနေ
သည့် ပုံသဏ္ဌာန်ဖြစ်ပြီး ဉာဏ်တော်
(၃/၄)ပေခန့် ရှိပါသည်။

ရွှေရောင်ဝင်းနေသည့် ဆင်းတု
တော်၏ ရှေ့နောက်ဝဲယာ ပတ်ပတ်
လည်တွင် ရှေ့ဆုံးမှ ရဟန်းတော်များ၊
ထက်,အောက် ဝတ်ဖြူစင်ကြယ်ဝတ်
ပုဂ္ဂိုလ်များ၊ ထက်,အောက်ယောဂီ
ရောင်ဝတ်ပုဂ္ဂိုလ်များ အစရှိသည့်
ပုဂ္ဂိုလ်များသည် ရွှေဆင်းတုရုပ်ပွား
တော်အား ဖူးမြော်ကန်တော့ကြပြီး
တင်ပျဉ်ခွေထိုင်လျက် တရားကျင့်နေ
ကြတာကို တွေ့ရှိရပါသည်။

ဦးကျော်မြင့်ကို ခေါ်လာသော
ပုဂ္ဂိုလ်ကြီးမှ...

'အဲဒီပုဂ္ဂိုလ်တွေဟာ မင်း တွေ့ချင် မြင်ဖူး
ချင်နေသော သူတော်စင်ပုဂ္ဂိုလ်များ ဖြစ်
တယ်'

ဟု မိန့်ကြားပေးပါသည်။

သူတော်စင်ပုဂ္ဂိုလ်များသည် အမျိုး
သားများကိုသာ တွေ့ရှိရကြောင်း
ဦးကျော်မြင့်က သတိထားမိပါသည်။

တောအုပ်ကြီးသည် သဘာဝ
အတိုင်း အလင်းရောင်များ ဖြစ်ပေါ်
နေသည်ကိုလည်း တွေ့ရှိရပါသည်။
ထိုသို့ တွေ့မြင်ရပြီးနောက် ဦးကျော်မြင့်
သည် မိမိခန္ဓာတွင် သတိပြန်ရလာခဲ့ပါ
သည်။

ယခုအခါ ဦးကျော်မြင့်သည် အငြိမ်းရ
ပင်စင်စားတစ်ဦးဖြစ်ပြီး ကျင့်စဉ်
စခန်းများ ကျင့်ကြံ အားထုတ်လျက်
ရှိပါသည်။

**ဝေဒနာကင်းပျောက် ချမ်းသာ
ရောက်ကြပါစေ။**

**စန္ဒာမိုး(တောင်ငူ)**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

လေးဖက်နာရောဂါအတွက်

# စကြာမင်း

အမှတ်တံဆိပ်

# လေးဖက်နာသောက်ဆေးနှင့် လိမ်းဆေး

"မမမျိုးရေ မမမျိုး"

"ဟဲ့ ဘယ်သူတုံး"

"ညီမလေး ခင်ခင်ပါ"

"ဩော် ညီမလေး လာ အထဲကို ဝင်ခဲ့ဟယ်"

"မမမျိုး အပြင်တောင် မထွက်နိုင်အောင် ဘာရောဂါတွေ ဖြစ်နေလို့လဲ"

"အခန်းပြင်ထွက်ဖို့ နေနေသာသာ လက်ဆစ်ခြေဆစ်တွေ ရောင်ရမ်းနာကျင်ကိုက်ခဲနေလို့ အိပ်ရာထဲ ဟိုဘက်၊ ဒီဘက် လှည့်တာတောင် မချိမဆံ့ ခံစားရပြီး အမယ်လေး တ,နေရတယ်"

"ဒီလောက်ဖြစ်နေတာ ဆေးခန်းမပြဘူးလား"

"ဆေးခန်းလဲပြတယ်။ လိုအပ်တဲ့ စစ်ဆေးမှုတွေလဲ ခံယူတယ်"

"မမမျိုးဖြစ်တာ ဘာရောဂါတဲ့လဲ"

"ဆေးပညာရှင်တွေ ကတော့ လေးဖက်နာရောဂါတဲ့။ ဆေးမတွေ့ဘူး ဖြစ်နေတယ်။ အဲဒါကြောင့် ဟိုတစ်ခါ ညီမလေး အစ်မလို လေးဖက်နာရောဂါ ဖြစ်တုန်းက သောက်သုံးပြီး သက်သာပျောက်ကင်းသွားတဲ့ဆေးက ဘာဆေးလဲလို့ သိချင်လို့ ခေါ်ခိုင်းလိုက်ရတာပဲ"

"ဩော် ဟုတ်ပါရဲ့။ အဲဒီဆေးကတော့ စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးပဲ အစ်မရဲ့"

"ဟုတ်လား ဒီဆေးက ဒီလောက်တောင် စွမ်းသလား"

"စွမ်းဆို စကြာမင်း လေးဖက်နာဆေး ထုတ်လုပ်ဖြန့်ချိတဲ့ ဆရာမြင့်ဆိုတာ အရိုးကျိုးပေါင်းရောဂါ၊ လေးဖက်နာရောဂါတို့ကို ကိုယ်တိုင် စနစ်တကျ ကုသမှုတွေပေးနေတဲ့ ဆရာလေ။

ဆေးခန်းကို လာရောက် မကုသနိုင်တဲ့ လေးဖက်နာရောဂါရှင်တွေအတွက် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပါပြီ"

"အဲဒီ စကြာမင်း လေးဖက်နာဆေးရဲ့ အညွှန်းလေးလဲ ပြောပြပါဦး"

"စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လိမ်းဆေးရဲ့ အစွမ်းအာနိသင်ကတော့ သွေးအနည်ထိုင်၍ဖြစ်တဲ့ အဆစ်နာ၊ အဆစ်ရောင်၊ အဆစ်ကိုက် လေးဖက်နာဖြစ်ခြင်း၊ လက်ဖဝါး၊ ခြေဖဝါးများ တင်းခြင်း၊ ကျိန်းခြင်း၊ အဆစ်အမျက်... ကိုက်ခဲနာကျင်ခြင်း၊ ခြေဆစ်၊ လက်ဆစ်... ရောင်ပွပြီး ကြီးနေခြင်း၊ နံနက်အိပ်ရာ... ကြာကြာထိုင်ပြီး ပြန်အထများတွင် လက်... ခြေဖဝါး ပို၍ တင်းခြင်း၊ ကျိန်းခြင်း၊ နာကျ... ပိုများခြင်း။

အဆစ်အမျက်များ အနည်းငယ် လှုပ်... ရှိဖြင့် နာကျင်ခြင်း၊ အကြောများ တောင့်... ၍ ဆိုင်းနေခြင်း၊ လှုပ်ရှားမှုများ အား... နှေးကွေးခြင်း၊ လက်မြှောက်မရခြင်း၊ ခါး... ခါးတောင့် ခါးကိုက်ခြင်း၊ တင်ပါးခွက်ကြော... ပေါင်တွင်းကြောများ ထုံကျဉ်ကိုက်ခဲ... ဒူးနာ၊ ဒူးကိုက်၊ ဒူးဆစ်ရောင်ခြင်း၊ တံကော... ခွက်ကြော တင်းခြင်း။

ဒူးဆစ် အကွေးအဆန့်မရခြင်း၊ ... ပိုင်းများ လေးလံ ညောင်းညာ ကိုက်ခဲ... လက်ခြေများ မသယ်နိုင်ခြင်း၊ အာရုံ... အကြောများ အားနည်းခြင်း၊ လေအား... ခြင်း၊ လေဖြတ်၊ လေငန်း၊ သွက်ချာပ... ခြင်း၊ အရိုးကျိုးပေါင်းရောဂါ အမျိုးမျိုးဖြစ်... အရိုးအဆစ်အကြောနဲ့ လေးဖက်နာ... များကို သက်သာပျောက်ကင်းစေတဲ့... ဖြစ်ပါတယ်"




(ယာယီတိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ်-၀၇၁၁ YR ၀၀၆၀၂၇)




(ယာယီတိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ်-၀၆၁၃ Y ၀၀၈၅၀၉)

**ကြော်ငြာခွင့်ပြုချက်အမှတ်**
**တဆဝက(စာနယ်ဇင်း) ၅၇/၀၅၁၃**

ကဲ စာဖတ်ပရိသတ်များ ညီမလေး ခ... အညွှန်းကောင်းတာနဲ့ စကြာမင်း လေးဖက်နာသောက်... လေးဖက်နာလိမ်းဆေးကို သုံးစွဲလိုက်တာဟာ အခု ... ခံစားဖြစ်ပေါ်နေတဲ့ လေးဖက်နာရောဂါဟာ သက်သာ... ကင်းသွားပါပြီ။ အဲဒါကြောင့် ဆေးစွမ်းကောင်းတစ်လ... သတင်းကောင်းလေး ပါးရတာလေ။

"မှတ်ထားနော် လေးဖက်နာရောဂါဖြစ်ရင် စကြာမင်း ... ဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးကို မမေ့နဲ့...

**ဆရာမြင့်**

**စကြာမင်းတိုင်းရင်းဆေးတိုက်**

အမှတ်-၈/၆၆၆၊ သုဓမ္မာလမ်းမကြီး၊ သင်္ဃာမှတ်တိုင်အနီး၊ မြောက်ဥက္ကလာပမြို့နယ်၊
ဖုန်း-၅၂၂၅၆၁

www.burmeseclassic.com

www.burmeseclassic.com

...သော ကြည့်ညိုဖွယ်ရာ ...တော် အဖြာဖြာနှင့် ပြည့်စုံသော ...များ ဆင်းတုတော်များတွင် **...တော်မူ ငါးစီးရှင် အဓိဋ္ဌာန် ...ဆုတောင်းပြည့် ရုပ်ရှင်တော် ...ဘုရား**"လည်း တစ်ဆူ အပါ ... ဖြစ်ပါသည်။

### ...ခြင်းရန် အကြောင်းဖန်

...တော်ရုံးဝန်ထမ်း မိသားစုများ ...ရာ နေပြည်တော်၊ ဇမ္ဗူသီရိမြို့ ... ကံ့ကော်အိမ်ရာ၊ တိုက်အမှတ် ...၂၅ မန္တလေးတိုင်းဒေသကြီး၊ ...ဆည်မြို့နယ်၊ ဆယ်ရွာမှ ...တော်မူ ငါးစီးရှင် အဓိဋ္ဌာန်အောင် ...တောင်းပြည့် . ရုပ်ရှင်တော်မြတ် ...သည် ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ...ရက်နေ့တွင် ကြွချီ၍ တစ်ညတာ ...ပ် အပူဇော်ခံပါသည်။

...ရားမကြွမီ သုံးရက်အကြို ...ကပင် ညွှန်ကြားရေးမှူး ဦးလှ ... တိုက်တွင် နေထိုင်ကြသူ ...မ်း မိသားစုတို့အား ရုပ်ရှင်တော် ...ကို တိုက်မိသားစုများအနေဖြင့် ...ဆောင်ထားကြောင်း စုပေါင်း ပူဇော် ...ည်ဖြစ်ကြောင်း ပြောလာပါသည်။

စာရေးသူအပါအဝင် တိုက်ခန်း(၂၄) ... မိသားစုများကလည်း ဝမ်းမြောက် ...သာစွာဖြင့် အဘက်ဘက်မှ ကူညီ ...ဆောင်ရွက်ကြမည်ဖြစ်ကြောင်း ပြန် ... ပြောကြားခဲ့ကြပါသည်။

စာရေးသူနှင့်တကွ တိုက်တွင်းရှိ ...များ ထိုရုပ်ရှင်တော်မြတ်ကို ...ကပ် ပူဇော်ခွင့် ရခဲ့ကြသည်။ ...ကြားရေးမှူး ဦးလှဝင်းမိသားစုက ...ရှင်အား ပင့်ဆောင်မှုကို ဦးစီး ...ဆောင်ပြု ဆောင်ရွက်ခဲ့သည့်အပြင် ...ရှင်ပူဇော်ပွဲကိုလည်း ...ယင်း




▲ အဓိဋ္ဌာန်အောင် ပွင့်တော်မူ ငါးစီးရှင်ဘုရား

မိသားစုကပင် တာဝန်ခံ ပြုလုပ်ခဲ့ပါ သည်။

### ပူဇော်ခွင့်ရရန် မလွယ်ကူခြင်း

ထိုရုပ်ရှင်တော်မြတ်အား အိမ်သို့

www.burmeseclassic.com



◆ ဆယ်ရွာဆရာတော် ဦးစာဂရ
(မူလဆရာတော်)



◆ ယာတက်ပန်းအိုးမှ ပန်းပွင့် တစ်ပွင့်တည်းကြီးလာပုံ

◆ နှင်းဆီပွား ကြာပန်းကဲ့သို့ ပွင့်လာပုံ



ပင့်ဆောင်ပူဇော်ခွင့် ရရန်မှာ မလွယ်ကူလှပါ။ ပင့်ဆောင်ပူဇော်လိုပါက နှစ်လ,သုံးလခန့် ကြိုတင်၍ ဂေါပကအဖွဲ့မှ ရက်စဉ်အလိုက် စီစဉ်ပေးသည့် အတိုင်းသာ ပင့်ဆောင် ပူဇော်ကြရပါသည်။

စာရေးသူတို့ တိုက်ကမူ ကံကောင်းထောက်မစွာ ကြိုတင် စာရင်းပေးခြင်း မပြုရဘဲ အကြောင်းသင့်ကာ အချိန်တိုအတွင်း ပူဇော်ခွင့်ရခဲ့ပါသည်။

ဤသည်ကပင် ရုပ်ရှင်တော်မြတ်၏ အစောင့်အရှောက်များနှင့် တိုက်သူတိုက်သားတို့၏ ပဋ္ဌာန်းဆက်ဟုပင် ယူဆရမည် ဖြစ်ပါသည်။

## ရုပ်ရှင်တော်မြတ် ကိန်းဝပ်ရန် နေရာပြင်ဆင်ခြင်းနှင့် ပင့်ဆောင်ခြင်း

ရုပ်ရှင်တော်မြတ် ကိန်းဝပ်ရန် နေရာကို ဦးစီးဦးဆောင်ပြု၍ ပင့်ဆောင်သူ ညွှန်ကြားရေးမှူး ဦးလှဝင်း၊ ဖနီးဒေါ်ခင်အေးကြူ၊ သား မောင်သန့်ဇင်ဦးတို့ နေထိုင်ရာအခန်းဖြစ်သည့် အခန်း (၁၁)တွင် ခမ်းနားထည်ဝါစွာ ပြင်ဆင်ထားရှိပါသည်။

ရုပ်ရှင်တော်မြတ်အား အိမ်သို့ ပင့်ဆောင်ပူဇော်ကြသူများ ပူဇော်ကြသည့်နည်းတူ စာရေးသူတို့တိုက်မှလည်း အောက်ပါလှူဖွယ်ရာ ပစ္စည်းများကို အသင့် ပြင်ဆင်ထားရှိကြပါသည်။

၁။ ပန်း (၉)မျိုး
၂။ အလင်းတိုင်(ဆီမီး) (၉)တိုင်
၃။ အမွှေးတိုင် (၉)တိုင်
၄။ ဆောက်တော်ရေ (၉)ခွက်
၅။ ရေသန့် (၉)ပုလင်း
၆။ ပလပ်စတစ်ပန်း(အပူး) (၉)ခိုင်
၇။ သစ်သီး (၉)မျိုး
၈။ ယို (၉)မျိုး





www.burmeseclassic.com

www.burmeseclassic.com



မြိုကြွချိန် ပလ္လင်တော်မှ ပင့်ချိန် ပြုတော်မူနေပုံ

သက်လတ်လွတ်ဆွမ်း (၉)ပွဲ

ထို့နောက် အစဉ်အလာအားဖြင့် အာသနာပွဲ(ဘုရားပွဲ ၁ပွဲ)နှင့် ဘုရားဆောင့်သိုက်နန်းမှ ပုဂ္ဂိုလ်များအတွက် အုန်းငှက်ပျောပွဲ(သိုက်ပွဲ ၁ပွဲ) ပြင်ဆင်ပေးပါသည်။ ယင်းအပြင် ဆင်ပြောင်ငါးစီးအား အမှတ်အသားထား၍ ကြွရိုးတိုများကိုလည်း ထည့်သွင်း ပြင်ဆင်ထားရှိရပါသည်။

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ(၃)ရက်နေ့ ညနေ(၃)နာရီတွင် ရှပ်ရှင်တော်မြတ် ခေတ္တခဏ ကိန်းဝပ်ရာ နေပြည်တော် ဘူးကွဲမြို့ဦးကျောင်းမှ သွားရောက် ပင့်ဆောင်ပါသည်။

ရှပ်ရှင်တော်မြတ် ကြွလာသော ခါ တိုက်သူတိုက်သားများက တိုက်ရှေ့လမ်းမပေါ်မှ ကြိုဆိုကြပါသည်။

ထိုမှတစ်ဆင့် ပူဇော်ခံရာ တိုက်ခန်းသို့ ပင့်ဆောင်ရာ ဘုရားရှင် ကြွချီသည့် နတ်လမ်းတစ်လျှောက် အလှူရှင် ဦးလှဝင်း မိသားစု ပန်းပေါက်ပေါက်နှင့် ငွေစက္ကူများ ကြဲပက်၍ ပူဇော်ပါသည်။

## တစ်ညတာ ကိန်းဝပ် အပူဇော်ခံခြင်း

ရုပ်ရှင်တော်မြတ်သည် ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ(၃)ရက်နေ့ ညနေ(၃)နာရီတွင် ကြွချီတော်မူ၍ တစ်ညတာ ကိန်းဝပ်အပူဇော်ခံပြီး ဇန်နဝါရီလ (၄)ရက်နေ့ ညနေ(၅)နာရီတွင် ခေတ္တခဏ ကိန်းဝပ်ရာ နေပြည်တော် ဘူးကွဲမြို့ဦးကျောင်းသို့ ပြန်လည်ကြွချီပါသည်။

## ရုပ်ရှင်တော်မြတ်အား ပူဇော်ကြခြင်း

ရုပ်ရှင်တော်မြတ် ဗုဒ္ဓပူဇာယနသဘင် ဆင်ယင်ရာ တိုက်ခန်းရတနာပလ္လင်ထက် ကိန်းဝပ်တော်မူပြီးနောက် ပန်း၊ ရေချမ်း၊ ဆီမီး၊ အချိုရည်တို့ဖြင့် လှူဒါန်းပူဇော်ကြပါသည်။ အနီးအနားရှိ တိုက်များမှလည်း ပန်း၊ အမွှေးနံ့သာ လှူဒါန်းဖွယ်ရာ အဖြာဖြာတို့ဖြင့် လာရောက်ပူဇော်ကြပါသည်။

တစ်ဆက်တည်းပင် စာရေးသူငယ်စဉ်က နှုတ်တက်ရခဲ့သော နတ်ပဒ့်ဖြင့် နတ်ဒေဝါများကို ပင့်ဖိတ်ပါသည်။ လာရောက် ကြည်ညိုသူများက ဩကာသ ကန်တော့ချိုးဖြင့် ရှေ့နာသုံးပါးအား ရှိခိုးပြီး ငါးပါးသီလခံယူကြ

www.burmeseclassic.com

ပါသည်။

စာရေးသူကပင် ဆရာဦးသုခ ပူဇော်သည့် အစိန္တေယျဘုရားရှိခိုး (၁၁)ပုဒ်၊ စစ်ကိုင်းတောင် ဝိဇ္ဇာလင်္ကာရ ဆရာတော် ပူဇော်သည့် ဘုရားဖြစ်စဉ်တော် ဘုရားရှိခိုး၊ ဆရာတော် ဦးဝိစိတ္တသာရ ပူဇော်သည့် ယမကပြာဋိဟာ ဘုရားရှိခိုးတို့ဖြင့် ရွတ်ဆိုပူဇော်ပြီး ပဋ္ဌာန်း ပစ္စယုဒ္ဒေသ၊ ပစ္စယနိဒ္ဒေသတို့ကို ရွတ်ဆိုပူဇော်ပါသည်။

ပဋ္ဌာန်းရွတ်ဆိုပူဇော်ပြီး အမျှအတန်း ပေးဝေသည်နှင့် တစ်ပြိုင်နက် ပလတ်စတစ်ပန်းဖူးများ ပွင့်အာလာပါတော့သည်။

ညဘက်တွင် နိုင်ငံတော်သမ္မတရုံးမှ ဝတ်အဖွဲ့က ပရိတ်ကြီး၊ ဓမ္မစကြာ၊ အနတ္တလက္ခဏသုတ်၊ မေတ္တာပို့များကို ရွတ်ဆို၍ ပူဇော်ကြပါသည်။

## ဆွမ်းကျွေးမွေးခြင်း

ဇန်နဝါရီလ(၄)ရက်နေ့တွင် ရုပ်ရှင်တော်မြတ်အား ပူဇော်ရာ တိုက်ခန်းသို့ သံဃာတော်များကို ပင့်ဖိတ်၍ နေ့ဆွမ်းကပ်က ပရိတ်တရားတော်များ နာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှဝေကြသည်။

ဇန်နဝါရီ(၃)ရက်နေ့ ညနေပိုင်းတွင် ရုပ်ရှင်တော်မြတ်အား လာရောက်ကြည်ညိုကြသည့် ဧည့်ပရိသတ်ကို မုန့်အချိုရည်တို့ဖြင့် ဧည့်ခံပြီး ဇန်နဝါရီလ (၄)ရက်နေ့ နံနက်ပိုင်းတွင် ကြာဇံချက် ဖြင့်လည်းကောင်း၊ နေ့လယ်တွင် ထမင်း,ဟင်းတို့ဖြင့် လည်းကောင်း ဧည့်ခံကျွေးမွေးပါသည်။

## အံ့ဩကြည်ညိုဖွယ်ရာ အဖြာဖြာ

ပွင့်တော်မူငါးဆူရှင် အဓိဋ္ဌာန်အောင် ဆုတောင်းပြည့် ရုပ်ရှင်တော်မြတ်၏ ထူးဆန်းအံ့ဩ ကြည်ညိုဖွယ်ရာအဖြာဖြာတို့မှာ အလွန်ပင် များပြားပါသည်။

ပင့်ဆောင်ပူဇော်ကြသူတိုင်း တစ်မျိုးမဟုတ်တစ်မျိုး ထူးခြားမှုကို ဖူးမြင်ရကြောင်းနှင့် ဆန်းကြယ်သောအဖြစ်တို့ကို ကြုံတွေ့ရကြောင်း ပြောဆိုကြပါသည်။ ယင်းတို့၏ ကိုယ်တွေ့မှတ်တမ်းများအရလည်း သိရှိရပါသည်။ *(ကိုယ်တွေ့မှတ်တမ်းပါ သာဓကတစ်ခု)*



ဦးဒေဝိသာရ
(လက်ရှိထိမ်းသိမ်းစောင့်ရှောက်နေသော ဆရာတော်)

ပင့်ဆောင်ပူဇော်သည့် အိမ်တိုင်းတွင် တစ်ခုမဟုတ်တစ်ခု ထူးခြားမှုများ ရှိကြပြီး အများဆုံးမှာ အိမ်တိုင်းလိုလိုပင် ကပ်လှူထားသော ပလတ်စတစ်ပန်းများ ပွင့်အာလာခြင်း ဖြစ်ပါသည်။ ကျန်ထူးခြားမှုများမှာ တူတာရှိသလို မတူတာလည်း ရှိပါသည်။ အများအားဖြင့် ကွဲပြားခြားနားကြပါသည်။

## မျက်မြင်ဒိဋ္ဌ ဖူးတွေ့ရသည့် အံ့ဩကြည်ညိုဖွယ်

၂၀၁၃ခုနှစ်၊ ဇန်နဝါရီလ(၃)ရက် ညနေတွင် ရုပ်ရှင်တော်မြတ်အ[...]
ပဋ္ဌာန်းပစ္စယုဒ္ဒေသနှင့် ပစ္စယနိဒ္ဒေ[...]
တို့ကို ရွတ်ဖတ်ပူဇော်ပြီး အမျှအတ[...]
ပေးဝေသောအချိန်တွင် ကပ်လှူ[...]
သော ပလတ်စတစ်ပန်းဖူးများ ပွင့်[...]
လာခြင်း၊ ကုံကော်အိမ်ရာအတွင်[...]
ခွေးများသည် ညစဉ်လိုလို အူ[...]
သော်လည်း ထိုညက ခွေးများ အူ[...]
လုံးဝမကြားရခြင်း၊

ဇန်နဝါရီလ(၄)ရက်နေ့ နံနက်[...]
စောတွင် ဦးလှဝင်းအခန်းဘေးရှိ [...]
ကိုယ်တိုင် စိုက်ပျိုးထားသော ငွေ[...]
ရုံမှ ငွေပန်းများ ပွင့်နေခြင်း(ယခင်[...]
မပွင့်ခဲ့)။

နေ့လယ်ဆွမ်းကပ်ပြီး၍ တရား[...]
ချိန်တွင် တရားနာနေသူ အမျိုးသ[...]
ကြီးတစ်ဦးအား ပြင်ပ ပုဂ္ဂိုလ်တစ်[...]
ဝင်ရောက်ပူးကပ်ကာ ပျော်၍ ဘု[...]
ဝင်ဖူးခြင်းဖြစ်ကြောင်း၊ ဘုရားပ[...]
ဒကာများကို ကျေးဇူးတင်ကြော[...]
သာဓုခေါ်ရ၍ ဝမ်းမြောက်ကြော[...]
ပြောကာ ပြန်ထွက်သွားခြင်း၊ ထို[...]
ညနေ ရုပ်ရှင်တော်မြတ် ပြန်ကြ[...]
ပလ္လင်တော်မှ ပင့်သည့်အချိန်[...]
ပြုံးတော်မူသည်ကို ပူဇော်[...]
လူအများ ဖူးမြင်ကြရခြင်းတို့ပင် ဖြ[...]
သည်။

## အံ့ဩဘနန်း လွန်ထူးဆန်း

ရုပ်ရှင်တော်မြတ် မကြွမီ ဇန်န[...]
လ(၂)ရက်နေ့ ညနေတွင် တို[...]
အမျိုးသမီးများ ကြာဇံချက် ချ[...]
ပစ္စည်းများနှင့်အတူ ပလတ်စတစ်[...]
ဖူး(၉)ခိုင်ကို ဝယ်ခဲ့ပါသည်။

ထိုညနေကပင် ကြိုတင်၍ ပန်း[...]
တွင် စိုက်ကာ ပြင်ဆင်ထားရှိပါသ[...]
(၃)ရက်နေ့ ရုပ်ရှင်တော်မြတ်ကြ[...]
သည့်အခါ ဆက်ကပ်လှူဒါန်းပါသ[...]



www.burmeseclassic.com

www.burmeseclassic.com

ထိုပန်းဖူးများသည် ပဌာန်းဒေသနာတော်ကို ရွတ်ဆိုပူဇော်ပြီးသည်နှင့် ပွင့်အာလာကြတော့သည်။

လူတို့ အတုလုပ်ထားသော ပလတ်စတစ်ပန်းသည် ဈေးဆိုင်ပေါ်တွင် ရောင်းနေသော် လည်းကောင်း၊ အိမ်ဧည့်ခန်းများ၊ အခမ်းအနားများ စသည်တို့တွင် ပြင်ဆင်ထားရှိသော်လည်းကောင်း ပွင့်ရိုးထုံးစံ မရှိပါ။ အဖူးအငုံပုံစံ ပြုလုပ်ထားလျှင် ဖူးငုံနေသည်။ အပွင့်ပုံစံ လုပ်ထားလျှင် ပွင့်နေသည်။ အသက်မရှိသော ပန်းအတုသာဖြစ်၍ ပွင့်လာနိုင်စရာ အကြောင်းမရှိပါ။

ရှပ်ရှင်တော်မြတ်အား ဆက်ကပ်၍ ရုပ်ရှင်တော်မြတ်၏ ရင်ငွေ့လှုံသော အခါမှသာ တစ်ဦးတစ်ယောက်၏ ယောဂမပါဘဲ ပွင့်လာခြင်းဖြစ်သည်။ ထိုသို့ ပလတ်စတစ်ပန်းဖူးများ ပွင့်အာလာခြင်းသည် အံ့သြဘနန်း ထူးဆန်းလှပါသည်။

## ရုပ်ရှင်တော်မြတ်၏ သမိုင်းကြောင်း

ရုပ်ရှင်တော်မြတ်၏ အတိတ်သမိုင်းကြောင်း တိတိကျကျ မသိရပါ။ ရှေးဟောင်းမောင်း ပြုစုသော သမိုင်းအကျဉ်းချုပ်တွင်မူ **"သက္ကရာဇ် ၇၀၃ ခုနှစ်တွင် ပင်းယထီးနန်းကို စိုးစံတော်မူသော ပင်လယ်စားငါးစီးရှင်ကျော်စွာမင်း၏ ကောင်းမှု ဖြစ်နိုင်ကြောင်း မှတ်သားနိုင်ပေသည်"** ဟု ဖော်ပြထားပါသည်။

မျက်မှောက် သမိုင်းကြောင်းအရ သိပြရပါမူ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ် အတွင်းတွင် "မြို့သာ"ရွာရှိသည်။ ထိုရွာ၏ အနောက်တောင်ဘက် (၅)မိုင်ခန့်အကွာတွင် ဆယ်ရွာရှိပါသည်။ ဆယ်ရွာကျောင်းဆရာတော် ဘုရားကြီး ဦးဇာဂရသည် ရဟန်းပျိုဘဝကပင် ရှေးဟောင်း ရုပ်ပွားတော်နှစ်ဆူကို ကြည်ညိုစိတ်ဖြင့် အမြတ်တနိုး ကိုးကွယ်ကာ ထိန်းသိမ်း စောင့်ရှောက်ထားခဲ့သည်။

မြို့သာရွာဦးကျောင်းမှ ဆရာတော် ဦးဒေဝိဿရသည် ဆရာတော်ကြီး ဦးဇာဂရထံ ရောက်တိုင်း ထိုရှေးဟောင်းဘုရားနှစ်ဆူမှ တစ်ဆူကို ပူဇော်ခွင့်ပေးရန် အကြိမ်ကြိမ် တောင်းခံခဲ့သည်။

ဆရာတော်ကြီးဦးဇာဂရ သက်တော်ကြီးရင့်၍ အိုမင်းလာသောအခါ မြို့သာရွာဦးကျောင်းမှ ဆရာတော် ဦးဒေဝိဿရကို ပင့်ဖိတ်၍ ရှေးဟောင်းဘုရားနှစ်ဆူအနက် ကြိုက်နှစ်သက်ရာတစ်ဆူကိုပင့်၍ ကိုးကွယ်စေခဲ့ပါသည်။

ဆရာတော် ဦးဒေဝိဿရသည် ဘုရားနှစ်ဆူအနက် မပြုပြင်ရသေးသော ရှေးဟောင်းဘုရားတစ်ဆူကို မြို့သာရွာဦးကျောင်းသို့ ပင့်ဆောင်ခဲ့သည်။ ထိုရုပ်ပွားဆင်းတုတော်မှာ ငါးစီးရှင်ဘုရားပင် ဖြစ်သည်။

ငါးစီးရှင် ဆင်းတုတော်မြတ်သည် မြို့သာရွာဦးကျောင်း၌ ကိန်းဝပ်စံပယ် သီတင်းသုံးနေတော်မူစဉ် ဆရာတော် ဦးဒေဝိဿရ၏ ပြုပြင်မွမ်းမံမှုများကြောင့် ပုံတော်တွင် ဖူးမြင်ရသည့်အတိုင်း တင့်တယ် သပ္ပာယ်တော်မူလျက် ရှိပေသည်။

**ဦးငွေသန်း**
***(တရင်းစစ်အရာရှိ–ငြိမ်း)***

## နေအိမ်တွင် ပျားစွဲလျှင်



ပျားစွဲခြင်း(ပျားအုံဖွဲ့ခြင်း)သည် ကောင်းသောနိမိတ်ဟု ဆိုကြသော်လည်းနေအိမ်ဂေဟာပရိဘောဂများ၌လာရောက်၍ စွဲကပ်၊ အိမ်ဖွဲ့ပါက အိမ်သားများ၊ အထူးသဖြင့် သက်ကြီးရွယ်အိုနှင့် ကလေးသူငယ်များအတွက် အန္တရာယ်ပေးနိုင်သဖြင့် ပျားများကို ပြောင်းရွှေ့သွားစေလိုကြသည်။

မီးခိုးမှိုင်းတိုက်၍ ပျားဖွပ်ခြင်းမှာ ဒုစရိုက်အမှု၊ အကုသိုလ် များလှသဖြင့် မပြုလိုကြပေ။ မုံရွာမြို့၊ ခတက္ကန်ရွာအနီးရှိ ဗောဓိတထောင်ဆရာတော်က ဤသို့ ပြုစေပါသည်။

လေးကျွန်းစကြာ ရုပ်တော်မူရုပ်ပွားတော်ကြီး (၁၅)ထပ်အမြင့်သို့ ရောက်သောအခါ ဓာတ်လှေကားတိုက်၏ အရှေ့တောင်ထောင့်တွင် အုံဖွဲ့နေသော ပျားတစ်အုံကို တွေ့ရ၏။ အရွယ်အစား အတန်ပင် ကြီးမားလျက်ရှိသည်။ ထို့ကြောင့် သံချည် သံကွေး ပညာရှင် ဦးရဝေက ဆရာတော်ထံ သွားလျှောက်၏။ ဆရာတော်က ဤသို့မိန့်၏။

'ဖျင်းအိုး အသစ်တစ်လုံးဝယ်ပြီး ရေကြည်ထည့်၊ ကြက်သွန်ဖြူသုံးဥ၊ ထန်းလျက်သုံးခဲကိုထပ်ထည့်၊ အိုးနှုတ်ခမ်းမှာ ဝါခြည်သုံးလေးခု ကန့်လန့်ခံပြီး အဲဒီရေအိုးကို ပျားအုံအောက်မှာ ထားလိုက်ပါ'

ဦးရဝေလည်း ဆရာတော် ခိုင်းသည့်အတိုင်း ပြုလုပ်ရာ နောက်တစ်နေ့တွင် ပျားများ မရှိကြတော့ဟု ဆိုလေသည်။

***(ဗောဓိတထောင် ဆရာတော်၏ ဘဝ သမိုင်းမှတ်တိုင်များစာအုပ် စာမျက်နှာ–၁၃၅ တွင် ဖတ်ရှုနိုင်ပါသည်။)***

**[ဗောဓိတထောင် ဆရာတော် ဦးနာရဒအား ရှိခိုးကန်တော့ပါအပ်သည်။]**

**ထွေးမောင်**



www.burmeseclassic.com

www.burmeseclassic.com

ပွဲတွေ့

# ထိုးမုန်းဂါတော

ဦးကျော်ဆောင်း (B.Ag)
မန္တလေး



စာရေးသူသည် ရိုးရာတိုက်ခိုက်ရေး ပညာရပ်များကို ဝါသနာထုံလှေ့ရှိ၏။ အထူးသဖြင့် ရိုးရာလက်ဝှေ့ပွဲကို ပို၍ စိတ်ဝင်စားသည်။ ရိုးရာလက်ဝှေ့ပွဲများ ကိုလည်း မန္တလေးမြို့နှင့် အနီးတစ်ဝိုက် လက်ဝှေ့များ လက်မလွတ်တမ်း သွား ရောက်ကြည့်ရှုလေ့ရှိသည်။

ရိုးရာလက်ဝှေ့အဖွဲ့နည်းပြ ဆရာ များနှင့်လည်း အထိုက်အလျောက် ရင်းနှီးပါသည်။ စာရေးသူ ရိုးရာ လက်ဝှေ့ပွဲများကို ဝါသနာပါသည့် အလျောက် မန္တလေးမြို့ပေါ်ရှိ ရိုးရာ လက်ဝှေ့ အားကစားသမားများ လေ့ကျင့်ရာ နေရာများသို့လည်း အခါ အားလျော်စွာ သွားရောက် ကြည့်ရှု လေ့ရှိသည်။

၁၉၉၀ ပြည့်နှစ်ခန့်က ရွှေလက်သီး ရိုးရာလက်ဝှေ့အဖွဲ့သည် ထင်ရှားခဲ့ သော မြန်မာ့ရိုးရာ လက်ဝှေ့အဖွဲ့ဖြစ်ပြီး စာရေးသူ မကြာခဏ သွားရောက် ကြည့်ရှုလေ့ရှိသဖြင့် **အသင်း အုပ်ချုပ်သူ နည်းပြဆရာကြီး ဦးတိုးမြင့်**နှင့် လည်း ရင်းနှီးခဲ့ပါသည်။

တစ်နေ့သော ညနေပိုင်းတွင် ရွှေ လက်သီးလက်ဝှေ့အဖွဲ့၏ လေ့ကျင့်ရာ အားကစားကွင်းသို့ ရောက်ခဲ့ရာ ရိုးရာ လက်ဝှေ့ အားကစားသမားများ၏ အကြောလျှော့လေ့ကျင့်ခန်း၊ လက်သီး လေ့ကျင့်ခြင်းများ၊ ခြေခတ်၊ ဒူးတိုက်၊ တံတောင်ရိုက်မှအစ အားသွန်ခွန်စိုက် လေ့ကျင့်နေသည်မှာ မြန်မာ့ရိုးရာ တိုက်ခိုက်ရေးပညာအတွက် ဂုဏ်ယူ စရာဖြစ်သည်။

ထိုအထဲမှ အရွယ်ငယ် ငယ် အသက် (၁၆)နှစ်ခန့်ရှိ မည်ဟု ခန့်မှန်းရသော ရိုးရာလက်ဝှေ့ကျော် မြနန္ဒာ၏ လေ့ကျင့်နေမှုကို သတိပြုမိသည်။ သင်တန်းဆရာကလည်း ရိုးရာလက်ဝှေ့ နည်းစနစ်များကို မမောနိုင်၊ မပန်းနိုင် သင်ကြားပေးနေသည်။ မြနန္ဒာက လည်း စနစ်တကျ သတ်လုံး၊ သတ် ပေါက် စုံလင်စွာဖြင့် လေ့ကျင့်နေသည် မှာ အားရစရာ ဖြစ်သည်။

ချိတ်ဆွဲထားသော (၆)ပေခန့် အရှည်ရှိသော သဲအိတ်ကြီးကို တဝုန်း ဝုန်းဖြင့် ထိုးလိုက် ခတ်လိုက်ဖြင့်လည်း လေ့ကျင့်နေပြန်သေးသည်။ တစ်နေ့ တာ သင်ကြားပို့ချမှုများပြီးစီးမှ ဆရာ ဦးတိုးမြင့်က စာရေးသူက နှုတ်ဆက် စကားပြောရင်းဖြင့်...

'ကိုကျော်ဆောင်း စစ်ကိုင်း ကောင်းမှုတော်ဘုရားပွဲမှာ မြန်မာ့ လက်ဝှေ့ပွဲပါတယ်။ ကျွန်တော်တို့နဲ့ အတူလိုက်ခဲ့ပါ'

ဟု ပြောလိုက်သည်။ ရေငတ်တုန်း ရေအဝသောက်ရသလို ဝမ်းသာသွား သည်။ ချက်ချင်းပင်...

'ဆရာတိုးတို့ သွားမယ့်ရက် ရောက် ရင် ပြောပါ။ ကျွန်တော် လိုက်ခဲ့မယ်'

ဟု ပြောလိုက်သည်။ ထို့နောက် စကားစမြည်ပြောပြီး စာရေးသူ နေထိုင် ရာ မြောက်ပြင် ထားဝယ်ရပ်သို့ ပြ... သည်။

ဤသို့ဖြင့် မြန်မာ့ရိုးရာလက်... ကျင်းပမည့် ကောင်းမှုတော် ... တော်မြတ်ကြီး၏ ဘုရားပွဲတော် ... မည့် အချိန်သို့ ရောက်ရှိခဲ့သည်။ ... ပွဲတော်သို့ အနယ်နယ်အရပ်ရပ်မှ ... ရောက်ကြသော ပရိသတ်ကြီး... ကြက်ပျံမကျ စည်ကားလှသည်...

စာရေးသူသည် စေတီတော်... ကြီးထံ ဦးစွာ ရှိခိုးဦးတင်ကန်တော... ရိုးရာလက်ဝှေ့ရုံအတွင်းသို့ ခပ်... သုတ် ဝင်ရောက်ခဲ့ပါသည်။ မြန်မာ့... လက်ဝှေ့ပွဲကြီးတွင် လက်ဝှေ့ကျော်... စတင်ကာ ထိုးသတ်နေပါသည်။

ရင်ခုန်လိုက်မောစွာ ကြည့်ခ... သော လက်ဝှေ့ကျော်မြနန္ဒာ... လက်ဝှေ့ကျော်မျိုးချစ်တို့၏ အတွဲ... ပရိသတ်များ အားပါးတရ အာ... ခြင်းခံရသော တွဲဆိုင်းဖြစ်သည်။ မြန်... လက်ဝှေ့ကျော်မျိုးချစ်သည် ရွှေ... ဆရာအုန်း၏ တပည့်ဖြစ်သည်။ ဆ... အုန်းသည် သျှောင်ထုံးနှင့်ဖြစ်ပြီး... တိုက်ပုံကို ဝတ်ထားပြီး ... ငြိမ်ငြိမ် ရှိလှသည်။



www.burmeseclassic.com

www.burmeseclassic.com

ဆရာကြီးဦးတိုးမြင့်နှင့် စာရေးသူတို့သည်ကား ကိုယ့်လူ လက်ဝှေ့ကျော်များ အနိုင်ရရှိရေးအတွက် လက်ဝှေ့ထိုးသောင့်မှ "ဟိုလို ထိုးပါလား၊ ဒီလို ထိုးပါလား"ဖြင့် အားမလိုအားမရ ဖြစ်နေပါသည်။ မြန်နွှာသည် မျိုးချစ်အား ဖြောင့်လက်သီး၊ ဝိုက်လက်သီးမှအစ တစ်ကြိုက်ပါမကျန် နည်းမျိုးစုံဖြင့် ထိုးသတ်သည်။

မျိုးချစ်၏ မျက်နှာတစ်ခုလုံးသည် ရောင်နေသော်လည်း ကွဲမသွားပေ။ မြန်နွှာသည် မျိုးချစ်၏ ကုပ်ကို လက်တစ်ဖက်ဖြင့် ချုပ်ကိုင်ပြီး ညာဒူးဖြင့် ဆောင့်နိုင်နိုင် တိုက်လိုက်သည်။ သို့သော် မျိုးချစ်၏ မျက်နှာကား မကွဲခဲ့ပေ။

ဤသို့ဖြင့် ယှဉ်ပြိုင်ထိုးသတ်ချိန် သုံးချီသုံးလားပြည့်ပြီဖြစ်သဖြင့် သရေပွဲဖြင့် အဆုံးသတ်ခဲ့ရသည်။ စာရေးသူသည်း လွန်စွာ အံ့ဩမိသည်။ ခုလို လက်သီးထိုးချက်၊ ဒူးတိုက်ချက်များ၊ တံတောင်ရိုက်ချက်များဖြင့် မျက်နှာတစ်ပြင်လုံး ထိမှန်ခံရသော လက်ဝှေ့ကျော်မျိုးချစ်သည် ဘာကြောင့် မကွဲတာလဲဟု အံ့ဩမိသည်။ စူးစမ်းလိုစိတ်၊ မေးမြန်းလိုစိတ်များ ပြင်းထန်လာသည်။

နောက်ဆုံးတော့ ဆရာအုန်းနှင့် လက်ဝှေ့ကျော် မျိုးချစ်တို့နှစ်ဦးထံသို့ ချဉ်းကပ်သွားပြီး မိတ်ဆက်စကား ပြောပြီး ဆရာအုန်းအား...

'ဆရာကြီး ဘာဖြစ်လို့ မျိုးချစ်မျက်နှာ မကွဲတာလဲ'

ဟု တိုက်ရိုက်မေးလိုက်ပါသည်။ ဆရာအုန်းလည်း အံ့အားသင့်သွားပြီး စာရေးသူအား ဘုရားရင်ပြင်ပေါ်သို့ ခေါ်သွားခဲ့ပြီး နှစ်ယောက်သား ရင်ပြင်ပေါ်တွင် တင်ပျဉ်ခွေကာ ထိုင်ချလိုက်သည်။ ဆရာအုန်းက...

'ဆရာလေးရဲ့ "တစ်ပွဲထိုးထုံးမန်း"လို့ ခေါ်တယ်။ ကွမ်းယာဆိုင်က စားထုံးဆို ပိုကောင်းတယ်။ ထုံးကို အလုံးပြုလုပ်ပြီး ဂါထာဖြင့် (၃၇)ခေါက် မန်းတယ်။ အရိပ်မှာ အခြောက်လုပ်ပြီး ထုံးလုံးလေးများ ခြောက်ရင် ပုလင်းထဲမှာထည့်ပြီး ဆောင်ထားတယ်။ အသုံးလိုရင်တော့ အဲဒီထုံးလုံး(၃)လုံးကို ဂါထာ(၇)ခေါက်ထပ်မန်းပြီး သောက်လိုက်တယ်။ သောက်ပြီးရင်တော့ လက်သီးမပြောနဲ့ ဓားနဲ့ခုတ်တာတောင် မပြတ်ဘူး'

ဟု ပြောပြသည်။ ထပ်မံ၍ အံ့ဩမိပါသည်။ တစ်ဆင့်စကား၊ တစ်ဆင့်နားသာ ကြားဖူးသည်။ အခုမှ ကိုယ်တိုင်မြင်ဖူးသည်။ ထို့ကြောင့်...

'ဆရာကြီး အဲဒီဂါထာကို ပြောပြပါလား။ ကျွန်တော်တို့ကိုယ်တိုင် သုံးကြည့်ချင်လို့ပါ'

ဟု ဆရာအုန်းအား ပြောလိုက်သည်။ ဆရာအုန်းသည် မဆိုင်းမတွပင် အသင့်ပါလာသော လွယ်အိတ်ထဲမှ ခဲတံနှင့် ဗလာစာအုပ်ကို ယူကာ အောက်ပါအတိုင်း ဗလာစာရွက်ပေါ်သို့ ဂါထာကို ရေးချလိုက်ပါသည်။

'ဥုံ ထိ ထ မ ရှဲ ဥုံ ထဲ ထ မရှိ'

အထက်ပါဂါထာကို (၃၇)အုပ်မန်းပြီး အသုံးပြုခြင်းဖြင့် မြန်မာ့ရိုးရာအစဉ်လာ တစ်ပွဲထိုး ဆေးနည်းအဖြစ် သုံးပြုနိုင်ကြောင်း ပြောပြသည်။

အထက်ပါ တစ်ပွဲထိုး ထုံးမန်းဂါထာကို စီရင်မည့် ပုဂ္ဂိုလ်သည် **ငါးပါးသီလကို တတ်အားသမျှ လုံခြုံအောင် စောင့်ရမည်ဟု ဆရာကြီးမှ ပြောပြခဲ့ပါကြောင်း** ထပ်လောင်းကာ ဖော်ပြလိုက်ပါသည်။

**ဦးကျော်ဆောင်း(*B.Ag*)**
**မန္တလေး**



# ကြောင်ခုတင်

**ရဲ့ အကျိုးကျေးဇူးနဲ့ အတွေ့အကြုံ**

စာရေးသူရဲ့အိမ်မှာ ကြွက် အလွန်သောင်းကျန်းလာတာကြောင့် ကြောင်တစ်ကောင်ရှာပြီး မွေးမြူထားလိုက်ပါတယ်။ ကြောင်က ကြောင်မ,ဖြစ်နေလို့ အချိန်တန်တော့ ကြောင်ကလေးတွေ မွေးလာပါတယ်။ ကြောင်ကလေးတွေက လေးကောင်ဖြစ်ပြီး အထီးနှစ်ကောင်၊ အမနှစ်ကောင် ဖြစ်ပါတယ်။

အိမ်ကို အလည်လာတဲ့ ဧည့်သည်များက ကြောင်ကလေး လေးကောင်ဖြစ်လို့ ကြောင်ခုတင် ဖြစ်တယ်။ **"လာဘ်ဝင်လိမ့်မယ်"**လို့ ဆိုပါတယ်။

တိုက်ဆိုင်မှုလို့ပြောရရင် ဒီကြောင်ကလေးတွေ မွေးလာပြီးမှ ဖနီးသည်က အောင်ဘာလေထီ တွတ်ဝင်တယ်။ သိပ်မများပါဘူး။ ငါးသောင်းတည်းပါ။ ဒါပေမယ့် တစ်သက်လုံး ထီထိုးလာခဲ့တာ အသက်(၆၀)နှစ်ရှိမှ ထီလာပေါက်တာ ထူးခြားချက် ဖြစ်နေပါတယ်။

နောက်တစ်ခုက စာရေးသူ လွန်ခဲ့တဲ့ (၂၀)နှစ်နီးနီးက ရောင်းခဲ့တဲ့အိမ်ကို နာမည်ပြောင်းကိစ္စ လိုက်လုပ်ပေးလို့ လက်ဖက်ရည်ဖိုးငွေ ခြောက်သိန်းခွဲရလိုက်ပြန်သေးတယ်။ အရင်းမစိုက် အချောင်ရလိုက်တာမို့ ကြုံတောင့်ကြုံခဲ ထူးခြားချက်လို့ ပြောနိုင်ကြောင်းပါခင်ဗျား...။

**အောင်ဆန်းလင်း(ဘီ-အေ)**



www.burmeseclassic.com

www.burmeseclassic.com

# ခေါင်းမူး ခေါင်းကိုက် ရောဂါ

## သက်သာစေသည့် အလွယ်တကူ နှိပ်ကွက်များ

စာရေးသူအနေဖြင့် ခေါင်းမူးခေါင်းကိုက်ရောဂါအတွက် ပျောက်ကင်းသက်သာခဲ့သော မြန်မာ့ရိုးရာ ကုသနည်းတစ်ခုကို ဖော်ပြလိုပါသည်။

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ (၁၅)ရက်နေ့က စာရေးသူနေအိမ်သို့ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ် နည်းပညာတက္ကသိုလ် ကျောင်းရှေ့ ထိပ်တန်းစားသောက်ဆိုင်နှင့် အမျိုးသမီး(သီးသန့်) ဘော်ဒါဆောင်ပိုင်ရှင် ဦးထွန်းထွန်းတစ်ယောက် ကိစ္စတစ်ခုနှင့် ရောက်ရှိလာပါသည်။

နံနက်(၆)နာရီခန့် မှော်ဘီကနေ၍ ကားစီးလာရသောကြောင့် ခေါင်းမူးခေါင်းကိုက်ဖြစ်ကာ ဇက်ကြောကို လက်နှင့် ဖိနှိပ်ပေးနေသည်။

စာရေးသူက...

'ကိုထွန်းထွန်း ခေါင်းမူးနေတာလား'

ဟု မေးရာ ကိုထွန်းထွန်းက...

'ဟုတ်ကဲ့ အစ်ကို၊ ခေါင်းလဲမူးတယ်။ ကိုက်လဲကိုက်တယ်။ ဇက်ကြောလဲ တက်နေတယ်'

ဟု ဆိုပြီး မျက်စိကိုလည်း စုံမှိတ်ထားသည်။

'ဒါ ဆေးသွားဝယ်လိုက်ဦးမယ်၊ ခဏစောင့်ပါ'

ဟု ပြောပြီး အိမ်ကအထွက်တွင် **သာယာမြို့သစ် (၁၃)လမ်းက လျှပ်စစ်ဌာန အငြိမ်းစား ဦးမြင့်အောင်နှင့်** ဆုံတွေ့ကြသည်။

ဦးမြင့်အောင်က...

'ဆရာဗိုလ် ဘယ်ကို သွားမှာလဲ'

ဟု မေးရာ...

'ကျုပ်ညီတစ်ယောက် ခေါင်းမူးခေါင်းကိုက်ဖြစ်နေလို့ မြို့ထဲသွားပြီး ဆေးဝယ်မလို့ပါ'

ဟု ပြောလိုက်ရာ...

'ဆရာဗိုလ် ဆေးမဝယ်နဲ့တော့ ဒီရောဂါကို ဆေးမပါဘဲ ကျုပ် ကုသပေးမယ်။ ချက်ချင်း သက်သာရမယ်'

ဟု ပြောပြီး အိမ်ထဲ ပြန်ဝင်လာကြသည်။

ဦးမြင့်အောင်က ခေါင်းမူးခေါင်းကိုက်နေသည့် ကိုထွန်းထွန်းကို ပက်လက်အိပ်စေပြီး **ခြေနှစ်ချောင်းကို ဆန့်ခိုင်းသည်။ ခြေမထိပ်မှနေ လက်ခလယ်နှင့် ဖိနှိပ်ပြီး ပွတ်ခြေသည်။**

**ခြေမပြီး ခြေညှိုး၊ ခြေခလယ်စသည်ဖြင့် ခြေငါးချောင်းလုံး နှိပ်ခြေပေးသည်။ ယာခြေထောက်ပြီးလျှင် ဘယ်ခြေမှ ခြေချောင်းများကိုလည်း အထက်ပါနည်းအတိုင်း နှိပ်ခြေပေးသည်။**

(၁၀)မိနစ်ခန့် ကြာသော...
ကိုထွန်းထွန်း၏ ခေါင်းမူးခေါင်းက...
ဇက်ကြောတက်သောရောဂါ (...
ပျောက်ကင်းသွားပါသည်။


ကိုထွန်းထွန်းက ဦးမြင့်အောင်...
ကျေးဇူးတင်စွာဖြင့် ငွေ(၃၀၀၀)...
ကို ကန်တော့ဦးချ ကျေးဇူးဆ...
သည်။

စာရေးသူက ဦးမြင့်အောင်၏ ...
ကုသနည်းကို မျက်မြင်ကိုယ်တွေ့...
အစွမ်းထက်လှသော မြန်မာ့ဆေး...
နည်းကို နက္ခတ္တရောင်ခြည်မဂ္ဂဇ...
တစ်ဆင့် လွယ်ကူသက်သာစွာ ...
နိုင်ကြစေရန် စေတနာမွန်ဖြင့် ရေး...
ဖော်ပြအပ်ပါသည်။

ခြေဖဝါးတွင် နှိပ်ပေးရန် နေရာ...
ကို ခြေဖဝါးပုံတွင် အမှတ်ပြထ...
သည်။

* * *

**နှိပ်ပေးသောနေရာများ**



[**မှတ်ချက်** ။ ။ သာယာမြို့သ...
(၂၃) လမ်းမှ ဦးမြင့်အောင်အာ...
ကျေးဇူးတင် ပါသည်။]

**ဗိုလ်မင်း (မင်းလှ)**



www.burmeseclassic.com

www.burmeseclassic.com

သက်တော်ရှည်

# ရာဇဂြိုဟ်တောင်ဆရာတော် ၏ ဆံတော်များ

ကိုကိုခန့်ဇော် (ကသာမြေ)



● ရာဇဂြိုဟ်တောင် ဆရာတော်၏ ဆံတော်များကို ရှေ့တည့်တည့်မှ မြင်တွေ့ရပုံ

…ကသာမြို့၏ အရှေ့ဘက်တွင် ရော …မြစ်ကြီး ရစ်ခွေစီးဆင်းနေပြီး …ရောက်ဘက်တွင် **ရာဇဂြိုဟ်တောင်** **…သွတ်တောင်တန်းဟုလည်း ခေါ်** …ည်။) သွယ်တန်းလျက် ရှိပါသည်။

ထိုရာဇဂြိုဟ်တောင်ပေါ်၌ သီတင်းသုံးလျက်ရှိသော **ဆရာတော်ကြီး ဘဒ္ဒန္တစန္ဒောဘာသ**သည် သက်တော်ရာကျော်ရှည်ပြီး သာသနာတော်အကျိုးကို ရွက်ဆောင်လျက် ရှိပါသည်။

ရာဇဂြိုဟ်တောင် ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသသည် တစ်ပါးတည်း ကေစာရီကျင့်၍ တရားအားထုတ်နေရာ တစ်ခါတစ်ရံ၌ စာရေးသူ၏မိတ်



www.burmeseclassic.com

www.burmeseclassic.com



ရာဇဂြိုဟ်တောင် ဆရာတော်၏ ဆံတော်မွှားကို
ဘေးစောင်းအနေအထားနှင့် မြင်တွေ့ရပုံ

ဆွေ ဦးဇင်ကိုမင်းက သွားရောက်ပြီး ဝတ်ကြီးဝတ်ငယ် ပြုစုပေးကြောင်း သိရပါသည်။

ဦးဇင်ကိုမင်းဆိုသူမှာ စာရေးသူနှင့် ကျောင်းနေဖက် သူငယ်ချင်းတစ်ဦးဖြစ်ပြီး သူ၏မိခင်ကြီး ဒေါ်တင်ရီမှာ ကသာမြို့ အမှတ် (၆)ရပ်ကွက် စိတ္တသုခလမ်း၌ နေထိုင်လျက်ရှိကာ ရာဇဂြိုဟ်တောင်ဆရာတော် ကသာမြို့ထဲသို့ ဆင်းလာလျှင် ဝတ္တုပစ္စည်းများ လှူဒါန်းလေ့ရှိ၏။

တစ်နေ့တွင်...

စာရေးသူ၏မိတ်ဆွေ ဦးဇင်ကိုမင်းက ရာဇဂြိုဟ်တောင် ဆရာတော်ကို ဝတ်ကြီးဝတ်ငယ် ပြုစုပေးပြီး ပြန်ကာနီးတွင် ဆရာတော် ခေါင်းရိတ်၍ ကျနေသော ဆံတော်အနည်းငယ်ကို မြင်တွေ့ကာ အဝတ်ဖြူသန့်သန့်နှင့် ထုပ်၍ နေအိမ်သို့ ယူဆောင်လာခဲ့ပါသည်။

ဦးဇင်ကိုမင်း ယူဆောင်လာခဲ့သော ဆံတော်များကို မိခင်ဖြစ်သူ ဒေါ်တင်ရီက ပုံတွင် မြင်တွေ့ရသည့် ရွှေရောင်ကလပ်ကလေးထဲသို့ ထည့်ကာ အစိမ်းရောင်ဖန်ပေါင်းချောင် (ဆံတော်မွှားဘေးစောင်းအနေအထား ရိုက်ကူးထားသည့်ပုံ၌ မြင်တွေ့နိုင်ပါသည်။)ဖြင့် အုပ်၍ ဘုရားစင်တွင် တင်ထားလိုက်ပါသည်။

ထိုသို့ ပြုလုပ်ပြီး တစ်ပတ်ခန့်ကြာသည့် (အင်္ဂါနေ့)ညတွင် ဒေါ်တင်ရီသည် အိပ်မက်တစ်ခုကို မြင်မက်ပါသည်။

အိပ်မက်ထဲတွင် ရာဇဂြိုဟ်တောင် ဆရာတော် ကြွလာပြီး အိပ်ပျော်နေသည့် ဒေါ်တင်ရီကို နှိုးကာ...

'ဒကာမကြီး ထပြီး ဘုရားစင်ကို လိုက်ကြည့်ပါဦး'

ဟု မိန့်တော်မူသဖြင့် ဒေါ်တင်ရီလည်း ဘုရားစင်ရှိရာသို့ ဆရာတော့်နောက်မှ လိုက်ပါလာခဲ့ပါသည်။

ဘုရားစင်သို့ ရောက်သောအခါ အစိမ်းရောင် ဖန်ပေါင်းချောင်ထဲမှ ရောင်စုံအလင်းတန်းများ ဖြာထွက်နေပြီး ဆရာတော်၏ အနည်းငယ်မျှသော ဆံတော်များသည် လှုပ်ရှားနေကြသည်ကို တအံ့တသြ မြင်တွေ့ရပါသည်။

ထို့နောက်...

ဆံတော်များသည် တဖြည်းဖြည်း နည်းရာမှ များလာပြီးနောက် အ... သို့ စု၍ တက်လာခဲ့ရာ လက်မ... ဆစ်စာ အနေအထားအရောက်... ရပ်တန့်သွားပါသည်။

ဒေါ်တင်ရီလည်း တအံ့တသြ... နေရာမှ နံဘေး၌ရှိသော ဆရာတော်... ကို လှည့်ကြည့်လိုက်ရာ ဆရာတော်... မမြင်တွေ့ရတော့ဘဲ ပျောက်နေသ... ဟိုဟိုဒီဒီ လိုက်ရှာနေစဉ် အိပ်... နိုးသွားသည်ဟု ဆိုပါသည်။

ဗုဒ္ဓဟူးနေ့...

နံနက်မိုးသောက် အလင်းရော... သည်နှင့် တစ်ပြိုင်နက် မျက်နှာ... မသစ်သေးဘဲ ဘုရားစင်သို့ ... ကြည့်လိုက်ရာ ရာဇဂြိုဟ်တောင်ဆ... တော်၏ ဆံတော်များသည် အိပ်မ... ထဲကအတိုင်း ပွားပြီး လက်မတင်... စာခန့် မြင့်တက်နေသည်ကို မြင်... ရပါတော့သည်။

အထက်ပါ အကြောင်းအရာ... ကို...

**ကသာမြို့ အမှတ် (၆)ရပ်ကွ... စိတ္တသုခလမ်းနေ ဒေါ်တင်ရီမှ စာ... သူအား ပြောပြသောအခါ** စာ... လည်း ဆံတော်ပွားပုံတော်မ... တပည့်မလေးတစ်ဦးအား အ... ကင်မရာငယ်လေးဖြင့် ဓာတ်ပုံရိုက်... နိုင်းပြီးနောက် နက္ခတ္တရောင်... မဂ္ဂဇင်း စာဖတ်ပရိသတ်များ ... သိရှိနိုင်ပါရန်အတွက် ဆောင်းပါး... ပုဒ်အဖြစ် ရေးသား တင်ပြလိုက်... သတည်း။

ကိုကိုခန့်ချော (ကသာမြို့)





www.burmeseclassic.com

www.burmeseclassic.com

# ရက်ပုပ်ရက်ဆိုး အခိုက်ပြေနည်း

ပြူးသော်တာ

မြန်မာပြက္ခဒိန် လဆန်း/လဆုတ် ရက်နှင့် နေ့နံပေါင်းခြင်း (၁၃)ဖြစ်လျှင် **"ဝါရမိတ္တူ"**ဟု ခေါ်၍ မကောင်းသော **ရက်ပုပ်၊ ရက်ဆိုး** ဖြစ်သည်ဆို၏။

ဥပမာ လဆန်း(၆)ရက်သည် စနေနေ့ဖြစ်လျှင် **၆+၇ = ၁၃** ဖြစ်ရာ **ဝါရမိတ္တူ** ဆိုသည်။

အလားတူပင် **လဆန်း** သို့မဟုတ် **လဆုတ်(၇)ရက်နေ့သည် သောကြာနေ့ဖြစ်**လျှင် (၈)ရက်နေ့သည် ကြာသပတေး၊ (၉)ရက်နေ့သည် ဗုဒ္ဓဟူး၊ (၁၀)ရက်နေ့ အင်္ဂါ၊ (၁၁)ရက်နေ့ တနင်္လာ၊ (၁၂)ရက်နေ့ တနင်္ဂနွေ ဖြစ်နေကြပါက **ဝါရမိတ္တူ**ရက်များ ဖြစ်ကြသည်။

ဝါရမိတ္တူကဲ့သို့ ပြဿဒါးနေ့များသည်လည်း မကောင်းသော ရက်ပုပ်ရက်ဆိုးဖြစ်သည်ဟု သတ်မှတ်ကြသည်။

ပြဿဒါးပ မှတ်ကြ **"ထွန်းပေါ်"** ခေါင်ခူးတော်၊ **"လှသော်"** ဆုန်သိုသင်း **"အင်းကြင်း"** တွဲကျွတ်ယုန်၊ **"ရေစုန်"**မုန်းဆိုပေါင်း အပေါင်းရက်ညွှန်သာ။


* * *

| | |
|---|---|
| **ခေါင်၊ တန်ခူး၊ နတ်တော်လများတွင်** | ⇨ ထွန်းပေါ် = စနေ၊ ကြာသပတေး |
| **ကဆုန်၊ ပြာသို၊ တော်သလင်းလများတွင်** | ⇨ လှသော် = ဗုဒ္ဓဟူး၊ သောကြာ |
| **သီတွဲ၊ သီတင်းကျွတ်၊ နယုန်လများတွင်** | ⇨ အင်ကြင်း= တနင်္ဂနွေ၊ တနင်္လာ |
| **တန်ဆောင်မုန်း၊ ဝါဆို၊ တပေါင်းလများတွင်** | ⇨ ရေစုန် = ရာဟု၊ အင်္ဂါ |

ပြဿဒါးနေ့များဖြစ်ကြသည်။

ထိုကဲ့သို့သော ရက်ပုပ်ရက်ဆိုးများ၏ အခိုက်အဖျက်ကို ပျောက်စေရန် ကြောင်ပန်းတောရ ပဋ္ဌမနာယက ဆရာတော်ဦးနန္ဒိယက ဤသို့ မိန့်ကြားတော်မူသည်။

◎ **တနင်္ဂနွေကြို၊ ဘုရားဂုဏ်၊ အာရုံပြုကာ ပူဇော်ပါ။**



'ဗုဒ္ဓဂုဏော အနန္တော၊ ဗုဒ္ဓဂုဏံ အဟံဝန္ဒာမိ သဗ္ဗဒါ'

ဘုရားဂုဏ်တော်ကိုးပါး၊ ရွတ်ဆိုပွား၊ ဘေးများကင်းကွာ၊ ကိုယ်ကျန်းမာ။

◎ **တနင်္လာကြို၊ တရားဂုဏ်၊ အာရုံပြုကာ ပူဇော်ပါ။**

'ဓမ္မဂုဏော အနန္တော၊ ဓမ္မဂုဏံ အဟံဝန္ဒာမိ သဗ္ဗဒါ'

တရားဂုဏ်တော်ခြောက်ပါး၊ ရွတ်ဆိုပွား၊ ဘေးများကင်းကွာ၊ ကိုယ်ကျန်းမာ။

◎ **အင်္ဂါကြို၊ သံဃာဂုဏ်၊ အာရုံပြုကာ ပူဇော်ပါ။**

'သံဃာဂုဏော အနန္တော၊ သံဃဂုဏံ အဟံဝန္ဒာမိ သဗ္ဗဒါ'

သံဃာ့ ဂုဏ်ကိုးပါး၊ ရွတ်ဆိုပွား၊ ဘေးများကင်းကွာ၊ ကိုယ်ကျန်းမာ။

◎ **ဗုဒ္ဓဟူးကြို၊ မိဘဂုဏ်၊ အာရုံပြုကာ ပူဇော်ပါ။**

'မာတာပိတုဂုဏော အနန္တော၊ မာတာပိတုဂုဏံ အဟံဝန္ဒာမိ သဗ္ဗဒါ'

မိဘဂုဏ်ကျေးဇူးကို အောက်မေ့ပူဇော်ပါ။

◎ **ကြာသပတေးကြို၊ ဆရာ့ဂုဏ်၊ အာရုံပြုကာ ပူဇော်ပါ။**

'အာစရိယဂုဏော အနန္တော၊ အာစရိယဂုဏံ အဟံဝန္ဒာမိ သဗ္ဗဒါ'

သင်ပြကြား ဆရာအားလုံး၏ ကျေးဇူးကို အောက်မေ့ပူဇော်ပါ။

ဒါနပြု၍ အမျှဝေပါ။ ဘေးရန်ကင်း၍



www.burmeseclassic.com

www.burmeseclassic.com

ကျန်းမာမည်။

**❂ သောကြာကြို၊ မျိုးမိတ်ဂုဏ်၊ အာရုံပြုကာ ပူဇော်ပါ။**

'မဟာဉာတိဂုဏော ဗဟူပကာရော၊ မဟာဉာတိဂုဏံ အဟံဝန္ဒာမိ သဗ္ဗဒါ'

ဆွေမျိုးမိတ်သင်္ဂဟတို့၏ ကျေးဇူးကို အောက်မေ့တုံ့ပြန်ပါ။

ကင်းကွာ ကိလေသာ။

ဤသို့ ပူဇော်ရှိခိုးပါက ပြဿဒါး၊ ဝါရမိတ္တုရက်ဆိုးများ ပျက်ပြယ်စေသည်။

ရက်ရာဇာနေ့တွင်လည်း ကောင်းသော အခြင်းအရာ မင်္ဂလာတို့ သူ့အလိုအလျောက် ရောက်လာနိုင်ဖြင့်

နယုန်ပွင့်စံ အင်းဝါဆို
သာလိုဝါခေါင် မြတောင်တော်သလင်း
သီတင်းကျွတ်စမုန် အေးလှုံတန်ဆောင်
လက်သုံးနတ်တော် ပွဲတော်ပြာသို
မင်းညိုတပို့တွဲ လှည်းအုံတပေါင်း
အပေါင်းအောင်ရာ၊ ရက်ကောင်းရာဇာ

* * *

| | | | |
|---|---|---|---|
| **တန်ခူးလတွင်** | ➪ သောကြာ၊ ဗုဒ္ဓဟူး | **ကဆုန်လတွင်** | ➪ စနေ၊ ကြာသပတေး |
| **နယုန်လတွင်** | ➪ ကြာသပတေး၊ အင်္ဂါ | **ဝါဆိုလတွင်** | ➪ တနင်္ဂနွေ၊ ဗုဒ္ဓဟူး |
| **ဝါခေါင်လတွင်** | ➪ သောကြာ၊ ဗုဒ္ဓဟူး | **တော်သလင်းလတွင်** | ➪ ကြာသပတေး၊ စနေ |
| **သီတင်းကျွတ်လတွင်** | ➪ အင်္ဂါ၊ ကြာသပတေး | **တန်ဆောင်မုန်းလတွင်** | ➪ တနင်္ဂနွေ၊ ဗုဒ္ဓဟူး |
| **နတ်တော်လတွင်** | ➪ ဗုဒ္ဓဟူး၊ သောကြာ | **ပြာသိုလတွင်** | ➪ ကြာသပတေး၊ စနေ |
| **တပို့တွဲလတွင်** | ➪ ကြာသပတေး၊ အင်္ဂါ | **တပေါင်းလတွင်** | ➪ ဗုဒ္ဓဟူး၊ တနင်္ဂနွေ |

ဒါနပြု၍ အမျှဝေပါ။

**❂ စနေကြို၊ ကုသိုလ်ဂုဏ်၊ အာရုံပြုကာ ဆင်ခြင်ပါ။**

'ကုသလာဓမ္မာ သုခဝိပါကာ ဓမ္မာနိဿတ္တနိဇ္ဇီဝါ သဘာဝါ'

ဒါနသီလဘာဝနာ ကုသိုလ်စေတနာ တရားပွားရှုပါ။ ဘေးများ

မျှော်ကိုးစောင့်စားနေခြင်းဖြင့် မရရှိနိုင်ရာ။ အထက်ပါအတိုင်း ရှိခိုးပူဇော်ပါလျှင် လုပ်ကိုင်သမျှ လုပ်ငန်းအဖြာဖြာ အောင်မြင်ရာသည်။

ရက်ရာဇာရွေးရန်

တန်ခူးသာလှ ထွန်းပကဆုန်

***[ကြောင်းပန်းဗိသုကာ သာသနာ သမိုင်းဝင် ပုဂ္ဂိုလ်ထူးများစာအုပ် မျက်နှာ(၅၀၈)မှ ထုတ်နုတ် ... သည်။]***

ငြိမ်းသော်တာ

သတ္တဝါများထဲတွင် မြွေမှ အဆိပ်ရှိသည်ဟု ထင်ကြသော်လည်း ရေထဲမှ သတ္တဝါ ဥပမာ ငါးသတ္တဝါများသည်လည်း အဆိပ်ရှိကြ၍ သတိပြုမှုရန် ရေးသားပြခြင်း ဖြစ်ပါသည်။

# ငါးကျည်း၊ ငါးခူ

အဆုံး စူးသော်



စာရေးသူသည် မြစ်ဝကျွန်းပေါ်ဒေသ ဖျာပုံမြို့ဇာတိ ဖြစ်သဖြင့် ပင်လယ်နှင့် နီးစပ်လွန်းရကား ရေသတ္တဝါများနှင့် မစိမ်းလှပါ။

ငယ်စဉ်က ချောင်းမြောင်းများတွင် သူငယ်ချင်းများစု၍ ငါးမျှားတံဖြင့် ငါးမျှားပြီး ရသည့်ငါးများကို အဆင်ပြေသလို ကင်ချက်စားကြပါသည်။

များသောအားဖြင့် ရရှိသော ငါးများက ငါးပုတီး၊ ငါးရံ့ပေါက်၊ ငါးစင်ရိုင်းများပင် ဖြစ်ပါသည်။

ထိုအထဲတွင် ငါးစင်ရိုင်းရရှိပါက ငါးမျှားတံဖြုတ်ရာတွင် အထူး သတိထားရပါသည်။ အဖြုတ်မတတ်လျှင် **ငါးစင်ရိုင်းငါး စူးပါက** လက်မှာ ရောင်ရမ်းကိုက်ခဲပြီး (၃,၄)ရက်ခန့် ခံစား ရပါသည်။ တချို့ဆိုလျှင် အဖျားဝင်ပြီး ဆေးထိုးရပါသည်။

စာရေးသူတို့ ပင်လယ်ပိုင်းတွင် **ပင်လယ်ငါးခူ စူးပါက တစ်ရေတက် တစ်ရေကျ ခံစားရပါသည်။** ထိုအခါတွင် ပင်လယ်တွင် ငါးကွမ်းရှပ် လိုက်ကြ


စာမျက်နှာ (၁၄၅) သို့



www.burmeseclassic.com

www.burmeseclassic.com

# ထို [illegible]



ဟင်္သာတ - ကောင်းစေမျှကျော်

လမ်းပန်းတွေက ကောင်းနေပါသည်။ လမ်းပန်းက သာယာလှပါသည်။ ထို့ကြောင့် ကျွန်တော်သည် အားလပ်သော ရက်အချိန်တွင် အညောင်းပြေ လမ်းလျှောက်ထွက်ခဲ့ပါသည်။

တစ်ခဏမျှ လျှောက်မိသောအခါ အသက် (၇၀)ခန့်ရှိ ဝတ်ဖြူစင်ကြယ် ဝတ်ထားသော မုတ်ဆိတ်မွေး ဖြူဖြူရှည်ရှည်၊ နှုတ်ခမ်းမွေး ဖြူဖြူရှည်ရှည်၊ ဆံပင်ဖြူဖြူရှည်ရှည်နှင့် လည်ပင်းတွင် ပုတီးစွပ်လွယ်လျက် တည်တည်ငြိမ်ငြိမ် လမ်းလျှောက်လာသည့် ပုဂ္ဂိုလ်တစ်ဦးကို တွေ့ရပါသည်။

အနီးသို့ ရောက်လာသောအခါ ကျွန်တော်၏ရှေ့တွင် ရပ်လျက် အေးငြိမ်သောလေသံဖြင့်…

'ဒီအနားမှာ မြေကွက်တွေ ရောင်းတယ်လို့ ကြားရပါတယ်။ ဝယ်ချင်လို့ ဘယ်နေရာမှာ ရှိတယ်ဆိုတာ သိချင်ပါတယ်'

ဟု မေးမြန်းပါသည်။

'ဩော် ဟုတ်ပါတယ်။ အခု တက္ကသိုလ်ဘက်ကို လမ်းဖောက်ထားတဲ့ သီရိအောင်မြေရပ်ကွက်ရဲ့ ဒီဘက် လမ်းဘေးတစ်လျှောက် မြေကွက်လပ်တွေကို ရောင်းနေပါတယ်'

'ဈေးနှုန်း ဘယ်လိုရှိပါသလဲ'

'အဲဒါကတော့ ရပ်ကွက်လူကြီးတွေကို မေးကြည့်ပါခင်ဗျား၊ ဆရာကြီးက ဘယ်က လာခဲ့တာလဲ ခင်ဗျာ'

ဟုတ်ပါသည်။ ထိုပုဂ္ဂိုလ်ကို ဟင်္သာတမြို့တွင် တစ်ခါမှ မြင်ဖူး၊ တွေ့ဖူးခြင်း မရှိပါ။

'ကျုပ်က နယ်လှည့်ပြီး ဘုရားအပြို အပျက်တွေကို ပြန်လည်ပြုပြင် သာသနာပြုနေတဲ့သူပါ'

'အမည် သိပါရစေလားဗျာ'

'ဘိုးတော် ဦးကရင်လို့ခေါ်လို့ မှတ်ယူလို့ ရပါတယ်'

ဟု ဖြေပါသည်။

'ဩော် ဩော် ဟုတ်ကဲ့ခင်ဗျာ'

'မြေကွက်မြေလွတ် ရောင်းမယ်ဆိုတဲ့ နေရာကို သွားချင်ပါတယ်။ လိုက်ပြနိုင်ရင် လိုက်ပြလား'

'ဟုတ်ကဲ့ လိုက်ပြနိုင်ပါတယ်'

ကျွန်တော်က မြေနေရာရှိရာသို့ ခေါ်ဆောင်သွားပြီး ပြသလိုက်ပါသည်။

အပြန်တွင် ထွေရာလေးပါး စကားများ ပြောဆိုလာရင်း အင်္ဂိရတ် အကြောင်း ပါလာပါတော့သည်။

'ဆရာကြီးမှာ နည်းနိဿယ ကောင်းများရှိရင် ကျွန်တော့်ကို မျှဝေပါလား ဆရာကြီး'

ကျွန်တော်က ဝါသနာအလျောက် ပညာရရန် တောင်းဆိုလိုက်ပါသည်။

'ဝါသနာပါလို့ လိုချင်ဆန္ဒရှိရင် ပေးပါတယ်'

ဟု ပြောပါသည်။ ထို့ကြောင့် ကျွန်တော်က ထိုသွားလမ်းဘေးရှိ အသိဖြစ်သော ကွမ်းယာဆိုင်သို့ဝင်ကာ ကွမ်းယာဝယ်ပြီး နေရာတစ်နေရာယူ၍ ဘိုးတော် ဦးကရင် ပြောပြသော အင်္ဂိရတ်ဆိုင်ရာ ထုံလုပ်နည်း ရေးမှတ်ထားလိုက်ပါသည်။

'ကဲ ရေးမှတ်ပြီးပြီ။ လက်တွေ့ အောင်မြင်အောင် လုပ်ပေတော့။ ကျုပ်နဲ့ နောက်တွေ့ချင်လဲ တွေ့ဦးမှာပေါ့။ ကျုပ် ဒီနည်းတွေကို လူတိုင်း မပေး၊ မပြောဘူး'

ဟု ပြောကာ ထိုနေရာမှ ထ၍ ထွက်သွားပါတော့သည်။

ကျွန်တော်သင်လျှင် မည်သည့်စကားကိုမှမဆို၊ မပြောလိုက်ရပါ။ ယခု (၂) နှစ် ကျော်လေပြီ၊ ဘိုးတော် ဦးကရင်ကို နောက်ထပ်တစ်ဖန် ထပ်၍ မတွေ့ရတော့ပါ။

ဘိုးတော် ဦးကရင် ပြောပြနည်းပေးသွားသော ထုံစပ်လမ်း၊ စားလမ်းကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ တစ်ဆင့် ဝါသနာတူ ပုဂ္ဂိုလ်များအတွက် ရေးသားအသိပေးလိုက်ပါသည်။ ဆောင်



www.burmeseclassic.com

www.burmeseclassic.com

ရွက်အောင်မြင်နိုင်ကြပါစေ။

ဘိုးတော် ဦးကရင် ပြောပြသော နည်းနိဿယမှာ...

### ထုံလုပ်နည်း

* ဗီးပေါက်လက်ချား နှစ်ဆယ်ထား စိန်ကား နီနီ တစ်ဆယ်ကျပ်။
* ရည်သံပရာ ရောကြိတ်ကာ လုံးပါဗီး(ဆီး)စေ့ နေမှာထပ်။
* ကျိုတစ်ကျပ်သံ အလုံးမှန် မကျန်အကုန် ပေါက်၍ကပ်။
* သံလေးတင်မှာ ထုံနှိပ်ကာ တင်ပါပြဒါး ပေါက်ပေါက်မှတ်။
* ဘော်တစ်ကျပ်တွင် တစ်မူးဝင် ထုံစဉ်ထပ်၍ ဖြစ်အောင်ခပ်။
* ငါးကျပ်ဒန်မှာ တစ်မူးသာ ပစ်ကာရောစပ် စားလင်းမှတ်။
* မည်းမည်းပြာပြာ သံရောင်ပြာ သံမှာမကောင်း ပျက်ပြီမှတ်။
* သံဖြူသံနီ အသွင်ညီ တောင်းသည်ထိုထုံ အောင်ပြီမှတ်။
* အလိုရှိသူ လုံ့လကူ မီးပူရကျိုး ကောန်နပ်။

ထိုလင်္ကာအတိုင်းပင် ဖြစ်ပါသည်။ ထိုလင်္ကာကို လိုရင်းအဓိပ္ပာယ်ကိုလည်း ပြောပြခဲ့ပါသေးသည်။

✤ လက်ချားမီးပေါက် (၂၀)ကျပ်သား၊
✤ စိန်နီ (၁၀)ကျပ်သား

တို့ကို သံပရာရည်နှင့်ရော၍ အညက်ကြိတ်ကာ နေလှန်းရပါသည်။ ခပ်ထပ်ထပ်တွင် ဆီး(ဇီး)စေ့ခန့်လုံးပြီး ခြောက်အောင် နေလှန်းရပါသည်။

သံနုနုကောင်းကောင်း (၁)ကျပ်သားကို သင့်တော်သောလုံတွင် ကျိုရပါသည်။ ပျော်သောအခါ အထက်က ဆေးလုံးတစ်လုံးစီ ကုန်အောင် ပေါက်၍ ထိုးရပါသည်။ ဆေးကုန်လျှင် ဆက်လက်၍ သံလေးတင်အထိ ထိုးရပါသည်။ အကယ်၍ သံအလေးမတင်ဘဲ ပိုနေလျှင် ချက်ပစ်ရပါသည်။

သံလေးတင်သောအခါ ၎င်းသံကို ထုံနှိပ်ရပါသည်။ ၎င်းထုံနှိပ်ပြီး သံတွင် ပြဒါးတင်ရပါသည်။ ထိုအခါ ပြဒါးသည် ပေါက်ပေါက်ပွင့်ကဲ့သို့ဖြစ်ကာ မီးနေ၍ သေပါတော့သည်။

ဘော်စင် (၁)ကျပ်သားကို ပျော်အောင် ကျိုပြီး ထိုထုံကျပြဒါး တစ်မူးသားကို ပေါက်ပေးရပါသည်။ ထိုဘော်လည်း ဘော်သေဖြစ်ပါတော့သည်။ ထိုဘော်သည် ထုံသား ဖြစ်ပါတော့သည်။

ထိုအဆင့်သို့ ရောက်သောအခါ ဒန် (၅)ကျပ်သားကို ကျို၍ ထိုဘော်ထုံသား တစ်မူးသား ပစ်ပေါက်၍ စားလင်းစပ်လင်းအဖြစ် အသုံးပြုရမည်ဟု ရှင်းလင်းပြောပြသွားပါသည်။

သံသည် ထိုးပြီးသောအခါတွင် ထုံမနှိပ်မီ၌ အရောင် မည်းမည်းပြာပြာ အရောင် ဖြစ်နေလျှင် ထိုသံ မကောင်း၊ ဆက်လက်လုပ်ဆောင်ရန် မသင့်ဟု ဆိုပါသည်။

သံသည် ထိုးပြီး ထုံမနှိပ်မီအခါ၌ အရောင် ဖြူဖြူနီနီအရောင် ရှိနေလျှင် သံကောင်းဖြစ်ကြောင်း၊ ထိုသံဖြင့် ဆက်လက်လုပ်ဆောင်လျှင် အောင်မြင်မည် ဖြစ်ကြောင်းတို့ကိုလည်း ပြောပြသွားပါသည်။

ဤရွှေဤမျှ ဤနည်းနိဿယဖြင့် ဘိုးတော် ဦးကရင် နည်းပေးသွားသော သံထုံစားလင်း တစ်ခန်းပြီးစီးပြီ ဖြစ်ပါတော့သည်။

***အားလုံး အောင်မြင်၍ ကောင်းသော အလိုဆန္ဒများ ပြည့်ဝကြပါစေ။***

**ဟသ်ာတ ကောင်းစမ္ပူကျော်**

စာမျက်နှာ (၁၇၂)မှ အဆက်

သော ရခိုင်တိုင်းရင်းသားများသုံးသည့် ထန်းလျက်ကို ၎င်ပြီး ပျစ်လာသည်နှင့် ငါးရှူးထားသော အနာပေါ်သို့ အုံထားရုံနှင့် သက်သာ ပျောက်ကင်းပါသည်။ ဒါက ရခိုင် တိုင်းရင်းသား ဆေးနည်းတိုပါ။

နောက်တစ်နည်းက ဈေးထဲတွင် ဈေးရောင်းကြသော ငါးသည်မများက ပေးသောနည်းကား ငါးကျည်း၊ ငါးခူ၊ ငါးစင်ရိုင်း စူးလျှင် ငါးဖယ်မျက်လုံးကိုထုတ်၍ ဆူးစူးသော ဒဏ်ရာပေါ်သို့ ဖိအုံချလိုက်လျှင် ပျောက်ကင်းသက်သာစေသည်။

ယခု စာရေးသူ၏အဘွား ဒေါ်ရွှေ ၏ အိမ်ရှင်မနည်း တစ်နည်းကတော့ ငါးကျည်း၊ ငါးခူ စူးခဲ့လျှင် ငါးဆူး အဆိပ်ဖြေဆေးက ငါးပိရည်ကျ ထားသော အိုးထဲတွင် ပွက်ပွက်ဆူ၍ ချွေးထွက်သောအခါ အဖုံးကိုဖယ်၍ ငါးဆူးစူးသော လက်ကို ငါးပိရည် အခိုးအငွေ့ ထွက်နေသော အိုးအပေါ်မှ စတီ လက်ကို ဖောက်ထိုး စွေ့ ပိုင်းလောက် ထားလိုက်ပါ။(ငါးပိရည် အိုးထဲ လက်နှစ်နိုင်းခြင်း မဟုတ်ပါ)

အပေါ်ယံမှ အခိုးချွေးများ ထွက်ခိုက်မှ လက်ဆူးစူးသောဒဏ်ရာ ချွေးဖြင့်ပေါင်း၍ ကုသခြင်းဖြင့် ပျောက်ကင်းသက်သာစေပါသောကြောင့် မိန်းချောင်က အိမ်ရှင်မနည်း ဖြစ်သည့်အတွက် ငါးဆူး အဆိပ်ပြေစေသည့်အတွက် စေတနာထား တင်ပြလိုက်ခြင်း ဖြစ်ပါသည်။

**ကျော်ခင်ဖြူ**



www.burmeseclassic.com

www.burmeseclassic.com

# အခေါက်ရွှေ သန့်စင်နည်း



ဘုမြောင် (ရုက္ခ)

ငွေကြေးသတ္တုများအား ရွှေရည်စိမ်နည်းအကြောင်းကို လွန်ခဲ့သော အနည်းငယ်က ဖော်ပြခဲ့ပါသည်။ ယခုတစ်ပတ်၌ အခေါက်ရွှေရအောင် သန့်စင်နည်းအကြောင်း ဖော်ပြလိုပါသည်။

ရွှေသန့်စင်နည်းကို မဖော်ပြမီ ရွှေငွေသတ္တုများ၏ အရည်အသွေး အခေါ်အဝေါ်များအကြောင်း အနည်းငယ် ရှင်းပြချင်ပါသည်။

တခြား မည်သည့်သတ္တုမှ ရောနှောထားခြင်းမရှိသော သန့်စင်သည့် ငွေသတ္တုအား **ဘော်ငွေ**ဟု ခေါ်၏။ ထိုသော် ဘော်ငွေသည် ပျော့ပျောင်းသဖြင့် လက်ဝတ်တန်ဆာနှင့် လူ့အသုံးအဆောင်ပစ္စည်းများ ပြုလုပ်လျှင် အကြမ်းမခံနိုင်ချေ။

ထိုဘော်ငွေထဲသို့ ကြေးသတ္တု အနည်းငယ် ရောစပ်မှသာ မာကျောလာပြီး လက်ဝတ်တန်ဆာနှင့် လူ့အသုံးအဆောင် ပစ္စည်းများကို စိတ်တိုင်းကျ ပြုလုပ်သုံးစွဲနိုင်၏။

ထို့အတူ တခြားမည်သည့်သတ္တုမျှ ရောနှောထားခြင်း မရှိသော သန့်စင်သည့် ရွှေသတ္တုအား အခေါက်ရွှေဟု ခေါ်၏။

အခေါက်ရွှေသည်လည်း ပျော့ပျောင်းသဖြင့် မူလသဘာဝအတိုင်း လက်ဝတ်တန်ဆာများ ပြုလုပ်ဝတ်ဆင်၍ မကောင်းပေ။ ငွေ(သို့မဟုတ်) ကြေးသတ္တု အနည်းငယ်မျှ ရောစပ်မှသာ မာကျောလာပြီး လက်ဝတ်တန်ဆာများ ပြုလုပ်ရန် သင့်တော်၏။

ငွေနှင့် စပ်သည့်ရွှေကို **"အဖန်စပ်ရွှေ"**ဟု ခေါ်ပြီး ကြေးနှင့် စပ်သော ရွှေကို "အငန်စပ်ရွှေ"ဟု ခေါ်ကြ၏။ အဖန်စပ်ရွှေသည် အဖြူရောင်ဘက် သန်းပြီး အငန်စပ်ရွှေသည် အနီရောင်ဘက်များ၏။

ရွှေအလေးချိန် (၁)ကျပ်သားသည် (၁၆)ပဲသားနှင့် ညီမျှ၏။ သန့်စင်သော အခေါက်ရွှေ (၁)ကျပ်သားတွင် ရွှေသတ္တုစစ်စစ် (၁)ကျပ်သားအပြည့်(၁၆ ပဲသား) ပါဝင်သောကြောင့် (၁၆)ပဲရည်ရွှေဟု ခေါ်ကြ၏။

အခေါက်ရွှေ(၁)ကျပ်သားမှ (၁)ပဲသားနုတ်ပြီး ငွေ(သို့မဟုတ်)ကြေးသတ္တု (၁)ပဲသား ပြန်ရောထားသော ရွှေအလေးချိန် (၁)ကျပ်သားတွင် ရွှေသတ္တုစစ်စစ်(၁၅)ပဲသားသာ ပါသောကြောင့် ယင်းကို **(၁၅)ပဲရည်ရွှေ**ဟု ခေါ်၏။

ထို့အတူ အခေါက်ရွှေ(၁၄)ပဲသားနှင့် ငွေ(သို့မဟုတ်) ကြေးသတ္တု(၂)ပဲသား ရောစပ်ထားသော ရွှေ(၁)ကျပ်သားကို (၁၄)ပဲရည်ရွှေဟု ခေါ်ကြ၏။

ငွေထည်၊ ကြေးထည် စသော သတ္တုများကို ရွှေရည်စိမ်ရာတွင် အသုံးပြုသောရွှေသည် သန့်စင်သော အခေါက်ရွှေဖြစ်ရန်လိုကြောင်း တင်ပြပြီးဖြစ်၏။

ရွှေရည်စိမ်နည်းကို သင်ယူစဉ်က အိမ်တွင် အခေါက်ရွှေ မရှိ၍ ကျွန်တော်၏ဖခင်က ဤနည်းဖြင့် ပြုလုပ်ပြခဲ့ခြင်းဖြစ်၏။

ကျွန်တော်၏ ဖခင်သည် ရွှေပန်းထိမ်လုပ်၏။ ပြုလုပ်ရသော အထည်ပစ္စည်း (လက်ဝတ်တန်ဆာ)များမှာ (၁၅)ပဲရည်ဖြစ်၍ ကျလာသော တစ်စဉ်းစာအမှုန့်များကို ပြန်ကျိုသောအခါ (၁၅)ပဲရည်ပင် မပြည့်တော့ချေ။

ထို့ကြောင့် အခေါက်ရွှေ (၁၆)ပဲရည်ရအောင် ယခုဖော်ပြသော နည်းဖြင့် ကျွန်တော်၏ ဖခင်က ပြုလုပ်ပြခဲ့၏။

**ပြုလုပ်နည်းမှာ ဤသို့ဖြစ်၏။**

သန့်စင်လိုသော အရည်ညံ့ ရွှေများကို ယူပါ။ ထိုရွှေအလေးချိန်ထက် (၂)ဆ ခွဲရှိသော ငွေသတ္တုကိုယူပါ။ ကြေးနီ အနည်းငယ်ကိုလည်း ရှာဖွေထားပါ။

ယင်းသုံးမျိုးကို လုံတွင် ထည့်၍ မီးပြင်းပြင်းဖြင့်ကျိုပြီး အရည်လည်အောင် စောင့်ပါ။ အင်တုံဖောက်တစ်ခုထဲတွင် အုတ်နီခဲပိုင်းတစ်ခုခံ၍ ရေများများ ထည့်ထားပါ။

လုံတွင် ထည့်ကျိုထားသော ပစ္စည်းများ အရည်လည်လာပါက ရေထည့်ထားသော အင်တုံဖောက်ထဲရှိ အုတ်နီခဲပိုင်းပေါ်သို့ ကြွက်မြီးတန်း လောင်းချပါ။

ထိုအခါ ရွှေ၊ ငွေ၊ ကြေး သုံးမျိုးစပ် သတ္တုရည်များသည် အုတ်နီခဲပိုင်းပေါ် ကျရောက် စဉ်ထွက်၍ ရေထဲတွင် သေးငယ်သော ဥစိတ်လေးများအဖြစ် ကွဲထွက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com

ယင်းဥစိတ်များကို အခြောက်ခံ၍ ကြွေဇလုံ(သို့မဟုတ်) ကြွေရည်သုတ် သံဇလုံတွင် ထည့်ကာ **ဘော်စားငရဲမီး**ဟု ခေါ်သော **နိုက်တြစ်အက်ဆစ်မြုပ်အောင်** လောင်းထည့်ပါ။

**[မှတ်ချက်။ ။ ကျွန်တော် ဖော်ပြသောနည်းမှာ နန်းကြိတ်စက်ရှိသောနေရာများ၌ ရွှေ၊ ငွေ၊ ကြေး သုံးမျိုးစပ် သတ္တုကို နန်းကြိတ်စက်တွင် အပြားခတ်နိုင်ပြီး ကတ်ကြေးဖြင့် အစသေးလေးများ ကိုက်ဖြတ်ကာ ဘော်စားငရဲမီး (နိုက်တြစ်အက်ဆစ်)တွင် မြုပ်အောင်ထည့်၍ ပို၍ လွယ်ကူစွာ ပြုလုပ်နိုင်ပါသည်။]**

ကြွေဇလုံအောက်မှ မီးမျှဉ်းမျှဉ်းဖြင့် အပူပေးပါ။ အထူးသတိပြုရန်မှာ ကြွေရည်သုတ် သံဇလုံသုံးပါက ကြွေရည်ကွာ,မကွာ စစ်ဆေးပြီးမှ သုံးပါ။

ကြွေရည်ကွာနေပါက ယင်းနေရာရှိ သံကို ငရဲမီး(နိုက်တြစ်အက်ဆစ်) စားပြီး ပေါက်ထွက်တတ်၍ဖြစ်၏။ မီးအပူပေးလျှင် ငရဲမီး(နိုက်တြစ်အက်ဆစ်)အတွင်းက စိမ်းပြာဝါနီအရောင်ရှိသော အခိုးများ ထွက်လာပါလိမ့်မည်။

ယင်းမှာ ငရဲမီး(နိုက်တြစ်အက်ဆစ်) သည် ဥစိတ်များထဲတွင် ရှိနေသော ငွေ၊ ကြေးနှင့် အခြားသတ္တုများကို စားနေခြင်းကြောင့်ဖြစ်၏။

ငရဲမီး(နိုက်တြစ်အက်ဆစ်) နည်းပြီး အရည်ပျစ်လာလျှင် ယင်းကို သွန်ယူထားပြီး နောက်ထပ် ငရဲမီး(နိုက်တြစ်အက်ဆစ်) ထပ်ထည့်၍ အပူပေးပါ။ ထပ်မံ၍ ငရဲမီး(နိုက်တြစ်အက်ဆစ်) နည်းပြီး ပျစ်လာလျှင် ပထမအတိုင်း ငရဲမီးများကို သွန်ယူထားပြီး အသစ်ထပ်မံထည့်ပေးပါ။

နောက်ဆုံး၌ ငရဲမီး(နိုက်တြစ်အက်ဆစ်)များ ကြည်လင်ပြီး ရေအရောင်အတိုင်း ဖြစ်လာပါက ကြွေဇလုံအတွင်း၌ မည်းနက်သောအရောင် ရှိသည့် အရာဝတ္ထုများ ကျန်နေသည်ကို တွေ့ရပါမည်။

ယင်းသည် ရွှေနှစ်များဖြစ်၏။ ယင်းတို့ကို လုံတွင် ထည့်၍ ကျိုလိုက်ပါက သန့်စင်သော ပုရပိုက်ခေါက်ရွှေကို ရရှိပါမည်။

သွန်ယူထားသော ငရဲမီး(နိုက်တြစ်အက်ဆစ်) ရည်ပေါင်းများအတွင်း၌ ငွေ၊ ကြေးနှင့် အခြားသတ္တုများ ရောနှော ပျော်ဝင်လျက်ရှိကြ၏။ ယင်းတို့အထဲမှ **ငွေသတ္တု(ဘော်)နှင့် ကြေးသတ္တုများ ပြန်လည်ရယူပုံကို** ဖော်ပြပါမည်။

သွန်ယူထားသော ငရဲမီး(နိုက်တြစ်အက်ဆစ်)ရည်ပေါင်း အတွင်းသို့ ကြေးနီချောင်း တစ်ချောင်းကို ထည့်ပေးထားပါ။

မကြာမီ ငရဲမီးရည်ပေါင်းအတွင်းရှိ မမြင်ရသော ငွေမော်လီကျူးလေးများသည် တောက်ပသော ဘော်ငွေမှုန် အစုအဝေးအဖြစ် ကြေးနီချောင်းတွင် လာရောက် ကပ်တွယ်ကြလိမ့်မည်။

ငရဲမီးရည်ပေါင်းအတွင်းသို့ သံချောင်း တစ်ချောင်းကို ထည့်ပေးထားပါ။ ထိုအခါ ငရဲမီးအတွင်းရှိ မမြင်ရသော ကြေးမော်လီကျူးလေးများသည် ကြေးနီမှုန်အစုအဝေးအဖြစ် သံချောင်းတွင် မကြာမီ လာရောက် ကပ်တွယ်ကြပါလိမ့်မည်။

**ရွှေဖြင့် အသက်မွေးဝမ်းကြောင်း လုပ်ငန်းလုပ်ကိုင်သူ အားလုံး လိုအင်ဆန္ဒ ပြည့်ဝကြပါစေ။**

***ဆန္ဒမွန်ဖြင့်...***

**ဆုမောင်(ရှကွ)**



ကလေးများအတွက်

## သန့်ကျဆေး တစ်လ

နှစ်စဉ် ဝါဆိုဝါခေါင်လရောက်လျှ မိဘတို့က ကလေးများအား သန် ပေးလေ့ရှိကြပါသည်။ နိုင်ငံခြားသန် ဆေးများ ရှိသကဲ့သို့ မြန်မာ့တိုင်းရင်း ဆေးများလည်း ရှိပါသည်။

ယခု ကျွန်တော်တင်ပြမည့် သန် ဆေးမှာ လိမ်းဆေးဖြစ်ပါသည်။ ဆေး သောက်ရန် ကြောက်တတ်သေ ကလေးများအတွက် အလွန်သင့်လေ လှပါသည်။ ထို့ပြင် ဘေးထွက်ဆိုးကျ လုံးဝကင်းသဖြင့် ယုံကြည်စိတ်ချ အသုံးပြုစေချင်ပါသည်။

ကျွန်တော်သည် သားများ ငယ်ရွယ်စဉ်အခါက လက်တွေ့လု ဆောင်ခဲ့ဖူးသော ဆေးနည်းတိုလေ ဖြစ်၍လည်း အောက်ပါအတိုင်း င အပ်သူများအတွက် ရေးသားလိုက် သည်။

၁။ ဘုမ္မရာဇာမြစ်၊
၂။ နန်းလုံးကြိုင်မြစ်၊
၃။ ဖရုံသီးအညှာ၊


အထက်ပါတို့ကို သွေး၍ ကလေး ၏ ရင်ဘတ်နှင့် ဗိုက်တို့ကို ညအိပ် မဝင်မီ လိမ်းပေးပါ။ လည်ပင်း ထုံး (၃)ရစ် တားပေးပါ။ သန် ပါးစပ်မှ ထွက်မလာနိုင်စေရန် ( ထုံးစံအတိုင်း) တားဆီးထားခြင်း ဖြ သည်။

***သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ***

**ဦးအေးရွှေ (ကနောင်)**

www.burmeseclassic.com

www.burmeseclassic.com



တောရအဝင်မြင်ကွင်း

စင်ဒိုင်ယ

မြတ်သမဏတို့ စံပျော်မြန်းသည့်

# ထုံးတောင်ပြေ သာစခန်းဆီသို့ (၁)

ယခင်လမှ အဆက်

နီဒါန်း

တောင်တွင်းကြီးမြို့နယ် ရွှေသမင်မြို့ဟောင်းမှ ထုံးတောင်တောရအကြောင်း တစေ့တစောင်း ရေးသားထားသည့် ဆောင်းပါးတစ်ပုဒ်ကို ဖတ်ရှုရသဖြင့် စာတည်းချုပ်က တောင်တွင်းကြီးသို့ရောက်လျှင် သွားရောက်လေ့လာရန် လမ်းညွှန်ခဲ့သည်။

လွန်ခဲ့သော သုံးနှစ်ခန့်ကာလက သွားရောက်လေ့လာရန် အားခဲခဲ့ပါသော်လည်း အခါမဲ့မိုးကြောင့် လှည်းလမ်းများ ပျက်နေသဖြင့် မရောက်ဖြစ်ခဲ့ပါ။ ထို့ကြောင့် မုတ်သုန်ဆုတ်စအချိန်တွင် ဒုတိယမ္ပိ ကြိုးစားခြင်းအဖြစ် ထပ်မံသွားရောက်ခဲ့သည်။

တောင်တွင်းကြီးမြို့ အရှေ့ဘက်ထိပ်ရှိ ကန်တော်ကြီး၏ မြောက်ဘက်ကန်ပေါင်အတိုင်း ကွေ့ပတ်သွားပြီးနောက် ကျောက်ခင်း လမ်းကြမ်းကလေးကို ကျော်ဖြတ်လိုက်သောအခါ ညီညာသော မြေလမ်းကို တွေ့ရသည်။

ကျောက္ကာရွာကျောင်း ဆရာတော်ဦးစီးဖောက်လုပ်ထားသော မြေလမ်းဖြစ်ကြောင်း သိရသည်။ လမ်းအသုံးပြုခအဖြစ် ဆိုင်ကယ်တစ်စီးလျှင် ငွေ(၁၀၀)ကျပ် ပေးရလေသည်။

နွားလှည်းများလည်း သွားလာသဖြင့် ရွှံ့ဗွက်အချို့ ရှိသော်လည်း သုံးရက်ဆက်တိုက် မိုးပြတ်ခဲ့သဖြင့် မြေကြောတင်းကာ အဆင်ပြေစွာ မောင်းနှင်နိုင်သည်။

ကျောက္ကာရွာ လမ်းခွဲအဆုံးတွင် **မင်းရွာဦးသို့** ရောက်သည်။ ရွာတွင်း





www.burmeseclassic.com

www.burmeseclassic.com



◆ ဆရာတော် ဦးဝိစာရိယ ပျံလွန်၍ (၇)ရက်အကြာတွင် ရိုက်ကူးထားသည့် ပုံတော်

ဝင်ကာ ရှာလယ်လမ်းအဆုံးတွင် အရှေ့ဘက်(လက်ယာဘက်)သို့ ချိုးကွေ့သွားခြင်းဖြင့် ငမင်းချောင်းထိပ်သို့ ရောက်လေသည်။ **တောင်တွင်းကြီးမှ (၆)မိုင်ခန့် ကွာဝေးပါသည်။**

## ရွှေသမင်မြို့ဟောင်း

ငမင်းရွာကြီးကား ရှေးအခါက ခံတပ်မြို့ကြီး ဖြစ်ခဲ့သည်ဆို၏။ မြန်မာ သက္ကရာဇ် ၁၉၁ ခုနှစ်တွင် မဇ္ဈိမတိုင်း ကာလိင်္ဂရာဇ်မင်း၏ သားတော် မင်းပြောင်သည် ယခု တောင်တွင်းကြီး မြို့ တည်ရာနေရာတွင် ရတနာတင်း တိမ်မြို့တော်ကြီး တည်ကာ စိုးစံလေရာ နေပြည်တော်၏ တောင်ဘက် (၅)တိုင်အကွာ စစ်တားမြို့(ယခု ဆတ်သွားရွာအနီး)ကို တည်ကာ အမတ်ငကျော်ကို လည်းကောင်း…

အနောက်ဘက် (၅)တိုင်အကွာတွင် ဒုဋ္ဌပူရမြို့(ယခု ပိသနိုးရှေးဟောင်းနယ်မြေ)ကို တည်၍ အမတ်ငဝေကို လည်းကောင်း၊ မြောက်ဘက် (၅)တိုင်အကွာတွင် လုလင်မြို့(ယခု မြို့သစ်အနီး)ကိုတည်ကာ လုလင်အမတ်ကို လည်းကောင်း…

အရှေ့ဘက် (၃)တိုင်အကွာ… ရွှေသမင်မြို့ကိုတည်၍ အမတ် … တာကို လည်းကောင်း အုပ်ချုပ်… သည်။

ရွှေသမင်တို့ ပျော်စံရာ ဌာနေ… မိဂပဓာန၊ ရွှေသမင်မြို့ ခေါ်ခြင်း… သည်။ ယင်းမှ သမင်မြို့၊ ယခု… ငမင်းရွာဟု တွင်ကြောင်း ထုံးတော… အရှင်ဓမ္မပီယ(မြောင်)က မိန့်ကြား… မူသည်။

ငမင်းရွာတွင် ဆိုင်ကယ်အ… ထုံးတောင်ဆရာတော် အကြော… စုံစမ်းရာ ရွာသားတစ်ဦးက "အ… **အချိန်ဆိုရင် ဆရာတော် တရား… လို့ ပြီးပါပြီ။ ဖူးတွေ့နိုင်ပါတယ်"** … ပြောပြသည်။

ငမင်းရွာမှ ငမင်းချောင်းကူးတံတား… ကို ကျော်ဖြတ်ကာ ယာခင်းက… တစ်ခုကို ကျော်ဖြတ်ရသည်။ ချောင်း… တံတားမှာ (၁၈-၂-၂၀၀၈)… ဖွင့်လှစ်သည့် သစ်သားတံတားဖြ… (၃၅၀)ပေ ရှည်လျားပါသည်။

ထုံးတောင်တော်ရမှ လက်ရှိဆ… တော် အရှင်ကုမာရသည် သက်တော်… (၇၅)နှစ်ရှိပြီ ဖြစ်သော်လည်း ယ… တိုင်ပင် နေ့စဉ် ဆွမ်းခံကြွမြဲဖြစ်… ငမင်းချောင်းကို ဖြတ်သန်းသွားရသည်…

တံတားမရှိမီက ချောင်းကူ… (ချောင်းရေကြီးလျှံခြင်း)လျှင် ချော… ထိပ်တွင် ရပ်စောင့်ရသည်။ အချိန်… ၍ ရေမကျ၊ ဖြတ်ကူး၍ မရလျှ… ကျောင်းသို့ ပြန်ကြွ၍ သပိတ်ဆေး… ဖြင့် ဆွမ်းကိစ္စ ပြီးရသည်။

နေမလွဲမီ ချောင်းရေ လျော့… ကျဆင်းသွားပါက ဒကာ ဒကာမ… ဆွမ်းချိုင့်များဖြင့် လာကပ်သော်လည်း… လက်မခံတော့ချေ။





www.burmeseclassic.com

www.burmeseclassic.com



◆ ခမင်ချောင်းနှင့် ရွှေသမင်တံတားရှည်

◆ လက်ရှိထုံးတောင်ဆရာတော် ဦးကုမာရ



...ထမ ထုံးတောင်ဆရာတော်... ဦးတေဇနိယသည်လည်း ...ကဲ့သို့ပင် ကျင့်ကြံ အားထုတ်...တော်မူခဲ့သည့် စံနမူနာပြ ဓုတင်...ဆောင်ပုဂ္ဂိုလ်ဖြစ်ကြောင်း သိရ...သည်။

## ထုံးတောင်တောရ

...ခမင်ချောင်းကူး တံတားကို ...ကျော်ဖြတ်၍ (၁၀)မိနစ်မျှ လျှောက်...သောအခါ အင်္ဂတေလှေကား ...များနှင့် မုခ်ဦးတစ်ခုကို တွေ့...သည်။ **"ထုံးတောတောင်ရ...ကျောင်း"**ဟူ၍ ကမ္ပည်းတင်ထား...သည်။


...မုခ်ဦးလှေကားမှတက်၍ လှမ်း...ကြည့်လိုက်သောအခါ ...မှတ်ထားသကဲ့သို့ တောင်တက်...ကို မတွေ့ရဘဲ ပြေညီ အင်္ဂတေ...လမ်းကိုသာ တွေ့ရသည်။ ထို...လမ်းကလေးအတိုင်း တောင်ခြေကို ...ဦးတိုက်ကာ အတန်ကြာအောင် ...လျှောက်ရသည်။

တောတောင် သစ်ပင်ရိပ်ကြောင့် အေးမြလှသည်။ တစ်မိုင်နီးပါးမျှ လျှောက်ပြီးမှ ကုန်းမြင့်ထက်တွင် စေတီတစ်ဆူ ဖူးမြင်ရသည်။

မုခ်ဦးမှ စတင်သော အင်္ဂတေပတ်လမ်းသည် စုစုပေါင်း ပေ(၅၀၀၀)ရှိကြောင်း သိရလေသည်။ စေတီအထက်မုခ်ဦး၌ **ရွှေဘုံတောင်**စေတီဟု ရေးထိုးထား၏။

ရှာသားအများ ကောင်းမှုဖြစ်၍ "ရှာအုံတော်စေတီ"ဟု ဘွဲ့မည် ကပ်လှူခဲ့ကာ နောက်တွင် "ရွှေဘုံတောင်စေတီ"ဟု ပြောင်းလဲမှည့်ခေါ်သည်ဟု သိရသည်။

www.burmeseclassic.com



◆ ရွှေဘုံတောင်စေတီ

## ရွှေဘုံတောင်စေတီ

ပထမ ထုံးတောင်ဆရာတော် ဦးတေဇနိယသည် ဆွမ်းခံကြွရာမှ အပြန်တွင် မေင်ချောင်းမှ ကျောက်တုံးကြီးတစ်တုံးကို နေ့စဉ်သယ်လာလေ့ရှိသည်။ လှည်း(၁၀)စီးစာမျှ ရသောအခါ ရွာသားများက မေးသဖြင့် **"ကျောင်းရှိရင် စေတီရှိသင့်သည်"** ဟု မိန့်ကြားသည်။

သို့ဖြစ်၍ ရွာသားများ စုပေါင်းကာ ဆရာတော် ဦးတေဇနိယ ဦးဆောင်မှုဖြင့် ၁၃၃၃ ခုနှစ်တွင် စတင် တည်ဆောက်ပူဇော်ခဲ့ကြသည်။

စေတီရင်ပြင်မှာ အနည်းငယ်မြင့်မားသဖြင့် စောင်းတန်းလှေကားဖြင့် တက်ရသည်။ ရင်ပြင်တော်အရှေ့ဘက်၌ လျောင်းတော်မူ တန်ဆောင်းရှိ၍ စံပယ်တော်မူသော လျောင်းတော်မူကိုယ်တော်မှာ ခါးအထက်ပိုင်း မတ်မတ်ရှိသောပုံဟန် ဖြစ်သည်။

ထားဝယ်နယ်ဘက်တွင် တွေ့ရ... ရှိသော ထူးခြားသည့် ပူဇော်... သည်။ မြောက်ဘက်တန်းဆော... အတွင်း၌ကား ပါဒစေတီ... ခြေတော်ရာတစ်ဆူ ဖူးတွေ့ရ... **တောင်ခွင်သာသနာပိုင် အသိအ... ပြုသည့် မူအတိုင်း စက်လက္ခ... ဖနောင့်တော်သုံးထပ် ပူဇော်... သည်။**

မြောက်ဘက်မှနေ၍ စေတီ... ပစ္စယံသုံးဆင့်အထက် ကွမ်း... အတွင်း ဝင်ရောက်နိုင်သော လှေ... ရှိသည်။ စေတီတော်မှာ ပစ္စယံသုံး... အထက် ကွမ်းတောင်ပေါ်... ကွမ်းတောင်အထက်မှ ခေါင်း... မှောက်စေတီငယ် ပူဇော်ထား... သည်။

လှေကားမှတစ်ဆင့် ကွမ်း... အတွင်း ဝင်ရောက်ကြည့်သော... စေတီတစ်ဆူ၏ ဖောင်းရစ်အ... ကြာမှောက်ကြာလှန်နှင့် ထီးတော်... ဖူးမြင်ရသည်။ အရံစေတီ... ထီးတော်တို့ကိုလည်း တွေ့ရသ...

ပထမဆရာတော်ကြီး ဦးတေ... စတင် တည်ထားသော မူလစေ... အရံစေတီများ၏ အထက်ပိုင်း... သည်။ မူလစေတီအား ငုံ၍... ဖူးမြင်ရသော ကွမ်းတောင်ပေါ်... ကို အသစ်မွမ်းမံတည်လုပ်ခြ... ကြောင်း သိရသည်။

မှန်ဦးကမ္ပည်းတွင် ၁၃၇၂ ခု... ရေးထိုးထားရာ ၁၃၇၂ ခုနှစ်တွင်... ကြောင်း ယူဆဖွယ် ရှိလေသည်...

စေတီတော်တစ်ဆူ၏ အထ... ဖောင်းရစ်တော်၊ ထီးတော်... ငြမ်းဆင်တက်ရောက်မှသာ အ... ဖူးမြော်နိုင်သည်ဖြစ်ရာ လိုက်... အတွင်း စိတ်အေးချမ်းစွာ အ...



www.burmeseclassic.com

www.burmeseclassic.com

...မြော်ရခြင်းက ထူးခြားသော ...မ်းမြောက်မှုပီတိကို ခံစားရစေသည်။

ထို့ကြောင့် တရားဆရာ လမ်းညွှန်သည့် ပဌာန်းဂုဏ်တော် စက်လှည့် ...ဖော်ခြင်းဖြင့် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း ...ဖြန်းကာ ထုံးတောင်တွင် မှီတင်းနေထိုင်ကြကုန်သော ဝေနေယျတို့အား ...ာသိုလ်အမျှပေးဝေခဲ့လေသည်။


## ထူးခြားသော အောင်မြေ

ကွမ်းတောင်လိုဏ်သို့ တက်ရောက်ရာ နတ်လမ်းလှေကားရင်းတွင် မကာရံနှစ်ကောင် ပြုလုပ်ထားရာ မကာရံရုပ်၏အောက်တွင် ဂဝံရုပ်များ တန်ဆာဆင်လေ့ ရှိသော်လည်း ဤစေတီ၌မူ ဆင်ရုပ်များ ခံထားသည်ကို ထူးခြားစွာ မြင်တွေ့ရသည်။

ထုံးတောင်သည် ထုံးဖုတ်သည့် ထုံးကျောက်များ ပေါ်များသည့် တောင်ဖြစ်၍ ထုံးတောင်တွင်သည် ဆို၏။ စနေဦးစီးသော ထုံးတောင်တွင် ဗုဒ္ဓဟူးနံ ကိုယ်စားပြု ဆင်ရုပ်ကို အောက်ခံပြုထားသည်ဖြစ်ရာ **လံတောစတုရန်း** အောင်ဓာတ်ဆောင်သည်ကို တွေ့ရ၏။

သိကြားမင်းကပင် ရှုံးနိမ့်မည်ဟု နိမိတ်ဖတ်ထားသည့် အခြေအနေမှ ကံကြမ္မာ တစ်ဖက်ပြောင်းကာ အောင်နိုင်ခဲ့သည့် **နန္ဒိသေနထုံးဖြစ်သည်။ (နန္ဒိသေနထုံးကို အကျယ်သိလိုပါက မုံရွာမြို့ အရှေ့လယ်တီတိုက်ဆရာတော် အရှင်ကုဏ္ဍလ ပြုစုသည့် မဟာသုတဒီပနီ၊ ပထမတွဲ၊ စာမျက်နှာ(၇၃၂)တွင် လေ့လာနိုင်ပါသည်။)**

ထို့ကြောင့် ထူးခြားသော အောင်မြေစေတီ၌ ဘာဝနာကုသိုလ်ပြုခွင့် ရခဲ့ခြင်းအတွက် အထူး ကျေနပ်ဝမ်းမြောက်မိသည်။



◆ ရွှေဘုံတောင်စေတီ မူလပုံတော်

## တောရကျွင်းဝယ်

ရွှေဘုံတောင်စေတီ ကုန်းတော်မှ ပြန်လည်ဆင်းသက်ကာ အင်္ဂတေလမ်းအတိုင်း အရှေ့ဘက်သို့ လျှောက်လာခဲ့ရာ ဆိတ်ငြိမ်အေးချမ်းသော ရသကို ခံစားရသည်။

စာတည်းချုပ် လမ်းညွှန်မှုကြောင့် ရောက်ရှိခဲ့ရသော ဘီးလင်းမြို့နယ် ကေလာသတောင် အနောက်ဘက်ရှိ ကျွန်းကလေးတောရကဲ့သို့ပင် ကျေးငှက်တိရစ္ဆာန်အချို့နှင့် သစ်ရွက် လေတိုးသံမှလွဲ၍ တိတ်ဆိတ်နေသည်။ မြင်တွေ့ရသမျှ ကျောင်းဆောင်အားလုံး တံခါးစေ့ရုံစေ့၍ သော့ခတ်ထားခြင်း မရှိပေ။

လမ်းကလေးအဆုံးတွင် နှစ်ထပ်တိုက်ကျောင်း အောက်ထပ်အခန်းအတွင်း ကုလားထိုင်ပေါ်၌ စာရွက်တစ်ရွက် ဖတ်ရှုနေသော ဆရာတော်ကြီးတစ်ပါး တွေ့ရသဖြင့် ရှိခိုးကန်တော့သည်။ ထုံးတောင်တောရ ဒုတိယဆရာတော် အရှင်ကုမာရဖြစ်ကြောင်း နောင်တွင် သိရသည်။

ကလောင်ရှင် ရဟန်းတော်ဖြစ်သည့်




www.burmeseclassic.com

www.burmeseclassic.com



◆ အရှေ့ဘက် တန်ဆောင်းမှ လျောင်းတော်မူ

◆ မြောက်ဘက် ပိဋကတ်တန်ဆောင်း



ထုံးတောင် ဦးဓမ္မပီယနှင့် ဖူးတွေ့လို ကြောင်း လျှောက်ထားရာ ဆရာတော်ကြီးက **"ရွှေ့ပိဋကတ်တိုက်ထဲကို သွားပါ"**ဟု လမ်းညွှန်မိန့်ကြားတော်မူသည်။

## ပိဋကတ်တိုက်

ဆရာတော်ကြီး သီတင်းသုံးတော်မူသည့် နှစ်ထပ်တိုက်ကျောင်း၏ အရှေ့ဘက်တွင်ရှိ၍ သုံးခန်းပတ်လည် တိုက်ကျောင်းဆောင်ဖြစ်သည်။ ၁၃၄၅ ခုနှစ်တွင် တောင်တွင်းကြီးနှင့် ငမင်၊ ချိုင်း၊ ကျောက္ကာ ကျေးရွာများမှ ဒါယကာများ စုပေါင်းဆောက်လုပ်လှူဒါန်းထားသည်။

ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ်၊ ပါဠိတော်၊ နိဿယ၊ မြန်မာပြန် အစုံအလင် ထေရဝါဒ စာအုပ်မျိုးစုံ စုဆောင်းထားရှိသည်။

၁၃၂၁ ခုနှစ်တွင် ဆရာတော် ဦးတေဇနိယ ပျံလွန်တော်မူပြီးနောက် ထုံးတောင်တောရကျောင်းကို ဦး... ကြီးများ ဆွမ်းလက်ထိန်းသိမ်း သီ... သုံးကြသည်။ ၁၃၃၀ ပြည့်နှစ် ... နတ်မောက်မှ စာသင်သား ရဟန်း ... တစ်ပါးသည်. မျက်စိဝေဒနာအ... ဆေးပင်ဆေးမြစ် ရှာဖွေရင်း ထုံးတော... တောရသို့ ရောက်ရှိရာ သဘော... သဖြင့် ထိုနှစ် တန်ခူးလမှ စ... သီတင်းသုံးသည်။ နေ့ ပရိယတ်... ပဋိပတ် လုပ်ငန်းဖြင့် ခြိုးခြံခေါင်းပ... ကျင့်ကြံအားထုတ်၏။

စာဖတ်ဝါသနာ ကြီးလှသဖြင့် ဒ... များ စုပေါင်း၍ ဤပိဋကတ်တိုက်... ကို ဆောက်လုပ်ပြီး စာအုပ်... စုဆောင်းလှူဒါန်းခဲ့ခြင်းဖြစ်သည်။

ထိုရဟန်းတော်သည် ဉပုသ်နေ့... သီလပေး၊ တရားပြ၊ တရားဟော... ၁၃၄၆ ခုနှစ်အထိ သီတင်းသုံးခဲ့သ... ယင်းနောက်တွင် **ပျော်ဘွယ်မြို့၊ ...ဝိပဿနာ၊ ရွှေပြည်သာကမ္မဋ္ဌာန်း... ကျောင်းဆရာတော် ဦးဝိဇယအဖြ... ထင်ရှားလေသည်။**

ပိဋကတ်တိုက်တွင် အရှင်ဓမ္မပီ... ကို ဖူးတွေ့လျှောက်ထားသောအ... လိုက်ပါ လမ်းညွှန်ရှင်းပြပေးတော်မူသည်...

## ထုံးတောင်တောရ

## ပဌမဆရာတော် ဦးတေဇနိယ

ဆရာတော် လောင်း... မောင်ထွန်းပကို နတ်မောက်မြို့နယ်... သီးကုန်းရွာနေ ဦးဘိုးထင်၊ ဒေါ်မ... တုတ်တို့မှ ၁၂၆၂ ခုနှစ်တွင် ဖွားမြင်... စနေသားဖြစ်သည်။ မွေးချင်း(၅)... အနက် တတိယမြောက်ဖြစ်သည်။

**ရွှေလ ဆက်ဖတ်ပါရန်**

**ဇင်ညိုငယ်**



www.burmeseclassic.com

www.burmeseclassic.com

ကာလကဏ္ဍနှင့် ကတိုးဆောင်းပါးပါ

# နံ့ပေါ်အင်း

နှင့် ပတ်သက်၍

ရေနီလင်း
(ကောလင်း)

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလထုတ် အမှတ်(၃၂၆)၊ စာ(၂၀၆) နက္ခတ္တရောင်ခြည် မဂ္ဂဇင်းတွင် ဆောင်းပါးရှင် အေးရွှေ(ဖီးကုန်း)၏ မြောက်တဲ့ဆေး ကာလကဏ္ဍနှင့် ကတိုးဆောင်းပါးကို ရည်ညွှန်း၍ ဤဆောင်းပါးကို ရေးသားပါသည်။

နံ့ပေါ်အင်းကို ဖော်ပြပေးဖို့ မေတ္တာရပ်ခံထားသောကြောင့် တင်ပြဆွေးနွေးခြင်း ဖြစ်ပါသည်။

ဆောင်းပါးရှင်က "မှတ်ချက်ဆိုဆေးကို ပထမဆင့်၊ ဒုတိယဆင့်အားဖြင့် စုဆောင်းပြီးသည်နှင့် ဆောင်မုန်းလပြည့်သည့် ကြယ်,လ,နက္ခတ်တာရာ စုံသည့်ကာလ၌ တိုက်ပျဉ်၌ ထိုနေ့၏ နံ့ပေါ်အင်းရေးကာ မန္တန်ရွတ်ဆို၍ ဆေးကြိတ်သည်ဟု အဘိုး၏ လက်ရေးမူပါအတိုင်း ရေးသားတင်ပြခဲ့သော်လည်း နံ့ပေါ်အင်းကို မသိပါ"ဟု ရေးသားခဲ့ပါသည်။

ယခု ဤစာရေးသူ တင်ပြသည်မှာလည်း တတ်သိပညာရှင်အနေဖြင့် မဟုတ်ဘဲ စေတနာအရင်းခံ၍ တင်ပြခြင်းသာ ဖြစ်ပါသည်။ နာမ်နှင့် နံ့သည်မှ ပျက်လာ ပြောင်းလာခြင်းသာဖြစ်၍ အဓိပ္ပာယ်တူပါသည်။ နာမ်ပေါ်အင်းအစစ် ဟုတ်,မဟုတ် မသိပါ။ ကျွန်တော် သိသည်မှာ **နာမ်ပေါ်နဝင်းတော်** ဖြစ်ပါသည်။

ဤ နာမ်ပေါ် နဝင်းတော်ကို ၂၀၀၀ ပြည့်နှစ်ခန့်က ရန်ကုန် ပညာအလင်းပြစာပေမှ ထုတ်ဝေခဲ့သော "**ရတ္တန်းစင်တောင် ဆရာတော်ကြီး ဦးညာဏသ**"ပုံပိုစတာမှ ထပ်ဆင့်မှီငြမ်း ဖော်ယူရရှိခဲ့ပါသည်။

ထင်းတွင် ရက်သတ္တပတ်ဆိုင်ရာ နံများနှင့် ပတ်သက်၍ တနင်္ဂနွေသား ဆရာတော်ကြီး ကိုယ်စားပြု နာမ်ပေါ်နဝင်းတော်ကို မှတည်ထားပါသည်။

အင်းကို ကူးယူခြင်းတွင် ကူးသည့်အခါ နဝင်းတော်၏အပေါ် ဘယ်ဘက်ထောင့် (၁)ဂဏန်းနေရာတွင် မိမိမွေးနာမ်ကို (ဥပမာ အင်္ဂါသားဆိုလျှင် (၃)ဂဏန်းကို) ရေးသွင်း၍ ပုံပါအတိုင်း လက်ယာဘက်သို့ ၄,၅,၆,၇,၁,၂,၃ ဟု လည်းကောင်း၊ အောက်ဘက်သို့ ၄,၅,၆,၇,၁,၂,၃ဟု လည်းကောင်း ရေးသွင်းရမည်။

အတန်းတိုင်းတွင် အလျားလိုက်ရော ထောင်လိုက်ပါ (၃)ဖြင့် စလျှင် (၃)ဖြင့် ဆုံးရမည်။ အခြား နေ့နာမ်များအတွက်လည်း အလားတူ ရေးပါဟူ၍ ဖော်ပြထားရာ ဤ စာရေးသူက ကျန်(၆)နေ့အတွက် ခဲယဉ်းစွာ အင်းကွက်များ ရေးသွင်းထားပါသည်။ ဆောင်းပါးရှင် အေးရွှေ(ဖီးကုန်း) ဆောင်းပါးပါ နံ့ပေါ်အင်း ဟုတ်,မဟုတ် မသိပါ။ သိသူများ ရေးသားကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ရတ္တန်းစင်တောင် ဆရာတော်ကြီး ဦးညာဏသသည် အမှောင်ဓာတ်ပျောက်၍ အလင်းဓာတ်ရောက်ရန် (၉)နဝင်းဓာတ်များ၊ (၉)နဝင်းဓာတ်ယတြာများ ချထားတော်မူခဲ့ပါသည်။

ထိုနဝင်းဓာတ်များ၊ ယတြာများအနက်မှ နာမ်ပေါ်နဝင်းတော်ကို တင်ပြလိုပါသည်။ ရတ္တန်းစင်တောင်ဆရာတော်ကြီး ဦးညာဏသ



သည် နာမ်ပေါ်နဝင်းတော်နှင့် ပတ်သက်၍ အောက်ပါအတိုင်း နည်းလမ်းပြ မိန့်မှာတော်မူခဲ့ပါသည်။

နာမ်ပေါ်နဝင်းတော်သည် အသက်ရှည်ကျန်းမာစေ၊ အန္တရာယ်ကင်းစေ၊ မီးဘေး၊ ရေဘေး၊ လေဘေး၊ ခိုးသူဘေး စသည့် ရန်သူမျိုးငါးပါးဘေးမှ ကင်းလွတ်စေ၊ ကာလရောဂါဆိုးများ သာမက လူပြုစားခြင်း၊ နတ်ပြုစားခြင်းတို့မှ ပျောက်ကင်းချမ်းသာစေသော အကျိုးအာနိသင်များ ရှိကြောင်း ဆရာတော်ကြီး အမိန့်ရှိခဲ့ပါသည်။

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၁ |
| ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၁ | ၂ |
| ၃ | ၄ | ၅ | ၆ | ၇ | ၁ | ၂ | ၃ |
| ၄ | ၅ | ၆ | ၇ | ၁ | ၂ | ၃ | ၄ |
| ၅ | ၆ | ၇ | ၁ | ၂ | ၃ | ၄ | ၅ |
| ၆ | ၇ | ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၇ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၁ |

နာမ်ပေါ်နဝင်းတော်
(တနင်္ဂနွေသား ဆရာတော်ကြီးကိုယ်စားပြု)



www.burmeseclassic.com

www.burmeseclassic.com

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၁ | ၂ |
| ၃ | ၄ | ၅ | ၆ | ၇ | ၁ | ၂ | ၃ |
| ၄ | ၅ | ၆ | ၇ | ၁ | ၂ | ၃ | ၄ |
| ၅ | ၆ | ၇ | ၁ | ၂ | ၃ | ၄ | ၅ |
| ၆ | ၇ | ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၇ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၁ |
| ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၁ | ၂ |

နှမ်ပေါ်နဝင်းတော်
(တနင်္လာသား ကိုယ်စားပြု)

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅ | ၆ | ၇ | ၁ | ၂ | ၃ | ၄ | ၅ |
| ၆ | ၇ | ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၇ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၁ |
| ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၁ | ၂ |
| ၃ | ၄ | ၅ | ၆ | ၇ | ၁ | ၂ | ၃ |
| ၄ | ၅ | ၆ | ၇ | ၁ | ၂ | ၃ | ၄ |
| ၅ | ၆ | ၇ | ၁ | ၂ | ၃ | ၄ | ၅ |

နှမ်ပေါ်နဝင်းတော်
(ကြာသပတေးသား ကိုယ်စားပြု)

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၃ | ၄ | ၅ | ၆ | ၇ | ၁ | ၂ | ၃ |
| ၄ | ၅ | ၆ | ၇ | ၁ | ၂ | ၃ | ၄ |
| ၅ | ၆ | ၇ | ၁ | ၂ | ၃ | ၄ | ၅ |
| ၆ | ၇ | ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၇ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၁ |
| ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၁ | ၂ |
| ၃ | ၄ | ၅ | ၆ | ၇ | ၁ | ၂ | ၃ |

နှမ်ပေါ်နဝင်းတော်
(အင်္ဂါသား ကိုယ်စားပြု)

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆ | ၇ | ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၇ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၁ |
| ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၁ | ၂ |
| ၃ | ၄ | ၅ | ၆ | ၇ | ၁ | ၂ | ၃ |
| ၄ | ၅ | ၆ | ၇ | ၁ | ၂ | ၃ | ၄ |
| ၅ | ၆ | ၇ | ၁ | ၂ | ၃ | ၄ | ၅ |
| ၆ | ၇ | ၁ | ၂ | ၃ | ၄ | ၅ | ၆ |

နှမ်ပေါ်နဝင်းတော်
(သောကြာသား ကိုယ်စားပြု)

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၄ | ၅ | ၆ | ၇ | ၁ | ၂ | ၃ | ၄ |
| ၅ | ၆ | ၇ | ၁ | ၂ | ၃ | ၄ | ၅ |
| ၆ | ၇ | ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၇ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၁ |
| ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၁ | ၂ |
| ၃ | ၄ | ၅ | ၆ | ၇ | ၁ | ၂ | ၃ |
| ၄ | ၅ | ၆ | ၇ | ၁ | ၂ | ၃ | ၄ |

နှမ်ပေါ်နဝင်းတော်
(ဗုဒ္ဓဟူးသား ကိုယ်စားပြု)

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၇ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၁ |
| ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၁ | ၂ |
| ၃ | ၄ | ၅ | ၆ | ၇ | ၁ | ၂ | ၃ |
| ၄ | ၅ | ၆ | ၇ | ၁ | ၂ | ၃ | ၄ |
| ၅ | ၆ | ၇ | ၁ | ၂ | ၃ | ၄ | ၅ |
| ၆ | ၇ | ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၇ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |

နှမ်ပေါ်နဝင်းတော်
(စနေသား ကိုယ်စားပြု)

နှမ်ပေါ်နဝင်းတော်ဖြင့် အထူး ယတြာချေရန်

ရောဂါဝေဒနာကြီးသူများ အခက်အခဲ အကျပ်အတည်း အချုပ်အနှောင်များနှင့် ကြုံတွေ့နေရသူများအတွက် ယင်းနဝင်းတော်ကို သန့်ပြန့်သော စက္ကူအဖြူပေါ်တွင် ကူးယူပါ။

ကူးယူသည့်အခါ အားလုံးသော ခုနစ်ရက်



သား၊ ခုနစ်ရက်သားသမီးတို့သည် မိမိတို့ ... မွေးနှာအတိုင်း ရေးသွင်းပြီးလျှင် ယ... တော်အသစ်ကို မိမိခေါင်းအုံးထဲတွင် ထ... အိပ်ပါ။

တစ်ရက်ပြည့်သောအခါ ယင်းနဝင်းတော်... ထုတ်ယူ၍ လက်ဖြင့်ချေပြီး သန့်ပြန့်သော... နေရာတွင် စွန့်ပါ။

ထိုသို့ သုံးရက်ဆက်တိုက် ဆောင်ရွ... လိုရာဆုကို တောင်းပါ။ လိုရာဆု... ပြည့်စုံလိမ့်မည်ဖြစ်ကြောင်း ရတ္တနံ့စင်... ဆရာတော်ကြီး ဦးဩဘာသ အင်... ရှိခဲ့ပါသည်။

ဤသို့လျှင် ဆရာတော်ကြီးသည် ... သား၊ ခုနစ်ရက်သမီး အပေါင်းတို့ကို ... သုံးပါးမှ ကယ်တင်တော်မူလျက် ရှိ...

ဤ နှမ်ပေါ်နဝင်းတော်ဝ... ရက်သတ္တပတ်(၇)နေ့ (သို့မ... (၇)နေ့သားသမီးတို့အတွက် တိ... အောင်မြင်ပေါ်လွင်စေလိုခြင်း၊ ကံ... ကျေစေခြင်းဟု ဆိုလိုမည်ဟု စာ... ယူဆပါသည်။

စာရှုသူများအတွက် အကျိုး... တစ်ဖုံ သက်ရောက်လိမ့်... ယုံကြည်ပါသည်။ **နှံပေါ်အင်... တိုက်ရိုက်သိရှိသူ ပညာရှင်မျ... ထပ်ဆင့်ဖော်ပြပေးကြဖို့ ... ရပ်ခံရပါသည်။**

**နေနီလင်း(ကောသင်း)**



www.burmeseclassic.com

www.burmeseclassic.com


### ၇-စဉ်တိုက်သည့်အိမ်ကို သွားရောက်ခြင်း

ဝန်ထမ်းဘဝ နယ်ပေါင်းစုံ လှည့်လည်တာဝန်ထမ်းဆောင်နေရင်း တွေ့ကြုံရသည့် ထူးခြားသည့် ဖြစ်စဉ်များကို အလျဉ်းသင့်သလို ရေးသားဖော်ပြခဲ့ရာ ယခုအကြိမ်တွင် ညအချိန် ၇-စဉ်တိုက်ပြီး နေအိမ်ကို ခဲများဖြင့်ပေါက်ခဲ့သည့် အိမ်ကို ကျွန်တော်နှင့်တာဝန်ရှိ အရာရှိများ သွားရောက်ပြီးစောင့်ကြည့်ခဲ့ပုံကို ဖော်ပြပါမည်။

ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့တွင် တာဝန်ထမ်းဆောင်နေစဉ် တစ်ရက်တွင် ရုံးဝန်ထမ်းများက ဘူတာနောက်ကျောရှိ အိမ်(၁)အိမ်တွင် ညအချိန် ၇-စဉ်တိုက်ပြီး ခဲများဖြင့်ပစ်ကြောင်း၊ ညဉ့်ဦးပိုင်းတွင် ပစ်လေ့ရှိကြောင်း၊ (၂)ရက်ရှိပြီဖြစ်ကြောင်းပြောကြားရာ အုပ်ချုပ်ရေးမှူး တာဝန်ရှိသည့်အပြင် ကိုယ်တိုင်လည်း စိတ်ဝင်စားသောကြောင့် ကျွန်တော်မှဦးဆောင်ကာ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လ.ဝ.ကမှူး၊ မြို့နယ် မီးသတ်ဦးစီးမှူး စသည့် ပုဂ္ဂိုလ်များ စုရုံးကာ ၇-စဉ် တိုက်သည်ဆိုသော နေအိမ်သို့ ညမှောင်ရီသန်းချိန်တွင် ချီတက်ခဲ့ကြပါသည်။

ဘာရယ်ညာရယ်မဟုတ် မြို့နယ်မှူးက သူ့ခြောက်လုံးပြူးကို ယူလာသလို ရဲတပ်ဖွဲ့ဝင်အချို့ကိုလည်း လက်နက်များ ယူလာစေပါသည်။

ထိုအချိန် (ရ.ယ.က)အဖွဲ့က ကျွန်တော်တို့ကို အိမ်ခြံဝင်း မြေကွက်လပ်တွင် စားပွဲ၊ ကုလားထိုင်၊ ရေနွေးကြမ်းတို့ဖြင့် ဧည့်ခံပါသည်။ ရောက်သည်နှင့် စတင် ဖြစ်သည်မှ ဖြစ်ပျက်သမျှကို မေးပါသည်။




● တရုတ်တောင် ဘုန်းတော်ကြီးကျောင်းမှ သစ်သားလက်ရှုယ်ထင်ပုံ

# ထူးတဂေဂ္ဂေဂု

ပြောချင်ပြချင်

ပြောပြချက်အရ လွန်ခဲ့သော (၂) ရက်ခန့်မှစ၍ ညမှောင်ရီသန်းချိန်မှစကာ အိမ်နံရံကို မြေခဲ၊ ကျောက်ခဲများဖြင့် ပစ်ကြောင်း။ မိနစ်ပိုင်းခြား၍ (၁)ညလျှင် (၂)ကြိမ်,(၃)ကြိမ်ပစ်ကြောင်း။ ခဲအကြီးအသေးစုံကြောင်း၊ ည(၉)နာရီလောက်ထိသာ ပစ်ပြီး နောက်ပိုင်းအချိန်များတွင် မပစ်တော့ကြောင်း။ ဘုန်းကြီးဆွမ်းကျွေး၍ ပရိတ်ရွတ်ခြင်း၊ နတ်ဆရာ ပယောဂဆရာများဖြင့် ထိန်းချုပ်သော်လည်း မရပ်ကြောင်း ပြောကြားပါသည်။





www.burmeseclassic.com

www.burmeseclassic.com

ရပ်ကွက်အတွင်းရှိ လူထုမှလည်း ခြံတွင်းခြံပြင် လာရောက်ကြည့်ရှုနေရာ လူတော်တော်များပါသည်။ အိမ်ပေါ်တွင်မှ တစ်ဦးမျှ မနေပါ။ ရေနွေးသောက်ရင်း၊ စကားပြောရင်းနှင့် အချိန်တော်တော် ကြာသွားသည့်အထိ ခဲတစ်လုံးမျှ မကျသေးပါ။ ကြည့်နေသူအချို့ကလည်း **"ဒီည လူကြီးတွေ လာကြည့်နေလို့ မပစ်တာ"**ဟု အမျိုးမျိုး ဝေဖန်နေကြပါသည်။

ည(၉)နာရီလောက် ရောက်သောအခါ ဒီညတော့ မပစ်တော့ပါဘူးဟု ပြောဆိုပြီး လူထုကို နှုတ်ဆက်ကာ အဖွဲ့လိုက် ပြန်ထွက်ခဲ့ပါသည်။

ခြံပြင်သို့ ရောက်သည်နှင့် "ဖုန်း"ဆိုသော အသံကို ကြားရပြီး လူထု၏ ဆူညံအော်ဟစ်သံ ကြား၍ ခြံထဲသို့ ပြန်ဝင်လာခဲ့ပါသည်။ ခြံတွင်းရောက်လျှင် တစ်ဦးက ယခုပစ်လိုက်သော ခဲကို ပြပါသည်။ မြေသားခဲ ဖြစ်ပါသည်။ နို့ဆီခွက်ခန့်ဖြစ်ပါသည်။ ခေတ္တမျှရပ်၍ စကားပြောပြီးနောက် အချိန် အတော်နှောင်းပြီဖြစ်၍ ပြန်ခဲ့ပါသည်။ ထိုည ထပ်မပစ်တော့ဟု သိရပါသည်။

နောက်ရက်များတွင်တော့ ဆက်ပစ်နေသည်ဟု ကြားရပါသည်။ ထပ်မသွားဖြစ်တော့ပါ။ နောက် (၃)ရက်ခန့် ကြာသောအခါ အဆိုပါ ရ-စဉ့်တိုက်ပြီး ခဲနှင့်ပစ်နေသော ပရလောကသားကို ကျွမ်းကျင်သောဆရာဖြင့် မောင်းထုတ်၍ ထွက်ခွာသွားကြောင်း၊ လုံးဝမပစ်တော့ကြောင်း ကြားသိရ၍ ဝမ်းသာမိပါသည်။

နှင်ပုံနှင်နည်းမှာ ကျွန်တော် နားမလည်သော နည်းများဖြစ်၍ ရှင်းလင်းစွာ မရေးတတ်ပါသောကြောင့် ရေးသားဖော်ပြခြင်း မပြုတော့ပါ။ ရ-စဉ့်တိုက်သည့်အိမ်ကို ကိုယ်တိုင်သွားရောက် စောင့်ကြည့်ခဲ့သည့် အတွေ့အကြုံတော့ ကိုယ်တွေ့ ရခဲ့ပါသည်။

ဆက်လက်ပြီး **ထူးခြားသည့်ပစ္စည်း**တစ်ခုအကြောင်း ပြောပါမည်။ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တွင် တာဝန်ထမ်းဆောင်စဉ်က ရုံးဝန်ထမ်းများ၏ သတင်းပေးမှုကြောင့် ဧရာဝတီမြစ်တစ်ဖက်ကမ်းရှိ **တရုတ်တောင်ကို** ရုံးပိတ်ရက်တွင် ရောက်ခဲ့ပါသည်။

တရုတ်တောင်သည် ဗလမင်းထင်တံတားကို ကျော်ပြီးနောက် ဘယ်ဘက်သို့ ချိုးလိုက်ပါက (၂)မိုင်ခန့်သွားလျှင် တောင်ခြေသို့ ရောက်ပါသည်။ တောင်ခြေတွင် ကား၊ ဆိုင်ကယ် ရပ်ထားပြီး တောင်ပေါ်သို့ လှေကားထစ်များအတိုင်း တက်ရပါသည်။

ဆောင်းရာသီ ရုံးပိတ်ရက် ရာသီဥတုက သာသာယာယာ ဝန်ထမ်းများဖြင့် လွတ်လပ်ပေါ့ပါးစွာ သွားရသောကြောင့် လွန်စွာ ပျော်ရွှင်မိပါသည်။ တောင်ပေါ်မှ လှမ်းကြည့်လျှင် ဧရာဝတီမြစ်ကြီးကို တွန့်လိမ်ကွေ့ကောက်စွာ တွေ့မြင်ရာ ကြည့်၍ပင် ကောင်းလှပေသည်။

တရုတ်တောင်ဟု ခေါ်တွင်ရခြင်းမှာ မြစ်ကြီးနားမြို့၊ ကချင်စုရပ်ကွက်မှ တရုတ်လူမျိုးတစ်ဦး သာသနာ့ဘောင်ဝင်ပြီး ချုံနွယ်ပိတ်ပေါင်းများ ထူထပ်စွာ ပေါက်ရောက်နေသော တောင်တော်တွင် ယာယီကျောင်းသင်္ခမ်းဆောက်လုပ် သီတင်းသုံးခဲ့ရာမှ ဆရာတော်၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကြောင့် လည်းကောင်း၊ ဘူမိနက်သန်မှန်သော သာသနာ့မြေနေရာဖြစ်ခြင်းကြောင့် လည်းကောင်း အချိန်တိုအတွင်း ဘုရား၊ ပုထိုး၊ စေတီ၊ ကျောင်း၊ တန်ဆောင်းတို့မှာ အံ့သြဖွယ်ရာကောင်းအောင် တိုးတက်လာ ကြောင့် တရုတ်တောင်ဟု ခေါ် ကြောင်း သိရှိရပါသည်။

တောင်တော်ပေါ်တွင် မူလဆ တော်၏ ပုံတူရုပ်တုကို ကြည့်ညို ဖူးတွေ့ရပါသည်။ ဆရာတော် ပျံလွန်တော်မူပြီဟု သိရပြီး တ ဆရာတော်မှ တောင်တော်ကို ဆ လက်သာသနာပြုလျက် ရှိသည် သိရပါသည်။

တောင်တော်ကို လှည့်လည်ကြ ရာ အုတ်သရိုးစီနှင့် ပုံသွင်းဆင် တော်မျိုးစုံ၊ အဘဘိုးဘိုးအောင်၊ အ ဘိုးမင်းခေါင်ပုံများအပြင် အခြားပုံ အမျိုးမျိုးတို့လည်းရှိရာ ဓာတ်ပုံ တမ်း အများအပြား မှတ်တမ်းတင် သည်။

မှတ်တမ်းဓာတ်ပုံများအနက် ဆ တော့်ကျောင်းစားပွဲပေါ်တွင် တင်ထ သောပုံမှာ ထူးခြားလှပါသည်။ နွယ် များတွင် **နွယ်ဝင်**များကို မကြာခ တွေ့ဖူးသော်လည်း သစ်ပင်ကို ဖော ပြီး နွယ်ပင်က ဝင်နေသည့် **သစ်ဖော နွယ်ဝင်**ကိုမူ တွေ့ရခဲလှပါသည်။

တရုတ်တောင်မှ ဆရာတော် ကျောင်းရှိ **သစ်ဖောက်နွယ်ဝင်**ကို ဖတ်သူများ ကြည့်ရှုနိုင်ပါရန် ဓာတ် ဖြင့် ဖော်ပြလိုက်ပါသည်။ မြစ်ကြီး မြို့သို့ ရောက်ရှိလျှင် ဗလမင်းထင် တံတားထိပ်မှ (၂)မိုင်ခန့်သာ ဝေးသော စိမ်းလန်းသာယာပြီး ကြည်နူးဖွယ် ကောင်းသော **တရုတ်တော သာသနာ့မြေ**ကို မသိ၍ မသွားလို ရ မရှိရအောင် စေတနာကောင်းဖြင့် ရေးသား ဖော်ပြလိုက်ပါသည်။

**မောင်ကံ(တံတားဖျား)**

F.24B. March, 201



www.burmeseclassic.com

www.burmeseclassic.com



# အံ့မျှော်ပယောဂ ဟူသမျှ

ဇာချ အရုပ်

အုံကြွယ်

ဤအဖြစ်အပျက်လေးကို အခါသင့် အခွင့်သာပါက ရေးသားတင်ပြသွားရန် စိတ်ကူးရှိခဲ့သည်မှာ ကြာပြီဖြစ်ပါသည်။ အခုတော့မှ အခါအခွင့်သင့်ပြီဟု သိနိုင်ပါသည်။

**၂၀၁၃ ခုနှစ်၊ အောက်တိုဘာလထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းအမှတ်(၃၂၇)တွင်** ဆောင်းပါးရှင် **ဖြူလေးကျော်၏ "ကျွန်တော့်အဖေပြောဖူးသည့် ထူးဆန်းသည့်ကြောင်နက်ကြီး"** ဝတ္ထုဆောင်းပါးကို ဖတ်လိုက်ရပါသည်။

ထို့ပြင် ဆောင်းပါးအဆုံးတွင် စာတည်းချုပ် ဆရာဦးကျော်မိုးသိန်း၏ **"ကြောင်ကြီး၏ဖြစ်ရပ်မှာ အပမှီနေခြင်းလား၊ သို့မဟုတ် ကြောင်အမြုတေကြောင့်လား ဆိုသည်ကို တွေ့ကြုံဖူးသူ စာဖတ်ပရိသတ်များမှ ရေးသားပေးပို့ကြပါရန်"** ပန်ကြားချက်အရလည်းကောင်း လွန်ခဲ့သော နှစ်ပေါင်း(၃၀)ခန့်က တွေ့ကြုံခဲ့ဖူးသည့် ဖြစ်ရပ်မှန်လေးကို တင်ပြခွင့် ရရှိခဲ့ပါသည်။

ကျွန်တော် တွေ့ကြုံခဲ့သည့် အတွေ့အကြုံလေးမှာ ဂမ္ဘီရပစ္စည်း အမြုတေကြောင့်မဟုတ်တဲ့ ပရလောကသားများ၏ ပယောဂကြောင့် အပမှီခဲ့သော ဖြစ်ရပ်လေးသာ ဖြစ်ပါကြောင်း ကြိုတင် အသိပေးအပ်ပါသည်။

ကျွန်တော်၏ ကိုယ်တွေ့ အပမှီခြင်း အဖြစ်အပျက်လေးကို ဖော်ပြပေးသွားမည့် ဖြစ်ပါသည်။

* * *

အချိန်ကာလမှာ လွန်ခဲ့သော နှစ်ပေါင်း(၃၀)ခန့် ၁၉၈၄ ခုနှစ်က ဖြစ်ပါသည်။ နေရာမှာ ကယားပြည်နယ်၊

www.burmeseclassic.com

လွိုင်ကော်မြို့နှင့် (၂)မိုင်ခန့်သာဝေး သည့် ချိကယ်ရွာတွင် ဖြစ်ပါသည်။



ချိကယ်ရွာမှာ ကျေးရွာ (၇)ရွာပေါင်းထားသည့် ရွာကြီးတစ်ရွာ ဖြစ်ပါသည်။ ရွာသားအများစုမှာ ကယားတိုင်းရင်းသားများသာ ဖြစ်ပြီး (၉၀)ရာခိုင်နှုန်းခန့်ရှိပါသည်။

ကယားတိုင်းရင်းသားများမှာ ဗုဒ္ဓ ဘာသာနှင့် ရိုးရာနတ် ကိုးကွယ်ခြင်း တို့ ရှေးပဝေသဏီကပင် လက်ခံ ယုံကြည်ခဲ့ကြပါသည်။

ထိုစဉ်က ချိကယ်ရွာမှာ မြို့နှင့် နီး သော်လည်း လုံခြုံရေးသည် ယခုလို စိတ်ချအေးချမ်းမှု မရှိသေးဘဲ မျက်နှာ စိမ်းများ သွားလာရန် ခက်ခဲသည့် အခြေအနေမျိုး ဖြစ်ပါသည်။

ယခုအခါတွင်မူ လွိုင်ကော်မြို့နှင့် တစ်ဆက်တည်းဖြစ်၍ တိုးတက်စည် ပင် ခေတ်မီသော ရွာကြီးအဖြစ် ရောက်ရှိနေပြီ ဖြစ်ပါသည်။

ကျွန်တော်တို့သည် လွိုင်ကော်မြို့ ရှိ ဦးစီးဌာနတစ်ခုမှ ဝန်ထမ်းများဖြစ် ကြပြီး ဝန်ထမ်းအိမ်ရာဖြစ်သည့် အိုးအိမ်ဦးစီးဌာနပိုင် တိုက်(၆)လုံးတွင် နေထိုင်ကြသူများ ဖြစ်ပါသည်။ **(ယခုမူ တိုးချဲ့လျက် တိုက်တန်း (၁၄)လုံးထိ ရှိနေပြီ ဖြစ်ပါသည်။)**

တခြားမြို့ရွာများမှ လာရောက် တာဝန်ထမ်းဆောင်သူများ ဖြစ်ကြ သဖြင့် အတူနေ မိသားစုများ မပါဘဲ လူပျိုလူလွတ်ရော အိမ်ထောင်သည်ပါ ယခုလို တိုက်တန်း(၁)ခုတွင် စုပေါင်း နေထိုင်ကြခြင်း ဖြစ်ပါသည်။

ထိုစဉ်က ကျွန်တော်အပါအဝင် ကိုဝင်းသိန်း(ဂန့်ဂေါ)၊ ကိုဝင်းမောင် (ညောင်တုန်း)၊ မောင်မောင်မြင့်(ကျောက် ပန်းတောင်း)၊ သိန်းဦး(ရေစကြို) (၅)ဦး တို့မှာ ရာထူးအမျိုးမျိုးဖြင့် တစ်ဌာန တည်း၏ ဝန်ထမ်းများ ဖြစ်သည်နှင့် အညီ စည်းလုံးညီညွတ် ချစ်ခင်စွာ ညီရင်းအစ်ကိုပမာ နေထိုင်ခဲ့ကြပါ သည်။

ရုံးပိတ်ရက်များဆိုလျှင် အပျင်း လည်းပြေ ဝမ်းစာလည်းရအဖြစ် ဘီလူး ချောင်းနှင့် နောင်ယားကန်တွင် ငါးများ ခြင်း၊ ထေးငှားလျားကန်တွင် ခရုနှိုက် ခြင်း၊ လေယာဉ်ကွင်း အနီးတစ်ဝိုက် တွင် ငှက်ပစ်ထွက်ခြင်းတို့ဖြင့်သာ အပျင်းဖြေရလေ့ ရှိပါသည်။

ကျွန်တော်တို့ အပျော်ဆုံးရက်များ မှာ ကယားပြည်နယ် ပွဲတော်နေ့ ဒေသ ရိုးရာပွဲတော်များဖြစ်သည့် ''ကူထိုးဘိုး'' ခေါ် ''တံခွန်တိုင်ပွဲတော်နေ့''၊ ''ဒီးကူ'' ခေါ် ''ကောက်ညှင်းထုပ်ပွဲတော်'' ကာလများ ဖြစ်ပါသည်။

ထိုရက်များတွင် ကယားတိုင်းရင်း သားရွာများ၌ ထမင်းဟင်းများ အလျှံ ပယ် စားသောက်နိုင်သလို ခေါင်ရည် ကို တဝသောက်ရကြောင့် ဖြစ်ပါသည်။

ယခု တင်ပြမည့် အဖြစ်အပျက်လေး မှာ ဒီးကူ ခေါ် ကောက်ညှင်းထုပ်ပွဲ ကျင်းပရာ ချိကယ်ရွာမှအပြန် ငှက်ပစ် ရာတွင် ကြုံတွေ့ခဲ့ရခြင်း ဖြစ်ပါသည်။

တစ်ခုသော ရုံးပိတ်ရက် စနေနေ့ တွင် ချိကယ်ရွာသားဖြစ်သော ...

ကိုင်ဖက် တစ်ရုံးတည်းသား ကို...

၏ ဖိတ်ခေါ်ချက်အရ သူတို့ရွာ...

ပြုလုပ်သည့် ဒီကူးခေါ် ကောက်ညှ...

ထုပ်ပွဲကို သွားရော...

ခဲ့ကြပါသည်...

ရိုးရာခေါင်ရည်ကို ...

သောက်လျက် နေ့လယ်...

ထမင်းကို ကြက်သား ဝက်သား...

စားသောက်ကြပြီး မွန်းတည့် (၁၂)...

ကျော် ပြန်လာခဲ့ကြပါသည်။

ခေါင်ရည်လေးထွေထွေနှင့် ... မပြန်ချင်သေးသဖြင့် ရောက်... ရောက်ခိုက် တောလည်ငှက်ပစ်ကြ... သဘောတူကြပြီး ရွာ၏ အရှေ့... တောအစပ်ကို ဦးတည်ထွက်ခဲ့ကြ... သည်။

ရွာပြင် ခပ်လှမ်းလှမ်းသို့ ရောက်... အခါ အင်ပင်ကြီးအောက်တွင် ... နားနေ၍ ပတ်ဝန်းကျင်ကို ကြည့်... ရာ ကယားတိုင်းရင်းသားမျိုးနွယ်... ၏ အဓိက ဘာသာရေးပွဲတော်... ဖြစ်သော ကူထိုးဘိုး ခေါ် တံခွန်... နတ်ပွဲ ကျင်းပရာ နတ်ကွင်း... အနီး ရောက်နေကြကြောင်း ... သည်။

ခေါင်ရည် အတော်... သောက်မိထားကြသဖြင့် အား... အပေါ့အပါး သွားခြင်းကိုလည်း ... နေရာတစ်ဝိုက်တွင် ပြုမိခဲ့ကြပါ...

ကျွန်တော်တို့ထဲတွင် လေး... တွင် လက်အဖြောင့်ဆုံးဖြစ်... မောင်မောင်မြင့်မှ ခါးကြားတွင် ... လူမမြင်စေရန် အင်္ကျီကို ... ဖုံးဝှက်ထားသည့် လေးခွကိုထ... အတန်ငယ်ကြီးသည့် တော... ကောင်အား ပစ်ချခဲ့ပါသည်။

အကွာအဝေးမှာ (၁၀)ပေ...



www.burmeseclassic.com

www.burmeseclassic.com

ပြီး ပစ်ကွင်းကောင်းလှသဖြင့် တောကြက်ကြီး၏ ရင်အုံကို ထိကာ ပင်ပေါ်မှ ပြုတ်ကျလာခဲ့ပါသည်။

ချက်ကောင်းကို ထိမှန်ခြင်းဖြစ်ရာ တစ်ချက်ဖြင့်ပင် တောကြက်ဖမှာ သေဆုံးသွားခဲ့သည်ကို အားလုံးမြင် တွေ့ခဲ့ကြပါသည်။ တောကြက်ဖကြီး (၆၀)ကျပ်သားခန့်ရှိရာ ကျွန်တော် ဟင်းတစ်နပ်စာအတွက် ဖူလုံနေပြီ ဖြစ်ပါသည်။

တောကြက်များမှာ ပေါများပြီး ပစ်ကွင်းကလည်း ကောင်းလှသဖြင့် မောင်မောင်မြင့်မှာ နောက်တစ်ကောင် ပစ်နိုင်ရန် လေးခွကို ချိန်ရွယ်နေစဉ် တစ်ဖက်မှ အသက်(၁၅)နှစ်ခန့် လူငယ်တစ်ဦးသည် ဖြတ်သွားရာမှ...

'အစ်ကိုတို့ ဘာလုပ်ကြတာလဲ၊ ဒီနေရာမှာ ငှက်မပစ်ရဘူး။ နတ်ကွင်းပတ်ဝန်းကျင်မှာ ငှက်တွေကို ဘေးမဲ့ပေးထားတာဗျ။ ရွာက လူတွေတွေ့ရင် ခင်ဗျားတို့ ပြဿနာတက် လိမ့်မယ်။ ဒီနေရာက မြေလဲကြမ်းတယ်။ မတော်တရော်တွေ ဖြစ်တတ်တယ်နော်'

ဟု လှမ်းအော်သတိပေးခဲ့ပါသည်။

ဒီတော့မှ ကျွန်တော်တို့လည်း ကြက်သေကို ဘယ်လိုလုပ်ရမည် မသိ ဖြစ်နေစဉ် မောင်မောင်မြင့်က...

'ကျွန်တော် ခါးပုံစကြီးကြီး လုပ်ပြီး ကြက်ကို ထည့်ခဲ့မယ်ဗျာ၊ ဘယ်သူမှ မမြင်နိုင်ပါဘူး'

ဟု ပြော၍ သူ့ခါးပုံစထဲတွင် ကြက်သေကိုထည့်ကာ လာလမ်းအတိုင်း ပြန်လာခဲ့ကြပါသည်။

အတန်ငယ် လျှောက်မိ၍ နတ်ကွင်း နယ်နိမိတ် ကျော်လာသည့်အခါ ခါးပုံစထဲမှ ကြက်သေသည် ခေါင်းပြူထွက် လာကာ **"အောက်အီးအီးအွတ်"** ဟု တွန်လာသဖြင့် ကျွန်တော်တို့မှာ အံ့အားသင့်ကာ မျက်လုံးပြူးကုန်ကြ ပါသည်။



မော်မောင်မြင့်သည် ကပျာကယာ ခါးပုံစထဲမှ ကြက်ကို ထုတ်ယူသည့်အခါ ရင်အုံကိုမှန်၍ တစ်ခါတည်း အသက်ပျောက်သွားသည့် တောကြက်မှာ လည်ဆံမွေးထောင်ပြီးလျှင် မောင်မောင်မြင့် လက်ခုံအား နှုတ်သီးဖြင့် ထိုးဆိတ်လိုက်သည်ကို မြင်တွေ့လိုက်ရသဖြင့် ကြောက်လန့်တကြား နောက်သို့ ခုန်ဆုတ်မိကြပါသည်။

ခဏနေမှ သတိဝင်လာပြီး ကြက်ကို ဝိုင်းရိုက်ကြပါတော့သည်။ ခေါင်းတစ်ခုလုံး ကြေမွသွားသည့်တိုင် တောင်ပံကို တဖျပ်ဖျပ် ရိုက်နေခဲ့ရာ ကျွန်တော်တို့မှာ တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီး ကြောက်ဒူး တုန်လာကြပါသည်။

ထို့ထက် ပိုဆိုးသည်ကား ကြက်ဆိတ်ခံထားရသော မောင်မောင်မြင့်၏ လက်ခုံမှာ အဆမတန် ရောင်ရမ်းလာခဲ့ပြီး မျက်နှာကြီးမှာလည်း အထိုးအကြိတ် ခံထားရသူတစ်ဦးပမာ အဖုအထစ်များဖြင့် ကြည့်မကောင်းအောင် ဖြစ်နေခဲ့ပါသည်။

သူ့ကို ကြည့်ရသည်မှာလည်း ယောင်ချာချာဖြင့် အသိစိတ်ပျောက်နေသည့်ပုံတွေ့ရရာ မဟန်တော့ဘူးဟု သိရှိလာပြီး ရွာအဝင်က အနီးဆုံးအိမ်ကို မေတ္တာရပ်ခံ၍ ခေတ္တ ခိုလှုံခွင့် တောင်းခဲ့ရပါသည်။

အိမ်ရှင်က လိုလိုချင်ချင်ပင် ဝင်ခွင့်ပြုပြီး မောင်မောင်မြင့်ကို ကြည့်၍...

'ဟ မင်းတို့ဟာက နတ်ကိုက်၊ စုန်းကိုက်၊ တစ္ဆေကိုက်တာပဲ။ ဘာတွေ ဖြစ်ခဲ့ကြတာလဲ။ အများတစ်ခုခု လုပ်ခဲ့ကြပြီထင်တယ်။ ငါ့ကို ပြောပြစမ်း'

ဟု မေးလာရာ တံခွန်တိုင်နတ်ကွင်းနားတွင် မအောင့်နိုင်၍ အပေါ့အပါးသွားမိပုံ၊ တောကြက်ပစ်ခဲ့ပုံ၊ သေနေသည့် တောကြက်က ထ,တွန်နေပုံ၊ နှုတ်သီးနှင့် ဆိတ်ပုံများကို တစ်ယောက်တစ်ပေါက် ရှင်းပြခဲ့ကြပါသည်။

'အေး မင်းတို့ တော်တော်မိုက်တဲ့ကောင်တွေပဲ။ ရိုးရာဓလေ့ ထုံးတမ်းစဉ်လာကိုလဲ မသိ၊ ရိုးရာကိုးကွယ်မှုတွေကိုလဲ နားမလည်ဆိုတော့ မဖြစ်သင့်တာတွေ ဖြစ်ရပြီပေါ့။

ကဲ...ကဲ...လာ လာ တံခွန်တိုင်နတ်ကြီးကို သွားတောင်းပန်ရအောင်။ ငါကိုယ်တိုင် လိုက်ပေးမယ်။ ပြန်လာမှ လုပ်သင့်တာ လုပ်ကြတာပေါ့'

ဟု ပြော၍ သူက ဦးဆောင်ကာ ကျွန်တော်တို့အားလုံး နတ်ကွင်းဆီသို့ ပြန်သွားကြပါသည်။

ရောက်သည့်အခါ အိမ်ရှင်ဦးလေးကြီးမှ နတ်စင်(ကျမ်းကျိန်စင်)ရှေ့တွင် လက်အုပ်ချီကာ ကယားဘာသာဖြင့် ရွတ်ဆိုပြီးနောက် စင်ပေါ်ရှိ ရေတကောင်းထဲမှ ရေအား မောင်မောင်မြင့်ကို သောက်စေပါသည်။

လက်ခုံနှင့် မျက်နှာတို့ကိုလည်း ရေဖြင့် "တောက်" ပေးခဲ့ရာ မောင်မောင်မြင့်မှာ "အင်း" ခနဲတစ်ချက် ညည်းကာ ပုံမှန်အနေအထား ရောက်လာသည်ကို အံ့ဩဝမ်းမြောက်ဖွယ် တွေ့ရှိရပါ



www.burmeseclassic.com

www.burmeseclassic.com

သည်။

အိမ်ရှင်ဦးလေးက ကျွန်တော်တို့ကို နှုတ်စင်ရှေ့၌ ကန်တော့စေပြီး…

'အပိုက်အမဲလေးများဖြစ်သည့် ကျွန်တော်တို့အား ခွင့်လွှတ်ပါ။ မသိ၍ မှားခြင်း ဖြစ်ပါသဖြင့် တစ်ကြိမ်တစ်ခါ သည်းခံခွင့်လွှတ်ပါရန်နှင့် နောင်တွင် ယခုလို မဆင်မခြင် ရိုင်းပျ စော်ကားသည့် အပြုအမူမျိုး မလုပ်တော့ပါကြောင်း'

သူက တိုင်ပေး၍ ကျွန်တော်တို့က ရွတ်ဆိုကာ တံခွန်တိုင်နတ်ကြီးအား တောင်းပန်ခဲ့ရပါသည်။



မောင်မောင်မြင့်သည် သတိ ပြန်ဝင်လာပြီဖြစ်သော်လည်း လက်ခုံနှင့် မျက်နှာမှာ ရောင်ကိုင်းနေသေးရာ ဦးလေးကြီးမှ သူ့အိမ်သို့ခေါ်ကာ ဘုရားစင်ထက်မှ ပရိတ်ရေဖြင့် လိမ်းပေးပြီး ဂါထာတစ်ပုဒ်ကိုလည်း ရွတ်ဆိုမန်းမှုတ်ပေးခဲ့ပါသည်။

ပရိတ်ရေပုလင်းထဲမှ ရေကိုလည်း အခြားပုလင်းထဲသို့ ပွားကာ အရောင်အဖော မပျောက်မချင်း လိမ်းရန် မှာကြားပြီး ကျွန်တော်တို့ကို ပေးလိုက်ပါသေးသည်။

ခေါင်းတစ်ခုလုံး ကြေမွနေသော တောကြက်မှာ အတောင် တဖျပ်ဖျပ်ခတ်နေသေးသဖြင့် အိမ်ရှင်ဦးလေးမှ ဂါထာရွတ်ဆို မန်းမှုတ်လျက် ပရိတ်ရေဖြင့် လောင်းလိုက်မှ ငြိမ်သွားခဲ့ပါသည်။

ထို့နောက် ကြက်သေကို မူလနေရာ သစ်ပင်ရင်းတွင် တွင်းတူး၍ မြှုပ်ပစ်ခဲ့ရပါသည်။

အိမ်ရှင်အား ကျေးဇူးတင်စကားပြောကာ ကျွန်တော်တို့လည်း မြို့နယ်လာခဲ့ပါသည်။ တစ်ပတ်ခန့် ကြာသည့်အခါ မည်သည့်ဆေးဝါးမျှ မလိမ်းဘဲ ပရိတ်ရေလိမ်းခြင်းဖြင့်သာ မောင်မောင်မြင့်၏ ရောင်ရမ်းနေမှုများ ပျောက်ကင်းခဲ့ရပါသည်။

ထိုသို့ ပျောက်ကင်းပြီးနောက် ရုံးပိတ်ရက် တစ်ရက်တွင် အိမ်ရှင်ဦးလေးကြီးအား ကန်တော့ရန် ပုဆိုးတစ်ထည်နှင့် မုန့်ထုပ်များဝယ်ကာ ကျွန်တော်တို့အဖွဲ့ ချိုကယ်ရွာသို့ ပြန်သွားခဲ့ကြပါသည်။

အိမ်ရှင်ဦးလေးကို အိမ်တွင် အခန့်သင့် တွေ့ရှိရသဖြင့် ပါလာသော ပစ္စည်းများဖြင့် ကျေးဇူးကြီးလှပါကြောင်း ပြောဆိုပြီး ကန်တော့ကြပါသည်။

ဦးလေးကြီးမှလည်း…

'သူ့အမည်မှာ ဦးခီးရယ်ဖြစ်ကြောင်း၊ စစ်မှုထမ်းဟောင်းတစ်ဦးဖြစ်ပြီး မကွေးမြို့တွင် နှစ်အတန်ကြာ နေခဲ့ဖူးကြောင်း…

မင်းတို့အဖြစ်မှာ ကန့်သတ်နယ်မြေ နတ်ကွင်းနယ်နိမိတ်တွင် သူ့အစွယ်အပွား အခြံအရံကို သတ်ခဲ့ကြသလို မဆင်မခြင် အပေါ့အပါးများပါ သွားခဲ့ကြသဖြင့် နတ်မကြိုက်တဲ့ အလုပ်ကို လုပ်ခဲ့ကြတာဖြစ်ကြောင်း…

တောင်းပန်မှုနှင့် ဘုရားပရိတ်တန်ခိုးတော်တို့ လက်ဦးမှုကြောင့်သာ အသက်အန္တရာယ်ဘေးမှ လွတ်ခဲ့ခြင်းဖြစ်ကြောင်း၊ နောင်အခါ ရိုးရာဓလေ့ထုံးတမ်းနဲ့ ယုံကြည် အလေးထားကြရန်ဖြစ်ကြောင်း'

ဆုံးမစကားများ ပြောကြ သည်။

'အေး မင်းတို့က လူငယ် တော့ အတွေ့အကြုံကလဲ နည်း တယ်။ အမှောင့်ပယော အပမှီတာတို့၊ ဖမ်းတ ဖုတ်ဝင်တာတို့ ဆ မယုံမရှိနဲ့။ ကိုယ်က မယုံရင်တေ မစော်ကားရဘူး။

သူတို့ကလဲ တတ်သမျှ ခု ကွယ်ကြမှာဖြစ်သလို တတ်နိုင် တန်ပြန်တိုက်ခိုက်ကြမှာပဲ။ သူ နိုင်တာကတော့ မေတ္တာလက် အမြတ်ဆုံးရတနာသုံးပါးပဲပေါ့။ မ ကို လိမ်းဖို့၊ သောက်ဖို့ ပေးလို ပရိတ်ရေက ဘုရား၊ တရား၊ သ ရတနာမြတ်သုံးပါးရဲ့ တန်ခိုးရှိန် အာနုဘော်တွေပါလို့လဲ ပယော ပျောက်ကင်းရတာပဲ။

နောက်ဆိုရင် အမှောင့်အ တွေ၊ အပမှီ ဖုတ်ဝင်တာတွေ မ ဖို့ ငါ့တူတို့ကို ဦးလေး မကွေး တုန်းက မြသလွန်ဘုရားမှာ ဖူး ရတဲ့ ဘုန်းတော်ကြီးတစ်ပါး ချီးမြှင့် တဲ့ **"အရဟံ(၈)ချက်"** ဂါထာ ကြီးကို လက်ဆင့်ကမ်းပေးလိုက်

ပယောဂဟူသမျှကို နိုင်သလို တရှေ့ အစိမ်းသရဲများ ပူးကပ် ဒီဂါထာကို (၉)ခေါက်ရွတ်ဆို မ လူနာကိုတိုက်ရင် ဖျန်းပေးရင် မ ဆိုးဝါးတွေ ပြေးရတော့တာပဲ။ ငယ် မျက်နှာကို ပရိတ်ရေနဲ့ ဒေ ပေးတုန်းက ဒီဂါထာတော်ကို ရွ ဖျန်းပက်ပေးခဲ့တာပေါ့'

ဟု ဦးလေးဦးခီးရယ်က ရှ ရွတ်ပြ၊ ရေးပြခဲ့သဖြင့် ကျွန်တေ



www.burmeseclassic.com

www.burmeseclassic.com

...ည်း ယုံကြည်လေးမြတ်စွာဖြင့် ကူးယူ...င်း ဦးလေး ဦးခီးရယ်ကို ကန်တော့...ဆက်ကာ ပြန်ခဲ့ကြပါတော့သည်။

ဤကား ကျွန်တော် တွေ့ကြုံခဲ့ဖူး...ည့် အပမှီခြင်း (ဝါ) ဖုတ်ဝင်ခြင်း...ရုပ်လေးအား ပြန်လည် တင်ဆက်...ရပါသည်။

ဦးလေးဦးခီးရယ်မှ ပြန်လည် ချီးမြှင့်...သည့် **"အရဟံ(၈)ချက်"**ဂါထာ...တော်ကိုလည်း ဉာဏ်နှင့်ယှဉ်၍ လိုအပ်...လို အသုံးချနိုင်ပါရန် ဓမ္မဒါနအဖြစ်...ဆင့် ဖြန့်ဝေပေးလိုက်ရပါသည်။

---

ပယောဂနိုင်သည့်

အရဟံ(၈)ချက်ဂါထာ

---

...ဟော နာမသမ္ဗုဒ္ဓေါ၊ အရဟော ဂုဏ...တိကော၊

...ဟော ပကာတောလောကေ၊ အရဟော ...နု ဝိဂ္ဂယော၊

...ဟောတိ နာမေနပိ၊ အရဟော ပါပံ ...ရယိ၊

အရဟတ္တဖလံ ပတ္တော၊ အရဟော နာမ တော နမော။

အနက်

**အရဟောနာမ၊** အရဟာမည့်တော်မူသော မြတ်စွာဘုရားသည်။ **သမ္မာသမ္ဗုဒ္ဓေါ၊** အလုံးစုံသော တရားတို့ကို မဖောက်မပြန် ကိုယ်တိုင်မှန်စွာ သိတော်မူပါပေ၏။ **အရဟော၊** သံသရာစက်၏ အကန့်အကွက်တို့ကို ချိုးဖျက်တော်မူပြီးသော မြတ်စွာဘုရားသည်။ **ဂုဏလာဘီကော၊** ဂုဏ်တော်(၉)ပါး အစထား၍ များပြားထင်ပေါ် ဂုဏ်တော်အနန္တ ရရှိတော်မူပါပေ၏။ **လောကေ၊** လောကသုံးဖြာ ဘုံသုံးရွာ၌။ **အရဟော၊** ကိလေသာတို့မှ ဝေးကွာခြင်းကို။ **ပကာတော၊** ပြုတော်မူအပ်ပါပေ၏။ **အရဟော၊** ကိလေသာရန်သူတို့ကို သတ်ဖြတ်တော်မူသော မြတ်စွာဘုရားသည်။ **မာရဝိဇ္ဇယော၊** မာရ်ငါးပါးကို အောင်မြင်တော်မူပါပေ၏။ **အရဟောတိ နာမေနပိ၊** အ,ရဟောဟူသော အမည်တော်ဖြင့်လည်း။ **အရဟော၊** မကောင်းသော အမှုကြံပြောပြုရာ ဆိတ်ကွယ်ရာ မရှိသည် ဖြစ်၍။ **ပါပံ၊** မကောင်းမှုကို။ **နကာရယိ၊** ပြုတော်မမူ။ **အရဟတ္တဖလံ၊** အရဟတ္တဖိုလ်သို့။ **ပတ္တော၊** ဆိုက်ရောက်တော်မူသော။ **အရဟော နာမ၊** အရဟာမည်တော်မူသော မြတ်စွာဘုရား။ **တေ၊** အရှင်ဘုရားအား။ **နမော၊** ညွတ်ကိုင်း ရိုကျိုးလက်စုံမိုး၍ ရှိခိုးပါ၏ဘုရား။

***[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ ဓမ္မာစရိယ(မဟာဝဂ္ဂါဒီမြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက-ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ)]မှ ပြန်ဆိုပေးပါသည်။]***

**အုံ့ကြွယ်**

**စာမျက်နှာ (၁၉၂)မှ အဆက်**

...ယင်း ယောက်မနှင့် ရောင်းလိုသည့်ကားကို (၁၀)ချက်ရိုက်၍ ရောင်း...ထွက်ပါစေ၊ ဈေးကောင်းရပါစေ ဟုသည့် ဆုတောင်းလျက် ရိုက်ပါ။

**မှတ်ချက်။ ။ တနင်္လာနေ့ နံနက်သာလျှင် ခုတ်ရိုက်...ပါမည်။ ကျန်နေ့များ မရိုက်ရပါ။**

အထက်ပါ အစီအရင်ကို အင်္ဂဝိဇ္ဇာ ပညာအရ ဖွင့်ဆိုပြရ...လျှင် ကားသည် တနင်္လာနံ့ဖြစ်၍ မူလတနင်္လာနံ့ကို ကြီးရန်း...လျက် ကြောင်လျှာကို ယူစေပါသည်။

ယင်း ကြောင်လျှာသားကို ယောက်မ ပြုလုပ်စေခြင်းမှာ ...သံ ထွက် ပညတ်ကိုယူ၍ ရောင်းလျှင် မ,မည့်သဘော...လေသည်။

(ဝ)အက္ခရာ ရေးသားခြင်းမှာ ထွက်စေလိုသောအရာ...၍ တြိရန်းနံ့ အထွက်(လ.ဝ)အက္ခရာကို ယူစေပါသည်။

ယင်းနောက် နေထွက် အချိန်ကို ယူ၍ **"ကားရောင်းထွက်ပါစေ"**ဟု စသည်ဖြင့် ဆုတောင်းရခြင်း ဖြစ်ပါသည်။

(၁၀)ချက်ရိုက်ခိုင်းခြင်းမှာ ဆ,နိုး သဘောအရ စနေဂြိုဟ်သက် (၁၀)နှစ်ကို ရိုက်စေခြင်း ဖြစ်ပါသည်။

ရှေးဆရာကြီးများ၏ ဉာဏ်အမြော် အမြင်တို့ဖြင့် တီထွင်ကြံဆ၍ ပြုလုပ်ပေးသော လက်သုံးအစီအရင် ဖြစ်ပါသဖြင့် ကားပိုင်ရှင်များ၊ ကား အရောင်းအဝယ်သမားများ ကြောင်လျှာ ယောက်မဖြင့် ဧကန် အဆင်ပြေစေနိုင်သော အစီအရင် ဖြစ်ပါသည်။ ယုံကြည်စွာ ပြုလုပ်ပါရန် စေတနာရှေ့ထား၍ ပညာကို ဝေငှလိုက်ပါတော့သတည်း။

**ဂါမဏိဖော်(စစ်ကိုင်း)**



www.burmeseclassic.com

www.burmeseclassic.com

# ကားရောင်းလိုလျှင်

ယောက်မဆောင်

ဂါမဏိကျော် (စစ်ကိုင်း)



တစ်နေ့တွင် ကိုမျိုးနိုင်ဆိုသောသူသည် မိတ်ဆွေတစ်ဦးနှင့်အတူ ကျွန်ုပ်ထံသို့ ရောက်ရှိလာလေ၏။

'ကိုမျိုးနိုင် လာထိုင်ကြဗျာ'

ဟု ကျွန်ုပ်မှ ပဋိသန္ဓာရပြုလျက် ဖိတ်ခေါ်လေလျှင် နှစ်ဦးသား ဝင်ထိုင်ကြပြီး...

'သူက ကိုအောင်အောင်လို့ ခေါ်ပါတယ်။ ကားပွဲစား ဆိုပါတော့'

ဟု ပါလာသည့် လူစိမ်းအား ကိုမျိုးနိုင်မှ မိတ်ဆက်ပေးလေ၏။

'ဟုတ်ကဲ့ဗျာ... ကားပွဲစားဆိုတော့ အလုပ်အကိုင် ပေါ့ပေါ့ပါးပါးနဲ့ စားဝတ်နေရေး အဆင်ပြေထင်ပါ့'

ဟု ကျွန်ုပ် လိုက်လျောညီထွေ နှုတ်ဆက်လိုက်လေလျှင်...

'မထင်ပါနဲ့ခင်ဗျာ...အခု လပိုင်းတွေမှာ အရောင်းအဝယ်တွေ အေးနေတယ်ဗျာ။ ဈေးအတက်အကျကလဲ မမှန်တော့ လုပ်ရကိုင်ရတာ တော်တော်ခက်နေတယ်ခင်ဗျ။ ဒါကြောင့် ကိုမျိုးနိုင်ရဲ့ ညွှန်းဆိုမှုအရ အစ်ကိုဆီ ရောက်လာတာပါ'

ဟု ကိုအောင်အောင်မှ ပြောလေ၏။

'ကိုမျိုးနိုင်က ဘာများ ညွှန်းလို့လဲဗျာ'

ဟု ကျွန်ုပ်မှ မေးလျှင်...

'ဒီလို ကိုဂါကြီးရ သူက ကားအရောင်းအဝယ် လုပ်တယ်လေ။ အခု သူ့လက်ထဲမှာ ရောင်းရခက်နေတဲ့ ကားရှိနေလို့ ဈေးမှန်နဲ့ ရောင်းထွက်အောင်ပေါ့။ ယတြာအစီအရင် လုပ်ချင်တယ်ဆိုလို့ စကားစပ်မိကြတာနဲ့ အစ်ကို့ဆီ ခေါ်လာရတာပဲ'

ဟု ကိုမျိုးနိုင်မှ ပြောလေ၏။

'ကျွန်တော်က ကားအကြောင်းတော့ နားမလည်ပါဘူး။ ဒါပေမယ့် ရောင်းရခက်တယ်ဆိုတော့ ပစ္စည်းမကောင်းလို့လား'

ဟု မေးလျှင်...

'မဟုတ်ပါဘူးခင်ဗျား ရောင်းသူ ဝယ်သူ နှစ်ဖက်ပြေလည်ရင် ပြီးကြတာပါပဲ။

အခုဟာကတော့ ကားလဲ ကောင်းပါတယ်။ ဈေးနှုန်းကလဲ သင့်ပြီး ဝယ်လက်တွေနဲ့ တွေ့ပေမယ့် တစ်မျိုးမဟုတ်တစ်မျိုး အကြောင်းပေါ်ပြီး ပျက်ပျက်သွားလို့ပါ ခင်ဗျား'

ဟု ကိုအောင်အောင်မှ ပြောလေ၏။

'ကိုင်း...ဒါဖြင့်ဗျာ ဒီနေ့က စနေနေ့ဆိုတော့ နှစ်ရက် အချိန်ရတယ်ဗျာ၊ မိတ်ဆွေကလဲ ကားအရောင်းအဝယ် အမြဲတမ်း လုပ်နေမှာပဲ ဆိုတော့ ဒီနှစ်ရက်အတွင်း **"ကြောင်လျှာ"**သားရှာပြီး **"ယောက်မ"**တစ်ခု လုပ်ပေတော့ဗျာ။ အဲ...ယောက်မကို (၆) လက်မ လုပ်လိုက်ပါ။ အဲဒီကိစ္စကိုတော့ လက်သမား လုပ်တတ်တဲ့ ကိုမျိုးနိုင်ကို ခိုင်းရင်ရပြီပေါ့။ ယောက်မ ရပြီဆိုရင် နက်ဖြန်ခါ ကျွန်တော့်ဆီ လာခဲ့ကြတော့ဗျာ'

ဟု ပြော၍ ပြန်လွှတ်လိုက်ပါ... သည်။

နောက်ရက်တွင် ယင်းတို့... ရောက်လာလျက် ကြောင်လျှာသ... ပြုလုပ်ထားသော ယောက်မ... ကျွန်ုပ်အားပေးလျှင် ကျွန်ုပ်သည် ... ရောင်းထွက်စေသော ယတြာ... အရင်ကို ကျနစွာ ပြုလုပ်ပေးလို... တော့သည်။

ဤအစီအရင်သည် ကားအ... အဝယ်သမားများနှင့် ကိုယ်ပိုင်ကာ... ရောင်းလိုသူတို့အတွက် ဈေးနှု... စွာဖြင့် အလွယ်တကူ ရောင်းထွ... သော အစီအရင် ဖြစ်ပါသဖြင့် ... အရင် ပြုလုပ်ပုံကို ရေးသား... လိုက်ပါသည်။

### ကားရောင်းထွက်စေရန် အစီ...

၁။ ကြောင်လျှာသားကိုရှာ၍ ယူပါ။

၂။ ယင်း ကြောင်လျှာသားကို (၆)... အရွယ်အစား ယောက်မတစ်ခု ပြု...

၃။ တနင်္လာနေ့ နံနက်(၇)နာရီအ... ယောက်မတွင် (ဝ)အက္ခရာကို ရေ... ရေး၍ ပြီးလျှင်...





www.burmeseclassic.com

www.burmeseclassic.com

၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လထုတ် နဂ္ဂတ္တရောင်ခြည် မဂ္ဂဇင်းတွင် "**ဆန်းကြယ်သော ပညာရပ်များ**" ခေါင်းစဉ်ဖြင့် နတ်လေချွန်အကြောင်း ကိုယ်တွေ့အကြုံကို ရေးသားကာ **ထိုသည့်ပညာရပ်မျိုးပင် ဖြစ်စေ ကာမူ တိမ်ကော ပပျောက်မသွား သင့်ပါ။ ပြန်လည် ဖော်ထုတ်သင့် သည်ဟု ယူဆမိပါသည်။**)ဟု စာရေး သူ သုသုသ၏ ဆန္ဒကို ဖော်ပြထား သည့် ဆောင်းပါးအား ဖတ်ရှုလိုက်ရပါ သည်။

ထိုအခါ ကျွန်မ တွေ့ကြုံခဲ့ရသော နတ်လေချွန်အကြောင်း အမှတ်ရလာ သည်။ အလယ်တန်းကျောင်းသူဘဝ က ဆွေမျိုးနီးစပ်တော်သူ ဒေါ်သန်းက သမီးအမှတ်ဖြင့် မွေးစားကာ အဝတ် အစား၊ ထမင်းကျွေး၊ ကျောင်းထားပေး သဖြင့် အင်းစိန်မြို့တွင် နှစ်အတန်ကြာ အောင် နေထိုင်ခဲ့ရသည်။

ထိုကာလအတွင်း ဒေါ်သန်း၏ ခင်ပွန်းသည် ဦးဝှက်လာ ကွယ်လွန် သွားသဖြင့် ကြို့ပင်ကောက်မြို့သို့ သွား ၍ လေချွန်နတ် မေးကြသည်။

နှစ်ထပ် ပျဉ်ထောင်အိမ်တစ်လုံး၏ အပေါ်ထပ်တွင် နတ်မေးသူ ဆယ့် လေး,ငါးဦးခန့် ထိုင်နေကြသည်။ ည နောင်စအချိန် ဖြစ်သော်လည်း မီး ထွန်းရ၊ လူများမှာ စကားမပြောရဘဲ တိတ်ဆိတ်စွာ ထိုင်နေကြရသည်။ ပြတင်းပေါက်တစ်ပေါက်ကိုမူ တံခါးဖွင့် ထားသည်။

ကျွန်မတို့ ရောက်သွားချိန်တွင် ဓာတ်ခံပေါ် ကွယ်လွန်သွားသော နာမည်ကျော် မင်းသားကြီးတစ်ဦး၏ သားများ ရောက်နှင့်နေကြသည်။ သူ တို့ခင်ကြီး ရေးလက်စ ဓာတ်ထုပ်အား ဆက်လက်ရေးသား အပြီးသတ်ရန်



နန်းခင်မြ၀င်း

# တမလွန်နှင့် ဆက်သွယ်ပေးသူ

မေးမြန်းနေကြခြင်း ဖြစ်သည်။

မင်းသားကြီးအသံကို ဓာတ်ပွဲတွင် နားထောင်ရသည့်အတိုင်း ကြားနေရ သည်။ သို့သော် အချိန်ကြာမြင့်စွာ မပြောနိုင်ပါ။ တစ်ခဏကလေးနှင့်ပင် ပြန်သွားလေရာ အကြိမ်ကြိမ် ခေါ်ယူရ သည်။ တစ်ကြိမ်ခေါ်လျှင် ငွေတစ်မတ် (၂၅)ပြား ပေးရသည်ဖြစ်ရာ သူတို့၏ လက်ထဲတွင် တစ်ဆယ်ကျပ်တန် ငွေ စက္ကူများ အထပ်လိုက် တွေ့ရသည်။ အချိန်အတန်ကြာသောအခါ အခြား သူများကို အားနာသဖြင့် နောက်တစ် နေ့မှ ထပ်လာပါဦးမည်ဟု ပြောဆို၍ ပြန်သွားကြလေသည်။

ယခုကား သုံးရက်မြောက်နေ့ ဖြစ် သည်။ ရေးလက်စ ဓာတ်ထုပ်အပြီး သတ်ရန် ရက်မည်မျှ ကြာအောင် မေးမြန်းရေးသားရသည်ကို စိတ်ဝင် စားမိသော်လည်း နောက်ထပ်မရောက် ဖြစ်တော့သဖြင့် မသိလိုက်ရချေ။

မကြာမီ ဒေါ်သန်းအလှည့်ရောက် သည်။ သေသူအမည်၊ ကွယ်လွန်ပြီး





www.burmeseclassic.com

www.burmeseclassic.com

သောအချိန် (နှစ်ကာလ)နှင့် မြုပ်နှံသင်္ဂြိုဟ်ရာသင်္ချိုင်း စသည် မေးမြန်းပြီးနောက် နတ်ဆရာမက...

'လွန်ခဲ့သော (...)နှစ်က ကွယ်လွန်၍(...) သင်္ချိုင်းတွင် သင်္ဂြိုဟ်ခဲ့သူ ဦး(...) ခဏကြွလာပါ။ ဒီမှာ ဒေါ်(...)က မေးချင်လို့တဲ့'

ဟု ဆိုလိုက်ရာ မကြာမတင်ကလေးမှာပင် စူးရှသော လေချွန်သံ ထွက်ပေါ်လာပြီးနောက် **"အာတန်း၊ အာတန်း"**ဟု တရှက်သံဝဲဝဲဖြင့် ခေါ်လိုက်သော ဦးဝှက်လာ၏အသံကို ကြားကြရသည်။

သွားလေသူ ခင်ပွန်းသည်၏ အသံကို နားနှင့် ဆတ်ဆတ်ကြားလိုက်ရသဖြင့် ဒေါ်သန်းမှာ စိတ်မထိန်းနိုင်ဘဲ တရှုပ်ရှုပ် ငိုကြွေးလေတော့သည်။ အချိန် အနည်းငယ်အတွင်း အသံပျောက်သွားသဖြင့် ငွေတစ်မတ် ထပ်ထည့်ကာ တစ်ခေါက် ပြန်ခေါ်ရသည်။

ဤသို့ဖြင့် အသံကြားလိုက်၊ ငိုလိုက်နှင့် ကျပ်တန်တစ်ရွက် ကုန်သောအခါ ဆရာမက **"ငိုချည်းမနေနဲ့လေ မေးချင်တာ မေးမှပေါ့"**ဟု သတိပေးသည်။

နတ်ဆရာမသည် အသက်(၆၀) ကျော်ခန့်ရှိ၍ အရပ် မနိမ့်မမြင့်၊ ကိုယ်ခန္ဓာပြည့်ဖြိုးသူဖြစ်ကာ စကားပြောရာတွင် နူးညံ့ညင်သာလှလေသည်။

ဤတစ်ကြိမ်တွင်မူ စိတ်ထိန်း၍ ရသွားဟန်ဖြင့် "ရှင်အဆင်ပြေရဲ့လား" ဟု ရှိုက်သံစွက်၍ မေးမြန်းသည်။

'အေး အေး သမီးကော အိမ်ထောင်ကျပြီလား'

'ဟုတ်ကဲ့၊ မောင်(...)နဲ့ မနှစ်က နေရာချပေးလိုက်တယ်'

'ကောင်းတယ်၊ အဲဒီလူ ရိုးတယ်။ အရက်လဲ မသောက်ဘူး'

သို့နှင့် အသံပျောက်သွားပြန်သည်။

'ကဲ ထပ်မေးဦးမှာလားရှင်'

'တော်ပါပြီ ဆရာမရယ်၊ အဆင်ပြေတာ သိရရင် ကျေနပ်ပါပြီ'

နောက်ထပ်မေးသူမှာ မိတ္ထီလာမှ အဒေါ်ကြီးတစ်ယောက် ဖြစ်သည်။ ကွယ်လွန်သွားသည်မှာ (၁၀)နှစ်ကျော်ကြာပြီ ဖြစ်နေသူ ခင်ပွန်းအား မေးခြင်းဖြစ်သည်။ အချိန် အတန်ကြာသည်အထိ လေချွန်သံ မကြားရပေ။

'သူ တစ်နေရာကို ထွက်သွားပြီတဲ့။ နှစ်တွေကြာပြီဆိုတော့ ဘဝတစ်ခုခုမှာ ဝင်စားတာ ဖြစ်နိုင်ပါတယ်'

ထိုအဒေါ်ကြီး ပြီးနောက် ကျွန်မတို့နှင့်အတူပါလာသော မောင်နှမနှစ်ယောက် အလှည့်ကျသည်။

လေချွန်သံကြားရပြီးနောက် မိန်းမကြီးတစ်ဦး အသံပေါ်လာသည်။

'ကလေးတွေ ရွာပြန်ရောက်ကြပြီလား'

'အမေမှာခဲ့တဲ့အတိုင်း ရွာပြန်ကြမလို့ပဲ၊ လမ်းစရိတ်မှ မရှိတာ။ အမေရှိတုန်းက ပြဖူးတဲ့ ရွှေတွေလဲ မတွေ့တော့ဘူး။ ဘယ်မှာ ထားခဲ့တာလဲ အမေ'

'တံခါးမကြီး ဘယ်ဘက်က၊ ခါးပန်းကရေရင် အပေါ်သုံးခုမြောက် ပျဉ်ချပ်နဲ့ တိုင်ကြားထဲမှာ ညှပ်ထားတယ်'

'ဟုတ်ကဲ့အမေ၊ သမီးတို့ ရှာယူပြီး ရွာပြန်မယ်။ အမေ့အတွက်လဲ အမျှဝေပါ့မယ်'

ထိုမိန်းကလေးမှာ ကျွန်မနှင့် အသက်တူအရွယ်တူ ဖြစ်သည်။ မုဆိုးမ မိခင်နှင့်အတူ အိမ်ငှားနေကာ အသီးအနှံများ ရောင်းချစားကြသည်။

မိခင်ဆုံးပါးသောအခါ ဇာတိမြေ ပဲခူးအနီးရှိ ကဝမြို့နယ်တွင်း ရွာကလေးသို့ ဘကြီးများနှင့်အတူ လူမယည်မောင်လေးနှင့်အတူပတ်ဝန်းကျင်

မှ ဝိုင်းကူ ကျွေးမွေးထားစဉ် ဒေါ်သန်းက ကူညီ ခေါ်ဆောင်လာခြင်း ဖြစ်လေသည်။

ထို့နောက်တွင် မေးစရာမရှိ သဖြင့် ကျွန်မတို့အဖွဲ့ ဆရာမကို ဆက်၍ ဘုရားရုံသို့ ပြန်ခဲ့ကြ သည်။

ယခုအခါ ကြို့ပင်ကောက်တွင် ဆရာမ မရှိတော့ပေ။ အဆက်အ များကလည်း နတ်ထိန်းဝါသနာ သဖြင့် ပျောက်ကွယ်သွားပြီဟု သည်။

သို့သော် မြန်မာနိုင်ငံ မြို့ရွာ အ များများတွင် နတ်လေချွန် နတ် များ ကျန်ရှိသည်ကို တွေ့ရသ အထူးသဖြင့် မြန်မာနိုင်ငံ အလယ် မြေလတ်ပိုင်းတွင် ပို၍တွေ့ရှိရသ

ကျည်းကန်ရှင်ကြီး၏ ပုဏ္ဏ တစ်ထောင်ပါရှိသော စွယ်စုံကျော် သတ်ပုံ ပုဏ္ဏကျမ်းကို ဖြေဆိုတော် သည့် ကျီးသဲလေးထပ်ဆရာ အရှင် မုနိန္ဒာဘိဓဇက...

'လေချွန်နတ်သည် အထက်နတ် ဗိမာန်ရ နတ်မဟုတ်၊ အောက်နတ် သာ ထည့်သွင်းရမည်'

ဟူ၍ **စွယ်စုံကျော်ထင်ကျမ်း** ဖော်ပြထားလေသည်။

ထို့ကြောင့် နတ်လေချွန်သည် ကာလများကတည်းက တည်ရှိခဲ့ နတ်ဖြစ်၍ လေချွန်နတ်မေးခြင်း သည်လည်း နှစ်ပေါင်းများစွာ ကြာ ဖြစ်ကြောင်း သိရသည်။ သို့ လေချွန်နတ်၏ နောက်ခံသ ကြောင်းမူ မသိရှိရသေးပါ။ ဘ နှံ့စပ်သူ သုတေသီများက ဖော် ပေးကြစေလိုပါသည်။

နန်းခင်ဖြူဝင်း






www.burmeseclassic.com

www.burmeseclassic.com

သ

* * *



ယခုလအတွက် နံပါတ်(၁) နေရာ မှာ ဖော်ပြပေးလိုက်တာက **ကျောက် ဆည်မြို့ဇာတိ၊ အသက် သုံးဆယ် ကျော် အမျိုးသမီးတစ်ဦး** ဖြစ်ပါ တယ်။

"**သန္တာဆွေ**"ဆိုတဲ့ နာမည်သုံးလုံး ထဲက ရှေ့နှစ်လုံးဖြစ်တဲ့ "**သန္တာ**"ကို မြန်မာအက္ခရာစာလုံးနဲ့ လက်မှတ် ရေးထိုးထားခြင်း ဖြစ်ပါတယ်။

'အိမ်ထောင်ရေးမှာ ကံမကောင်းဘူး ဆရာ၊ အိမ်ထောင်ကွဲတယ်၊ မုဆိုးမဖြစ်တယ်။ အိမ်ထောင်ဆက်ဖြစ်တယ်။ ဒုက္ခသောက တွေ များတယ်။ အိမ်ထောင်ရေး သာယာ ပျော်ရွှင်နိုင်မြဲတဲ့ဘဝမျိုး ရချင်ပါတယ်'

သူမ လက်မှတ်သင်္ကေတမှာ အောက်ဘက် မျဉ်းပြိုင်တွေရှိပြီး လက် မှတ်အဆုံးမှာ ထောင်လိုက် မျဉ်းပိတ် ထားသလိုမျိုး ဖြစ်နေတာ သူမ ပြော စကားတွေအတွက် အဖြေပဲ ဖြစ်ပါ တယ်။

သူမရဲ့ **မွေးသက္ကရာဇ်က မြန်မာ သက္ကရာဇ် ၁၃၄၂ ခုနှစ်၊ နယုန်လ၊ တနင်္လာနေ့ဖွား** ဖြစ်ပါတယ်။ မူလ မဟာဘုတ်ခွင်နဲ့ နာမက္ခရာဒိုင်စဉ်ချ ကြည့်ရင် အောက်ပါအတိုင်း တွေ့ရပါ တယ်။

* * * ဇယား-၁

စိတ်ဝင်စားဖွယ်ကောင်းသော

# ထိုးမြဲလက်မှတ်များအကြောင်း


သရာကြီးဦးအောင်မြင့်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

တနင်္လာ အဓိပတိဖွားဖြစ်သူကို **(ပဋ္ဌပွတ်+ဆပွတ်+အညွန့်)** နာမည် ပေးနည်း မှန်ကန်ပါတယ်။ **ပုတိ+ရာဇ =အနိဋ္ဌ+ဣဋ္ဌ** နာမည်ဖြစ်လို့ အတော် အသင့်ကောင်းပါတယ်။ **နာမက္ခရ တိုင်စဉ်လဲ မှန်တယ်။**

သင်္ချာဗေဒင်ပညာအရ "**သန္တာ= ၂၀**"ဆိုတဲ့ ဂဏန်းတွဲ ရရှိတယ်။ အချစ်ရေး/ အိမ်ထောင်ရေးအတွက် နိမိတ် မကောင်းပါဘူး။

ဒီဂဏန်းရဲ့ အထိမ်းအမှတ်ဟာ အတောင် ပါတဲ့ နတ်သားဟာ ထမ်းပိုးကို မှတ်နေစဉ် ယောက်ျားတစ်ယောက်၊ မိန်းမတစ်ယောက်နဲ့ ကလေးငယ်တစ်ယောက်တို့ဟာ သင်္ချိုင်းက ရှန်းထ လက်အုပ်ချီ ဆုတောင်းနေပုံ ဖြစ် တယ်။

"**သန္တာ**"နှစ်လုံးတွဲ လက်မှတ်ရေး ထိုးခြင်း မကောင်းပါဘူး။ "**သ**" အက္ခရာ သောကြာနံ့ဟာ သူမမွေးနံ တနင်္လာနဲ့ **အတွင်းရန်= အိမ်ထောင် ရန် ဂြိုဟ်**ဖြစ်တယ်။ "**တ**"အက္ခရာ စနေနံဟာ တနင်္လာရဲ့ ဘုမ္မိဋ္ဌာန ဖြစ် တယ်။ ဒါကြောင့် သူမရဲ့ဘဝမှာ ဒုက္ခ သောကတွေ များခြင်း၊ အိမ်ထောင်ရေး ကံမကောင်းခြင်းတွေ ကြုံရတာပါ။



နာမည်ရဲ့ နောက်ဆုံးစာလုံး"**ဆွေ**" ဟာ အင်္ဂါနံ၊ ရာဇဋ္ဌာန မွေးနံတနင်္လာရဲ့ အညွန့်ဂြိုဟ် "**မ**"အက္ခရာဆိုတဲ့ သင့် တင့် လျောက်ပတ်တဲ့ အရည်အချင်း တွေ ပြည့်နေတယ်။ ဒါကြောင့် "ဆွေ" ကို လက်မှတ် ရေးထိုးသင့်တယ်။

* * *

| မြန်မာ | အင်္ဂလိပ် |
|---|---|
|  |  |

ဇယား-၁

| | | |
|---|---|---|
| | အဓိပတိ | |
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |

| | | |
|---|---|---|
| | ၂ | |
| ၄ | ၀ | ၃ |
| ၁ | ၅ | ၆ * |

(မူလမဟာဘုတ်ခွင်)

| | |
|---|---|
| ၄ | |
| ၃ | ၂ |
| ၁ | ၀ |
| *၆ | ၅ |

(နာမက္ခရာဒိုင်)

www.burmeseclassic.com

❖ **လက်မှတ်အောက်က မျဉ်းမသားသင့်ပါ။**
❖ **အောက်ခြေပြား ငွေအိုးသင်္ကေတန် တည့်တည့်ဆွဲပါ။**
❖ **အညွန့်နေရာမှာ ပွင့်ဖတ် ရှစ်ခုပါတဲ့ ပန်းပွင့်သင်္ကေတ ထည့်ပါ။**

၂။ * * *


ယခုလအတွက် **နံပါတ်(၂) နေရာ**မှာ ဖော်ပြပေးလိုက်တဲ့ ထိုးမြဲ လက်မှတ်ပိုင်ရှင်က **အသက်သုံးဆယ်ခန့် မော်ဘီမြို့ဇာတိ အမျိုးသားတစ်ဦး** ဖြစ်ပါတယ်။ **"ကျော်လှိုင်"**ဆိုတဲ့ နာမည်နှစ်လုံးတွဲကို မြန်မာလို လက်မှတ် ရွေးထိုးထားခြင်းဖြစ်တယ်။

'ကိုယ်က ချစ်တဲ့ မိန်းမတွေရော ကိုယ့်ကို ချစ်တဲ့ မိန်းမတွေရော များမှများပဲဗျာ။ ကြာတော့ စိတ်ညစ်လာရတယ်။ သူတို့အတွက် ငွေကုန်များလွန်းလို့ ငွေလဲ မစုမိတော့ဘူး'

အဲဒီအမျိုးသားရဲ့ ထိုးမြဲလက်မှတ်အောက်က **မျဉ်းပြိုင် ထောင်လိုက်သင်္ကေတတွေ များနေခြင်းက** သူ့စကားအတွက် အဖြေဖြစ်ပါတယ်။

**မြန်မာသက္ကရာဇ် ၁၃၄၄ ခုနှစ်၊ ပြာသိုလ၊ တနင်္လာနေ့ဖွား** ဖြစ်လို့ မူလမဟာဘုတ်ခွင်နဲ့ နာမက္ခရာတိုင်၊ ဝုဒ္ဓိတို့ ချကြည့်ရင် အောက်ပါအတိုင်း တွေ့ရှိရမယ်။


* * * ဇယား-၂



တနင်္လာသိုက်ဖွားကို **တနင်္လာ+ ဗုဒ္ဓဟူး= သိုက်+ အဓိပတိ = ဣန္ဒြ + ဣန္ဒြ** နာမက္ခရာတိုင်စဉ်မှန်၊ ဝုဒ္ဓိမှန် နာမည်ကောင်းဖြစ်တယ်။ အပြင်မိတ် ဂြိုဟ်တွဲလဲ ဖြစ်တယ်။ **နာမည်တွင် အပြစ်ပြောစရာ မရှိပါ။**

ထိုးမြဲလက်မှတ်ပုံသင်္ကေတန် ညံ့ခြင်းသာ အပြစ်တွေ့တယ်။ ထို့ကြောင့် ထိုးမြဲလက်မှတ်ပုံသင်္ကေတန် လှအောင်သာ ပြုပြင်ရေးထိုးသင့်ပါတယ်။


* * *



**လက်မှတ်အောက်က မျဉ်းမသားရပါ။ အပြိုင်သင်္ကေတများ လုံးဝမရှိစေရပါ။ ကြိုက်ပုံ ငွေအိတ် သင်္ကေတ ထည့်သင့်တယ်။**

၃။


* * *



ယခုလအတွက် **နံပါတ်(၃) နေ[...]တွင်** ဖော်ပြပေးလိုက်တဲ့ ထိုးမြဲ[...] မှတ်ပိုင်ရှင်က **တိုက်ကြီးမြို့[...] အသက်ခြောက်ဆယ်ခန့် အမျိုး[...] တစ်ဦး** ဖြစ်ပါတယ်။ **"ခင်ဦး"** ဆို[...] နာမည်နှစ်လုံးတွဲကို မြန်မာအ[...] စာလုံးနဲ့ လက်မှတ်ထိုးထားခြင်း ဖြ[...] တယ်။

'အလုပ်ထဲမှာလဲ ကိုယ်က တာဝန်အ[...] ဆုံး၊ အိမ်မှာလဲ တာဝန်အများဆုံး၊ ရ[...] စိတ်မအား ကြိုးစားလုပ်ရတယ်။ ငွေ[...] အတိုင်အတော အမှုပြဿနာ[...] စိတ်ညစ်ရတယ်'

**"ခ"အက္ခရာကို ခွက်မှော[...] ဆွဲထားခြင်း၊** လက်မှတ်အပေါ်[...] လုံးကြီးတင်ဆန်ခတ် အရွယ်အ[...] ကြီးကြီး ဆွဲထားခြင်း၊ လက်မှ[...] အောက်မှာ ကြက်ခြေပုံရှိခြင်းတို့[...] သူ့မရဲ့ ဒုက္ခသောကများအ[...] အဖြေဖြစ်ပါတယ်။






www.burmeseclassic.com

www.burmeseclassic.com

**၁၃၁၅ ခုနှစ်၊ ဝါခေါင်လ၊ တနင်္လာ** နေ့မွေးဖြစ်လို့ မူလမဟာဘုတ်၊ နာမက္ခရ တိုင်တို့ ချကြည့်ရင် အောက်ပါအတိုင်း တွေ့ရှိရမယ်။

* * * ဇယား-၃


တနင်္လာမရဏဖွားကို **တနင်္လာ+ တနင်္ဂနွေ = မရဏ + သိုက်= အနိဋ္ဌ + ဣဋ္ဌ** နာမည်ပေးထားတာပါ။ မွေးနံ ကို အမြစ်အုပ်နာမည်ဖြစ်လို့ နာမက္ခရ တိုင်စဥ် မှားပါတယ်။


ဒီနာမည်မှာ သိုက်ဌာနက တနင်္ဂနွေ အက္ခရာစာလုံး **"ဦး"** တစ်လုံးတည်း သက်မှတ်ရွေးထိုးသင့်ပါတယ်။

* * * ——————→

လက်မှတ်အောက်က မျဉ်းမသားရ ပါ။ ငွေအိုးသင်္ကေတအောက်ပြား ပုံဆွဲ ပါ။ အညွှန့်နေရာမှာ ပွင့်ဖတ်ငါးခုပါတဲ့ ပန်းပွင့်သင်္ကေတ ထည့်ပါ။

လုံးကြီးတင် သေးသေးဆွဲပါ။ ပွင့်



ဖတ်ငါးခုပါတဲ့ ပန်းပွင့်ကတော့ တနင်္လာရဲ့ တတ်မိတ်၊ ကြာသပတေး၊ အထွန်းဌာနကို ကိုယ်စားပြုပါတယ်။

နိုင်မြဲခြင်းအတွက်ပါ။

*(ယခုတစ်လ ဤမျှသာ)*

***အောင်မြင်ကျော်ကြား ချမ်းသာ ကြီးပွားအောင်...***

**ဆရာကြီး ဦးအောင်မြိုင်**
*(ဥပဒေဘွဲ့)*
**လက္ခဏာဗေဒင်ပညာသုတေသီ**

၂၀၁၄ ခုနှစ်၊ မတ်လ (၁)ရက်နေ့တွင် ဖွင့်လှစ်မည့် ဖ့အောင်ဘာလေထီဖွင့်ပွဲတွင် ထွက်ပေါ်လာနိုင်သည့် ထီဂဏန်းတွဲများအား အောက်ပါအတိုင်း တွက်ချက် ဖော်ပြအပ်ပါ သည်။

| | |
|---|---|
| **အကြိမ်** | ၃၀၂ |
| **ထီလ** | ၃ |
| **ခုနှစ်** | ၂၀၁၄ |
| | ၂၃၁၉ = ၁၅ = ၆ |

**အကြိမ်၊ လ၊ ခုနှစ်** ဂဏန်းများအား တစ်လုံးတည်းဖြစ်အောင် ပေါင်းပါက **(၆)** ဂဏန်းရသည်။ သို့ဖြစ်၍ **၃၊ ၅၊ ၆၊ ၉** ဂဏန်း များများပါအောင် ရွေးချယ်ပါ။ ရှေ့ဂဏန်း များကို **၃၊ ၅၊ ၆၊ ၉** ဂဏန်းများပင် ရွေးချယ် သည်။

ဥပမာ

| စ...ဆုံး | စ...ဆုံး | စ...ဆုံး | စ...ဆုံး |
|---|---|---|---|
| ၃...၃ | ၅...၃ | ၆...၃ | ၉...၃ |
| ၃...၅ | ၅...၅ | ၆...၅ | ၉...၅ |
| ၃...၆ | ၅...၆ | ၆...၆ | ၉...၆ |
| ၃...၉ | ၅...၉ | ၆...၉ | ၉...၉ |

## ၂၀၁၄ ခုနှစ်၊ မတ်လ

**အတွက် ရွေးချယ်ဝါ ဤဂဏန်း**

မှတ်ချက်။ ။(...)ကွင်းအတွင်း **၃၊ ၆၊ ၉** ဂဏန်း များများပါအောင် ရွေးချယ်ပါ။


**"အကြိမ်"**ဂဏန်း မပါဘဲ **"လ"** ဂဏန်းနှင့် **"နှစ်"**ဂဏန်းကိုသာ ပေါင်းပါက (၃ + ၂ + ၀ + ၁ + ၄) = ၁၀ = ၁ ရသည်။ သို့ဖြစ်၍ **'၁'**ဂဏန်းကို ပစ်ပယ်၍ မရပါ။

သို့ဖြစ်၍...

| စ... | ဆုံး | | | | |
|---|---|---|---|---|---|
| ၃... | ၃၊ | ၅၊ | ၆၊ | ၉၊ | ၁ |
| ၅... | ၅၊ | ၆၊ | ၉၊ | ၁၊ | ၃ |
| ၆... | ၆၊ | ၉၊ | ၁၊ | ၃၊ | ၅ |
| ၉... | ၉၊ | ၁၊ | ၃၊ | ၅၊ | ၆ |

ဤလတွင် **တနင်္ဂနွေနှင့် သောကြာ သားသမီးများ** ထီကံပွင့်နေပါသည်။

သို့ဖြစ်၍ မိမိတို့ဒေသရှိ တနင်္ဂနွေ (ဘို့မဟုတ်) ရှေးဟောင်း ဘုရားတစ်ဆူဆူသို့ သွားရောက်ပြီး မိမိ မွေးနံအရပ်ထောင့်ရှိ မြတ်စွာဘုရားကို ရေသပ္ပါယ်ပြီး ဒိဝါတပတိ အစချီ ဂါထာတော်ကြီးအား မိမိသက်စေ့ စိပ်ပွားပူဇော်ပါ။



ပြီးနောက် မိမိ အိမ်ပတ်ဝန်း ကျင်ရှိ စာသင်တိုက်သို့ သွား ရောက်ပြီး ဆန်၊ ဆီ၊ ဆေး ဆား တစ်မျိုးမျိုး တတ်နိုင်သမျှ အလှူ အတန်းပြုပြီးနောက် ထီ ကံစမ်း ရန်ဖြစ်သည်။

အထူးဂဏန်း

✦ ၃၅၆၉၆၃ ✦ ၅၁၆၉၃၃
✦ ၆၅၃၆၉၅

*ထီကံ ပွင့်ပါစေ...*

**ဆရာရဲထက် (သုတေသီ)**



www.burmeseclassic.com

www.burmeseclassic.com

နှမ်းပါးသူ

# ကင်းဆာဝေဒနာရှင် အကျော်

စေတနာဖြင့် အကြံပေး မေတ္တာပြခြင်း

ဦးဝင်းဇင်
(ရွှေနဝင်း)



၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလထုတ် **နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာမျက်နှာ (၁၄၂)တွင်** ဖော်ပြပေးထားသည့် **သူတို့ဆီမှစာ...သိသူများ အကြံပေးစေချင်**ဟူသော စာကို ဖတ်ရပြီး စာရေးသူမှ စေတနာထား မေတ္တာတရားဖြင့် အကောင်းဆုံး အကြံပြု နည်းလမ်းပေး တင်ပြလိုက်ပါသည်။

ယင်းစာတွင် ပါသည့်အတိုင်း နှမ်းပါးသူ ကင်ဆာဝေဒနာရှင်အား အထူးပြု မှာကြားလိုသည်မှာ **"စိတ္တေ့ စိတ္တေန နီယတေလောကော"** ဟု ဘုရားရှင် ဟောကြားတော်မူခဲ့သည့် ဒေသနာအရှိအတိုင်း လောကကို စိတ်က တည်ဆောက်ထားခြင်းကြောင့် ဝေဒနာရှင်သည် အရင်ဦးဆုံး စိတ်ဓာတ်ကို ခိုင်ခိုင်ထားပြီး စိတ်ဓာတ်မကျစေရန်အတွက် ရတနာသုံးပါးကို အထူး ယုံကြည်အလေးထားပြီး ကုသိုလ်တရားများကို နိုင်သလောက် မပြတ် ပွားများပေးရန် အထူးလိုအပ်လှပါသည်။

စိတ်ဓာတ်ကျပြီး ဖြစ်ချင်ရာဖြစ် ဆိုပြီး စိတ်ကို လွှတ်မထားရန် သတိပြုစေချင်ပါသည်။

**"စိတ်တရား ခိုင်ခဲ့လျှင် ရုပ်တရားကလည်း လွယ်လွယ် မပြိုလဲနိုင်ပါ"**

စာမှာပါသည့် အနေအထားအရ လည်ပင်းတွင် အကျိတ်အဖုတစ်လုံး ပေါ်လာသည် ဆိုသော်လည်း မည်သည့်နေရာတွင် ပေါ်လာသည်ဟု အတိအကျ ဖော်ပြထားခြင်း မတွေ့၍ အခြေအနေကို ခန့်မှန်းရ ခက်နေပါသည်။

လည်ပင်းတွင် အကျိတ်ထွက်နိုင်သည့် ရောဂါများမှာ အခြေအနေအမျိုးမျိုးဖြင့် အကျိတ်အဖု ထွက်တတ်ပါသည်။

ဥပမာ...

၁။ သိုင်းရွိုက်ဂလင်း ချို့ယွင်းဖောက်ပြန်ခြင်းကြောင့်လည်း အကျိတ်အဖု ထွက်နိုင်ပါသည်။

၂။ ခန္ဓာကိုယ်တွင် အခြားသော ကိုယ်တွင်းအင်္ဂါများမှာ ကင်ဆာဆဲလ်ဖြစ်တည်ပွားများလာပြီးမှ လည်ပင်းမှာ အကျိတ်အဖု ထွက်သည်လည်း ရှိပါသည်။

**ဥပမာ ။ ။ အဆုတ်၊ အစာအိမ်၊ အသည်း စသည့် ကလီစာပိုင်းမှာ ကင်ဆာ ဖြစ်တည်ခဲ့လျှင် တွေ့ရပါသည်။**

၃။ လည်ပင်းတွင် သီးသန့်ကင်ဆာဆဲလ် ပွားများလာပြီး အကျိတ်အဖု ဖြစ်သည်လည်း ရှိတတ်ပါသည်။

၄။ အထက်ပါတို့မှလွဲ၍ လည်ပင်းတစ်ဝိုက်တွင် အဆီကျိတ်ကဲ့သို့ မြင်းဖုသဘောမျိုးလည်း အဆီအိတ်ဖွဲ့ပြီး ဖြစ်တတ်ပါသေးသည်။

သို့ပါသောကြောင့် မည်သည့် အကျိတ်အဖု ဆိုသည်ကို သေ... စစ်ဆေးစမ်းသပ်မှသာ အတိအ... အဖြေထွက်လာနိုင်ပါသည်။

သို့သော် အတိအကျသိရန် စစ်ဆေ... စမ်းမည်ဆိုလျှင် ငွေကုန်ကြေးကျ မ... သည်ကို အကုန်မခံနိုင်ဟု ဆိုထ... သဖြင့် အကောင်းမြင် စိတ်ဓာတ်... မွေးပြီး ကုသ၍ ပျောက်ကင်းစေ... သည့် အကျိတ်အဖုဟုသာ ဝေဒနာ... ၏ စိတ်မှာ စွဲမြဲစွာ မှတ်ယူထား... ယခု တင်ပြပေးလိုက်သည့် အကော... ဆုံး တင်ပြပေးလိုက်သည့် နည်းလ... များကို ယုံကြည်စိတ်ချစွာ ဝေဒနာ... မှ လိုက်နာကျင့်သုံးမည် ဆိုပါ... သင့်အတွက် အကျိုးရှိမည်မှာ အ... ကောန် ဖြစ်ပါသည်ဟု စေတနာထား... ပြောကြားလိုက်ပါသည်။

ဝေဒနာရှင်အတွက် ရှာဖွေရ လွ... ကူပြီး လုပ်ဆောင်ရန် မခက်ခဲသ... နည်းကောင်းများကို တင်ပြပေးလို... ပါသည်။

သို့သော် အလွယ်ရသည်ဟု ဆို... ပေါ့ပေါ့တွေးကာ အထင်မသေး... အထူးလိုအပ်ပါသည်။

[ကားပြင် နားလည်ကျင်ကျင်သ...



www.burmeseclassic.com

www.burmeseclassic.com

ကြောင်းနှစ် ဝပ်ရှော့ဆရာကဲ့သို့ပင် တစ်နေကုန် ဘယ်လိုမှ ပြင်၍ မရသည့် ကားအင်ဂျင်ကို နားလည်ကျွမ်းကျင်သည့် ဆရာက ကားအင်ဂျင်ကို တူနှင့်(၃)ချက် ခေါက်ပေးလိုက်ရုံဖြင့် အင်ဂျင်ကောင်းပြီး ကားစက်နိုးသွားသည့် ဥပမာကဲ့သို့ပင်...

နားလည်ကျွမ်းကျင်လျှင် တူနှင့်ခေါက်ရမည့်နေရာ အတိအကျကို တူ(၃)ချက်ခေါက်ပေးရုံဖြင့် ကိစ္စပြီးသွားသည်ကို အထင်သေးပြီး ဈေးဆစ်တတ်ကြသည့် လူ့သဘာဝက ရှိနေတတ်ကြသည်ကို စာရေးသူမှ သတိပြု၍ ဤသို့မှာရခြင်း ဖြစ်ပါသည်။]

ဤသို့ဖြင့် ဝေဒနာရှင်သို့ တူ(၃)ချက်ပေးလိုက်ပါသည်။

၁။ **ဇီနိကာ + ပျားရည်စစ်စစ် ဆတူရောစပ်ပြီး** တစ်နေ့ကို (၂)ကြိမ် မြင်းကျားစတီးဇွန်းနှင့် တစ်ခါသောက်(၂)ဇွန်း။ ရေနွေးနှင့် သောက်ပါ။ *[သွေးတိုးကျပြီး အကျိတ်မန်း ကြေစေပါသည်။]*

၂။ **နနွင်း + မြက်မုန်ညင်းဥလတ်လတ်ဆတ်+ငရုတ်ကောင်း+ဇာသီးဆံ + ကွမ်းရွက်ခြောက် + တမာရွက်ခြောက်** ယင်းဆေး(၆)မျိုးကို ဆတူစု၍ အမှုန့်ပြုပြီး ကွမ်းရွက်သတ္တုရည်ဖြင့် ဖော်၍ ဆီးကင်းခန့် အလုံးလုံး၍ နေရိပ်မှာ ခြောက်သွေ့အောင်လှန်းပါ။ ပြီးလျှင် နံနက်,ညဆေး(၃)လုံးကို ရေနွေးနှင့်သောက်ပါ။ *[ကင်ဆာမန်းကျိတ်ကို ကြေ၍ ကင်ဆာဆဲလ်ကို မပွားစေရန် အကျိုးပြုပါသည်။]*

၃။ **ရွှေတလေးမြစ် (သို့) ဇီဝကလက်ထောက် အပင်၏ အမြစ် (သို့) အခေါက် ရရာတစ်မျိုးမျိုးကို** အမှုန့်ပြုပြီး တစ်နေ့ ကော်ဖီဇွန်း (၁)ဇွန်း တစ်နေ့(၂)ကြိမ် သောက်ပါ။

သို့မဟုတ် ဇီဝကလက်ထောက်ပင်၏ အခေါက်ကို တစ်ခါပြုတ်လျှင် (၅)ကျပ်သားကို ရေမတ်ခွက်ကြီး (၃)ခွက်ထည့်၍ (၁)ခွက်ကျန် ပြုတ်ပြီး တစ်ခါသောက် လက်ဖက်ရည်ပန်းကန် (၁)လုံး တစ်နေ့ (၂)ကြိမ်သောက်ပါ။

ယင်းဆေးပင် မရပါက **သက်ရင်းကတိုးမြစ်**သွေး၍ တစ်နေ့(၂)ကြိမ် စတီးဇွန်းကြီး(၁)ဇွန်း သောက်ပါ။

***[ဝေဒနာရှင် နေထိုင်သော မြို့ပုံမြို့ ပတ်ဝန်းကျင်တွင် ယင်းဆေးပင်များ အလွယ်တကူ စုံစမ်းရှာဖွေရနိုင်ပါသည်။]***

**[ကင်ဆာဆဲလ် အကျိတ်အဖု အတွက် အကျိုးပြုပါသည်။]**

## လိမ်းဆေး

၁။ **နွံသာဖြူ + ဇာသီး + နနွင်းတက် + ဆေးခန်းအစ်** (၄)မျိုးကို အရက်ဦးရည် ကောင်းကောင်းဖြင့် သွေး၍ အကျိတ်အဖုကို တစ်နေ့ (၃)ကြိမ်လိမ်းပါ။

အထက်ပါ လိမ်းဆေးကို တစ်နေ့ (၃)ကြိမ်စလိမ်းပြီး ကြားအချိန်တွင် **ကွမ်းရွက်ကို မီးကင်ပြီး ယင်းအကျိတ်အဖုပေါ်သို့** တစ်နေ့(၂)ကြိမ် ကပ်ပေးပါ။

## ညသောက်ရန်ဆေး

အပူအပုပ်ကြေဆေး မန်ကျည်းနှစ် (၅)ကျပ်သား၊ ထန်းလျက်(၁၀)ကျပ်သား၊ ချင်းခြောက်မှုန့်(၁)ကျပ်သား၊ ပွေးကိုင်းမှုန့် လတ်လတ်ဆတ်ဆတ် (၅)ကျပ်သား၊ ပျားရည်(၅)ကျပ်သား၊ နှမ်းဆီစစ်စစ် (၅)ကျပ်သား ယင်းဆေး (၆)မျိုးကို လက်ကော်ရအောင်ချက်ပြီး ညအိပ်ရာဝင်ခါနီးတိုင်း မြင်းကျား စတီးဇွန်းကြီး(၁)ဇွန်း ညစဉ် စားပေးပါ။

## ဓာတ်စာ စားရန်

၁။ **ကန်စွန်းရိုးနီ** (လယ်ကန်စွန်း)- **ထန်းလျက်+မန်ကျည်းမှည့်** သင့်ရုံထည့်၍ပြုတ်ပြီး ယင်းပြုတ်ရည်ကို တစ်နေ့(၂)ကြိမ် လက်ဖက်ရည်ပန်းကန်(၁)လုံး သောက်ပေးပါ။

၂။ **သဘော်ရွက် မနုမရင့်ကို** သတ္တုရည်ညှစ်ပြီး တစ်နေ့(၁)ကြိမ် (သို့) (၂)ကြိမ် စတီးဇွန်း(၁)ဇွန်း သောက်ပေးနိုင်ပါသည်။

## ရှောင်ရန် အစာများ

ဝက်သား၊ ဘဲသား၊ ငါးသလောက်၊ ဘဲဥ၊ တွင်းအောင်းသား၊ မီးခြိုက်သား၊ တောကောင်သားများ၊ ပင်လယ်စာ၊ လိပ်သား၊ လိပ်ဥ၊ မျှစ်၊ မှို၊ တညင်းသီး၊ ဆူးပုပ်ရွက်၊ အီကုတ်ပိုး၊ သင်ပေါင်းပိုး၊ ပျားတူကောင်၊ ပဲငါးပိ၊ ပဲပုပ်၊ အုန်းနို့၊ ဒူးရင်းသီး၊ အပူစပ်ပြင်းသည့် အစာများ...

ပုစွန်ချဉ်၊ ငါးချဉ်၊ ဝမ်းချုပ်,လေချုပ်စေသည့် အစားစာများ၊ ကွမ်းစား ဆေးလိပ်သောက် ဆေးငုံ အရက်သောက်ခြင်းတို့ကို လုံးဝ ရှောင်ကြဉ်ပါ။

ကဲ...ဒီလောက်ဆိုလျှင်ဖြင့် ဝေဒနာရှင် ပုဂ္ဂိုလ်အတွက် အဝေးရောက် အကြံပေးချက် ပြည့်စုံပြီဟု ထင်ပါသည်။

စေတနာထား မေတ္တာတရားဖြင့် အကြံပေးချက်အတိုင်း လိုက်နာကျင့်သုံးရန် တာဝန်မှာ သင်၏ တာဝန်သာ ဖြစ်ပါတော့သည်။

**[ဝေဒနာရှင် အမြန်ဆုံး ရောဂါပျောက်ကင်းချမ်းသာ၍ နလုံးစိတ်ဝမ်း အေးချမ်းသာယာပါစေ။]**

**ဦးမင်းဇင်(ရွှေနဝင်း)**



www.burmeseclassic.com

www.burmeseclassic.com





၂၀၁၄ ခုနှစ်၊ မြင်းနှစ်ကာလ

# အရောင်းအဝယ်သွက်လက်စေဖို့

၂၀၁၄ ခုနှစ် သစ်သား(ယန်း)ဓာတ်ဆောင် မြင်းနှစ်တာတစ်လျှောက် အရောင်းအဝယ် သွက်လက် အဆင်ပြေစေဖို့အတွက် မိမိတို့၏ ဆိုင်ရှေ့ မြေပြင် သို့မဟုတ် ကွန်ကရစ်ခင်းပြင်တွင် ( 士 )ဟူသော စာလုံးကို ရေးသားပါ။

မြေဖြူ၊ ခဲတံ စသည်ဖြင့် စာရေးတံတစ်ခုခုကို သုံးနိုင်သည်။ စွဲမြဲစွာ ထင်ကျန်စေသည့် စာရေးတံများ မသုံးပါနှင့်။

အလွယ်တကူ ပျောက်ပျက်စေနိုင်သည့် တစ်ခုခုကို သုံး၍ ရေးပါ။ အပေါ်မှ ကန့်လန့်ဖြတ်မျဉ်းက ပို၍ ရှည်ရပါမည်။ တရုတ်ဘာသာဖြင့် Shì ရှိရ် ဟုခေါ်သော စာလုံးဖြစ်သည်။

( 賣 )Mǎi မိုင်ဟူသော စာလုံးသည် ငွေကြေးပေး၍ ပစ္စည်းယူဆောင်လာခြင်း(ဝယ်ယူခြင်း)အဓိပ္ပာယ်ရှိ၍...

( 買 )Mài မိုက် ဟူသော စာလုံးသည် ပစ္စည်းပေး၍ ငွေကြေးယူဆောင်လာခြင်း (ရောင်းယူခြင်း) အဓိပ္ပာယ်ရှိသည်။

ထို ရောင်းခြင်းနှင့် ဝယ်ခြင်း၌ အပေါ်မှ ( 士 )ရှိရ် စာလုံးသာ ကွာခြားလေသည်။ ထို့ကြောင့် ယင်းစာလုံးကို ဆိုင်ရှေ့မြေပြင်၊ ကွန်ကရစ်ခင်းပြင်တွင် ရေးသားခြင်းဖြစ်သည်။ ရောင်းဝယ်ခြင်းမှာ ပြောင်းလဲတတ်သော အနိစ္စတရားကို အားကိုးရသည်။

ပစ္စည်းတစ်ခုသည် ဆိုင်တွင် နိစ္စမြဲမြဲနေပါက ငွေကြေးအမြတ်အစွန်း မရပါ။ အရောင်းဝယ် ထိုင်းမှိုင်းသည်။

ငွေသေသည်၊ ငွေအိပ်သည်ဟု ညည်းတွားကြ၏။ ထို့ကြောင့် အနိစ္စ ပြောင်းလဲခြင်းသဘောဆောင်၊ မြေဓာတ်ကို ရည်ညွှန်းလျက် မြေပြင် သို့မဟုတ် ကွန်ကရစ်ခင်းပြင်တွင် အနိစ္စ အစိုးမရ ပျက်ပျောက်ရန် လွယ်ကူသော အဆိုပါ စာလုံးကို ရေးရခြင်းဖြစ်သည်။

မြေဓာတ်ဆောင်သော မြေပြင်၊ ကွန်ကရစ်ခင်းပြင်များ မရှိပါကလည်း စိတ်ပျက်စရာ မလိုပါ။ ကျောက်သင်ပုန်းကွဲ၊ အိုးခြမ်းကွဲ၊ အုတ်ကြွပ်အစ၊ တုတ်ခဲအစ တို့သည်လည်း မြေဓာတ်ဆောင်ပါသည်။

ယင်းတို့အပေါ်တွင် ရေး၍ ဆိုင်ရှေ့၌ ချထားပါ။ လူတကာနင်း၍ ပျောက်ပျက်သည်နှင့်အမျှ အရောင်းအဝယ်လည်း သွက်လက်လာပါလိမ့်မည်။

အင်္ဂါနေ့တိုင်း ပြုလုပ်ပေးပါ။ နံနက်ဆိုင်ဖွင့်စဉ် ပြုလုပ်သင့်သည်။

ယခုနှစ်စိုးမိုးရှင် မြင်းပုံရိပ်၏ မူလဂူယှင်းဓာတ်မှာ မီးဓာတ်ဖြစ်သည်။ အင်္ဂါနေ့သည် မီးဂြိုဟ်ရောင်ခြည်[...] ဖြစ်လေရာ မြင်းနှစ်တာတစ်လျှော[...] အရောင်းအဝယ် စည်ကား သွက်[...] ခြင်းကို ဆောင်ကျဉ်းပေးပါလိမ့်မည်[...]

**ယင်းစာလုံးကို လူမျိုး လူသင်း ဖော်သော[...] တပ်မတော်သား၊ ကျောင်းသ[...] ကျောင်းဆရာမ၊ ဆရာဝန်၊ သူနာ[...] ဝန်ထမ်းဆရာမတို့အနက် တစ်ဦးဦး[...] နင်းသွားသည်ကို မြင်တွေ့ရပါက ထို[...] အတွက် လက်မလည်နိုင်သော[...] အရောင်းအဝယ် စည်ကားသော[...] ဝမ်းမြောက်ဖွယ်ဖြစ်ရမည့် နိမိတ်ဖြစ်[...]**

( 士 )Shì ရှိရ် ဟူသော စာ[...] သည် အထက်ပါ ပညာတ်နာမ်အ[...] ကို ညွှန်းဆိုသောကြောင့် ဖြစ်[...] သည်။

ဂုဏ်ငွေထပ်ကာ အကျိုးအ[...] ဖြစ်ထွန်းရ၏။ မြန်မာဝေဒ အယူ[...] အနေဖြင့် "**ဓာတ်တူနံတူ ဆေး[...] ယူ၊ နံတူထပ်၍ အသေရ**"ဟု သ[...] ကြပေသည်။

***မြင်းနှစ်တာတစ်လျှောက် အရော[...] အဝယ် သွက်လက်၍ ကျက်သရေ[...] ပြည့်ဝကြပါစေ...***

**ဟူဂျင်းဗီ**



www.burmeseclassic.com

www.burmeseclassic.com

# မွေးရပ်မြေသို့

ပြန့်ရောက်ဖို





**အောင်နန္ဒမ် (ကျိုက်လတ်)**

တစ်ခုသော ဥပုသ်နေ့တစ်နေ့တွင် ကျွန်ုပ်သည် (ဆရာ၏အိမ်၌)ဆရာနှင့် အတူ စကားလက်ဆုံကျလျက် ရှိနေပါသည်။ ကျွန်ုပ်တို့ ဆရာတပည့်နှစ်ဦး ပြောဆိုနေကြသော စကားများမှာ ဘာသာရေးနှင့် ဗေဒင်ပညာရပ်ဆိုင်ရာ အကြောင်းအရာများပင် ဖြစ်ပါသည်။

ထိုအခိုက် အိမ်တံခါးဝမှ ''ဆရာ'' ဟုခေါ်သံကြား၍ နှစ်ဦးသားလှည့်ကြည့် လိုက်ရာ အင်္ကျီအဖြူ ကော်လံကတုံး ပုဆိုးတို့နှင့် အသက်(၅၀)ကျော် အရပ် ရှည် လူကြီးတစ်ဦး ဝင်လာသည်ကို တွေ့လိုက်ရပါသည်။

ဧည့်သည်လာပြီ ဖြစ်သောကြောင့် ကျွန်ုပ်သည် ဧည့်သည်အား နေရာထိုင် ခင်းပေးကာ ဘေးဘက်တစ်နေရာတွင် ဝင်ထိုင်လိုက်ပါသည်။

'ဆရာ နေကောင်းတယ်နော်'

'ဩော်...အေး... နေကောင်းပါ တယ်ကွာ။ စံတင်ရေ မင်း ကျိုက်လတ် ကို ပြန်ရောက်လာပြီဆို'

'ဟုတ်တယ်ဆရာရဲ့။ အဲဒါ ကျေးဇူး တင်လွန်းလို့ ဆရာ့ကို ကျိုင်းတုံပြန် လက်ဆောင်တွေ လာပေးတာပါ'

ပြောပြောဆိုဆို ထိုလူကြီးသည် ဆရာ့လက်ထဲသို့ အထုပ်တစ်ထုပ်ကို ရိုသေစွာ လှမ်းပေးလိုက်ရာ ဆရာ က...

'ဟာကွာ မလိုပါဘူးကွာ။ မင်းအမေ အတွက်သာ ပြန်ယူသွားစမ်းပါ'

'မဟုတ်ဘူးဆရာရဲ့ အမေ့အတွက် လည်း သက်သက်ပါပါတယ်။ ဒါက ဆရာ့ အတွက်ပါ။ ဆရာ့အတွက် ရည်ရွယ် ပြီး ဝယ်လာတာပါ။ လက်ခံပါ ဆရာ'

ဦးစံတင်အမည်ရှိသော ထိုလူကြီး သည် ပါလာသော အထုပ်အား ဘေး ဘက်ရှိ ခုံတစ်ခုံပေါ်သို့ လှမ်းတင်ထား လိုက်၏။

'ဟိုမှာက နေရေးထိုင်ရေးရော၊ စားရေးသောက်ရေးရော အားလုံး အဆင်ပြေပါတယ် ဆရာ။ ဒါပေမယ့် ဆရာရယ် ဒီမှာကျန်ခဲ့တဲ့ အမေအိုကြီး နဲ့ ညီမကို ဘယ်လိုမှ စိတ်မချနိုင်ဘူး ဖြစ်နေတယ်။ စိတ်က ကျိုက်လတ်မှာ ပဲ ရောက်ရောက်နေတယ်။ ဒါကြောင့် အလုပ်ထဲမှာလဲ သိပ်စိတ်မပါတော့ ဘူး။ ဟိုမှာ နေနေရတာက မပျော်ပိုက် တော့ဘူး။

အဲဒါနဲ့ ညီမကို ဖုန်းလှမ်းဆက်လိုက် တယ်။ ဆရာ့ဆီကိုသွား၊ ငါ ကျိုက်လတ် ကို အမြန်ဆုံး ပြန်ရောက်ချင်တယ်။ ပြန်ပြောင်းချင်တယ်။ အဲဒါ ဆရာ့ဆီက ယတြာအစီအရင်သွားမေး ပြီးရင် ငါ့ကို ဖုန်းပြန်ဆက်ဆိုပြီး မှာလိုက်တာ။

အဲဒါနဲ့ ဆရာညွှန်ကြားလိုက်တဲ့ အတိုင်း ကျွန်တော် ဂါထာကို နေ့တိုင်း သက်စေ့ရွတ်ပါတယ်။ ရွတ်ပြီးတိုင်းလဲ ဆရာမှာလိုက်တဲ့အတိုင်း ကိုယ်ရွတ် ဖတ်ခဲ့တဲ့ ကုသိုလ်ကို တိုင်တည်သစ္စာ ဆိုပြီး ကျိုက်လတ်ကို ပြန်ရောက်ဖို့ကို နေ့တိုင်း ဆုတောင်းခဲ့ပါတယ် ဆရာ။

အဲဒါ ဆရာရယ် တစ်လကျော်ကျော် လောက်လဲရွတ်ပြီးရော ကျွန်တော် ရုံး ချုပ်က လူတစ်ဦးနဲ့ မထင်မှတ်ဘဲ အဆက်အသွယ်ရခဲ့တယ်။ သူနဲ့တိုင်ပင် ပြီး သူ့ရဲ့အကူအညီကို ရယူပြီး သက် ဆိုင်ရာအထက်ကို ဝင်တွေ့ပါတယ်။

ဗမာကျားသား တစ်ဦးတစ်ယောက် မှမရှိဘဲ မိခင် အိုကြီးအိုမနဲ့ ညီမ ငယ်လေးနဲ့ခွဲပြီး နေ့နေရတဲ့အကြောင်း အခြေအနေအမှန်ကို ဖွင့်ပြောပြီး





www.burmeseclassic.com

www.burmeseclassic.com

အကူအညီတောင်းခံ အသနားခံ ဝင်တွေ့ခဲ့ပါတယ်။

အဲဒါနဲ့ပဲ သိပ်မကြာပါဘူး။ကျွန်တော် ဒီကျိုက်လတ်ကရုံးကို လက်ရှိ ရာထူးနဲ့ပဲ ပြန်ရောက်လာခဲ့တာ ဆရာရေ။ ဒီပြင်ဆိုရင် စည်းမျဉ်းစည်းကမ်းအရ နှစ်နဲ့ချီပြီး နေ့နေ့ရှည်းမှာ။

အခုပေးလိုက်တဲ့ ဆရာရဲ့ ဂါထာ တန်ခိုးကြောင့် ရုံးချုပ်က မိတ်ဆွေ တစ်ဦးနဲ့ အဆက်အသွယ်ကောင်းရခဲ့တယ်။ အဲဒီ အဆက်အသွယ်ကောင်း ကြောင့်ပဲ သူ့ရဲ့ အကူအညီကြောင့်ပဲ ကျွန်တော် အခုလိုတစ်ဆင့်ပြီးတစ်ဆင့် တစ်ဆင့်ပြီးတစ်ဆင့် အဆင်ပြေသွားတာပါဆရာ'

'အေးပေါ့ကွာ ဘယ်လိုပဲ အဆင်ပြေပြေ ပြန်ရောက်လာရင် ပြီးတာပါပဲ။ ဒီဂါထာက အခုလို **တစ်ရပ်တစ်ကျေးရောက်နေတာတွေ၊ နိုင်ငံရပ်ခြားရောက်နေပြီး အကြောင်းအမျိုးမျိုးကြောင့် အမိမွေးရပ်မြေကို ပြန်လာချင်တဲ့ သူတွေအတွက် အလွန်** အစွမ်းထက်တာပေါ့ကွာ။

နေ့တိုင်း အနည်းဆုံး သက်စေ့ ရွတ်ရတယ်။ တစ်နေ့(၁၀၈)ခေါက် ရွတ်နိုင်ရင် ပိုကောင်းတာပေါ့။ ကိုယ့်မြေကို မြန်မြန်ပြန်ရောက်လာတာပေါ့။ ယုံယုံကြည်ကြည်နဲ့ အလေးအနက်ထားပြီးလုပ်ဖို့တော့လိုတယ်။ ဒါတင် ဘယ်ကဦးမလဲ **ဒီဂါထာက ဘေးအန္တရာယ်အလွန်ကင်းတဲ့ ဂါထာကွ၊ မင်းဘေး၊ သူခိုးဘေး၊ ရေဘေး၊ မီးဘေး၊ လက်နက်ဘေး အစရှိတဲ့ ဘေးအန္တရာယ်အပေါင်းမှ ကင်းငြိမ်းလွတ်ကင်းစေတယ်။**

မြန်မာသက္ကရာဇ် ၁၁၈၅–၈၆ခုနှစ် အတွင်းမှာ နယ်ချဲ့အင်္ဂလိပ်တွေဟာ မြန်မာနိုင်ငံကနေ ကြေးဆင်းတုတော်



အမြောက်အမြား သယ်ယူသွားပြီး ကြေးရည် သွန်းလောင်းကြရာမှာ ပြည်တော်ပြန်ဘုရားတစ်ဆူပဲ အရည်မပျော်နိုင်ဘဲ မြန်မာပြည်ကို ပြန်ရောက်ခဲ့ ပြန်ကြွလာခဲ့တယ်။

သူတို့တွေဟာ ပြည်တော်ပြန်ဘုရားကြီးကို ဖြိုဖျက်ခြင်းငှာ မစွမ်းနိုင်ခဲ့ကြဘူး။ ဒါကြောင့် ဒီပြည်တော်ပြန် စမ္ဗုဒ္ဓေဂါထာကို ရွတ်တဲ့သူတွေဟာ **တစ်ပါးသူတို့ရဲ့ ဖျက်ဆီးမှုလုပ်ရပ်တွေ၊ ပျက်စီးရာပျက်စီးကြောင်း ကြံစည်၊ ပြောဆို၊ လုပ်ကိုင် ဆောင်ရွက်မှုတွေကနေ လွတ်မြောက်စေတယ်။ ဘေးကင်း၊ ရန်ကင်း၊ အန္တရာယ်ကင်းစေတယ်ပေါ့ကွာ'**

'ဟုတ်ကဲ့ပါ ဆရာ။ ဒီဂါထာကို တော်တော် သဘောကျသွားလို့ ကျွန်တော် ယုံယုံကြည်ကြည်နဲ့ ဆက်ပြီး တစ်သက်လုံး ရွတ်သွားတော့မှာပါ ဆရာ'

ထို့နောက် ဆရာသည် ထိုလူကြီးနှင့်အတူ စကားစမြည် ပြောဆိုနေရာ အချိန်အတန်ကြာသောအခါ ထိုဝန်ထမ်းအရာရှိလူကြီးသည် ဆရာ့ကို နှုတ်ဆက်ကာ ပြန်သွားပြီး၊ ကျွန်ုပ်လည်း အချိန်နှင့်လင့်နေပြီဖြစ်သော ... ဆရာ့အား နှုတ်ဆက်ကာ ... ပြန်လာခဲ့ပါတော့သည်။

## ပြည်တော်ပြန်ဘုရား

## စမ္ဗုဒ္ဓေဂါထာတော်

ဣတိပိ ပိဋကတ္တယံ၊ အနိစ္စံ၊ ဒုက္ခံ ...
သတ္တဗောဇ္ဈင်္ဂေ၊ အဋ္ဌင်္ဂိကော မဂ္ဂေ ...
ပဋ္ဌာနံ၊ သဗ္ဗသေ ဣန္ဒြေ၊ သ ...
သုရိယော၊ ပြောင်း နမော ...
ရာဇဘယံ၊ စောရဘယံ၊ ဥဒကဘ ...
ဘယံ၊ သတ္တုဘယံ၊ သဗ္ဗဘယံ၊ ...
ဇယတု မင်္ဂလံ၊ အနိစ္စ သန္တံ၊ ပဋိစ္စ ...
ခယဓမ္မံ ဝယဓမ္မံ၊ ဝိရာဂဓမ္မံ၊ နိ ...
ခမတိ။ (မှုအ...

အနက်

**ဣတိပိ–ဣမိနာ စ ကာရ**... အကြွင်းအကျန်မရှိ ဟုတ်တိုင်းမှန် ... သိတော်မူတတ် ဤသို့သော ... သကတ်ကြောင့်လည်း။ **ပိဋကတ္တ**... ပိဋကသုံးပုံသည်။ **ဗုဒ္ဓေ၊** ဗုဒ္ဓဂု... သုံးဘုံမကြွင်း ကျော်ကြားခြင်း ရှိ... မူပါပေ၏။

**အနိစ္စံ၊** ဖြစ်ပေါ်သမျှ မမြဲကြ... အနိစ္စတရားကို ထင်ရှားအောင် ... တော်မူပေ၏။ **ဒုက္ခံ၊** ချမ်းသာမ... ဒုက္ခသာ ဟုတ်သည်ဟု သဘော... အောင် ဟောပြတော်မူပါပေ၏...

**အနတ္တံ၊** အတ္တမှောင်ရှုပ်ကို ... ခွင်းပြီး အနတ္တအလင်း အရှင်းတ... ထင်လင်းအောင် ဟောတော်မူပါ...

**သတ္တဗောဇ္ဈင်ဂေ၊** ခုနစ်ပါး... ဗောဓိအင်ကို ထင်လင်းထု... ဟောတော်မူပါပေ၏။ **အဋ္ဌင်္ဂိ**... သမာဒိဋ္ဌိ စသည်ရှစ်ဖြာ အင်္ဂါရှိ... **မဂ္ဂေ၊** နိဗ္ဗာန်ရောက်ကြောင်း ... ကောင်းကိုလည်း ဟောတော်... ၏။





www.burmeseclassic.com

www.burmeseclassic.com

**စဇာပမာနံ၊** သမ္မပ္ပဓာန် လေးပါး မြတ်တရားကို ထင်ရှားအောင် ဟော တော်မူပါပေ၏။ **သဗ္ဗသသ၊** ကြွင်းမဲ့ သုံး အလုံးစုံသော လောကကို။ **ဘုနွှော၊** သဗ္ဗညုတန်ခိုးဖြင့် အစိုးရ တော်မူပါပေ၏။ **သဟာသသဒ္ဒရိယော၊** မင်းတဆောင်မက ဆောင်သော ရောင်လည်း ရှိတော်မူပါပေ၏။ **မေတ္တာနံ၊** မေတ္တာတော်ဘုရင် ဘုရား ရှင်တို့အား။ **နမော၊** ဂုဏ်တော်အတန် တန်ကို ယုံကြည်မှန် သဒ္ဒါတိုး၍ ရှိခိုး ပါ၏ ဘုရား။

**ဩြောင်း။** အလုံးစုံ တောင်းဆိုသမျှ ပြည့်ဝ အောင်မြင်ပါစေသတည်း။ **ဘာဘယံ၊** မင်းကြောင့်ဖြစ်တတ် သောအရပ်ရပ်ကို လည်းကောင်း။ **စောရဘယံ၊** သူခိုးကြောင့်ဖြစ်တတ် သောအရပ်ရပ်ကို လည်းကောင်း။ **ဥဒကဘယံ၊** ရေကြောင့်ဖြစ်တတ် သောအရပ်ရပ်ကို လည်းကောင်း။ **အဂ္ဂိဘယံ၊** မီးကြောင့်ဖြစ်တတ် သော အရပ်ရပ်ကို လည်းကောင်း။ **သတ္တ ဘယံ၊** လက်နက်ကြောင့် ဖြစ်တတ် သောအရပ်ရပ်ကို လည်းကောင်း။ **အယျော၊** ကိုယ်သို့မရောက် အလွယ် ပျောက်ကင်းပြီး အောင်မြင်ခြင်း သည်ဖြစ်၍။ **ဇယတု၊** သုခကြည်လင် အောင်မြင်ပါစေသတည်း။

**မင်္ဂလံ၊** မကောင်းမှုကို ပယ်ခွင်းပြီး ကောင်းခြင်းစုံစွာ မင်္ဂလာအပေါင်း သည်။ **ဟောတု၊** မုချယုံကြည် ဖြစ်ပါ စေသတည်း။ **အနိစ္စံ၊** ဘုရားဟောအပ် အနိစ္စမှန်ငြား မြတ်တရားကို လည်း ကောင်း။ **သခ်တံ၊** ကံ,စိတ်,ဥတုဟာ ကြောင်းလေးဖြာသည် ပေါင်းကာပြုပြင် အပ်တတရားကို လည်းကောင်း။ **ပဋိစ္စ သမုပ္ပန္နံ၊** အကြောင်းကြောင့် အကျိုး ဖြစ် အစစ်မှန်ငြား ပဋိစ္စသမုပ္ပါဒ် တရား ကို လည်းကောင်း။ **ခယဓမ္မံ၊** ကုန်ခန်း ပျက်ရသော ခယဓမ္မကို လည်းကောင်း။ **ဝယဓမ္မံ၊** ဆုတ်ယုတ်ပြုန်း ပျက်စီးရ သော ဝယဓမ္မကို လည်းကောင်း။ **ဝိရာဂဓမ္မံ၊** ကင်းကွာမှန်လှ ဝိရာဂဓမ္မ ကို လည်းကောင်း။ **နိရောဓဓမ္မံ၊** ဥပါဒ်ပြီးလျှင် ဘင်ခဏ၌ ချုပ်ရမှန်ငြား နိရောဓတရားကို လည်းကောင်း။ **ခမတိ–ခမတု၊** အမှန်ယုံကြည် နှစ်သက်ကြပါစေသတည်း။

အိမ်မှ စိတ်ဆိုး၍ လည်းကောင်း၊ အကြောင်းအမျိုးမျိုးကြောင့် လည်း ကောင်း ထွက်သွားကြသော ဖနီး မယား၊ လင်ယောကျ်ား၊ သမီး,သား၊ တူ,တူမများနှင့် ညီအစ်ကိုမောင်နှမ လက်အောက်အမှုထမ်း အလုပ်သမား စသည်တို့ကို ယင်းတို့၏ အကျီကို ပေါင်ပေါ်တင်၍လည်းကောင်း၊ ပန်းပေါ် တင်၍ လည်းကောင်း ဂါထာကို ရွတ် ဖတ်ပေးပါ။

အကြွေးများ ရစရာရှိသော ကြွေးရှင် တို့သည်လည်း ဤဂါထာကို နေ့စဉ် (၁၀၈)ခေါက် ရွတ်ဖတ်ပေးပါ။ မည် သည့် အကြောင်းကိစ္စ တစ်စုံတစ်ရာမှ မရှိပါလည်း နံနက် (၉)ခေါက်၊ ည (၉)ခေါက် နေ့စဉ်ပုံမှန် ရွတ်ဖတ်ပူဇော် ပေးသွားပါက အန္တရာယ်ကင်း ရန်စွယ် ရှင်းလျက် ကောင်းခြင်းမင်္ဂလာ အဖြာ ဖြာတို့နှင့် ပြည့်စုံပြည့်ဝစေမည် ဖြစ်ပါ သည်။

***ဘဝ အစစ လှကြပါစေ။***

**အောင်နန္ဒစံ**
***(ကျိုက်လတ်)***

---

**စာမျက်နှာ (၂၀၄)မှ အဆက်**

တစ်ဖန် **ကံ့ကော်ညွှန့်သည်** ငွေ ကြေးကို ကိုယ်စားပြုထားသလို **ကံ့ကော်စေရန်** နိမိတ်ဆောင်ခြင်း လည်း ဖြစ်ပါတယ်။ ပြီးမှ ဘုရားရှင်တို့ ရည်မှန်းထားသည့် လာဘ်လာဘကို မည်သည့်မျှ နှောင့်ယှက်ခြင်းငှာ မပြု နိုင်ကြောင်း သစ္စာဆိုထားခြင်း ဖြစ်ပါ တယ်။ ကြည့်ပါ။

ငွေ ကြေး = ၂၂
↓ ↓
ကြာ ခံ = ၂၂(ဓာတ်တူနံတူ)
↓ ↓
ကံ့ ကော် = ၂၂

ပုတီးစိပ်ရမည့်ဂါထာ

ဗုဒ္ဓိနံ ဥဒ္ဒိသသ အဘိဟရာနံ စတုန္နံ ပစ္စယာနံ နသက္ကာ ကောနုစိ အန္တရာယော ကာတုံ တထာ မေ ဟောတု။

ခက်ခဲသောပါဠိအသံထွက်

| | |
|---|---|
| **ဗုဒ္ဓါနံ** | = ဗုဒ်ဓါနံ |
| **ဥဒ္ဒိသသ** | = အုတ်ဒိတ်သ |
| **အဘိဟရာနံ** | = အဘိဟတာနံ |
| **ပစ္စယာနံ** | = ပစ်စယာနံ |
| **နသက္ကာ** | = နသက်ကာ |
| **အန္တရာယော** | = အန်တရာယော |

**အနက်**

**ဗုဒ္ဓါနံ၊** ဗုဒ္ဓဘုရားရှင်ကို။ **ဥဒ္ဒိသသ၊** ရည်မှန်း၍။ **အဘိဟရာနံ၊** ယူဆောင် လှူကုန်သော။ **စတုန္နံပစ္စယာနံ၊** လေးပါးသော ပစ္စည်းတို့အား။ **ကောနုစိ၊** တစ်စုံတစ်ယောက်သော သူသည်။ **အန္တရာယော၊** အန္တရာယ်ကို။ **ကာတုံ၊** ပြုခြင်းငှာ။ **နသက္ကာ၊** မတတ်နိုင်။ **တထာ၊** ထို့အတူ။ **မေ၊** အကျွန်ုပ်အား။ **ဟောတု၊** ဖြစ်ပါစေသတည်း။

***အေးမြရှင်မှာ ရှိပါစေ။***

**သန်းခေါင်(ပညာရေး)**



www.burmeseclassic.com

www.burmeseclassic.com

# ငွေကြေး ရလွယ်အော



◆ ကြာခံ ဗုဒ္ဓရုပ်ပွားတော်

လောကကြီးဝယ် လူရယ်လို့ ဖြစ်လာတဲ့အခါ ဖြစ်ချင်တဲ့ဆန္ဒ တော်တော်များကို သူက စိတ်တိုင်းကျ ဖန်တီးပေးနိုင်တယ် မဟုတ်လား။ သူကတော့ ငွေပါပဲ။ ဒါကြောင့်လဲ ဒုတိယဘုရားသခင်လို့ ဆိုထားကြခြင်းပါပဲ။ ဒီတော့လဲ ငွေကြေးရလွယ်ဖို့ကလဲ အဓိကလိုအပ်ချက်သဖွယ် ဖြစ်လာခဲ့ရပါတယ်။

ဒါကြောင့် ငွေကြေးရလွယ်မယ့် အစီအရင်တစ်ခုကို အာစရိယဝါဒအရ တင်ပြပေးမှာ ဖြစ်ပါတယ်။ ငွေကြေးအခက်အခဲ အကျပ်အတည်း ကြုံတွေ့တဲ့အခါ (၇)ရက်သားသမီးများအားလုံးသည် ကြာခံဘုရားရုပ်ပွားတော်ရဲ့ ရှေ့မှောက်မှာ ပူဇော်ဂါရဝပြုရမှာ ဖြစ်ပါတယ်။

ဦးစွာပထမ ကြာခံဗုဒ္ဓရုပ်ပွားတော်ရှေ့တွင် ဂါရဝဖြစ်သော ထိုင်နည်းဖြင့် ထိုင်ပြီးလျှင် ရှိခိုးကန်တော့ပါ။ ပါဠိ

သန်းခေါင် (ပညာရေး)

တစ်ခေါက်၊ အနက် တစ်ခေါက် ရှိခိုးရမယ်။ ရှိခိုးရမယ့် ဂါထာကတော့...

သရဏာဂ်ရာ နေ့ာမာစ၊
အတ္တဒသီစ ဝေသဘူ။
စန္ဒဝါရေ အဘိဇာတာ၊ တေ
နမယသာမိ သာဒရုံ။
နဝေနာနေန ကမ္မေန၊
ပေါရာဏာကံ ဝိနဿန္တု။
စတုန္နံ ဗုဒ္ဓတေဇေန၊ သဒါ
သုခီ ဘဝန္တုမေ။

ခက်ခဲသောပါဠိအသံထွက်

| | | |
|---|---|---|
| **အတ္တဒသီစ** | = | အတ်ထဒတ်သီစ |
| **ဝေသဘူ** | = | ဝစ်သဘူ |
| **စန္ဒဝါရေ** | = | စန်ဒဝါရေ |
| **တေနမသာမိ** | = | တေနမတ်သာမိ |
| **ကမ္မေန** | = | ကမ်မေန |
| **ဝိနဿန္တု** | = | ဝိနတ်သန်တု |
| **စတုန္နံ** | = | စတုန်နံ |
| **ဗုဒ္ဓ** | = | ဗုတ်ဓ |
| **ဘဝန္တုမေ** | = | ဘဝန်တုမေ |

**အနက်အဓိပ္ပါယ်**

**သရဏာဂ်ရာ၊** သရဏာဂ်ရာ မြတ်စွာဘုရားသည် လည်းကောင်း။ **အနော်မာစ၊** အနော်မဒဿီမြတ်စွာဘုရားသည် လည်းကောင်း။ **အတ္တဒသီစ၊** အတ္တဒဿီမြတ်စွာဘုရားသည် လည်းကောင်း။ **ဝေသဘူ၊** ဝေဿဘူမြတ်စွာဘုရားသည် လည်းကောင်း။ **စန္ဒဝါရေ၊** တနင်္လာနေ့၌၊ **အဘိဇာတာ၊** ဖွားမြင်တော်မူကြ

**တေ၊** ထိုတနင်္လာနေ့ဖွား လေးဆူတို့ကို။ **အဟံ၊** တပည့် သည်။ **သာဒရုံ၊** ရိုသေစွာ။ **နမ** ရှိခိုးပါ၏။ **နဝေနာနေနကမ္မေ** အသစ်ဖြစ်သော ဤရှိခိုးမှု ကုသို စေတနာကြောင့်။ **ပေါရာဏာကံ** ဘဝက ဖြစ်ခဲ့ ပြုခဲ့ဖူးသော အ ကံကြွင်းကံစ ဟူသမျှသည်။ **ဝိန** တစ်စမကြွင်း ကင်းရှင်း ပျောက် စေသတည်း။

**စတုန္နံ ဗုဒ္ဓတေဇေန၊** တန ဖွား ဘုရားလေးဆူတို့၏ တန်ခိုး အာနုဘော်တော်ကြောင့်။ အကျွန်ုပ်အား။ **သဒါ၊** အခါ **သုခီ၊** ကိုယ်စိတ်နှစ်ဖြာ ချမ်းသ သည်။ **ဘဝန္တု၊** ဖြစ်ပါစေကုန်သ

ပြီးလျှင် ကံ့ကော်ညွန့် (၁၅) သက်တော်ထင်ရှား မြတ်ဘ အာရုံထားပြီး လှူဒါန်းပါ။

ကံ့ကော်သား(၉)လုံး ပုတီး ဖော်ပြမယ့် ဂါထာကို ပုတီး(၁၅) ပါ။ ပြီးရင် မေတ္တာပို့ အမျှဝေ

ခိုစာကျွေးခြင်း၊ ငါးစာကျွေး ကိုလည်း ဆောင်ရွက်ပါ။ ပိ သော ငွေကြေးများ ပွင့်လန်းက ချမ်းသာပါလိမ့်မယ်။

ဤအစီအရင်တွင် တနင် ငွေနံဖြစ်သဖြင့် ပိတ်ဆို့နေ ငွေကြေးများ ပွင့်လန်းလာ အတွက် တနင်္လာနေ့ဖွား ဘုရ ဆူကို ဦးစွာ ကန်တော့ရ ဖြစ်ပါတယ်။





www.burmeseclassic.com


www.burmeseclassic.com

# လက္ခဏာ ပဟေဠိ

### အဖြေညှိကြစို့

သရာကြီးဦးအောင်မြင်
(ဥပဒေတွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

ဘယ်




ဤဆောင်းပါးနှင့် အတူဖော်ပြပေးလိုက်သော ဘယ်လက်ဖဝါးပုံစံ ပိုင်ရှင်မှာ အသက် လေးဆယ်ကျော် အမျိုးသမီးတစ်ဦး ဖြစ်ပါသည်။ လက်ဖဝါးပြင်နှင့် လက်ချောင်းများကိုပါ သေချာစွာ ကြည့်ရှုလေ့လာ စစ်ဆေးပြီးမှ အောက်ပါမေးခွန်းများကို ဖြေကြည့်ပါ။

၁။ ဘဝမှာ နာမည်ဂုဏ်သတင်း ထင်ရှား ကျော်ကြားနိုင်သလား။

၂။ အလှူအတန်းကြီးများ ပေးရတဲ့ကံ ရှိလား။

၃။ ပညာသင်ကြားတဲ့ ဆရာမအလုပ်၊ ပညာရေးဆိုင်ရာ အလုပ်မျိုးနဲ့ အကျိုးပေး အောင်မြင်နိုင်သလား။

၄။ ကိုယ်ပိုင်အိမ်ခြံမြေ ကျယ်ကျယ်ဝန်းဝန်းနဲ့ နေနိုင်မှာလား။

မိမိတို့၏ အဖြေများကို သီးခြား စာရွက်လွတ်တွင် ရေးမှတ်ပြီးမှ ပဟေဠိ အဖြေများနှင့် တိုက်ဆိုင်ကြည့်ပါက လက္ခဏာပညာသုတ ပိုမိုတိုးပွားရရှိ ကြပါလိမ့်မည်။

ပဟေဠိ အဖြေများကို
စာမျက်နှာ(၂၀၇)တွင် ကြည့်ရှုပါရန်။



www.burmeseclassic.com

www.burmeseclassic.com

လိုရာသုံး

# ဗောဓိပက္ခိယအင်း

ရသဂမ္ဘီရ ကျော်ဝင်းအောင်
(မြည်-ဆည်မြောင်း)

ယခု စာရေးသူ တင်ပြသော ဗောဓိပက္ခိယအင်းမှာ ထွက်ရပ်ပေါက် သိဒ္ဓိရှင် မဟိဒ္ဓိရှင် ဝိဇ္ဇာများ စီရင်အသုံးပြုခဲ့သော ရှေးဟောင်းအင်း အမျိုးအစားပါ။ စာရေးသူဟာ ဂမ္ဘီရပညာဆိုင်ရာကို စိတ်ပါဝင်စားသောကြောင့် ဘိုးဘွားလူကြီးများရဲ့ လက်ဖက်ရည်ကြမ်းဝိုင်းမှ ပြောဆိုချက်များကို ရှိသေစွာ ခွင့်တောင်းကူးယူ မှတ်တမ်းပြုထား၍သော ယခုလို တင်ပြရခြင်း ဖြစ်ပါတယ်။

ဗောဓိပက္ခိယအင်းကို စနစ်တကျ အသုံးပြုတတ်ရင် ဆရာတစ်ဆူလုပ်လို့ရကြောင်း သိရပါတယ်။ ထိုဗောဓိပက္ခိယအင်းဟာ စွယ်စုံအသုံးပြု၍ ရသောကြောင့် လိုတရအင်းပုံစံလို့ ခေါ်ရလောက်တဲ့အင်း ဖြစ်ပါတယ်။

ဒါပေမယ့် စီရင်သူဟာ သီလ၊ သမာဓိ ကိုယ်ကျင့်တရား မပြည့်စုံဘဲနဲ့တော့ စီရင်လို့ မရဘူးဆိုတာ ပြောပါရစေ။ အထက်က အချက်တွေနဲ့ ပြည့်စုံရင် မည်သူမဆို စီရင်အသုံးပြုနိုင်ပါတယ်။ ထိုအင်းကို စီရင်အသုံးပြုတော့မယ်ဆိုရင် ဘုရားဆောင်ရှေ့မှာ စီရင်ရပါမယ်။ ဒါကြောင့် အောက်က အချက်အလက်တွေကိုလဲ ဆောင်ရွက်ရမှာဖြစ်ပါတယ်။

၁။ ဘုရားပန်းအသစ် ကပ်လှူပူဇော်ခြင်း။
၂။ ဆီမီး၊ ရေချမ်း၊ အမွှေးတိုင် ထွန်းလှူပူဇော်ခြင်း။
၃။ ဘုရားရဟန္တာ သံဃာတော်များ အမှူးထားပြီး ဝိဇ္ဇာများကို ရှိခိုးကန်တော့ခြင်း။
၄။ ငါးပါးသီလ ခံယူဆောက်တည်ခြင်း။
၅။ မိမိနှစ်သက်သော ပုံစံဖြင့် စိတ်တည်ကြည်ရန် ဂုဏ်တော်ပွားများခြင်း။
၆။ မေတ္တာဘာဝနာကို နာရီဝက်မျှ ပွားများခြင်း။


စတာတွေပဲ ဖြစ်ပါတယ်။ ထိုကိစ္စတွေ မပြုလုပ်ခင် မိမိခန္ဓာကိုယ်ကို ရေချိုးသန့်စင်ခြင်း ပြုလုပ်ရပါမယ်။ လျှော်ဖွပ်ပြီးသား သန့်ရှင်းစင်ကြယ်သော အဝတ်ကို ဝတ်ရပါမယ်။ အင်္ကျီကို အဖြူရောင် ဝတ်ရမယ်လို့ ဆိုပါတယ်။

အင်းစီရင်တဲ့အခါ အင်းကျိုး၊ အင်းကန်း၊ အင်းစောင်း၊ အင်းရွဲ့ခြင်း၊ အင်းပေါက်ခြင်း မရှိစေရန်အတွက် ယခင်က အင်းအကြောင်းများ ဖော်ပြထားသော နက္ခတ္တရောင်ခြည်မဂ္ဂဇင်းအဟောင်းတွေမှာ ရှာဖွေကြည့်ပါ။ ဗောဓိပက္ခိယအင်းဟာ ကိုးကွက်အင်းပါ။ အသုံးလဲ အရမ်းကျယ်ဝန်းပါတယ်။ အင်းပုံစံကတော့...



ဆင်နတ်ပုဏ္ဏားက အစိမ်း မြေဘီ... စုန်းပင်းမြေပင်း သူရဲပင်းကို ဆေး... ထားသူတို့ မတွေ့ကြုံနိုင်ခြင်း၊ တွေ့... ပါက ရေစိမ်သောက်က ပျောက်... ပါတယ်။

ပယောဂနဲ့တွေ့ရင် လက်ဝဲ... လက်တွင်း ဟသ်ပဒါးနဲ့ ကွမ်း... တို့ကာ အင်းချပြီး နှာခေါင်း၊ ဦးခေါ...




ပုံစံ-၁ အင်းဆန့်သွင်းပုံနံပါတ်စဉ် အင်းဆန့်သွင်းပုံ

အင်းပုံစံကတော့ အထက်ပါအတိုင်းပါ။ အင်းကို အင်းဂဏန်းပုံစံနဲ့ ဖြည့်သွင်းထားတာပါ။ အလယ်ကွက်နံ့က မိမိလိုရာ ရေးသွင်းနိုင်ပါတယ်။

အင်းရဲ့ အကျိုးသွားကတော့ သူပြုနတ်ပြု စုန်းတိုက်ဖုတ်တိုက် ဖော်ဂနီတိုက်တို့အပြင် အပရန် မြွေကျားနွား တို့ကို သပ်ချပါလေ။ ကျန်းမာချမ်းသာ... ပါ၏လို့ ဆိုပါတယ်။

ဓမ္မစေတီမင်း လက်ထက်က... စီရင်သုံးစွဲတယ်လို့ မှတ်သားသိရှိ... တယ်။ ထိုအတူ ဗောဓိပက္ခိယအင်း... ရဲ့ အဓိပ္ပာယ်ကို စာဖတ်သူများ သိ... ရန် ဖော်ပြပေးလိုက်ပါတယ်။

www.burmeseclassic.com

| | | |
|---|---|---|
| ၁။ စတ္တုတ္တာရောသတိပဋ္ဌာနာတိဋ္ဌတု | ၄ | [သတိပဋ္ဌာန် (၄)ပါး] |
| ၂။ စတ္တုတ္တာရောသမ္မပဋ္ဌာနာတိဋ္ဌတု | ၄ | [သမ္မပဋ္ဌာန် (၄)ပါး] |
| ၃။ စတ္တုတ္တာရောဣဒ္ဓိပါဒါတိဋ္ဌတု | ၄ | [ဣဒ္ဓိပါဒ် (၄)ပါး] |
| ၄။ ပဉ္စဣန္ဒြိယနိတိဋ္ဌတု | ၅ | [ဣန္ဒြေ (၅)ပါး] |
| ၅။ ပဉ္စဗလာနိတိဋ္ဌတု | ၅ | [ဗိုလ် (၅)ပါး] |
| ၆။ သတ္တဗောဇ္ဈင်္ဂါနိတိဋ္ဌတု | ၇ | [ဗောဇ္ဈင် (၇)ပါး] |
| ၇။ အဋ္ဌမဂ္ဂင်္ဂါနိတိဋ္ဌတု | ၈ | [မဂ္ဂင် (၈)ပါး] |
| ၈။ နဝလောကုတ္တရာနိတိဋ္ဌတု | ၉ | [လောကုတ္တရာတရား (၉)ပါး] |

ယင်း အင်းဆန်ဂါထာတွေ ရွတ်ပြီး အင်းဆန်သွင်းရပါမယ်။ အခက်အခဲ အနှောင့်အယှက် ကြုံတွေ့နေပါက သိမ်ဝင်သပိတ်ကွဲတွင် အင်းချပါ။ လိုသူ၏ နေ့နံကို အလယ်ကွက်တွင် သွင်းပြီး ထိုအလယ်ကွက်တွင် အယောင်းတိုင်မီးထွန်းကာ ဘုရားကို မီးပူဇော်ခြင်းအားဖြင့် အသုံးပြုကြတယ်။

မီးထွန်းအင်းအဖြစ် လည်းကောင်း၊ ရေစိမ်အင်းအဖြစ် လည်းကောင်း အသုံးပြုရုံသာမက မိမိနံသင့် သစ်သားတွင်ပါ ထိုအင်းကိုချပြီး လိုသလို အသုံးပြုကြပါတယ်။

အသုံးပြုပုံမှာ ကျယ်ဝန်းလှ၍ စာရေးသူပင် အကုန်အစင်မသိပါ။ တတ်သိနားလည်သူများကို မေးမြန်းပြီး အသုံးပြုပုံကို လေ့လာစုဆောင်း မှတ်သားလျက် ရှိပါတယ်။

ထို့ကြောင့် မြန်မာတို့ရဲ့ ဂမ္ဘီရဆိုင်ရာ အင်းစမပညာများကို နက္ခတ္တရောင်ခြည် မဂ္ဂဇင်းမှ လေ့လာသိရှိသမျှ ရှာဖွေဖော်ထုတ်ပေးပါဦးမယ်လို့ ဆန္ဒပြုရင်းဖြင့်...

**[စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း လူကြီးများ၏ လက်ဖက်ရည်ကြမ်းဝိုင်းမှ ဗဟုသုတများကို အမှတ်တရ...]**

**ရသဂမ္ဘီရ ကျော်ဝင်းအောင်**
*(ပြည်–ဆည်မြောင်း)*


စာမျက်နှာ (၂၀၅)မှ အဆက်

**သက္ကဏာပဗေဒ္ဓ အဖြေများ**

**၁။ အနုပညာ လုပ်ငန်းများနှင့် အကျိုးပေးနိုင်ပါသည်။**

အဘယ်ကြောင့်ဆိုသော် ဉာဏ်လမ်းကြောင်းရှည်လျားပြီး အဆုံးမှာ **ကြာဖူးသင်္ကေတ** ရှိခြင်းကြောင့် ဖြစ်သည်။ **"က"အကွက်ရာ**


* * *




**၂။ နာမည်ဂုဏ်သတင်း ထင်ရှား ကျော်ကြားနိုင်ပါသည်။**

အဘယ်ကြောင့်ဆိုသော် လက်သူကြွယ်အောက် **တနင်္ဂနွေဂြိုဟ်ခုံတွင် အောင်မြင်ရေးသင်္ကေတများ** ရှိခြင်းကြောင့် ဖြစ်သည်။ ***(နှလုံးလမ်း၏ အပေါ်ဘက်မှာရှိသည်။)*** **"ခ" အကွက်ရာ**


* * *




**၃။ ကိုယ်ပိုင်တိုင်တာအိုးအိမ် ခြံမြေ ယာဉ်ကားများ ပြည့်စုံနိုင်ပါသည်။**

အဘယ်ကြောင့်ဆိုသော် နှလုံးလမ်းကြောင်းနှင့် ဉာဏ်လမ်းကြောင်းကြား **စတုဂံလွင်ပြင်မှာ စတုဂံကွက်များ** ရှိခြင်းကြောင့် ဖြစ်သည်။ **"ဂ" အကွက်ရာ**


* * *




**၄။ အစားအသောက် ကောင်းတွေ ကြိုက်တတ်သူ၊ စားသောက်ရသူဖြစ်နိုင်သည်။**

အဘယ်ကြောင့်ဆိုသော် လက်မ ပထမနှင့် ဒုတိယအဆစ်ကြားမှာ **"ယဝ" ဆန်စေ့ပုံရှိခြင်းကြောင့်** ဖြစ်သည်။ **"ဃ" အကွက်ရာ**

* * *





*လက္ခဏာပညာသုတ တိုးပွားကြပါစေ။*

*အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...*

**ဆရာကြီး ဦးအောင်မြိုင်**
*(ဥပဒေတွဲ)*
**လက္ခဏာဗေဒင်ပညာသုတေသီ**

www.burmeseclassic.com





# ကလေး အငိုတိတ်အောင်

စာရေးသူ ချွေးမ၏ ယောက်မဖြစ်သော ဒေါ်မြသီသည် ကသာမြို့နယ်၊ ဘွက်ရွာ အထက်တန်းကျောင်း(ခွဲ)မှ အလယ်တန်းပြ ဆရာမတစ်ဦး ဖြစ်ပါသည်။

စာရေးသူသည် လွန်ခဲ့သော နှစ်(၂၀)ခန့်က ဘွက်ရွာအလယ်တန်းကျောင်းအုပ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ထိုစဉ်က ဘွက်ရွာ ဥက္ကဋ္ဌမှာ ဦးမော်ဖြစ်ပါသည်။

စာရေးသူ၏ လက်ထက်တွင် အထက်တန်းကျောင်း(တွဲဖက်) ရရှိရေးအတွက် ဦးမော်နှင့် ပူးပေါင်းပြီး အမှတ်(၂) အခြေခံပညာဦးစီးဌာန (မန္တလေး)သို့ လျှောက်ထားခဲ့သည်။ စာရေးသူ ပြောင်းပြီး မကြာခင်ပင် တွဲဖက်အထက်တန်းကျောင်း ဖွင့်ခွင့်ရခဲ့ပါသည်။

မကြာသေးမီက ဆရာမ ဒေါ်မြသီသည် ဒုတိယမြောက် ကလေးအား ကသာဆေးရုံတွင် မိုက်ခွဲမွေးပြီး ချုပ်ရိုးမပြေမီ ဆေးရုံမှ ဆင်းခဲ့ရသဖြင့် စာရေးသူ၏အိမ်တွင် တည်းခိုနေပါသည်။

တစ်ညတွင် စာရေးသူက ခင်မင်ရင်းနှီးခဲ့ကြသော ဆရာ/ဆရာမများအား မာကြောင်းသာကြောင်းမေးရင်း ရွာခံဆရာမ ဒေါ်အေးသန်းသည် အလွန် အားကိုးရကြောင်း ပြောပြပါသည်။ ကလေးငယ်နှင့် နေရသည်ဖြစ်၍ ကလေးအတွက် လိုအပ်သော မြန်မာဆေး၊ အနောက်တိုင်းဆေးတို့ကို အရန်သင့် ဆောင်ထားရန်လိုကြောင်း။ ထို့ပြင် ပရိတ်ရေကိုလည်း ဆောင်ထားသင့်ကြောင်း ပြောမိပါသည်။

'ဟုတ်ကဲ့ပါ ဆရာကြီး၊ ကျွန်မ သားအကြီး ငယ်ငယ်နဲ့ ဘွက်ကို ပြောင်းစ ဆေးဝါးကလဲ မပြည့်စုံတဲ့ အပြင် ပရိတ်ရေဘူးလဲ ပါမသွားဘူး။ တစ်ညမှာ သားကြီးက ချော့မရ ပြုမရနဲ့ ငိုပါလေရော။ ဆရာမဖြူဖြူခိုင်၊ သီသီသန်းတို့လဲ လာချော့ကြတယ်။ ဘယ်လိုမှ ချော့မရဘူး'

ဟု မမြသီက ပြောပါသည်။

'နောက်တော့ ဘယ်လို လုပ်လိုက်ရသလဲ'

ဟု စာရေးသူက မေးပါသည်။

'ရွာမှာတော့ ရွာခံဆရာမ ဒေါ်အေးသန်းကိုပဲ အားကိုးကြရတာပေါ့။ ဆရာမ ဒေါ်အေးသန်းကို သွားခေါ်ကြတယ်။ ဆရာမ ဒေါ်အေးသန်း ရောက်လာတော့ သဘောရိုးလား၊ မရိုးတာလား သိအောင် လုပ်ကြည့်ရဦးမယ်လို့ ပြောပြီး ကျွန်မကို သူက ခိုင်းတယ်'

'အင်း... ဘယ်လိုခိုင်းတာလဲ ပြောပါဦး'

'သနပ်ခါးကျောက်ပျဉ်ရယ်၊ သနပ်ခါးသွေးလိမ်းဖို့ထားတဲ့ရေရယ်၊ ယောက်မရယ် ယူခိုင်းတယ်။ ပြီးတော့ သနပ်ခါးကျောက်ပျဉ်ပေါ် ရေစက်ချပြီး ယောက်မကို လက်နောက်ပြန် ပစ်ပြီး သွေးခိုင်းတယ်။

သွေးပြီးသားအရည်ကို လက်နောက်ပြန်ပစ်ထားတဲ့အတိုင်း လက်ညှိုးနဲ့ သုတ်ယူပြီး ကလေးရဲ့ နဖူးကနေ နှာယောင်အတိုင်း ဆွဲချခိုင်းတယ်။ ထူးဆန်းလိုက်တာ ဆရာကြီးရယ်၊ ချက်ချင်းပဲ ဘာမှ မဖြစ်သလို ကလေးက အငိုတိတ်သွားတယ်'

'သူ့အရပ် သူ့ဓလေ့နဲ့တော့ ဆိုတယ်ဟုတ်ပါလား'

'ဆရာမအေးသန်းက ပြောသွားသေးတယ်။ နောက်ကိုတဲ့ သနပ်ခါးကျောက်ပျဉ်ရယ်၊ သနပ်ခါးသွေးတဲ့ အခါသုံးတဲ့ ရေရယ်၊ ယောက်မရယ်ကို ကိုယ်အိပ်တဲ့ နေရာနားမှာ အရန်သင့်ထားတဲ့ မှာသွားသေးတယ်။

ကျွန်မလဲ အဲဒီလို လုပ်ထားတော့ ကလေးက နေမကောင်း ဖျားလို့နာလို့ ငိုတာပဲ ရှိတယ်။ မကောင်းဆိုးဝါးတွေက ကျီစယ်လို့၊ တို့ဆိတ်လို့ ငိုတာမျိုးလို့ မဖြစ်တော့ဘူး'

'ဒါလဲ မှတ်သားစရာ ကလေးမိခင်များ သိထားဖို့ လိုတယ်'

ဟု စာရေးသူက မမြသီအား ပြောလည်း ပြောရင်း နက္ခတ္တရောင်ခြည် မဂ္ဂဇင်းမှတစ်ဆင့် ဖြန့်ဝေရဦးမည်ဟု စိတ်ကူးမိလိုက်ပါသတည်း။

**(ကွယ်လွန်သွားခဲ့သော ဆရာမ ဒေါ်အေးသန်း ကောင်းရာ သုဂတိ ရောက်ပါစေ)**

**ကသာ သင်းမွှေး**



www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ကျန်းမာပါစေ တိုင်းရင်းဆေးခန်း


# ဆရာဦးသီဟ

(တဆ-၀၃၂၈၀)နှင့် တွေ့ဆုံ ဆွေးနွေးခဲ့သော

# အသည်းခြောက်ရောဂါ

ကာကွယ် စောင့်ရှောက်နည်းများ

မြောင်းမြ မောင်ယဉ်လှိုင်



◆ ဆရာဦးသီဟ(တဆ-၀၃၂၈၀)

အသည်းခြောက်ရောဂါဟာ ကျား/မ မရွေးဘဲ ဖြစ်တတ်တဲ့ရောဂါ ဖြစ်ပါတယ်။ အများအားဖြင့် အရက်၊ ဆေးလိပ်လွန်ကျူးစွာ သောက်တတ်တဲ့ အမျိုးသားတွေ ဖြစ်တတ်ပါတယ်။ ဒါပေမယ့် ခဲ၊ ပြဒါးပါတဲ့ ဆေးဝါးများ အသောက်မိတဲ့ အမျိုးသမီးများလဲ အသည်းခြောက်ရောဂါ ဖြစ်တတ်ပါတယ်။

အဲဒီအသည်းခြောက်ရောဂါရဲ့ ဖြစ်စဉ်တွေကို ဂဃနဏသိဖို့အတွက် တောင်ဥက္ကလာပမြို့နယ် ရောက်တဲ့ အခါ ကျန်းမာပါစေ တိုင်းရင်းဆေးကု ခန်းက ဆရာဦးသီဟနဲ့ တွေ့ဆုံဆွေး နွေးခဲ့ပါတယ်။

ဆရာဦးသီဟက တိုင်းရင်းဆေး ဆရာကြီး ဦးဝင်းလေးနဲ့ တိုင်းရင်းဆေး ဆရာမကြီး ဒေါ်လှသိန်းတို့ရဲ့သား ဖြစ် ပါတယ်။ ဆေးကုသက်(၁၅)နှစ်ခန့် ရှိပြီ ဖြစ်တဲ့ ဆရာဦးသီဟနဲ့ တွေ့ဆုံဆွေး နွေး မေးမြန်းခဲ့သမျှ ပြန်လည်တင်ပြ လိုက်ရပါတယ်။

❒ ဒီတစ်ပတ် ဆရာနဲ့ ဆွေးနွေးမှာ ကတော့ အသည်းခြောက်ရောဂါ အကြောင်းကို ဆွေးနွေးမှာ ဖြစ်ပါတယ်။ အသည်းခြောက်ရောဂါ ဖြစ်စေတဲ့ အကြောင်းရင်းများကို ပထမပြောပြ ပေးပါဆရာ'

❍'အသည်းခြောက်ရောဂါ ဖြစ်စေတဲ့ အကြောင်းရင်းများကတော့...

၁။ ပိုးအမျိုးမျိုးတို့ ခိုပ်စက်ခြင်း။

၂။ အရက်၊ ဆေးလိပ် လွန်ကျူးစွာ သောက်သုံးခြင်း။

၃။ ခဲ ပြဒါး ပါသော ဆေးများ သောက် သုံးမိခြင်း။

၄။ မှိုတက်သော အစားအစာ၊ အဆိပ် အတောက်ရှိသော အစားအစာများ စားသုံးမိခြင်း။

၅။ စာတ်ဆီမှထွက်သော အငွေ့၊ ဂက်စ်ငွေ့များ ရှူရှိုက်မိခြင်း (ရှူရှိုက်မှုများခြင်း)

စတဲ့ အကြောင်းအချက်များကြောင့် အသည်းခြောက်ရောဂါ ဖြစ်ရခြင်း ဖြစ်ပါတယ်'

❒ 'ဆက်ပြီး ရှင်းပြပေးပါဦးဆရာ'

❍'အသည်းခြောက် ရောဂါကို အာယုဗ္ဗေဒနည်းနဲ့ ပြောရရင် ကာလ၊ အတ္တ၊ ဂိမိ၊ အာဂန္တုကလို့ ဆိုအပ်တဲ့ အကြောင်းတွေမှာ ကာယကံရှင်ဟာ လွန်၊ ယုတ်၊ လွဲမှား ပြုဖန်များလာတာ ကြောင့် ခန္ဓာကိုယ်မှာ ဓာတ်စုနှစ်မျိုး





www.burmeseclassic.com

www.burmeseclassic.com

မညီညွတ်ဘဲ သွေးနဲ့အတူ ပျက်စီးပြီး ဒေါသသုံးပါး၊ မလ အညစ်အကြေးတို့ ညစ်နွမ်းလွန်ကဲမှုကြောင့် ခန္ဓာကိုယ်မှာ အဖု၊ အကျိတ်၊ အခဲ၊ အနာတွေ ဖြစ်လာပါတယ်။ တစ်နည်းအားဖြင့် အသည်းရဲ့ ကောဋ္ဌာသအတွင်း ကလာပ်စည်းတွေ ပျက်စီးရခြင်း ဖြစ်ပါတယ်။

ဒေသနာနည်းအရ ပြောရရင် ကံ၊ စိတ်၊ ဥတု၊ အာဟာရ ညီညွတ်မှု မရှိဘဲ လွန်၊ ယုတ်၊ လွဲမှား၊ ပြုဖန်များခြင်းကြောင့် အာပေါဓာတ် ယုတ်လျော့ ခန်းခြောက်ပြီး ဝါယောဓာတ် ပူပွတဲ့အတွက် ပထဝီငုပ်ပြီး အသည်းဟာ ပုံမှန် မဟုတ်ဘဲ ရောင်ခြင်း၊ ကြီးခြင်းကို အသည်းရောင်ခြင်းလို့ ခေါ်ပါတယ်။

အသည်းရောင်ပြီး အာကာသလွန်လာတဲ့အခါ အသည်းရဲ့နံရံနဲ့ အနားသားများ ခန်းခြောက် မာကျောစပြုလာပါတယ်။ အဲဒါကို အသည်းခြောက်ခြင်းလို့ ခေါ်ပါတယ်'

❒ **'အသည်းခြောက်ရောဂါရဲ့ လက္ခဏာများကို ဆက်ပြီး ပြောပြပေးပါဦး'**

○ 'အသည်းခြောက်ရောဂါရဲ့ လက္ခဏာများကတော့...

၁။ မျက်စိဝါခြင်း၊
၂။ အသားအရေ ညိုညစ် ခန်းခြောက်လာခြင်း၊
၃။ ဆီးဝါ၊ ဆီးနည်းလာခြင်း၊
၄။ အစားအသောက် ပျက်လာခြင်း၊
၅။ အားအင်ချည့်နဲ့လာခြင်း၊
၆။ မောပန်းမူးဝေခြင်း၊
၇။ အသည်းပေါ် လက်နဲ့ စမ်းကြည့်ရင် လိပ်ကျောကုန်းလို မာကျောကျော စမ်းမိခြင်း၊
၈။ ဝမ်းဗိုက် ပူတင်းပြီး မအီမသာ ဖြစ်ခြင်း၊
၉။ ခန္ဓာကြီးငယ်နဲ့အတူ ခန္ဓာကိုယ်



အောက်ပိုင်း ဖောရောင်ခြင်း

စတဲ့ လက္ခဏာများဟာ အသည်းခြောက်ရောဂါရဲ့ လက္ခဏာများ ဖြစ်ပါတယ်'

❒ **'အသည်းခြောက်ရောဂါရဲ့ နောက်ဆက်တွဲ ဆိုးကျိုးများကို သိပါရစေဆရာ'**

○ 'အသည်းခြောက်ရောဂါ ဖြစ်လာပြီဆိုရင် နောက်ဆက်တွဲ ဆိုးကျိုးတွေကတော့ ရေဖျဉ်းစွဲခြင်း၊ ဝမ်းအမည်းသွားခြင်း၊ သွေးအန်ခြင်း၊ မျက်လုံးဝါခြင်း၊ အသားများများ စားမိတဲ့အခါ သတိလစ်ချင်သလို ဖြစ်ခြင်း၊ အိပ်ဆေးသောက်လို့ဖြစ်စေ၊ မတည့်တဲ့ ဘယ်ဆေးတွေ သောက်မိရင်ဖြစ်စေ သတိလစ်ချင်သလို ဖြစ်တာတွေ စတဲ့ ဆိုးကျိုးတွေ ဖြစ်လာတတ်ပါတယ်။

အသည်း ခြောက်လာပြီဆိုရင် အထက်က ပြောခဲ့တဲ့ လက္ခဏာတွေ အပြင် ကိုယ်ပေါ်မှာ အနီစက်တွေ ပေါ်လာခြင်း၊ ယားယံခြင်း၊ ထိခိုက်ရင်ဖြစ်စေ၊ သွေးဖောက်ရင်ဖြစ်စေ၊ ဆေးထိုးရင်ဖြစ်စေ၊ သွေးယိုလွယ်ပြီး အညိုကွက်ကြီးတွေ ပေါ်လာခြင်း၊ ကြွက်သားတွေပျော့ပြီး အထိုင်အထ ခက်ခြင်း စတဲ့ ဆိုးကျိုးတွေ ခံစားရတတ်ပါတယ်။ အဲဒီ အသည်းခြောက်ရောဂါက တစ်ဆင့် အသည်းကင်ဆာရောဂါကို ကူးသွားနိုင်ပါတယ်'

❒ **'ဆရာ့ဆီကို ရောက်လာတဲ့ အသည်းခြောက်ရောဂါ ဝေဒနာရှင်ကို ကုသပုံကိုလဲ ဆက်ပြီး ပြောပြပေးပါဦး'**

○ 'အသည်းခြောက်ရောဂါကို ကုသ… တဲ့အခါ ပထမဦးဆုံး ဆေးလိပ်၊ အရက် သောက်တတ်ရင် လုံးဝ ဖြတ်… တယ်။ ဆေးလိပ်၊ အရက်ဖြတ်… ပေးပါတယ်။ ဆေးရွက်ကြီး… ကွမ်းကိုလဲ စားခွင့်မပေးပါဘူး။ … ခေတ်ပေါ် ကွမ်းယာထဲပါတဲ့ ဆေး… စုံကို လုံးဝ ရှောင်ကြဉ်စေပါတယ်…

အဲဒီအချက်အလက်တွေ လိုက်… ဆိုရင် ပထမ သုံးရက်မှာ မက်… (၅)ကျပ်သားနဲ့ ထန်းလျက်(၁…)… သားကို သုံးခွက် တစ်ခွက်တင် … အကြမ်းပန်းကန်တစ်လုံးခန့် … တစ်ကြိမ်၊ ညတစ်ကြိမ် တစ်နေ့… ကြိမ် တိုက်ပါတယ်။

ဒုတိယသုံးရက်မှာ ကန့်က… ကျပ်သားနဲ့ ထန်းလျက်(၁၀)ကျ… ရောကျိုပြီး ဆားမီးဖုတ် နည်း… ထည့်ကာ အကြမ်းပန်းကန်တစ်… နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် … (၂)ကြိမ် သုံးရက် ဆက်တိုက်… 

နောက်ထပ်(၆)ရက် တိုက်… အအေးခံထားတဲ့ ကျောက်… ပြုတ်ရည်ထဲကို ဂလူးကို့စ်… ကုလားမ ထည့်ပြီး မက်ခွက် … ခန့် နံနက်တစ်ကြိမ်၊ ညတ… တစ်နေ့ (၂)ကြိမ် (၆)ရက် ဆက်… ပါတယ်။

ဆေးသောက်စဉ် ရက်များမှ… တဲ့အခါ ကနဖော့ပြုတ်ရည်နဲ့ … တယ်။ လိမ်းဆေးအနေနဲ့ သ… စစ်စစ်ကို သွေးပြီး ကြက်ဟင်း… သတ္တုရည်နဲ့ ရောကာ တစ်ကိ… လိမ်းစေပါတယ်။

အစားအသောက် အနေ… ဆင်ခြင်ပြီး အထက်မှာ … အတိုင်း ကုသရင် အသည်း… ရောဂါဟာ တဖြည်းဖြည်း …



www.burmeseclassic.com

www.burmeseclassic.com

ငှက်ကြီးဝန်ပို



# သင်္ကေတများ၏

ဟူလွင်ဇီ

ဘာသာစကား(၃၂)

"**ထီးလှိုင်ငှက်**"ဟုလည်း ခေါ်ကြသည်။

ယယ်ရွယ်သူ၊ သွေးဆူသော လုလင်ပျိုမတို့၏ ချစ်ခြင်းမေတ္တာကို သရုပ်ဖော်သည့် သင်္ကေတဖြစ်သည်။ ထီးလှိုင်ငှက်သည် ချစ်သူ ကြင်ဖက်အပေါ်တွင် သံယောဇဉ်စူးနစ်စွာ အချစ်ကြီးသည်။ တစ်ဦးမရှိလျှင် မိမိ၏ ရင်ကို (မိမိ၏) နှုတ်သီးဖြင့် ဖောက်ခွဲကာ သွေးစက်စက် ကျစေခြင်းဖြင့် အဆုံးစီရင်တတ်၏။

တစ်သက်၊ တစ်ချစ်၊ တစ်ဘဝအတွက် တစ်ဦးတည်းပေါ် ထားရှိသော မေတ္တာသရုပ်ဖော် ငှက်ဖြစ်သည်။ **မြန်မာမှုတွင် အောက်ချင်းငှက်နှင့် ဆင်တူသည်။ အောက်ချင်းဖို,မ နှစ်ကောင်တွဲလျက် ရှိရာမှ တစ်ကောင်သည် အကြောင်းတစ်စုံတစ်ရာကြောင့် သေကျေပျက်စီးပါက ကျန်တစ်ကောင်သည်လည်း ဝေဟင်မှ မြေပြင်သို့ ကျွမ်းစိုက်ဆင်းကာ အဆုံးစီရင်လေ့ရှိသည် ဆိုလေသည်။)**

အခြားသော မျက်နှာစာ၊ အသုံးချသိပ္ပံဘာသာရပ်တွင်မူ လုပ်ရတ်ပညာ၏ သင်္ကေတအဖြစ် အသုံးပြုကြသည်။

အင်္ဂရတ်ဆိုင်ရာ နက်နဲသော ဓာတ်ငန်းစဉ်(Alchemy)နှင့် ပတ်သက်သော ကိစ္စရပ်များတွင် ငှက်ကြီးဝန်ပို၏ ထီးလှိုင်ငှက်ကို သင်္ကေတ ပြုကြသည်။

ငှက်ကြီးဝန်ပိုသည် **တောကျီးကန်း** (raven)နှင့် ဆန့်ကျင်ဘက် သင်္ကေတအမှတ်အသားဖြစ်သည် ဆို၏။

အနောက်တိုင်း အယူအဆတွင် "**ကျီးကန်း**"သည် တမလွန်လောက၏ စေတမန်ဖြစ်ကာ သေကောင်ပေါင်းလဲ လူမမာတစ်ဦး၏ အိပ်ခန်းပြတင်း၌ ကျီးကန်းနားနေခြင်း၊ ပျံဝဲခြင်းသည် "**သေမင်းဖိတ်စာ**"ဟု သတ်မှတ်ကြသည်။ ထိုလူနာသည် မလွဲမသွေ ဘဝတစ်ပါးသို့ ကူးပြောင်းရမည့် နိမိတ်ဟု သတ်မှတ်ကြသည်။

တောကျီးကန်းတို့မှာကား အရိုင်းအစိုင်း တောသတ္တဝါများ ဖြစ်ကြသည်။ အုပ်သင်းဖွဲ့၍ နေထိုင်ကြသည်။ ငရဲသား အပေါင်းအစုများဟု စာဖွဲ့ကြသည်။ အ,မင်္ဂလာ မကောင်းသော နိမိတ်ဆောင် ငှက်များ ဖြစ်ကြသည်။

ထို့ကြောင့် ငှက်ကြီးဝန်ပိုသည် သုမင်္ဂလဆိုင်ရာ ဩဘာနိမိတ်ဆောင် သင်္ကေတ ဖြစ်ရသည်။ နာမကျန်းဖြစ်ခြင်း၊ ခက်ခဲနက်နဲသော ပြဿနာ၊ အကျပ်အတည်းများအတွက် လွတ်မြောက် ပြေလည်စေသော သင်္ကေတဖြစ်လေသည်။

---

## အမွှေးနံ့သာ

---

ရှေးအကျဆုံးသော လူမှုအဖွဲ့အစည်း၏ သင်္ကေတများ အစုအဝေးတစ်ခုဖြစ်သည်။ အခြေအနေ တစ်ရပ်ကို အသိပေးခြင်း၊ ပုံဖော်ခြင်းကို လေသင့်ရာ လွင့်မျောရောက်ရှိစေကာ ဆက်သွယ်ပေးသည်။

ရှေးလူ့အဖွဲ့အစည်းတွင် တိုက်ပွဲခေါ်သံ၊ တပ်လှန့်သံအဖြစ် စူးရှသော အမွှေးနံ့သာကို လေအထက် လေအညာ၊ တောင်ထိပ်ကုန်းမြင့်နေရာမှ လွှတ်ထုတ်ပေးခြင်းဖြင့် အဖွဲ့သားအားလုံးသို့ နိုးကြားစေခဲ့သည်။ အသံတိတ် စစ်မိန့်ပေးခြင်းဖြစ်သည်။

လူမျိုးအသီးသီးရှိ ဒေဝတာပုရာဏ်များအရ စံပြုသတ်မှတ်သော အမွှေးရနံ့ များစွာရှိရာ ရေမြေဒေသအလိုက် အဓိပ္ပာယ်ဖော်ရာ၌ ကွဲပြားကြပါမည်။

မွှေးပျံ့သော ရနံ့သည် သတိရအောက်မေ့ခြင်း၊ အမှတ်တရရှိခြင်း၊ ဖိတ်ခေါ်ခြင်း၏ သင်္ကေတဖြစ်သည်။ လုံခြုံစွာ ထိန်းသိမ်းထားခြင်းဖြင့် ကာလအတန်ကြာ ကိုယ်စားပြုနိုင်သော အထိမ်းအမှတ်ဖြစ်သည်။

ဤတွင် စိတ်တွင်းမှ ခံစားနားလည်မှုဖြင့် ထိန်းသိမ်းခြင်းကို ဆိုလိုသည်။ သူ ပေးခဲ့သော နှင်းဆီပန်းသည် နွမ်းခြောက်ကောင်း ခြောက်နေပါလိမ့်မည်။

သို့သော် ထိုစဉ်က အဖြစ်သနစ် ပုံရိပ်များက အစဉ် လန်းဆန်းနေဆဲ နှင်းဆီရနံ့ မွှေးပျံ့ဆဲ ဖြစ်သည်က ကာယကံရှင်၏ ခံစားမှုဖြင့်သာ သိနိုင်သည်။

ချစ်သူပန်ထားသည့် သို့မဟုတ် [illegible] ပေးထားသည့် စံပယ်ကုံးသည် [illegible] လေပြီ။ သို့သော် ရနံ့ကား [illegible] ဟူသည်နှင့် အဓိပ္ပာယ်[illegible]သည်။

www.burmeseclassic.com

အမွေးနံ့သာသည် လက်ဖြင့် ထိတွေ့ ဆုပ်ကိုင်၍ရသော သင်္ကေတ မဟုတ်သော်ငြားလည်း သူ့တွင် ပုံပန်းသဏ္ဌာန်၊ အရောင်အရေး အတွင်းဖွဲ့စည်းပုံ၊ သတင်းစကား စသည်တို့ ပြည့်စုံစွာ ပါဝင်သည့် သင်္ကေတဖြစ်သည်။

### ဗိုမနိမိတ်

* * *



ဤသင်္ကေတသည် လှုပ်ရှားရှင်သန်နေသော ဘဝနေမှု၊ တက်ကြွသော စွမ်းအင်နှင့် စကြဝဠာဆိုင်ရာ အဖွဲ့အစည်း။ အင်အားစု၏ ဆက်စပ်တည်မှီကာ ပုံမှန် ရွေ့လျားနေခြင်းတို့ကို ကိုယ်စားပြုလေသည်။

### ရစ်ငှက်



လှုပ်ရှားတက်ကြွသော သဘောရှိ၍ နေ၏။ ကိုယ်စားပြုသင်္ကေတတစ်ခုလည်း ဖြစ်သည်။ လူသားများအား အင်အားကို ဖြည့်ဆည်းထောက်ပံ့ပေးသည်။

ရောဂါဝေဒနာ ခံစားနေရသူအတွက် ရစ်ငှက်သည် ကောင်းသော နိမိတ်ဆောင်၍ မကြာမတင် ကာလအတွင်း နာလန်ထူကာ ပြန်လည်ကျန်းမာတော့မည်ဟု သတင်းပေးခြင်း ဖြစ်သည်။

အလင်းရောင်နှင့် နေမင်း၏ ကိုယ်စားလှယ်လည်းဖြစ်ရာ အမိုက်မှောင်အတွင်းမှ ဒုက္ခရောက်နေသူတို့အတွက် ကယ်တင်ရှင် သင်္ကေတလည်း ဖြစ်လေသည်။

အရှေ့တိုင်း တရုတ်ဓလေ့တွင် (雉)ကျီ့ရ်(Zhi)ရစ်ငှက်သည် နေ့ခင်း အလင်းရောင်၏ အရှင်သခင် ဖြစ်သည်ဆို၏။

မကောင်းသော ပါပအငွေ့အသက်များ။ ရန်သတ္တရုများနှင့် ဒုစရိုက်မှုများ ကင်းရှင်းကာ အိမ်ဂေဟာ သန့်ရှင်း စင်ကြယ်ခြင်း။ မင်္ဂလာဩဘာ နိမိတ်ကောင်းပြည့်စုံခြင်းကို ဖန်တီးပေးသည့် လာဘ်ကောင် ဖြစ်လေသည်။

❖ **ဖီးနစ်ငှက်**(Phoenix) (မှတ်ချက်။ ။ ဖိုးနစ်ဟု မဖတ်သင့်ပါ။)

တာကစ်ရ်လူမျိုးတို့က **ကာကေး** Kerke's.

ပါရှန်းလူမျိုးများက **ဆင်မူရတ်** Simurgh.

စသဖြင့် ခေါ်ဝေါ်ကြသည်။

လင်းယုန်ငှက်နှင့် ပုံသဏ္ဌာန်တူကာ ရစ်ငှက်၏ အရွယ်ပမာဏခန့်ရှိသည်။ မြင့်မြတ်သော နတ်ငှက်ဖြစ်သည်။ ချိုအီမွှေးပျံ့သော သစ်စများဖြင့် အသိုက်ပြုလုပ်နေထိုင်လေ့ရှိကာ နေရောင်ခြည်၏ စွမ်းအင်ကို အပြည့်အဝ ရရှိထားသော ငှက်ဖြစ်သည်ဆို၏။

ဖီးနစ်ငှက်သည် မီးလောင်ကျွမ်း၍ ပြာကျသွားသော်လည်း ထိုပြာပုံမှ တစ်ဆင့် မူလအခြေအနေသို့ ပြန်လည် ဖန်ဆင်းနိုင်သည်။ သေမင်းကို အိပ်မက်အဖြစ် ပြောင်းလဲပစ်နိုင်သော နတ်ငှက်ဖြစ်သည်။

တရုတ်ဓလေ့တွင်လည်း ဖီးနစ်ငှက်နှင့် အလားသဏ္ဌာန်တူသော ဖုန့်ဟွမ်း (Fèng Huāng)ငှက်ရှိသည်။ ဖိုလ်ဝင် နတ်မီးငှက်ဖြစ်သည်။ အရှေ့,အနောက်, တောင်,မြောက်နှင့် အလယ်ဗဟို... အရပ်ငါးမျက်နှာတွင် တော... အရပ်ကို ပိုင်စိုးသည်။

မီးဓာတ်ကို အစိုးရသည် ... ခြောက်သွေ့ခြင်း။ မိုးခေါင်ရေ... မြေအောက်,ရေအောက် မီးတော... ကို ပေါက်ကွဲစေ၍ ချော်ရည်... နဂါးခိုးများ ဖုံးလွှမ်းစေခြင်း။ ပြင်... သော မုန်တိုင်းများ သက်ရော... ခြင်းတို့ကို ဖန်တီးနိုင်သည်။

သို့သော်လည်း **နှင်းခါးရှိ**... (ဆီးနှင်းမုန်တိုင်း တိုက်ခတ်... အအေးလွန်ကဲခြင်း။ ကောက်... နှင့် ရက္ခလောကကို ထိပါးခြင်း ... သော မြောက်အရပ်မှ "**စစ်သည်**... **ရှမ်းဂူ၏** ရေဓာတ်အင်... ထိန်းညှိပေးနိုင်သူဖြစ်သည်။

ဖုန့်ဟွမ်းသည် ဖီးနစ်ကဲ့သို့ ... နိုင်သည့် ဖိုလ်ဝင်နတ်ငှက်... နေမင်း၏ အထောက်အပံ့ကို ပြ... ရရှိထားသည်။ **ယင်း**(Yi... ဆောင် သင်္ကေတဖြစ်သည်။ (ဖု... *ငှက်ကို မြန်မာဘာသာဖြင့် စော...* *ဟု ပြန်ဆိုတတ်ကြသည်။)*

### ထင်းရှူးပင်



အမြဲစိမ်း သစ်ပင်တစ်မျိုး... စိမ်းလန်းစိုပြည်ခြင်း သဘော... သည်။ ကမ္ဘာတည်သစ်ပင် သို့... ထာဝရ သက်ရှည်ပင်တစ်မျိုး... ကြသည်။

အဓိအားဖြင့် မြေဆီဩဇာ ... မွန်ခြင်း။ ကျေးမီထောက်... 



www.burmeseclassic.com

www.burmeseclassic.com



အင်အား တောင့်တင်းခိုင်မာခြင်း၊ အကူအညီ အပြည့်အ၀ ရရှိခြင်းတို့ကို ကိုယ်စားပြုသော သင်္ကေတဖြစ်သည်။

တရုတ်ဓလေ့တွင် **"ထင်းရှူးပင်"** ကို သက်သာချောင်ချိခြင်း၊ **ပြေလျော့ခြင်းအဓိပ္ပာယ်ဖြင့်လည်း သုံးနှုန်းကြသည်။ "ထင်းရှူးပန်း"** (松花) စုန်ဟွား(Sōng Huā)ဟု ဆိုလျှင်ကား **"ဆေးစိမ်ဘဲဥ"**ကို ခေါ်ဝေါ်ခြင်းဖြစ်၍ ကိုယ်ခံ အားကောင်းစေကာ ကျန်းမာရေး ပြည့်စုံစေသည့် ဆေးဖက်ဝင် အာဟာရ ဖြစ်သည်။ ဖီတန်(Pí Dàn) ဟုလည်း ခေါ်ကြသည်။

## ရွှေဖရုံသီး သို့မဟုတ်

## ဘူးသီးနှစ်လုံးတွဲ

တရုတ်ဓလေ့မှ (Bā Xiāng) ပါးရှမ်းခေါ် သိဒ္ဓိရှင်(၈)ပါး အနက်မှ ဒုတိယ မြောက်သိဒ္ဓိရှင် **"လီထျဲခွိုင်"**(Li Tie Kuai) ကိုင်ဆောင်သော ပလုတ်တုတ်ကြေးမုံတွဲကို ရည်ညွှန်းခြင်းဖြစ်သည်။

နယ်မြေနှစ်ခု၏ ကြားခံကွင်းဆက်ဟု အဓိပ္ပာယ်ရသည်။ အလွန်ကွာဝေးသော်လည်း ဆက်စပ်နေသည့် နယ်မြေနှစ်ခုဖြစ်သည်။

**ဥပမာ** မိုးနှင့်မြေ၊ ရှင်သန်ခြင်းနှင့် သေဆုံးခြင်း၊ ပျော်ရွှင်မှုသုခနှင့် ဝမ်းနည်းမှုဒုက္ခ စသည်တို့ အကြားရှိသည့် ကွင်းဆက်ဖြစ်သည်။

ဒုတိယသိဒ္ဓိရှင် **"လီထျဲခွိုင်"**သည် သူ၏ ရုပ်ခန္ဓာကို ချန်ရစ်ကာ ကောင်းကင်ဘုံသို့ အလည်သွားနိုင်သည်။ ကိုယ်ပွားဝိညာဉ်ကို မီးခိုးမျှင်အဖြစ် ပြောင်းလဲ၍ နေရာအနှံ့ ခြေဆန့်လေ့ ရှိသည်ဆို၏။

ကောင်းကင်မင်းကြီးထံသို့ ဆက်သွယ်ပေးနိုင်၍ လူသာမန်တို့ မစွမ်းနိုင်သော ကိစ္စအချို့တွင် ယင်းသိဒ္ဓိရှင်က စွမ်းဆောင် ကူညီပေးနိုင်လေသည်။

ထို့ကြောင့် ရွှေဖရုံ သို့မဟုတ် ဘူးသီးနှစ်လုံးတွဲ သင်္ကေတသည် အလှမ်းကွာဝေးသော နယ်မြေနှစ်ခု ဆက်စပ်ပေးရာ မျှော်လင့်ချက် ကွင်းဆက် ဖြစ်လေသည်။

**ဟူဂျင်းဖီ**

စာမျက်နှာ (၂၁၀)မှ အဆက်



ပျောက်ကင်းသွားမှာ ဖြစ်ပါတယ်'

❑ **'အသည်းခြောက်ရောဂါ ကြိုတင်ကာကွယ်တဲ့နည်းကိုလည်း သိပါရစေ ဆရာ'**

○ 'အသည်းခြောက်ရောဂါ ကြိုတင်ကာကွယ်တဲ့နည်းကတော့ အရက်၊ ဆေးလိပ်၊ ကွမ်း လုံးဝ ရှောင်ကြဉ်ရပါမယ်။ အစားအစာ၊ အသီးအရွက်၊ အသားများကို မချက်မီရေစင်စင် ဆေးပြီးမှ ချက်ရပါမယ်။ ခဲ့၊ပြဒါး၊ပါ့၊မပါ ကို တတ်သိနားလည်တဲ့ ဆေးဆရာ၊ ဆရာဝန်များနဲ့ တိုင်ပင်ဆွေးနွေးပြီးမှ ဆေးကို စားရပါမယ်။

မှိုတက်သော ရေတိုသီးမှုန့်များ၊ သိုးသောဟင်းများ၊ အဆိပ်အတောက်ရှိသော အစားအစာများ၊ ဥပမာ–လူသားများအတွက် အကျိုးပြုဓာတ်များ လုံးမပါဘဲ ကျောက်ကာဝ် ပျက်စီး စေတဲ့ တညင်းသီးကို လုံးဝ ရှောင်ကြဉ်စေပါတယ်။

ဓာတ်ဆီငွေ့၊ ဂက်စ်ငွေ့၊ ဆေးလိပ် မီးခိုးငွေ့များ မရှူရှိုက်မိစေဖို့ အကာအကွယ်များနဲ့ နေထိုင်ဖို့စတဲ့ နည်းစနစ်များကို လိုက်နာ ဆောင်ရွက်ရင် အသည်းခြောက်ရောဂါ ကြိုတင်ကာကွယ်ပြီးသား ဖြစ်ပါတယ်'

❑ **'ကျေးဇူးတင်ပါတယ် ဆရာ'**

○ 'ဆရာဦးသီတာနဲ့ တွေ့ဆုံဆက်သွယ်နိုင်တဲ့ လိပ်စာကတော့...

**ဆရာ ဦးသီတာ**

ကျန်းမာပါစေ တိုင်းရင်းဆေးခန်း

အမှတ်(၈၂)၊ ဝေယျလမ်း (၆၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း–၀၉–၄၂၀၀၆၆၃၉၈၊ ၀၉–၇၃၀၈၅၇၄၀၊ ၀၉–၅၀၈၅၉၇၇၇။

< မြောင်းမြ မောင်ယဉ်တင့် >



စာမူ

ပို့

လို့

ရ တ...

ဦးကျော်မိုးသိန်း

စာတည်းချုပ်

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း

အမှတ် ၂၄၃၊ (၂၉)လမ်း၊

ပန်းဘဲတန်းမြို့နယ်

ရန်ကုန်မြို့၊

ဖုန်း–၀၁ ၂၄၂၄၅၇




www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီး မင်းယက္ခ

၏ ဘဝအတွေ့အကြုံများ ( ၂၃)

ဆရာကြီးမင်းယက္ခ
(တိုက်ပွဲဝင်)

## ယခင်လမှ အဆက်

ကောင်းလေစွ ကောင်းလေစွ။ ထိုသို့ ကြော်ငြာဆလိုက်ထိုးရန် အကြံရသော သူငယ်ချင်း ဆန်နီကိုပင် ကျေးဇူးတင်ရသေးသည်။ ရာကျော် ဒီကောင်ဘာတွေ လာပြောတာပါလိမ့်။ သူပြောတာ ခုအထိ ဘာတစ်ခုမှ မဖြစ်သေး။

လာချေပြီ။ လာပါချေပြီ။ မွန်သူရဲကောင်း စစ်သည်တော်(၆)ဦးနှင့် တပင်ရွှေထီး တစ်ယောက်တည်း တိုက်ကွက်။ ဓားတစ်လက်သမား၊ ဓားနှစ်လက်သမား၊ တုတ်ရှည်သမား၊ တုတ်တိုနှစ်ချောင်းသမား၊ လှံရှည်သမား၊ လှံတိုနှစ်ချောင်းသမားတို့ တပင်ရွှေထီး (ဆန်နီ)ကို ဝိုင်းတိုက်ကြသည်။

ဓားကြားတုတ်ကြားထဲတွင် ရှောင်တိမ်း ခုခံကာကွယ်နေသည်မှာ အသည်းတယားယား ရင်တဖိုဖို ရှိလှသည်။ ခုခံကာကွယ် ပြသနေရင်းက ဓားနှစ်လက်သမား၏ခေါင်းကို ဆန်နီ ဓားချက်ထိသွားသည်။ ပေါင်းထားသော ခေါင်းပေါင်းမှာ လွင့်ထွက်သွားသည်။

ဓားသွားမှာ တုံးသော်လည်း သံဓားအစစ်ဖြစ်၍ ခေါင်းမှာ အရေပြား ကွဲသွားသည်။ သွေးများက တဖြည်းဖြည်းချင်း စီးကျလာသည်။ ဟော...ဟော... လှံရှည်သမား၏ နားရွက်ကို ဆန်နီက ခုတ်ချလိုက်ပြန်ပြီ။ မင်းသား၏ ကျော ကိုလည်း လှံတိုသမားက အရှိန်ပြင်း ရိုက်လိုက်၍ မင်းသား ကျောကော့သွား သည်။

မင်းသားက တပင်ရွှေထီး(ဆန်နီ) ဒေါသထွက်ပြီး လှံရှည်သမားကိုရော လှံတိုသမားကိုရော အပြင်းအထန် တိုက်လိုက်ရာ သူတို့နှစ်ဦးသား ဆန်နီ၏ဓားချက် မိသွားကြသည်။

သူတို့လည်း မသက်သာလှ ဇာတ်ဆရာ(အငြိမ့်ဆရာ)ဖြစ်၍ ကြိတ် မှိတ်ခံနေကြရသည်။ နို့မို့လို့ကတော့ အမဲဖျက်သလို ဝိုင်းဖျက်ကြမည့်သူ ဖြစ်ကြသည်။

ကျောကို ထိသူထိ၊ ပေါင်ကို အခု ခံရသည့်သူက အခုတ်ခံရ။ ခေါင်း ဓားချက်ထိတော့လည်း ... သွေးက တဖြာဖြာ။ စည်းချက် ဝါးချ

www.burmeseclassic.com

www.burmeseclassic.com

မကိုက်တော့။ ဇာတ်စင်ပေါ်တွင် ဝရုန်းသုန်းကားဖြစ်နေသည်။ ထိသူထိ၊ ကွဲသူကွဲ၊ ပြဲသူပြဲဖြင့် ထိချင်တိုင်း ထိ၍ မှားချင်တိုင်း မှားနေတော့သည်။

ဒီအတိုင်း ဆက်သွား၍ကတော့ တပင်ရွှေထီး နတ်ရွာလားပြီး သမိုင်းဇောက်ထိုးဖြစ်တော့မည်။



ဇာတ်စင်ပေါ်မှာကတော့ သွေးသံတရဲရဲ ကွဲကြပြဲကြနှင့်၊ နောက်ခံ ပိတ်ကားကြီးပေါ်မှာတော့ "သိုင်းမှာ မင်းယက္ခ"၊ "သိုင်းပညာ စီစဉ်ညွှန်ကြားသူ ဆရာ မင်းယက္ခ"ဆိုသည့် ကြော်ငြာစာတန်းကြီးက ကြီးလိုက် သေးလိုက် လင်းလိုက် မှိန်လိုက်ဖြင့် ကြော်ငြာမြဲ။

"ငါ့နှယ် သေလိုက်ပါတော့"ဟု ပါးစပ်မှ ရေရွတ်ရင်း ဇာတ်စင်နံဘေးသို့ အပြေးသွား၍"**ရာကျော် ရာကျော် ကားလိပ်မြန်မြန်ချ၊ ကားလိပ်မြန်မြန်ချ**"ဟု ကသောကမျော ပြောလိုက်၍ ကားလိပ်ကြီးမှာ ဝေါခနဲ ကျလာကာ တပင်ရွှေထီးအော်ပရာ၏ ဗရုတ်သုတ်ခ ပြကွက်တို့ကို အမြန်ဆုံး ပိတ်ကာထားလိုက်ရပါတော့သည်။

အငြိမ့်စင်ပေါ်သို့ တက်သွား၍ အသက်ကို ဝအောင် ရှူသွင်းရှူထုတ်လုပ်နေရသည့် တပင်ရွှေထီး မင်းသားကြီးဆန်နီအား...

'ဆန်နီ ကြော်ငြာဆလိုက်ပြားကိုတော့ ငါယူသွားပြီ။ မင်းက ကြော်ငြာပေးတာကတော့ ကောင်းပါတယ်။ ကျေးဇူးလဲ တင်ရပါတယ်။ ဒီလောက် စည်းမကိုက် ဝါးမကိုက် ချချင်သလိုချ၊ ထိချင်သလို ထိနေတဲ့ ဖရိုဖရဲ တိုက်ကွက်ကြီးကို ဆရာမင်းယက္ခက သင်ကြားပေးတယ်လို့ ကြော်ငြာပေးတော့ ငါ့အတွက်တော့ ဂုဏ်မတက်တဲ့အပြင် ဂုဏ်တောင် ပျက်သေးတယ်ကွာ။ တော်ပြီ တော်ပြီ မင်းဟာမင်း တပင်ရွှေထီးအော်ပရာကို ဆက်ကချင်က မကချင်နေ ငါ့ကိုတော့ ကြော်ငြာမပေးနဲ့တော့'

ဟူ၍ အားမနာ ပါးမနာ ပြောဆိုကာ ပြန်လာခဲ့ပါတော့သည်။ ဆန်နီ အငြိမ့်ပွဲကြီးကတော့ တဖြည်းဖြည်းဝေးလျက် ကျန်ခဲ့ပါတော့သည်။

**(သူငယ်ချင်း လူရွှင်တော် ဈေးသည်ကြီးဆန်နီအား သတိတရအဖြစ်...)**

နေ့တစ်နေ့၏ တစ်မနက်ခင်းအစတွင် မော်ကျွန်း၏ မြစ်ရေပြင်သည် တက်သစ်စ နေရောင်ဖြင့် ဟပ်၍ လင်းလက် တောက်ပနေပါသည်။ စင်ရော်ငှက်တို့ကလည်း လူးလာဝဲကာဖြင့် ငါးရှာနေသည် ထင်ရသည်။

ထိုစဉ် မော်ကျွန်းသင်္ဘောဆိပ်သို့ ရောဝတီ နှစ်ထပ်သင်္ဘောကြီးသည် ခံ့ညားစွာ ဆိုက်ရောက်လာတော့သည်။ (ရောဝတီတိုင်းဒေသကြီးရှိ မော်လမြိုင်ကျွန်းမြို့ကို ရှေးယခင်ကတည်းကပင် မော်ကျွန်းဟု ခေါ်လာခဲ့ကြပါသည်။)

သင်္ဘောကြီး ကမ်းသို့ ကပ်သည်နှင့် ဆင်းမည့် လူအုပ်ကြီးကလည်း သင်္ဘောအတက်အဆင်းအဝ သံတံခါးနားတွင် သူ့ထက်ငါ တိုးဝှေ့လျက် ရှိကြသည်။

သင်္ဘောမရပ်မီ မဆင်းရန်၊ သံတန်း သံပေါင် သံတံခါးတို့ကို ကျော်မဆင်းရန် သင်္ဘောမှ တာဝန်ရှိသူတို့ကလည်း အော်ဟစ်သတိပေးလျက် ရှိကြသည်။

သင်္ဘောကြီးမှာ ဆိပ်ခံတံတားသို့ ဆိုက်ကပ်လိုက်သည်နှင့် သင်္ဘောကို ကြိုးဖြင့် ဆွဲချည်ပြီးသည့်အခါ သင်္ဘော အောက်ထပ်ဘေးရှိ သံတံခါးကို ဘေးသို့ တွန်းထိုး ဖွင့်ပေးလိုက်သည်နှင့် ခရီးသည်များမှာ သူ့ထက်ငါ တိုးဝှေ့ ထွက်လာကြပါတော့သည်။ ခရီးသည်များသည့် အလျောက် တော်တော်နှင့် လူမရှင်းသေးပါ။

ခရီးသည်များ ကုန်သလောက် ရှိလျှင် ရှမ်းတိုက်ပုံရင်သား ရှီးရာဝတ်စုံကို ဝတ်ဆင်ထားသော လုလင်ပျိုတစ်ယောက်သည် သင်္ဘောပေါ်မှ ထီမထင်သော မျက်နှာဖြင့် ခံ့ညားစွာ ဆင်းသက်လာသည်။

ရှမ်းတိုက်ပုံ ရင်ဖုံးအကျႌကို ဘဲရုံခေါ် ရွှေချည်ထိုး အနားများဖြင့် ခံ့ညားစွာ ကွပ်ထားသည်။ အပြာရောင် ဖဲသား ရှမ်းတိုက်ပုံနှင့် ရှမ်းဘောင်းဘီတို့အပေါ်တွင် ရွှေချည်ထိုးများဖြင့် ဆင်ယင်ထားသောကြောင့် မြင်ရသည်မှာ ခံ့ညားသပ်ရပ်လှသည်။

ခေါင်းတွင်လည်း ရွှေကျင်ခပ်ပဝါကို အစထောင်၍ ရှမ်းပေါင်း ပေါင်းထားသော်လည်း အသားဖြူဖြူ၊ နှုတ်ခမ်းမွေးရေးရေးနှင့် လူပုံချောဖြစ်ပြီး အထက်တန်းကျကျ ဝတ်ဆင်ထား၍ ရှမ်းစော်ဘွား အနွယ်တော်ပေပဲလား။ ကျမိုင်း ကိုယ်တော်လေးပေပဲလားဟု ဝေခွဲမရနိုင်ပေ။*(ခေါ်ရလွယ်ကူအောင် ရှမ်းမင်းသားလေးဟု ခေါ်ပါမည်။)*

ရှမ်းမင်းသားလေး ကုန်းပတ်ပေါ်သို့ ရောက်သည်နှင့် နောက်တော်ပါ(ငယ်ကျွန်)တစ်ယောက်က အရိုးရှည် ရွှေထီး



www.burmeseclassic.com

www.burmeseclassic.com

ကိုဖွင့်၍ နောက်မှနေ၍ မိုးလိုက်သည်။ နောက်တော်ပါ နှစ်ယောက် ပင်နီရှမ်းဝတ်စုံကို ဝတ်ဆင်၍ ဆောင်ဓားကိုယ်စီလွယ်၍ နောက်တော်ပါးမှ ခစားလိုက်ပါလာသည်။

သက်တော်စောင့်များပင် ဖြစ်ပေမည်။ နောက်တော်ပါတစ်ယောက် ဆေးနီရောင် သုတ်ထားသော သိုင်းတုတ်ရှည်(၁၀)ချောင်းခန့်နှင့် လှံရှည်(၂)ချောင်းတို့ကို ကြိုးဖြင့်စည်းလျက် ပခုံးထက်တွင်တင်ကာ ထမ်းလာသည်။

နောက်ဆုံးတစ်ယောက်ကတော့ အဝတ်အစားထည့်သည့် နိုင်ငံခြားဖြစ် ဖိုင်ဘာယူနီဖောင်း သေတ္တာအသေးတစ်လုံးကို ကျောတွင်တင်လျက် ထမ်းပိုးလာသည်။

ထိုရှမ်းမင်းသားကို မြင်တွေ့လိုက်ရသည်မှာ ခံ့ညားပန့်ရလှသည်။ မြင်ရသည်နှင့် အထင်ကြီး လေးစားစိတ်ဝင်လောက်သည်။ ရှမ်းမင်းသားက ဘော်ကြယ်များ ထိုးထားသော ကတ္တီပါအိတ်အနက်ဖြင့် ချုပ်ထားသော နောက်ပိတ်ဖိနပ်ကိုစီးလျက် ခြေတစ်လှမ်းချင်း လှမ်းလျက် ခံ့ညားစွာ လျှောက်လှမ်းသွားပါသည်။

မြင်ရသူအပေါင်းက တအံ့တသြနှင့် ငေးကြည့်နေကြသည်။ သူ၏ ဦးတည်ချက်နေရာသည်ကား မော်ကျွန်းဦးကောဟု နာမည်ကျော်ကြားသော ဆရာတော် ဦးကောသလ္လ သီတင်းသုံးရာ မော်ကျွန်း ကန္တာရကျောင်းကြီးဆီသို့ပင် ဖြစ်ပါသည်။

မော်လမြိုင်ကျွန်း ကန္တာရကျောင်းကြီးမှာ အုန်းပင်များ တစ်ထောင်ကျော်ခန့်ဖြင့် ဝန်းရံလျက် အေးချမ်းငြိမ်သက်စွာ ရှိနေပါသည်။ မော်ကျွန်းသို့ လင်းလင်းချင်းချင်း ရှိချိန်တွင် သင်္ဘောဖြင့် ဝင်ရောက်လာမည်ဆိုလျှင် အုန်း



တောကြီးဖြင့် ညို့မှိုင်းနေသော ကန္တာရကျောင်းကို အဝေးမှပင် လှမ်းမြင်နေရပါသည်။

စိမ်းစိုညို့မှိုင်းနေသော အုန်းတောကြီးက ကျောင်းကို ဝိုင်းပတ်ဖုံးကွယ်ထားခြင်းကြောင့်ဖြစ်သည်။

**ထို ကန္တာရကျောင်းဆရာတော် ဦးကောသလ္လ (ဆရာတော်ဦးကောဟုသာ ရာဇဝင်တစ်ကြောတွင် ထင်ရှားကျော်ကြားလျက် ရှိပါသည်။)** မြန်မာ့သိုင်းပညာကို ခြေခြေမြစ်မြစ် သင်ယူပြီး တပည့်များကို ပြန်လည်သင်ကြားပေးလျက် ရှိပါသည်။

သူ၏ကျောင်းတွင် သိုင်းပညာသင်ယူသော တပည့်များ၏ နေရေးထိုင်ရေး စားရေးသောက်ရေး ပညာရေးတို့ကိုပါ တာဝန်ယူသည်။ အနည်းဆုံး ကျောင်းမှာ (၅)နှစ် သိုင်းပညာ သင်ယူရသည်။ ဆက်လက် ပညာသင်ယူချင်လျှင်လည်း မိမိ သင်ယူချင်သလောက် မတောင့်မတ မကြောင့်မကြ သင်ယူနိုင်သည်။

သိုင်းသင်တန်းချိန် လေ့ကျင့်ချိန်များမှ ကင်းလွတ်သော အချိန်များတွင် ကျောင်းတက်နိုင်သည်။ အလုပ် လုပ်နိုင်သည်။ မော်လမြိုင်ကျွန်း၏ အခမဲ့ သိုင်းတက္ကသိုလ်ကြီးဟုပင် ခေါ်နိုင်လောက်ပါသည်။

ဆရာတော်ဦးကောသည် သူကိုယ်တိုင် သင်ကြားပေးသည့်အပြင် အခြားနာမည်ကျော်ကြား ထင်ရှားသော သိုင်းပညာရှင် သိုင်းဆရာများကိုလည်း ကျောင်းသို့ ဖိတ်ကြား၍ သူ့တပည့်များအား ဖြည့်ဆည်းသင်ကြားပေးသည်။

ဆရာတော်၏ မူလဆရာကြီးများမှာ စာရေးသူ(ကျွန်တော် မင်းယက္ခ)၏ ဆရာကြီးဖြစ်သော ဆရာကြီး ဓားတစ်လက်ဦးနေဝင်း၊ သိုင်းပြောင်းပြန် ဆရာကြီး ဦးမောင်လေးနှင့် ရှမ်းတရုတ်(အခြေသိုင်း)ဆရာကြီး ဦးမောင်းတို့ပင် ဖြစ်ပါသည်။

ထိုသို့ တပည့်များအား ကိုယ်တိုင်ဖိတ်ကြား၍ ပညာသင်ကြားပေးသည့်အပြင် အခြားအခြားသော သိုင်းပညာရှင်များကို ဖိတ်ကြား၍ ဖြည့်ဆည်းသင်ကြားပေးသောကြောင့် ဆရာတော် ဦးကော၏ သိုင်းတပည့်များမှာ သိုင်းပညာမျိုးစုံကို ကျွမ်းကျင်စွာ တတ်မြောက်သောသူများ ဖြစ်ကြပါသည်။

မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်က ကြီးမှူးကျင်းပပေးခဲ့သော ရာဇဝင်တိုင်းဒေသကြီး မြန်မာ့ရိုးရာ သိုင်းပညာပြိုင်ပွဲကြီးတွင် ဆရာတော်၏ တပည့်ရင်းများဖြစ်ကြသော ဆရာမ မသန်းလှ၊ ဆရာမ တင်တင်ဝင်းနှင့် ဆရာမျိုးမြင့်တို့အပါအဝင် **"မော်ကျွန်းသိုင်းအဖွဲ့ကြီး"**က ရွှေတံဆိပ်(၅)ခု၊ ငွေတံဆိပ်(၅)ခုဖြင့် သိုင်းတံခွန်စိုက် စွယ်စုံဆုကြီးကို ရရှိခဲ့ဖူးပါသည်။

ရှေ့လ ဆက်ဖတ်ပါရန်

**ဆရာကြီး မင်းယက္ခ**
*(တိုက်ပွဲဝင်)*



www.burmeseclassic.com

www.burmeseclassic.com

တိမ်မြုပ်နေသော

# မြွေဆိပ်ချ မန္တန်တစ်ခု

နေဘိုး



ဥုံ... ဟမေ ရှိနီကေ နေရီ
ဖို့ရီ ဘေရီ ကွန်(န်) ကွန်(န်)
ယဉ်ရှိ ခါရေ အာကေ
ကာရ်လေ ကာလ် ကာရ်တေ
ကာရ်ရှီ ဘသူမေ နိုမ်း(နစ်)
အစ်ဇုဂိုရာ ဘာရဖာတီ ကီ
ဘာကျား မဟာဒေဗီ ဒူဟိုင်းရ်
မရ်ဟာ မရ်ဟာ ကီ ဒူဟိုင်းရ်
နိ နာ ကျုမန် ဖိုင် ကီး
လားစ် ဒူဟိုင်းရ် ရေး ။

အထက်ပါ ဂါထာသည် ဟိန္ဒူဘာသာဖြင့် ရေးသားထားမှုအား အနီးစပ်ဆုံး မြန်မာအသံထွက်ထားခြင်း ဖြစ်ပါသည်။ နဂ္ဂတ္တရောင်ခြည်မဂ္ဂဇင်းတွင် တိမ်မြုပ်နေသော ရှေးဟောင်းပညာများ ဖော်ထုတ်နေရာတွင် မြန်မာနိုင်ငံအတွင်း မြွေဆိပ်ချ ကုသမှု ပြုခဲ့သည့် ပညာရပ်တစ်ခုအား ဖော်ထုတ်တင်ပြပေးလိုက်ပါသည်။

လွန်ခဲ့သည့်နှစ်(၃၀)ခန့်က ဇောတိသဝေဒမဂ္ဂဇင်းတွင် မြွေဆိပ်ချကုသမှုအား ဖော်ပြခဲ့ပြီး အဆိုပါမန္တန် မရရှိခဲ့ကြောင်း၊ မြွေဆိပ်ချကုသမှု နည်းပညာရပ်တစ်ခု ဆုံးရှုံးခဲ့ရသည်ကို ဝမ်းနည်းကြောင်း ဖတ်ရှုခဲ့ရပါသည်။ အကြောင်းအရာ အကျဉ်းချုပ်မှာ...

'ဒိုက်ဦးနယ်ဘက်တွင် မြွေကိုက်ခံရသူအား ကုသရာ၌ ချစ်တီးကုလားကြီးတစ်ဦးမှ လူနာ၏ ကျောပြင်ပေါ်တွင် ကြေးလင်ပန်း ကပ်ထားပြီး လက်လှမ်းမမီသည့် နေရာမှ ဂါထာမန္တန် ရွတ်ဆို၍ မြေစိုင်ခဲလေးများဖြင့် ပစ်ပေါက်ကုသကြောင်း၊ လူနာမှာ လက်နှစ်ဖက်ကို သောချထား၍ ခြေဆင်းထိုင်ထားပြီး ကျောပေးအနေအထားဖြစ်ကြောင်း၊ မြွေဆိပ်မရှိသည်နှင့် လင်ပန်း ကွာကျသွားကြောင်း' စသဖြင့် ဖော်ပြပါရှိပါသည်။

စာရေးသူ အမှုထမ်းဘဝဖြင့် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ တာလောကြီးကျေးရွာသို့ ၁၉၈၈ ခုနှစ်ဦးပိုင်းတွင် တာဝန်အရ ရောက်ရှိခဲ့ပါသည်။ တာလောကြီးကျေးရွာ၌ ရှမ်းရွာ၊ ကချင်ရွာ၊ ဂေါ်ရခါးရွာ၊ တရုတ်ရွာ ဟူ၍ ကွဲပြားသည်။

စာရေးသူ လက်အောက်ရှိ တပ်ကြပ်ကြီးရဲမြင့်(ကွယ်လွန်)၏ မိတ်ဆက်ပေးချက်အရ တာလောကြီး ဂေါ်ရခါးကျေးရွာမှ ဆေးဆရာ ဘီးလ်ဗဟာဒူးနှင့် သိကျွမ်းခဲ့ရပါသည်။

စာရေးသူတို့ ရင်းနှီးမှုအရ နယ်မြေဒေသ စီးပွားရေး၊ လူမှုရေး၊ ထူးခြားသော ဖြစ်စဉ်အကြောင်းအရာများ စကားလက်ဆုံပြောကြစဉ် ဆရာဘီးလ်ဗဟာဒူးမှ မြွေကိုက်ခံရသူအား ကြေးလင်ပန်း အသုံးပြု ကုသနိုင်ကြောင်းသို့ ရောက်ရှိသွားပါသည်။

စာရေးသူမှ ဝေဒမဂ္ဂဇင်းတွင် ဖတ်ရှုဖူးသည့် အကြောင်းအရာ အကျဉ်းချုပ်အား ပြောပြ၍ အဆိုပါ ကုထုံးလားဟု မေးမြန်းခဲ့ရာတွင် ဆရာဘီးလ်ဗဟာဒူးမှ ဟုတ်မှန်ကြောင်းနှင့် ယင်းကုသနည်းတွင် မန္တန်တစ်ခုရှိကြောင်း ပြောပြပါသည်။

စာရေးသူမှ ရှင်းပြ ပြောပြ သင်ပြပေးနိုင်ပါက ရှင်းပြ ပြောပြ သင်ပြပေးပါရန်လည်း ပြောဆိုခဲ့ရာ အထက်ပါ ဂါထာမန္တန်အား မြန်မာအသံထွက်ဖြင့်လည်းကောင်း၊ ဟိန္ဒူဘာသာဖြင့်လည်းကောင်း ရေးသားပေးပါသည်။

စာရေးသူနှင့် ဆရာကြီး ရဲမြင့်တို့မှ အဆိုပါ ဂါထာမန္တန်အား မည်သို့မည်ပုံ ရရှိသည်ကို မေးမြန်းခဲ့ရာ ဆရာဘီးလ်ဗဟာဒူးမှလည်း ပညာရရှိမှု၊ ပညာရရှိရန် ကျင့်ကြံဆောင်ရွက်မှု၊ ကုသမှု နည်းလမ်းများကို အသေးစိတ် အောက်ပါအတိုင်း ရှင်းပြခဲ့ပါသည်။

## ငယ်စဉ်ကာလ ပညာရ

ဆရာဘီးလ်ဗဟာဒူးသည် အသက်(၂၀)ဝန်းကျင်၌ မြစ်ကြီးနားအထက်ဘက် တောများတွင် တောလည်ခဲ့ရာ တစ်ရက်တွင် ကိုင်းတောကြီးအတွင်း၌ ဆာဒူးဘုန်းကြီးတစ်ပါးနှင့် ဆုံတွေ့ခဲ့ပါသည်။ ယင်းဆာဒူးဘုန်းကြီးသည် မည်သည့်နေရာမှ မည်သို့ ရောက်ရှိလာသည်၊ မည်သို့ ကျင့်ကြံသည်ကို မသိရှိဘဲနှင့် တွေ့ဆုံမှုအရ လူငယ်ဘာဝ ဂါရဝတရားဖြင့် ရေလှူဒါန်းလျက် အရိုအသေ ပြုခဲ့ပါသည်။

နောက်နောင်ရက်များတွင် တစ်စတစ်စ ရင်းနှီးလာခဲ့ရာ တစ်နေ့တွင် မြွေကိုက်ခံရသူတစ်ဦးအား အဆိုပါ ဆာဒူးဘုန်းကြီးမှ ကုသပေးသည်ကို တွေ့မြင်လိုက်ရပါသည်။

လူနာအနေဖြင့် လွန်ခဲ့သည့် တစ်လပ်ခန့်က မြွေစိမ်းမြီးခြောက်ကိုက်ခံရပြီး

www.burmeseclassic.com

ဆရာစုံဖြင့် ကုသနေမှုကြောင့် ပေါင်တစ်ဖက် ရောင်ရမ်းနေပြီး အနာမှာ ပုပ်စပြုနေပြီဖြစ်ကြောင်း သိခဲ့ရပါသည်။

ဆာဒူးဘုန်းကြီးမှ မြွေဆိပ်ချမန္တန်ဖြင့် ကုသပေးရာ ပျောက်ကင်းသွားသည်ကို မျက်မြင်တွေ့လိုက်ရပြီးနောက် ဘီးလ်ဗဟာဒူးလေးသည် အဆိုပါ မြွေဆိပ်ချကုသမှု ပညာသင်ကြားပေးပါရန် တောင်းခံခဲ့ပါသည်။

ဆရာဘီးလ်ဗဟာဒူးသည် ဆာဒူးဘုန်းကြီးထံမှ ပညာရရှိချိန်တွင် အသက်(၂၀)ခန့်သာရှိပြီး မည်သည့် ပညတ်ချက်မှ မပါဘဲ ဆာဒူးဘုန်းကြီးမှ သင်ပေးခဲ့ခြင်း ဖြစ်ပါသည်။

## ဂါထာမန္တန် သင်ယူဟန်

အဆိုပါ ဂါထာမန္တန်အား စတင်သင်ယူရာတွင် **လငပုပ်ဖမ်း(လကြွတ်)သည့်နေ့မှသာ စတင် သင်ယူရပါသည်။** သင်ယူရာတွင် ဆိုရာ၌ မြွေဆိပ်ချဂါထာမန္တန်အား ဦးစွာ အလွတ်ရအောင် ကျက်မှတ်ထားရမည် ဖြစ်ပါသည်။

ပညာသင်ယူသူသည် ကန်၊ ချောင်း၊ မြစ်များအတွင်း လည်ပင်းအထိ နစ်မြုပ်နေသော နေရာမှ မတ်တတ်ရပ်လျက် လမင်းအား ကြည့်နေရကြောင်း၊ လငပုပ်ဖမ်း(လစတင်ကြွတ်) သည်နှင့် တစ်ပြိုင်နက် အဆိုပါ မြွေဆိပ်ချမန္တန်အား (၁၀၈)ခေါက် ပြည့်အောင် ရွတ်ဖတ်သရဇ္ဈာယ်ရမည် ဖြစ်ပါသည်။

လငပုပ်ဖမ်းချိန်အတွင်း (၁၀၈) ခေါက်ပြည့်လျှင် ပိုမိုကောင်းမွန်ကြောင်း သိရပါသည်။ အကယ်၍ ဂါထာမန္တန်အား ရွတ်ဆိုရမည့် အချိန်တွင် လည်ပင်းအထိ ရေမြုပ်သော နေရာများ မရှိပါက အကျပ်အတည်း အခက်



အခဲဖြစ်သော နေရာ(ဥပမာ၊ သစ်ပင်ထိပ်ဖျားတက်၍ လည်းကောင်း၊ မြို့တိုင်ထိပ်ဖျားတွင် ငုတ်တုတ်ထိုင်နေ၍သော် လည်းကောင်း စသဖြင့်)များတွင် လည်း ရွတ်ဖတ်၍ရကြောင်း သိရသည်။

## ကုသရန်အတွက် ဆေးမခက်

လငပုပ်ဖမ်းချိန်အတွင် အဆိုပါ ဂါထာမန္တန်အား ရွတ်ဆိုပြီးနောက် မြွေကိုက်ခံရသူအား ကုသမည်ဆိုပါက အောက်ပါအတိုင်း ဆောင်ရွက်ရမည် ဖြစ်ပါသည်။

ယင်းမှာ ကြွက်တွင်းထဲမှ မြေကြီး (သို့မဟုတ်) ပင်စိမ်း(လူမစားရသေးသောအပင်) အောက်မှမြေကြီး၊ (သို့မဟုတ်) လူမနင်း လူမထိသည့် ချောင်း၊ မြစ်ကမ်းပါးဘေးနံရံမှ မြေကြီးကို လက်ဝါးနှစ်အုပ်ခန့် ယူရပါမည်။ ထို့နောက် ဆန်လက်တစ်ဆုပ်ခန့်နှင့် ပန်းအနည်းငယ် (မည်သည့်ပန်းမဆို)ရော၍ နှပ်ထားရပါမည်။

## ကုသဟန်ပြင် လုပ်နည်းစဉ်

ယင်းနောက် ဟိန္ဒူချစ်တီးကုလားများ အသုံးပြုသည့် ကြေးလင်ပန်းကို ယူ၍ ဖင်ဘက်အား မြွေဆိပ်ချဂါထာမန္တန်ဖြင့် (၇)ကြိမ်တိတိ ရွတ်ဖတ်မန်းမှုတ်ရမည်။ ထို့နောက် ကြေးလင်ပန်းဖင်ဘက်ကို မြေကြီး၊ ဆန်၊ ပန်း ရောနယ်ထားသည့်နှင့် သုတ်လိမ်းပေးရမည်။

ယင်းသို့ သုတ်လိမ်းနေစဉ်အတွ… မြွေဆိပ်ချဂါထာမန္တန်အား (၇)ကြ… ရွတ်ဆိုရမည်။ ဆေးကုသခံယူမည့်… လူနာသည် ဆေးဆရာအား ကျော… ၍ ခြေဆင်းထိုင်နေရမည်။ ခန္ဓာကိုယ်… အထက်ပိုင်းအား အင်္ကျီချွတ်(ဗလာ… ကျင်း)ထားရမည်။ ခါးဝတ်ပုဆိုး… ဖြေလျှော့ထားရမည်။

ထို့နောက် ကုသမည့် ဆေး… လူနာ၏ ကျောပြင်သို့ ကြေးလင်… ဖင်ပိုင်းအား ကပ်တင်ထားလိုက်ရ… ဂါထာမန္တန်အစွမ်း ရှိသဖြင့် အ… ပစ်တင်၍ရကြောင်း၊ သို့ရာ… ဆရာစရဏ ပါရှိနေသဖြင့် မလုပ်… ကြောင်း လက်ဖြင့်ပင် အသာတင်… ရန် ရှင်းပြပါသည်။

ကြေးလင်ပန်းသည် လူနာကျော… နှင့် ထိလိုက်သည်နှင့် ကပ်နေ… ဖြစ်သည်။ ထိုသို့မဟုတ်ဘဲ … ခေတ္တ စောင့်ဆိုင်းပြီး ကြေးလင်… အား မန္တန်ဖြင့် ပြန်လည် ရွတ်… ထပ်မံ ကပ်ထားပေးရမည်။

ကြေးလင်ပန်းဖင်နှင့် လူနာ… ပြင် ထိကပ်နေပါက မြေကြီး၊ ဆ… ပန်း ရောနယ်ထားသည့် မြေကြီး… အား လောက်စာလုံးသဖွယ် … လူနာကျောပြင်ရှိ ကြေးလင်ပန်း… ဂါထာမန္တန် ရွတ်ဆိုလျက် လှမ်း… နေရမည်။

မြွေဆိပ် ကုန်သွားလျှင်… လည်းကောင်း၊ မြွေဆိပ် များပြား… သော်လည်း ကြေးလင်ပန်းမှာ ကျွ… လာမည်ဖြစ်သည်။ ထိုအခါ … လင်ပန်းအား ဆေးကြော၍ … မန္တန်ဖြင့် သိဒ္ဓိတင်ထားသည့် မြေ… အား ပြန်လည် သုတ်လိမ်းပေး…

ပြန်လည် သုတ်လိမ်းပြီး… လူနာ၏ ကျောပြင်သို့ ထပ်မံ ထိ…






www.burmeseclassic.com

www.burmeseclassic.com

…ထားရမည်။ မြွေဆိပ် လုံး၀ မရှိ …ပါက ကြေးလင်ပန်းသည် ထိကပ် …ည် မဟုတ်ဘဲ ကြေးလင်ပန်း …ပ်နေပါက အဆိပ်များ ရှိနေသေး … သိနိုင်ပါသည်။

အဆိပ်များပြားသည့်အတွက် ထပ်မံ …မြေကြီး၊ ဆန်၊ ပန်း ရောနယ်ထား …ည့် မြေများဖြင့် ကြေးလင်ပန်းအား



…ဆိပ်ချဂါထာမန္တန်ဖြင့် ရွတ်ဆို …တ်လိမ်းခြင်းများ ပြုလုပ်ကာ လူနာ …ပြင် ပြန်တင်ခြင်း၊ မန္တန်ရွတ်ဆို၍ …ကြီးပစ်ပေါက်ခြင်းများ ထပ်မံ …ပ်ရမည်။ မြွေဆိပ် လုံး၀ မရှိတော့ … ကြေးလင်ပန်းနှင့် ကျောပြင်မှာ …ကပ်ထား၍ မရတော့ပါ။

…စာရေးသူအနေဖြင့် မြန်မာ့ရိုးရာ …များကိုလည်း တွေ့ရှိရပါသည်။ …င်ကျော်ပညာတွင် မည်သည့် …မှ မပါရှိဘဲ ကုသမှုအား ကြုံဖူးပါ …ည်။ ဆရာ့သိက္ခာ အကျင့်စရဏ …ာ ကောင်းမွန်မှုသာ ဖြစ်ပါလိမ့်မည်။ …အခြားသော ပညာရှင်များလည်း ရှိပါလိမ့်မည်။

သို့ရာတွင် ဇောတိသ၀ေဒ မဂ္ဂဇင်းပါ ဒိုက်ဦးနယ်ဘက်တွင် မြွေကိုက်ခံရသူများအား ချစ်တီးကုလားကြီး၏ တိမ်မြုပ်နေသော မန္တန်အား ဘီးလိဗဟာဒူး ရေးပေးထားသော လက်ရေးမူအတိုင်း တင်ပြပေးလိုက်ပါသည်။

**စာကြွင်း ။ ။ ဆရာ ဖိုးသူတော်ကြာပေါ်ကတော့ မြန်မာလိုအဓိပ္ပာယ်ဖော်ပြလိုက်လျှင် ပိုကောင်းမှာ မှတ်ချက်ပြုပါသည်။**

**ရေးတေးတေး မှတ်မိသမျှကတော့ တောထဲမှာ ရှိကြကုန်သော မြွေအပေါင်းကို သျှီ၀နတ်ဘုရားက အမိန့်ပေးသည် ထင်ပါသည်။**

**ထပ်မံဖြည့်စွက်ပေးနိုင်မည့် ဟိန္ဒူဘာသာ ပညာရှင်များကို တောင်းပန်အပ်ပါသည်။ ဘာသာ ပြန်ပေးပါကြဟု…။**

**နောင်ရိုး**

စာမျက်နှာ (၂၂၈)မှ အဆက်

တွင် အဖုအနာ၀ေဒနာများ ဖြစ်ပွားခံစားရဖွယ်ရှိသည်။



**✣ ကြက်နှစ်ဖွား**

မတော်တဆဖြစ်မှု ဘေးအန္တရာယ်များ သတိထားပါ။မင်းစိုးရာဇာနှင့် အပြောအဆိုအဆင်မပြေဖြစ်တတ်သည်။

အများနှင့်တစ်ယောက် ဆန့်ကျင်ပြောဆိုပြုမူခြင်းကို ရှောင်ရှားသင့်သည်။ လောင်စာနှင့် လျှပ်စစ်ပစ္စည်းများကြောင့် ငွေကြေးအမြတ်အစွန်း ရနိုင်သည်။



**✣ ခွေးနှစ်ဖွား**

အသစ်အဆန်း တီထွင်ဖန်တီးမှုများ အကျိုးပေးမည်။ ရောင်း၀ယ်ဖောက်ကားရာတွင် ကုန်ပစ္စည်းအသစ်၊ ဈေးကွက်အသစ်တို့ကို ထိုးဖောက် ၀င်ရောက်သင့်သည်။

မြေပြန့်လွင်ပြင်ဒေသများသို့သွားရောက်ခြင်းဖြင့် ကျန်းမာရေး၊ လူမှုရေး အခက်အခဲများပြေရှေလျော့သွားနိုင်သည်။ မရွှေ့မပြောင်းနိုင်သောပစ္စည်း၀င်ကိန်းရှိသည်။



**✣ ၀က်နှစ်ဖွား**

အခက်အခဲ ပြဿနာများအတွက် အကူအညီများရရှိနိုင်သည်။ ပြောစကား ဆိုစကား အောင်မြင်၍ပတ်၀န်းကျင်မှ လေးစားခြင်းခံရတတ်သည်။

အထည်အလိပ် ပစ္စည်းများမှ ငွေကြေးအမြတ်အစွန်း ရရှိနိုင်သည်။ ကွဲကွာနေသော မိတ်ဆွေဟောင်း၊ အိမ်သူအိမ်သားနှင့် ပြန်လည် ဆုံတွေ့ဖြစ်မည်။လက်အောက်ငယ်သား အခြွေအရံ ပေါ်များသောကာလ ဖြစ်သည်။

ဤလတွင် **ကံကြမ္မာ နိမ့်ပါးသူတို့သည်** ဘုန်းတော်ကြီးကျောင်း၊ ဘုံဘုရားကျောင်း၊ ဘာသာရေးအဖွဲ့အစည်းများသို့ ကြေး၊ သံ၊ စတီးဖြင့် ပြုလုပ်ထားသော အိုးခွက်တစ်ခုခု လှူဒါန်းပါ။ အနှောင့်အယှက်များ လျော့ပါးပျောက်ကွယ်၍ ကြံဆောင်သမျှ အောင်မြင်နိုင်ကြပါလိမ့်မည်။

***ကြံဆောင်သမျှ အောင်မြင်ကြပါစေ***

**ဟူဂျင်းဖီ**




www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊ မတ်လအတွင်း
ပုံရိပ်ရှင်ထိုး၏

# ကံကြမ္မာ

ဟူကျင်းစီ (Hu Jin Zhi)



ဤလတွင်...



**✣ ကြွက်နှစ်ဖွား**

စူးစမ်းလေ့လာတတ်သော ဉာဏ်ကြောင့် ဒုက္ခရောက်ရကိန်းရှိသည်။ အထင်မြင် လွဲမှားခံရခြင်း၊ ဓားခုတ်ရာ လက်လျှိုမိခြင်းတို့ ကြုံရတတ်သည်။

မိခင်နှင့် မိခင်၏ ဆွေမျိုးသားချင်းများအတွင်း စိတ်မသက်သာဖွယ် ဖြစ်ရပ်များ ကြုံဆုံရမည်။ သစ်,ဝါး,ကြိမ် သစ်တောထွက်ပစ္စည်းများ ဝင်နိုင်သည်။



**✣ နွားနှစ်ဖွား**

အိမ်ခြံမြေနှင့် ပတ်သက်၍ ပြောဆို ငြင်းခုံရတတ်သည်။ သွားနှင့်ခံတွင်းဆိုင်ရာ ဝေဒနာများ သတိထား၍ ကာကွယ်ကုသပါ။

ချစ်သူ၊ သံယောဇဉ်ရှိသူနှင့် ဝေးကွာ၍ လွမ်းမောတသ နေရတတ်သည့် ကာလဖြစ်သည်။ ကြွေထည် မြေထည် ပစ္စည်းများနှင့် ပတ်သက်၍ အကျိုးအမြတ် ရှိနိုင်သည်။



**✣ ကျားနှစ်ဖွား**

မျှော်လင့်နေသော သတင်းစကားများ ကြားသိရလိမ့်မည်။ မြစ်ကူးချောင်း ခြားခရီး၊ ရေလမ်းခရီးများ သွားလာရကိန်းရှိသည်။

ရပ်ဝေးမှ မိတ်ဆွေသားချင်းတို့ အလည်အပတ် ရောက်လာတတ်သည်။ တစ်ကိုယ်တော် အဖော်မဲ့ အမျိုးသမီးတို့ ဘဝအဖော်မွန်များ ရရှိနိုင်သည်။



**✣ ယုန်နှစ်ဖွား**

ဩဇာတိက္ကမ ကြီးမားမည်။ ဝန်ထမ်းများ ရာထူးတိုးမြှင့် ခန့်ထားခြင်း ခံရဖွယ်ရှိသည်။ ရပ်ဝေး ပြည်ပမှ အဆက်သွယ်၊ မိတ်သင်္ဂဟများ ရရှိတတ်သည်။

အစ်ကို မောင်ညီတို့မှ သားသမီးများအတွက် သုမင်္ဂလ သာရေးကိစ္စများ ပေါ်ပေါက်နိုင်သည်။ ရေထွက်ပစ္စည်းများ လက်ဆောင်ရလိမ့်မည်။



**✣ နဂါးနှစ်ဖွား**

စီးပွား အလုပ်အကိုင် အသစ် ဈေးကွက်အသစ်များ အကျိုးပေးလိမ့်မည်။ အိမ်ဂေဟာ ပြုပြင်မွမ်းမံရတတ်သည်။

အလှူအတန်းကလေးများ ပြုလုပ်၍ စိတ်လက် ကြည်ရွှင်ပျသော ကာလဖြစ်သည်။ နဂါးပျိုမတို့ စပ်ဟပ်ကြောင်းလမ်းခြင်း ခံရကိန်းရှိသည်။



**✣ မြွေနှစ်ဖွား**

ငွေကြေးလာဘ်လာဘ အတန်အသင့် သွက်လက်သောကာလဖြစ်သည်။ မွေးချင်းမောင်နှမများအတွင်း သာရေးနာရေးကိစ္စများ ပေါ်ပေါက်၍ အင်တိုက်အားတိုက် ကူညီလုပ်ကိုင်ပေးရဖွယ်ရှိသည်။

နေအိမ်အတွင်း ပိုးမွှားတိရစ္ဆာန် အဖျက်အဆီး ပေါ်များနေတတ်သည်။ မြွေလုလင်တို့ ဇနီးရကိန်းရှိသည်။



**✣ မြင်းနှစ်ဖွား**

ငွေကြေးအခက်အခဲများ လျော့ပါး၍ ကြွေးမြီအချို့လည်း ပြေလည်သွားနိုင်သည်။ ရေမွှေးနံ့သာ အမွှေးအကြိုင် ပစ္စည်းများ လက်ဆောင်ရတတ်သည်။

ကံတိုက်လုပ်ငန်း အကျိုးပေး ထက်သန်သောကာလဖြစ်သည်။ ကြေး, သံ, စတီး, သတ္တုပစ္စည်းများနှင့် ပတ်သက်၍ ငွေကြေးအမြတ်အစွန်း ရနိုင်ကြ သည်။



**✣ ဆိတ်နှစ်ဖွား**

စီမံကိန်းကြီးများ အကောင်အထည် ဖော်သင့်သော ကာလ ဖြစ်သည်။ ကြံစည်လုပ်ကိုင် သမျှ အောင်မြင်ဖြစ်ထွန်းမှု များပြား အဆင်ပြေလိမ့်မည်။

ဝမ်းနည်းကြေကွဲဖွယ် ကိစ္စများ ငြိမ်း ပျောက်ပျက်သွားနိုင်သည်။ ဟင်းခတ်အမွှေးအကြိုင်၊ တွင်းထွက် ပစ္စည်းတို့နှင့် ပတ်သက်၍ အကျိုး အမြတ် များပြားတတ်သည်။



**✣ မျောက်နှစ်ဖွား**

စွန့်စားသော လုပ်ငန်းကိစ္စများ လုပ်ကိုင် ဆောင်ရွက်ရဖွယ်ရှိသည်။ အလုပ်အကိုင် နေရာဒေသ ရွှေ့ပြောင်း ရတတ်သည်။ တောင်ကုန်းမြေ ဒေသများတွင် စီးပွားရေး၊ ကျန်းမာ အကျိုးအမြတ် တိုးတက်ဖြစ်ထွန်း သည်။

လျှာ၊ လည်ချောင်းနှင့်ပတ်သက်





www.burmeseclassic.com

www.burmeseclassic.com



မြေမှိုချစ်
(နတ်မောက်)

# ကျီးပြုံနိမိတ်နှင့် ပတ်သက်၍

သိသမျှ ဖြေကြားလိုက်ပါသည်

**၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလထုတ်၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာမျက်နှာ (၃၁)တွင်ဆရာစစ္စာမိုး(တောင်ငူ)မှ "ကျီးပြုံနိမိတ်နှင့် ပတ်သက်၍ သိသူများမှ ဖြေကြားပေးပါရန်"** စာမူကို ဖတ်ရှုသဖြင့် ဤစာကို ရေးသားပါသည်။

အမှန်ပင် ဖြစ်ပါသည်။ ကျီးပြုံလျှင် တစ်ခုခု ထူးခြားမှု၊ ပြောင်းလဲမှု တစ်ခုခု ဖြစ်တတ်, ကြုံရတတ်ပါသည်။

လွန်ခဲ့သည့် အနှစ်လေးဆယ်ခန့်က ကျွန်ုပ်၏ ဇာတိမွေးရပ်ရွာတွင် ညအခါ ကျီးပြုံပြီဆိုလျှင် တစ်ရွာလုံး မအိပ်ရဲတော့ပါ။ သတိဝီရိယနှင့် ဟေး၊ ဝူး၊ ဝါးနှင့် အသံပေးနေကြရပါသည်။

အဘယ်ကြောင့်ဆိုသော် ထိုကာလက ကျွန်ုပ်၏ ရွာလေးမှာ အိမ်ခြေ ကိုးဆယ်ခန့်သာရှိပြီး အလွန်လည်း တောထူထပ်ပါသည်။ ကြိုးဝိုင်း သစ်တောနှင့်လည်း အတော်နီးသည်ဟု ဆိုနိုင်ပါသည်။

သို့အတွက် ညအခါတွင် ကျား၊ ကျားသစ် ဆိုသည်မှာ အပြင်မှ ချောင်းမြောင်းကပ်လာပြီး ကျွဲ,နွား,သိုး,ဆိတ်, ဝက်, နောက်ဆုံး ကြက်ဖြစ်ဖြစ် သူတို့ အစာအဖြစ် ဝင်ဆွဲလေ့ ရှိပါသည်။ အချို့ကျားရဲများမှာ လူကိုပင် အလွတ်မပေး ဝင်ဆွဲတတ်ပါသည်။

သို့အတွက် ကျီးပြုံခြင်းသည် ရွာအပြင်ဘက် တပ်စည်းကို ကျား (သို့မဟုတ်) ကျားသစ် တစ်ကောင်ကောင် ရွာအနီး ကပ်နေပြီဖြစ်သည့် အချက်ပြ,သင်္ကေတဖြစ်သဖြင့် တစ်ရွာလုံးဝါးအလက်တောက်ခေါက်ခြင်း၊ ဟေး, ဝူးနှင့် ညာသံပေးခြင်း ပြုခဲ့ရပါသည်။

ထိုသို့ မပြုလုပ်လျှင် လူ သို့မဟုတ် ကျွဲ,နွား,သိုး ,ဆိတ် တစ်ကောင်ကောင် တောကောင်၏နောက်သို့ ပါသွားမည်သာ ဖြစ်ပါသည်။

တစ်ကြိမ်တွင် ကျွန်ုပ်ရွာ၏ အနောက်မြောက်ထောင့်မှ ညဦးပိုင်း ကျီးများပြုံရာ ညဉ့်တစ်နာရီကျော်တွင် မီးလန့်မှု (မီးလောင်မှု) ဖြစ်ပွားခဲ့ရပါသည်။

တစ်ခုသော နွေရာသီ ပူပြင်းခြောက်သွေ့ချိန်တွင် ကျီးများသည် တစ်နေ့လုံး ပြုံနေပါသည်။ ပူအိုက်လှသဖြင့် သတိပြု မနေအားကြပါ။

**ထိုညတွင် မထင်မှတ်စွာ အချိန်ကာလမဲ့ မိုးကြီးသည်းထန်စွာ ရွာသွန်းပြီး စပါး တလင်း၊ ပဲတလင်းမှ ကောက်ပဲသီးနှံများ ရေမျောပျက်စီးခြင်း ကြုံခဲ့ရဖူးပါသည်။**

တစ်ခါသော မိုးဦးကျစ ညပိုင်း(၁၀)နာရီခန့်တွင် ကျီးများပြုံရာ တစ်ရွာလုံး အိပ်ရာမှ နိုးထပြီး မိမိအိမ်ဝန်းအတွင်း လိုက်လံကြည့်ကြရာ ရွာအနောက်ဘက်ယိုင်း

www.burmeseclassic.com

အဘဦးဖိုးဆောင်၏ နိုင်းနွားတစ်ရှဉ်း မရှိတော့သည်ကိုတွေ့ရပြီး တစ်ရွာလုံး အရပ်ရှစ်မျက်နှာအနှံ့ ခြေရာခံ လိုက်ရှာရာ နောက်နေ့နံနက်တွင် ခိုးသူများလက်မှ ပြန်လည်ရရှိခဲ့ပါသည်။

ဆောင်းအကုန် နွေအကူး ရာသီဦး တစ်ခါတွင် ကျွန်ုပ်နေအိမ်၏ မြောက်ဘက် သုံးအိမ်ကွာမှာ အစ်မဝမ်းကွဲတော်စပ်သူ အစ်မဒေါ်သိန်းအုပ် တောထဲတွင် နွားစာမြက်ရိတ်ရာမှ မြွေကိုက် ပိုးထိခံရပါသည်။

မြို့ဆေးရုံသို့ အချိန်မီ ရောက်ရှိပြီး မြွေဆိပ်ဖြေဆေးထိုး ဆေးကုသမှုခံယူနိုင်ရာ အသက်မသေပါ။ ဆေးရုံပေါ်တွင် အတွင်းလူနာအဖြစ် ဆယ်ရက်ခန့် ကုသမှုခံယူပြီး ပြန်လည် ကျန်းမာခဲ့သဖြင့် ရွာသို့ပြန်ခဲ့ပါသည်။

အစ်မ ရွာသို့ပြန်ရောက်ပြီး သုံး,လေး ရက်ခန့်ရှိချိန် တစ်ညတွင် ကျီးများပြို ပါသည်။

နောက်နေ့နံနက်တွင် အစ်မဒေါ်ဆစ် ဆုံးပြီဟု တစ်ရွာလုံး သတင်း ပြန့်သွားသည့်အပြင် ရွာအရှေ့ပိုင်းမှ ဦးကြီးဦးအောင်ထွန်းလည်း (အသက် ၈၄နှစ်) လူကြီးရောဂါနှင့် ကွယ်လွန်အနိစ္စရောက်သည်ကို သိလိုက်ရပါသည်။

ကျွန်ုပ်ရွာ၏ အရှေ့ဘက်တွင် ကျေးရွာသုံး ဆည်ရေကန်ကြီး ရှိပါသည်။ ထိုဆည်ရေကန်ကြီးမှရေကို နွေအခါတွင် လူအများ ရေချိုးရန်၊ လျှော်ဖွပ်ရန် အသုံးပြုသကဲ့သို့ ကျွဲနွားတိရစ္ဆာန် ကျေးငှက်များပါ သောက်သုံးကြရပါသည်။ အကျိုးပြု ဆည်ရေကန်ကြီး ဖြစ်ပါသည်။

မိုးလယ်ကာလ မိုးများစွေနေသည့် ညနက်နက်တွင် ကျီးများ ပြိုပါသည်။ နောက်နေ့နံနက်တွင် ဆည်ရေကန်ကြီး ကန်ပေါင်ကျိုး၍ ရေများ မရှိတော့သည်ကို ဝမ်းနည်းစွာ တွေ့မြင်ကြရပါတော့သည်။

ထိုနှစ်နွေက တစ်ရွာလုံး ရေ ဒုက္ခတော်တော် ရောက်ခဲ့ရသည်ကို မှတ်မိနေပါသေးသည်။

အချုပ်ဆိုရသော် ကျီးပြိုခြင်းသည် ကျွန်ုပ် အတွေ့အကြုံအရ မကောင်းသောနိမိတ်သာ ဖြစ်ပါသည်။

သို့သော် ကျီးတွေ ပြိုသောကြောင့် အပျက်အစီး ဒုက္ခရောက်ခြင်း မဟုတ်ပါ။ ထိုသို့ဖြစ်မည်ကို၊ ထိုသို့ပျက်မည်ကို တင်ကြိုသိနေသော သူတို့၏ သဘာဝ မွေးရာပါ ဗီဇမျိုးရိုးအရ သိနေပြီး၊ လူတွေကို အသိပေးခြင်း၊ သတိပေးခြင်း၊ အချက်ပြသင်္ကေတ ဖြစ်ကြောင်း သဘောပေါက် နားလည်ထားစေလိုပါသည်။

သို့သော် အိမ်ရှေ့မှာ ကျီးသာလျှင် တော့.ရပ်ဝေးမှ မိတ်ဆွေ၊ ဆွေမျိုးမွေးချင်း၊ ညှိသည်၊ အဝေးရောက်အိမ်သားတစ်ဦးဦး ပြန်ရောက်မည့် နိမိတ် ထူးပင် ဖြစ်ပါကြောင်း ကျွန်ုပ်ဘဝ ကိုယ်တွေ့၊ လက်တွေ့၊ သိမြင် ကြုံခဲ့ဖူးသမျှ ဗဟုသုတ ဖြန့်ဝေရေးသားအပ်ပါသည်။

***ဗဟုသုတ တိုးပွား၍ အကျိုးကျေးဇူး များကြပါစေ။***

**မြေမိုးချစ် (နတ်မောက်)**

ကျွန်တော်၏ အိမ်ရှင်မ အနည်းငယ် နေမကောင်းသောကြောင့် ဟင်းချက်ရန်အတွက် ဈေးသို့လာ၍ ဝယ်ရာ၌ ကျွန်တော်ဝယ်သော ဆိုင်နှင့် တစ်ဆိုင်ကျော်တွင် အမျိုးသမီး(၄-၅)ယောက် ဝိုင်းဖွဲ့၍ စကားပြောနေကြသည်ကို သတိထားလိုက်သည်။

'ဟဲ့ကောင်မ မိသဲရဲ့၊ တိုးတိုးပြောပါဟယ်။ ယောကျ်ားတွေ ဖြတ်သွားဖြတ်လာနဲ့ ကြားသွားမှဖြင့် ရှက်စရာကြီး'

ဟု အမျိုးသမီးတစ်ယောက်မှ သတိပေးလိုက်၍ အဆိုပါ ခပ်ကျယ်ကျယ် ပြောနေသော မိန်းကလေးမှာ အသံတိုး၍ သွားပါသည်။ ထို့နောက်မှ စကားဆက်ပြီး...

'ဒီလို ကောင်မတွေရဲ့၊ ငါဖြစ်တုန်းကလဲ အဲဒီဆေးနဲ့ ပြုလုပ်ပြီး သောက်လိုက်တာ အဖြူဆင်းရောဂါ သက်သာပျောက်ကင်းသွားတယ်။ အဲဒီဆေးနည်းကို ငါ့အစ်မက ပြောပြခဲ့တာလေ။ ငါ့အစ်မကလဲ အဲဒီဆေးနည်းကို တိုင်းရင်းဆေးခန်းက ဆရာမဒေါ်မြင့်မြတ်က ပေးသွားခဲ့တာတဲ့အေရဲ့'

## အမျိုးသမီးများအတွက်

# အဖြူဆင်းရောဂါ

## သက်သာပျောက်ကင်း ဆေးတစ်လက်

အမျိုးသမီးများ ပြောစကားအရ ကျွန်တော်ကြားလိုက်သည့် ဆေးနည်းက **ရုံးပတီသီးအရင့် (၁၅)တောင့်ခန့်ကို အိုးသစ်မှာ ရေသုံးခွက်တစ်ခွက်** တင် ကျိုပါ။ ရေမတ်ခွက်ကြီး တစ်ခွက် တင်အကျန် ပြုတ် ရည်ကို လက် ဖက်



**ရည်ဖွန်းနှစ်ဖွန်း သကြားထည့်ပြီး ဖျော်ပါ။ နံနက်၊ နေ့လယ်၊ ညနေ တစ်ရက် သုံးကြိမ်မျှ သောက်ရပါမည်။**

**တစ်ပတ်အကြာ သောက်ပေးလျှင်** အမျိုးသမီးတိုင်း ဖြစ်လေ့ဖြစ်ထရှိသော အဖြူဆင်းရောဂါ သက်သာပျောက်ကင်းစေပါကြောင်း သိခဲ့ရပါသောကြောင့် တင်ပြအပ်ပါသည်။

**မဟူရာ (ရောဝတီ) ကသော**



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊ မတ်လ (၁)ရက်မှ (၃၁)ရက်နေ့အထိ
ခုနှစ်ရက်သားသမီးများအတွက်

# ဟောစာတမ်း

ဆရာ ရောင်ခြည်

## ကရကဋ်

**စီးပွားရေး** ။ အလုပ်ရှုံများ၊ အထည်ချုပ်လုပ်ငန်းများ အဆင်ပြေမည်။ အလုပ်သမားများနှင့် အဆင်ပြေပြေ လုပ်ကိုင်ရမည်။ ငွေရေးကြေးရေး အခက်အခဲတွေ့မည်။ ငွေကြေး အရောင်းအဝယ်လုပ်ငန်း ထိန်းလုပ်ပါ။ ပုံမအောပါနှင့်။

**ဝန်ထမ်းရေးရာ** ။ အထက်လူကြီးများ အကူအညီဖြင့် လုပ်ငန်းများ အောင်မြင်ပြီးစီးမည်။ တာဝန်ကို အောင်မြင်အောင် လုပ်ရန်သာ အာရုံစိုက်ပါ။ ငွေကိုင်ရသော လုပ်ငန်းများကို မလုပ်ပါနှင့်။ ငါးစာရဲ့နောက်မှာ ငါးများချိတ်ရှိသည်။

**အိမ်တွင်းရေး** ။ အိမ်တွင်းရေး အဆင်ပြေသာယာမည်။ သားသမီးများ စီးပွားရေး အခြေအနေကောင်းမည်။ ငွေရေးကြေးရေးတော့ အခက်အခဲ အနည်းငယ်တွေ့မည်။

**အချစ်ရေး** ။ အချစ်ရေးတွင် အထစ်အငေါ့လေးများရှိမည်။ အစွပ်အစွဲ ခံရတတ်သည်။ မင်္ဂလာပွဲ မကျင်းပပါနှင့်ဦး။

**ပညာရေး** ။ ပညာရေးဆိုင်ရာခရီး ရုတ်တရက် ထွက်ခွာရတတ်သည်။

**ကျန်းမာရေး** ။ ချော်လဲခြင်း၊ ခြေထောက်နာကျင်ခြင်း၊ ခြေထောက်ကိုက်ခဲခြင်း ဖြစ်တတ်သည်။ သတိထားပါ။

**ဆောင်ရန်ရက်များ** ။ ၃၊ ၆၊ ၉၊ ၁၁၊ ၁၄၊ ၁၇၊ ၁၉၊ ၂၂၊ ၂၅၊ ၂၇၊ ၃၀။

**ရှောင်ရန်ရက်များ** ။ ၄၊ ၇၊ ၁၀၊ ၁၂၊ ၁၅၊ ၁၈၊ ၂၀၊ ၂၃၊ ၂၆၊ ၂၈။

**ထီထိုးရန်ရက်များ** ။ ၅၊ ၈၊ ၁၃၊ ၁၆၊ ၁၉၊ ၂၁၊ ၂၄၊ ၂၇၊ ၂၉။

**ထီထိုးရန်ဂဏန်းများ** ။ ၃၊ ၆၊ ၉၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။ ဆောင်ရွက် ပြောဆိုရန် ကိစ္စများရှိလျှင် အုန်းယိုနှင့် နှမ်းပျစ်ကို စားသွားပါ။

## သိဟ်

**စီးပွားရေး** ။ မည်သည့်အလုပ်ကိုပဲလုပ်လုပ် အဆင်ပြေမည့်ကာလ ဖြစ်ပါသည်။ စက်နှင့်ဆိုင်သော လုပ်ငန်းများ၊ ဆေးနှင့် သက်ဆိုင်သော လုပ်ငန်းများ ပြဿနာ အနည်းငယ်ရှိသည်။

**ဝန်ထမ်းရေးရာ** ။ တာဝန်ယူထားသော လုပ်ငန်းများ အောင်မြင်ပြီးမြောက်မည်။ အလုပ်နှင့် ပတ်သက်၍ ဂုဏ်သိက္ခာ တိုးတက်မည်။

**အိမ်တွင်းရေး** ။ အိမ်တွင်းရေး၊ အိမ်ထောင်ရေး အဆင်ပြေမည်။ ငွေရေးကြေးရေးလည်း အဆင်ပြေမည်။ ဘာသာရေးကိစ္စများ လုပ်ဆောင်နိုင်မည်။

**အချစ်ရေး** ။ ချစ်သူ ခရီးထွက်ခြင်း သို့မဟုတ် အဝေးသို့သွားခြင်း ပြုလိမ့်မည်။ မင်္ဂလာပွဲ ဆင်နွှဲနိုင်မည်။

**ပညာရေး** ။ ပညာရေးကံဇာတာ ကောင်းပါသည်။ ပညာရေးဆိုင်ရာ သင်တန်းပဲတက်တက် စာမေးပွဲပဲဖြေဖြေ အားလုံး အဆင်ပြေအောင်မည်။

**ကျန်းမာရေး** ။ စိတ်ပင်ပန်း နွမ်းနယ်မှုနှင့် ကြုံရမည်။ စိတ်ချမ်းသာအောင် ပျော်ပျော်နေပါ။

**ဆောင်ရန်ရက်များ** ။ ၄၊ ၇၊ ၉၊ ၁၂၊ ၁၅၊ ၁၇၊ ၂၀၊ ၂၃၊ ၂၅၊ ၂၈၊ ၃၁။

**ရှောင်ရန်ရက်များ** ။ ၃၊ ၅၊ ၈၊ ၁၀၊ ၁၃၊ ၁၆၊ ၁၈၊ ၂၁၊ ၂၄၊ ၂၆၊ ၂၉။

**ထီထိုးရန်ရက်များ** ။ ၂၊ ၆၊ ၉၊ ၁၁၊ ၁၄၊ ၁၇၊ ၁၉၊ ၂၂၊ ၂၅၊ ၂၇၊ ၃၀။

**ထီထိုးရန်ဂဏန်းများ** ။ ၄၊ ၇၊ ၉၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။






**အဆောင်ယတြာ** ။ ပြောဆို ဆောင်ရွက်စရာ ပြိုင်ဆိုင်ရှိလျှင် မဆောင်ရွက်မီ ဩဇာသီးစားသွားပါ။ ဩဇာသီး မရနိုင်ပါက အုန်းသီးစိတ်ကို အလျင်စား၍ ဆီးသီးစားသွားပါ။

## ကန်

**စီးပွားရေး** ။ ငွေကြေး အရောင်းအဝယ် အလဲအလှယ် လုပ်ငန်းများ အကျိုးအမြတ်များမည်။ ရွှေ ရွှေထည်ပစ္စည်းများ ရောင်းအားကောင်းနေဆဲဖြစ်မည်။ ယာဉ်ကား လုပ်ငန်းများ၊ အကျိုးဆောင်လုပ်ငန်းများ အကျိုးအမြတ်များမည်။

**ဝန်ထမ်းရေးရာ** ။ တာဝန်ယူထားသော လုပ်ငန်းများ၊ တာဝန်များ၊ အလုပ်များကို ပြီးစီးအောင်၊ အောင်မြင်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

**အိမ်တွင်းရေး** ။ ငွေကြေး အဝင်ကောင်းမည်။ ငွေကြေး အဝင်ကောင်း၍ အိမ်တွင်းရေး သာယာမည်။ သားသမီးထဲမှ မကျန်းမမာ ဖြစ်တတ်သည်။

**အချစ်ရေး** ။ အချစ်ရေး အထူးကောင်းမွန်သည်။ လက်ထပ်မင်္ဂလာပွဲ ပြုလုပ်လျှင် ခြိမ့်ခြိမ့်သဲသဲ အောင်မြင်မည်။

**ပညာရေး** ။ ပညာသင်အရွယ်များ ပညာရေး ကံဇာတာ တက်ချိန်ဖြစ်၍ နည်းနည်းကြိုးစားရုံဖြင့် များများအောင်မြင်မည့်ကာလ ဖြစ်သည်။

**ကျန်းမာရေး** ။ လေပွစာများ၊ ဝမ်းသွားစာများ မစားပါနှင့်။ ဝမ်းနှင့်ရင် ဥပဒ်ဖြစ်တတ်သည်။ သတိထား စားသောက်ပါ။

**ဆောင်ရန်ရက်များ** ။ ၃၊ ၅၊ ၈၊ ၁၁၊ ၁၃၊ ၁၆၊ ၁၉၊ ၂၁၊ ၂၄၊ ၂၇၊ ၂၉၊ ၃၁။

**ရှောင်ရန်ရက်များ** ။ ၄၊ ၆၊ ၉၊ ၁၂၊ ၁၄၊ ၁၇၊ ၂၀၊ ၂၂၊ ၂၅၊ ၂၈၊ ၃၀။

**ထီထိုးရန်ရက်များ** ။ ၂၊ ၅၊ ၁၀၊ ၁၅၊ ၁၈၊ ၂၁၊ ၂၃၊ ၂၆၊ ၂၉။

**ထီထိုးရန်ဂဏန်းများ** ။ ၃၊ ၅၊ ၇၊ ၈၊ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။ အကြံအစည်၊ အလုပ်အကိုင်၊ အပြောအဆို ရှိမည်ဆိုလျှင် ကွမ်းယာ စားသွားပါ။ ကွမ်းယာမစားတတ်လျှင် ကွမ်းရွက်ကို ဝါးစားသွားပါ။

## တူ

**စီးပွားရေး** ။ ဆန်စပါးလုပ်ငန်း၊ ဆေးဝါးထုတ်လုပ်ရေး၊ ဆေးဝါးရောင်းဝယ်ရေးလုပ်ငန်းများ အောင်မြင်တိုးတက်မှုရှိမည်။ လျှပ်စစ်လုပ်ငန်း၊ လျှပ်စစ်ပစ္စည်း ရောင်းဝယ်ရေးတို့ အကျိုးအမြတ်များမ[illegible]။

**ဝန်ထမ်းရေးရာ** ။ ဌာနတွင်း တာဝန်ထက် ဌာနပြင်ပတွင် တာ[illegible] ဆောင်မှုက များမည်။

www.burmeseclassic.com

**အိမ်တွင်းရေး** ။ အိမ်တွင်းရေး အေးချမ်းမည်။ သားသမီးများ ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေးတို့ ကောင်းမည်။

**အချစ်ရေး** ။ အိမ်ထောင်ပြုရန် မင်္ဂလာပွဲကျင်းပရန် ကြိုးစားလျှင် ငွေကြေးဒုက္ခ၊ မိသားစုနှင့် အဆင်မပြေသော ဒုက္ခများနှင့်တွေ့ကြုံရမည်။

**ပညာရေး** ။ ပညာရေးကို ကြိုးစားရလိမ့်မည်။ စိတ်ထင်ရာ လုပ်နေ၍မဖြစ်။ သတိတရားရပါ။

**ကျန်းမာရေး** ။ ဗိုက်အောင့်ဗိုက်နာ ဖြစ်တတ်သည်။ ဝမ်းနှုးစာများ မစားပါနှင့်။ အစားအသောက်ကို သတိဖြင့် စားသောက်ပါ။



**ဆောင်ရန်ရက်များ** ။ ၂၊ ၅၊ ၉၊ ၁၁၊ ၁၄၊ ၁၈၊ ၂၀၊ ၂၃၊ ၂၇၊ ၂၉၊ ၃၁။

**ရှောင်ရန်ရက်များ** ။ ၃၊ ၆၊ ၁၀၊ ၁၂၊ ၁၅၊ ၁၉၊ ၂၁၊ ၂၄၊ ၂၈၊ ၃၀။

**ထီထိုးရန်ရက်များ** ။ ၄၊ ၇၊ ၈၊ ၁၁၊ ၁၃၊ ၁၆၊ ၁၇၊ ၂၂၊ ၂၅၊ ၂၆၊ ၂၉။

**ထီထိုးရန်ဂဏန်းများ** ။ ၂၊ ၅၊ ၇၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်အယတြာ** ။ သွားရန်၊ ဆောင်ရွက်ရန်၊ ပြောဆိုရန် ကိစ္စရှိလျှင် အုန်းသီးနှင့် သကြားကို စားပြီး ဒန်းရွက် သို့မဟုတ် ထန်းရွက်ကို နင်းသွားပါ။

## ကြာသပတေး

**စီးပွားရေး** ။ ကိုယ်စားလှယ်လုပ်ငန်းများ၊ ရှေ့နေလုပ်ငန်းများငွေကြေးများများရမည်။ ဆောက်လုပ်ရေးလုပ်ငန်းများ အကျိုးအမြတ်များမည်။ ပညာရေးလုပ်ငန်းများ အောင်မြင်မည်။

**ဝန်ထမ်းရေးရာ** ။ လုပ်ငန်းများ အဆင်ပြေအောင်မြင်မည်။ အုပ်ချုပ်သူ လူကြီးများ၏ ချစ်ခင်ကူညီမှုကို ခံယူရရှိမည်။

**အိမ်တွင်းရေး** ။အိမ်တွင်းရေး သာယာမည်။ သားသမီးများ စီးပွားရေး ကြီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အားလုံးကောင်းမည်။

**အချစ်ရေး** ။ အချစ်ရေး အဆင်မပြေ ဖြစ်နိုင်သည်။ လူကြီးမိဘများကြောင့်ဖြစ်မည်။

**ပညာရေး** ။ ပညာရေး ကံဇာတာ တက်နေချိန်ဖြစ်သည်။ အချစ်ရေးကိစ္စရှိလျှင် စိတ်အလိုသို့ မလိုက်ပါနှင့်။

**ကျန်းမာရေး** ။ အာဟာရနှင့် ပတ်သက်၍ ရောဂါဖြစ်တတ်၍ အချိုအဆိမ့်များသော အစားအစာများကို လျှော့စားပါ။

**ဆောင်ရန်ရက်များ** ။ ၃၊ ၇၊ ၉၊ ၁၀၊ ၁၄၊ ၁၆၊ ၁၉၊ ၂၃၊ ၂၅၊ ၂၈၊ ၃၁။

**ရှောင်ရန်ရက်များ** ။ ၄၊ ၈၊ ၁၁၊ ၁၅၊ ၁၇၊ ၂၀၊ ၂၄၊ ၂၆၊ ၂၉။

**ထီထိုးရန်ရက်များ** ။ ၂၊ ၅၊ ၆၊ ၁၂၊ ၁၃၊ ၁၈၊ ၂၁၊ ၂၂၊ ၂၇၊ ၃၀။

**ထီထိုးရန်ဂဏန်းများ** ။ ၃၊ ၇၊ ၉၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်အယတြာ** ။ ဆောင်ရွက်ကိစ္စ၊ အရေးတကြီး ပြောဆိုရင်ဆိုင်ရန် ကိစ္စရှိလျှင် (ကျန်းမာရေး ကောင်းပါက) အုန်းထမင်းနှင့် ကြက်သားကြော်ကိုစားသွားပါ။

## သောကြာ

**စီးပွားရေး** ။ ပညာရေးဆိုင်ရာလုပ်ငန်းများ၊ သင်တန်းများ၊ ကျောင်းများ လုပ်ငန်းကောင်းမည်။ တိုးတက်မည်။ ငွေကြေးလဲလှယ်ရေး၊ ရောင်းဝယ်ရေး လုပ်ငန်းများ အကျိုးအမြတ်များမည်။

**ဝန်ထမ်းရေးရာ** ။ ပညာရေး၊ ငွေကြေးနှင့် သက်ဆိုင်သော ဝန်ထမ်းများ၊ ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သော လုပ်ငန်းများအဆင်ပြေမည်။

**အိမ်တွင်းရေး** ။ အိမ်တွင်းရေးတွင် ငွေကြေးပြည့်စုံမှု... အစစ အရာရာအဆင်ပြေမည်။ သားသမီးတို့၏ ပညာ... ကောင်းမည်။

**အချစ်ရေး** ။ အချစ်ရေး အောင်မြင်နေသောကာလ ဖြစ်... မင်္ဂလာပွဲကျင်းပမည်ဆိုလျှင်အားလုံးအဆင်ပြေအောင်မြင်...

**ပညာရေး** ။ ပညာရေးကံဇာတာ တက်နေသော... ဖြစ်ပါသည်။ ထူးချွန်စွာ တတ်မြောက်မည်။

**ကျန်းမာရေး** ။ အရိုးအဆစ်များ နာကျင်ကိုက်ခဲသော ဝေဒ... ခံစားရတတ်သည်။ နားလည်တတ်ကျွမ်းသော သမားတော်နှင့် ...ကုသပါ။

**ဆောင်ရန်ရက်များ** ။ ၄၊ ၆၊ ၉၊ ၁၃၊ ၁၅၊ ၁၈၊ ၂၂၊ ၂၄၊ ၂၇...

**ရှောင်ရန်ရက်များ** ။ ၅၊ ၇၊ ၁၀၊ ၁၄၊ ၁၆၊ ၁၉၊ ၂၃၊ ၂၅...

**ထီထိုးရန်ရက်များ** ။ ၃၊ ၆၊ ၈၊ ၁၁၊ ၁၂၊ ၁၅၊ ၁၇၊ ၂၀၊ ၂၁... ၂၆၊ ၂၉၊ ၃၀။

**ထီထိုးရန်ဂဏန်းများ** ။ ၄၊ ၆၊ ၉၊ ၀ ဂဏန်းများများပါ... ရွေးချယ်ပါ။

**အဆောင်အယတြာ** ။ ပြောဆိုဆောင်ရွက်ယှဉ်ပြိုင်ရန် ကိစ္စများရှိလျှင် ဆီ... လုံးကြော်ကို စားသွားပါ။

## စနေ

**စီးပွားရေး** ။ငွေရေးကြေးရေးတွင် ဇရုစိုက်ပါ။ ပေးရန် တာဝန်... များနေတတ်ပါသည်။ ခရီးသွားလာရသော လုပ်ငန်းများ၊ အစည်း... ဆွေးနွေးပွဲများ၊ ကုန်ပစ္စည်းဆိုင်ရာ ရှင်းလင်းပွဲများ အောင်မြင်...

**ဝန်ထမ်းရေးရာ** ။ မိမိ၏ အလုပ်တာဝန်ကြောင့် အထက်လူ... ပြောဆိုမှုကို ခံရတတ်သည်။ အလုပ်တာဝန်များဖြင့် ပိနေလိမ့်...

**အိမ်တွင်းရေး** ။ အိမ်ထောင်ဦးစီး၏ အလုပ်အကိုင် အဆင်... ကြောင့် အိမ်တွင်းရေး မသာမယာ ဖြစ်ရတတ်သည်။ သားသမီး... အိမ်မှ ထွက်သွားတတ်သည်။

**အချစ်ရေး** ။ အချစ်ရေး အောင်မြင်နေသည်။ ချစ်သာချစ်ပါ။ လက်... ပါနှင့်ဦး။

**ပညာရေး** ။ ပညာရေးမှာ ကြိုးစားရလိမ့်မည်။ အချစ်ရေး အဝင်မ...

**ကျန်းမာရေး** ။ ခေါင်းမူးခေါင်းကိုက် ဝေဒနာ ခံစားရတတ်... သွေးချိန်ကြည့်ပါ။

**ဆောင်ရန်ရက်များ** ။ ၃၊ ၅၊ ၉၊ ၁၂၊ ၁၄၊ ၁၆၊ ၁၉၊ ၂၁၊ ၂၅...

**ရှောင်ရန်ရက်များ** ။ ၄၊ ၆၊ ၁၀၊ ၁၃၊ ၁၅၊ ၁၇၊ ၂၀၊ ၂၂၊ ...

**ထီထိုးရန်ရက်များ** ။ ၂၊ ၅၊ ၇၊ ၈၊ ၁၁၊ ၁၄၊ ၁၈၊ ၂၁၊ ၂၃... ၂၇၊ ၃၀။

**ထီထိုးရန်ဂဏန်းများ** ။ ၃၊ ၅၊ ၉၊ ၀ ဂဏန်းများများပါ... ရွေးချယ်ပါ။

**အဆောင်အယတြာ** ။ ဆောင်ရွက်ဖွယ်ရာ ကိစ္စ၊ ပြောဆိုစရာရှိလျှင် ... ကော်ဖီနှင့်စားသွားပါ။


*ကျန်းမာ ချမ်းသာကြပါစေ။*

ဆရာ ရောင်ခြည်



www.burmeseclassic.com

www.burmeseclassic.com



ဆေးကိန္နရာရွက်

# တောလမ်းနယ်မှ

## ဆေးဖက်ဝင် အပင်များ (၁)


ဒွန်ဆိုင်ဝေဇာ

### ဆေးကိန္နရာ

ခမောက်တောင် အနောက်ယွန်း ...န်းရှိ စိမ့်တွင်းတောင်၌သာ တွေ့ရ ...ည်။ လေတိုက်ခတ်ခြင်း မရှိသော် ...ည်း အရွက်များ လှုပ်ခါနေတတ် ...ဖြင့် ကိန္နရာများ ပျံဝဲနေပုံနှင့် နှိုင်း၍ ...ဆေးကိန္နရာခေါ်ကြောင်း သိရသည်။

...ချုံပင်မျိုးဖြစ်သည်။ အရွက်မှာ ...ကော်ရွက်၊ သပြေရွက်များနှင့် ...ဆင်ဆင်တူသည်။

အရွက်နုများသည် ခရမ်းဖျော့ ...ရောင်၊ အစိမ်းနုရောင်များ ရှိတတ်၍ ...သောအခါ စိမ်းဖန့်ဖန့် အရောင်သို့



ဆေးကိန္နရာပင်



www.burmeseclassic.com

www.burmeseclassic.com



◆ ဆေးတော်ရှူရာမြစ်

◆ ဆေးပင်ငယ်ပင်ပေါက်





www.burmeseclassic.com

www.burmeseclassic.com

ပြောင်းသည်။

အမြစ်တွင် အစာသိုလှောင်သည့် အဖုကလေးများ ပါရှိတတ်သည်။ ပဋ္ဌ ပါးကို အရိပ်တွင် အခြောက်လှန်း၍ သကဖက်ခြောက်အစား ရေနွေး၌ ခတ် ၍ သောက်ကြသည်။ **ကုန်ခန်းသွား သော အားအင်များ ပြန်လည် ပြည့် စေသည်။**

သက်ကြီးရွယ်အိုများအတွက် ပိုမို သိသာသည်။ လက်တွင်းတစ်ဆုပ်စာ ကို ရေဖြင့် သုံးခွက်တစ်ခွက်တင် ကျိုကာ သကြား အနည်းငယ်စွက်၍ သောက်ပေးလျှင် အမောပြေစေသည်။ သက်လုံကောင်းစေသည်။

အမြစ်အရသာမှာ "**နန်းခွေယိုင်**" ဖြစ်ကဲ့သို့ **ချို၊ ချဉ်၊ ငန်၊ စပ်၊ ခါး၊ ဖန်** ရသာ(၆)မျိုးစလုံး ပါဝင်သည်ကို တွေ့ရသည်။ ဆေးကျမ်းလာအမည်ကို တွေ့ရသေးပါ။ **[နန်းခွေယိုင် (နွမ်း ခွေယိုင်ဟုလည်း ခေါ်ကြသည်။) ပင်များနှင့် အရွက်၊ အပင်ပုံပန်း သဏ္ဌာန်တူညီသော်လည်း အရွယ် အစား အနည်းငယ်မျှ သေးငယ် သည်ကို တွေ့ရသည်။**

**နန်းခွေယိုင်ကို တောင်ငူနှင့် ပြည်တော်၊ အင်းယောင်းဒေသ များ၌ မြင်တွေ့နိုင်သည်။ မိုးများ သောဒေသဖြစ်ရာ အပင် ပိုမို ဖွံ့ဖြိုး သည်ဟု ယူဆဖွယ်ရှိသည်။]**



**ခပေါင်းနွယ်**

## ခပေါင်းနွယ်

ဒေသခံတို့က ဂဘောင်း(ခပေါင်း)ဟု ခေါ်ကြသည်။ ခပေါင်းနွယ်ပင် ဖြစ် သည်။ အရွက်မှာ ကွမ်းရွက်၊ ကရဝေး ရွက်ကဲ့သို့ အကြော ထင်ရှား၍ အဖျား ချွန်သည်။ နွယ်ကြီးမျိုးဖြစ်သည်။ ချောက်နုများတွင် ခရမ်းပြာရောင် ရှိသည်။

ဒေသခံတို့က အဆိပ်ရှိ ပိုးမွှား သတ္တဝါများ ကိုက်ခဲခံရလျှင် အရွက်ကို ကြိတ်ခြေ၍ သတ္တုရည်ဖြင့် လိမ်းကျံ ပေးက အဆိပ်ပြယ်သည် ဆိုကြသည်။


ဆေးကျမ်းအလိုအရ...

အမြစ်ကို အဆစ်ရောင်ရောဂါ အတွက် အသုံးပြုနိုင်သည်။

သက်တံ ခေါင်းလျှိုနာအတွက် ခပေါင်းနွယ်အရွယ်နှင့် သီဟိုဠ်သရက် စေ့ကို သွေး၍လိမ်းလျှင် ယင်းရောဂါ ပျောက်၏။

ပြင်းထန်သော အဆိပ်ရောဂါ၌ ခပေါင်းနွယ်ပင်ကို လိမ်းကျံခြင်း၊ သောက်သုံးပေးခြင်း ပြုပါက ပြင်းထန် သော အဆိပ်အမျိုးမျိုးအတွက် ကောင်းမြတ်သော ဆေးဖြစ်သည်ဟု

www.burmeseclassic.com



◆ အရိုးဆက်ပင်

ဖော်ပြထားသည်။ စိမ့်တွင်းတောင်၊ နတ်သျှင်တောင်တို့၌ တွေ့ရသည်။

### အရိုးဆက်ပင်

အရွက်မှာ အညာရင်းဘက်၌ ကျဉ်း၍ အဖျားတွင် ကျယ်ကာ သဘော်သီးပုံသဏ္ဌာန်ရှိသည်။ ပင်ကြီးမျိုး ဖြစ်သည်။

အရိုး ကျိုးကြေခြင်းများအတွက် ယင်း၏ အမြစ်ကို ထုထောင်း၍ အုံပေးလျှင် အရိုးပြန်ဆက်စေသည်ဟု ဒေသခံတို့က ပြောပြသည်။ စိမ့်တွင်းတောင်၌ တွေ့ရှိသည်။ ဆေးကျမ်းလာအမည်ကို ရှာမတွေ့သေးပါ။

### ပေါက်ဥ

ပေါက်နွယ်ဥကို ခေါ်ခြင်းဖြစ်သည်။ နွယ်ပင်မျိုးဖြစ်၍ အရွက်မှာ အလျား တစ်ပေမျှော်ခန့် ရှိတတ်သည်။ မြေ... လျှင် ရွှေဖရုံသီးကြီးခန့် ဥကြီးမျာ... တွေ့ရတတ်သည်။

ထိုဥကို အပြားလွှာ၍ ခါးနာဝေဒ... အတွက် ကပ်ပေးကြသည်။ ဆေးကျ... အလိုအရ အပွင့်၊ အခေါက်၊ အရွ... တို့ကို မြွေဆိပ်ဖြေရာ၌ သုံး၏။

အပွင့်ကို ကင်းမြီးကောက်ကိုက်ခြ... အတွက် သုံး၏။ ကလေးသူငယ် အ... အနာများအတွက် အရွက်သတ္တုရည်... ဒိန်ချဉ်၊ နနွင်းတို့နှင့် ရော၍ သုံး... သည်ဟု ဖော်ပြသည်။

လက်တွေ့သုံးအဖြစ် သက်ကြီး... ဆေးတွင် ဘုမ္မရာဇ၊ ရှဉ့်မတက်ဥ... နှင့်ရော၍ ထောပတ်ဖြင့် စေးရသည်... တစ်နေ့ တစ်ကြိမ် ဆီးကင်းခန့် စား... ပါက အမျိုးသား အင်အားပြည့်သ... အမျိုးသမီးများ မျက်နှာအရေးအ... မှ ကာကွယ်ပေးသည်။

အရေးကြီးသည်မှာ ပေါက်နွယ်ဥ... စားဆေးအဖြစ်သုံးပါက **အကင်း...** **ရန်လိုသည်။** ပေါက်နွယ်ဥက... လွှာ၍ ရေနွေးဆူဆူနှင့် (၁၅) မိနစ်... ကြာအောင် ပေါင်းပေးခြင်းဖြင့် အ... သတ်နိုင်သည်။ အထက်ပါ ဆေး... စပ်ရာတွင် အချိုးအဆမှာ...

| | |
|---|---|
| ပေါက်နွယ်ဥ | (၂၅)ကျပ်သား |
| ဘုမ္မရာဇ | (၅)ကျပ်သား |
| ရှဉ့်မတက်ဥ | (၅)ကျပ်သား |

ဖြစ်သည်။ ထောပတ်ကို ... သည့် ပမာဏအထိသုံးပါ။ ဆေး... သောအခါ ရေအေးဖြင့် ... သည်။

### ရွှေလ ဆက်ဖတ်ပါရန်

ခွန်စိုင်းဝမ်း



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မြို့ရှိ ဗေဒါသုခ ကျောင်းတိုက်သို့ ကျွန်တော်ရောက်ရှိ နေစဉ် ဖြစ်ပျက်ခဲ့သော အတွေ့အကြုံတစ်ခုကို တင်ပြခြင်းဖြစ်ပါသည်။

ဤကျောင်းတိုက်သည် ကျွန်တော်နှင့် အဘိုးတော်စပ်သော ဆရာတော် ဦးရေဝတမှ ကျောင်းထိုင်နေသော ကျောင်းတိုက် ဖြစ်သော ကြောင့် ကျွန်တော် ရန်ကုန်သို့ရောက်ရှိစဉ် အချိန်များတွင် ၎င်းကျောင်းတိုက်မှ 'သိမ်ဦး' ကျောင်းတွင် တည်းခိုနေထိုင်လေ့ရှိပါသည်။

ကိုဏ္ဍ (၁၀၈)

ကျွန်တော်နှင့်

# ပိတုန်းသုံးကောင် ပျောက်ခဲ့ခြင်း

သိမ်ဦးကျောင်းတွင် အမြဲတမ်း နေထိုင်သီတင်းသုံးသည့် ဦးကုသလနှင့်လည်း ရင်းနှီးကျွမ်းဝင်ပြီး ဖြစ်ပါသည်။ တစ်နေ့တွင် ဦးကုသလမှ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com

အား...

'မောင်ဝင်း မင့်သီမှာ ပြဒါးရှိနေတာပဲ ငါ့ကို ပိတုန်းတစ်ကောင် လုပ်ပေးစမ်းပါ'

ဟု ပြောသဖြင့် ကျွန်တော်က လည်း...

'လုပ်ပေးတာကတော့ ဆိုင်မှာသွား အပ်လိုက်ရင် ရတာပေါ့။ ပဒိုင်းလဲ တပည့်တော်မှာ မရှိသေးဘူး။ မန္တလေး မှာတော့ ရှိတယ်။ မန္တလေးကပြန်မှ လုပ်လို့ရမှာပေါ့ ဘုရား'

ကျွန်တော် မန္တလေးမှအပြန်တွင် ပဒိုင်းပင်စည် (၁)လက်မခန့် ယူခဲ့ပြီး...

'ဦးကုသလဘုရား ပဒိုင်းရလာပြီ၊ ပိတောက်သားပေးပါဦး'

ဦးကုသလထံတွင် လှည်းပုံတောင်း ပိတောက်သား ရှိနေသည်မှာ ကြာပြီ ဖြစ်ကြောင်း ကျွန်တော် သိရှိထားပါ သည်။ ၎င်းပိတောက်သားကို ခုတ်ထစ် ပြီး ကျွန်တော့်အား ပေးပါသည်။ ကျွန်တော်လည်း ရွှေတိဂုံဘုရား အရှေ့ ဘက်စောင်းတန်းမှ ပန်းပုဆိုင်တွင် ပိတုန်းတစ်ကောင် ထုလုပ်စေခဲ့ပါ သည်။

ညနေ ကျောင်းသို့အပြန်တွင် ပန်းပု ဆိုင်မှ ပိတုန်းကိုယူခဲ့ပြီး 'ဘယ်လိုလုပ် ရင်ကောင်းမလဲ'ဟု စဉ်းစားနေမိပါ သည်။ ကျွန်တော်လည်း တစ်ခါမှ မလုပ်ဖူးသဖြင့် မည်ကဲ့သို့ လုပ်ရမည်ကို မသိပါ။

နောက်တစ်နေ့နံနက်တွင် ဦးကုသလ နှင့် ကျွန်တော် ပိတုန်းအပေါက်ထဲသို့ ပြဒါးသွင်းပြီး ပဒိုင်းသားဖြင့် ပိတ်ဆို့ လိုက်ပါသည်။ ၎င်းပိတုန်းကို ဦးကု သလမှ ဘုရားခန်းပေါ်ရှိ ဘုရားပလ္လင် ရှေ့တွင် သွားတင်ထားလိုက်ပြီး ဆွမ်း ခံရန် ထွက်ခွာသွားပါသည်။

ကျွန်တော်လည်း '**မည်ကဲ့သို့ ရွတ်**



**ဆိုရပါလိမ့်**'ဟု စဉ်းစားလိုက်ရာ '**အာ စက်လျှာစက်နှိုးဂါထာ**'၊ '**သနချေ ဂါထာ**'၊ '**အသက်သွင်းဂါထာ**'၊ '**သိဒ္ဓိတင်ဂါထာ**'များကို မှတ်မိသရွေ့ ပြန်စဉ်းစားရင်း 'ဂါထာဖြင့်စုတ်လျှင် ကောင်းမည်'ဟုထင်ကာ ဘုရားခန်း ရှေ့တွင်...

အမျိုးသမီးများ ကန်တော့သည့် အခါ ထိုင်သည့်ပုံစံဖြင့် ထိုင်ကာ လက်နှစ်ဖက်တွင် ပိတုန်းရုပ်ကို အုပ်၍ လက်အုပ်ချီလျက် 'အာစက်လျှာစက် နှိုးဂါထာ'ကို (၃၇)အုပ် ရွတ်ဆိုပါ သည်။

'ဥုံ အာခေါင်အာရင်း အာခုံတွင်းက ဖန် ဆင်းတုံလျက် ရွှေသန်လျက်နှင့် အာစက် တစ်ထောင် ဥုံ အာအထဲက သိကြားလာ၍မ ထဆရာထ ကြွဆရာကြွ'

၎င်းဂါထာပြီးလျှင် သနချေဂါထာ ဖြစ်သော...

'ဥုံ သန သန မဟာသန၊ သနအပေါင်း ထောင်သောင်းမက ချေဆရာချေ'

ကို (၃၇)အုပ် ရွတ်ပါသည်။ ပြီးလျှင် အသက်သွင်းဂါထာ...

'ဥုံ အဝိညာဏက ဩသဌ် သဝိညာဏက ပယာအံအံ'

ကို (၃၇)အုပ် ရွတ်ပါသည်။ သိဒ္ဓိ တင်ဂါထာဖြစ်သော...

'ဥုံ သိဒ္ဓိ သိဒ္ဓိ မဟာသိဒ္ဓိ သိဒ္ဓိအပေါ ထောင်သောင်းမက ကပ်ဆရာကပ်'

ဟု (၃၇)အုပ်ရွတ်ဆိုပြီး ဘုရားကို ဦးသုံးကြိမ်ချ၍ ကန်တော့ကာ ပိတုန်း ရုပ်ကို ပလ္လင်ရှေ့တွင် ပြန်တင်ထား လိုက်ပါသည်။ ဦးကုသလ ဆွမ်းခံထွက် ရာမှ ပြန်ရောက်လာလျှင်...

'ဦးကုသလ ဘုရား၊ တပည့်တော် တတ်သရွေ့ မှတ်သရွေ့ ရွတ်ဆိုသိ တင်ပြီးပါပြီ ဘုရား'

ဟု လျှောက်ရာ ဦးကုသလမှ...

'အေး ပြီးတာပေါ့'

ဟုသာ မှတ်ချက်ပေးပါသည်။

သံဃာတော်များ နေ့ဆွမ်းဘုဉ်းပေ ရန် ကြေးစည်တီးသည့်အခါ ကျွန်တော် လည်း ရန်ကုန်မြို့ထဲသို့သွားရန်၊ ဦးကု သလလည်း ဆွမ်းစားဆောင်သို့ ကြွရန် အတွက် ကျောင်းကိုသော့ခတ်ပြီး ထွက်ခဲ့ကြပါသည်။

ညနေ (၅)နာရီခွဲခန့်တွင် ကျွန်တော် ကျောင်းသို့ ပြန်ရောက်သည်နှင့် ဦးကုသလမှ...

'မောင်ဝင်း မင်းပိတုန်းရုပ်ကလေး မ တော့ဘူး။ တို့နှစ်ယောက် ထွက်သွားတော့ ကျောင်းကို သော့ခတ်ထားခဲ့တာပဲ ငါ ဆွမ်းစားပြီး ကျောင်းကိုပြန်ရောက်တော့ ဘုရားပလ္လင်ရှေ့မှာ မရှိတော့ဘူး'

'ကြွက်တိုးပြီး တစ်နေရာရာမှာ ကျ နေတာ ဖြစ်မှာပေါ့ဘုရား၊ ရှာကြည့်ပါ ဦး'

'ငါလိုက်ရှာပြီးပြီ၊ ဘုရားခန်းပေါ်မှာ လဲ မရှိဘူး။ ကြမ်းခင်းပေါ်မှာလဲ မ ဘူး။ တစ်ကောင်တည်းမို့လို့ ပြီး ထွက်သွားတာလား မသိဘူး'

ကျွန်တော်လည်း ဘုရားခန်းနှင့်



www.burmeseclassic.com

www.burmeseclassic.com

-သူနေကြမ်းပြင်တစ်ဝိုက် သေသေ -ချာချာရှာသော်လည်း မတွေ့ရပါ။

'မတွေ့ရင်လဲ နောက်ထပ်နှစ် -ကောင် လုပ်ကြတာပေါ့ ဘုရား'

ဟု ကျွန်တော်ပြောပြီး နောက်တစ် -နေ့နံနက်တွင် ရွှေတိဂုံဘုရား မြောက် -ဘက်စောင်းတန်းမှ ပန်းပုဆိုင်တွင် -ပိတုန်းနှစ်ကောင် အပ်နှံခဲ့ပြီး ရန်ကုန် -မြို့ထဲ ထွက်လာခဲ့ပါသည်။ ညနေ -အပြန်တွင် ပိတုန်းနှစ်ကောင်ယူ၍ ပြန် -ခဲ့ပါသည်။

နောက်တစ်နေ့နံနက်တွင် ဦးကုသလ -နှင့် ကျွန်တော် ယခင်တစ်ကြိမ်တုန်း -ကလို ပိတုန်းထဲ ပြဒါးထည့်ပြီး ပဒိုင်း -နှင့်ပိတ်ကာ ဦးကုသလရှေ့တွင် ဂါထာ -များ စုတ်၍ပြီးသည်နှင့် ပိတုန်းနှစ် -ကောင်အား အပ်လိုက်ပါသည်။

ဦးကုသလမှလည်း ယခင်ပုံစံ အတိုင်း ဘုရားပလ္လင်၏ တစ်ဖက် တစ်ချက်တွင် တစ်ကောင်စီ နေရာချ ထားလိုက်ပါသည်။ ယမန်နေ့က အတိုင်းပင် ကျွန်တော် ရန်ကုန်ထဲ ထွက်ခဲ့ပါသည်။ ရန်ကုန်ထဲမှအပြန် ကျွန်တော် ကျောင်းပြန်ရောက်တော့ ဦးကုသလမှ...

'ဟော့ မောင်ဝင်း၊ ဒီနေ့လဲ မင်း ပိတုန်းနှစ်ကောင် မရှိတော့ဘူး။ ဘယ် လိုဖြစ်တာလဲ၊ သုံးကောင်ဖြစ်သွားပြီ ရှာလို့လဲ မတွေ့ဘူး'

ကျွန်တော်လည်း ဟိုဟိုဒီဒီ လှန် လှောရှာဖွေသော်လည်း မတွေ့ရပါ။

'တပည့်တော်ဂါထာစွမ်းလို့ အသက် ဝင်ပြီး ထွက်သွားကြတာ ဖြစ်မှာပေါ့ ဘုရား'

ဒီပိတုန်းတွေ ဘာဖြစ်လို့များ ပျောက်ကုန်ကြပါလိမ့် သဘာဝလွန် ဖြစ်ရပ်တစ်ခုလား၊ သဘာဝမကျသည့် ဖြစ်ရပ်လား။ ပိုင်ရှင်ကိုယ်တိုင်ကလည်း ကျွန်တော့်ကို ညာပြောလိမ့်မည် မဟုတ်။ ကျွန်တော်ကလည်း ပိတုန်းကို တောင်းခံခြင်းမရှိ၊ စိတ်မဝင်စား၊ ပန်းပု ထုခတောင်မှ ကုန်လိုက်ရသေး။


'ဘာဖြစ်လို့ ပျောက်ကုန်ကြပါလိမ့်'

***သဘာဝကျကျ အောင်မြင်နိုင်ကြ ပါစေ။***

**ကိုဒွန် (၁၀၈)**



www.burmeseclassic.com



# ခြတောင်ပို့

နှင့် ပတ်သက်၍ သိသူများမှ ဖော်ပြပေးရန်

ကျွန်တော်တို့ မြန်မာနိုင်ငံ နေရာဒေသ အနှံ့အပြားတွင် တွေ့မြင်ရသော ခြတောင်ပို့များနှင့် ပတ်သက်၍ အယူအဆ အမျိုးမျိုး ကွဲပြားခြားနားမှု ရှိနေကြပါသည်။

တောတောင် အသီးသီးမှာရှိသော ခြတောင်ပို့များကို အဓိက ပြောဆိုလိုခြင်း မဟုတ်ပါ။ အိမ်ခြံမြေအတွင်းမှာ ဖြစ်ပေါ်နေသော ခြတောင်ပို့များနှင့် ပတ်သက်၍ တိကျမှန်ကန်သော အကျိုးအပြစ်ကို သိရှိလိုပါသည်။

စာရေးသူ တွေ့မြင်ဖူးသော ခြတောင်ပို့များကို ဖော်ပြရလျှင် ရသေ့တောင်မြို့နယ်၊ မော်ထက်ကျေးရွာ စာဖတ်ဆရာကြီး (ဦးမောင်စိန်မြ) ဒေါ်အောင်သိန်း၏ နေအိမ်တွင် အိမ်အောက် ရက်မတန်း တည့်တည့် (၁၀)ပေ ပတ်လည်ခန့်ရှိသော ခြတောင်ပို့တစ်ခုမှာ အမြင့်(၃)ပေကျော်ခန့် ရှိပါသည်။

ဒေါ်အောင်သိန်း၏ သမီးဖြစ်သူ မနိုင်ရီက ရှင်းပြသည်မှာ **"ဒီခြတောင်ပို့ပေါ်ပေါက်လာချိန်မှစ၍ စီးပွားတိုးတက်လာခြင်း ရှိသည်"** ဆိုပါသည်။

နောက်တစ်ခု တွေ့မြင်ဖူးသည်မှာ **ဘူးသီးတောင်မြို့နယ်၊ မောင်နှမရွာ ဦးနေအောင်၏ နေအိမ် ရခိုင်အခေါ် (အိမ်ရှေ့မောင်းကာ)၊ မြန်မာလို အိမ်ရှေ့နေရောင်ကာ** တည့်တည့်တွင် ဖြစ်သည်။

**တောင်ပို့၏ ပုံစံမှာ (၅)ပေ ပတ်လည်ခန့် ရှိသည်။ ထီးတော်ကဲ့သို့ အထပ် သို့ အများအပြားထွန်းလျှက်ရှိသည်။**

နောက်ထပ် တွေ့မြင်ဖူးသည်များကို အကျဉ်းမျှ ဖော်ပြရလျှင် **ပိတောက်မြိုင် စံပြကျေးရွာ ဦးဦးသာညွန့် ဒေါ်ဒေါ်လှစိန်၏ နေအိမ်တွင်** လှေကား အောက်မှာဖြစ်သည်။

**မင်းလှမြို့၊ အမှတ်(၇)၊ ပြည်တော်သာရပ်ကွက်၊ သာယာမြို့သစ်(၁၄)လမ်းက မြို့နယ် ဘော်လုံးလက်ရွေးစင် ဦးမြသိန်း** ပြောပြသည်မှာ...

မင်းလှမြို့နယ်၊ သင်အိုင်ရွာတွင် လမ်းမလွတ်၍ တောင်ပို့ကို ဖျက်ခိုင်းရာ တောင်ပို့ဖျက်သူတစ်ဦး ကွယ်လွန်ခဲ့ကြောင်း ပြောပြသည်။

မင်းလှမြို့ ကျောင်းလမ်း ဦးကံညွန့်၊ ဒေါ်မရီတို့အိမ်တွင် ဝင်ပေါက်တည့်တည့် ခြတောင်ပို့ကို ဖြိုဖျက်လိုက်သောကြောင့် စီးပွားပျက်ပြီး မိသားစုများမှာ တကွဲတပြား ဖြစ်ကြရသည်ဟု ပြောပြပါသည်။

ခြတောင်ပို့များမှာ ခြံဝန်းအတွင်း အိမ်ရှေ့ အိမ်နောက် အိမ်အောက် အိမ်ခေါင်းရင်း အိမ်ခြေရင်း နေအိ[...] အောက် နေရာအသီးသီးမှာ အမျိုး[...] ပေါ်ပေါက်လျက်ရှိရာ စာရေးသူအ[...] ဖြင့် တတ်သိနားလည်နိုင်သေ[...] လူပုဂ္ဂိုလ်နှင့် ရဟန်းသံဃာတော်[...] ကိုပင် လျှောက်ထားမေးမြန်းဖူး[...] သည်။

တိတိကျကျ အကျိုးအကြောင်း[...] စနစ်တကျ ရှင်းပြနိုင်ခြင်းမရှိ ဖြစ်[...] **တိကျမှန်ကန်စွာ သိရှိနိုင်သေ[...] မြန်မာနိုင်ငံတစ်လွှား မှ ပညာရှင်မ[...] က ခြတောင်ပို့များနှင့် ပတ်သက်[...] ရေးသားဖော်ပြပေးကြပါရန် မေတ္တ[...] ရပ်ခံအပ်ပါသည်။**

ဗိုလ်မင်း(မင်းလှ)



www.burmeseclassic.com

www.burmeseclassic.com



ရွှေတောင် ကြည်မောင်သြား

# ဝဲကားဝါ ရွှေတစ်မှုင် (၁)

ဦးသက်ပန်က ယာသမား။ အသက်က (၅၀)ကျော်ပြီ။ (၅)နှစ်တောင်ရှိနေပြီ။ (၅၅)နှစ်ပြည့်ဖို့ လပိုင်းလေးခဲ လိုတော့တယ်။ တဲတဲကလေး။

တောသူတောင်သား ဦးသက်ပန်က ယာသမားမို့ ယာလုပ်တယ်။ ယာခင်းလေးက အကောက်တောင်ရဲ့ ဆင်ခြေလျှော အနောက်ဘက်ကွင်းပြင်ရဲ့ အလယ်တည့်တည့်မှာရှိတယ်။ ယာခင်းရဲ့ အလယ်မှာ တဲလေးတစ်လုံး ထိုးထားတယ်။ ပိတ်ပိတ်ဆို့ဆို့၊ လုံလုံခြုံခြုံ၊ ကွပ်ကွပ်ရှပ်ရှပ်ကလေး။ နားခိုချင်စရာ။

တဲလေးရဲ့ ဘေးပတ်လည်မှာ စားပင်သီးပင်တွေ ဝေလို့။ စိုက်ထားလိုက်တာ။ ဘူး၊ ဖရုံ၊ သခွား၊ ရုံးပတီ၊ ချဉ်ပေါင်၊ ခရမ်း၊ ငရုတ်၊ အသီးတွေက တွဲရရွဲ အပွင့်တွေကလဲ ပွင့်နေကြဆဲ။ စားချင်တဲ့ ဟင်းသီးဟင်းရွက် ခူးချက်ရုံပဲ။

တဲလေးရဲ့ မြောက်ဘက်မှာ ရေတွင်းလေးတစ်တွင်း တူးထားတယ်။ ရေပြာတွင်းကလေး။ အလုပ်ပင်ပန်းနေတဲ့ အချိန်များ သောက်လိုက်ရရင် အသည်းကိုအေးပြီး အမောကို ပြေသွားတာပဲ။

ယာခင်းက အိမ်ကို ပြန်ခါနီး အလုပ်ခွင် ပင်ပန်းသမျှ အတိုးချ အနားယူ ချွေးကလေး သိပ်တာနဲ့ ရေတွင်းက ရေပြာရေကလေး လောင်းလောင်းပြီးများ ချိုးလိုက်ရင် အားအင်တွေ ပြန်ပြည့်လို့ လန်းလန်းဆန်းဆန်း ကုံကော်ပန်းနှယ်။

ဦးသက်ပန်က ညောင်ဖျားရွာသား။ ညောင်ဖျားရွာက ထုံးဘိုမြို့ရဲ့ တောင်ဘက်မှာရှိတယ်။ တဲကြီးကုန်းနဲ့ ညောင်လယ်ရွာတွေကို ကျော်လိုက်ရင် ညောင်ဖျားကို ရောက်ပြီ။

ထုံးဘိုမြို့က ပန်းတောင်မြို့နယ်ရဲ့ တောင်ဘက်အစွန်ဆုံး။ ပဲခူးတိုင်းဒေသကြီးရဲ့ နယ်နိမိတ်အဆုံး။

ဂျုံးဂျုံးကျချောင်းကို အလယ်ဗဟိုထား။ မြောက်ဘက် ချောင်းကမ်းအစပ်က ပဲခူးတိုင်းဒေသကြီးနယ်မြေ ချောင်းတောင်ဘက် ကမ်းလျှက်

www.burmeseclassic.com

အကောက်တောင်ခြေ ချောင်းကမ်းခြေအစပ်က ရေဝတီတိုင်းဒေသကြီး နယ်မြေ။

ဂျုံးဂျုံးကျချောင်းက ပဲခူးတိုင်းဒေသကြီးနဲ့ ရေဝတီတိုင်းဒေသကြီးတို့ နယ်နိမိတ်ကို ခွဲခြားသတ်မှတ်လို့ ထားတယ်။

မနက် (၄)နာရီထိုးတာနဲ့ ထုံးဘိုမြို့ တောင်ဘက်အစပ် ဂျုံးဂျုံးကျချောင်းရဲ့ မြောက်ဘက်ကမ်း ဘုန်းတော်ကြီးကျောင်းတွေက အုန်းမောင်းတွေ ခေါက်ပြီ။ ဦးသက်ပန်က သူ့ဒကာမကြီးကို နှိုးပြီ။ ဦးသက်ပန်ရဲ့ ဒကာမကြီးလဲ နိုးပြီ။

ဆွမ်းထချက်ပြီ။ အရုဏ်ဆွမ်း မြတ်ဗုဒ္ဓကိုလဲ အရုဏ်ဆွမ်းကပ်တယ်။ သံဃာတော် အရှင်သူမြတ်တို့ကိုလဲ အရုဏ်ဆွမ်း လောင်းလှူတယ်။

အရုဏ်ဆွမ်း ကျက်တာနဲ့ ဦးသက်ပန် အိပ်ရာကထ မျက်နှာမိုးနှာသစ်၊ ခြေတွေ လက်တွေဆေး။ ဘုရားရှိခိုးပြီး ဘုန်းကြီးကျောင်းသားဘဝ ရခဲ့တဲ့ ပရိတ်ကြီး(၁၁)သုတ် အကုန်ရွတ်ဖတ်ပူဇော်တယ်။ သုတ်ကုန်အောင် သုတ်အစုံရွတ်တယ်။ အဲဒါက နိစ္စဓူဝ။ ဦးသက်ပန်ရဲ့ နေ့စဉ်အလုပ်။

မေတ္တာတွေပို့လို့ အမျှအတန်းတွေ ဝေလို့။ နိုးထစ မနက်ခင်းကို ကိုယ်,နှုတ်,နှလုံး ရွှင်မြူးချမ်းသာ ကြုံဆိုရှာတယ်။

ယာခင်းကို မသွားခင် ဟာနေတဲ့ ဝမ်းကိုဖြည့်ဖို့ ထမင်းကြမ်းကို ညက အကျန်ဟင်းတစ်ခွက်နဲ့ လက်ဖက်ရည်အကြမ်း စွက်ပြီး စားရသောက်ရပြီ။ မိုးရာသီဆို ယာခင်းမှာ မြေပဲစိုက်၊ မြေပဲတွေ ကောက်ပြီးတော့ ဆောင်းနှမ်းကြဲ၊ နွေရာသီလဲ မနားရ။ အလုပ်နဲ့ လက်နဲ့မပြတ် တရစပ်။



သားတွေ သမီးတွေက အိုးခွဲအိမ်ခွဲ။ လက်လွတ်ကုန်ပြီ။ သူတို့ အိမ်ထောင်တွေနဲ့ သူတို့ ပျော်ရွှင်ချမ်းမြေ့လှစွာ။ ဦးသက်ပန်က သူ့အမယ်ကြီးနဲ့ နှစ်ယောက်တည်း တစ်ကမ္ဘာ။

အရွယ်ရောက်လို့ လူလားမြောက်လာတဲ့အခါ အလျှိုအလျှို အိမ်ပေါ်က ဆင်းသွားလိုက်ကြတာ ဒွယ ဒွယ အစုံအစုံတွေနဲ့။ ကျန်ခဲ့တာက ဦးသက်ပန်နဲ့ သူ့ချစ်ဇနီး။

အိုးတွေ၊ အိမ်တွေ ခွဲသွားကြပေမယ့် သားတွေ၊ သမီးတွေက တော်ကြပါပေတယ်။ ဟင်းကောင်းလေးများချက်ရင် ဦးဦးဖျားဖျား ဟင်းတစ်ခွက်တော့ ရောက်စမြဲ။ ဦးသက်ပန်တို့ကိုသာ မဟုတ်ဘူး။ နှစ်ဖက်မိဘ ညီညီမျှမျှ။

ဆိုပါတော့ ကြက်သားဟင်းများ ချက်ရင် အသည်းတစ်ချိုင့်နဲ့ ကြက်ရင်အုပ်သား အတုံးကြီးကြီး ဟင်းကို နှပ်ထားလိုက်တာ အသားကောင်းတွေ ဝါးလို့ရနိုင်မယ့် အသားတွေ။ နူးလို့,အိလို့။ အဖေနဲ့အမေ သွားမခိုင်ရင် မဝါးနိုင်မှာစိုးလို့၊ ဟင်းကောင်းကျွေးကောင်းကို ဦးဦးဖျားဖျား စားစေချင်လွန်းလို့။

ကျေးဇူးကြီးလှ မိနဲ့ဖကို သတိရကြတယ်။

ဦးသက်ပန်ကို အသက်အရွယ်အ... သားတွေ သမီးတွေက အလုပ် မ... စေချင်တော့ဘူး။ ဒီတော့ ဝိုင်း... ပြောကြတယ်။

'အဖေ နားပါတော့ အသက်ကြီး... သက်ကြီးရွယ်အို မိဘနှစ်ပါးအ... သားသမီးတွေမှာ တာဝန်ရှိပါတ... စားဖို့လဲ မပူရ၊ ဝတ်ဖို့လဲ မပူရ၊ လှူ... မပူရအောင်၊ ကြောင့်ကြမဲ့ စိတ်... ချမ်းသာ ဘုရားသွား ကျောင်း... ဝတ်မပျက် သီတင်းသီလ ဆော... တည်ကြလို့ သံသရာခရီး မင်္ဂလ... နိုးဖို့ ကြိုးစားကြပါ'

လို့ ဆိုကြတယ်။

သားသမီးတွေ ဘယ်လော... လိမ္မာရေးခြားရှိတယ်။ မိဘကျေး... သိတတ်ကြတယ်ဆိုတာ ဦးသက်... က မသိမဟုတ်။ သိတယ်။ သ... အဖေပဲ။ သားသမီးတွေရဲ့ စိတ်... သဘောထား အမှန်ကို ကောင်းသိ... ပါပေမယ့်...

'ငါ့သားတွေ၊ သမီးတွေ တစ်နှ... (၂)ကြိမ်လောက် ကန်တော့ကြတ... ဝါလကင်းလွတ် သီတင်းကျွတ်... တစ်ကြိမ်၊ သင်္ကြန်တွင်း အခါရေ... တစ်ကြိမ် လူဆိုတာ အလုပ်... မယ်။ မသေမချင်း အလုပ်...





www.burmeseclassic.com

www.burmeseclassic.com

အလုပ်ရှိမှ အစားရှိတယ်။

မင်းတို့ကန်တော့တာတွေကို စားရင်း လျှင် ငါ့လုပ်အားမပါဘူး။ အေး လက်ဆယ်ချောင်းကို တစ်ချောင်းမှ မချိုးနိုင်တဲ့ဘဝ တစ်ချိန်မှာ ရောက်တော့မယ်။ အဲဒီအချိန်ကို မင်းတို့စောင့်ရှောက်ပံ့သမျှကို လက်ခံမယ်။ အခုတော့...'

သားသမီးတွေလဲ ပြောမရတော့ ညြချရပြီ။ အဖေကြီးက လေအေးအေးနဲ့ ပြောတာဆိုတော့ ထောင်နားစိုက်ကြရတယ်။

ဦးသက်ပန်က ဘူးဆိုရင် ဖရုံမသီးဘူး။ ဒါဆိုဒါပဲ။ ဟိုဟာ မရှိဘူး။ ဒီလိုလူမျိုး။ ပြောတဲ့အတိုင်း လုပ်တဲ့လူ။ သူ့အပြောနဲ့ သူ့အလုပ်က တစ်ထပ်တည်း အံကိုက်။ အကွက်ကိုစေ့လို့။

နေ့တိုင်း ယာခင်းဆင်းတယ်။ မနက်စောစော ထမင်းကြမ်းစား၊ ရေနွေး တစ်ခွက်, နှစ်ခွက်သောက်။ ယာခင်းရောက်နေပြီ။ ယာလုပ်ခွင်ဝင်ပြီ။ နေဝင်မိုးချုပ် တကုပ်ကုပ်။

အိမ်ကအထွက် ယာခင်းဘက်ကို ခြေအစုံ လှည့်လိုက်တာနဲ့ ရွတ်လိုက်ဖတ်လိုက်တဲ့ ဘုရားစာ၊ ဂါရားတွေ။ ရွာဦးကျောင်းဆရာတော် ကျေးဇူးကြောင့် အထူးကျက်မှတ်ခဲ့ရ ပရိတ်တော်တွေ။ ယာခင်းကိုသာရောက် ရေမဆုံးသေးဘူး ရွတ်တုန်း။

ယာခင်းထဲက သူ့အပင်လေးတွေကို ကြည့်ပြီး ရွတ်ပြန်ဖတ်ပြန်တယ်။ ယာခင်းတစ်ခုလုံး လှည့်ပတ်ပြီးတော့ကို ရွတ်တာ။

သူ လုပ်နေတဲ့ ယာခင်းလေးကို ပိုင်ဆိုင်ကြတဲ့ နယ်ပိုင်၊ ကွင်းပိုင် တောပိုင်၊ တောင်ပိုင်တွေ သစ်ပင်အုပ်စိုးတဲ့ ရုက္ခစိုးနတ်တွေ၊ မြေကိုစောင့်ကြပ် မြေစောင့်နတ် ဝသုန္ဒရေနဲ့



ဝသုန္ဒရီ နတ်သမီးတို့ ဦးသက်ပန်ပေးတဲ့အမျှ နေ့စဉ်လဲ ရကြတယ်။

ယာအလုပ်ခွင် ဝင်ပြီဆိုတာနဲ့ တစ်ပြိုင်နက် ယာခင်းမှာ ထယ်ထိုးရင်းဖြစ်စေ၊ ထွန်မွှေရင်းဖြစ်စေ ပေါင်းနုတ်ရင်းဖြစ်စေ သူ့ယာခင်းရဲ့ အရှေ့အရပ်မှာရှိတဲ့ အကောက်တောင် တောင်တော်ထိပ်က ရွှေမြင်တင်စေတီကို လှမ်းမျှော်ပြီး ဖူးတယ်။ နေ့စဉ်ဦးချ။ ရှိခိုးလို့ဖြင့် မဝ။ ကြည်ညိုလို့က မဆုံး။ ပြုံးပျော်ရွှင်မြူး ပီတိအဖူးတွေနဲ့။

ညနေဘက် နေညိုချိန်။ နေလုံးကြီးဆွဲအကျ နေရှိန်က ပြေးအဟပ်။ တဖျပ်ဖျပ် တောက်ပတဲ့ ရွှေမြင်တင်စေတီတော်ရဲ့ ရွှေရောင်ခြည်အဆင်းက ဝင်းခနဲ ဝင်းခနဲ၊ လက်ခနဲ။

ဦးသက်ပန် မြင်လိုက်တိုင်း ဝမ်းသာအားရ ထပ်ကာထပ်ကာဖူး၊ ကြည်နူးမှု ရင်မှာအပြည့်။ ကုသိုလ်လဲရ၊ ဝမ်းလဲဝလို့ ထာဝရ သူ့တစ်သက် အမြတ်ထွက်တဲ့ကိစ္စ။

တစ်နေ့တော့ ဦးသက်ပန် ယာခင်းလေးထဲက တဲအဖီလေးအောက်မှာ အုတ်ခဲရှစ်လုံး ထောင်လိုက်တင်ပြီး ညှပ်ထားတဲ့ မီးဖိုလေးကို မီးမွှေး ရေနွေးအိုးတင်ပြီး ရေနွေးအိုးကျိုတယ်။ ဆူတာနဲ့ လက်ဖက်ခြောက် တစ်ခါတည်း ခပ်ထား နှပ်ထားလိုက်တယ်။ ယာခင်းကို ပေါင်းသင်တော့မယ်။

ဦးသက်ပန် ယာခင်းထဲမှာ ပေါင်းသင်နေတုန်း အဘိုးကြီးတစ်ယောက် ရောက်လာတယ်။

'ရေတစ်ပေါက်လောက် သောက်ပါရစေ'

လို့ ပြောတယ်။

ဦးသက်ပန် ကြည့်လိုက်တော့ အဘိုးကြီးက အသက်(၈၀)ကျော်လောက်ရှိပြီ။ ပိတ်ဖြူဝတ်ထားတဲ့ ပုဂ္ဂိုလ်ကြီး။ ဝတ်ဖြူစင်ကြယ်နဲ့။ ခြေတုန်လက်တုန်တော့ မဟုတ်ဘူး။ သန်သန်မြန်မြန်ပဲ။ သွားနိုင်လာနိုင် လှုပ်နိုင်ရှားနိုင်။

အဝတ်အစား စုတ်စုတ်ပြတ်ပြတ်နဲ့ ညစ်ထပ်ထပ် မဟုတ်ဘူး။ အဝတ်တွေက စင်ကြယ်ဖြူဖွေးလို့ အင်္ကျီ အင်္ကျီမို့လို့၊ ပုဆိုး ပုဆိုးမို့လို့ ဖြူဖြူစင်စင် သန့်သန့်ပြန့်ပြန့် ခံ့ခံ့ညားညား။

ဦးသက်ပန်နဲ့တော့ ကွာပ။

တောသူတောင်သား ဆိုတာက စားဝတ်နေရေး ပြဿနာ ဖြေရှင်းရတာ ခက်ခဲတယ်။ လွယ်မှတ်လို့၊ တောတွေထဲမှာ တောင်တွေပေါ်မှာ စိုက်ကြ၊ ပျိုးကြ၊ ခုတ်ကြ၊ ထွင်ကြ၊ ရှာကြ၊ ဖွေကြ အလုပ် လုပ်ကြရတာ။

အနီးဆုံး လုပ်ငန်းခွင်က ရွာဘေး ပတ်လည်တစ်ခွင် လယ်နဲ့ ယာစိုက်ခင်း၊ ပျိုးခင်းတွေ မနက် ညမနား တောက်ရက် တောက်ရက်နဲ့ လုပ်ငန်းဆက်ကြရတယ်။ အလုပ်နဲ့လက်နဲ့ မပြတ်။

ပင်ပန်းလိုက်တာ လွန်ပါရော။ အလုပ်ဒဏ် ပိကြတယ်။ သက်တမ်းတိုကြတယ်။ သက်တမ်းစေ့ နေရဖို့ အတော်မလွယ်ဘူး။ ဘဝက အိုကြီးအိုမ။ အသက်မွေးရတဲ့ အလုပ်က ပင်ပန်းကြီးစွ။ သေရတဲ့အထိ တလုပ်။ ပြတ်တယ်မရှိ ဆင်းရဲလှပါဘိ။



www.burmeseclassic.com

www.burmeseclassic.com

နှစ်ဘဝကို တစ်ခဏာနဲ့တွေးရင်း ပေါင်းထိုးနေတဲ့ တူးရွင်းကို ဦးသက်ပန် မြေကြီးထဲ ထိုးစိုက်လိုက်တယ်။ ပေါင်းထိုး တူးရွင်းလေးက ယာခင်းထဲမှာ ငုတ်တုတ်။ မလှုပ်မရှား။

ဦးသက်ပန်က အဘိုးကြီးကို သူ့တဲလေးဆီ ခေါ်သွားတယ်။ ဦးသက်ပန်ရှေ့ကအသွား အဘိုးကြီးကလဲ နောက်ပါးက ကပ်ပါသွားတယ်။ တဲလေးကို ရောက်တော့ လက်ကိုင်အရိုးတပ် အုန်းမှုတ်ခွက်နဲ့ ရေတစ်ခွက်ခပ်ပြီး အဘိုးကြီးကို တိုက်တယ်။

ရေဆာလာပုံပေါ်တယ်။ ရေရဲ့ အသက် တစ်မနက် မဟုတ်လား။ သောက်လိုက်တာ ကျိုက်ခနဲ ကျိုက်ခနဲ။ နင်တော့ မနင်ဘူး။ ဦးသက်ပန်က ရေနင်မှာကို စိုးရိမ်နေတာ။

အဘိုးကြီး အသက်ကြီးပြီဆိုတဲ့ အသိနဲ့ ရင်မနေရတယ်။ ဘုရား... ဘုရား။ ရေအုန်းမှုတ်ခွက်နဲ့ တစ်လုံးကုန်တော့ အဘိုးကြီးက ဦးသက်ပန်ကို ပြန်ပေးတယ်။ နောက်တစ်ခွက် ခပ်ပြီး ပေးမယ်လုပ်တော့ အဘိုးကြီးက...

'နိဋ္ဌိတံ'

တဲ့။ ဘုန်းကြီးကျောင်းထွက် ဦးသက်ပန်က အဲဒါကိုသိတယ်။ အုန်းမှုတ်ခွက်ကို တဲတိုင်မှာ ရိုက်ထားတဲ့ သံချိတ်ကလေးမှာ ချိတ်လိုက်ပြီး...

'အဘ ခဏနားပါဦး၊ ထိုင်ပါဦး'

လို့ ပြောတယ်။

အဘိုးကြီးက တဲခေါင်းရင်း အလယ်တိုင်ကို ကျောမှီပြီး ထိုင်လိုက်တယ်။ ဦးသက်ပန်က တဲအမိုးကြားမှာ ညှပ်ထားတဲ့ အထုပ်ကလေးကို ယူပြီး ဖြေလိုက်တဲ့အခါ အညာထန်းလျက်



(၅)ခဲ ထွက်လာတယ်။

ထန်းလျက်ထုပ်ကို တဲကြမ်းပြင်ပေါ် ချ။ မီးဖိုပေါ်မှာ နပ်ထားတဲ့ ရေနွေးအိုးကိုမ၊ လက်ဖက်ရည်အကြမ်းပန်းကန်ထဲ အငွေ့တထောင်းထောင်းထနေတဲ့ ရေနွေးကိုထည့်...

'ဘဘ အညာထန်းလျက်ကလေး မြည်းလိုက်ပါဦး။ အမောပြေလေး'

လို့ ပြောပြီး ထန်းလျက်ထုပ်ကို လက်ကမ်းလိုက်တယ်။ စေတနာက အပြည့်။ မေတ္တာတွေပွားလို့။ စားပါစေ။ အဆာပြေ။

အဘိုးကြီးက ထန်းလျက်တစ်ခဲကို ယူပြီး ကိုက်လိုက်တယ်။ ထောက်ခနဲနေတာပဲ။ အသက် (၈၀)နားနီးနေတဲ့ အဘိုးကြီး။ သွားကောင်းလိုက်တာ။ အသံတောင် မြည်လို့။ လက်ဖျားခါမိတယ်။

ဦးသက်ပန် အံ့ဩသွားတယ်။ သူ့မှာတော့ တချို့ အံသွားတွေ ကျိုးကုန်ပြီ။ တချို့က ကြွေကုန်ပြီ။ ပွဲကုန်ပြီ။ အံမစုံတော့ဘူး။ အသားဟင်းများ မနူးရင် ဝါးဖို့ ခပ်ခက်ခက်။ ဘယ်ဘက်က တစ်လီ ညာဘက်ဆီတစ်လှည့်။ ဟိုဘက်ဒီဘက် ပြောင်းပြောင်းပြီး ဝါးနေရပြီ။ ချောင်း ချောင်းပြီး ဝါးနေရပြီ။ စမ်းတဝါးဝါးနဲ့။

အဘိုးကြီးက ဘယ်ဘက်လက်ထဲ မှာ ထန်းလျက်ခဲတစ်ခြမ်းကို ကိုင် ချက် ညာလက်က ရေနွေးပန်းကန် လှမ်းယူပြီး မော့လိုက်တယ်။ မလှုပ် မလှုပ်...

'အလို... ဘုရား ဘုရား'

ဦးသက်ပန် ဘုရားတလိုက်မိတယ် အဟုတ်ပဲ။

ရေနွေးက မီးဖိုပေါ်မှာကို ကျိုက် ကျိုက်ဆူနေတာ၊ အငွေ့ တထောင်း ထောင်းထနေတာ။ သူသာဆို ပျော့ ကျွတ်ပြီ။ မလွယ်တဲ့ကိန်း။

အဘိုးကြီးကတော့ ဘာမှ မဖြစ် သလိုကြီး။ ထန်းလျက် လက်ကျန် တောင် ဆက်ဝါးနေလိုက်သေး။ ဂူ ရရ။ စကားတော့ စပြီ။

'မောင်ရင် အကောက်တောင် ဂူ ကို သိသလား'

အဘိုးကြီး ဒီဂူကို ဘာလို့ မေး လိမ့်၊ ဘာလုပ်မလို့ပါလိမ့် ဦးသက်ပန် တွေးတယ်။

'သိပါတယ် အဘ'

လို့ ဦးသက်ပန်က အဘိုး သောက်ပြီး ချလိုက်တဲ့ အကြမ်းပန်း ထဲ ရေနွေးထပ်ထည့်ရင်း ပြော တယ်။ အဘိုးကြီးက ဆက်ပြီး ပြော တယ်။

'သိရင် အဘကို လိုက်ပြပေး ကွယ်'

ကိုယ့်ထက်ကြီးတဲ့ သက်ကြီးရွယ် အဘိုးကြီး။ နိုင်းမယ်ဆို မိဘအရွ ကူညီရမယ်၊ လမ်းပြပေးရ ဦးသက်ပန် နှုတ်က...

'ဟုတ်ကဲ့ အဘ'

အချိန်က မနက်(၉)နာရီ ဆွမ်းခံဝင်ချိန်၊ နေရှိန်ကြွစပြု ကောင်း။ ယာခင်းဆင်း အလု



www.burmeseclassic.com

www.burmeseclassic.com



ချက်ပြီး လိုက်ပို့ဖို့ပြင်တယ်။

ဂျုံးဂျုံးကျဂူဆိုတာ ဘာဝေးတာမှတ်လို့။ ဆွမ်းခံပြန်ချိန်တော့ ငါ့ယာနဲ့ ငါ့တဲကို ပြန်ရောက်မှာပဲ။ ဘာကြာမလဲ၊ တစ်အောင့်လောက်ပေါ့။ ဒီအတွေးနဲ့ ဦးသက်ပန်က အဘိုးကြီးကို လိုက်ပို့ ပေးတယ်။

ယာတွေကိုဖြတ်၊ လယ်တွေကို ကျော် သူ့ယာခင်းရဲ့ အရှေ့အရပ် တစ်ခေါ်လောက်က အကောက် တောင်ခြေအစပ်ကို ခေါ်သွားတယ်။

လမ်းတစ်လျှောက် ဘယ်သူ့ ဘယ်သူမှ စကားတစ်ခွန်း မပြောကြဘူး။ ဂျုံးဂျုံးကျဂူကိုပဲ စိတ်စောနေကြတယ်။ ဦးသက်ပန် ရှေ့က သွားသလောက် အဘိုးကြီးကလဲ တစ်ဖဝါးမခွာ နောက်က ထက်ကြပ်မကွာ။ မြန်ရင် မြန်သလောက် နှေးရင်နှေးသလောက် မောပုံပန်းပုံလဲ မပေါက်။ တောက်လျှောက်။

အကောက်တောင် ခြေရင်းကို ရောက်တော့ တောင်တော်ပေါ်ကို တက်ကြပြီ။ ခြေသွားလမ်းကလေး ခုန်ဖုန်။ တောင်ပတ်လမ်းကလေးက ကွေ့ကွေ့ကောက်ကောက်။ နိမ့်ချည် မြင့်ချည် စီရရီ။ တောပန်းတောင်ပန်းတွေနဲ့ ဝေလို့နေ။ သာစွ။

အကောက်တောင်မှာက တောင်ရဲ့ အထက်ဘက် ထုံးဘိုဘက်ကသွားရင် တောင်ငယ်၊ တောင်လတ်၊ တောင်မကြီးဆိုပြီး တောင်အနိမ့်အမြင့် အစဉ်အတိုင်း တည်ရှိတယ်။ တောင်လတ်ရဲ့ အလွန် ခပ်လှမ်းလှမ်း တောင်မကြီး ရောက်ခင် ခပ်ခွာခွာလေးမှာ ဂျုံးဂျုံးကျဂူရှိတယ်။

ဂျုံးဂျုံးကျဂူလို့သာ ခေါ်ကြတာ။ တောင်ကမ်းပါးယံမှာ ကပ်ပြီး ရှိတာ မဟုတ်ဘူး။ တောင်နံရံမှာ ရှိတာ မဟုတ်ဘူး။ တောင်ပေါ်က မြေပြင်ညီညီမှာ တွင်းကြီးတစ်တွင်းလို ရှိနေတာ။

ဦးသက်ပန်စိတ်အထင် သိပ်မကြာလိုက်ဘူး။ ဂျုံးဂျုံးကျဂူပေါက်ဝကို ရောက်သွားတယ်။ ပင်ပန်းလှတယ် မဟုတ်ဘူး။ ဂူနားမှာက လူသူလေးပါးလဲ မရှိဘူး။ မြင်ကွင်းကရှင်းပြီး ကျေးငှက်သာရကာတို့ရဲ့ အသံတောင် မကြားရဘူး။ အသံဗလံကလဲ တိတ်လို့။

ဂျုံးဂျုံးကျဂူအဝကို ရောက်တော့ အဘိုးကြီးက ရှေ့ကနေ ဆင်းသွားတယ်။ ဦးသက်ပန်လဲ ဘာရယ် မဟုတ်ဘဲ နောက်ကနေ ဆင်းလိုက်သွားတယ်။ ယာခင်းနဲ့ သူ့တဲ လုံးဝပဲ မေ့သွားပြီ။

ဂျုံးဂျုံးကျဂူလို့သာ သူသိတာ။ တစ်ခါမှ ဆင်းဖူးတာမဟုတ်ဘူး။ ဆင်းဖူးသူတွေ ပြောကြတာက ဖယောင်းတိုင် (၂)ထုပ်ကုန်တာတောင် ဂူမဆုံးသေးဘူးတဲ့။

ဂူအဆင်းက လှေကားထစ်သဖွယ် ဖြစ်နေတယ်။ ယောင်ယောင်လေးပဲ။ ဂူအမြင့်က လက်ခုပ်တစ်ဖောင်မက ဆင်တစ်ရပ်စာထက်တောင် မြင့်နေတယ်။ လမ်းအကျယ်က (၂)လံသာမယ်။ ကျယ်ကျယ်ဝန်းဝန်းကြီး တဖြောင့်တည်းကြီး။ မြေပြင်ညီညီကြီး။

အဘိုးကြီးနဲ့ ဦးသက်ပန် (၂)ယောက်သား သွားလိုက်ကြတာ ခရီး ဘယ်လောက်ပေါက်ခဲ့ပြီလဲ မသိ။ ဘယ်အချိန်တွေ ရောက်နေပြီလဲ မသိ။ မောတတ် ပန်းတတ်လဲမရှိ။ ချွေးတစ်ပေါက်မထွက်။ အသက်လဲ မှန်မှန်ရှူလို့။

ထူးခြားတာက ဂူထဲမှာ ဆိုပေမယ့် နေ့ဘက်လိုပဲ အလင်းရောင်ရနေတယ်။ မမြင်မစမ်း သွားရတာမျိုး မဟုတ်။ လင်းလင်းချင်းချင်းကြီး။ မြေပြင်ပေါ် အပ်ချထားရင်တောင် မြင်ရနိုင်တဲ့ အလင်း။ မှုန်ပျပျ မဟုတ်တဲ့ အလင်းထိန်ထိန်။

ရှေ့က အဘိုးကြီးက ဘာတစ်ခွန်းမှ စကားမစဘူး။ နောက်က ဦးသက်ပန်ကလဲ နှုတ်ဆွံ့အနေသလိုပဲ။ စကားမပြောနိုင်ဘူး။ တိတ်တိတ်ဆိတ်ဆိတ်၊ ငြိမ်ငြိမ်သက်သက်၊ အသွားကတော့ မပျက်။

သွားလိုက်ကြတာ ခဏအကြာမှာတော့ စက်ဝိုင်းလေးလိုလို လေးထောင့်မကျတကျ အပေါက်ကလေး ဂူအထွက်ဝ။

---

ရှေ့လ ဆက်ဖတ်ပါရန်

**ရွှေတောင် ကြည်မောင်ရေး**



www.burmeseclassic.com

www.burmeseclassic.com





တက္ကသိုလ် ဘုန်းနိုင်

# မဟာမြိုင်တောထဲမှ

## ထူးဆန်းသောဘုရား

မဟာမြိုင်တောကြီးထဲရှိ အင်ဒိုင်းကုန်း သစ်တောကြိုးဝိုင်းသည် မင်းကင်းမြို့နယ်အပိုင် ဖြစ်သည်။ အဆိုပါ သစ်တောကြိုးဝိုင်းကို မင်းကင်းမြို့နယ် သစ်တောဦးစီးဌာနမှ ထိန်းသိမ်းစောင့်ရှောက်ရသည်။ မုံရွာဒေသ သစ်ထုတ်လုပ်ရေးလုပ်ငန်းမှ သစ်များထုတ်လုပ်နိုင်ရန်အတွက် ကျွန်းပင်များ စိုက်ပျိုးခြင်း၊ ပင်ထောင်ရိုက်ခြင်းများ ပြုလုပ်ပေးရသည်။

သစ်တောဦးစီးဌာနမှ ဝန်ထမ်းများသည် မိုးကုန်သည်နှင့် အင်ဒိုင်းကုန်း သစ်တောထဲသို့ ဝင်ကြရ၏။ တောခေါင်းကြီးနှင့်အဖွဲ့သည် သစ်တောထဲ

တွင် တဲဆော...
နေကြရ...
သစ်ထုတ်လုပ်ရေးလုပ်င...
ဝန်ထမ်းများသည် သစ်ထု...
တောထဲတွင်နေကြ၏။ ဝန်ကြီးဌာန...
တူသဖြင့် တစ်ဖွဲ့နှင့် တစ်ဖွဲ့ အကူ...
ပေးကြသည်။

တောခေါင်းကြီးသည် တောထဲ...
နေစဉ် အမိဌာန်ဝင်၍ ပုတီးစိပ်...
ဘာဝနာပွားခြင်းအလုပ်ကို ဝတ်မ...
လုပ်၏။ တစ်နေ့တွင် တောခေါင်း...
သည် သစ်ပင်များ ပင်ထောင်ရိုက်...
အတွက် သစ်တောထဲတွင် လှေ...
ကြည့်သည်။ ပင်ထောင်ရိုက်...
ဆိုသည်မှာ ပေမိုဒေါက်မှီ စံချိန် သ...
များကို သစ်ထုတ်လုပ်ရေးလုပ်င...
သစ်ထုတ်ခုတ်လှဲရန်အတွက် အ...
အသားပြု နံပါတ်တပ်ရခြင်း ဖြစ်သ...

သစ်တော တစ်နေရာသို့ ...
သောအခါ ဘုရားဆင်းတုတော်...
ကို ခုတ်လှဲထားသော ကျွန်းပင်...
ပေါ်တွင် ကိန်းဝပ်စံပယ်နေသည်...
ဖူးတွေ့လိုက်ရသည်။ ဆင်းတု...
ဉာဏ်တော်မှာ တစ်မိုက်အမြင့်...
အင်္ဂသားဖြင့် ပြုလုပ်ထား၏။ ...
ထားသော ရွှေသကၤန်း... မိုး...



www.burmeseclassic.com

www.burmeseclassic.com

သောဒဏ်၊ နေဒဏ်ကြောင့် ပျက်ပြယ် ၍ အတွင်းမှ သစ်စေးများ ပေါ်နေ ပြီဖြစ်၏။ပုံတော်မှာ ရိုးရိုးပုံတော်ဖြစ်ပြီး ချခေတ်မှ အနုပညာလက်ရာဟု ခန့်မှန်းရ သည်။

သစ်တောဝန်ထမ်းအချို့က သစ် တောထဲတွင် ဒေသစာရီ ကြွတတ် သော ဘုရားဆင်းတုတော်နှင့် ခပ်ဆင် ဆင်တူကြောင်း ပြောကြ၊ ထင်မြင် ချက်ပေးကြသည်။ တောခေါင်းကြီး သည် ဘုရားဆင်းတုတော်ကို မင်းကင်း မြို့သို့ ပင့်လာပြီး ဘုရားကို ရွှေသင်္ကန်း ကပ်လှူလိုက်၏။ ဘုရားကို အနေ ကဇာတင်ပြီးနောက် နေအိမ်တွင် ပူဇော်ထားလိုက်သည်။ မကြာမီ တောခေါင်းကြီးသည် တောအုပ်ရာထူး တိုးမြှင့်ပြီး ရှမ်းပြည်နယ်မြောက်ပိုင်းရှိ မြို့တစ်မြို့သို့ ပြောင်းရွှေ့ရသည်။

မပြောင်းရွှေ့မီ မင်းကင်းမြို့တွင် ရေ ကြီးသည်။ ချင်းတွင်းမြစ်ရေသည် (၂)နှစ်လျှင် တစ်ကြိမ်ကျ ရေတက်နေ ကျဖြစ်၏။ ရေတက်လာလျှင် မြစ်ကမ်း ပေါ်ရှိ နေအိမ်များအားလုံး ရေမြုပ် နေကျဖြစ်သည်။ တောခေါင်းကြီး၏ နေအိမ်မှာ ကုန်းမြင့်အနည်းငယ်ကျ သဖြင့် ကြမ်းပေါ်သို့ ရေတစ်ပေမျှသာ တက်လာတတ်သည်။ ဘုရားပင့်လာ သောအခါ ရေမှာ ကြမ်းအောက်အထိ သာ တက်ပြီး ကတော့သဖွယ် ဖြစ်နေ ၏။

ရှမ်းပြည်နယ်မြောက်ပိုင်းရှိ မြို့ငယ် တစ်ခုသို့ ပြောင်းရွှေ့လာသောအခါ မြို့အစွန်ရှိ သစ်တောဝင်းတွင် နေရ၏။ ထိုအချိန်က ထိုဒေသသည် မငြိမ်သက် သောဒေသ ဖြစ်သည်။ တောအုပ်ကြီး သည် နံနက်တိုင်း ဆီမီးပူဇော်၊ သောက်တော်ရေကပ်ပြီး ဘုရားရှိခိုး၍ အန္တရာယ်များ ကင်းဝေးစေရန် အမြဲ



ဆုတောင်း၏။

ငြိမ်းချမ်းရေးနှင့် လက်နက်လဲလှယ် ၍ အလင်းဝင်လာသော ရဲဘော်တစ်ဦး ပြန်လည် ပြောပြချက်အရ တောအုပ် ကြီး၏ နေအိမ်ပတ်ဝန်းကျင်တွင် ညအခါ အစိုးရတပ်များ တွေ့ရတတ် ကြောင်း သိရသည်။ အမှန်တကယ် တွင် မည်သည့်တပ်ဖွဲ့မျှ မလာတတ် ကြပါ။ ဘုရား၏ တန်ခိုးတော်ကြောင့် ထင်ယောင်ထင်မှား ဖြစ်ခြင်းသာ ဖြစ်ပါ သည်။

လဆန်းတစ်ရက်တွင် အစည်း အဝေးတက်ရန် လားရှိုးမြို့သို့ ကိုယ်ပိုင် ဂျစ်ကားဖြင့်သွား၏။ လားရှိုးမြို့သို့ ရောက်ရန် (၇)မိုင်အလိုတွင် ကားတန်း ကို ရပ်တန့်ပြီး သူပုန်အဖွဲ့မှ ဆက်ကြေး တောင်းသည်။ ခရီးသွားပြည်သူများနှင့် ကုန်သည်များကို ဘာမျှမလုပ်ပါ။ ကားပေါ်တွင် ပါသူများက စုပေါင်း၍ ဆက်ကြေးပေးရသည်။

တောအုပ်ကြီးမှာ ရှာဖွေရေးဂိတ် တွင် တာဝန်ကျတတ်သဖြင့် လူသိများ ၏။ တောအုပ်ကြီးက ကြောက်လန့်ပြီး နေအိမ်တွင် ပူဇော်ထားသော ဘုရားကို အာရုံပြု၍ ဆုတောင်းလိုက်သည်။ မကြာမီ သူပုန်အဖွဲ့မှ ခေါင်းဆောင် အဆင့်ရှိ ပုဂ္ဂိုလ်တစ်ဦး အနားသို့ ရောက်လာ၏။

တောအုပ်ကြီးက ထိုပုဂ္ဂိုလ်ကို မြင် တွေ့သောအခါ လန့်သွား၏။ သူ နေထိုင်သော ရပ်ကွက်မှ ရပ်ကွက် ဥက္ကဋ္ဌ ဖြစ်ခဲ့ဖူးသည်။ ပြစ်မှုကျူးလွန် သဖြင့် ရဲက ဖမ်းမည်စိုးသဖြင့် သူပုန် အဖွဲ့သို့ ထွက်ပြေးတိမ်းရှောင်သွားသူ ဖြစ်သည်။ ယခုအခါ ခေါင်းဆောင် အဆင့်ရာထူးပင် ရနေပြီဖြစ်၏။

ကားတန်းမှာ ဆယ်စီးရှိ၏။ ထော်လာဂျီနှစ်စီးကြား ညှပ်ပါလာသေး သည်။ သူပုန်အဖွဲ့က ကားတစ်စီးချင်း ကို လိုက်လံစစ်ဆေး၏။ ထိုပုဂ္ဂိုလ်လေး က တောအုပ်ကြီးကို လက်ကာပြပြီး ငြိမ်ငြိမ်နေကြရန် ပြောသည်။ ခေါင်း ဆောင်အဖွဲ့ အနားရောက်သောအခါ ဒီကားကို စစ်ဆေးပြီးပြီဖြစ်ကြောင်းနှင့် "ကုန်သည်များဖြစ်၍ လားရှိုးသွားကြ မလို့"ပါဟု ရှမ်းတိုင်းရင်းသားလို ပြော သဖြင့် အားလုံး အပါးက ထွက်သွား ကြပြီးနောက် ကားတန်းကို သွားခွင့်ပြု လိုက်သည်။

တောအုပ်ကြီးသည် တစ်ပြား တစ်ချပ်မှ မကုန်ဘဲ လားရှိုးမြို့သို့ အန္တရာယ်ကင်းစွာ ရောက်သွား၏။ ဘုရား၏တန်ခိုးတော် ဖြစ်မည်ဟု ယုံယုံ ကြည်ကြည် လက်ခံထားခဲ့လေသည်။ နေအိမ်သို့ ပြန်ရောက်ရှိသောအခါ ဘုရားဆင်းတုတော်တွင် ရတနာများ စီ၍ ကပ်လှူပူဇော်ပြီး ဘုရားဆင်းတု တော်ကို အနေကဇာတင်ပါသည်။

နေအိမ်ရှိ သစ်တောဝင်းအတွင်း ပန်းပင်မျိုးစုံ စိုက်ပျိုးထားသည်။ နှင်းဆီပန်းပွင့်များက တစ်နှစ်ပတ်လုံး ဖူးပွင့်ဝေဆာနေ၏။ အင်ကြင်း၊ ချယ်ရီ နှင့် ကံ့ကော်ပင်များသည် ရာသီချိန် တွင် ပင်လုံးကျွတ်ပွင့်ကြသဖြင့် ဘုရား စင်တွင် အမြဲ ကြိုင်သင်း၍ နေသည်။ သစ်ခွပန်းမျိုးစုံမှာလည်း အလှချင်း



www.burmeseclassic.com

www.burmeseclassic.com

ပြိုင်၍ အနိုင်လုပွင့်နေကြသဖြင့် သစ်တောဝင်းမှာ အမြဲလုပ မွှေးကြိုင်နေတော့သည်။

တပေါင်းလပြည့်နေ့၏ နံနက်ခင်းတစ်ခုတွင် ဖြစ်သည်။ တောအုပ်ကြီး၏ဇနီးသည် နံနက်(၃း၀၀)နာရီအချိန်တွင် ထ၍ ဆွမ်းချက်၏။ ဆွမ်းကျက်၍ ဆွမ်းတော်ကပ်ရန် သွားသောအခါ ဘုရားကို သစ်သီးဆွမ်းများ ကပ်ထားသည်ကို တအံ့တဩ တွေ့လိုက်ရသည်။ လိုက်ချိုးသီးနှင့် ပန်းသီးများကို အင်ရွက်ဖြင့် ပြုလုပ်ထားသော ပန်းကန်များဖြင့် ဆွမ်းကပ်ထား၏။

အိမ်တံခါး ဖွင့်ထားသော်လည်း ပြင်ပမှ ပုဂ္ဂိုလ်များ လာရောက်ကပ်လှူခြင်း မပြုနိုင်ပါ။ မိမိ၏ နေအိမ်ပတ်ဝန်းကျင်ကို လေ့လာကြည့်သောအခါ အားလုံးက တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။

ထိုညတွင် တောအုပ်ကြီး အိပ်မက်မက်သည်။ ရှေးဘုရင်များလက်ထက်က စစ်သည်တော်များဖြစ်သော မောက်တိုမောက်ရှည် စစ်သည်များက သစ်တောဝင်းထဲသို့ တန်းစီ၍ ဝင်လာကြသည်။ တပ်မှူးလုပ်သူက "ဘုရားကို ပူဇော်ဖို့ လာကြတာပါ" ဟုပြောပြီးနောက် အိပ်ရာမှ လန့်နိုးသွား၏။ အိပ်မက်မှာ ထူးခြားနေသဖြင့် ပြန်အိပ်မရဘဲ မိုးလင်းသွားသည်။

ကိုးရက်မြောက်သောနေ့ ဝေလီဝေလင်းအချိန်၌ ဘုန်းတော်ကြီးတစ်ပါး တောအုပ်ကြီးအိမ်သို့ ကြွလာပြီး ဘုရားကို အလှူခံသည်။ ဘုန်းတော်ကြီးသည်...

'မဟာမြိုင်တောထဲက ဘုရားပျက်တစ်ဆူကို ပြုပြင်ဖို့ စီစဉ်နေကြတယ်။ အဲဒီက ဘုရားကို ပူလကိန်းဝပ်ရာနေရာမှ နေရာတကျ ပြန်ထားပြီး ပူဇော်ကြမှာဖြစ်လို့ ဦးပဉ္စင်း



ဘုရား လာပင့်တာပါ'

တောအုပ်ကြီးက အံ့အားသင့်ပြီး ဝမ်းနည်းစွာဖြင့် ပြန်လည် လျှောက်ထား၏။

'တပည့်တော်ရဲ့ အသက်စည်းစိမ်ကို အကာအကွယ်ပေးခဲ့တာမို့ တပည့်တော်တို့အား ဆက်လက် ပူဇော်ခွင့်ပေးပါဘုရား'

တောအုပ်ကြီးက ဘုရားကိုပြန်ပေးရန် ဝန်လေးနေ၏။ ဘုန်းတော်ကြီးက ဆက်ပြီး...

'ဒကာ ဒီလောက် ပူဇော်ခွင့်ရတာကိုပဲ ကျေနပ်ပါတော့'

ဟု ပြောပြီး ဘုန်းတော်ကြီးသည် ဘုရားစင်သို့ ကြွသွား၏။ ဘုရားကို ဖူးမြော်ရှိခိုးပြီးနောက် ကျောင်းဆောင်ထဲမှ ဘုရားကို ထုတ်ယူလိုက်သည်။ လက်နှစ်ဖက်နှင့်ကိုင်၍ ရင်ခွင်ထဲ ထည့်ပြီးနောက် ဘုရားကို ပင့်၍ သစ်တောဝင်းထဲမှ ထွက်သွား၏။

တောအုပ်ကြီး မိသားစုမျှ မှင်တက်မိပြီး ခေတ္တ ငေးငိုင်နေရာမှ သတိရသက်ဝင်လှုပ်ရှားလာပြီး ဘုန်းတော်ကြီးနောက် အပြေးလိုက်သွားကြသောအခါ ဘုန်းတော်ကြီးမှာ ဘုရားနှင့်အတူ ပျောက် ကွယ်သွားပြီဖြစ်သည်။

တောအုပ်ကြီးက ဝမ်းနည်းပက်လက်ဖြစ်ပြီး အိပ်ရာမှ လန့်နိုးလာသည်။ အိပ်ရာမှ လန့်နိုးလာသော်လည်း အိပ်မက်ထဲမှ အဖြစ်အပျက်များကို အမှန်ဟု ထင်နေမိသည်။ အိပ်ခန်းထဲ၍ ဘုရားခန်းသို့ သွားကြည့်သောအခါ ဘုရားဆင်းတုတော်မှာ ကြည်ညိုဖွယ်ရာ အပူဇော်ခံလျက် ရှိနေသဖြင့် စိတ်သက်သာရာရသွားသည်။

တောအုပ်ကြီးသည် အိပ်မက်ထဲမှ အဖြစ်အပျက်များကို စဉ်းစားမိကာ စိုးရိမ်စိတ်များ ဝင်လာသဖြင့် ကိုယ်ပွား ဆင်းတုတော်တစ်ဆူကို မန္တလေး၌ တွင် သွားရောက်ထုခိုင်းပြီး ဘုရား ပေါ်၌ ရင်ငွေ့လှုံ၍ အတူတကွ ပူဇော် ထား၏။ ဘုရားထုအပြီး အောင်ဘာ ထီ(၅)စောင် ထိုးခဲ့ရာ သိန်းတ မင်္ဂလာစုံတွဲမှ တွတ်(၅)သိန်း ရ သည်။

တစ်နှစ်ခန့်ကြာသောအခါ သစ်ထုတ်လုပ်ရေးအဖွဲ့ ဝန်ထမ်း ထံမှ သတင်းတစ်ခု ကြားခဲ့ရသည်

'မဟာမြိုင်တောထဲ၌ ရုံဖန်ရံခါတွင် တစ်ဆူသည် အမြင့်(၅)ပေ၌ အေ ကြွလာကြောင်း၊ ရွှေသားအတိဖြင့် ကျော များစီထားကြောင်း၊ နောက်မှ လိုက်ကြ လည်း မမီလိုက်၍ သေချာစွာ မဖူး ကြောင်းနှင့် ဉာဏ်တော်မှာ တစ်မိုက် ကြောင်း...'

ဖြစ်၏။


ထိုသတင်းကို ကြားမိတိုင်း တော အုပ်ကြီးသည် စိုးရိမ်စိတ်နှင့် နေအိမ် ကိုးကွယ်ထားသော ဘုရားကို လည် စစ်ဆေးကြည့်မိသည်။ ဘုရား နှစ်ဆူကား နေအိမ်တွင် သပ္ပာယ် အပူဇော်ခံလျက် ရှိနေဆဲ ဖြစ်ပါ သည်။

***တောအုပ်ကြီး ဦးကျော်ဝင်း အမှတ်တရ...***

တက္ကသိုလ် အပန်ငေး



www.burmeseclassic.com



မင်းသန့်ကျော်
(ဇီးကုန်း)

# မှတ်မှတ်ရရ သာမည

[ ၁ ]

ကျွန်ုပ်သည် ဧရာဝတီတိုင်းဒေသကြီးတွင် တာဝန်ထမ်းဆောင်နေစဉ် **လွန်ခဲ့သည့် (၁၅)နှစ်ကာလခန့်က** ဖြစ်ပါသည်။ ထိုစဉ်က ကျွန်ုပ်သည် ဖလွန်မြို့သို့ လုပ်ငန်းတာဝန်ဖြင့် မကြာခဏ ရောက်ရှိပါသည်။

ဖလွန်တွင် ပြည်တော်ပြန်ဘုရားကြီးရှိရာ တစ်နေ့လျှင် နှစ်ခါ,သုံးခါ ဖူးရလေသည်။ ကျွန်ုပ်သည် ဘုရားကြီးနှင့် မလှမ်းမကမ်းရှိ တည်းခိုခန်းတစ်ခုတွင် တည်းသည်ဖြစ်ရာ နံနက်(၄)နာရီ ဘုရားကြီး မျက်နှာသစ်တော်ရေကပ်သည်နှင့် ကျွန်ုပ်သည် အိပ်ရာမှနိုးကာ ဘုရားသို့ သွားလေသည်။

နေ့ခင်းညနေ စသည်တို့တွင်လည်း အားလျှင်အားသလို သွားရောက်ဖူးမြော်လေသည်။

www.burmeseclassic.com

ကျွန်ုပ်သည် ဘုရားကြီးသို့ သွားရောက် ဖူးမြော်တိုင်း ဘုရားကြီးမျက်နှာတော်မူထားရာ စောင်းတန်း၏ အဝတွင် ထားရှိသော ပုံတော်ကို ဖူး၍မဝခဲ့ပါ။ ထပ်ကာထပ်ကာ ဖူးလေကြည်နူးစရာကောင်းလေ ဖြစ်ပါသည်။

ထိုပုံတော်မှာ အခြားမဟုတ်ပါ။ တောင်တန်းသာသနာပြု ဆရာတော်ကြီးနှင့် သာမညဆရာတော်ကြီးတို့သည် မျက်နှာတော်ချင်းဆိုင်၍ ရပ်တော်မူနေကြပုံ ဖြစ်ပါသည်။ မျက်နှာတော်များမှာ ပြုံးရွှင်၍ ကြည်နူးစရာအလွန်ကောင်းပါသည်။

ကျွန်ုပ်တို့သည် ဇလွန်မြို့သို့ လာရောက်၍ ဆောင်ရွက်စရာရှိသည့် ကိစ္စများကို ဆောင်ရွက်ပြီးစီး၍ ပြန်ကြမည်ပြုတိုင်း ဘုရားကြီးသို့သွားကာ ကန်တော့ကြပါသည်။

ပြီးသော် ထုံးစံအတိုင်း ဆရာတော်ကြီးနှစ်ပါးပုံတော်ကို ကန်တော့ကြပါသည်။ ကျွန်ုပ်တို့အဖွဲ့တွင် ပါဝင်သော ဦးတင်ရွှေက...

'သာမညဆရာတော်ကြီးကို ဖူးချင်လို့ လွန်ခဲ့တဲ့(၁၅)နှစ်လောက်က ကျွန်တော်တို့ သွားကြတော့ လမ်းမှာ ကြုံတွေ့ရပုံတွေနဲ့ ဆရာတော်ကြီး အမိန့်ရှိတဲ့ စကားကို ကျွန်တော် အခုထိ ကြားယောင်တယ်ဗျာ'

ထိုအခါ ကျွန်ုပ်က...

'အမယ် လုပ်စမ်းပါဦးဗျာ ကြားကြရအောင်၊ ကျွန်တော်တော့ သွားမယ် အားခဲလိုက်ရင်း ပျက်သွားရင်းနဲ့ အခုထိ မသွားဖြစ်သေးပါဘူးဗျာ'

ဦးတင်ရွှေမှ သူ သာမညသို့ ဘုရားဖူးသွားရောက်ခဲ့စဉ်က ကြုံတွေ့ခဲ့ရပုံများကို ကျွန်ုပ်တို့အား စိတ်ဝင်စားစဖွယ် ပြန်လည် ပြောပြရာ ဦးတင်ရွှေ ပြောပြသော အကြောင်းအရာမှာ စိတ်ဝင်စားဖွယ်ကောင်းလှသဖြင့် သူ ပြောသည့်



အတိုင်း အောက်တွင် ဖော်ပြလိုက်ပါသည်။

## [၂]

ကျွန်တော်သည် ဟသ်ာတမှ သာမညသို့ ဟိုင်းလပ်ကားကလေးဖြင့် ဘုရားဖူးထွက်လာခဲ့ပါသည်။ ကားကလေးတွင် မိသားစုဝင်များသာ ပါဝင်ပါသည်။ မိသားစုသဖွယ် ခင်မင်သော မိတ်ဆွေများနှင့် အားလုံး (၁၅)ဦးသာ ဘုရားဖူးသွားခဲ့ခြင်း ဖြစ်ပါသည်။

လူတို့သည် အတူနေကြသော အခါ တစ်ဦးပေါ်တစ်ဦး မေတ္တာ စေတနာထား၍ ဆက်ဆံကြသည် ထင်ရလေသည်။ တစ်ဦးနှင့်တစ်ဦး မည်မျှ ခင်မင်ကြောင်း မေတ္တာထားကြောင်း သိလိုလျှင် ဘုရားဖူးထွက်ကြည့်ပါဟူသော စကားရှိပါသည်။

ဘုရားဖူး အတူသွားကြသောအခါ တစ်ညအိပ်ခရီးလောက် ကြာသောအခါတွင် တစ်ဦး၏ အပြစ်အနာအဆာကို တစ်ဦးက မြင်လာပြီး အပြစ်ပြောလာလေသည်။

တစ်ရက် တစ်ညထက် ဆက်၍ ခရီးသွားကြည့်ပါမှ တစ်ဦးပေါ် တစ်ဦး မြင်သော အပြစ်များသည် ပိုမိုများပြားလာကြောင်း တွေ့ရမည်ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်တော်က တစ်ဦးပေါ် တစ်ဦး အပြစ်မမြင်သော မိသားစုဝင်များနှင့် ရင်းနှီးသူများသာ တစ်စု တစ်ဝေး တည်းထွက်လာခဲ့ခြင်း ဖြစ်ပါသည်။

သာမညသို့သွားသော ခရီးတွင် လမ်း၌ တွေ့ကြုံရပုံများကို ပြောပြတော့မည်မဟုတ်ဘဲ ထူးခြားဖြစ်စဉ်ကလေး ပေါ်ပေါက်လာပုံကိုသာ ပြောလိုရင်း ဖြစ်ပါသည်။

ကားစခန်းတစ်ခု၌ကား ခေတ္တနား ချိန်မှာ စတင် ပြောပြပါမည်။ ကားရပ်နားချိန်တွင် ခရီးသည်များသည် ကားပေါ်မှဆင်းကာ မုန့်စားခြင်း၊ လက်ဖက်ရည်သောက်ခြင်း၊ တပိုတပါးသွားခြင်း ကိစ္စများကို ဆောင်ရွက်ကြပြီး ခဏအကြာတွင် ကားပေါ်ပြန်တက်ကြပါသည်။

ကျွန်တော်သည် ဘုရားဖူးအဖွဲ့တွင် အသက်အကြီးဆုံးဖြစ်ရာ ခေါင်းဆောင်ဖြစ်မှန်းမသိ ဖြစ်နေပါသည်။ စားရာတွင် လည်းကောင်း၊ အိပ်ရာတွင် လည်းကောင်း ကျွန်တော် စီစဉ်သည့်အတိုင်း လက်ခံကြလေသည်။ ကျွန်တော်သည် ဘုရားဖူးအဖွဲ့တွင် လာစကပင် ပြောထားသောစကား ရှိပါသည်။

'သာမညဆိုတာ နယ်နယ်ရရ မဟုတ်ဘူး သက်သတ်လွတ်နယ်မြေ ဖြစ်တယ်။ ဘယ်အသားကိုမှ မစားကြဘူး။ ဟင်းသီးဟင်းရွက်ပဲ စားကြတယ်။

ဒါကြောင့် အဲဒီနယ်မြေ ရောက်လာရင် ဒါကို အထူးသတိပြုကြပါ။ ကိုယ့်မှာ သက်သတ်လွတ်မဟုတ်တဲ့ဟင်းလျာ ပါလာရင် စောစောက စွန့်ပစ်ကြပါ'

သို့ရာတွင် ကျွန်တော် မည်သို့ပင် မှာစေကာမူ အဆိုပါ ကားရပ်နားသည့် နေရာတွင် ချိုးကြော်များ ရောင်းရာ ကျွန်တော့်တူမကလေး သည် ချိုးကြော်တစ်ကောင်ဝယ်ပြီး ဖက်





www.burmeseclassic.com

www.burmeseclassic.com

ထုပ်ကာ လက်ဆွဲခြင်းထဲ ထည့်ထား သည်ကို ကျွန်တော် မသိလိုက်ပါ။

သို့နှင့်၊ ကားသည် ဆက်လက် ထွက်ခွာလာရာ တစ်နေရာတွင် ကား ပျက်ပါတော့သည်။ ကားဒရိုင်ဘာနှင့် စပယ်ယာတို့သည် ကားစက်ဖုံးကို ဖွင့်ကာ စစ်ဆေးနေပါသည်။ ဟိုနှိုက် ဒီနှိုက်လုပ်ကာ မည်သည့်နေရာက ချို့ယွင်းသည်ကို စစ်ဆေးကြပါသည်။

ခရီးသည်များသည် ပထမသော် ကားပျက်သဖြင့် ခေတ္တခဏ ကား အောက်သို့ဆင်းကာ အညောင်းပြေ လမ်းလျှောက်နေကြသော်လည်း ကား ပျက်ရခြင်း အကြောင်းရင်းကို ရှာမရ သောအခါ ညည်းညူလာကြလေ သည်။

ကားဒရိုင်ဘာက...

'ကားက အကောင်းကြီးပါ။ ပျက်စရာ အကြောင်း ဘာမှ မရှိဘူး။ ကျွန်တော်တို့ အပြစ်ရှာလို့ မတွေ့ဘူး'

ဟု ပြောပါသည်။ ခရီးသည်တစ်ဦး က...

'ခက်တာပဲဗျာ သာမညကို ဒီတိုင်း ဆိုရင် နေဝင်မီရောက်မှာ မဟုတ်တော့ ဘူး'

နောက် ခရီးသည်တစ်ဦးက...

'သာမညကို နေမဝင်မီရောက်မှ ကောင်းမှာ။ ဒီလမ်းက နည်းနည်းမှောင်လာရင် စိတ်မချရ ဘူး။ ဓားပြတိုက်တတ်တယ်'

အချိန်သည် တဖြည်းဖြည်း ကုန်လာ လေ၏။

ကားပျက်သည့် အချက်ကို ရှာမရ သောအခါ ကျွန်တော်သည် ခရီးသည် များဘက်သို့ လှည့်ကာ...

'ကဲ... မင်းတို့ အိတ်တွေ၊ ခြင်းတွေကို တစ်ဦးစီရှာမယ်။ ပြစ်ချက်မကင်းတာ ပါ သလားဆိုတာ သိရအောင် ဖွင့်ပြကြ'

ထိုအခါ ခရီးသည်တစ်ဦးချင်းသည်



မိမိတို့ အိတ်များ၊ ခြင်းများကို ဖွင့်ပြကြ ပါသည်။ ကျွန်တော်ကလည်း တစ်အိတ် ချင်း၊ ပစ္စည်းတစ်ခုချင်းကို အသေးစိတ် ရှာဖွေပါသည်။

ကျွန်တော့်တူမလေး အလှည့်သို့ ရောက်၍ သူ့လက်ဆွဲခြင်းကို ရှာသော အခါ သူ ဝှက်၍ ထည့်လာသော ချိုး ကြော်ကို တွေ့ပါတော့သည်။

သာမညနယ်မြေသည် သက်သတ် လွတ်နယ်မြေဖြစ်ကြောင်း ကျွန်တော် ပြောပြထားပြီး ဖြစ်ပါလျက် ကျွန်တော် မသိအောင် ချိုးကြော် ထည့်လာခြင်း အတွက် တူမလေးအား ဆူပူပြီး ချိုး ကြော်ကို လွှင့်ပစ်လိုက်ပါသည်။

မလွတ်ကင်းသည့် ပစ္စည်းမျိုးကို ကျန်ခရီးသည်များ၏ အိတ်များမှာ မည် သည့်ပစ္စည်းမျှ မတွေ့ရပါ။

သို့နှင့် ကျွန်တော်မှ...

'ကဲ ခရီးသည်တွေတော့ ရှာပြီးပြီ။ ချိုးကြော် တစ်ကောင်တွေ့လို့ လွှင့်ပစ်လိုက်ပြီးပြီ။ ကားဆရာရေ ကားကို စက်နှိုးကြည့်ပါဦး'

ထိုအခါ ကားဒရိုင်ဘာသည် ကားအား စက်နှိုးလိုက်ရာ စက်နိုးသွား ပါတော့သည်။ ခရီးသည်များလည်း ကားပေါ်ပြန်တက်ကာ ခရီးဆက်လက် သွားရန် နေရာယူကြပါသည်။ မကြာမီ မှောင်တော့မည် ဖြစ်ပါသည်။

'ထူးဆန်းလိုက်တာ ချိုးကြော်တစ်ကောင်ပါ တာနဲ့ ကားက မောင်းမရတော့ဘူး။ ချိုးကြော် ကို လွှင့်ပစ်လိုက်တော့မှပဲ ကားက စက်နိုး သွားတော့တယ်'

လမ်းခရီးကို ကောင်းစွာဖြင့် မြင်နိုင် ရန် ဒရိုင်ဘာသည် ကားကို မီးဖွင့်၍ မောင်းလေသည်။ ခရီးတစ်ဖာလုံခန့် ရောက်သောအခါ လမ်းပေါ်တွင် ဦးပဉ္စင်းနှစ်ပါးသည် ရပ်၍ ကားအား တားနေသည်ကို ကားမီးရောင်ဖြင့် မြင်ရပါသည်။ ဒရိုင်ဘာက...

'ဦးပဉ္စင်းတွေပါလား ဘယ်ကြွမလို့ လဲ မသိဘူး'

ဟုဆိုပြီး ကားကို ရပ်ပေးလိုက်ပါ သည်။

ကျွန်တော်က...

'တပည့်တော်တို့ကားမှာ နေရာလွတ် မရှိ တော့ပါဘူး ဘုရား။ ဒါပေမယ့် တပည့်တော် တို့ နည်းနည်းစီ ရွှေ့ပေးလိုက်ရင်တော့ ဦးပဉ္စင်းတို့ လိုက်လို့ ရနိုင်ပါလိမ့်မယ်'

ထိုအခါ ဦးပဉ္စင်းတို့သည် ကျွန်တော့် အား လက်ကာပြလိုက်ကာ ကပျာ ကသီ ကားနောက်ပိုင်းသို့လာပြီး ကား ပေါ်တက်ကာ နောက်တံခါးဖုံးပေါ်မှ မတ်တတ်ရပ်ပြီး အပေါ်တန်းကို ကိုင် လိုက်ကာ...

'ဦးပဉ္စင်းတို့ ဒီအတိုင်း လိုက်ပါမယ်။

www.burmeseclassic.com

မောင်းသာမောင်းပါ'

ကားဒရိုင်ဘာသည် ဘာမှမပြောတော့ဘဲ မောင်လည်း မောင်လာပြီးဖြစ်၍ ကားအား အရှိန်မြှင့်ကာ မောင်းလာပါတော့သည်။

သိပ်မကြာပါ ရှေ့နားတွင် လက်နက်ကိုင်လူ(၅)ဦးသည် ကားကို တားနေကြပါသည်။ သူတို့သည် ကားလမ်းကို ပိတ်ရပ်ကာ တားနေခြင်းကို ကားမီးရောင်ဖြင့် မြင်ရသဖြင့် ဒရိုင်ဘာသည် ကားကို ရပ်ပေးလိုက်ပါသည်။

ကားပေါ်မှ ခရီးသည်များသည် လှုပ်လှုပ်ရွရွ ဖြစ်သွားကာ "တို့တော့ဖြင့် ဓားပြတိုက်ခံရပြီ"ဟု ပြောကာ ဘုရားစာများ ဆိုသူဆို၊ ငိုသူငိုဖြင့် ရှိနေကြပါသည်။

ထိုအခါ ကားနောက်မြီးတွင် တွယ်စီးလာသော ဦးပဥ္ဇင်းနှစ်ပါးသည် ရှေ့သို့ကြွလာကာ ဓားပြများနှင့် မျက်နှာချင်းဆိုင်လိုက်ပြီး...

'ဒီကားက ခရီးသည်တွေအားလုံး သာမည ကို ဘုရားလဲဖူးမယ်၊ ဆရာတော်ကိုလဲ ဖူးမလို့ လာကြတာ မင်းတို့ မနှောင့်ယှက်နဲ့ ပြန်ကြ'



ထိုအခါ ဓားပြများသည် တစ်ယောက်ကို တစ်ယောက်ကြည့်ကာ ပြန်ရန် အချက်ပြကြပြီး ကားလမ်းဘေးသို့ဆင်းကာ တောတွင်းသို့ ဝင်သွားကြပါသည်။

'ကဲ ဆက်မောင်းတော့ ရှေ့နားမှာ ရောက်ခါနီးပါပြီ'

ဦးပဥ္ဇင်းနှစ်ပါးက ပြောပြောဆိုဆို ကားပေါ်သို့ ပြန်တက်ကာ ကားနောက်မြီးတန်းကို ကိုင်လိုက်ပါသည်။ ကားဒရိုင်ဘာလည်း ကားကို ဆက်မောင်းလာခဲ့ပါသည်။ သာမည သို့ရောက်၍ ဆရာတော်အား ဖူးတွေ့ရသောအခါ ဆရာတော်က မျက်နှာတော် ပြုံး...ဖြင့်...

'အကာတို့ ပင်ပန်းလာတယ် မှ... လမ်းမှာလဲ ဒုက္ခတွေ့သေးတယ် မဟုတ်... ဒါကိုသိလို့ ဘုန်းဘုန်းက ဒီက ဦးပဥ္ဇ... ကို လမ်းက ကြိုစောင့်ခိုင်းထားတာ'

ကျွန်တော်သည် ဆရာတော်... အား ရှိသေစွာ ကန်တော့ရင်း လျှော... ထားလိုက်ပါသည်။

'မှန်လှပါ တပည့်တော်တို့ ဒုက္ခ... တော့မလို့ သိသိကလေး လိုပါတော... ဘုရား၊ အရှင်ဘုရားရဲ့ မေတ္တ... အင်မတန် ကြီးမားလှပါတယ်ဘုရား'

[၃]

ဦးတင်ရွှေသည် သာမည ဘု... ခရီးစဉ်အကြောင်း ကျွန်ုပ်ကို ပြော... ကျွန်ုပ်ကလည်း သာမည ဆရာ... အား စိတ်တွင်းမှ ရည်မှန်းကာ လ... ချီမိုး ရှိခိုးရင်း ဤဖြစ်စဉ်ကေ... "မှတ်မှတ်ရရသာမည"ဟု ခေါ်... တပ်ကာ စာဖတ်သူသို့ တင်ပြလိုက်... တော့သည်။

**မင်းသန့်ကျော်(ဓိကုန်း)**

### စာရှုသူ သုတေသီနှင့် ပါဠိနာရှင်များသို့...

**မိမိတို့ဒေသရှိ ဆရာတော်ကြီးများ၊ ပုဂ္ဂိုလ်ထူးကြီးများ၏ မိမိတို့သာသိပြီး သမိုင်းမဝင်သော ဖြစ်ရပ်များကို ရေးသားပေးပို့နိုင်ကြပါပြီ။**

**ဤသို့ ရေးသားပေးပို့ခြင်းဖြင့် ကွက်လပ်ဖြစ်နေသော၊ အများမသိသော ဖြစ်ရပ်များကို မှတ်တမ်းတင်ပြီး ဖြစ်သွားပါမည်။ သမိုင်းမှတ်တမ်းတင်ပြီး ဖြစ်ပါလိမ့်မည်။ ဤကုသိုလ်ထူးကြီးကို ပါဝင် ကုသိုလ်တော် ယူကြပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။**

*လေးစားစွာဖြင့်...*

**ဦးကျော်မိုးသိန်း**
**စာတည်းချုပ်**
**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**



www.burmeseclassic.com

www.burmeseclassic.com

မြိုင်တွင်း မတောင်းတောင်နှင့်

# ချပ်တွင်းကြီး

ရောမောင်



ယခုလပိုင်း မိုးကောင်းလွန်းနေသည်။ နေ့ညရက်ဆက် ရွာသွန်းနေသောမိုးကြောင့် အပြင်မထွက်ဘဲ အခန်းအောင်းနေခဲ့မိသည်။ မိုးတွင်းတောရိပ်၊ တောင်ရိပ်ကြောင့် အေးမြသည့် ရာသီဥတုဒဏ် အတော်ခံနေရသည်။ ရှိသမျှ အနွေးထည် အထပ်ထပ်ကြောင့် ဝ,လာသလားတောင် အောက်မေ့မိရသည်။

အတွေးနှင့် နစ်မျောနေမိချိန် ရုံးဝင်းအတွင်းမှ အိမ်ဘက်သို့ အပြေးတစ်ပိုင်းနှင့် မောင်ကြိုင်တစ်ယောက် ပေါက်ချလာပါသည်။

'ဆရာရေ AEခေါ်ခိုင်းလို့ ရုံးပေါ်မှာ စောင့်နေတယ်'

www.burmeseclassic.com

'အေး အေး လာပြီပြီ'

အချိန်က နံနက်(၈)နာရီလောက်ရှိနေပြီ ရုံးပေါ်ရောက်တော့ AEမှ...

'လာ လာ လေးလေး အလုပ်ကိစ္စလေး ပြောချင်လို့ ခေါ်ခိုင်းလိုက်တာ'

AEမှာ အလုပ်သင် အချိန်ထဲက တွဲဖက်လုပ်လာသူမို့ ရင်းနှီးပွင့်လင်းစွာ မိသားစုလို ဆက်ဆံသူဖြစ်သည်။ ပြောရဲဆိုရဲဖြစ်၍ လုပ်ငန်း တော်တော်များများကို အဆင်ပြေစွာ လုပ်နိုင်ခဲ့သည်။

'မိုးရက်ဆက်ရွာလို့ တောင်ပေါ်လမ်းသား အကြီးအကျယ်ပြိုသွားတယ်။ အရေးပေါ် (တုပ်ရိုက်)ရမယ်'

တုပ်ရိုက်ခြင်းမှာ မြေကာနံရံလုပ်ခြင်းကို ဆိုလိုသည်။

'မိုင်တိုင် $\frac{89}{5\text{-}6}$ ကြားမှာ အရှည် (၄၀)ပေလောက် နိမ့်သွားတယ်။ အခုပဲ လူစုပြီး သွားနိုင်ရင် သွားပါ။ ကားလဲ မိုးကြီးနေလို့ မသွားနိုင်ဘူး။ အဆင်ပြေသလိုသွားပါ။ ရိက္ခာကို နောက်တန်းက စီစဉ်ပေးလိုက်မယ်'

အရေးကြီးသည်ဖြစ်၍ အိမ်ပြန် အထုပ်အပိုးပြင်ပြီး လေ့ဆိပ်သို့ ဆင်းလာခဲ့သည်။ ကြုံသည့်လှေနှင့် တစ်ဖက်ကမ်း ကိုင်းရွာသို့ ကူးလာပြီး မောင်စိုးနှင့်တွေ့ဆုံ အကျိုးအကြောင်း ပြော လူစုခိုင်းရသည်။

'အာစရိရေ မြုန်းစားကြီးဆိုတော့ လက်ရင်း(၂)ယောက်နဲ့ ကျွန်တော် (၃)ယောက်ပဲရှိတယ်။ မြေကာနံရံ လုပ်ရမှာဆိုတော့ ယုဇလယ်ရွာမှာ လက်သမားလုပ်နိုင်တဲ့ ကိုကြည်မောင် တို့သားအဖနှစ်ယောက် ဝင်ခေါ်သွားမယ်။ (၅)ယောက်လောက်ဆို အဆင်ပြေပါတယ်'

ထမင်းထုပ်,ထုပ်ပြီး ကျွန်တော်တို့ (၄)ယောက်သား မြိုင်ထဲသို့ ခြေကျင်ခရီး စတင် ဝင်ရောက်ခဲ့ပါသည်။

မိုးဖွဲဖွဲအေးသည့်ဒဏ်ကို ခံစားမနေတော့ပါ။ ခပ်ပြင်းပြင်း လှမ်းခဲ့ကြပါသည်။ မြိုင်အဝင် တောစပ်မှ ဗိုသနီး မယ်တော်နတ်နန်း ဦးတိုက်ပြီး တက်သုတ်ရိုက်ခဲ့သည်မှာ မောရမှန်းတောင် မသိတော့။ တောင်တက်လမ်းမို့ ပင်ပန်းတာတော့ အမှန်ပင်။

လမ်းတစ်ဖက်လောက် ရောက်တော့ "ကတွတ်မြစ်ဆွဲ"စခန်းခေါ်သည့် တောင်တက်လမ်းမှာ ဖြောင့်နေသော တောင်ပေါ်ကားလမ်းဖြစ်ပြီး တစ်ဖက်မှာ ချောက်အနက်ကြီးများရှိသောနေရာ ဖြစ်သည်။ ကြည့်စရာတတ်လျှင် ကားလမ်းဘေး ချုံနွယ်ကြီးများမှာ ဆင်တုံးမနွယ်ပင်များ များစွာ ပေါက်ရောက်နေသည်ကို တွေ့မြင်ရပြီး ထူးခြားမှုက ကတွတ်ပင် တော်တော်များများလည်း ပေါက်ကြသည်။

တချို့ရွာခံများ ပြောကြတာက အရင် ကားလမ်းဖောက်ခါစ ချောက်များဖြစ်နေ၍ ကတွတ်ပင်အမြစ်ကို ဆွဲပြီး တက်သွားရတာကြောင့် "**ကတွတ်မြစ်ဆွဲ**"ဟု နာမည်ဖြစ်သွားတာလို့ ပြောပြကြသည်။ **ကိုင်းရွာနှင့် ယုဇလယ်ရွာက** (၇)မိုင်ခရီးဖြစ်၍ (၄)ယောက်သား ခပ်ပြင်းပြင်း ခရီးနှင် လာခဲ့တာ နေ့လယ်(၁)နာရီလောက် ယုဇလယ်စခန်းကို ရောက်ကြသည်။

ကိုကြည်မောင်နှင့်တွေ့ပြီး အကျိုးအကြောင်းပြောပြတော့ ဝမ်းသာအားရနှင့် လိုက်ခဲ့မည်ဆိုပြီး ထမင်းပွဲပြင်ဆင် ကျွေးမွေးပါတော့သည်။

ခွေးဟောင်သံတွေနှင့်အတူ "အုံး" ခနဲကြားလိုက်သည့် အသံကြောင့် အလန့်တကြား အိမ်အောက်သို့ ငုံ့ကြည့်မိသည်။ ကိုကြည်မောင်တို့အိမ်မှာ ခြေတံရှည် မြေစိုက်အိမ်မို့ ကြမ်းခင်းမှာ မြေကြီးနှင့် (၉)ပေ... လောက် မြင့်မည်ထင်ပါသည်။

'ကျွန်တော့်သား ပြန်လာပြီ'

ခွေးတွေနှင့် ဖွတ်ကို စလွယ်... မှ ချွတ်ပြီး မြေကြီးနှင့် ကိုင်ရိုက်... သော အသံကြောင့်ကျွန်တော်... အကြည့်ရောက်သွားပါသည်။

ကျစ်လစ်သော ခန္ဓာကိုယ်နှင့်... လက်သော လူပ်ရှားမှုဟန်၊ ခြေ... သော မျက်လုံးများကြောင့် ထူးခြား... သည်။

'ကျွန်တော့်သားက မျစ်ချိုး... လည်ပေါ့ ဆရာရယ်။ အခု အလုပ်... လာတော့ အဆင်ပြေတာ... တောထဲ ကျွမ်းကျင်တော့ အ... တာပေါ့'

ပြောပြောဆိုဆို သူ့သားနှင့် မိ... ဆက်ပေးပါသည်။

စားသောက်၊ အထုပ်အပိုး ပြင်... ပြီး တစ်နိုင် စားစရာများဆွဲ၍ (...) ယောက်သား ခရီးဆက်ထွက်ခဲ့... သည်။ နာရီကြည့်လိုက်တော့ (၄)... ကျော်ကျော်လောက်ဖြစ်၍ သွား... ခရီး (၉)မိုင်နီးပါလောက် ကျန်... သည်။

ချောင်းဆုံရွာလေးဝင်တော့ (၅)... လောက်ရှိပြီ။ ချောင်းဆုံ... ယုဇလယ်ရွာမှာ (၅)မိုင်မျှလောက်... သည်။ ချောင်းဆုံမှ မိတ်ဆွေတစ်ဦး... တစ်ညတာ တည်းခိုခဲ့သည်။ ချောင်း... မှ မိတ်ဆွေက...

'ခင်ဗျားတို့ သွားမယ့်နေရာက ... နီးတယ်။ ရေတို့ ရိက္ခာတို့ မပူရဘူး ... ပုံကျတဲ့နေရာက တောင်ကမ်းပါးယံ ... က ချောက်၊ လမ်းဖောက်ထားတာ ... တော့ထားပေါ့ဗျာ'

ဟု ပြောဆိုသဖြင့် ကျွန်တော်... "ဘာကို သတိထားရမလဲ" ဟု မေး...



www.burmeseclassic.com

www.burmeseclassic.com



...တ်မိပါသည်။ ပါးစပ်ကတော့ ...ပြာမထွက်ပါ။ တစ်ဖက်က စေတနာ ...ဖြစ်၍ စကားမကျွံစေချင်ပါ။ နံနက် ...စောစော မိုးလည်း ဖွဲဖွဲလေးမို့ တောဝင်၊ ...တောင်တက် ခရီးဆက်ခဲ့ရာ (၈)နာရီ ...လောက် စခန်းချမည့်နေရာ ရောက်ကြ ...သည်။ တဲကြီးကြီးထိုးပြီး မီးဖိုလိုက် ...ကြသည်။

မြေသားပုံကျသည့်နေရာ $\frac{89}{5}$ နှင့် $\frac{89}{6}$ ကြား အရှည်ပေ(၄၀)ပေလောက် ...ကို ကျွံကျသွားသဖြင့် နေရာအနေ ...အထားကို လေ့လာကြည့်မိသည်။ ...တစ်ဖက်ကမ်းပါးယံမှာ သဲကျောက် ...တောင်ဖြစ်၍ တောင်ထိပ်ပေါ်မှာ ...ည်ပင်ကြီးတစ်ပင်ကို တွေ့ရသည်။ ...ည်သီးတွေလည်း တော်တော်များ ...များ သီးနေသည်။

အောက်ဘက် တောင်နံရံမှာ ချော ...တ်နေသော ကလိုင်ခေါင်းတစ်ခုကို ...တွေ့ရသည်။ နွတ်ခမ်းသားများ ချော ...ပြောင်နေသဖြင့် "ဘာပါလိမ့်" ဟု ကိုင် ...ကြည့်မိသည်။

'ဒီ ချပ်တွင်းလေ၊ တချို့က ဆားတွင်းလို့ ...ခေါ်ကြတယ်။ တောကောင်တွေ လာလာ ...လျက်ကြတဲ့ ဆားမြေပေါ့။ ဒါကြောင့် တွင်း ...ဖြစ်နေတာ'

အနီးအနား ကြည့်မိတော့ ခြေရာ ...တော်တော်များများ တွေ့ရသည်။ ဘာ ...ခြေရာတွေမှန်းမသိ။ ကျွန်တော်တို့ တဲ ...ကတော့ အတန်ငယ်ဝေးသည်။ ...တောင်အောက်ဘက် (၂)ဖာလုံ ...လောက် ဆင်းသွားရင်"ရေမ"စခန်း ...ရှိသည်။

စခန်းဘေး တောင်ကျချောင်းနှင့် ...ကားလမ်းကြား စခန်းဆောက်၍ ...နေရောင်းနေထိုင်ကြသော သူတို့ကို ...လည်း တွေ့ရသည်။

တဲ(၄-၅)လုံးနှင့် လူဦးရေ(၁၄,၅) ယောက်လောက်ရှိမည် ထင်ရသည်။ စခန်းနှင့် ကျွန်တော်တို့တဲက မနီးမဝေး ဖြစ်၍ အားတော့ ရှိမိသည်။ လိုအပ်သည့်ပစ္စည်း စုဆောင်းပြီး မနက်ဖြန် စတင် အလုပ်ဆင်းကြရန် စီစဉ်လိုက်ပါသည်။

တစ်ညတာ ကျော်လွန်ပြီး နံနက် စောစောထ လုပ်ငန်းခွင်ဝင်ရန် လက်မှ နာရီရက်စွဲကို ကြည့်လိုက်တော့ (၂၈-၉-၂၀၁၁)နေ့ ဖြစ်နေ၍ လကုန် ရက်တောင် နီးနေပါပြီလား...

မြေနေရာရှင်း တိုင်စဉ်စိုက်ပြီး လုပ်ငန်း အမြန်ပြီးစီးရန် လုပ်သားများကို အားပေးရင်း လိုအပ်သည့် တိုင်များနှင့် ကာရန် (၈)လက်မ ×(၂)လက်မများ၊ လိုအပ်ပစ္စည်းများ "ရေမ"စခန်းမှ မှာယူပြီး အရောက်ပို့နိုင်းသဖြင့် ပစ္စည်းများအတွက် အခက်အခဲ မရှိပါ။

မြေကာနှစ်ဆင့်ဖြစ်သဖြင့် (၁၀)ရက်လောက် အချိန်ယူရမည်ဟု တွက်ဆမိသည်။ နေ့ခင်း ထမင်းစား ခဏနားနေချိန် ချပ်တွင်းအကြောင်း ခေါင်းထဲ ရောက်လာပါသည်။ မနေ့က မောမော နှင့် အိပ်မျော်သွားသဖြင့် သတိလက်လွတ် ဖြစ်သွားသည်။ ယခုတောကောင်တွေ လာတတ်သော ချပ်တွင်းကြီး အနားတွင် စခန်းချမိသည့်အတွက် သတိတော့ ထားရမည်။

ညနေ ထမင်းစားသောက်ပြီး မှောင်စပျိုးချိန် ကိုကြည်မောင်သား "ထူးအောင်"မှ သရေခွ တကိုင် ကိုင်နှင့် ချပ်တွင်းဆီသွားရန် ဟန်ပြင် နေကြသည်။

အားချိန်ဖြစ်၍ အထွေအထူး ပြော မနေတော့ အန္တရာယ်မရှိပြီးရော ကြည့်နေလိုက်သည်။ ထူးအောင်၊ မောင်စိုးနှင့် ချာတိတ်ပါ သုံးယောက်သား ခွကိုယ်စီနှင့် ထွက် သွားကြသည်။ ည (၁၀)နာရီလောက် ပြန်ရောက်သည်။ ရှဉ့်(၂)ကောင်နှင့် ဖန်ခါးသီး လွယ်အိတ်တစ်လုံး ပါလာ သည်။

ဖန်ခါးသီးအကြိုက်သမား ဖြစ်နေ၍ အထွေအထူး မပြောတော့ပါ။ မီးဖို အတွင်း မီးထည့်၍ တဲအပြင်ဘက်သို့ အပေါ့သွားရန် ထွက်လာမိသည်။

မိုးမရွာသည့်ရက်ဖြစ်၍ ကြယ်လေး တွေတော့ ကောင်းကင်မှာ တွေ့နေရ သည်။ ရှတ်တရက် ကြက်သီးမွေးညင်း ထပြီး ခေါင်းကြီးသွားသဖြင့် အနား ပတ်ဝန်းကျင် ကြည့်လိုက်မိသည်။ ရိပ်ခနဲ ရိပ်ခနဲနှင့် ချပ်တွင်းဘက်သို့ သွားနေကြသော သဏ္ဍာန်မျိုးစုံ အရိပ် များ တွေ့လိုက်ရသည်။ မှင်တက်မိနေ သည်။

တဲဘက်သို့ အမြန်ပြန်လာပြီး အမောဖြေနေမိသည်။ ကလေးတွေ တော့ အိပ်ရာဝင်သွားပြီ ကိုကြည်မောင် တစ်ယောက် ရေနွေးသောက်နေသဖြင့် အနားမှာ သွားထိုင်မိသည်။

'ကိုကြည်မောင် ဒီလမ်းအကြောင်းနဲ့ အခု ကျွန်တော်တို့ စခန်းချတဲ့နေရာ အကြောင်း လေးများ မသိဘူးလား'

ဟု မေးကြည့်မိပါသည်။

'အာစရိရယ် ဘယ်နေရာမ... လမ်း



www.burmeseclassic.com

www.burmeseclassic.com

သစ်စဖောက်တုန်းက အသေ
အပျောက်တော့ ရှိတာပေါ့။ ဖျားလို့
နာလို့၊ တောင်တက်ကား နောက်ပြန်
ကျလို့ ဆုံးရှုံးရတာတွေ ရှိတာပေါ့။
ဒီနေရာတောင် အသေအပျောက်က
မကင်းဘူး'

ဟု ပြောသဖြင့် ကျွန်တော်လည်း ရှေ့မဆက်တော့ပါ။ ကိုကြည်မောင်မှာ ယခင် လမ်းစဖောက်ကတည်းက လမ်းပိုင်းကျွမ်းကျင်သော လုပ်သားကြီးတစ်ဦး ဖြစ်ပါသည်။

'အခုတောင် ဝါးဆစ်တွေ ပိုင်းပုံထားတယ်။ ချုပ်တွင်းနဲ့နီးတော့ ဝါးဆစ်ပိုင်းတွေ မီးထည့်ရှို့ ပေါက်ကွဲသံကြောင့် တော်ရုံ သားရဲတိရစ္ဆာန် မလာတော့ဘူး'

လူကြီးဆိုတော့ လူကြီးတွေးတွေးတာပေါ့။ ''ဒါလောက်လဲ မဟုတ်ပါဘူးဗျာ''ဟုသာ အားပေးမိသည်။ တကယ်တော့ ကျွန်တော်လည်း ခပ်ကြောက်ကြောက်...။

(၆-၁၀-၂၀၁၁)မှာတော့ လုပ်ငန်းလည်း ပြီးဆုံးသွားပြီ၊ မိုးလည်း ပြတ်သွားပြီဖြစ်၍ အလုပ်တွင်ကျယ်ခြင်း ဖြစ်သည်။ အရေးထဲ ချာတိတ်တစ်ယောက်က ဖျားနေသေးသည်။ ယနေ့ည ကိုကြည်မောင်မှ ဝါးဆစ်ပိုင်းများ ထူးထူးခြားခြား စုပုံနေသည်။

'အာစရိရေ ဘာဖြစ်မလဲမသိဘူး။ စိတ်ထဲ လေးနေတယ်'

ထူးအောင်ကလဲ ''တောငြိမ်နေတယ်''တဲ့။ ယနေ့ည သတိထားနေဖို့ ပြောသည်။ ကိုကြည်မောင်က သူ့သားကို အတော့်ယုံကြည်သည်။

'ဘာမှ မဟုတ်လောက်ပါဘူးဗျာ'

ကျွန်တော်လည်း ကြောက်ဟန်မပြ ညဘက် မီးပုံနားစုထိုင်ပြီး ရေနွေးကြမ်းသောက်ရင်း စကားပြော ကောင်းကြသဖြင့် အချိန်လည်း ညဉ့်နက်သွားပြီ၊



အိပ်ရာဝင်ကြပြီး မှေးခနဲ အိပ်ပျော်သွားပြီး အိပ်မောကျနေချိန်လောက်မှာ...

''ဂီး ဂီး''အသံများနှင့် တစ်သက်နှင့်တစ်ကိုယ် တစ်ခါမျှ မကြားဘူးသော အသံကြီးကြောင့် လန့်နိုးသွားသည်။ ကျွန်တော်တို့လူစုအားလုံး ထလာကြသည်။ တိမ်သားကင်းစင်၍ ကြယ်များ၏ အလင်းရောင်တွေကြောင့် တစ်ညတုန်းက ကျွန်တော် တွေ့ခဲ့ရသလို အရိုင်းမျိုးစုံ ချုပ်တွင်းကြီးဘက် သွားနေကြပုံကို အသံပေါင်းစုံနှင့် တွေ့လိုက်ကြရသည်။

'ဝါးဆစ်ပိုင်းတွေ မီးပုံထဲ ပစ်ထည့်ကြ'

ဟု ကိုကြည်မောင် ပြောပြောဆိုဆို မီးရှိန်ကို မြှင့်လိုက်သည်။ လေတိုက်သံရှဲရှဲနှင့် တောတိုးသံကြီးများလည်း ကြားနေကြရသည်။ ထူးအောင်တို့ အုပ်စုလည်း လေးခွကိုယ်စီနှင့် တောင်အောက်သို့ ခြောက်လှည့်အော်ဟစ်ကြသည်။

ဝါးဆစ်ပိုင်းတွေ မီးစွဲပြီး ပေါက်ကွဲသံများနှင့် တစ်တောလုံး ဆူညံနေကြသည်။ တော်တော်နှင့် အသံမပျောက် (၁)နာရီလောက်ကြာတော့မှ အားလုံး ပုံမှန်အတိုင်း ဖြစ်သွားသည်။ နာရီကြည့်လိုက်တော့ နံနက်(၃)နာရီကျော်

ကျော်လောက်ရှိ...

'အာစရိရေ မကောင်းကောင်းတွေနဲ့ ... ခြောက်တာ ခံရတာဗျ'

မကောင်း... ဆိုသည်မှာ ... အခေါ်ဖြစ်ပြီး မကျွတ်... သေးသော ဘုံသား... ဟုပဲ ထင်မိပါသည်...

'အရုဏ်တက်ခါနီးမို့ ... ရပ်သွားတာဗျ။ ဒီကောင်... သားရဲတိရစ္ဆာန်တွေအားလုံး... အလင်းရောင်ကို ကြောက်ကြ...

စိတ်အေးစရာမှာ ပါလာ... လူအားလုံးမှာ အကြောက်အ... ကင်းသူများဖြစ်၍ စိတ်အေးမိပါသည်... နံနက်မိုးလင်းတော့ ''ရေမ''စ... လူ(၁၀)ယောက်လောက် တက်လာ... သည်။

သူတို့လည်း ညက အသံတွေ... ၍ လာကြည့်ကြတာဟု ပြောကြ... အသံကြားရာ ချောက်နက်ပိုင်း... လျှောက် လူအုပ်စုနှင့် ဆင်းကြ... ရာ လူကြီးတစ်ဖက်စာလောက် သ... ကြီးများ လဲပြိုပြီး စွတ်ကြောင်းကြီး... လည်း တွေ့ရသည်။

အံ့အားသင့်မိသည်။ အန္တရာယ်... သော တစ်ညတာ ကျော်ဖြတ်... လုပ်ငန်း ပြီးဆုံးပြီဖြစ်သဖြင့် သိမ်း... များသိမ်းပြီး ကျွန်တော်တို့လူစု ... မြို့တောလမ်းတစ်နေရာမှ အပြန်... ကို သွက်သွက် လှမ်းခဲ့ရပါတော့သည်...

တစ်ခါလောက် မဟာမြိုင်... လမ်းခရီးကို ရောက်ခဲ့လျှင် ''ချေ... စခန်းအနီးမှ ချုပ်တွင်းကြီးကို တော... ကမ်းပါးမှ ကြည့်နိုင်ပါသည်။

**သုတ ပွားနိုင်ပါစေ။**

**ရောမောင်**



www.burmeseclassic.com

www.burmeseclassic.com



ချိုးတင့်
(ညောင်လေးပင်)

# ပြဒါးပြာ နှင့် အံ့ဖွယ်ဖြစ်ရပ်ဆန်း

အချိန်ကား ညနေ(၆)နာရီခန့်။ (၆)နာရီထိုးသည်နှင့် အေးစိမ့်စိမ့် [illegible]လာသည်။ ပြင်ပ၌ ဆောင်းရာသီ ကာလမို့ နှင်းဖြူတို့ အုံ့ဆိုင်းနေသည်။ အေးစိမ့်စိမ့် နေထိုင်၍ကောင်းသော ရာသီမို့ ဦးသက္က နှစ်သက်သည်။ နွေရာသီတွင် ပူပြင်းလွန်း၍ ချွေးများက ယိုစီး စီးထန်းနေ၍ နေရခက်သည်။ ဆောင်းရာသီ အအေးဒဏ်ကိုမူ



www.burmeseclassic.com

www.burmeseclassic.com

အနွေးထည်ဝတ်၍ ကာကွယ်နိုင်သည်။ ခေါင်း၌ ခေါင်းစွပ်ကလေးစွပ်၊ ခြေထောက်၌ ခြေအိတ်ကလေး စွပ်လိုက်ရုံနှင့် အားလုံး အိုကေသွားနိုင်သည်။

ပူပြင်းလွန်းခြင်း၊ အေးလွန်းခြင်းတို့ကိုတော့ အသက်ကလေး ရလာပြီဖြစ်၍ မခံနိုင်တော့။ ဇရာအရွယ်သို့ ရောက်လာခဲ့၍ ကျဆင်းလာနေသော ကိုယ်ခံစွမ်းအားကို ဂရုတစိုက် ပြုပြင်ထိန်းသိမ်းရင်း ကျန်းမာရေးကို သတိထားနေခဲ့ရသည်။

(၆)နာရီထိုးသည်နှင့် နေ့စဉ်ပြုဖွယ်ဖြစ်သော ဗုဒ္ဓဝေယျာဝစ္စများကို စတင်ဆောင်ရွက်သည်။ ဘုရားပန်းများကို ရေအသစ်လှယ်၏၊ နံနက်တစ်ကြိမ်၊ ညနေခင်းတစ်ကြိမ် ဘုရားပန်းရေလှယ်ခြင်းကို အမြဲ ပြုလုပ်သည်။

ပန်းများ နွမ်းလျှပ်တော့ အသစ်ဝယ်၍ တင်လှူဆက်ကပ်သည်။ ဘုရားသောက်တော်ရေကို တစ်နေ့(၃)ကြိမ်၊ နံနက်၊ နေ့၊ ည ကပ်လှူသည်။

ညပိုင်းတွင် အလင်းတိုင်(ဖယောင်းတိုင်)၊ နံ့သာတိုင်(အမွှေးတိုင်)များကို ထွန်းညှိပူဇော်သည်။ ဤသို့ ဆောင်ရွက်ခဲ့သည်မှာ ပညာရေးဌာနမှ ပင်စင်ယူပြီးကတည်းကဖြစ်၍ (၇)နှစ်၊ (၈)နှစ်ပင် ရှိလာခဲ့ပြီ။

ညနေ(၆)နာရီမှ (၇)နာရီအထိ ဘုရားဝတ်တက်သည်။ (၇)နာရီမှ (၈)နာရီအထိ အာနာပါနကမ္မဋ္ဌာန်း စီးဖြန်းသည်။ (၈)နာရီတွင် ရေဒီယို သတင်းနားထောင်ပြီး (၉)နာရီထိုးသည်နှင့် အိပ်ရာဝင်မြဲ ဖြစ်သည်။

ယနေ့လည်း ထို အစီအစဉ်အတိုင်းပင် ဆောင်ရွက်နေခဲ့သည်။ ရေဒီယို သတင်းနားထောင်နေချိန် မိမိ၏ အိမ်ခြံဝ၌ ဆက်သွယ်ချိတ်ဆွဲထားသော ခေါင်းလောင်းလေးမှ အသံများ



မြည်လာသည်။

ဦးသက္ကသည် သတင်းနားထောင်ခြင်းကို ရပ်ဆိုင်းလိုက်ပြီး ခြံဝင်း ပေါက်သို့ ချောင်းကြည့်ပေါက်ကလေးမှ ကြည့်လိုက်သည်။ ရသေ့ကြီးတစ်ပါးကို အိမ်ရှေ့ရှိ လျှပ်စစ်မီးတိုင်၏ အလင်းရောင်နှင့် မြင်ရလေ၏။

ရသေ့ကြီးသည် သူ၏ ဆံပင်ရှည်များကို ယောဂီရောင်တဘက်နှင့် ပေါင်းထုပ်ထားသည်။ လွယ်အိတ်ပုပ်ကြီးကို လွယ်လျက် ခြံအတွင်းဘက် အိမ်အနေအထားကို စူးစမ်းသော အကြည့်နှင့် ကြည့်နေသည်။

ဦးသက္ကသည် အိမ်ရှေ့တံခါးသော့ကို ယူပြီး အိမ်အောက်ထပ်သို့ ဆင်း၍ ရသေ့ကြီးကို ခြံတံခါးဖွင့်ပေးလိုက်လေသည်။

'အေး...အေး...၊လူသားတွေများ အယာန်အတားတွေ အချုပ်အနှောင်တွေ များလိုက်ပါတိ အကာကြီးရယ်'

ဟူ၍ ရသေ့ကြီးက ဗုံမဆင့်ဆိုင်းမဆင့် နိဒါန်းစကား ဆိုလေ၏။

ဦးသက္ကသည် ရသေ့ကြီး၏ လွယ်အိတ်ပုပ်ကြီးကို ဆီးကြိုယူလိုက်ပြီး အိမ်ပေါ်ထပ်သို့ ပင့်ဆောင်ခဲ့လေ၏။ ဘုရားခန်းရှေ့တွင် ခင်းထားသော ကော်ဇောပေါ်တွင် နေရာပေးလိုက်ရာ

ရသေ့ကြီးသည် ဘုရားရှင်အား ရှိခိုး... စွာ ကန်တော့လေ၏။ သူ၏ အော... ခဲ့ညားလှသော အသံကြီးဖြင့်...

'ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ... ပူဇေမိ'

'ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ... ပူဇေမိ'

'ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ... ပူဇေမိ'

ဟူ၍ ကျယ်လောင်ပီသစွာ ... ကန်တော့လေ၏။

ဦးသက္ကလည်း ရသေ့ကြီးအ... လိုအပ်သော ထွေးခံ၊ ကွမ်း... ရေသန့်ဘူး၊ ရေနွေးဓာတ်ဘူး... စီစဉ်ချပေးပြီး ရှိသေစွာ ကန်... လေ၏။

'ဘယ်ကများ ဒီကို ကြွလာခဲ့... သလဲ ဘုရား'

ဟု မေးမြန်းလေရာ...

'ဒေးစွန်ပါတောင်က ကြွလာခဲ့... ပါပဲ ဒကာသက္ကရာ။ ကျုပ်တို့ ... ဆိုတာမျိုးက အင်မတန် လွ... ပေါ့ပါးတဲ့ ဂန္ဓာရီသမားတွေ... စိတ်ထဲက ခင်များကို သတိရလာ... လွယ်အိတ်ကောက်လွယ်၊ ဒေး... တောင်မကြီးပေါ်က ဒေးစွန်ပ... တော်မြတ်ကြီးကို လှမ်းပြီး ... ကန်တော့ ဝမ်းဘဲအင်းရွာကို ... ကားနဲ့ လိုက်လာခဲ့တာပဲလေ'

ဦးဒီပသည် ဒေးစွန်ပ... တော်ကြီး၌ ကေစာ ကျင့်သုံး... အဓိဋ္ဌာန်ခရီးများကို လှည့်လည်... ဖြစ်သည်။ မြန်မာနိုင်ငံအနှံ့ ... တောင်များသို့ မရောက်ဘူး... နေရာမရှိလောက် ရောက်ဖူးခဲ့... သည်။

ရသေ့ကြီးဦးဒီပနှင့် ဦးသက္က... သိဟောင်းကျွမ်းဟောင်းများ ဖြစ်...



www.burmeseclassic.com

www.burmeseclassic.com

တစ်နှစ်လျှင် တစ်ခေါက်လောက် ဆိုသလို ဦးသက္ကထံသို့ လာရောက်သည်ပတ်လေ့ရှိသည်။

ထိုအခါများတွင် သူ၏ ဂန္ဓာရီခရီးစဉ် အတွေ့အကြုံများကို ပြောပြတတ်သည်။ ဓာတ်လုံးထိုးခြင်း၊ ကျင့်စဉ်ရေဏာများအကြောင်းနှင့် သူနှင့် ဆုံတွေ့ခဲ့သော ဂမ္ဘီရဓာတ်လမ်းများ၊ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ကြီးများ အကြောင်းသည် စိတ်ဝင်စားစရာကောင်းလှသည်။

နောက်ဆုံးတွင်မူ သူ၏ မပြီးဆုံးနိုင်သေးသော ပြဒါးဓာတ်လုံးကြီးကို ဦးသက္ကအားပြရင်း နိဂုံးချုပ်လေ့ ရှိပေသည်။

ယနေ့ညတွင်လည်း ကွမ်းစားလိုက်၊ ရေနွေးကြမ်း သောက်လိုက်နှင့် ဦးဒီပ စကားကောင်းနေသည်မှာ (၁၀)နာရီဝင် ထိုးလေပြီ။

ဦးသက္ကသည် သူ အမြဲတမ်း အိပ်ရာဝင်ချိန် ကျော်လွန်သွားပြီမို့ လက်ဝါးနှင့် ကာရင်း သမ်းလိုက်မိသည်။ အကင်းပါးသော ရသေ့ကြီးက...

'ဒီမှာ ဒကာကြီးစက္က ခင်ဗျား အိပ်ချင်နေပြီလားဗျ။ မျက်ငိုက်ကျယ်သွားအောင် ခင်ဗျားကို ကျုပ် ပြစရာ တစ်ခု ရှိတယ်ဗျ'

ဟု ပြောလေတော့သည်။

ဦးဒီပနှင့် ဦးသက္ကတို့မှာ ရွယ်တူများ ဖြစ်ကြသည်။ အသက်(၇၀)နီးပြီ ဖြစ်သော်လည်း ရသေ့ကြီးဦးဒီပမှာ အရွယ်နှင့် မလိုက်အောင် ကျန်းမာသွက်လက်လှသည်။

နေပူမိုးရွာမရှောင် တောတောင်များသို့ လှည့်လည်ရင်း သွေးသားလွတ်လပ်သောကြောင့်လားမသိ။ သူ၏ အသားအရေမှာ တောင့်တင်း သန်မာပြီး ဝင်းဝါစိုပြည်လျက်ရှိရာ အသက်



(၆၀)လောက်သာ ထင်ရလေသည်။

ဦးဒီပသည် ပြောပြောဆိုဆိုနှင့် သူ၏ လည်ပင်းတွင် ဆွဲထားသော ကတ္တီပါအိတ်ရှုံ့အတွင်းမှ သူ၏ လက်စွဲတော် ပြဒါးဓာတ်လုံးကြီးကို ထုတ်လိုက်လေသည်။

ဦးသက္က၏ လက်တွင်းသို့ ထည့်ပေးရင်း "ကြည့်စမ်း"ဆိုသည့်သဘောနှင့် မျက်လုံးကို မေးစင်း၍ ဂုဏ်ယူဝင့်ကြွားဟန် ကြည့်နေလေသည်။

ဟုတ်ပေသည်။ ပြဒါးဓာတ်လုံးသည် ယခင်က ဦးသက္က မြင်နေရသကဲ့သို့မဟုတ် ဝင်းလက်တောက်ပ၍ ကြယ်ရောင်လရောင် ဖြာကျနေသည်ကို မြင်ရလေ၏။

'ကဲ ဒကာကြီးမှာ ပျားရည်ရှိရင် ဒီပန်းကန်လေးထဲကို ပျားရည်တစ်ဝက် ထည့်လိုက်'

ဟု ပြောဆိုကာ လက်ဖက်ရည် အကြမ်းပန်းကန်ကို ညွှန်ပြလေ၏။

ဦးသက္ကလည်း အသင့်ရှိသော ပျားရည်ကို ပန်းကန်တစ်ဝက်ခန့် ထည့်လိုက်လေ၏။

'ကဲ...ခင်ဗျား လက်ထဲက ဓာတ်လုံးကို ပျားရည်ထဲ ထည့်လိုက်ပေတော့'

ဓာတ်လုံးကို ထည့်လိုက်သည်နှင့် ပျားရည်များသည် မီးနှင့် အပူပေးလိုက်သကဲ့သို့ ဆူဝေ၍ တက်လာလေသည်။

'ဟာ... တယ်ဟုတ်ပါလား ဆရာရသေ့ကြီးရဲ့'

ဦးသက္ကက ရုတ်တရက် အံ့ဩဟန် ပြောလိုက်ရာ ရသေ့ကြီး ဦးဒီပလည်း ပြုံးလျက်...

'အင်း ငါ့ဒကာကြီး ကိုသက္ကလဲ ကျုပ်ကို ဓာတ်လုံးအစွမ်းပြမှပဲ ဆရာရသေ့တွေ ဘာတွေ ဖြစ်ကုန်ပါပေါ့လားဗျာ၊ ဟား...ဟား...ဟား'

ဦးဒီပသည် ရယ်မောနေရာမှ အတန်ကလေးကြာတွင်...

'အဲဒီဓာတ်လုံးကို ဇွန်းလေးနဲ့ ဆယ်ယူလိုက်ဗျ။ လက်နဲ့မကိုင်နဲ့။ ဓာတ်လုံးက တေဇောအားကောင်းလို့ ပျားရည်တွေ တေဇောကိန်းပြီး ပူနေပြီ'

ဟု ဆိုလေသည်။ ပြီးမှ ဆက်၍...

'အဲဒီဓာတ်လုံးကို ခင်ဗျား ပျားရည်ပုလင်းထဲကို ဒီတစ်ညတာ ထည့်ထားလိုက်၊ မနက်မှ ကျုပ်ပြန်ယူမယ်။ ဥသွာလို့ခေါ်တဲ့ ဥဏှတေဇောဓာတ်၊ ကိုယ်ခံအားကောင်းလာအောင် ကျုပ်ရဲ့ ဓာတ်လုံးစိမ်း ပျားရည်က ခင်ဗျားကို ကူညီပါလိမ့်မယ်။ ခရီးသွားနေတဲ့ ခင်ဗျားရဲ့ဒကာမ ပြန်လာရင်လဲ မှီဝဲလို့ ရတယ်ဗျ'

ဟု ဆိုလေသည်။ (ဦးသက္က၏ ဇနီးသည်မှာ မန္တလေးသို့ ခရီးသွားနေခြင်း ဖြစ်၍ ရသေ့ကြီးက ပြောဆိုခြင်း ဖြစ်ပါသည်။)

ဦးသက္ကလည်း ပုလင်းတစ်ဝက်ခန့် ရှိသော ပျားရည်ထဲသို့ ဓာတ်လုံးကို ထည့်လိုက်သည်။ ဦးဒီပက...



www.burmeseclassic.com

www.burmeseclassic.com

'အေး။ ကျုပ်ဓာတ်လုံးဟာ ခင်ဗျားတွေ့တဲ့အတိုင်း ပြောင်းလဲတိုးတက်လာတာတော့ အမှန်ပဲဗျ။ ခက်နေတာက ဒီဓာတ်လုံးကို ဖိုခွင် မတင်ရဲတော့ဘူးဗျ။ ဒီဓာတ်လုံးဟာ မီးအပူရလာတာနဲ့ လုံ့နှုတ်ခမ်းပေါ်မှာ တက်ပြီး အစာတောင်းတော့တာပဲဗျ။

ကျုပ်ကလဲ ရွှေ(အစာမကျွေး)နိုင်တော့ သူ့ဘာသာ အာကာထဲ ပျံ့ဝဲပြီး အစာရှာချင်တဲ့ လက္ခဏာ ပြနေတယ်လေ။ ဒီကပြန်ရင် အမိဋ္ဌာန်ခရီးတစ်ခု အဖြစ် ပုပ္ပားဘက်ထွက်ဖို့ အဖေကြီး အောင်မင်းခေါင်က လမ်းညွှန်ထားတယ်ဗျ။ အဲဒီအပြီးမှပဲ လုပ်သင့်တာ ဆက်လုပ်ရတော့မှာပေါ့ဗျာ'

ဟု ပြောလေသည်။

ဦးဒီပသည် ပန်းကန်ထဲမှ ပျားရည်ကို အခြားပန်းကန်ထဲသို့ တစ်ဝက်ခန့် ထည့်ပြီး သူကိုယ်တိုင်လည်း လျက်သည်။ ဦးသက္ကကိုလည်း လျက်စေခဲ့သည်။

ပျားရည်ကို လျက်လိုက်သည်နှင့် ရင်ထဲ၌ ပူခနဲဖြစ်သွားပြီး လူမှာ ပေါ့ပါးသွားသလား ထင်ရအောင် အကြောများ လှုပ်နိုးလာသည်ဟု ဦးသက္က ခံစားမိလေသည်။ အိပ်ချင်စိတ်များ ပျောက်သွားပြီး လန်းဆန်း ကြည်လင်လာသည်ကို သတိပြုမိလေသည်။

'အေး မှာရဦးမယ်ဗျ။ ပျားရည်ကိုတော့ လောဘတက်ပြီး မစားလေနဲ့ဗျ။ ဓာတဗေဒ ကိန်းဓာတ် ပျားရည်ဖြစ်သွားပြီမို့ လိုတာထက်ပိုရင် အန္တရာယ်ဖြစ်နိုင်တယ် နေ့စဉ် ထမင်းစားပွဲ တစ်ဇွန်းဟာ လွန်ရောပဲဗျ'

ဟု ဦးဒီပက သတိပေး ပြောကြားလေ၏။

'ဓာတ်သေတဲ့ ပြဒါးလုံး၊ ပြဒါးချော၊ ပြဒါးပြာတွေဆိုတာ အလွန် အစိုးတန်တယ်ဗျ။ မဟိဒ္ဓိဓာတ်ရှိတဲ့ ဆေးသားဆက်တွေမှ



သုံးဆောင်ခံစားခွင့် ကြုံတာမျိုးလေ။

သုံးတတ်တဲ့လူတွေဟာ အသက်ကို ဆွဲဆန့်နိုင်တယ်။ အသက်အသေခင် ကျန်းကျန်းမာမာနဲ့ သာသနာ့အကျိုး လောကအကျိုး သယ်ပိုးဆောင်ရွက်နိုင်တာပေါ့ ဦးသက္ကရယ်'

'အေး ခင်ဗျားမှာလဲ ဆရာသမားကောင်းရှိခဲ့တာပဲ။ ခင်ဗျားရဲ့ ဆရာသမား ပေးခဲ့တဲ့ သံဓာတ်လုံးတစ်လုံး ရှိရဲ့ မဟုတ်လား'

'တင်ပါ့ဘုရား ရှိပါတယ်'

'အေး အဲဒီဓာတ်လုံးလဲ တော်တော်ခရီးရောက်နေပြီပဲ။ ဒကာကြီး တစ်ခါက ကျုပ်ကို ပြဖူးတယ်လေ။ အဲဒီ သံဓာတ်လုံးလောက် ပြဒါး ဆတူယူပြီး လုံငယ်ကလေးမှာထည့်၊ ဓာတ်လုံးကို အပေါ်ကတင်၊ အငှားဖုံးနဲ့ပိတ် စပါးခွံနဲ့ ငါးမိနစ်လောက်ဖုံးပြီး မီးဆိုက်လိုက်ရင် အောက်ထည့်ထားတဲ့ ပြဒါးဟာ ပြာဖြစ်သွားတယ်ဆို မဟုတ်လားဗျ'

'တင့်ပါ ဘုရား'

'အဲဒီ ဓာတ်လုံးရဲ့ ပြဒါးပြာကို ဘယ်လို သုံးရမလဲလို့ ကျုပ်ကို ခင်ဗျားက မေးခဲ့ဖူးတယ်လေ။ ကျုပ်လဲ အဲဒီတုန်းက သေသေချာချာ မပြောပြနိုင်တာမို့ ခင်ဗျားကို အဖြေမပေးနိုင်ခဲ့ဘူးဗျ'

'အခုတော့ ကျုပ်မှာ ဒကာကြီးပြောတဲ့ ပြဒါးပြာကို အကြောင်းပြုလို့ ကျုပ်တို့ ဆရာသမား၊ ဘုန်းတော်ကြီး ပြောပြခဲ့တဲ့ ဓာတ်လမ်းတစ်ပုဒ်ကို ပြန်သတိရပြီး ပြောပြဖို့ ဖြစ်လာခဲ့တယ်ဗျ။

အခုပြောမယ့် ပြဒါးပြာအကြော ဟာ ဒကာကြီးရဲ့ ပြဒါးပြာအတွ တွေးစရာ၊ စဉ်းစားစရာ လမ်းစ ရလာနိုင်တာပေါ့ဗျာ'

ရသေ့ကြီးဦးဒီပ ပြောသည့်အတိ ပင် ဦးသက္ကထံတွင် ထွက်ရပ်ပေါ် ဆရာတော်ကြီး အဖေကြီး အောင်ခ သာ ထွက်တော်မမူမီက ချီးမြှင့် ခဲ့သော သံဓာတ်လုံးတစ်လုံး ရှိ သည်။

ထိုဓာတ်လုံးမှာ "**သံသေတော့ပြာ ပြား၊ ပြဒါးသေတော့ လုံးလုံး**" သော အဂ္ဂိရတ်ဆရာကြီးများ အမိန့်အတိုင်း ပြာပြားကလေးဖြစ် ငါးမူးသားခန့် ရှိသည်။

မျက်နှာပြင်မှာ နက်မှောင်တော နေ၍ အောက်ဘက်ပိုင်းတွင် ရွှေ ကြိုးစကလေးများ ဖြာထွက်နေ "**စဓဗဝ**" အက္ခရာစမများ ပေါ် ရှိပါသည်။ ထိုဓာတ်လုံးကို ရသေ့ ဦးဒီပကို ပြခဲ့ဖူးပေသည်။

ထိုဓာတ်လုံးကို အကြောင်း ပြဒါးပြာအကြောင်းနှင့် ဆက်နွ သော ထူးဆန်းလွန်းသော ပြဒါ ဓာတ်လမ်းကို ရသေ့ကြီး ဦးဒီပ အောက်ပါအတိုင်း ပြောပြခဲ့လေသ

* * *

ဒေးစွန်ပါ တောင်တော်ကြီး အခြေပြု၍ ရိုက်ကူးခဲ့သော သမိုင်း ရုပ်ရှင်ကားများကို ဦးသ ငယ်စဉ်က ကြည့်ခဲ့ဖူးသည်။ ဒေး ဘုရားသမိုင်းနှင့် သွေးစုတ်ဖုတ် ဇာတ်ကားများသည် ဒေးစွန်ပါ ကို အခြေပြု ဇာတ်အိမ်တည် သည်။

ထိုခေတ်အခါ ဒေးစွန်ပါ တော်ကြီးတွင် အဘိုး ဘိုးတော ၏ သာသနာပြုစခန်းကြီး ထ



www.burmeseclassic.com

www.burmeseclassic.com

ရှားရှား ရှိခဲ့ဖူးသည်။ အဘိုးထံသို့ ခင်ကြီးနှင့်အတူ ဦးသက္က ငယ်စဉ်ဘဝက အကြိမ်များစွာ ရောက်ခဲ့ဖူးသည်။ ဒေးစွန်ပါတောင်ကြီးသည် ဦးသက္က ငယ်စဉ်ကလေးဘဝ၏ ကျင်လည်ရာဒေသ ဖြစ်ခဲ့ဖူးသည်။

ဂမုန်းတောင်စေတီ၊ ကျောက်ထီး၊ အောင်မြင်စွာနှင့် ရွှေစေတီ၊ လေးကျွန်းစကြာဘုရားစေတီများကို အကြိမ်ကြိမ် သွားရောက်ဖူးမြော်ခဲ့ဖူးသည်။

တောင်မကြီးပေါ်သို့ မရောက်မီ ဖြောင့်ဖြောင့်ဖြူးဖြူးကြီး ထိုးတက်နေသော ဒေးစွန်းပါ သက်တော်ရှည်တောစိုး ဘန့်ပွေးပင်ကြီးသည် ရင်ထဲက အထင်ကရ သစ်ပင်ကြီးတစ်ပင် ဖြစ်သည်။

ဦးသက္က၏ ငယ်စဉ်ဘဝကို သိထားသော ရသေ့ကြီးဦးဒီပက စကားပြောရာတွင် **(ကျုပ်တို့ ခင်ဗျားတို့ တစ်ခါတစ်ခါ ဒကာကြီး၊ တစ်ခါတစ်ခါ ဦးသက္က)** စသည်ဖြင့် ရင်းနှီးစွာ ပြောဆိုတတ်သည်။ ဦးဒီပက...

'ကျုပ်တို့ ခင်ဗျားတို့ ငယ်ငယ်ကထက် နှစ်(၅၀)လောက်ကို နောက်ပြန်ဆုတ်ပြီး ရေတွက်ရင်တော့ လွန်ခဲ့တဲ့ နှစ်(၁၀၀) လောက် ဆိုရမှာပေါ့ဗျာ။ ရသေ့ကြီးဦးခန္တီတို့ သာသနာပြုနေကြတဲ့ ခေတ်ပေါ့ဗျာ။

ဒေးစွန်ပါမှာ ရသေ့ကြီးဦးခန္တီရဲ့ တောင်အတက် စောင်းတန်းတွေလဲ ခုတိုင် ရှိနေသေးတာကိုးဗျ'

ဟု သူ၏ စကားကို နိဒါန်းပျိုးလေသည်။

'အဲဒီခေတ်ကို ပြန်စဉ်းစားကြည့်ရင် ကျုပ်တို့ငယ်ငယ်က ဦးဘိုးဦးစခန်းတို့ ဗောဓိကုန်းဆရာတော်တို့ ဆင်ပုန်းတောရကျောင်းတို့ နေရာတွေမှာ ဆင်တွေ၊ ကျားတွေ အောင်းခိုတဲ့ တောကြီးတွေ ဖြစ်နေခဲ့ကြတာဆိုတော့ အဲဒီ



နှစ်(၁၀၀)လောက်ဆို ဘာပြောကောင်းမလဲဗျာ တောထဲတောင်ထဲ တော်ရုံသတ္တိနဲ့ ဘယ်ဝင်ရဲကြမှာလဲ။

အဲဒီအချိန်မှာ ကန်ပုံဆိုတဲ့ ဒေးစွန်ပါတောင်ခြေ ရွာကလေးမှာ ကိုမြမောင်နဲ့ မရွှေဆိုတဲ့ အရွယ်ကြီးမှ အိမ်ထောင်ပြုကြတဲ့ လူပျိုကြီး၊ အပျိုကြီးလင်မယားစုံတွဲ ရှိတယ်ဗျ။

မရွှေက အသက်ငယ်ငယ် ရုပ်ချောချော လုံးကြီးပေါက်လှ သဘောကောင်းကောင်း။ ကိုမြမောင်ကတော့ လူပျိုလူရိုးကြီး ဆိုပါတော့ဗျာ။သူတို့ နှစ်ယောက်ဟာ အရွယ်လွန်မှ အိမ်ထောင်ကျကြတော့ သားသမီးလဲ မထွန်းကားကြဘူးဗျ။ ကိုမြမောင်က အသက်(၅၀)ကျော် မရွှေကတော့ (၄၅)နှစ်လောက်ပေါ့။

ကိုမြမောင်က ထင်းခုတ်တယ်။ ဒေးစွန်ပါတောင်တစ်ဝိုက် သစ်၊ ဝါး၊ ကြိမ်ပင်တွေ ပေါတယ်လေ။ဒီတော့ ကိုမြမောင်က တောထဲဝင် ဟင်းရွက်ခူး၊ မှန်လာဖူးတိုး၊ ပုတတ်စာတူး၊ ဇရစ်ရိုးခူးပေါ့။ မိုးရာသီကျတော့ မျှစ်ချိုးပေါ့ဗျာ။

ဆောင်းမှာ ဝါးခုတ်၊ ထင်းခုတ်၊ ကြိမ်ခုတ်ပြီး အသက်မွေးဝမ်းကျောင်း ရရှာတယ်။ မရွှေကတော့ လင်ပေါ်မှာတော့ ကြင်နာပါရဲ့။ သူကတော့ တောထဲ မလိုက်ဘူးဗျ။ ရလာတဲ့ အသီးအရွက်၊ ထင်း၊ ကြိမ်တွေ ရောင်းချပြီး ချက်ပြုတ်ကျွေးမွေးပြီး နေခဲ့တာပေါ့'

ဦးရသေ့ ပြောနေသော ဇာတ်လမ်းမှာ အလွန်ရိုးတာ၍ စိတ်ဝင်စားဖွယ် မရှိလှပါ။ ဦးသက္ကမှာ အိပ်ချင်စိတ်များ လွှမ်းမိုးလာသည်။ နာရီကိုကြည့်ရာ (၁၁)နာရီ ကျော်ခဲ့ပြီ။

'နာရီမကြည့်နဲ့ ကိုသက္ကရဲ့ ကောင်းခန်းရောက်တော့မယ်ဗျ'

ဦးရသေ့၏ အပြောကြောင့် ဦးသက္ကမှာ ပြုံးရမလို၊ မဲ့ရမလို ဖြစ်သွားသည်။ ဟန်ဆောင်ပန်ဆောင်နှင့်...

'ဆက်ပါဦး...ဦးဒီပရယ်'

ဟု အားပေးစကား ဆိုရတော့သည်။

'ဒီလိုဗျ ကိုမြမောင် ထင်းခုတ်၊ ဝါးခုတ်နဲ့ ပင်ပင်ပန်းပန်း အသက်မွေးဝမ်းကျောင်းပြုနေတာကို ဂူအောင်းနေတဲ့ ထွက်ရပ်ပေါက် ရသေ့သူတော်စင်ကြီးက နေ့စဉ်လိုလို တွေ့မြင်နေရတာလေ။ ရသေ့ကြီးကိုတော့ ကိုမြမောင်က မမြင်ဘူးဗျ။

ကိုမြမောင်ဆိုတဲ့ လူက ကောင်းကွက်ကလေးတစ်ခု ရှိတယ်ဗျ။ သူ ထင်းခုတ်လို့ နားပြီ၊ ထမင်းစားတော့မယ်ဆိုရင် သူ့ထမင်းထုပ်လေးကို အသာဖြေတယ်။ ပြီးတော့ သစ်ပင်ခွဆုံ ဒါမှမဟုတ် သစ်ကိုင်း၊ ချုံပုတ်တွေပေါ် တင်ပြီး သူ့မှာ ပါလာတဲ့ ဂျပန်ရေဘူးလေးကို အဖုံးဖွင့်လို့ ဒေးစွန်ပါတောင်တော်ကြီးပေါ်က စေတီတော်မြတ်ကြီးကို ဆွမ်းတော်တင်တာဗျ။

ခဏနေမှ ဆွမ်းတော်ကိုချွန်ပြီး



www.burmeseclassic.com

www.burmeseclassic.com

တောစောင့်နတ်၊ တောင်စောင့်နတ်တွေကိုလဲ သစ်ရွက်ကလေးတွေပေါ် တင်ပြီး လှူဒါန်းတယ်။ မမြင်ရတဲ့ ဝေမာနိက ပြိတ္တာဘုံသားတွေအတွက်လဲ ပက်ရက်စွန့်ကြဲသေးတယ်ဗျ'

'အင်း ဒီလိုတော့ ကိုမြမောင်က ဘယ်ဆိုးလို့လဲ'

'အေးပေါ့ဗျာ ဒီလိုနေတုန်း တစ်နေ့မှာတော့ ကိုမြမောင်ဟာ ကျန်းမာရေး မကောင်း ဖြစ်လာတယ်။ ရင်ကျပ်ပန်းနာနဲ့ မောပန်းတဲ့ ဝေဒနာကို ခံစားနေရတယ်။

ဝါးလုံး မခုတ်နိုင်၊ ကြိမ်တောလဲ မတိုးနိုင်နဲ့ တော်တော်လေး ဒုက္ခရောက်ရတယ်။ ဒါပေမယ့် လုပ်မှ စားရတဲ့ ဘဝမို့ မမာနေရင်းက သက်သာသလို ရှိတော့ တောထဲကို ပြန်ဝင်ရရှာတာပေါ့။

ဒီတစ်ခေါက် တောထဲဝင်တဲ့အခါမှာတော့ ကိုမြမောင်ဟာ ဒေးစွန်ပါ စေတီတော်မြတ်ကြီးကို ဦးခိုက်ကန်တော့ ဆွမ်းတော်တင်ပြီး ဆုတောင်းတဲ့ အခါမှာ ပုံစံတစ်မျိုး ပြောင်းသွားတယ်ဗျ။ ဒါကို ဂူအောင်းရသေ့ကြီးက ကြားရတော့ တော်တော်လေး စိတ်မကောင်း ဖြစ်သွားတယ်'

'ဘယ်လိုများ ဆုတောင်းလို့လဲ ဦးဒီပရဲ့'

'ဒီလိုဗျ...

"ဒေးစွန်ပါ မြတ်ဘုရားကြီး တပည့်တော် မြမောင်ဟာ ဘုရားရှင်ကို ထာဝရ ကြည်ညိုဦးခိုက်ပူဇော်ခဲ့ပါတယ်ဘုရား၊ စားဦးစားဖျားကိုလဲ ဆွမ်းတော်တင်လှူဒါန်းပါတယ် ဘုရား၊

ပြီးတော့ တောစောင့်နတ်၊ တောင်စောင့်နတ်တွေကိုလဲ စားဦးပေးပြီး မေတ္တာပို့ အမျှဝေခဲ့ပါတယ်ဘုရား၊ ဒေးစွန်ပါတောင်တစ်ဝိုက်မှာ သူတော်ကောင်းကြီးတွေ ဂူအောင်းမွေ့လျော်ပြီး ဝိဇ္ဇာဇော်ဂျီတပသီတွေ၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီးတွေ ရှိတယ်လို့လဲ တပည့်တော် ပြောသံဆိုသံ ကြားဖူးပါတယ်ဘုရား။

တပည့်တော်ဟာ သူတော်ကောင်း စိတ်မွေးသူ ဖြစ်ပါလျက်နဲ့ ဒီထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီးတွေက မစ စောင့်ရှောက်ခြင်း မထိုက်တာဟာ သူတို့ တရားပျက်ရာ ရောက်တာပေါ့ ဘုရား။

တပည့်တော်ဟာ သူတော်ကောင်းကြီးတွေ ရှိတယ်ဆိုတာ မယုံနိုင်လောက်အောင် ရှိပါတော့တယ် ဘုရား"

လို့ ကျန်းမာရေးကလဲ မကောင်းတော့ ဆုတောင်းသလိုလို ညည်းတွားသလိုလိုနဲ့ အမြဲ ပြောပြောနေပါလေရောတဲ့ဗျာ'

'အင်း...ဒါဆိုတော့ ဂူအောင်းနေတဲ့ ထွက်ရပ်ပေါက်ရသေ့ကြီး ရင်ထဲ ထိသွားတာပေါ့နော်'

ဟု ဦးသက္ကက ပြောလိုက်ရာ...

'ဟား...ဟား...ဟား...ဟုတ်ပါ့ဗျာ၊ ဒါနဲ့ပဲ ရသေ့ကြီးဟာ မနေသာတော့ဘဲ သူ့ရဲ့ အာယုဝဍ္ဎန အသက်ရှည်ဆေးကြောင့်ဖြစ်တဲ့ ဓာတ်ပြာကို စက္ကူကလေးနဲ့ နည်းနည်းထုပ်ပြီး ကိုမြမောင်ကို ပေးရတဲ့ဆီ ရောက်ပါလေရော။

ရသေ့ကြီးကိုတွေ့တော့ ကိုမြမောင်လဲ ပျာပျာသလဲနဲ့ ရှိရှိသေသေ ရှိခိုးရှာပါတယ်'

'ကိုမြမောင်တော့ ဆုတောင်းပြည့်ပြီပေါ့နော်'

ဟု ဦးသက္က ဝင်ပြောသည်။

"အင်း..." ဟူ၍ ရသေ့ကြီးဦးဒီပသည် အင်းရှည်ကြီးကို ဆွဲလိုက်လေသည်။ ပြီးမှ...

'အင်း ဒကာကြီး ထင်သလိုတော့ မဟုတ်ဘူးဗျို့၊ အင်းလေ ဆက်နား ထောင်ပါဦး။ မအိပ်ချင်တော့ဘူး ဟုတ်လား'

'ဟုတ်ပါရဲ့ ကောင်းခန်းရောက်မှ တော့ ဘယ်အိပ်ချင်တော့မှာလဲ ဘုရား'

'အိမ်း ပြဒါးပြာကလေးကို ကိုမြမောင်ကို ချီးမြှင့်ပြီးတော့ ရှင်းပြတာက...

"ဒကာကြီး ဝိဇ္ဇာတွေ၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်တွေ ရှိတာ မယုံဘူးလို့ နောက်မပြောနဲ့တော့ကွယ့် ကြားလား ဒီပြာသုံးပုံကိုလဲ ဒကာကြီးကို သေသေချာချာ ပြောပြလိုက်မယ်။ လိုက်နာ နားထောင်ပြီးတော့ တိတိကျကျ အသုံးချ။

အိမ်ရောက်ရင် အခုပေးလိုက်တဲ့ ပြာကို ပုလင်းသန့်သန့်လေးထဲမှာ ထည့်၊ ဒီထဲကမှ ရွှေးကြီးစေ့တစ်စေ့ ခန့်ယူပြီး (၅၀)သားဝင်တဲ့ ပျားရည် ပုလင်းထဲကိုထည့်၊

တစ်နေ့ကို တစ်ဇွန်းစားရင် ဒကာကြီးရဲ့ရောဂါ ပျောက်မယ်။ အသက် ရှည်မယ်။ အဆင်းလှမယ်။ အကျိုးဆက်တွေကိုတော့ သုံးကြည့်ရင် သိလာလိမ့်မယ်ဗျ။

ရတနာကိန်း ဆိုက်ဖို့ကတော့ ဒီ ဓာတ်ပြာကို ကွမ်းရိုးတစ်တို့ သုံးနိုင် ရတယ်။ လောကီပညာ တတ်ကျွမ်းတဲ့ ဆရာကောင်းမှာ နည်းနာခံ၊ တိုင်ပင် ပြီးတော့ အသုံးချပေတော့"

လို့ ပြောပြီး ရသေ့ကြီးလဲ သူ့ရွှေ တောကြီးထဲ ဝင်ရောက်ပျောက်ကွယ် သွားတယ်'

'ဟာ ပွဲသိမ်းပဲ အခွင့် ဓာတ်ပြာကို ပေးတာ ထွက်ရပ်လဲပေါက်၊ မနေသိဒ္ဓိလဲ ပြီးမြောက် စုံပေါက်စုံပွင့်ဆိုတဲ့ အဖိုးတန်ပြာကြီး'



www.burmeseclassic.com

www.burmeseclassic.com



'အေး ဟုတ်သပ၊ ဟုတ်သဗျာ၊ ဒါပေမယ့် ဉာဏ်မရှိတော့ မသိဘူး။ မသိတော့ အ,တယ်ဗျ။ အ,တော့ ဒုက္ခရောက်ပါလေရောလား'

'အို...ဘယ်လိုဖြစ်လို့ပါလဲ ဘုရား'

'ဒီလိုဗျ ဇာတ်လမ်းကို ဆက်ရရင် အိမ်ကျတော့ သူ့မိန်းမ မရွှေနဲ့ ပြန်တိုင်ပင် ပြာထုပ်ကလေးကိုပြတာပေါ့ဗျာ'

'သူ့မိန်းမက ဘယ်လိုပြောလဲ'

'''တော် ကိုမြမောင်ရယ် တောထဲမှာ ရသေ့ရဟန်းတွေ ရှိတာ ဘာဆန်းလဲရှင်၊ ဒီပြာကိုစားဖို့ ပျားရည်ကို ရှင်ဘယ်ကရမလဲ၊ ထမင်းစားဖို့တောင် အနိုင်နိုင်ရယ်၊ ပျားရည်တန်ဖိုးကလဲ နည်းတာမှတ်လို့တော်''

လို့ မှတ်ချက်ပေးတာကို ကိုမြမောင်ဆိုတဲ့ လူရိုးလူအကြီးကလဲ...

''အေး ငါလဲ ဒီလိုပဲ စဉ်းစားမိတာပါပဲကွာ''

လို့ သံယောင်ဖမ်းပြီး ပြောတော့တာပေါ့။

''ဒါဆို တော်ရယ် ရှည်ရှည်ဝေးဝေး လုပ်မနေနဲ့ ဒီပြာကို ရေနဲ့သာ သောက်ချလိုက်၊ မန်ကျည်းစေ့လောက်ကလေးများ တော်လို့''

စိတ်မရှည်သံနဲ့ ပြောပါလေရော...

''အေး အေး ဟုတ်ပြီကွ၊ ဟုတ်ပြီ''

လို့ ကိုမြမောင်က ပြောပြီး သူ့မိန်းမပညာရှိပုံကို တော်တော်လေးစားသွားပုံရတယ်'

'အင်း ဒီတစ်ခါတော့ ကိုယ်ကျိုးနည်းတော့မယ် စင်ပါရဲ'

'ကိုယ်ကျိုးနည်းရုံနဲ့တင် ဘယ်ကမလဲ လူ့ဖြစ်ကျိုးကို နည်းသွားတော့တာကလား။

ပြောပြောဆိုဆိုနဲ့ ပြာထုပ်ကလေးကို သူ့မိန်းမပေးတဲ့ သောက်ရေတစ်ခွက်နဲ့ မော့ချလိုက်တာ (၅)မိနစ်တောင် မကြာဘူး။ ပူလှချည်၊ လောင်လှချည်နဲ့ လူးလိမ့်အော်ဟစ်နေရင်း အကောင်းပကတိကနေ ဗိုက်နဲ့ချုပ်သွားပါလေရောလား'

'အင်း ပညာနည်းတော့ မ,ပေမယ့် မကြွဘဲ ဘဝဆုံးရတော့တာပါလား ဘုရား'

'အေးလေ ဒီတော့မှ သူ့မယား မရွှေက ရသေ့ယုတ်မာကြီး သတ်လို့ သူ့ယောက်ျား သေရပါပြီတော့ဆိုပြီး ခုနစ်အိမ်ကြား၊ ရှစ်အိမ်ကြား အော်ဟစ်ပြီး တက်မတတ် ချက်မတတ် ငိုပါလေရော။

အဲဒါနဲ့ပဲ ကန်ပဲ့ရွာသားတွေ အုန်းအုန်းကျွက်ကျွက်နဲ့ ကိုမြမောင် အလောင်းကို လာကြည့်ကြတယ်။ ကိုမြမောင်ကတော့ တောင့်တောင့်ဆန့်ဆန့်ဖြစ်ပြီး သေနေပါရော။ တစ်ကိုယ်လုံးဟာ သစ်သားတုံးကြီးလို မာမာကြီး ဖြစ်သွားတာ'

'ပြဒါးပြာ သတ္တိပြပြီနဲ့ တူပါရဲ'

'ရွာသားတွေလဲ အလောင်းစင်ပြင်ပြီး သူတို့ရွာလေ့အတိုင်း ဝင်ထွက်သွားတာ ထုံးကိုမြောက်ပြီးတော့မှ... (၃)ရက်မြောက်တဲ့ ... အလောင်းကောင်က ... ဒါပေမယ့် ရွာသားတွေက ... အမှတ်မဲ့ပဲ သတိမထားမိကြဘူး။ (၃)ရက်မြောက်တော့ မြေမြှုပ်မယ်ပေါ့ဗျာ။

(၃)ရက်မြောက် ညဉ့်(၁၂)နာရီမှာ ကာလသားတွေက ဖဲဝိုင်းပြီးလို့ အိမ်ပြန်ကြသတဲ့။ အာလာဒင်ဓာတ်မီးကြီး ထွန်းထားလို့ တစ်အိမ်လုံးတော့ လင်းနေတာပေါ့။

မရွှေကတော့ စိတ်မကောင်းဖြစ်ပြီး တအီအီနဲ့ ငိုနေတယ်။ သူ့အကြံပေးလို့ သူ့ယောက်ျား ကိုမြမောင် သေရတယ်ဆိုတာ သူအသိဆုံးမို့ ယူကျုံးမရဖြစ်နေတာပေါ့။ သူ့ဘေးနားမှာတော့ မသာစောင့်အိပ်ပေးတဲ့ မိန်းမဖော်တွေကတော့ တုံးလုံးပက်ခါက် အိပ်ပျော်နေကြတယ်။

ဒီလိုနဲ့ မရွှေဟာ သူ့လင်တော်မောင် အလောင်းစင်ဘက်ကို အမှတ်မထင် မျက်လုံးရောက်သွားတယ်။

'လားလား'' ဒေါက်ခြာကြီးဆောင်းထားတဲ့ ရသေ့ကြီးတစ်ပါးပါလား။ ရသေ့ကြီးဟာ သူ့လင်တော်မောင် ကိုမြမောင်ရဲ့ အလောင်းကောင်ကြီးကို မွှေ့ချီလိုက်ပြီး အိတ်ကြီးတစ်လုံးထဲကို ထည့်လိုက်တယ်။ ခုတင်ပေါ်မှာ ဘာမှ မရှိတော့ဘူး။

ရသေ့ကြီးဟာ အလောင်းထည့်ထားတဲ့ အိတ်ကို ဖွဲအိတ်ကြီးကို ထမ်းသလို စွေ့ခနဲ ထမ်းပြီး ပေါ့ပေါ့ပါးပါးနဲ့ အိမ်တံစက်မြိတ်ကို ခုန်ထွက်တယ်။ ခြံစည်းရိုးကို ကျော်မိတာနဲ့ ''အောင်ပြီ အောင်ပြီ အောင်ပြီ''လို့ အသံဝါကြီးနဲ့ အော်ဟစ်ကြွေးကြော်လိုက်ပြီး ရသေ့ကြီးလဲ ဖြုန်းခနဲ ပျောက်သွားတော့တယ်'



www.burmeseclassic.com

ဦးဒီပသည် သူ၏ ပြဒါးပြာ ဓာတ်လမ်းကို နိဂုံးချုပ်လိုက်လေသည်။

'အင်း တော်တော်တော့ စိတ်ဝင်စားစရာကောင်းတာပဲ။ ဒါထက် ရသေ့ကြီးက ဒီအလောင်းကို ဘာလို့လာ ယူရတာလဲ ဦးဒီပရဲ့'

ဟု ဦးသက္ကက မေးလေသည်။

'ဒီလိုလေဗျာ ကိုမြမောင်ရဲ့ တစ်ကိုယ်လုံးဟာ ပြဒါးပြာနဲ့ ဓာတ်ပြုပြီး ပြဒါးပြာတုံးကြီး ဖြစ်သွားပြီလေ။ ဒါတွေကို ဒီအတိုင်းထားခဲ့ရင် ထွက်ရပ်ပေါက်ရသေ့ကြီးမှာ တာဝန်မကင်းဘူးလေ။ မသူတော်လက်ထဲ ဒီပြာတွေ ရောက်သွားပြီး တလွဲ အသုံးချရင် မခက်ပေဘူးလားဗျာ။ ဒါကြောင့် သူ့ဓာတ်ကို သူ ပြန်သိမ်းရတာပေါ့ဗျာ။

ဒီသတင်းဟာ လွန်ခဲ့တဲ့ နှစ်(၁၀၀)လောက်က ကန်ပဲ့ရွာမှာ ခေတ်အစားဆုံး နောက်ဆုံးပေါ် ဂမ္ဘီရဖြစ်ရပ်ဆန်းတစ်ခုလို့ ဆိုရမှာပေါ့နော်'

ဟု ဦးသက္ကက ပြောရင်း...

'အင်း မရွှေတစ်ယောက်ကော ဘာတွေ ဖြစ်ကုန်သေးလဲ ဦးရသေ့ရဲ့'

ဟု မေးလေသည်။

'ဒကာကြီး မေးမှမေးပါ့မလားလို့ ကျုပ်က ဓာတ်လမ်းကို ညဥ့်နက်ပြီမို့ နိဂုံးချုပ်မယ် စိတ်ကူးနေတာဗျ'

ဟူ၍ ရသေ့ကြီးသည် သူ့ဓာတ်လမ်းကို ဆက်မပြောဘဲ ဈေးကိုင်နေပြီး ရေနွေးတစ်ခွက် မော့သောက်လိုက်ကာ...

'အင်း မရွှေ ကောင်းစားဖို့ ကိုမြမောင်က အသက်ပေးသွားသလိုပါပဲဗျာ'

ဟု ပြောလေသည်။

'ဘယ်လိုဖြစ်လို့လဲ ဦးရသေ့ရယ်'

'မနက်မိုးလင်းတော့ ထူးထူးဆန်းဆန်းဖြစ်ရပ်ကြောင့် တစ်ရွာလုံးလိုလို



လာပြီး မေးကြမြန်းကြပေါ့ဗျာ။ မရွှေက ငိုပြီး ပြောပြနေတာပေါ့။ လာတဲ့လူတွေထဲမှာ ကိုစိန်မောင်ဆိုတဲ့ လူတစ်ယောက် ပါလာတယ်။

ဒီလူက လူပျိုကြီး ဘုန်းကြီးလူထွက် ပန်းတိမ်ဆရာဗျ။ အသက်က (၅၀) လောက်ပေါ့။ ရတနာသုံးပါးလဲ ကြည်ညိုတယ်။ ဗဟုသုတလဲ ရှိသပေါ့ဗျာ။

ကိုစိန်မောင်က အခြေအနေ အရပ်ရပ်ကို လေ့လာသုံးသပ်ပြီးတော့ ခုတင်ပေါ်မှာ ကျန်ရစ်တဲ့ ပြာမှုန်ပြာစကလေးတွေကို နည်းနည်းစီ လိုက်စုတော့တာပါပဲ။ ပရုတ်ဆီဘူးခွံ(ကျားဘမ်းပရုတ်ဆီဘူးလေး) တစ်ဝက်လောက် ရပါတယ်။

လိုရင်းချုပ်ကတော့ ကိုစိန်မောင်က ဒီပြာကွမ်းရိုးတစ်တို့နဲ့ ရွှေဖြစ်အောင် လုပ်နိုင်ခဲ့တယ်ဗျ။ ဒီလူက ကျေးဇူးတင်ထိုက်သူကို ကျေးဇူးဆပ်ဖို့ မမေ့ဘူးဗျ။ မရွှေကို သစ္စာရှိရှိ လက်ထပ်ယူလိုက်တယ်။ ပြီးတော့ ပဲခူးမြို့ပေါ်တက်ပြီး ရွှေဆိုင်တွေ၊ စတိုးဆိုင်တွေနဲ့ ကြွယ်ဝချမ်းသာတဲ့လူ ဖြစ်သွားပါလေရောလား။

သာသနာတော်ကိုလဲ ကြည်ညိုသူဖြစ်လို့ ရွှေမော်ဓောဘုရားကြီးကိုလဲ ရွှေသင်္ကန်းတွေ လုံးတော်ပြည့် ကပ်လှူတယ်။ ဒေးစွန်ပါစေတီကြီးမှာလဲ ရွှေသင်္ကန်းတွေကပ်၊ ဇရပ်တန်ဆောင်းတွေဆောက်ပြီး ကုသိုလ်တွေ ပြုတယ်။ ကိုမြမောင်ကိုလဲ အမျှအတန်း ပေးဝေခဲ့ပါတယ်။

အေးဗျာ လောကကြီးရဲ့ ဖြစ်စဉ်တွေဟာ သတ္တဝါတွေရဲ့ကံကို လိုက်ပြီး အလွန် ဆန်းကြယ်တာကလားဗျာ'

ရသေ့ကြီး ဦးဒီပက နိဂုံးမှတ်ချက် ပြုနေသည်။ ဦးသက္ကကလည်း..

'တပည့်တော် ထင်တာကတော့ ရှေး ပြုခဲ့တဲ့ကံလဲ ပါတယ်။ ဒီဘဝမှာလဲ အဲ ဉာဏ်ပညာ ဦးစီးဖို့ လိုတယ်မဟုတ်လား ဘုရား'

'ဟုတ်သပေါ့ဗျာ၊ ဟုတ်သပေါ့။ လောကကြီးမှာ ကံကောင်းဖို့ရော ဉာဏ်ပညာရှိဖို့လဲ လိုတာပေါ့ဗျာ။ ဉာဏ်ပညာဆိုတာ ဘဝမှာ အဖိုးတန်ဆုံး ရတနာကြီးပါပဲလေ'

ဟု ပြောဆိုနေစဉ် ညောင်လေးပင်မြို့လယ်ကောင်ရှိ ဗဟိုမီးသတ်မျှော်စင်ကြီးမှ နာရီသံချောင်းခေါက်သံသည် တိတ်ဆိတ်ငြိမ်သက်သော ညဥ့်လွှာကို ဖောက်ထွင်းလျက် (၂)ချက်တိတိ ပြည့်ပြည့် မြည်ဟည်းထွက်ပေါ်လာလေသည်။

**မေတ္တာရှည်လျက်...**

**မျိုးတင့်(ညောင်လေးပင်)**

**(ဒိုက်ဦးမြို့နယ်၊ အောင်ချမ်းသာရွာ အောင်ချမ်းသာဆရာတော်ကြီး ဦးပညာဝံသ(ပျံလွန်တော်မူ) ပြောပြသော ဓာတ်လမ်းကို ခံစားရေးဖွဲ့သည်။)**



www.burmeseclassic.com

www.burmeseclassic.com

# သစ်တံခါးအစွမ်း



**အံ့မခန်း**

သိပ္ပံလေးငယ်
(လယ်တော်)

သစ်တံခါးအကြောင်းနှင့် ပတ်သက်၍ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် များစွာ ဖတ်ရှုဖူးပါသည်။ အများစုမှာ သစ်တံခါး၏ အစွမ်းကို မီးကွင်းသည် ဟု ရေးထားခြင်းကို တွေ့ရှိရပါသည်။

ထို့ပြင် သစ်တံခါး၏ အရွယ်အစားများကိုလည်း အမျိုးမျိုး တွေ့ရှိရ၍ လွန်စွာ စိတ်ဝင်စားဖွယ်ကောင်းလှပါသည်။

စာရေးသူ တွေ့ရှိဖူးသော သစ်တံခါးမှာ **အရွယ်အားဖြင့် တံခါးပေါက်မှန် တစ်ချပ်စာ အရွယ်အစား လောက်သာရှိပြီး ကြိဂံပုံ ခပ်စောင်းစောင်း ပုံသဏ္ဌာန် ရှိပါသည်။**

သို့သော် အစွမ်းထက်၍ အကျိုးပြုပုံမှာ လွန်စွာ ထူးခြားအံ့သြဖွယ်ကောင်းလှပါသည်။ ထိုအစွမ်းထက်လှသော သစ်တံခါးအကြောင်းကို စာရေးသူ သူငယ်ချင်း၏ဖခင် ပြောပြ၍ စာရေးသူ သိခွင့် ရရှိခဲ့ပါသည်။

## သစ်တံခါးကို တွေ့ရှိခဲ့ပုံ

စာရေးသူ သူငယ်ချင်း၏ဖခင် ဦးအောင်နိုင်(ယခု အသက်–၆၀ကျော်) အရွယ်တို့ ငယ်စဉ်က **မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်အတွင်းတွင် ရှိသော မန်ကျည်းကျွန်းကျေးရွာလေးတွင်** နေထိုင်ကြပါသည်။

ထိုအချိန်က ဦးအောင်နိုင်၏ အဖေမှာ တောထဲတွင် သစ်ခုတ်ခြင်း၊ ဝါးခုတ်ခြင်းဖြင့် မိသားစုကို ရှာဖွေကျွေးမွေးခဲ့ပါသည်။

သစ်များ၊ ဝါးများ ခုတ်ပြီး မြို့ပေါ်မှ လာဝယ်သူများထံ ရောင်းချကြပါသည်။ အများအားဖြင့် မျောတုံး(အိမ်တိုင်အရွယ်သစ်တုံး)များ ခုတ်၍ ရောင်းချကြသည်။

ထိုခေတ်က ထိုသို့ သစ်ခုတ်၊ ဝါးခုတ် ရောင်းချခြင်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြရာတွင် လွန်စွာအဆင်ပြေလှပါသည်။

တစ်နေ့၌ ဦးအောင်နိုင်၏ အဖေသည် တောထဲတွင် မျောတုံးများ ခုတ်ရင်း သစ်ပင်တစ်ပင်ပေါ်မှ ကြိဂံ ခပ်စောင်းစောင်းပုံသဏ္ဌာန် အရွယ်ကွင်းနေသော အရွယ်အစား မကြီးအငယ် သစ်ကိုင်းတစ်ကိုင်းကို တွေ့ရှိခဲ့ပါသည်။

ထိုသစ်ကွင်းရှိသော အပင်သည် သပြေပင်ဖြစ်သောကြောင့် သစ်ကွင်း


www.burmeseclassic.com

www.burmeseclassic.com

မှာလည်း သပြေသားပင် ဖြစ်ပါသည်။

ဦးအောင်ခိုင်၏ ဖခင်မှာ ထိုသစ်ကွင်းကို အစွမ်းထက် အသုံးဝင်ကြောင်း မသိသော်လည်း ထူးထူးခြားခြား ဖြစ်နေသဖြင့် ကွင်းနေသော သစ်ကိုင်းကို ဖြတ်တောက်ကာ သစ်အခွံနှင့် အနားသားများကို လှပစွာ ခုတ်ထစ်၍ အိမ်သို့ ယူဆောင်လာခဲ့သည်။

ထိုသစ်ကွင်းမှာ ထိုသို့ အသေအချာ ခုတ်ထစ်လိုက်သောအခါ အတော်ပင် လှပပါသည်။

### သစ်ကွင်းအသုံးဝင်ပုံကိုသိ

သစ်ကွင်းကို အိမ်သို့ ယူဆောင်လာပြီး အိမ်တွင် အလှထားရှိပါသည်။

တစ်နေ့တွင် နားလည်သူတစ်ဦး၏ ပြောပြချက်ကြောင့် ထိုသစ်ကွင်းကို **သစ်တံခါးဟုခေါ်ကြောင်း။ သစ်တံခါးများမှာ အစွမ်းထက်တတ်ကြောင်းနှင့် အိမ်၏ တံခါးပေါက်အဝတွင် ချိတ်ဆွဲထားပါက အိမ်ကို မီးကွင်းစေသည့်အပြင် သူခိုး၊ ဓားပြများနှင့် မကောင်းဆိုးဝါးများ မကပ်နိုင်ကြောင်း၊ ထို့ပြင် မနာလိုသူများ အိမ်ကို မလုပ်ကြံနိုင်ကြောင်း** စသည်ဖြင့် သိရှိခဲ့ရပါသည်။

ထို့ကြောင့် ဦးအောင်ခိုင်၏ အဖေသည်လည်း ထိုသူ၏ ပြောပြချက်အတိုင်း ထိုသစ်ကွင်း(သစ်တံခါး)အား အိမ်၏ တံခါးမပေါက်ထိပ်တွင် အသေအချာ ချိတ်ဆွဲထားလိုက်ပါတော့သည်။

### သစ်တံခါးအစွမ်း သိရပြီ

ထိုအချိန်က ဦးအောင်ခိုင်တို့ မိသားစုမှာ သစ်ခုတ်၊ ဝါးခုတ် ရောင်းချခြင်း လုပ်ငန်းဖြင့် မိသားစု အတော်အသင့် အဆင်ပြေလှပါသည်။

ထို့ပြင် ဦးအောင်ခိုင်၏ မိခင်မှာလည်း ဈေးသည်တစ်ဦးဖြစ်၍ တစ်ဖက်တစ်လမ်းမှ ဝင်ငွေရှိနေသဖြင့် ငွေပို၊ ငွေလျှံများနှင့် ရွှေတို၊ ရွှေစများပါ စုဆောင်းမိလာသည်။

ထိုခေတ်က ဆန်ရေစပါး ရှားပါးသည့်အပြင် နယ်မြေအေးချမ်းမှုများလည်း မရှိသေးသဖြင့် လူတော်တော်များများမှာ ဆင်းရဲနွမ်းပါးကြပါသည်။ ထိုသို့ ဆင်းရဲနွမ်းပါးကြသဖြင့် ရွာအတွင်းတွင် ခိုးဝှက်တတ်သူများလည်း ရှိလာခဲ့ကြသည်။

ထိုအချိန်က ထိုရွာတွင် ဦးအောင်ခိုင်တို့မိသားစုမှာ အချမ်းသာဆုံးလောက် ဖြစ်သဖြင့် ခိုးဝှက်တတ်သူများအဖို့ ဦးအောင်ခိုင်တို့အိမ်သည်သာ မျက်စိကျစရာ ဖြစ်နေလေ၏။

ဤသို့ဖြင့် တစ်ခုသော ညတစ်ညတွင် ဦးအောင်ခိုင်တို့မိသားစုအားလုံး အိပ်မောကျနေခိုက် အိမ်ကို သူခိုးကပ်ပါတော့သည်။ ဦးအောင်ခိုင်တို့ မိသားစုမှာ အိမ်ရှေ့ဝရန်တာတွင် လူနှစ်ဦး သတ်ပုတ်သံကြားသဖြင့် အိပ်ရာမှ အသီးသီး နိုးလာကြသည်။

ထို့နောက် အိမ်ရှေ့သို့ကမန်းကတန်း ထကြည့်ကြသောအခါ အိမ်ကို ဝင်ခိုးရန် လာသော သူခိုးသည် အိမ်ရှေ့ဝရန်တာပေါ်တွင် လဲနေပြီး ထိခိုက်ဒဏ်ရာကြောင့် နာကျင်လွန်းသဖြင့် ညည်းညူနေသည်ကိုတွေ့ရလေသည်။

ထိုသူခိုးကို ဖမ်းဆီးပြီး အကျိုးအကြောင်း မေးကြည့်သောအခါ ထိုသူက ဦးအောင်ခိုင်တို့၏အိမ်သို့ ရောက်ချိန်တွင် ဦးအောင်ခိုင်တို့မိသားစု အားလုံးမှာ အိပ်မောကျနေကြောင်း၊ ထို့ကြောင့် အရဲစွန့်ပြီး အိမ်အတွင်းသို့ဝင်ရန် ကန့်လန့်မချထားသော တံခါးကို အသာအယာ ဖွင့်လိုက်စဉ် အလွန်ထွားကျိုင်းသော လူတစ်ဦးသည် သူ၏ လည်ပင်းကို ဆွဲယူလွှင့်ပစ်လိုက်ကြောင်း...

သူ လွင့်စဉ်သွားစဉ် သူ့အား သတ်ပုတ်ကြောင်းနှင့် ဦးအောင်ခိုင်တို့ မိသားစု နိုးလာကြသောအခါ ထိုလူမှာ ပျောက်ချင်းမလှ ပျောက်သွားကြောင်း စသည်ဖြင့် မျက်ရည်များနှင့် ပြောလေသည်။

ထိုအခါ ဦးအောင်ခိုင်တို့ မိသားစုသည် ထိုအခြင်းအရာများမှာ သစ်တံခါး၏ အစွမ်းကြောင့်သာ ဖြစ်၍ တခြားမရှိနိုင်ကြောင်း သိရှိခဲ့ပါသည်။ ထိုသူခိုးမှာလည်း တစ်ရွာတည်းသား ချင်းဖြစ်၍ နောက်တစ်ခါ မလုပ်ရန် ဆုံးမပြီး ပြန်လွှတ်လိုက်လေသည်။

ထိုအချိန်မှစ၍ ဦးအောင်ခိုင်တို့ မိသားစုမှာ သစ်တံခါး၏ အစွမ်းနှင့် အကျိုးကျေးဇူးကို သိရှိခဲ့ကြပြီး အိမ်၏ တံခါးမအထက်၌ တရိုတသေဖြင့် ယုံကြည်စွာ ဆက်လက်ချိတ်ဆွဲ ထားခဲ့ကြပါသည်။

ထိုသို့ ချိတ်ဆွဲထားသဖြင့် မီးဘေး အန္တရာယ်များနှင့် မကြုံတွေ့ခဲ့ရသည့် အပြင် သူခိုးများ အခိုးခံရခြင်းလည်း မရှိခဲ့ပါချေ။ မိသားစုအားလုံး ဘေးအန္တရာယ် ကင်းရှင်း၍ စိတ်ချမ်းသာစွာ နေထိုင်နိုင်ခဲ့ပါသည်။

### ထပ်မံ အကျိုးပေးလေပြီ

ဤသို့ဖြင့် ဦးအောင်ခိုင်သည် အိမ်ထောင်ကျပြီး အသက်(၅၀)ကျော်အရွယ်၌ စာရေးသူတို့ နေထိုင်သော ရှမ်းပြည်နယ်တောင်ပိုင်း၊ ရပ်စောက်မြို့သို့ မိသားစုနှင့်အတူ ပြောင်းရွှေ့လာသည်။ (ထိုအချိန်၌ ဦးအောင်ခိုင်၏ မိဘများမှာ ကွယ်လွန်ကြပြီး ဖြစ်သည်။)



www.burmeseclassic.com

www.burmeseclassic.com

ပြောင်းရွှေ့လာသည့်အခါ ထိုသစ်တံခါးကိုပါ တစ်ပါတည်း ယူဆောင်လာခဲ့သည်။ မြို့စွန်တွင် ခြံတစ်လုံးဝယ်၍ အိမ်ဆောက်ကာ နေထိုင်ကြသည်။ ထိုအိမ်၏ တံခါးမထိပ်တွင်လည်း ထိုသစ်တံခါးကို ချိတ်ဆွဲထားကြသည်။


ဦးအောင်ခိုင်တို့ မိသားစုမှာ အတော်ပင် ပြည့်စုံကြွယ်ဝသူများ ဖြစ်ကြပါသည်။ သားသမီး(၅)ယောက် ထွန်းကားပြီး အသီးသီး အိမ်ထောင်ကျကုန်ကာ အထွေးဆုံးသားဖြစ်သော စာရေးသူ၏ သူငယ်ချင်း ရဲထက်ခေါင် တစ်ယောက်သာ အိမ်၌ ကျန်ရှိပါတော့သည်။

ဤသို့ဖြင့် ဦးအောင်ခိုင်တို့ ပြောင်းရွှေ့လာပြီး (၂)နှစ်လောက် အကြာတွင် အိမ်ကို သူခိုးကပ်ခဲ့ခြင်း အကြောင်းကို ဦးအောင်ခိုင်တို့ သိရှိခဲ့ရပါသည်။

ဦးအောင်ခိုင်၏အိမ်သို့ ဝင်ခိုးရန် ကြံစည်ခဲ့သော သူခိုးမှာ ညဥ့် သန်းခေါင်ယံအချိန်၌ အိမ်သို့ ဝင်ခိုးရန် ချဥ်းကပ်ခဲ့စဥ် ဦးအောင်ခိုင်တို့အိမ်မှာ မီးများ ထိန်လင်းနေပြီး မိသားစု(၃)ဦးနှင့် ခြံအလုပ်သမားများပါ မုန့်လုပ်စားနေကြသည့် မြင်ကွင်းကို တွေ့ရှိခဲ့ရကြောင်း...

အားလုံးမှာ မုန့်လုပ်စားရန်အတွက် အုန်းသီးခြစ်သူခြစ်၊ မုန့်နှစ်နယ်သူကနယ်၊ ရေခပ်သူကခပ် စသည်ဖြင့် တပျော်တပါး မုန့်လုပ်နေကြကြောင်း၊ သူခိုးမှာ ညလင်းခါနီး အချိန်ထိ ထိုင်စောင့်နေခဲ့သော်လည်း ဦးအောင်ခိုင်တို့ အိမ်သားများမှာ လုံးဝ မအိပ်ကြသဖြင့် ထိုည မခိုးဖြစ်ဘဲ အိမ်သို့ပြန်ခဲ့ကြောင်း...

နောက်တစ်နေ့ညသည်၌ ထပ်မံသွားရောက်သွားသော အခါ၌လည်း ယခင်ညကဲ့သို့ မုန့်လုပ်စားနေသည့် မြင်ကွင်းကိုသာ မြင်ရကြောင်း၊ ဤသို့ (၃)ည ဆက်တိုက် မြင်တွေ့ရသဖြင့် သူခိုးမှာ အလိုလို ကြောက်လန့်လာပြီး နောက်ဆုံး၌ ခိုးရန်မအောင်မြင်ခဲ့ကြောင်း စသည်ဖြင့် ထိုသူခိုးမှ တခြား ရင်းနှီးသူတစ်ဦးထံ ပြန်ပြောပြနေသော စကားကို တစ်ဆင့်စကားမှတစ်ဆင့် ဦးအောင်ခိုင်တို့ ပြန်လည်ကြားသိခဲ့ရပါသည်။



အမှန်တကယ်တွင်မူ ဦးအောင်ခိုင်တို့ မိသားစုမှာ တစ်ညမှ မုန့်မလုပ်စားဘူးပါ။ အမြဲတမ်း ညစောစောသာ အိပ်ရာဝင်တတ်ကြသူများ ဖြစ်ကြပါသည်။

အိမ်သို့ဝင်ခိုးရန် ကြံရွယ်ခဲ့သော သူခိုး မြင်တွေ့ခဲ့ရသော မြင်ကွင်းမှာ သစ်တံခါးအစောင့်၏ ပရိယာယ်ဖြင့် ဖန်ဆင်းထားသော အရာများသာ ဖြစ်ပါလိမ့်မည်ဟု ဦးအောင်ခိုင်တို့ ယုံကြည်ခဲ့ပါသည်။

အထက်ပါ အကြောင်းအရာများသည် စာရေးသူ သူငယ်ချင်း ရဲထက်ခေါင်၏ဖခင် ဦးအောင်ခိုင် ပြောပြသော သစ်တံခါး၏ ဖြစ်ရပ်မှန်ဇာတ်လမ်းများသာ ဖြစ်ပါသည်။

ဤသို့ဖြင့် စာရေးသူတို့ ကိုယ်တိုင် ကြုံတွေ့ခဲ့သော သစ်တံခါး၏အစွမ်းကိုလည်း ထပ်မံ တင်ပြလိုပါသည်။

## သစ်တံခါးအစွမ်း အံ့မခန်း

စာရေးသူသည် တက္ကသိုလ်ဝင်တန်း ကျောင်းသားဘဝ၌ စာရေးသူ၏ သူငယ်ချင်း ရဲထက်ခေါင်အိမ်တွင် သွားရောက်နေထိုင်ခဲ့ပါသည်။

စာရေးသူက ရွာတွင် နေထိုင်၍ ကျောင်းနှင့် အလှမ်းဝေးသည်က တစ်ကြောင်း၊ ရဲထက်ခေါင်၏ မိဘများက အတင်းခေါ်နေသည်က တစ်ကြောင်းတို့ကြောင့် ထိုအိမ်တွင် ပညာသင်နှစ် တစ်နှစ်လုံး နေထိုင်ခဲ့ပြီး တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဖြေဆို အောင်မြင်ခဲ့သည်။ လွန်ခဲ့သော (၃)နှစ်ခန့်ကာလက စာရေးသူ အဝေးသင်တက္ကသိုလ် ပထမနှစ်ကဖြစ်သည်။ စာရေးသူ သူငယ်ချင်း၏ မိဘများဖြစ်သော ဦးအောင်ခိုင်တို့ လင်မယားနှစ်ယောက်မှာ မော်လမြိုင်ဘက်သို့ အလည်ပြန်သွားခဲ့ကြသည်။

ထို့ကြောင့် ရဲထက်ခေါင်က တစ်ယောက်တည်း ကျန်ခဲ့၍ စာရေးသူအား လှမ်းခေါ်သဖြင့် စာရေးသူ သွားရောက်ခဲ့ပါသည်။

စာရေးသူ ထိုအိမ်သို့ ရောက်စဥ် အိမ်၏ တံခါးမအပေါ်တွင် ချိတ်ဆွဲထားသော သစ်တံခါးအား အသေအချာ ကိုင်တွယ် ကြည့်ရှုမိသေးသည်။

ဤသို့ဖြင့် တစ်ခုသော ညနေခင်းတွင် ဖြစ်သည်။ စာရေးသူတို့ သူငယ်ချင်းနှစ်ယောက်မှာ အိမ်ပြတင်းပေါက်များပိတ်ကာ အိမ်တံခါးနှင့် ခြံတံခါးကိုပါ သော့ခတ်ခဲ့ပြီး ရပ်ကွက်တွင်းရှိ လူငယ်ခြင်းဝိုင်းတွင် ခြင်းသွားခတ်နေကြပါသည်။ ခြင်းဝိုင်းမှာ ကောင်းလွန်းသဖြင့် ညနေ(၆)နာရီကျော်ကျော် မှောင်စပျိုးချိန်၌ပင် အိမ်မပြန်နိုင်ကြသေးပါ။

စာရေးသူတို့ ခြင်းကို စိတ်ဝင်တစား ခတ်နေကြစဥ် ရပ်ကွက်တွင်းက စာရေးသူတို့၏မိတ်ဆွေ ကိုအောင်ကျော် ရောက်ရှိလာပြီး...



www.burmeseclassic.com

www.burmeseclassic.com

'ဟေ့ ရဲထက် မင်းတို့ ဘယ်တုန်းက ဒီကို ရောက်နေကြတာလဲ၊ ငါ မင်းတို့အိမ်ကို လှမ်းကြည့်ထားလို့ သွားပို့တာကွာ။ မင်းတို့ ရှိနေတယ်ထင်တာ။ အိမ်တံခါးတွေရော၊ ပြူတင်းတံခါးတွေရော ဖွင့်ထားတယ်။ နောက် အိမ်ထဲမှာလဲ သီချင်းသံတိုးတိုးလေး ဖွင့်ထားတာ ကြားနေရတယ်။

ဒါပေမယ့် ဘယ်လောက်အော်အော် တစ်ယောက်မှ မထူးဘူး။ ခြံထဲ ဝင်မယ်ဆိုတော့လဲ ခြံတံခါးက သော့တန်းလန်းနဲ့ကွာ။ မင်းတို့ စောစောက အိမ်မှာရှိနေကြတာ မဟုတ်ဘူးလား'

'ဗျာ... မဟုတ်တာ ကျွန်တော်တို့ နှစ်ယောက် ဒီရောက်နေတာ ညနေ (၄)နာရီကတည်းကဗျ'

ထိုအခါ ကိုအောင်ကျော် အလွန် အံ့ဩသွားပြီး...

'ဟာ ဒါဆို မင်းတို့ အမေတွေများ ပြန်ရောက်နေတာလား'

'မဟုတ်နိုင်ပါဘူးဗျာ အမေတို့သွားတာ အခုမှ လေးရက်လောက်ပဲ ရှိသေးတယ်။ (၁)လလောက်ကြာမယ်လို့ အသေအချာ မှာသွားတာဗျ'

ရဲထက်ခေါင်၏ စကားအဆုံးတွင် စာရေးသူက ကိုအောင်ကျော်အား...

'နေပါဦးဗျ ကိုအောင်ကျော် အိမ်တံခါးတွေ ပွင့်နေတာ တွေ့ခဲ့တာရော သေချာရဲ့လားဗျ'

ထိုအခါ ကိုအောင်ကျော်က ပျာပျာသလဲ...

'သေချာပါတယ်ကွာ၊ ငါ အသေအချာ မြင်လိုက်တာပါ။ အိမ်ထဲမှာ သီချင်းတောင် တိုးတိုးလေးဖွင့်ထားတယ်။ တကယ်ပါ'

ကိုအောင်ကျော် လိမ်ညာပြောနေခြင်း မဟုတ်ကြောင်းကို စာရေးသူတို့ ရိပ်စားမိပါသည်။ ထို့ကြောင့် ကိုအောင်ကျော်နှင့်အတူ စာရေးသူတို့ နှစ်ဦးစလုံး အိမ်သို့ အပြေးပြန်ခဲ့ကြသည်။

အိမ်သို့ရောက်သောအခါ အိမ်တံခါးရော ခြံတံခါးပါ သော့တန်းလန်းနှင့် စာရေးသူတို့ ခတ်ခဲ့သည့်အတိုင်း ဖြစ်နေ၏။ အိမ်ထဲသို့ သော့ဖွင့်၍ ဝင်ကြည့်ကြသောအခါ အရာအားလုံးမှာ စာရေးသူတို့ ထားခဲ့သည့်အတိုင်း ခြေရာလက်ရာမပျက် ရှိနေပါသည်။

ဗီဒီယို၊ ဒေါ်အောက်စက်များသည်လည်း စာရေးသူတို့ ထားခဲ့သည့်အတိုင်း မီးပလပ်များ ဖြုတ်လျက်ပင်။ လူမရောက်ထားသည်မှာ သိသာလှပါသည်။

ထို့ပြင် အိမ်တံခါးသော့မှာလည်း အာမခံသော့ဖြစ်၍ သော့တံမှာ စာရေးသူတို့ ယူဆောင်သွား၍ သော့အပိုမရှိပါ။ လူတစ်ဦးတစ်ယောက် ဝင်နိုင်သည်ဆိုမှာ လုံးဝ မဖြစ်နိုင်ပါ။

ကိုအောင်ကျော်ကတော့ သူ တွေ့ခဲ့သည်များကို စာရေးသူတို့ မယုံမည်စိုး၍ ထပ်ကာထပ်ကာ ပြောပြနေဆဲပင်။

ကိုအောင်ကျော် တွေ့ခဲ့သည်မှာ အမှန်ပင် ဖြစ်ပါလိမ့်မည်။ ထိုအခြင်းအရာများသည် သစ်တံခါး၏ အစောင့်က ဖန်ဆင်းထားခြင်း ဖြစ်လိမ့်မည်ဟု စာရေးသူတို့ ယုံကြည်မိပါသည်။ သစ်တံခါးအစွမ်းကား အံ့မခန်းနိုင်ပါပေ။

**(မှတ်ချက် ။ ။ အမှန်တကယ် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များ ဖြစ်ပါသည်။)**

***စာရှုသူများအား အစဉ်လေးစားလျက်...***

**ညီလေးငယ်(လယ်တော်)**

စာမူရှင်များသို့ . . .

ပေးပို့သော

စာမူများကို

မူပွား

ထားကြပါရန်နှင့်

မရွေးချယ်ပါက

ပြန်လည်ပေးပို့ခြင်း

မဟုတ်ပါကြောင်း

အသိ

ပေးအပ်ပါသည်။

*စာတည်းအဖွဲ့*

နဂ္ဂတ္တရောင်ခြည်မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com



ချို (အမရပူရ)

အိမ်လိပ်စာ မသိဘဲ ထူးဆန်းစွာ ရောက်ရှိလာသည့်

# မိခင်ကြီး၏ ရုပ်အလောင်း

လွန်ခဲ့သော (၇)နှစ်ခန့်က မိခင်ကြီးသည် မိတ်ဆွေများနှင့် ကျိုက်ထီးရိုး ဘုရားဖူး သွားမည်ဆိုကြောင်းကို သားကြီးဖြစ်သူ မျိုးမျိုးကို ပြောလာပါသည်။ ဖခင်ကြီး ကွယ်လွန်ပြီးနောက် မိခင်ကြီးသည် သားကြီးကိုသာ တိုင်ပင်လေ့ရှိပါသည်။

မိခင်ကြီးသည် ကားစီးရခြင်းကို အလွန်ကြောက်တတ်ပြီး ခရီးဝေးကို ကားဖြင့်လည်း မသွားဘူးပါ။

အလုပ်များနှင့် အိမ်ထောင်ခွဲများ ဖြစ်နေသော မျိုးမျိုးတို့ မောင်နှမများသည်လည်း မိခင်ကြီး သွားချင်သော ဘုရားဖူးခရီးကို လိုက်မပို့နိုင်ကြပါ။

မိခင်ကြီးနှင့် မိတ်ဆွေ ဘုရားဖူးများသည် ကျိုက်ထီးရိုးဆံတော်ရှင်ကို ပထမဦးဆုံး သွားရောက်ကြပါသည်။ ကျိုက်ထီးရိုးဆံတော်ရှင်မှ အပြန်တွင် ပဲခူးမြို့ရှိ တန်ခိုးကြီးဘုရားများဖြစ်သော ရွှေမော်ဓော၊ ရွှေသာလျောင်းတို့ကို ဟိုင်းလတ်ကားဖြင့် သွားဖူးကြပါသည်။

ထိုမှ ကိုးသိန်းကိုးသန်းဘုရားကို သွားရောက်ဖူးကြပါသည်။ ဘုရားဖူးပြီး အပြန်တွင် အရှိန်ဖြင့် မောင်းလာသော ဟိုင်းလတ်ကားသည် ဘီးပေါက်၍ လမ်းဘေးတွင် တိမ်းမှောက်သွားပါသည်။

ကားပေါ်တွင် ပါလာသော ဘုရားဖူးများထဲမှ မိခင်ကြီးသာ သေဆုံးသွားပြီး ကျန်သူများ ဒဏ်ရာများသာ ရကြပါသည်။ မန္တလေးမြို့ရှိ မျိုးမျိုးတို့အိမ်သို့ ဖုန်းဆက်အကြောင်းကြားရာ ပဲခူးမြို့သို့ ကားဖြင့် လိုက်သွားကြပါသည်။

မိခင်ကြီး၏ ရုပ်အလောင်းကို ပဲခူးဆေးရုံကြီးမှ မန္တလေးသို့ သယ်ရန် ဘာသာခြားလူမျိုးပိုင် ကားတစ်စီးကို ငွေကျပ်(၃)သိန်းပေးပြီး ငှားလာခဲ့ပါ



www.burmeseclassic.com

www.burmeseclassic.com

သည်။

မျိုးမျိုးနှင့် ဆွေမျိုးများပါသော ကားက ရှေ့မှမောင်းပြီး မိခင်ကြီး ရုပ်အလောင်းပါသော ကားက နောက်မှ လိုက်ပါလာသည်။ လမ်းမြို့များကို မနားဘဲ တစ်မြို့ပြီးတစ်မြို့ ဖြတ်သန်းခဲ့ပါသည်။

မိတ္ထီလာမြို့ အရောက်တွင် မျိုးမျိုးတို့ပါသော ကားမှာ ဓာတ်ဆီဝင်ဖြည့်ပါသည်။ မိခင်ကြီး ရုပ်အလောင်းပါသောကားသည် မျိုးမျိုးတို့ကားကိုကျော်ပြီးမောင်းသွားပါသည်။

ဓာတ်ဆီဖြည့်ပြီး မိခင်ကြီးရုပ်အလောင်းပါသွားသော ကားကို မီရန်လိုက်သော်လည်း မတွေ့ရတော့ပါ။ ဘာသာခြား ကားမောင်းသမားကို မန္တလေးဟုသာ ပြောထားသော်လည်း လိပ်စာ အတိအကျ မပြောရသေးကြောင်းကို မျိုးမျိုး သတိရလာပါတော့သည်။

မိခင်ကြီး ရုပ်အလောင်းပါသော ကားသည်လည်း မည်သည့်နေရာသို့ ရောက်သွားမှန်း မသိရတော့ပါ။ မျိုးမျိုးတို့ပါသော ကားလေးသည် ခပ်မြန်မြန် မောင်းရင်း နောက်မှ လိုက်လာပါတော့သည်။

မိခင်ကြီး ရုပ်အလောင်းပါသော ကားသည် မန္တလေးမြို့အဝင်သို့ ရောက်လာပါသည်။ ထိုအခါမှ ဘာသာခြား ကားမောင်းသမားသည် မန္တလေးမြို့ဟုသာ သိထားသော်လည်း လိပ်စာ အတိအကျမသိ မမေးထားခဲ့သည်ကို သတိရလာပါတော့သည်။

လိပ်စာ မသိ၍ မည်သည့် မြို့နယ်၊ ရပ်ကွက်၊ အိမ်သို့ ပို့ပေးရမှန်းမသိ အခက်တွေ့ရင်း မောင်းလာပါသည်။ မန္တလေးမြို့အဝင် အမရပူရ တံခွန်တိုင်ကို ကားက ကျော်လာပြီ ဖြစ်ပါသည်။ ဘာသာခြား ကားမောင်းသမားမှ...


'အစ်မကြီး ကျွန်တော်တို့ အိမ်လိပ်စာ မသိပါ။ ဘယ်ရပ်ကွက် မောင်းရမှန်းလဲ မသိပါ။ အစ်မကြီးရဲ့အိမ်ကို လမ်းပြခေါ်သွားပါ'

ဟု အော်ပြောလိုက်ပါသည်။ ကားသည် ကျွဲဆည်ကန်ကို ကျော်ပြီး ချမ်းမြသာစည်မြို့နယ်ထဲသို့ ဝင်လာပါသည်။

မန္တလေး–စစ်ကိုင်း လမ်းခွဲ ဓာတ်ဆီဆိုင်နားသို့ အရောက်တွင် အနံ့များ ထွက်လာပါသည်။ ကားသမားလည်း ထူးဆန်းစွာ အနံ့များ ရလာ၍ ထိုလမ်းခွဲကို ကွေ့ဝင်လိုက်ပါသည်။ အနံ့များသည် ပျောက်မသွားဘဲ ပိုပြီး ရလာပါသည်။

ထိုသို့ မောင်းလာသော ကားသည် မျိုးမျိုးတို့ အိမ်ရှေ့အရောက်တွင် အလိုလို ရပ်သွားပါသည်။ အိမ်ထဲမှ မိသားစု ဆွေမျိုးများလည်း အော်ဟစ်ငိုပြီး ထွက်လာကြပါသည်။

မျိုးမျိုးနှင့် ဆွေမျိုးများပါသော ကားသည် မိခင်ကြီးရုပ်အလောင်း ရောက်ပြီး အတော်ကြာမှ အိမ်သို့ ရောက်လာကြပါသည်။ ဘာသာခြား ကာသမားက အိမ်လိပ်စာ မသိသဖြင့် မိခင်ကြီး၏ ရုပ်အလောင်းကို လမ်းပြခိုင်းလိုက်ရကြောင်းကို မျိုးမျိုးကို ပြန်လည်ပြောပြပါသည်။



ဆွေမျိုး မိသားစုများကလည်း လိပ်စာမသိဘဲ ရောက်လာသဖြင့် အံ့သြနေကြပါသည်။

မိခင်ကြီး ရက်လည်နေ့တွင် သံဃာတော်များပင့်၍ ပရိတ်တရားနာ ဆွမ်းကပ်ပါသည်။ သံဃာတော်များ ဆွမ်းဘုဉ်းပေးပြီးသော ပန်းကန်များကို ဆေးပေးနေသည့် အမျိုးသမီးတစ်ဦးကို မိခင်ကြီး၏ ဝိညာဉ်မှ ဝင်ပူးပါသည်။

ထိုအမျိုးသမီးသည် အခြားရပ်ကွက်မှ ဖြစ်ပြီးသား သားသမီးများ၏ အမည်ကိုလည်း မသိပါ။ မိခင်ကြီးအသံဖြင့် သားသမီးတစ်ဦးစီ၏ အမည်များကို ခေါ်၍ ငိုပါတော့သည်။ မိခင်ကြီးသည် ကိုးသိန်းကိုးသန်းဘုရားသိုက်မှ ပြန်ခေါ်၍ သွားရခြင်းဖြစ်ကြောင်းကို ငိုပြီး ပြောပါတော့သည်။

မိသားစုဆွေမျိုးများက မိခင်ကြီး ဝိညာဉ် ဝင်ပူးကပ်နေသော အမျိုးသမီးကို ရေစက်ချတရားနာရန် သံဃာတော်များရှေ့သို့ ခေါ်ဆောင်သွားကြပါသည်။ လှူဖွယ်ဝတ္ထုပစ္စည်းများကို ထိုအမျိုးသမီးအား လှူခိုင်းပြီး တရားနာ ရေစက်ချစေပါသည်။

မိသားစု ဆွေမျိုးများနှင့် တရားနာ ပရိသတ်များသည် အဖြစ်အပျက်ကို ဝမ်းနည်းစွာ အမျှဝေရင်း သာဓုသုံးကြိမ်ခေါ်ဆိုလိုက်ကြပါသည်။ မိခင်ကြီး၏ ဝိညာဉ်သည် သာဓုသုံးကြိမ်ခေါ်ဆိုပြီး ပူးကပ်နေသော အမျိုးသမီးထံမှ ထွက်ခွာသွားပါတော့သည်။

**[မျိုးမျိုး၏ ခွင့်ပြုချက်ဖြင့် ရေးသားထားပါသည်။]**

**ချို(အမရပူရ)**



www.burmeseclassic.com


www.burmeseclassic.com

# ခိုတောင်းတောင်ပေါ်က

ထူးဆန်းသည့်ဖတ်ရှုက်

သိသူများမှ ဖြေကြားပေးစေချင်

ချစ်ဆိုင်



ကျွန်ုပ်ရဲ့ မွေးရပ်မြေဖြစ်တဲ့ ဟုမ္မလင်းမြို့နယ်၊ ရေလဲ(မြင်သာ)ရွာဆိုတာက မိုးတွင်းအခါ ရေတွေကြီးလာခဲ့ပြီဆိုရင်တော့ တစ်ရွာလုံးဆိုသလို ရေတွေ မြုပ်ကုန်ကြတော့တာပါပဲ။

ရွာဦးပိုင်းလောက်မှာတော့ ရေမမြုပ်တဲ့နေရာ နည်းနည်းလောက်ပဲရှိတာပါ။ ဒါတောင်မှ နည်းနည်းမြင့်တဲ့နေရာမှာ ရွာလာတည်ထားလို့ပါ။

အခြားနေရာတွေမှာတော့ ရွာထက် မြေနေရာနိမ့်တာပေါ့။ မြေနိမ့်ပေမယ့် မြေပြင်က ပြန့်တယ်။ ဒါကြောင့် အဲဒီတစ်လျှောက်မှာ ကျွန်ုပ်တို့ဒေသက လူတွေအနေနဲ့ ထွန်ယက်စိုက်ပျိုးကြတာပေါ့။ စိုက်ပျိုးမြေ မဟုတ်တဲ့ အခြားသော သစ်တောသစ်ပင်တွေကလဲ ရှိတယ်။

ဒါကြောင့် သားရဲတိရစ္ဆာန်တွေက ခိုအောင်းပြီး နေထိုင်ကြတာပေါ့။ စိုက်ပျိုးထားတဲ့ ကောက်ပဲသီးနှံတွေကလဲ ရှိနေလေတော့ သူတို့အတွက် အတော်ကလေး အဆင်ပြေတယ်လို့ ပြောရမှာပါ။


မိုးတွင်းအခါ ရောက်လာပြီဆိုရင်တော့ ပြောခဲ့တဲ့အတိုင်းပါပဲ။ ရေတွေ မြုပ်ကုန်ကြတော့ သားရဲတိစ္ဆာန်တွေကလဲ ထွက်ပြေးကြရတော့တာပေါ့။ ဘယ်ကို ထွက်ပြေးသလဲဆိုရင် ကျွန်ုပ်တို့ရွာရဲ့ တောင်ဘက် (၆)မိုင်နီးပါးလောက်ဝေးတဲ့ ခိုတောင်းတောင်ပေါ်ကို ပြေးတက်ကြရတော့တာပါပဲ။

ကျုပ်တို့ရွာက ကျွဲ့နွားတွေကိုလဲ မိုးအခါရောက်တာနဲ့ အဲဒီခိုတောင်းတောင်ပေါ်ကို လွှတ်တင်ပြီး လိုက်ကျောင်းရတာပေါ့။ တချို့ကတော့ ဝါးဖောင်တွေဖွဲ့ပြီး ဝါးဖောင်တွေပေါ်မှာ ကျွဲနွားတွေကို တင်ထားကြတယ်။ အစာကိုတော့ ရှာကျွေးရတာပေါ့။

အဲဒီလို မိုးတွင်းအခါကို ရောက်ပြီဆိုတာနဲ့ မြေပြန့်တစ်လျှောက်မှာ ကျင်လည်ကျက်စားခဲ့ကြတဲ့ တောတွင်းတိရစ္ဆာန်တွေအားလုံးဟာ ခိုတောင်းတောင်မှာ သွားပြီး စုကြတယ်။

ဒီအခါ ကျုပ်တို့ရွာသားအချို့က တစ်ခါတစ်ရံမှာ အဲဒီတောင်ပေါ်ကို တက်ပြီး အမဲလိုက်ကြတာပေါ့။ အမဲသွားလိုက်တိုင်းလဲ ရခဲ့ကြတာပါပဲ။ အနည်းဆုံးတော့ တောကြက်တွေ၊ ဒေါင်းတွေရကြတယ်။

www.burmeseclassic.com



တစ်ခါတစ်ရံ အဲဒီ ခိုတောင်းတောင်ကို အသွား ကျယ်ပြန့်တဲ့ ရေပြင်ကျယ်ကြီးမှာ ပြေးပေါက်မှားနေတဲ့ ဂျီ(ချေ)၊ ဆတ်၊ တောဝက် အစရှိတဲ့ အကောင်တွေလဲ ရတတ်ပါသေးတယ်။

တစ်နေ့မှာတော့ ကျုပ်ရဲ့ဖခင် ဦးအောင်ချယ်က ရွာသားတချို့နဲ့ ပေါင်းပြီး ခိုတောင်းတောင်ပေါ်မှာ အမဲ သွားလိုက်ကြတာပေါ့။ အဲဒီလို အမဲလိုက်ကြတော့ ဆပ်ဖားကြီးတစ်ကောင်ကို ရကြတယ်။

ဒီအခါ အမဲလိုက်တဲ့သူတွေရဲ့ ထုံးစံအတိုင်း သားကောင်ကို အသေသတ်ခဲ့တဲ့သူကို ဦးခေါင်းတစ်လုံး ပိုပြီး ပေးကြရတယ်။ ကျန်တဲ့ အသားတွေကိုတော့ တောလိုက်တဲ့သူတွေ အားလုံးက အညီအမျှခွဲဝေပြီး ယူကြတယ်။

ဒီနေရာမှာ ကျုပ်တို့ဒေသက ချစ်စရာကောင်းခဲ့တဲ့ ဓလေ့ကလေးတစ်ခုကိုတော့ဖြင့် ထည့်ပြီး ဖောက်သည်ချလိုက်ပါတယ်။ အဲဒါကတော့ အမဲလိုက်လို့ ရလာပြီဆိုလို့ကတော့ အနီးအနားတစ်ဝိုက်က ကြုံဆုံပြီး ရောက်ရှိလာတတ်ကြတဲ့သူတွေပါ ခွဲဝေလို့ပေးကြခြင်းပါပဲ။ ဆိုလိုတာတော့ တောလိုက်ရာမှာ မပါဝင်ခဲ့ပေမယ့် အမဲရလာမှ ရောက်လာတဲ့သူတွေကိုပါ ခွဲဝေပေးကြခြင်းပါပဲ။

အဲဒီလို ခွဲဝေပေးတယ်ဆိုတဲ့နေရာမှာလဲ အမဲလိုက်ရာမှာ ပါဝင်ခဲ့ကြသူတွေနဲ့ တန်းတူညီတူ ခွဲဝေပေးကြတာပါ။

အမဲလိုက်သူက ငါးဆယ်သားဆိုရင် သူတို့ကိုလဲ ငါးဆယ်သားစီ ခွဲဝေပေးရခြင်းပါပဲ။ အဲဒါကတော့ ကျုပ်တို့ဒေသရဲ့ ချစ်စရာ ဓလေ့စရိုက်ကလေးပါပဲ။

ခုနက ကျုပ်ရဲ့ ဖခင်နဲ့အတူ အမဲလိုက်ကြတဲ့ အဖွဲ့တော်သားများက သူတို့ရရှိလိုက်တဲ့ သားကောင်ကို ခုတ်ထစ်ပြီး အညီအမျှနဲ့ ခွဲဝေလို့ ယူကြတာပေါ့။ ကျုပ်ရဲ့ ဖခင်ကလဲ အများနည်းတူ ရတာပေါ့။

ဒီအခါမှာ ကျုပ်ရဲ့ဖခင်က သူရရှိခဲ့တဲ့ အသားခွဲတမ်းကို ယူပြီး အနီးအနားမှာ တွေ့ရတဲ့ ဖက်ရွက်နဲ့ထုပ်ပြီး အိမ်ကို ပြန်ယူလာခဲ့တယ်။

အိမ်ကိုရောက်လို့ ဖြေကြည့်လိုက်တော့ ထည့်တုန်းက အပိုင်းပိုင်းအစစတွေဖြစ်နေတဲ့ အသားတွေဟာ အခုတော့ဖြင့် အသားတုံးတစ်တုံးတည်းလို ဖြစ်နေတာကို တွေ့ရပါတော့တယ်။

ထုပ်ယူလာတဲ့ အသားတုံးတွေဟာ တစ်တုံးနဲ့ တစ်တုံးဆက်သွားတဲ့ သဘောပါပဲ။ အတော်လေးကို ထူးဆန်းတဲ့ ဖက်ရွက်ပါပဲ။

နောင်သောအခါမှာ ကျုပ်ရဲ့ဖခင်က အဲဒီ ခိုတောင်းတောင်ပေါ်ကို တက်ပြီး ခူးခဲ့တဲ့ ဖက်ရွက်ရဲ့အပင်ကို သွားရှာကြည့်တော့ မတွေ့ရတော့ဘူးလို့ ဆိုတယ်။ အစောင့်အရှောက် ရှိပုံရတယ်။

အဲဒါကတော့ ကျုပ်ရဲ့ဖခင် မကွယ်လွန်မီ ကျုပ်ငယ်စဉ်အခါက ကျွဲနွားသွားရာရှ သားဖြစ်တဲ့ ကျုပ်ကို ပြောပြခဲ့တဲ့ အကြောင်းအရာများထဲက တစ်ခုပါပဲ။

ဝံအူမြစ်ဟာ အရိုးကျိုးတာကို ပြန်ဆက်ပေးနိုင်တဲ့ အစွမ်းသတ္တိတွေရှိပါတယ်။ စာအုပ်စာပေတွေမှာ ဖတ်ရှုခဲ့ဖူးသလို အပြင်မှာ ကုသလို့ အောင်မြင်နေတာလဲ တွေ့ခဲ့ဖူးပါတယ်။ သူကတော့ အရိုးကို ပြန်ဆက်စေနိုင်တဲ့ ဆေးမြစ်တစ်မျိုးပါပဲ။

အခု ကျုပ်ရဲ့ဖခင် တွေ့ကြုံခဲ့ရတဲ့ အရွက်ကတော့ဖြင့် ပြတ်ကျသွားတဲ့ အသားတွေကို အချိန်တိုအတွင်းမှာ ပြန်ဆက်နိုင်စေတဲ့ ဖက်ရွက်တစ်မျိုးလို့ ပြောရမှာပဲ ဖြစ်ပါတယ်။

ခက်တာက ကျုပ်ရဲ့ဖခင်ကိုယ်တိုင် ဘာဖက်ရွက် ဖြစ်တယ်ဆိုတာ ကျုပ်ကို တိတိကျကျ ပြောပြမသွားခဲ့နိုင်ပါဘူး။

ဒါကြောင့်မို့ **အဲဒီလို ထူးဆန်းတဲ့ ဖက်ရွက်မျိုး တွေ့ဖူးသူများ ရှိခဲ့ပါက တိတိကျကျ သိရှိနိုင်အောင် ရေးသား ဖော်ထုတ်ပေးကြစေလိုတယ်။** အများအတွက် အကျိုးရှိမှာ ဖြစ်လို့ပါပဲ။

**လေးစားစွာဖြင့်...**

**ချစ်ဆိုင်**



www.burmeseclassic.com

www.burmeseclassic.com

ဘင်ကြွင်ပန်း

# ချစ်သူ့ဝိညာဉ်

ဖန်းသခင်



ကျွန်မဟာ မူလတန်းပြ ဆရာမ
အဖြစ် ပထမဆုံး တာဝန်ထမ်းဆောင်
ဆိုတဲ့ ရွာကလေးမှာ အုန်းကုန်းရွာလေး
ဖြစ်ပါတယ်။ ရွာသူရွာသားများမှာ
ထယ်ယာလုပ်ခြင်း၊ ဈေးရောင်းခြင်း
ဆိုတဲ့ လုပ်ငန်းများနဲ့သာ အသက်မွေး
ကျောင်း ပြုလုပ်ကြပြီး ရိုးသားစွာ
ကိုင် စားသောက်ကြပါတယ်။
ကျွန်မတို့မြို့နဲ့ တာဝန်ကျ ရွာကလေး
ကို နေ့စဉ် ကျောင်းတက်ဖို့ မလွယ်ကူ
တဲ့အတွက် ရွာမှာရှိတဲ့ စာသင်ကျောင်း
လေးမှာပဲ အခန်းတစ်ခန်း တောင်းယူ
ပြီး သူငယ်ချင်းသုံးယောက် စုပြီး နေဖြစ်
ကြပါတယ်။
ကျောင်းအုပ်ဆရာမကြီးတို့ မိသားစု
ကလဲ ကျွန်မတို့လိုပဲ ကျောင်းမှာနေ
ကြတဲ့အတွက် မိသားစုတွေလို
ပျော်ရွှင်စွာ နေထိုင်ကြပါတယ်။ အပတ်
စဉ် သောကြာနေ့ညနေတိုင်း အိမ်ပြန်
ပြီး တနင်္လာနေ့ မနက်စောစော အိမ်မှ
ထွက် ကျောင်းတက်နဲ့ တစ်ပတ်
တစ်ပတ် လည်ပတ်ရင်း ပျော်ရွှင်စွာ
တာဝန်ထမ်းဆောင်ကြရပါတယ်။
ကျွန်မတို့ သူငယ်ချင်းသုံးယောက်
ဆိုတာကလဲ ပညာရေးကောလိပ်က

www.burmeseclassic.com

တစ်နှစ်တည်း အတူတူ ဆင်းလာကြတဲ့ ဒေါ်ဆွေမာထွန်း၊ ဒေါ်ငုဝါလှိုင်နဲ့ ကျွန်မ ဒေါ်အင်ကြင်းပန်းတို့ဆိုတော့ အေးအေးဆေးဆေး ပျော်ပျော်ရွှင်ရွှင် အဆင်ပြေကြပါတယ်။

ကျွန်မတို့ တာဝန်ယူကြရတဲ့ ကျောင်းပုံစံကလေးကလဲ အင်္ဂလိပ်အက္ခရာ (ယူ)ပုံသဏ္ဍာန်ရှိပြီး ကျယ်ကျယ်ဝန်းဝန်းနဲ့ တစ်ထပ်ကျောင်းဆောင်လေးပါ။ ကျောင်းရဲ့ ဘယ်ဘက်မှာတော့ ဟိုးအရင်နှစ်တွေက ဆောက်ထားတဲ့ စာသင်ဆောင် အဟောင်းကြီးရှိပါတယ်။ အဟောင်း ဆိုပေမယ့်လဲ ခိုင်ခိုင်ခံ့ခံ့နဲ့ အုတ်တိုက်ကျောင်းကြီးပါ။

အဲဒီကျောင်းဆောင်မှာ သူငယ်တန်းနဲ့ ပထမတန်း စာသင်ခန်း(၂)ခန်းကို သုံးထပ်သား ပါတေးရှင်းနဲ့ သစ်သားဒေါက်ထောက်ပြီး စာသင်ခန်း ဖွဲ့ထားပါတယ်။ ကျွန်မကိုတော့ ဆရာမကြီးက သူငယ်တန်းမှာ စာသင်ပြပေးဖို့ တာဝန်ပေးထားပါတယ်။ ရွာမှာရှိတဲ့ ဆရာမ (၂)ယောက်၊ ကျွန်မတို့ အဖွဲ့က(၃)ယောက် စုစုပေါင်း (၅)ယောက်ဆိုတော့ အတန်းတိုင်းမှာ ဆရာ ပြည့်စုံမှုရှိပြီး တက်ညီလက်ညီနဲ့ စာသင်ကြားရေး အဆင်ပြေချောမွေ့လှပါတယ်။

ကျွန်မ တာဝန်ယူ သင်ကြားပေးရတဲ့ သူငယ်တန်းမှာ ဉာဏ်ရည်မမီတဲ့ ကျောင်းသူလေးတစ်ယောက် ရှိပါတယ်။ သူမ နာမည်လေးက မခင်ပပဝင်း။ ကျွန်မက မှတ်မိ သိရှိအောင် အမျိုးမျိုး ကြိုးစား၍ သင်ပြသော်လည်း သူမလေးမှာ လိုက်ရေး လိုက်ဆိုတတ်ရုံကလွဲပြီး ဘာမှ မမှတ်မိရှာပါဘူး။

သူငယ်တန်း ဆိုပေမယ့် အသက်ကလေးကတော့ (၇)နှစ်ကျော်နေပါပြီ။ မိဘတွေ စားဝတ်နေရေးအတွက်



ဈေးသွားရောင်းတော့ သူမလေးကို တတ်နိုင်သလောက် စာသင်ရင်း ကျောင်းပျော်အဖြစ် ကျောင်းကို ပို့ထားဖြစ်တာပါ။

ခင်ပပဝင်းက ကျွန်မကိုတော့ တော်တော်လေး ခင်ပါတယ်။ ထိုနည်းတူ ကျွန်မကလဲ သူလေးကို သနားချစ်ခင်မိပါတယ်။ ကျွန်မက ကဗျာလေးတွေ သင်ရင် သူမလေးမှာ ပြုံးပျော်ပြီး ထစ်ထစ်ငေါ့ငေါ့နဲ့ လိုက်ဆိုရှာပါတယ်။ တစ်နေ့တော့ စာသင်စားပွဲပေါ် တင်ထားတဲ့ ကျွန်မရဲ့ ခြင်းတောင်းလေးကို ကျောင်းသားလေး တစ်ယောက်က တိုက်မိလို့ စားပွဲအောက် ပြုတ်ကျပြီး လက်ကိုင် ကိုင်းလေးကျိုးသွားပါတယ်။

ဒါကိုမြင်တော့ ခင်ပပဝင်းက စိတ်မကောင်းဖြစ်ပြီး ဆရာမလေးအတွက် ကျိုးသွားတဲ့ ခြင်းတောင်းလေးအစား သူ ဝယ်ပေးမယ့်အကြောင်း ပြောပါတယ်။ တစ်ပတ်ကြာတော့ ဆရာမလေးအတွက် ခြင်းတောင်းဝယ်ပြီးပြီ။ ယူခဲ့တော့ မေ့ကျန်ခဲ့တဲ့အကြောင်း ပြောပြပါတယ်။

ကျွန်မက မလိုပါဘူး သမီးရယ် ဆရာမဆီမှာ ရှိပါတယ်လို့ ပြောပါတယ်။ ဒါပေမယ့် မရပါဘူး။ သမီး ဝယ်ပြီးနေပြီလို့ ဇွတ်ပြောပြီး နောက် တစ်နေ့မှာတော့ သူ ဝယ်လာတဲ့ ခြင်းတောင်းလေးကို ကျွန်မ စားပွဲပေါ်တင် ပြီး ရှိုရှိုသေသေ ကန်တော့ကာ ပေး ပါတယ်။

သူပေးတဲ့ ခြင်းတောင်းလေးကို ကြည့်ပြီး ငိုအားထက် ရယ်အားသန် ဆိုသလို ဖြစ်ရပါတော့တယ်။ သူ ကန်တော့တဲ့ ခြင်းတောင်းကလေးက လက်ဝါးသာသာလောက်ရှိတဲ့ ကလေး တွေ ဆော့ကစားတဲ့ ရောင်စုံဝါးခြင်း တောင်းလေးရယ်ပါ။ သူ့မှာ လေးစား စရာကောင်းတဲ့ ပေးကမ်းချင်စိတ် ကလေးတွေ ရှိရှာပါတယ်။

* * *

တစ်နေ့တော့ ရွာထဲက ထွေးအိဆို တဲ့ (၁၈)နှစ်အရွယ် ချောချောလှလှ ကောင်မလေးတစ်ယောက် ပိုးထိပြီး ဆုံးသွားရှာပါတယ်။ သူနဲ့ စေ့စပ်ထား တဲ့ ကောင်လေးဆိုတာ ယူကျုံးမရ ဖြစ်ပြီး ငိုလိုက်တာမှ အရမ်းပါပဲ။ ရွာမြောက်ဖျားက သင်္ချိုင်းကုန်းမှာ ဂူသွင်းသင်္ဂြိုဟ်တော့ ကျွန်မတို့အဖွဲ့လဲ လိုက်ပို့ကြတာပေါ့။

ထွေးအိကောင်လေးက အုတ်ဂူပေါ် မှာ သစ်ခွပန်းလှလှတွေပါတဲ့ ပန်းစည်း လေးတင်ပြီး နှုတ်ကလဲ တတွတ်တွတ် ပြောနေတာ မြင်ရတဲ့ ကျွန်မတို့တစ်တွေ ရုပ်ရှင်ကြည့်နေရသကဲ့သို့ အတိုင်းမသိ ရင်ထဲမှာ ခံစားရပြီး စိတ်မကောင်း ဖြစ်ခဲ့ကြရပါတယ်။

တနင်္လာနေ့ ကျောင်းပြန်တက်တော့ ခင်ပပဝင်းက ကျွန်မကို ပန်းတစ်ပွင့် လာပေးပါတယ်။ အပွင့်ကြီးကြီး ခရမ်း နဲ့ အဖြူရောင် ရောထားတဲ့ သစ်ခွပန်း လေး တစ်ပွင့်ပါ။ လှလိုက်တာမှ အရမ်း ပါပဲ။ ပန်းကြိုက်တဲ့ ကျွန်မလဲ ခင်ပပဝင်း





www.burmeseclassic.com

www.burmeseclassic.com

ပေးတဲ့ ပန်းကိုယူပြီး ကျေးဇူးတင်တဲ့ အကြောင်း ပြောကာ ချက်ချင်းပဲ ခေါင်းမှာ ပန်လိုက်မိပါတော့တယ်။

ညနေ ကျောင်းဆင်းလို့ အခန်းပြန်ရောက်တော့လဲ ဆံထုံးလေး ဖြေပြီး လှပတဲ့ သစ်ခွပန်းလေးကို နောက်တစ်နေ့ဆက်ပြီး ပန်လို့ရအောင် သောက်ရေအိုးစင်ပေါ် အသာလေး တင်ထားလိုက်မိပါတယ်။ ငုဝါနဲ့ ဆွေမာကတော့ ကျွန်မကို မျက်စောင်းတထိုးထိုးနဲ့ပေါ့။ ကျွန်မက သူတို့ထက်ပိုပြီး အလှကြိုက်ရန်ကောလို့လဲ သုံးသပ်ကြပါသေးတယ်။

မှတ်မိနေသေးတယ်။ အဲဒီည... အဲဒီညက ထမင်းစားပြီး နောက်တစ်နေ့ သင်ခန်းစာအတွက် သင်ခန်းစာကြိုတင်ပြင်ဆင်မှုတွေ (Lesson Plan) တွေ ရေးကြပါတယ်။ ည (၁၂)နာရီထိ ဟိုလုပ်ဒီလုပ်နဲ့ မအိပ်ဖြစ်ကြသေးပါဘူး။ အဲဒီအချိန်မှာ ရွာမြောက်ဘက်ဖျားဘက်က အူ...ဝု...ဝု...ဝု...ဆိုတဲ့ ဆွဲဆွဲငင်ငင် အူလိုက်တဲ့ ကြောက်စရာကောင်းလိုက်တဲ့ ခွေးအူသံကြီး ကြားရတော့ပါပဲ။

ကြောက်တတ်တဲ့ ငုဝါက ကျွန်မအနား တိုးလာသလို ဆွေမာလဲ မျက်လုံးလေးဝိုင်းပြီး ကြောက်နေကြပါတယ်။ ဒီရွာမှာ တာဝန်ကျကတည်းက တစ်ခါမှ မကြုံဘူးသေးတဲ့ အဖြစ်အပျက်ပါပဲ။

ကျွန်မလဲ ကြက်သီးတွေ ထနေပါတယ်။ ပါးစပ်ကလဲ သမ္ဗုဒ္ဓေဂါထာတော်ကို ရွတ်ဖတ်နေမိပါတယ်။ ခွေးအူသံက ကျောင်းနဲ့ နီးလာသလို ခံစားရပြီး အခန်းတံခါးမကြီးရဲ့ အပြင်မှာ အဖြူရိပ်သဏ္ဍာန်တစ်ခု ထင်ထင်ရှားရှား တွေ့လိုက်ရပါတယ်။ ပြီးတော့ ဘရှပ်ရှပ်နဲ့ ဖြတ်ပြေးသွားသည်ကို



တွေ့လိုက်ရသလို ခံစားမိလိုက်ပါတယ်။ ကျွန်မတို့သုံးယောက်လုံး ခွေးစေးတွေပြန်ပြီး အသက်တောင် မရှူရဲကြတော့ပါဘူး။ တစ်ခါမှ မကြုံစဖူး သရဲအခြောက်ခံကြရတာပါပဲရှင်။

နောက်တစ်နေ့ ကျောင်းအုပ်ဆရာမကြီးကို ညက ကြုံတွေ့ခဲ့တဲ့ အကြောင်းတွေ ပြောပြတော့ ဆရာမကြီးက စိတ်ထင်တာ ဖြစ်မှာပါ သမီးတို့ရယ်၊ ဘာမှ မဟုတ်ပါဘူးလို့ ကျွန်မတို့ အကြောက်ပြေအောင် တမင်ဖော့ပြီး ပြောပါတယ်။

အဲဒီအဂ်ါနေ့ညကလဲ အရင်ညကလိုပါပဲ။ ခွေးအူသံကြီး တဖြည်းဖြည်း နီးနီးလာပြီး ကျွန်မတို့အိပ်ခန်းဝမှာ အရိပ်တစ်ခု လာရပ်ပါတယ်။ ပြီးတော့ မနေ့ညကထက် ပိုဆိုးတာက ဟိုဘက်လျှောက်လိုက် ဒီဘက်လျှောက်လိုက် ပြုလုပ်နေတာကို တွေ့နေရလို့ပါပဲ။ ကျွန်မတို့ ထွက်ပြေးရအောင်ကလဲ ဒီတံခါးမကြီးတစ်ခုပဲ ထွက်ပေါက်ရှိပါတယ်။

ငုဝါ၊ ဆွေမာ၊ ကျွန်မ အပါအဝင် မျက်နှာငယ်လေးတွေနဲ့ ငိုနေကြရပါတော့တယ်။ ကျွန်မတို့တစ်တွေလဲ အရမ်းချမ်းတဲ့ ဆောင်းရာသီမှာ ချွေးတွေ ရွဲနစ်ပြီး ကြံရာမရတဲ့အဆုံး အော်ခေါ်ဖို့ပဲ ရှိပါတော့တယ်။ ဒီအရိပ်ကြီးကလဲ တံခါးဝက မခွာပါဘူး။ ထင်ထင်ရှားရှားကြီးကို အသိပေးနေပါတော့တယ်။

"ဆရာမကြီးရေ... ဦးကျော်တင့်ရေ" ဆိုတဲ့ ကျွန်မတို့သုံးယောက်ရဲ့ အော်သံ ညဉ့်နက်သန်းခေါင်မှာ ထွက်ပေါ်လာပါတော့တယ်။ ဦးကျော်တင့် ဆိုတာက ဆရာမကြီးရဲ့ အမျိုးသားပါ။ ဆရာမကြီးတို့အခန်းဘက်က မီးရောင်မြင်လိုက်ရတော့ ကျွန်မတို့ အရမ်းကို အားရှိသွားကြပါတယ်။

ဆရာမကြီးတို့ ပြေးလာပြီး တံခါးဝရောက်လာမှ ကျွန်မတို့ အိပ်ခန်းတံခါးဖွင့်ရဲကြပါတော့တယ်။ ဆရာမကြီးကို ဖြစ်ပျက်သမျှ ဇာတ်ကြောင်းစုံ ရှင်းပြကြပါတယ်။

ဆရာမကြီးက ကျွန်မတို့ရဲ့ စကားကို နားထောင်ပြီး လေးလေးနက်နက် စဉ်းစားနေစဉ်မှာပဲ ဦးကျော်တင့်ကတော့ ဓာတ်မီးနဲ့ ဟိုဟိုဒီဒီ ထိုးကြည့်နေပါတယ်။ သူ့စိတ်ထဲမှာတော့ သူခိုးလား၊ တိရစ္ဆာန်လား ဘာတွေဖြစ်နိုင်မလဲတာ တွေးတောစဉ်းစားနေတာကို တွေ့မြင်နေကြရပါတယ်။

ဆရာမကြီးက...

'ကဲ သမီးတို့သုံးယောက်နဲ့ ဆရာမကြီးလာအိပ်မယ်။ စိတ်ချလက်ချသာ အိပ်။ မနက်လဲ ကျောင်းတက်ကြရဦးမယ်။ အိပ်ကြတော့နော်'

ဆိုပြီး ကျွန်မတို့နဲ့ လာအိပ်ပေးပါတယ်။ ကျွန်မတို့လဲ ဝမ်းသာအားရနဲ့ ဆရာမကြီးအတွက် အိပ်ရာခင်း ပြင်ပေးခြင်း၊ ခြင်ထောင် ထောင်ပေးခြင်း စတာတို့ကို ပြုလုပ်ပေးကြပါတယ်။

ဆရာမကြီးက ဘုရားစင်ရှေ့မှ ငါးပါးသီလခံယူပြီး ပရိတ်ကြီး(၁၁)သုတ် ရွတ်ဖတ်ခြင်း၊ မေတ္တာပို့ အမျှပေးဝေခြင်း စသည်တို့ကို ပြုလုပ်ပေးပြီး



www.burmeseclassic.com

www.burmeseclassic.com

ပရိတ်ရေနဲ့လဲ အိပ်ခန်းထောင့်တွင် ပက်ဖြန်းပေးကာ ကျွန်မတို့ ဆံစတွေကိုလဲ သုတ်လိမ်းပေးပါတယ်။

ကျွန်မ အိပ်ပျော်ပြီး အိပ်မက် မက်ပါတော့တယ်။ အိပ်မက်ထဲမှာ ထွေးအိနဲ့ သူ့ရဲ့ချစ်သူ အောင်ကိုဦးတို့နှစ်ဦး ချစ်ကြည်နူးနေကြတာ တွေ့ရပါတယ်။ ထွေးအိက ကျွန်မကို မျက်လုံးပြူးကြီးနဲ့ လှည့်ကြည့်ပြီး ဒေါသထွက်နေတာကို တွေ့လိုက်ရပါတယ်။ ပြီးတော့ နှုတ်ကလဲ **"ဆရာမ ကျွန်မပန်း ပြန်ပေးပါ"**တဲ့။

ကျွန်မက မယူတဲ့အကြောင်း ခေါင်းခါပြတော့ **"ဆရာမ ပန်နေတဲ့ ပန်းပြန်ပေးပါ၊ ပြန်ပေးပါ၊ ပြန်ပေးပါ ပြန်ပေးပါ"**လို့ အော်နေတာ မပြီးတော့ပါဘူး။ ကျွန်မ လန့်ပြီးနိုးတော့ မိုးလင်းခါနီးနေပါပြီ။ ကျွန်မလဲ ကြောက်အားလန့်အားနဲ့ ရေအိုးစင်ပေါ်မှာ ညနေက တင်ထားခဲ့တဲ့ သစ်ခွပန်းလေးကို လှမ်းကြည့်ပြီး သဘောပေါက်သွားခဲ့ရပါတယ်။

နောက်တစ်နေ့ ရုံးခန်းထဲမှာ ဆရာမကြီးကို ဖြစ်ကြောင်းကုန်စင် ပြောပြပြီး ခင်ပပဝင်းကို ခေါ်ခိုင်းလိုက်ပါတယ်။ သမီး ဆရာမကိုပေးတဲ့ ပန်းလေး ဘယ်က ရသလဲလို့ မေးတော့ **"မမထွေးအိ အိပ်နေတဲ့ ခုတင်ပေါ်က ယူလာတာ။ မလှလို့လား ဆရာမ ထပ်ယူပေးရဦးမလား ဆရာမတဲ့လေ"** အဲဒီတော့မှ ကျွန်မတို့ ဆရာမတွေ အားလုံး မျက်လုံးပြူးပြီး သက်ပြင်းကိုယ်စီ ချလိုက်မိကြပါတော့တယ်။

ကျောင်းအုပ်ဆရာမကြီးက ရွာဦးဘုန်းတော်ကြီး ဆရာတော်နဲ့ ရပ်ကွက်လူကြီးတွေ ထွေးအိမိဘတွေကို အသိပေးပြီး ကျွန်မကိုယ်တိုင် သစ်ခွပန်း ပြန်ပို့ခိုင်းပါတယ်။ ကျွန်မလဲ ထွေးအိ အုတ်ဂူလေးပေါ် သစ်ခွပန်းလေး ပြန်တင်ပေးပြီး **"ထွေးအိ ပန်းလေး ပြန်ပေးပြီနော် ဆရာမတို့ကို မနှောင့်ယှက်ပါနဲ့တော့ ဆရာမကိုလဲ ခွင့်လွှတ်ပါ"**လို့ တောင်းပန်ပြီး ပြန်လာခဲ့ပါတယ်။

ကျောင်းမှာ ဆရာတော်ကြီးနဲ့ သံဃာတော်တွေကို ဆွမ်းကပ်ပြီး သံဃာတော်တွေက ကမ္မဝါဖတ်၊ ပရိတ်ရွတ် အမျှပေးဝေကြပါတယ်။

ကျွန်မ ရင်ထဲမှာလဲ ချစ်သူအပေါ် သံယောဇဉ်ကြီးပြီး တွယ်တာလွန်းတဲ့ ထွေးအိ၊ ချစ်သူပေးခဲ့တဲ့ ပန်းကလေးပေါ် စွဲလမ်းစိတ်နဲ့ မကျွတ်လွတ်ရှာတဲ့ ထွေးအိ မြင့်မြတ်ရာဘုံဘဝကို သာစုခေါ်နိုင်ပါစေလို့သာ ကျွန်မ ဆုတောင်းနေမိပါတော့တယ်ရှင်။

**အင်ကြင်းပန်း**

# ဆီးနာ နှင့်

## အဆစ်နာ အဆစ်ကိုက်ပျောက်သည့် ဆေးတစ်နည်း

စဉ့်ကူ မိုးဝင်းလက်ကောင်
(သျှင်စာမွန်)

အောက်ပါ၌ ဖော်ပြမည့် နည်းနာနိဿယသည် ကိုယ်တိုင်ကိုယ်ကျ ကုသပေးခဲ့ခြင်း မဟုတ်သလို၊ မျက်မြင်အတွေ့လည်း မရှိခဲ့ပါကြောင်း ရိုးသားစွာ ဝန်ခံအပ်ပါသည်။ သို့ငြား တစ်ပါးသူက သူ၏ အတွေ့အကြုံကို ပြောပြခဲ့ခြင်း ဖြစ်သည်။

ထို မြန်မာ့ဆေးနည်းတစ်လက်အား လက်ဆင့်ကမ်းသိရှိနိုင်ရန်အတွက် ရည်သန်ပြီးသကာလ ယင်းပုဂ္ဂိုလ်ထံမှ ခွင့်ပြုချက်ရယူကာ နက္ခတ္တရောင်ခြည် မဂ္ဂဇင်းသို့ ဤစာစုအား ရေးပြောပေးပို့လိုက်ရခြင်း ဖြစ်ပေသည်။

ရှာစောင်းလက်ဆက် (သို့မဟုတ်) ရှားစောင်းလက်ဆစ်ဟူ၍လည်းကောင်း၊ အရပ်အခေါ်အားဖြင့် တစောင်းလက်ဆက် (သို့မဟုတ်) တစောင်းလက်ဆစ် ဟူ၍ အသုံးတွင်ကြကုန်သော ထိုအပင်မှ အရွယ်တော် အဆက် ဆယ်ဆက်ခန့် ဖြတ်ယူပြီး နုပ်နုပ်စဉ်းပါ။ အိမ်သုံးဆား (၅၀)ကျပ်သားနှင့် ရောစပ်၍ ရေသင့်အောင်ထည့်ပြီး သန့်ပြန့်သော မြေအိုးနှင့် ပြုတ်ပါ။ ခပ်နာနာ ဆူပွက်၍ အတန်ကြာလျှင် ဖိုပေါ်မှချကာ...



စာမျက်နှာ (၂၅၁) သို့

သန့်ရှင်းစင်ကြယ်သော အဝတ်စ (သို့မဟုတ်) ပိတ်ပါးစတစ်ခုခုတို့နှင့် အိမ်သုံးဆားကို သင့်လျော်အောင် ထုပ်ထားသည့် "ဆားကြပ်ထုပ်" များ အသင့်

www.burmeseclassic.com

# တာဝန်ကျေလွန်းသူ

မေ (မြင်ဦးလွင်)



၁၉၇၆ ခုနှစ်ခန့် ဖခင် တာဝန်ထမ်းဆောင်နေသော မန္တလေးတောင်ခြေ တပ်ရင်းတွင် နေစဉ်က ဖြစ်ပါသည်။ ထိုစဉ်က ကျွန်မ ပဥ္စမတန်းကျောင်းသူအရွယ်၊ အသက်က (၁၂) နှစ် မူလတန်းကို တပ်အနီးတွင်ရှိသော ဘုန်းတော်ကြီးရပ်ကွက်ရှိ ကျောင်းတွင် တက်ရပြီး အလယ်တန်းနှင့် အထက်တန်းကိုတော့ နန်းရှေ့ရှိ အထက်တန်းကျောင်းတွင် တက်ရပါသည်။

တပ်ရင်းတွင် အလယ်တန်း၊ အထက်တန်း ကျောင်းသားကျောင်းသူပေါင်း (၃၀)ကျော်ခန့်ရှိ၍ နေ့စဉ်ကျောင်းကားဖြင့် ပို့ပေးပါသည်။

ကျောင်းကား စထွက်ချိန်မှာ နံနက် (၈)နာရီတိတိဖြစ်ပြီး တပ်ရင်းမှကျောင်းသို့ မိနစ်(၃၀)ခန့် မောင်းရသည်။ ထိုနေရာတွင် တစ်ခု ဖြတ်၍ပြောပြစရာ ရှိပါသည်။

သတ်မှတ်ထားသော နေရာမှ ကျောင်းကား စ,ထွက်ပြီး အိမ်ထောင်သည် လိုင်းခန်းများ ကျော်လွန်လျှင် လမ်း၏ ညာဘက်တွင် တပ်ရင်းဆေးပေးခန်းနှင့် သားဖွားခန်းအဆောက်အအုံနှစ်ခုရှိပြီး လမ်း၏ ဘယ်ဘက်တွင် ဘောလုံးကွင်းကြီး ရှိပါသည်။

ဘောလုံးကွင်းမှာ ကားလမ်းမှ ဖဲ့ဆင်းလျှင် အနည်းငယ် အနိမ့်ပိုင်းတွင်ရှိ၍ ကျွန်မတို့ ကျောင်းကားနှင့် အခြားကားများ စက်နှိုးရ ခက်နေလျှင် ကားလမ်းပေါ်မှ ဘောလုံးကွင်းထဲသို့ တွန်းချ၍ နှိုးရပါသည်။ ဘောလုံးကွင်းတစ်ဖက်ထိပ်ရောက်အောင် မောင်းသွားပြီးမှ ကားလမ်းပေါ် ပြန်တက်၍ မောင်းရသည်။

ကျွန်မတို့တပ်ရင်းမှ ကားများမှာလည်း (ထိုစဉ်က)သံစုံမြည်သော ကားအိုကားဟောင်းကြီးများဖြစ်ပြီး တစ်လလျှင် (၁၅)ရက်ခန့်က ပျက်နေတတ်သည်။ စက်နှိုးလျှင် ဂေါက်တံဖြင့်လှည့်၍ တစ်မျိုး၊ တွန်း၍တစ်မျိုး နှိုးရပြီးအမြဲတမ်း ကားစထွက်ပြီး (၁၅)မိနစ်ခန့်ကြာမှ စက်နှိုး၍ရသည်။ များသောအားဖြင့် ကျောင်းသားကြီး,ငယ်များကပိုင်းတွန်းပြီး နှိုးရပါသည်။ ကျောင်းသူများကတော့ ကားပေါ်မှ မဆင်းကြပါ။

ကျွန်မတွင် မူလတန်းမှစ၍ ကျောင်းအတူတက်ခဲ့သော အိမ်နီးချင်း သူငယ်ချင်း ယောက်ျားလေး တစ်ယောက်ရှိပြီးသူ့အမည်က မင်းအောင်ပါ။ ကျွန်မတို့တုန်းက သူငယ်တန်းကြီး၊ သူငယ်တန်းလေး (၂)နှစ်တက်ရပြီး (၅)တန်းရောက်သည်အထိ မင်းအောင်နှင့် တစ်ခန်းတည်း အတူကျပါသည်။

www.burmeseclassic.com

(၅)တန်း ရောက်ချိန်မှာတော့ မူလတန်းကျောင်းကလေးမှ မြို့ထဲကျောင်းကြီးသို့ကျောင်းကားနှင့် တက်ရချိန်ဆိုတော့ ကိုယ့်ကိုယ်ကိုယ် လူကြီးပဲဖြစ်သွားသလိုလို၊ လူရာပဲ ဝင်သွားသလိုလို စိတ်ကြီးဝင်ပြီး အရာရာမှာ မြောက်ကြွကြွနှင့် တက္ကသိုလ်ဝင်တန်းကျောင်းသူ ကျောင်းသားကြီးများကို အတုခိုးကာ ဂိုက်ပေးကြမ်းနေကြပါပြီ။

မင်းအောင်တို့ကလည်း ကျောင်းသားကြီးများ စတိုင်လ်ဖမ်းကာ ကျောင်းကားပေါ် အတက်အဆင်းတွင် လည်း လွှားခနဲ လွှားခနဲ ကျောင်းကားစက်နိုးမရ၍ တွန်းရလျှင်လည်း ကျောင်းသားငယ်တွေကို ဆင်းမတွန်းခိုင်းဘဲ ကျောင်းသားကြီးတွေပဲ တွန်းခိုင်းလျှင် နားမထောင်ဘဲ ကျောင်းသားကြီးတွေနှင့်အတူ ဆင်း၍ တွန်းကြပါသည်။

ကျွန်မတို့အတန်းထဲတွင် အပြာသင်း၊ အဝါသင်း စသည်ဖြင့် အသင်းများ ဖွဲ့စည်းတော့ နန်းရွှေမှ ကျောင်းသူ (၅)ယောက်နှင့် ကျွန်မတို့တပ်ထဲမှ မင်းအောင်နှင့် ကျွန်မအပါအဝင် ကျန်ကျောင်းသူ (၃)ယောက်က အနီသင်းမှာ တာဝန်ကျပါသည်။ ကျောင်းဖွင့်ရက် တနင်္လာနေ့မှ သောကြာနေ့အထိ အသင်းတစ်သင်းစီ အလှည့်ကျ ကျောင်းခန်း သန့်ရှင်းရေးနှင့် ကျောင်းကိစ္စများ လုပ်ရပါသည်။

ကျွန်မတို့ အနီသင်း အလှည့်ကျသောနေ့ဆိုလျှင်မူ ကျောင်းကားဖြင့် မလိုက်ဘဲ နံနက်စောစောထ၍ စက်ဘီးဖြင့် တပ်မှ (၅)ယောက်စုပြီး သွားကြပါသည်။ (ကျောင်းကားဖြင့်သွားလျှင် နောက်ကျ၍ပါ။)

ထိုနေ့က ကျွန်မတို့ အနီသင်း အလှည့်ကျသော တနင်္လာနေ့ တစ်နေ့



မှာတော့ ဘဝမှာ တစ်သက်မမေ့စရာ အဖြစ်ဆိုးကြီးတစ်ခုကို မျက်စိရှေ့မှာ မျက်ဝါးထင်ထင် ဖြစ်ပျက် ကြုံတွေ့ခဲ့ရပါသည်။ ထို့နေ့က ကျွန်မ စက်ဘီးဘီးပေါက်နေ၍ ကျောင်းသို့ စက်ဘီးဖြင့် မသွားဘဲ ကျောင်းကားဖြင့်သာ သွားခဲ့ကြပါသည်။

ထုံးစံအတိုင်း ကျွန်မတို့ ကျောင်းကားကြီးက စထွက်ပြီး ခဏအကြာတွင် စက်ရပ်သွားပြီး အမျိုးမျိုး ကြိုးစားနိုးသော်လည်း မရ၍ ကျောင်းသားများ ဆင်းပြီး တွန်းကြရာ မင်းအောင်က လည်း "ဟဲ့ ပုရစ်မ ငါ့နေရာကို သူများ ဦးသွားမှာစိုးလို့ လွယ်အိတ်ချထားခဲ့တယ် နင်ကြည့်ထားဦး"ဟု ဆိုကာ ဆင်းသွားပါသည်။

ကျောင်းကားကို ဘောလုံးကွင်းအနိမ့်ပိုင်းသို့ တွန်းချ၍ နိုးသောအခါ စက်နိုးလာပါသည်။ ထိုအခါ ကျောင်းသားများက ကားရပ်ပေးသည်အထိ မစောင့်ကြတော့ဘဲ စက်နိုးနိုးချင်း ကားပေါ်သို့ အလုအယက် ခုန်တက်ကြပါသည်။ ကားသမားမှ ကားရပ်ပြီးမှတက်ရန် ပြောသော်လည်း နားမထောင်ကြဘဲ မိမိတို့ ဦးထားသောနေရာ ပျောက်မှာစိုးသဖြင့် အတင်းတွယ်ကပ်ခုန်တက်ကြပြီး မင်းအောင်မှာလည်း ကားနံဘေးမှ တွန်းနေရင်း စက်နိုးသောအခါ ကားဘီးမှတစ်ဆင့် အပေါ်ဘေးတန်းကို တွယ်တက်လိုက်ပါသည်။

ထိုအခါ ကားပေါ်မရောက်မီ ဘေးမှ တန်းပေါ် ခြေတင်မိရုံတွင် ခါးတွင် ဝတ်ထားသော ပုဆိုးမှ ကျွတ်သွားသဖြင့် သတိလက်လွတ် လက်နှစ်ဖက်နှင့် လှမ်းဆွဲလိုက်ရာ အကာအကွယ်မဲ့ ကားအောက်သို့ ပြုတ်ကျသွားစဉ် "ဖောင်း"ဆိုသော အသံကျယ်ကြီး တစ်ချက်နှင့် ကျောင်းသူကျောင်းသားများ၏ အော်သံများ ပွတ်လောရိုက်သွားပါတော့သည်။

ကားရပ်ပြီး အားလုံး အောက်သို့ ရောက်သောအခါမှာတော့ မင်းအောင်မှာ ခေါင်းတစ်ခုလုံး ပြားချပ်ပြီး ဦးနှောက်ဖြူဖြူများမှာ ပြန့်ကျဲ၍ မြင်ရက်စရာ မရှိတော့ပါ။

တပ်ရင်းမှ မိသားစုအားလုံးလည်း ချက်ချင်းအပြေးအလွှား ရောက်လာကြပြီး တာဝန်ရှိသူများက မင်းအောင်၏ ရုပ်အလောင်းကို ပိတ်ဖြူစဖြင့် ပတ်၍ တပ်တွင်ဆေးခန်းသို့ သယ်ဆောင်သွားပါသည်။ မကြာမီ မင်းအောင်၏ မိခင်နှင့်ဖခင် ရောက်ရှိလာပြီး အော်ငိုကြပါတော့သည်။

မင်းအောင်၏ဖခင် ဦးအောင်ထွေးမှာ ဆေးခန်းရှေ့ရှိ ထနောင်းပင်ကို ခေါင်းနှင့် တိုက်၍ တိုက်၍ ငိုနေပြီး မိခင်ဒေါ်သိန်းမှာတော့ အရုပ်ကြိုးပြတ် မြေပြင်တွင် လူးလိမ့် ငိုကြွေးနေသဖြင့် အနီးရှိ အမျိုးသမီးများမှ ဆွဲ၍ နှစ်သိမ့်နေရသည်။

ကျောင်းသားမိဘများ အားလုံး ရောက်လာပြီး အသီးသီး ပြန်ခေါ်သွားကြ၍ ကျွန်မတို့ လူအုပ်ကွဲသွားပြီး



www.burmeseclassic.com

www.burmeseclassic.com

နေ့က ကျောင်းသားအားလုံး မည်သူမျှ ကျောင်းမတက်ဖြစ်တော့ပါ။

ကျွန်မမှာလည်း မျက်စိရှေ့မှာ ဆိုးဆိုးဝါးဝါး အဖြစ်ပျက်ကြီးကို ကြုံတွေ့လိုက်ရသောကြောင့် စိတ်တွေချောက်ချားပြီး အကြောက်လွန်ကာ ဖျားပါတော့သည်။ အမှန်တိုင်း ပြောရလျှင် ငယ်သူငယ်ချင်းဖြစ်သောကြောင့် စိတ်မကောင်းတာ သနားတာထက် ကလေးသဘာဝ ကြောက်တာက ပိုပါသည်။ အိမ်ချင်းကပ်နေသောကြောင့် နေ့စဉ်နေ့တိုင်း တစ်ဖက်ခန်းမှ ဒေါ်သိန်း၏ အော်အော်ပြီး ငိုနေသံကို ကြားရ၍ ပိုကြောက်ပါသည်။

ထိုတစ်ပတ်လုံး ကျွန်မဖျားနေ၍ ကျောင်းမတက်နိုင်ပါ။ နောက်တစ်ပတ် တနင်္လာနေ့တွင် ကျွန်မ ကျောင်းတက်သောအခါ ကျောင်းတွင် ထူးဆန်းသော သတင်းများကို ကြားရပါသည်။

ကျွန်မ ကျောင်းမတက်သော တစ်ပတ်တွင် အနီးသင်းမှာ တာဝန်ကျသော နန်းရှေ့မှ သူငယ်ချင်း(၅)ယောက် နံနက်စောစော ကျောင်းခန်းသန့်ရှင်းရေးလုပ်ရန် လာသောအခါ ထူးဆန်းစွာ ကျောင်းခန်းအတွင်းအပြင် တစ်လျှောက် အမှိုက်တစ်စမျှမရှိဘဲ ပြောင်ရှင်းနေပြီး သောက်ရေအိုးများမှာလည်း ရေအပြည့်ဖြည့်၍ ရေအိုးဖုံးနှင့် ရေခွက်တို့မှာလည်း တစ်စုံတစ်ယောက်မှ တိုက်ချွတ် ဆေးကြောထားသလို ပြောင်လက်နေကြောင်း။ အတန်းပိုင် ဆရာမ စားပွဲမှာလည်း ဖုန်များရှင်းလင်းနေပြီး ဒတ်စတာနှင့် မြေဖြူကို စားပွဲပေါ် အသင့်တင်ပေးထားကြောင်း သိရပါသည်။

ကျောင်းတွင်လည်း သူတို့(၅)ယောက်ထက် စောပြီး ရောက်သူ တစ်ယောက်မှမရှိပါ။ ကျောင်းစောင့် ဦးလေးကြီးများ လုပ်ထားသလား မေးကြည့်တော့လည်း သူမလုပ်ကြောင်း ပြော၍ တခြားမည်သည့်ကျောင်းသား ကျောင်းသူမှလည်း ကျောင်းကို မလာသေးကြောင်း ပြောပါသည်။

ထိုတစ်နေ့တည်း မဟုတ်ပါ။ တနင်္လာနေ့မှ သောကြာနေ့အထိ ဆက်တိုက် ထိုသို့ ကြုံတွေ့နေရသောအခါမှာတော့ ဆရာ ဆရာမတွေလည်း အံ့သြပြီး စိတ်မကောင်း ဖြစ်ကြရပါသည်။ မင်းအောင်မှာ သူ တာဝန်ကျသော ရက်များအတွက် တာဝန်ကျေအောင် လုပ်ပေးသွားသည်ဟု ကျွန်မ ထင်ပါသည်။

နောက်တစ်ပတ် ကျွန်မ ကျောင်းတက်သော တနင်္လာနေ့ အဝါသင်း တာဝန်ကျသောနေ့မှာတော့ ထိုသို့ သန့်ရှင်းရေးများ ပြုလုပ်ထားခြင်း မရှိတော့ပါ။

မင်းအောင် သေဆုံးချိန်တွင် အသင်း တာဝန်ကျတာကို စိတ်စွဲသွားပြီး မိမိကိုယ်ကို သေဆုံးမှန်းမသိဘဲ ကျောင်းသို့ နေ့စဉ်သွားကာ သန့်ရှင်းရေးများ လုပ်နေသော တာဝန်ကျေလွန်းသူ သူငယ်ချင်းအတွက် ကျွန်မ စိတ်မကောင်း ဖြစ်ရပါသည်။

အကယ်၍ ကျွန်မ စက်ဘီးသာ ထိုနေ့က ဘီးမပေါက်ခဲ့လျှင်၊ ကျောင်းကားဖြင့် မသွားဖြစ်ခဲ့လျှင် ထိုအဖြစ်ဆိုးမျိုး ကြုံတွေ့ရလိမ့်မည်မဟုတ်ဟု တွေးကာ ပို၍ စိတ်မကောင်း ဖြစ်မိပါသည်။

**ကိုယ်တိုင် ကြုံတွေ့ခဲ့ရသော ဖြစ်ရပ်မှန်အား အမည်များ လွှဲပြောင်းထားပါသည်။**

*မေ(ပြင်ဦးလွင်)*

## စာမျက်နှာ (၂၆၈)မှ အဆက်

ပြုလုပ်၍ ယင်းတို့အား မြေအိုးမှ ထွက်ပေါ်လာသော အငွေ့ကိုခံပြီး တစ်ထုပ်ပြီးတစ်ထုပ် ဒူးနာပေါ်မှာ ပယ်ပယ်နယ်နယ် ကြပ်ထုပ်ထိုးပေးပါ။

ဆေးကျိုထားသည့် မြေအိုးမှ အငွေ့အရှိန်များ လျော့ပါးသွား၍ ခပ်နွေးနွေး အနေအထားသို့ ရောက်သွားခါမှ ထိုဒူးနာပေါ်သို့ အဝတ်စ, ပိတ်ပါးစ တစ်ခုခုကို ပတ်ချည်ထားပြီး ဆိုခဲ့သည့် ဆေးပြုတ်ရည် နွေးနွေးအား သွတ်, သွတ်ပေးပါ။ ချည်ပတ်ထားသည့် ဒူးနာပေါ်က ပတ်တီး စသည့် လုံးဝ အေးသွားမှ ထိုအစကို ဖြေပါ။

ဤကဲ့သို့ တစ်နေ့ (၂)ကြိမ်, (၃)ကြိမ် ပြုလုပ်ပေးပါလျှင် ဒူးနာပင်မက ဒူးကိုက်, ဒူးရောင်နှင့်တကွ အဆစ်နာ, အဆစ်ကိုက်, အဆစ်ရောင်၍ ဖြစ်တတ်သော "လေးဖက်နာ" တို့ပါမကျန် သက်သာ ပျောက်ကင်းစေသည်ဟု ဆိုပါသည်။

**စာကြွင်း**

**ယင်းဆေးနည်းသည် ထိခိုက်ဒဏ်ရာကြောင့် နာကျင်ကိုက်ခဲ ရောင်ရမ်းခြင်းတို့အတွက် ထိရောက်ခြင်း ရှိမရှိ ဆိုတာကိုတော့ မသိရသေးဟု ဆိုပါသည်။ ယင်းအပင်သည် ဝက်အူချောင်းသဏ္ဍာန်ကဲ့သို့ အဆစ်, အဆစ်များရှိ၍ နွယ်ပင်သဘော ဖြစ်ပါသည်။**

***လောကလင်း ချမ်းသာကြ၍ သောကတင်း ကျွန်းမောကြပါစေ။***

**စဦးကူ စိုးဝင်းထက်မောင်**
*(သျှင်စာမွန်)*



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊ မြင်းနှစ်ကာလအတွင်း

# နိုင်ငံရပ်ခြားခရီး



အဆင်ပြေစေမည့် အစီအရင်



၂၀၁၄ ခုနှစ် မြင်းစိုးမိုးသည့်ကာလအတွင်း မိမိတို့ စီစဉ်၊ မျှော်လင့်ထားသည့် နိုင်ငံရပ်ခြားခရီးများ အဆင်ပြေစွာ သွားလာနိုင်ရေး စတီအစီအစဉ်ဖြစ်သည်။

**ခရုခွံ၊ ခုံးခွံ၊ ကမာခွံ** စသည့် ပင်လယ်သတ္တဝါအခွံတစ်ခုကို ရှာဖွေပါ။ ထိုအပေါ်၌ (田)**လေးထောင့်ကွက်ကို ရေးခြယ်ပါ။** ထို့နောက် အဝင်အထွက်ပြုရာ တံခါးမ အောက်ခြေနားတွင်ထားပါ။

ယင်း လေးထောင့်ကွက်သည် တရုတ်စာလုံး Tiān "ထျန်း" လယ်ကွက်ဖြစ်သည်။ အခွံမာပေါ်တွင် ရေးထားခြင်းကြောင့် 界 Jià "ကျ" စာလုံး သဘောဆောင်သည်။ အောက်မှ 介 Jià "ကျ" စာလုံးသည် အခွံ မာ၊ ချပ်ဝတ်ဟု အဓိပ္ပာယ်ရသည်။

"**လယ်ကွက်**"ပုံစံ ရေးထုံးစာလုံးအောက်မှ "**အခွံမာ**"ဟူသော စာလုံးသည် "**နယ်ခြားမျဉ်း**"ဟု အဓိပ္ပာယ်ရသည်။ ထို့ကြောင့် ယင်းကို မကြာခဏ ဖြတ်ကျော်ပေးခြင်းဖြင့် နယ်ခြားမျဉ်းကို ကျော်ဖြတ်သည့်သဘောဆောင်ယူကာ နိုင်ငံရပ်ခြားသို့ အဆင်ပြေစွာ သွားလာနိုင်ရေးတွင် အကူအညီဖြစ်စေပေသည်။

ထားရှိရမည့် နေ့နှင့် အချိန်ကို မွေးနှစ်အရ အောက်ပါအတိုင်း ရွေးချယ်ပါ။

နေ့များသည် ဆိုင်ရာမွေးနှစ် ပုံရိပ်ရှင်များအား မွေးဖွား ပံ့ပိုးပေးသည့်နေ့များ ဖြစ်ကြသည်။ အချိန်မှာ လျင်မြန်စွာ ဖြစ်ပျက်စေရန် အားပေးသည့် သမသတ်ပုံရိပ်၊ အဓိရန်တို့ ပိုင်ဆိုင်သော အချိန်ကာလဖြစ်သည်။

ထို့ကြောင့် နိုင်ငံရပ်ခြားခရီးသွားလာရေးအတွက် အကူအပံ့ရခြင်း၊ လျင်မြန်စေခြင်း အကျိုးများ ပေးစွမ်းနိုင်ပါလိမ့်မည်။

ထက်မင်းကျော်စွာ

| မွေးနှစ် | နေ့ | အချိန် | |
|---|---|---|---|
| ကြွက် | သောကြာနေ့ | နေ့(၁၁)နာရီမှ | မွန်းလွဲ(၁)နာရီအတွင်း |
| နွား | အင်္ဂါနေ့ | မွန်းလွဲ(၁)နာရီမှ | ညနေ(၃)နာရီအတွင်း |
| ကျား | ဗုဒ္ဓဟူးနေ့ | ညနေ(၃)နာရီမှ | ညနေ(၅)နာရီအတွင်း |
| ယုန် | ဗုဒ္ဓဟူးနေ့ | ညနေ(၅)နာရီမှ | ည(၇)နာရီအတွင်း |
| နဂါး | အင်္ဂါနေ့ | ည(၇)နာရီမှ | ည(၉)နာရီအတွင်း |
| မြွေ | ကြာသပတေးနေ့ | ည(၉)နာရီမှ | ည(၁၁)နာရီအတွင်း |
| မြင်း | ကြာသပတေးနေ့ | ည(၁၁)နာရီမှ | နံနက်(၁)နာရီအတွင်း |
| ဆိတ် | အင်္ဂါနေ့ | နံနက်(၁)နာရီမှ | နံနက်(၃)နာရီအတွင်း |
| မျောက် | စနေနေ့ | နံနက်(၃)နာရီမှ | နံနက်(၅)နာရီအတွင်း |
| ကြက် | စနေနေ့ | နံနက်(၅)နာရီမှ | နံနက်(၇)နာရီအတွင်း |
| ခွေး | အင်္ဂါနေ့ | နံနက်(၇)နာရီမှ | နံနက်(၉)နာရီအတွင်း |
| ဝက် | သောကြာနေ့ | နံနက်(၉)နာရီမှ | နေ့(၁၁)နာရီအတွင်း |

* * *



www.burmeseclassic.com

www.burmeseclassic.com



မဒိုးဝါ
(မြန်အောင်)

ဇလုပ်ငှက်ကျွန်းမှ

# မြွေမျော်ပညာ

လူတို့ နေထိုင်ရာ သက်ရှိ ကမ္ဘာလောကကြီးသည် ထူးဆန်း အံ့ဩဖွယ်ရာများနှင့် ပြည့်နှက်နေပါသည်။ သိပ္ပံပညာနှင့် လက်လှမ်းမမီသော ဖြစ်ရပ်များသည် လက်တွေ့ကျကျ ဖြေရှင်း၍ မပြနိုင်ဘဲ မှန်ကန်မှုများ ရှိနေပါသည်။ သေချာမှု ရှိနေပါသည်။ မယုံနိုင်စရာ အံ့ဩဖွယ်ရာ အမှန်တကယ် ရှိနေခဲ့ပါသည်။

မြွေဆိုသည်နှင့် ဘာမြွေပဲဖြစ်ဖြစ် ကြောက်ရွံ့ကြပါသည်။ မြွေကိုက်လျှင် လူအများက စိုးရိမ် ထိတ်လန့်ကြပါသည်။ မြွေဆိပ်ကလည်း အချိန်မမီလျှင်၊ နောက်ကျခဲ့လျှင် အသက်တစ်ချောင်းကို အလွယ်တကူ ဆွဲနုတ်ယူနိုင်သည် မဟုတ်ပါလား။ သို့သော် မြွေကိုက်သည်ကို မကြောက်သော၊ မြွေဆိပ်ကို နိုင်နင်းသော ရွာကလေးတစ်ရွာမှာ မြစ်ဝကျွန်းပေါ် ဒေသတွင် ယခု အချိန်အထိ အမှန်တကယ် တည်ရှိနေပါသည်။

**ဧရာဝတီတိုင်း၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့နယ်၊ ကသာဝင်အုပ်စု၊ ဇလုပ်ငှရွာကလေး** ဖြစ်ပါသည်။ ရွာကလေးသည် ဧရာဝတီမြစ်လယ်မှ ကျွန်းကြီးပေါ်ရှိ ရွာကလေးတစ်ရွာ ဖြစ်ပါသည်။

အိမ်ခြေ တစ်ရာခန့်ရှိသောရွာ ဖြစ်

www.burmeseclassic.com


ပါသည်။ ရွာသူရွာသားများမှာ ကိုင်းကို အဓိကထား လုပ်ကိုင်စားသောက်ပြီး သင်ဖြူးဖျာလည်း ထွက်ရှိပါသည်။ မြစ်လယ်ကောင်ရှိ ကျွန်း ဖြစ်သဖြင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲပါသည်။

မအူပင်မြို့မှ အောင်ကျော်ဇင်၊ ကောင်းမြတ်သူ၊ မြင့်သိဒ္ဓိအောင် စက်လှေများဖြင့် သွားလျှင် (၅)နာရီ၊ (၆)နာရီခန့် ကြာလျှင် ဇလုပ်ငူကျေးရွာသို့ ရောက်ရှိပါသည်။ နွေဆိုလျှင် မအူပင်မှ ကျွဲဒုံးသို့ ကားများရှိပြီး ကျွဲဒုံးမှ ကျွန်းပေါ်သို့ ရောက်လျှင် လက်ပံကျွန်းဆိုသော မအူပင်ပိုင်ရွာကလေးကို တစ်မိုင်ခန့် လမ်းလျှောက်၍ ဖြတ်ကျော်လိုက်လျှင် ဇလုပ်ငူရွာသို့ ရောက်ရှိပါသည်။

ကျွန်မသည် အလယ်တန်း ရာထူးတိုးဖြင့် ဇလုပ်ငူရွာကို ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၅)ရက်နေ့က စတင်ရောက်ရှိခဲ့ပြီး နှစ်နှစ်နီးပါး ကြာခဲ့ပါသည်။ ဇလုပ်ငူရွာသည် ကျွန်းဖြစ်သဖြင့် မိုးတွင်းအခါ ရေကြီးပါသည်။ ရွှံ့ဗွက်ထူပါသည်။

ရေထဲတွင် မြွေများသည် တွန့်လိမ်တွန့်လိမ်နှင့် သွားနေကြပါသည်။ ရောက်စတွင် ကျွန်မ အနည်းငယ်ကြောက်သော်လည်း နောက်ပိုင်းတွင် ဘကြီး ဖိုးသာအောင်၏ ပြောစကားကြောင့်ရော၊ မျက်မြင်ကိုယ်တွေ့ကြောင့်ရောပါ မြွေအန္တရာယ်ကို မကြောက်တော့ပါ။

ဘကြီး ဦးဖိုးသာအောင်မှာ မျက်ခုံး၊ မျက်လုံး ကောင်းကောင်း ဥပဓိရုပ်ရှိသည်။ အသက် (၆၇)နှစ်အရွယ်ရှိ အဘကြီးတစ်ဦး ဖြစ်ပါသည်။ ဘကြီးသည် ဇလုပ်ငူကျောင်း (ယခု လက်ပံကျွန်း



ကျောင်း) ပျံလွန်တော်မူသွားသော ဆရာတော် ဦးသုန္ဒရ (ဦးသုန်)ထံမှ မြွေမှော်ပညာကို ရရှိခဲ့ပါသည်။

ဆရာတော်သည် ကျိုက်ပိ မြစ်ဝဇာတိဖြစ်ပြီး ခမည်းတော် ဦးရွှေရ၊ မယ်တော် ဒေါ်ဦးဆယ်တို့၏ သားရတနာ ဖြစ်ပါသည်။ ဤဆရာတော်ထံမှ ဘုန်းကြီးကျောင်းသား မောင်ဖိုးသာအောင်က မြွေမှော်ပညာကို ရရှိခဲ့ပါသည်။

ဦးဖိုးသာအောင်မှာ အသက်သုံးဆယ်မှ ယခု အသက် ခြောက်ဆယ့်ခုနစ်နှစ်အထိ မြွေဆိပ်ကို ကုသပေးခဲ့ရာ ယခု ၂၀၀၈ ခုနှစ်၊ ဩဂုတ်လ (၁၁)ရက်နေ့ဆိုလျှင် အသက်ပေါင်း (၅၅၇)ချောင်း၊ လူပေါင်း (၅၅၇)ယောက်ကို ဇီဝိတဒါနအဖြစ် ကယ်တင်ပေးနိုင်ခဲ့ပြီးလည်း ဖြစ်ပါသည်။

မြွေဆိပ်နိုင်သော ပညာရပ်ကို မြွေမှော်တက်သည်ဟု ဆိုကြပါသည်။ မြွေမှော်တက်ရာတွင် ငှက်ပျောသီး (၃)ဖီးပွဲ (ဘုရားပွဲ)ပြင်ပြီး ကွမ်းသီးနှစ်စိတ် ထည့်ထားသော ညာထပ်ထပ်ထားသည့် ကွမ်းနှစ်ယာကို အရှိုးအား အုန်းသီးဘက် လှည့်ထားကာ ပြင်ဆင်ရပါသည်။ ထိုကွမ်းနှစ်ယာကို ပွဲ၏ အရှေ့ဘက်တွင် ထိုးရပါသည်။

ပွဲနောက်တွင် လက်ဖက်အသားကို ကွမ်းရွက်ထဲထည့်ပြီး ယာထားသော ကွမ်းတစ်ယာကို ထိုးရပါသည်။ မြွေမှော်တက်ပွဲကို **စနေဆန်းသော မြန်မာလ၏ လဆန်းတစ်ရက်နေ့ ကျီးမနိုးမီ** မနက် (၄)နာရီတွင် စတင်ပါသည်။ **မြန်မာလဆန်း (၁)ရက်နေ့တွင် စနေနေ့ ကျရောက်သောနေ့ရက်ကို ဆိုလိုခြင်း ဖြစ်ပါသည်။**

မြွေမှော် တက်ချင်သူများက တစ်ရက်ကြို၍ ဆရာအား လက်ဖက် (၅)ကျပ်သား ပေးထားရကာ ဆရာက အလုံး(၇)လုံး အညီအမျှလုံး၍ အောက်ပါဂါထာဖြင့် (၃၇)အုပ်မန်းကာ သိဒ္ဓိတင်ထားရပါသည်။

**ဂါထာမှာ...**

ဥုံ ဥပဝ ရဿနစ ဗုဒ္ဓေါ မဟာဥပဝ ရဿနစ ဗုဒ္ဓေါ ဗုဒ္ဓေါ မေ၊ သတ္တပါကာရော ဟောတု၊ သွားဟ’

ဟူ၍ ဖြစ်ပါသည်။

မြွေမှော်တက်သည့်နေ့ မနက် (၄)နာရီအချိန်တွင် ကန်တော့ပွဲရှေ့၌ မြွေမှော်အောင်ပြီးသား ပညာပေးမည့်ဆရာက အားလုံးရှေ့မှ တိုင်ကာ...

‘ဘုရားတပည့်တော်တို့သည် ..

သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(သေရည်သေရက် သောက်စားခြင်းမှ ရှောင်ကြဉ်ပါမည်။)

ကာမေသုမိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(သူတစ်ပါး သားမယားအား ကျူးလွန်ပြစ်မှားခြင်းမှ ရှောင်ကြဉ်ပါမည်။)’

ဟု တိုင်ပေးပြီး နောက်မှ လိုက်ဆိုပြီး သစ္စာပြုရပါသည်။ ပြီးလျှင် ဂါထာကို ဆရာက နှုတ်တိုက် (၅ခေါက်ခန့်) ချပေးပါသည်။ ပြီးစီးသွားသောအခါ ဆရာက လက်ဖက်ထုပ်များကို မြွေမှော်တက်ပြီးသူများအား ပြန်ပေးလိုက်ပါ





www.burmeseclassic.com

www.burmeseclassic.com



သည်။

ပြီးလျှင် မြွေမှော်တက်သူများက ခုနစ်ရက်စာ လက်ဖက်လုံး ခုနစ်လုံးကို ရက်မပျက်ဘဲ တစ်ရက်တစ်လုံး နှုန်းဖြင့် အထက်တွင် ဖော်ပြထားသော ဂါထာဖြင့် မန်းကာ မျိုချရပါသည်။ (၅) ရက်ခန့်ကြာလျှင် လက်ဖက်မှာ ရိလာသော်လည်း ကြိုးစား၍ မျိုချရပါသည်။ ဆီ, ဆား အခြားမစ္စည်းများ လုံးဝ မထည့်ရပါ။

အရေးကြီးသည်မှာ မြွေမှော်တက်ထားသူသည် ခုနစ်ရက်အတွင်း ဘာစားစား၊ ရေသောက်သောက် ယုတ်စွအဆုံး သွားတိုက်ဆေးနှင့် မျက်နှာသစ်ရေပါမကျန် ပါးစပ်ထဲသွင်းမည့် အရာမှန်သမျှကို **ဂါထာနှင့် မန်းရပါမည်။ မန်းပြီးမှ စားသောက်ရပါမည်။ တိုက်ချွတ်ရပါမည်။ မမန်းဘဲ အရာဝတ္ထုတစ်ခု ပါးစပ်ထဲရောက်ပြီး မျိုချမိလိုက်လျှင် မှော်မအောင်တော့ပါ။**

မြွေမှော်ကို အနှောင့်အယှက်မရှိ စင်းလုံးချော အောင်မြင်ပြီးသူများသည် မြွေဆိပ်ကို ကုနိုင်ပြီ ဖြစ်ပါသည်။ မြွေတစ်ကောင်ကို ဂါထာဖြင့် မန်းထားသော တုတ်ဖြင့် မြွေမထိဘဲ သပ်၍ ချလိုက်၍ မြွေဦးခေါင်း ငုံ့လျှိုးသွားလျှင် ထိုသူမှာ မြွေမှော်ဝင်သွားပြီ ဖြစ်သည်။

မြွေမှော်တက်ထားသူများသည် မည်သည့်အသားကိုမှ ရှောင်စရာမလိုပါ။ မြွေမှော် အောင်ထားသူများကို ပယောဂများ မဝင်နိုင်တော့ မပြုစားနိုင်တော့ပါ။ ဤသည်မှာလည်း ထူးခြားချက် တစ်ချက် ဖြစ်ပါသည်။

မြွေဆိပ်တက်နေသော လူနာ၏ ဦးခေါင်းမှ ခြေဖျားအထိ ဂါထာဖြင့် မန်းကာ လက်ဝါးဖြင့် **ဆရာဖြစ်သူ (မြွေမှော်အောင်ပြီးသွားသူ)**က သပ်ချပေးလိုက်လျှင် လူနာ၏ အဆိပ် ကျသွားပါသည်။

အဆိပ် ဘယ်နေရာရောက်နေပြီ ဘယ်နေရာကျသွားပြီကို ဆရာကမေးလျှင် လူနာက ပြောနိုင်ပါသည်။ မြွေဆိပ် ကျမကျ သေချာစေရန် လူနာအား ထန်းလျက်ကျွေးကြည့်ရပါသည်။ လူနာစားသော ထန်းလျက်သည် ကြေညက်စွာ ဝါးစားသော်လည်း မျိုမကျလျှင် အဆိပ်ကျန်သေး၍ ထပ်မန်းပေးရပါသည်။ ထန်းလျက် မျိုကျသွားလျှင် အဆိပ်ကျသွားပြီဖြစ်၍ ကုသမှု ပြီးဆုံးပြီ ဖြစ်ပါသည်။

မြွေပွေး၊ မြွေဟောက် စသော အဆိပ်ပြင်းသည့် အကောင်များကိုလည်း ဤနည်းဖြင့်ပင် ကုသ ပျောက်ကင်းစေနိုင်ပါသည်။ ယခုအခါ အဘ၏ တပည့် မြွေမှော်အောင်ထားသူများ ရွာထဲတွင်ရော ရွာနီးချုပ်စပ်မှာပါ ရှိနေပြီ ဖြစ်ကာ အကိုက်ခံရသော လူနာကို ကိုင်းထဲတွင်ပင် ကုသပေးနိုင်ပြီ ဖြစ်ပါသည်။

မြွေမှော် အောင်ပြီးသူများထဲတွင် ဘုန်းတော်ကြီးများ၊ ကျောင်းဆရာမများလည်း ပါဝင်ပါသည်။ သစ္စာစောင့်ထိန်းနိုင်သော၊ လူကိုယ်တိုင် လာရောက် မြွေမှော်တက်နိုင်သော မည်သူမဆို လူမျိုးဘာသာ၊ အသက်ကြီးငယ် (ကလေးငယ်များမှလွဲ၍) ကျား,မ မရွေး ပညာဖြန့်ဝေပေးနေပါသည်။

ကုသရာတွင် ဆရာကို သဒ္ဓါလို့ ကန်တော့သော ပစ္စည်း (ငွေကြေးသို့မဟုတ် အသုံးအဆောင်ပစ္စည်း)သာ ကန်တော့ရပါသည်။ အမွေးတိုင်တော့ ပါရပါမည်။ အဖိုးအခရယ်လို့ သတ်မှတ်ခြင်း မရှိပါ။ **ပညာ စပြီး ဖြန့်ဝေပေးသော ဆရာ ဦးဖိုးသာအောင်ပင် ဤပညာဖြင့် စီးပွားမရှာပါ။ မချမ်းသာပါ။**

ဤမြွေမှော်ပညာသည် ဆင့်ပွား, ဆင့်ပွားဖြင့် ကသာဝင်၊ ကဖင်းတော၊ ရွှေလှေသောင်၊ ငွေသောင်ယံ စသည်ဖြင့် ပတ်ဝန်းကျင် အနီးတစ်ဝိုက်တွင် ပျံ့နှံ့နေပြီလည်း ဖြစ်ပါသည်။ ဆရာဦးဖိုးသာအောင်သည် သစ္စာဓိကဏ္ဍသာသယ မဟာဗိဒ္ဓေဂိုဏ်းဝင် တစ်ဦးလည်းဖြစ်ကာ အမှောင့်ပယောဂများကိုလည်း ကုသပေးလျက် ရှိပါသည်။

မြွေမှော်ဝင်သော ဂါထာမှာ ဦးနှင့်စထားသဖြင့် အိန္ဒိယ မဟာယာန ဝါဒ ဂါထာဖြစ်နိုင်သည်ဟု ယူဆမိပါသည်။ မည်သို့ဆိုစေကာမူ အမှန်တကယ်ဖြစ်သော၊ အံ့သြဖွယ်ရာဖြစ်သော မြန်မာတို့၏ ကုသနည်းတစ်နည်းကို မပျောက်ကွယ်စေလိုသော ဆန္ဒဖြင့် နက္ခတ္တရောင်ခြည် မဂ္ဂဇင်းမှတစ်ဆင့် ဖော်ထုတ် တင်ပြလိုက်ရပါသည်။

မခိုင်ဝါ(မြန်အောင်)

www.burmeseclassic.com



တက္ကသိုလ် မောင်လူ

# မယုံသူဆိုတာ

မကြုံဖူးသေးလို့ပါ

ဤနေ့သည်ကား ရွှေနတ်ေ ဘုရားပွဲနေ့ ဖြစ်ပါ၏။ **ဤရွှေ တောင်တော်မြတ်ဆိုသည်ကား ရှ တွေထွက်သည့် ရွှေသင်း (ခေ ရမည်းသင်းမြို့၏ အရှေ့တောင်ဘ (၉)မိုင်ခန့်အကွာရှိ ဘွက်ကျေ အုပ်စုတွင် တည်ရှိပါသည်။** ယ ဘွက်ကျေးရွာအုပ်စုတွင် **ဘွက်**၊ ဖ **ကုန်း၊ ဈည်းကပ်၊** ပျဉ်ပြားဟူသော ရွာလေးရွာပါရှိ၏။

ရွှေနတ်တောင်မှာ ပေပေါင်း တ ထောင်ကျော် အမြင့်ဆောင်ပြီး ထို တောင်ကိုရောက်လျှင် သစ်ရိပ်ငါးမို ဘုရားတရားအရိပ်တို့ကို ခိုလှုံလိုက် ၍လားမသိ အလွန်တရာမှ နှလုံးစိတ် ဝမ်း အေးချမ်းသွားလှပါတော့သည်။ တောင်ထိပ်တွင် သက်တော်ရှည် သာသနာပြုဆရာတော်ကြီး ဘဒ္ဒန္တ သုန္ဒရ သီတင်းသုံးပြီး ဆရာတော်ကြီး၏ သီလ သမာဓိ၊ ပညာဂုဏ်တို့နှင့်တကွ စရဏစွမ်းအားတော် တို့ကြောင့် ရပ်ဝေး ရပ်နီးတို့မှ ဒကာ ဒကာမအပေါင်းတို့မှာ သူ့ထက်ငါ လာရောက်၍ ဖူးမြော်လေ့ ရှိကြကုန်၏။

ထိုရွှေနတ်တောင်ပေါ်သို့ တက်ရန် အတွက်မူ အမိုးများပါသော မြောက် စောင်းတန်းကြီးမှ ဖြည်းဖြည်းချင်း တက်နိုင်ပါသည်။ တောင်ခုလတ် အရောက်တွင်ကား တောင်ထိပ်သို့ ခပ် မတ်မတ်တက်နိုင်သော အမိုးပါသည့် စောင်းတန်းနှင့် အမိုးမပါသော အနောက်ဘက်သို့ ခွဲထွက်သွားသော အနောက်စောင်းတန်းဟူ၍ နှစ်ခုကွဲ ထွက်သွားပြီး တောင်ထိပ်သို့မှ



www.burmeseclassic.com

www.burmeseclassic.com

နှစ်လမ်းလုံးမှ ပြန်လည်ဆုံစည်းနိုင်ကြပါသည်။

စာရေးသူ၏ နှလုံးဘဝင်တွင် ယခုတိုင် စွဲထင်မိနေသေးသော ကြောင်းရာချင်းတများကား ရှိနေဆဲပါ။ အချိန်ကာလက ကြာမြင့်ခဲ့ပြီ၊ ယခင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ အစိုးရလက်ထက်က ဖြစ်ပါသည်။ စာရေးသူတို့ သမဦးစီးဌာနသို့ တပ်မတော်မှ ဦးမောင်မောင်ဆိုသူ ဘွဲ့ရတပ်ကြပ်ကြီး စာရေးတစ်ဦးမှာ ဒုဦးစီးအဆင့်နှင့် ရောက်ရှိလာပါ၏။

သူ၏ အပြောအရ သူတို့က တပ်မတော်ထဲမှာ ဘွဲ့ရပေမယ့် အသက်ကျော်နေ၍ တပ်မတော်တွင် တိုက်ရိုက်ကော်မရှင် မရနိုင်တော့ပါ။ သို့ဖြစ်၍ ယခုကဲ့သို့ နယ်ဘက်ဌာနတစ်ခုခုသို့ အရာရှိတစ်ဦးအဖြစ်နှင့် ရောက်ရှိလာသူဖြစ်ကြောင်း သိရှိရပါသည်။

ဦးမောင်မောင်၏ ဥပမိရုပ်ကား အရပ် ထောင်ထောင်မောင်းမောင်း အသားမည်းမည်းနှင့် မပြုံးဘဲ ဝါးလုံးကွဲရယ်လိုက်ပါက သူ၏ ဖြူဖွေးလင်းလက်နေသော သွားအစုံတို့ကိုသာ အထင်းသား မြင်တွေ့နိုင်ပါတော့သည်။

မကြာခဏ သူပြောလေ့ရှိသော စကားမှာ 'ကျုပ်က အသားမည်းပေမယ့် အသည်းကတော့ ဖြူပါတယ်ဗျ' တဲ့။ သူပြောသည့်အတိုင်းပင် စစ်သားဟောင်းဆိုသော်လည်း ရုံးကကျွန်ဝန်ထမ်းများနှင့် သဟဇာတကျစွာ ပေါင်းသင်းဆက်ဆံတတ်သူ ဖြစ်၏။ မနောဖြူ အူစင်း၏။

သို့သော် သူက ဂန္ထဝင်စာကြီးပေကြီးများကို ဖတ်လေ့ရှိသူဖြစ်၏။ သူ့ကို အနီးကပ်ပေါင်းကြည့်တော့မှ နတ်၊ ရေလောကသားတို့နှင့် ဆက်နွှယ်သည့်လျှို့ဝှက်ဂမ္ဘီရ ဇာတ်လမ်းတို့ကိုတော့ သူက လုံးဝလက်မခံ ယုံလည်းမယုံကြည်၊ စိတ်လည်းဝင်စားသူ မဟုတ်ပါ။

သို့သော် သူ့ကိုယ်သူ ရုပ်ကြမ်းဝါဒသမားကြီး သက်သက်ဟုတော့လည်း မခံယူပါ။ ရတနာသုံးပါးနှင့် တကွ ကံနှင့် ကံ၏အကျိုးပေးကိုတော့လည်း ယုံကြည်သက်ဝင် လက်ခံသူ ဖြစ်ပြန်ပါသည်။

တစ်နေ့တွင် စာရေးသူတို့ ရမည်းသင်းမြို့နယ်မှာ နှစ်စဉ် ဝါဆိုဦး၌ ပုံမှန်ကျင်းပလေ့ရှိသော ရွှေနတ်တောင် ဗုဒ္ဓပူဇနီယပွဲကြီးနှင့် မိုးတောင်းပွဲကြီးကို ကြုံကြိုက်လိုက်ရပါတော့သည်။ မှတ်မှတ်ရရ စာရေးသူတို့ ရောက်သွားခဲ့သည့်နှစ်က ရာဇဝင်မင်းသားချောလေး ထွန်းလုံ့ရှိန်ကို ငှားရမ်းပြီး ရုံသွင်းသောနှစ်က ဖြစ်ပါ၏။

ထိုရွှေနတ်တောင် ဘုရားပွဲသို့ ပွဲပြတ်ပြီး ပွဲငတ်နေကြသော တောင်တော်တစ်ဝိုက်မှ ဘွက်၊ ဝါးဖြူတောင်၊ ချောင်းဖျား၊ အင်တိုင်း၊ ကင်းရွာ၊ မြင်းနား၊ စံပြသိမ်ကုန်း၊ ထိန်ကန်၊ ကန်ဆွယ်၊ ထနောင်းကုန်း၊ နန်းလုံ၊ နန်းခွဲ စသည့် ကျေးရွာအုပ်စုတို့မှ ရွာသူရွာသားများ၊ တောင်အနီးမှ သစ်ဝါးထင်းခုတ်၍ အသက်မွေးဝမ်းကျောင်းနေကြသူများ၊ ရွှေနတ်တောင် အရှေ့ဘက်ရှိ မိုးထိမိုးမိဟူသော ရွှေတောင်ကြီးများပေါ်မှ မြန်မာနိုင်ငံအနှံ့မှ ရွှေရှာနေကြသော ရွှေမှုဆိုးများ၊ ရွှေမြင်တင်တောင်ရွာအနီး ဓ.ခ.တ တပ်ရင်း(၃)မှ တပ်မတော်သားများ စသည်ဖြင့် ဘုရားပွဲလာသူအပေါင်းတို့မှာ အိမ်လုံးကျွတ်လာရောက်ကြတော့သည်။

ဒီကြားထဲ ဆိုင်းသံ၊ ဗုံသံကြားရာသို့ အမြဲလာလေ့ရှိသည့် ဆယ့်နှစ်ပွဲသမား ပျံကျများပါ ဆိုက်ရောက်လာလိုက်ကြသောအခါ ရွှေနတ်တောင်ဘုရားပွဲမှာ သူ့အရပ်၊ သူ့ဇာတ်နှင့်သူဟု ဆိုရသော်လည်း အများထင်ထားသည်ထက် အတော်စည်ကား၊ လူသိများသော တောဘုရားပွဲတစ်ပွဲ ဖြစ်နေခဲ့ပါ၏။ ထိုနှစ်က ရွှေတောင်မှ အလှူရှင်တစ်ဦးက ထမနဲကို ပွဲပေါက်ကျွေးခဲ့၏။

ရွှေနတ်တောင်ခြေရှိ ဘွက်ရွာမှ သမဆိုင်တာဝန်ခံ ကိုညိုလှက စာရေးသူတို့ ရုံးအဖွဲ့အား ဘုရားပွဲသို့ လာရောက်ကြပါရန် ရုံးသို့ သူကိုယ်တိုင်လာ၍ ဖိတ်မန္တကပြုလာသည်။

ထိုအခါ စာရေးသူ၏ မိတ်ဆွေရဲဘော်ဟောင်းကြီး ကိုမောင်မောင်ကလည်း ရမည်းသင်းမြို့နယ်၏ ဒေသန္တရ ဗဟုသုတ၊ ဘာသန္တရ ဗဟုသုတတို့ကို ရှာလိုပါသည်ဟု တဖွဖွပြောနေချိန်နှင့် တိုက်ဆိုင်နေတော့သည်။ သို့ဖြစ်၍ တိုင်း၍ရက်သည့် ပက္ကလာ မိုးရွာသည်နှင့် အခန့်သင့်ဟူဘိသို့ရှိလှုပြီး ဘုရားပွဲသို့ ဦးမောင်မောင်ပါ လိုက်လာမည့်အကြောင်း ကတိစကားပါးလိုက်ကြတော့၏။

ဘုရားပွဲနေ့ နံနက်စောစောတွင် ရဲဘော်ကြီး ဦးမောင်မောင်နှင့် စာရေးသူတို့နှစ်ဦးမှာ မြို့အရှေ့က ကျေးနီကန်ပေါင်ပေါ်မှ စက်ဘီးကိုယ်စီနင်းပြီး ကူတိုရွာဘေးက ဖြတ်လမ်းအတိုင်း ထွက်ခဲ့ကြ၏။ နံနက်ခင်း လေပြည်လေညင်းလေးကလည်း တိုက်ခတ်၍ သန့်ရှင်းလတ်ဆတ်သောလေကို တဝကြီး ရှူလိုက်ရတော့ တစ်နေ့တာ ကုန်ခန်းသွားသည့် အားအင်တို့ကို ငွေမကုန်လူမပန်းလိုက်ရဘဲ အလိုလို ပြန်လည်လန်းဆန်းလာရပါတော့သည်။

ဘွက်ရွာက ကိုညိုလှတို့အိမ်သို့ နံနက် (၈)နာရီခန့်တွင်ရောက်ပြီး သူ

www.burmeseclassic.com



တို့မိသားစုက စေတနာဗရပွဖြင့် ညှော်ခံကျွေးမွေးကြသော အာဟာရဒါနတို့ကို တဝကြီး သုံးဆောင်လိုက်ကြပါတော့သည်။ တောင်တော်မြတ်မှာ အထင်းသား မြင်နေရ၍ လမ်းပြမပါဘဲ စာရေးသူတို့နှစ်ဦးသား ထွက်ခွာလာကြပါတော့သည်။

ဘွက်ရွာအပြင်ဘက်ရှိ ကစားကွင်းများမှာတော့ ဘောလီဘောပွဲ၊ ဘောလုံးပွဲ၊ ခြင်းခတ်ပွဲ၊ ချောတိုင်တက်ပွဲ၊ လွန်ဆွဲပွဲ စသည်ဖြင့် အားကစားပွဲမျိုးစုံ ကျင်းပရေးကော်မတီ လူကြီးများက အသံချဲ့စက်သံ တညံညံဖြင့် အလုပ်များနေကြပါတော့သည်။ ဘွက်ရွာဘေးရှိ ရိုးပြတ်လယ်ကွင်းကြီးကို တစ်ဖာလုံသာသာခန့် ဖြတ်လျှောက်ပြီး နောက်မှာတော့ ရွှေနတ်တောင်ခြေသို့ ဆိုက်ရောက်သွားခဲ့ပါတော့သည်။

ရွှေနတ်တောင်ပေါ်သို့တက်ရန် အမိုးနှင့် လက်တန်းများပါသော မြောက်ဘက်စောင်းတန်းကြီးမှ စတင်တက်နိုင်ပါပြီ။ တောင်ခြေစောင်းတန်းအစတွင် လုပချောမောစွာ ထုလုပ်ထားသော ခမ်းနားလှသည့် **အစ်မတော် နတ်နန်းကြီး**ကို ဦးစွာတွေ့လိုက်ရတော့သည်။ ထိုအစ်မတော် နတ်ရုပ်ကို တန်ဖိုးကြီး ပဝါများ၊ ပုလဲပုတီးများ၊ လည်ဆွဲရတနာများ ဆက်သထားကြ၏။

ရဲဘော်ကြီး ဦးမောင်မောင်က ထိုနတ်နန်းကို မယုံသင်္ကာသော သူ၏ မျက်စိများဖြင့် အတန်ငယ် စူးစမ်းပြီး ကြည့်နေ ကျန်နေခဲ့၏။

စာရေးသူက မိတ်ဆွေကြီး ဦးမောင်မောင် ကျန်ရစ်ခဲ့သည်ကို သတိမမူမိတော့ဘဲ တောင်ပေါ်သို့ တစ်ဦးတည်း ဆက်တက် သွားလိုက်တော့သည်။ တောင်ခုလတ်ရောက်၍ အမောပြေရေသောက်မည်ဟု ကြည့်လိုက်ရာ တောင်ခြေက နတ်နန်းထက် ပိုမိုသပ်ရပ် ခံ့ညားလှပသော နတ်နန်းကြီး တစ်ခုကို တွေ့ရပြန်ပါသည်။

ဦးမောင်မောင်ကို ငုံ့ကြည့်လိုက်ရာ တရွေ့ရွေ့နှင့် အားယူပြီး ဆက်တက်လာလိုက်သည်ကို မြင်ရ၍ တောင်ထိပ်ရောက်မှ စောင့်တော့မည်ဟု ဆုံးဖြတ်ပြီး စာရေးသူတစ်ယောက်တည်း ဆက်တက်လိုက်ပါတော့သည်။

တောင်ထိပ်အရောက်တွင် လေပြည်လေးက တဖြူးဖြူးနှင့် တိုက်ခတ်ပေးနေ၍ နွမ်းသမျှတွေကို ချက်ချင်းပြေသွားတော့၏။ တောင်ပေါ်တွင် ရောက်နှင့်ပြီးသူ မြို့ကမိတ်ဆွေများ ရုံးပြင်ကနားမှ လုပ်ဖော်ကိုင်ဖက်များကို တွေ့လိုက်ရ၍ ဝမ်းသာအားရနှင့် လက်ဆွဲနှုတ်ဆက်ပြီး စကားစမြည် တွေ ပြောဖြစ်နေကြပါတော့သည်။

တောင်ထိပ်ရှိ ဘုရားကိုဖူး၍ ဆရာတော်ကြီး ဘဒ္ဒန္တ သုန္ဒရကို ...
ကန်တော့ခွင့်ရခဲ့ပါသည်။ ဆရာ...
ကြီးကား ဝေနေယျသတ္တဝါအား ...
မေတ္တာစာတ် အမြင့် ...
နေသူဖြစ်၍ သတ္တဝ ...
အသားအသွေးကို ...
မဘုဉ်းပေး၊ သက်သ...
လွှ...
သုံးဆေ...
ဆရာတော်ကြီးန...
ရွှေနတ်တောင်သို့ ...
အားလုံးတို့လည်း သက်သတ်လွ...
စားသုံးကြရ၏။

ဆရာတော်ကြီး မေတ္တာပြုပေးသည်...
အသုံးအဆောင်တို့ရပါက လက်...
တိုးပွားပြီး အကျိုးများသည်ဟု ...
ကြည်ကြသူများရှိ၍ ဝင်လာမစဲ တ...
သဲပါ။ သို့သော် စာရေးသူ၏ ရဲဘော်...
ကြီး ဦးမောင်မောင်တစ်ယောက်ကား...
ယခုတိုင် မပေါ်လာခဲ့သေးပါ။

တောင်တက်ခရီး ကျွမ်းသူတို့က...
အနောက်ဘက် လမ်းခွဲမှ တက်လိုက်...
ပါက ပိုပြီး ခရီးတာတိုသည်ဟု ဆိုကြ...
၏။ ထိုလမ်းခုလတ်တွင် ရမည်းသင်း...
မြို့သို့ လှမ်းမျှော်ကြည့်နေသော န...
ကြီးနှစ်ကောင်ရုပ်တုရှိ၏။ ထိုန...
၏ ခြေရင်းတွင် စောစောက တွေ့ရှိ...
သည့် နတ်နန်းများထက် ပိုမို...
အံ့မခန်းသော နတ်နန်းလိုဏ်ဂူကြီး...
တစ်ခုရှိကြောင်း ပြောပြကြပါသည်။

ဤနတ်နန်းဂူမှာလည်း အပိုးတန်...
လက်ဝတ်ရတနာများ၊ အသပြာငွေ...
ကြေးများကို သူ့ထက်ငါ အပြိုင်ဆက်...
သနေကြ၏။ အမွှေးတိုင်၊ ဖယောင်း...
တိုင်တို့ကိုလည်း အချိန်ပြည့် ...
ပေးထား၏။ သို့သော် အ...က ...
ဘာဂျာတံခါးကိုတော့ ...မခံသော့ကြီး...



www.burmeseclassic.com

www.burmeseclassic.com

နှင့် စိတ်ချရအောင် ခတ်ပေးထားသည်။ ရွာနီးချုပ်စပ်မှ အရပ်သားတို့က ထိုနတ်နန်းကို ယုံယုံကြည်ကြည်နှင့် ကိုးပါက လောကီအကျိုးစီးပွား လာဘ်လာဘများ ချက်ချင်းတိုးသည်ဟု လက်ခံထားကြ၏။ ဤသို့နှင့် ကိုးကြ၏။

စာရေးသူမှာ တောင်ထိပ်ရှိ တန်ခိုးကြီးဘုရားနှင့် ဆရာတော်ကြီးကို ဖူးမြော်ပြီး မိတ်ဆွေရင်းများကို ထပ်မံနှုတ်ဆက်ရင်း ဦးမောင်မောင်ကို စောင့်ရပြန်၏။ ရွှေနတ်တောင်ပေါ်တက်သည့် နတ်လမ်းများကား ရှင်းလင်းလှပါ၏။ လှမ်းမှားစရာကား လုံးဝမရှိပါ။ ရွှေနတ်တောင်ထိပ်က တောင်အောက်သို့ အပေါ်မှဆီးကြည့်လိုက်ပါက ရိုးပြတ်လယ်ကွင်းကြီးအဆုံးမှာ မန်ကျည်းပင်၊ အုန်းပင်တို့နှင့် စိမ်းစိုဝေဆာနေသော ဘွက်ရွာကြီးကို အထင်းသား မြင်တွေ့နေခဲ့ရပါသည်။

ရဲဘော်ကြီး ဦးမောင်မောင်ကို စောင့်ရင်း နေအတန်ငယ် မြင့်လာပြီဖြစ်၍ တောင်ထိပ်ရှိ သိရှိသူအားလုံးကို အသားမည်းမည်းနှင့် ဦးမောင်မောင်ဆိုသူကို တွေ့ပါက ဘွက်ရွာသို့ လိုက်လာပါရန် မှာကြားခဲ့၏။ တစ်ဖန် လမ်းတွင်တွေ့သည့် လူအုပ်ကြီးကိုလည်း ဦးမောင်မောင်ပါလေမလားဟု ကျီးကန်းတောင်းမှောက် ရှာဖွေကြည့်၏။ သို့သော် သူနှင့်တူသူကိုပင် မတွေ့ခဲ့ပါ။

ဤသို့နှင့် ဘွက်ရွာက ကိုညိုလှအိမ်ရောက်ပြန်တော့လည်း တစ်ဦးတည်း မစားလိုသေး၍ အဆာခံ သည်းသည်းခံပြီး စောင့်ဆိုင်းနေခဲ့ပြန်၏။ သို့သော် နေမွန်းတည့်လာတော့ လုံးဝစောင့်နေနိုင်တော့ပါ။ တောင်တက်ပြီး ပြန်လာခဲ့ရ၍ ဝမ်းကဟာလာသည်။ ရွာခံမိသားစုနှင့်အတူ စားလိုက်ကြပါတော့သည်။

စာရေးသူတို့ အချိုတည်းပြီးပြန်တော့လည်း မရောက်သေး။ တောင်ဆင်းလူကြုံများကို မေးကြည့်တော့လည်း မတွေ့ခဲ့ရပါဟု ဆိုကြ၏။ သို့နှင့် စိတ်ပူလာပြီး ရွာပြင်ကစားပွဲက အသံချဲ့စက်များကို အကူအညီတောင်းပြီး အရပ်လေးမျက်နှာသို့ ဟွန်းကြီးကို ပြောင်းလှည့်၍ ဦးမောင်မောင်ကြားလောက်အောင် အသံကုန်တင်ပြီး ခေါ်ကြည့်ပြန်၏။ သို့သော် ထူးမခြားနား ပတ်ပျိုးယိုးဒယားပါ။

စိတ်ပျက်ပျက်နှင့် ဘွက်ရွာပြင်ပက အားကစားပွဲများသို့ အာရုံကို ပြောင်းလိုက်ကြသည်။ အားကစားနည်းများစွာတို့အနက် မိုးတောင်းလွှန်ဆွဲပွဲမှာ အပျော်ဆုံးနှင့် စိတ်အဝင်စားဆုံးဖြစ်ကြောင်း သိလိုက်ရ၏။

အကြောင်းမှာ လွှန်ဆွဲပွဲတွင် ကျားသီးသန့်၊ မ,သီးသန့်၊ ကျားမရောရာ ရွာခွဲအလိုက် ယှဉ်ပြိုင်ကြပြီး နောက်က အိုးစည်ဗုံမောင်းများတီး၍ အားပေးကြ၏။ စာရေးသူပါ ကျေးရွာသားတို့၏ အပျော်များ ကူးစက်လာ၍ ပျောက်ဆုံးနေသူ ရဲဘော်ကြီး ဦးမောင်မောင်ကို ခေတ္တမျှ မေ့သွားတော့သည်။

လွှန်ဆွဲပွဲအပြီး ဘောလုံးကွင်းဘက်သို့ အပြောင်းတွင် ဟိုတစ်ဖက် ကိုးစည်းထိပ်ဘက်မှ တုတ်ကြီးတစ်ချောင်းထမ်းလာသော လူမည်းမည်းရှည်ရှည်ကြီးတစ်ယောက်ကို မြင်လိုက်ကြ၍ မှင်သက်မိပြီး အားလုံးက စိုက်ကြည့်နေခဲ့ကြ၏။

အနားရောက်တော့မှ စာရေးသူက မှတ်မိ၍ ပြေးသွားပြီး...

'ဟေ့လူ ဦးမောင်မောင်၊ ခင်ဗျား တုတ်ကြီးချလိုက်တော့လေဗျာ'

ဆိုမှ တုတ်ကြီးပစ်ချပြီး လျှာကြီးထွက်၍ ဟောဟဲထိုးနေတော့၏။

အိမ်ရောက်တော့ ရေသောက်ရာမှာ ဘေးကလူကြီးများက အူပေါ်ရေလျှံမယ် ဖြည်းဖြည်းသောက်၊ နားပြီးသောက်ပါဟု အကြံပေးကြတော့သည်။ ဦးမောင်မောင်မှာ ထိုနေ့က မည်သည့်ထမင်းဟင်းကိုမျှ မစားနိုင်တော့ပါ။ မုန့်နှင့် လက်ဖက်ရည်တို့ကိုသာ သုံးဆောင်ပြီး ခေတ္တမျှ လှဲနေပါတော့သည်။

ဦးမောင်မောင်ကို ရွာလူကြီးများက မေးရာ ရွှေနတ်တောင်ပေါ်တက်သည့်နေ့က နောက်ဆုံးသုံးခုမြောက် နတ်နန်းကြီးကို မြင်ခဲ့ပြီးနောက် တောင်ထိပ်ကို သူလုံးဝမရောက်တော့ပါ။ တောထဲဝင်သွားသည့် လူသွားလမ်းလေးက ဖုန်နေ၍ ထိုလမ်းအတိုင်း ရှေ့တူရူသို့သာ တစ်စိုက်မတ်မတ် ဆက်သွားနေမိတော့ကြောင်း၊ အတန်ငယ်ကြာလာတော့ လမ်းမှာ လူသံ၊ ခွေးသံတွေ လုံးဝမကြားရတော့ကြောင်း။

သူက ယနေ့မနက် ကိုးနာရီခန့်က စထွက်လာလိုက်သည်မှာ ယခု မွန်းတည့်တော့မည်။ လူက ချွေးတွေထွက်လွန်းလာ၍ အင်္ကျီကို ချွတ်ပြီး ညှစ်ခဲ့ရကြောင်း၊ ရေကလည်း ဆာလွန်းလှ၍ မခံမရပ်နိုင်တော့ကြောင်း၊ လက်ကနာရီကိုကြည့်တော့ လမ်းလျှောက်ချိန်သုံးနာရီအတွင်းမှာ ယောက်ျားခြေနှင့် ဆိုက ဆယ်မိုင်ခန့် လျှောက်လာမိပြီးဖြစ်ကြောင်းကို သတိမူမိတော့၏။

သို့သော် ဦးမောင်မောင်က သတိမလွတ်သေးတော့ သူ့ဘာသာသူ ဆင်ခြင်တုံတရားနှင့် စဉ်းစားကြည့်၏။ သူ ရှေ့ဆက်လျှောက်လေ၊ တောနက်လေ၊ တောခြောက်လေ ဖြစ်လာနေသည်။ သူ လမ်းမှားနေတာ သေချာပြီ။

www.burmeseclassic.com

တိုင်ပင်စရာကလည်း လူမရှိ၊ ဒီထက်ကြာရင် ရေငတ်ပြီး မူးလဲတော့မည်။ လူမသိ သူမသိ မူးလဲနေပြီး ညရောက်လာက သားကောင်တို့နှင့် တွေ့လျှင် သေရတော့မည်။ ဘုရား ဘုရား။

ကဲ အမှားသိလျှင် အမှန်ပြင်ပေါ့။ သူ သင်ခဲ့ရသည့် စစ်ပညာအရ အမှန်ပြင်ရန် နောက်လှည့်ဆိုပြီး လာသည့် လမ်းကို နောက်ပြန်လျှောက်လာလိုက်တော့ အခု ညနေသုံးနာရီကျော်လာပြီ ဖြစ်ပါသည်။ စထွက်သည့်အချိန်က အခု ဘွက်ရွာကိုအရောက် တစ်နေ့လုံး မိုင်နှစ်ဆယ်ကျော်လောက် နေပူကျဲကျဲထဲမှာ ဘာမှ မစားမသောက်ရဘဲ တစ်ယောက်တည်း တုတ်ထမ်းပြီး လျှောက်နေခဲ့ရပါသည်ဟု ဝမ်းနည်းပက်လက်နှင့် ပြောပြရှာသည်။

စာရေးသူတို့ မြို့ရောက်ပြီး နောက်တစ်နေ့ နံနက်စောစောတွင် ဦးမောင်မောင်ကို လူရှင်းသည့် လက်ဖက်ရည်ဆိုင်သို့ ခေါ်လာသည်။

'ကျွန်တော့် အမြင်တော့ ရွှေနတ်တောင်တက်တဲ့လမ်းဟာ မှားစရာမရှိ၊ မျက်စိလည်စရာလဲ မလိုဘူး။ ခင်ဗျား ဘာဖြစ်ခဲ့တာလဲ မှန်မှန်ပြောစမ်းပါ'

ဟု သူ့ကို မေးကြည့်သည်။ ထိုစဉ် ဦးမောင်မောင်က...

'ကျုပ်က နတ်ဆို လုံးဝယုံကြည်တဲ့ လူ မဟုတ်ဘူးဆိုတာ ခင်ဗျား အသိပါနော်။ အဲဒီနေ့က စတွေ့တဲ့ တောင်ခြေက နတ်နန်းရောက်တော့ ကျုပ်အူတွေ ယားလာတယ်။ ငါက မရောက်ဖူးလို့ ထွက်လာတာ သင်းက အိမ်မှာ မနေဘူးလို့ ကျုပ်စိတ်ထဲက ပြောပြီး ရယ်ခဲ့တယ်။

ဟိုတောင်ခုလတ်က အလယ်နတ်နန်းကို တွေ့ပြန်တော့ ကျုပ်နှုတ်က



လွှတ်ခနဲဆို...

"ဟေ့ဟေ့ ဒီအချိန်ဆို မင်း ကလေး ငိုနေတော့မယ်။ မင်းအိမ်ပြန်ပြီး နို့တိုက်ချေကွာ"

လို့ ထွက်သွားလိုက်မိတယ်ဗျ။ အဲနောက်ဆုံး နဂါးကြီးတွေခြေရင်းက နတ်နန်းဂူကြီးကျတော့ နတ်ရုပ်မတွေက ပိုချောပိုလှ ပိုသဘာဝကျ၊ ဆက်ထားတာတွေကလဲ အကောင်းစား ပိုးဖဲစတွေ၊ လက်ဝတ်လက်စားတွေ၊ ငွေတွေကလဲ တစ်ပုံကြီးဗျ။ အဲဒီမှာတင် ကျုပ်စိတ်တွေက ဘာဖြစ်လိုက်တယ် မသိဘူး။ မထိန်းနိုင်တော့ဘဲ...

"ဟေ့ မချော မင်းတို့က ငါမသိအောင် လိုက်လာပြီး ဒီမှာ ငွေလာရှာနေကြတာကိုး။ ကောင်းပါတယ်။ မင်းတို့က မိန်းမသားဆိုတော့ ငွေရှာလို့ရတယ်ကွ။ ဒါမှ ငါတို့ ယောက်ျားတွေက သုံးကြ စားကြ သောက်ကြရမှာကိုးကွ။ အဟတ် ဟား ဟား"

ဆိုပြီး ထွက်လာလိုက်မိတာ အခုလို အဖြစ်ဆိုးနဲ့ ကြုံခဲ့ရတာပါပဲဗျာ'ဟု ပြောပြပါသည်။

စာရေးသူအား ဦးမောင်မောင်က မခြွင်းမချန်နှင့် ခရေစေ့တွင်းကျ ပြော ပြတော့ အားလုံးကို သိလိုက်ရပေ

'ဦးမောင်မောင်ရယ်၊ ဒီတော
သိပ်နတ်ကြီးတယ်
ခင်ဗျားက ဒီနတ်တွေ
မယုံရင် မပူ
မပသနဲ့ပေါ့။ သူတို့
မပသလို့လဲ ခင်ဗျား
ဘာဒုက္ခမှ မပေး
အေး မယုံကြည်လို့ဆို
နတ်နန်းတွေကို ခင်ဗျားပြောပြသ
စိတ်နဲ့၊ နှုတ်နဲ့၊ ကိုယ်အမူအရာစ
တွေနဲ့ စော်ကားရိုင်းပျလာရင်
ဦးမောင်မောင်ရေ ခင်ဗျားက ညွှ
အစိုးရမင်းမှုထမ်းမို့လို့ ခုဟာ နမူ
လေးလောက်ပဲ ပြလိုက်တာပါ။

နောက်တစ်ခါဆို နှစ်ထပ်ရှိသွား
ပိုမှတ်မိအောင် ခင်ဗျားဇီဝိန်ကို ကြ
မွေးလေးနုတ်သလို နုတ်လိုက်လိမ့်မ
နော်'

ဟု ပြောပြလိုက်တော့သည်။

ဦးမောင်မောင်ကလည်း...

'ဒီတစ်ပွဲကတော့ ကျုပ်တစ်သ
မေ့မရနိုင်တဲ့ သင်ခန်းစာရလိုက်ပ
ခံစားလိုက်ရတာကလဲ အီစလံဝေ
တာပါပဲဗျာ။ ခင်ဗျားနဲ့ ကျုပ်တို့
မကုန်ကြသေးလို့သာ ပြန်ဆုံခွင့်ရ
သေးတာဗျ။ ကျုပ် သိပ်ကံကော
တယ်။ ကျုပ် လွန်တာရှိတာတွေ
လဲ ကျုပ်ကိုယ်စား ခင်ဗျားကပဲ ဝန္
ပါလို့ တောင်းပန်ပေးပါဦးဗျာ။ အ
က မယုံဘူးဆိုပေမယ့် အခု ကိုယ်
ကြုံတော့ ယုံရပါပြီဗျာ'

ဟု ပြောလိုက်ပါတော့သည်။


**တက္ကသိုလ် မောင်ရှုလှ**

www.burmeseclassic.com

www.burmeseclassic.com

# ဂဠုရ ကျောက်ဖား

နတ်မောက် လှမြင့်သစ်



မိုးသည် တဖြောက်ဖြောက်နှင့် ရွာနေ၏။ ညနေ ငါးနာရီလောက်က တဝေါဝေါ ရွာချခဲ့ပြီး ခြောက်နာရီ ထိုးလောက်မှာ မိုးစဲသလို ဖြစ်ခဲ့ကာ ယခု ညပိုင်းအထိ တဖြောက်ဖြောက်နှင့် စိမ့်စိမ့်လေးအေးကာ ရွာနေခြင်း ဖြစ်သည်။ ကိုဘကံတို့တစ်ရွာလုံး ရွာအနောက်ဘက် လယ်ကွင်းပြင်တွင် ရေနံမီးတုတ်ကိုယ်စီနှင့် ဖားကောက်၊ ဖားရိုက် ထွက်ကြသည်။

ကိုဘကံတို့ အညာဒေသမှာ ယခုလို မိုးဦးကျတွင်သာ ဖားကို ကမ္ဘာ့ဟင်းသီးဟင်းရွက်ဟု သဘောထားလျက် ပေါပေါများများ စားရသည်။ ဝယ်စားရသူဟူ၍ မရှိ။ တစ်အိမ် တစ်ယောက်, နှစ်ယောက်ဆိုသလို ဟင်းစားအဖြစ် ဖားကောက်၊ ဖားရိုက် ထွက်ကြသည်။ ရေနံမီးတုတ်များအား တစ်နှစ်သုံးပြီး အိမ်အောက် ရေမဟာ ထိုးထားလိုက်ရုံသာ။ နောက်တစ်နှစ်

www.burmeseclassic.com

တွင် အဝတ်စုတ်ကို ရေနံအိုးထဲ စိမ်ပြီး မီးတုတ်မှာပတ်၍ မီးညှိလိုက်လျှင် ရေနံမီးတုတ် ဖြစ်ရသည်သာ။

အချို့က ဖားကို အကောင်လိုက်ကောက်ယူပြီး ပလိုင်း၊ ရှံ့အိတ်တို့တွင် ထည့်သည်။ အိမ်ပြန်ရောက်မှ ရေနွေးဖြောချလိုက်သည်။ အချို့သူတို့က ဖားကို တွေ့ရာနေရာမှာပင် ရိုက်သတ်ယူပြီး အိတ်ထဲ၊ ပလိုင်းထဲထည့်သည်။ အကောင်မပျက် အရှင်လတ်လတ် ရေနွေးဖြောရတာ သနားလို့တဲ့။

ဘာပဲဖြစ်ဖြစ် ပါဏာတိပါတကံက တော့ ကျူးလွန်တာချင်း အတူတူပင် ဖြစ်ပါသည်။ သမုဒ္ဒရာ ဝမ်းတစ်ထွာ၊ အသားဓာတ်ကလေးရဖို့အတွက် ရေနှင့် ဝမ်းစာ နီးရာ လှမ်းကြရခြင်းပင် ဖြစ်ပါသည်။

ကိုဘကံက ရေနံမီးတုတ်ကို ကိုင်၍ ရှေ့မှလျှောက်ကာ ဖားကို ကောက်သည်။ သူ့သား "ပေမှေး"က ပလိုင်းကို စလွယ်သိုင်းကာ လွယ်လျက် လက်တစ်ဖက်က ရေနံအိုးကို ကြိုးနှင့်ချည်၍ ဆွဲကိုင်ပြီး နောက်မှလိုက်သည်။ ဖားက အတော်လေးကျသည်၊ သို့သော် လူ့လောဘက ခရိုးမရှိ၊ တပ်စည်းမရှိ၊ သတ်မှတ် ဘောင်ခတ်လို့မရ။

'လူလေး ဖားဘယ်လောက်ရပြီလဲ'

'နှစ်ပိဿာလောက်တော့ ရှိမယ် အဖေ'

'ဟေ အဲလောက်တောင် ရပြီလား၊ လာကွာ သူတော်ကန်ဘက်အထိ သွားရအောင်။ သုံးပိဿာလောက်ရမှ အိမ်ပြန်တာပေါ့။ ရေနံရှိသေးတယ် မဟုတ်လား'

'ရေနံတော့ ရှိသေးတယ်အဖေ။ သူတော်ကန်ဘက်တော့ မသွားပါနဲ့ဗျာ။ ကျုပ်ကြောက်တယ်ဗျ'

ကိုဘကံ၏သား ပေမှေးက သူတော်



ကန်ကို ဖားကောက်သွားရန် ငြင်းဆန်သည်။ ငြင်းဆန်ရခြင်းအကြောင်းမှာ သူတော်ကန်က ရာဇဝင်ပုံပြင် ရှိခဲ့သည်။ သူတို့ လေးအိမ်တန်းရွာလေးမှာ သူတော်ကန်က ဂမ္ဘီရဆန်ခဲ့သည်။

သူတော်ကန်ဟု ပြီးစလွယ်ခေါ်နေကြသော်လည်း **"ဖိုးသူတော်ကန်"** ဟု သိကြပြီးဖြစ်သည်။ တစ်ဖက်ဆည် ရေကန်ငယ်လေးဖြစ်ပြီး ဖိုးသူတော် တစ်ပါး သူ့လက်၊ ခြေ၊ တတ်နိုင်သမျှ ခွန်အားလေးနှင့် တစ်နေ့တစ်လံဆို သလို မြေဖို့ဆည်ခဲ့သော ရေကန်ငယ် လေးပင်။ ကျေးငှက်သာရကာနှင့် ကျွဲ၊ နွားတို့ ဆယ့်နှစ်ရာသီ ရေသောက် နိုင်ရန် ရည်စူး၍ သစ္စာကျိန်ဆိုပြီး ဆည်ခဲ့သော ကန်လေးဖြစ်သည်။

အင်းရေကန် ခပ်ကြီးကြီးအရွယ် ရေကန်ငယ်လေးမို့ **"သူတော်အင်း"** ဟုလည်း ပြောကြသည်။

'ဤရေကန်ငယ်လေးကို ဖျက်ဆီးသူသည် ကုန်းသွားကုန်းသော ရေသွားရေသော သင့်ပါစေ၊ ပြိုပြင်မွမ်းမံ စောင့်ရှောက်သူ သည် စီးပွားဥစ္စာ တိုးပွားလျက် ကြံတိုင်း အောင် ဆောင်တိုင်းမြောက်ပါစေ'

ဟု ဖိုးသူတော်က ကျိန်စာဆိုခဲ့၊ တိုက်ခဲ့သည်ဟု ပါးစပ်ပြောရာဇဝင် ရှိခဲ့သည်။

ယခုလို မိုးရာသီတွင် သူတော်ကန် လေးဘေးမှာ ဖားတွေ အလွန်ကျ သည်။ ဖားမိသားစုများ ပျော်ပါးကြသည်။ သို့သော် ဖားကောက်ရန် လာသူ များသည် ကန်အနီးနား ရောက်သွားလျှင် ဖားတွေ ပျောက်သွားသည်။ ဖားသံတွေလည်း တိတ်ဆိတ် သွားတော့သည်။

ကန်ကို တစ်ပတ်ပြည့်အောင် ပတ် ကြည့်ပြီးလျှင် ဖားကောက်သူက အရှေ့ ဘက်ကန်စပ် ရောက်နေလျှင် အနောက် ဘက်ကန်စပ်မှ အထက်ဖြူအောက်ပြ ဝတ်ထားသော ဖိုးသူတော်က အမှော င် ထဲတွင် ကိုယ်ထင်ရှားပြပြီး လက်ကာ ပြတတ်သည်။ မလုပ်ပါနဲ့၊ ဖားသတ္တဝါ တွေကို ချမ်းသာပေးပါ။ သူတို့ဘာသာ ဘာဝ ပျော်ပါး နေထိုင်ပါစေဆိုသည် သဘောပင်။

ဖားရှာသွားသော မိုးရာသီနောက် ပိုင်း ကာလများတွင် အချို့သူများက ဖိုးသူတော်ကန်ဘက်သို့ သွားပြီး...

'ဦးသူတော်ကြီးရယ် ဖားလေး ဘာလေး ပေးပါဦး၊ အာဟာရ သယ္ပာယ မမျှတတော့ ပါ၊ ခွင့်ပြုပါ'

ဟု တောင်းပန်ပြီး ဖားသွားရှာလျှင် ငါးဆယ်သား၊ တစ်ပိဿာအထိ ဟင်း စားကောက်ရတတ်သည်။ မည်သည့် ခြောက်လှန့်မှုမှုလည်း မပြုဟု ဆိုကြ သည်။

ကိုဘကံ၏သားမှာ ဆယ့်နှစ်နှစ် အရွယ် ကလေးသာသာဖြစ်၍ ထင်း ပင်လောက်မြင့်သော ဖိုးသူတော်ကြီး ခြောက်မှာကို ကြောက်နေသဖြင့် ငြင်းဆန်ခြင်းဖြစ်သည်။ သို့သော် ကိုဘကံမှာ ဒီနေ့ည ဖားကောက်



www.burmeseclassic.com

www.burmeseclassic.com

တာ လက်တွေ့၊ သဘောတွေ့နေသည်။ ဖိုးသူတော်ကန် (ခေါ်) သူတော်ကန်ကို ဖားသွားကောက်ချင်သောစိတ်ဆန္ဒက တားမရဆီးမရအောင်ဖြစ်နေပါသည်။

'ကဲ လူလေး ကြောက်ရင် မလိုက်နဲ့၊ ရသမျှကို အိမ်ယူသွားတော့ ရေနံအိုးနဲ့ မီးတုတ်ပဲ အဖေယူသွားတော့မယ်။ ရသမျှ ခါးပုံစာလုပ်ပြီး ထည့်ခဲ့မယ်'

'ဒါဆိုရင် ကျုပ်ပြန်မယ်အဖေ'.

ဟု ဆိုကာ ကိုဘကံ၏သား ပေမေးက ရေနံအိုးကို ပေးပြီး ဖားပလိုင်းကို လွယ်ကာ နေအိမ်ဆီ ပြန်သွားလေသည်။ လယ်ကွင်းပြင်တွင်ကား ဖားကောက် မီးတုတ်များမှာ အနှံ့အပြားပင်။

* * *

ရေနံအိုးကို တစ်ဖက်ကဆွဲ၊ တစ်ဖက်က မီးတုတ်ကိုကိုင်လျက် ကိုဘကံသည် စိုက်စိုက်.စိုက်စိုက်နှင့် ဖိုးသူတော်ကန်ဆီသို့ ရောက်လာလေပြီ။ ဖားသံများ တိတ်ဆိတ်သွားသည်။ တစ်ဖက်ဆည်ကန်ပေါင်ပေါ်တွင် လျှောက်ရင်းဖားရှာသော်လည်း မတွေ့။ ကန်တစ်ပတ်မက နှစ်ပတ်.သုံးပတ်ပင် ရှိနေပြီ။

ထိုစဉ်မှာပင် သူ့ခြေထောက်အောက်မှ ''အုံအင်''ဟု စူးရှမြည်လှသည့် ဖားအော်သံကြားသဖြင့် မီးတုတ်ကို အောက်စိုက်ကာ ကြည့်လိုက်ရာ ဖားခုံညင်းလေးတစ်ကောင်၊ မျက်လုံးကြောင်တောင်တောင်လေးကို တွေ့မြင်ရလေသည်။

ကိုဘကံ ရယ်ချင်သွားသည်။ ခုံညင်းဖားဆိုသည်မှာ ကျပ်ပြားဝိုင်းသာသာဖားငယ်လေးသာ ဖြစ်သည်။ မစားလောက်၊ မသောက်လောက် ဖားချည့်မျိုး။ ဖားအသေးစားလေးသာ။

'သွားပါကွာ၊ မင်းတစ်ကောင်နဲ့ငါ့မှာ မထူးပါဘူး'



ဟု ရေရွတ်ကာ ကိုဘကံသည် ဖားခုံညင်းကိုရှောင်ကာ ကန်ကို နောက်တစ်ပတ်,ပတ်၍ ဖားရှာပြန်သည်။ ဖားတစ်ကောင်မှမတွေ့။ ဖားခုံညင်းလေးနားသို့ တစ်ကျော့ပြန် ပြန်ရောက်သည်။ ထိုအခါ ဖားခုံညင်းလေးနားက ''အုံအင်''ဟု စူးရှစွာ အော်လိုက်သံကို ကြားလိုက်ရပြန်သည်။

'ဩော် မင်းက ငါနဲ့ လိုက်ချင်နေတာကိုး။ ခုထိ ဒီနားကမခွာဘဲ စောင့်နေတာပေါ့။ ကဲကွာ ဒီလောက်လိုက်ချင်ရင်လဲ'

ဟု ပြောပြောဆိုဆိုပင် ဖားခုံညင်းလေးကို ကောက်ယူလိုက်ရာ လက်ထဲတွင် ဖားသက်ရှိမဟုတ်ဘဲ ကျောက်ခဲတုံးလေး ဖြစ်နေလေသည်။

'ဟာ တန်တော့ ဒါဟာ ကျောက်ဖားဆိုတာပဲ ဖြစ်ရမယ်။ ငါနဲ့ ထိုက်တန်လို့ရတာ။ အိမ်ယူသွားမှပဲ'

ဟု ကိုဘကံ ဆုံးဖြတ်လိုက်ပြီး ကျောက်ဖားလေးကို ခါးပုံစထဲ ကောက်ထည့်ကာ ရေနံအိုးနှင့် မီးတုတ်ကိုင်၍ အိမ်ဆီသို့ ပြန်ခဲ့လေတော့သည်။

* * *

ကိုဘကံ အိမ်ပြန်ရောက်သောအခါ အတော်ကြီး ညဥ့်နက်နေလေပြီ။ တစ်အိမ်လုံး တုတ်တုတ်မျှမလှုပ်၊ အိပ်စက်ပျော်နေကြပြီ။ ကိုဘကံသည် ရေချိုးစဥ့်အိုးထဲသို့ ကျောက်ဖားလေးကို ထည့်ထားလိုက်သည်။

'တော့် ကိုဘကံ၊ ဘာလုပ်နေတာလဲ'

'ဟာ မိဖံလှ၊ လန့်လိုက်တာဟာ'

သူ့နောက်မှ ဇနီးမိဖံလှက အသံပြုလိုက်မှပင် ကိုဘကံမှ လန့်ထိတ်သွားလေသည်။

'ကျုပ် ဆီးသွားချင်လို့ ဆင်းလာတာ၊ တော့်ကို ရပ်ကြည့်နေတာ ကြာပြီ။ ရေစဥ့်အိုးထဲ တော် ငုံ့ကြည့်နေလို့ ကျုပ်၊ နောက်ကနေ အသာကြည့်နေတာ။ စဥ့်အိုးထဲမှာ ဘာရှိလို့လဲ'

'ရှူး တိုးတိုး လာလာ ငါပြမယ်'

ဟု ဆိုကာ ကိုဘကံက လေသံဖြင့် မမိဖံကို ရေစဥ့်အိုးနား ခေါ်လိုက်လေသည်။ ထို့နောက် ရေနံမီးတုတ်အလင်းရောင်ဖြင့် ကျောက်ဖားလေးကို ပြသည်။ မမိဖံလည်း အံ့ဩနေလေသည်။

'ပစ္စည်းထူးပဲတော့။ ကျုပ်တို့မိသားစု တစ်ခုခုတော့ ထူးတော့မယ်ထင်တယ်။ ရွှေတွေ၊ ငွေတွေများ ရမလို့လားပဲနော် ကိုဘကံ'

'မင်းကလဲကွာ မဆီမဆိုင် ကျောက်ဖားနဲ့ ရွှေ,ငွေနဲ့ ဘာဆိုင်တာမှတ်လို့'

'ဟုတ်ဘူးလေတော်၊ ကျုပ်တို့အဘွားက ပြောဖူးတယ်။ ဖားမင်းသမီးလေး ရောက်လာပြီး ရွှေတွေ၊ ငွေတွေ သေတ္တာထဲ ထည့်ပေးသွားတယ်ဆိုတဲ့ ပုံပြင် ကျုပ်ကြားဖူးလို့ပါတော်'

'တော်တော် စိတ်ကူးယဥ်တဲ့ မိန်းမပဲ။ ကဲပါကွာ ငါအဝတ်လဲဖို့ ထုတ်ထားလိုက်။ ခြေဆေးပြီး လာခဲ့မယ်။ အရမ်းအိပ်ချင်နေပြီ။ မျက်စိတွေ ကျိန်းစပ်နေပြီ'

ကိုဘကံ ခြေထောက်ကိုဆေး၊ မီးတုတ်ကို ငြိမ်းပြီး အဝတ်လဲကာ အိပ်စက်လိုက်လေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

ကိုဘကံ အိပ်ကောင်းနေစဉ်မှာပင် တစ်စုံတစ်ဦးက ပခုံးကို လာပုတ်သဖြင့် နိုးသွားရသည်။

'ခင်ဗျားအိမ်မှာ ကျုပ်နေမယ်နော်။ ခင်ဗျားအလုပ်ကိုစွမ်းသမျှ ကျုပ်ကို တိုင်ပင်ပါ။ အောင်မြင်မယ့်အလုပ်၊ ကောင်းတဲ့အလုပ်ဆိုရင် ကျုပ်အသံပေးမယ်။ ကျုပ်ငြိမ်နေရင် မလုပ်ပါနဲ့ ဟုတ်ပြီလား။ ကျုပ်ကို ထမင်းဖြူပဲ ကျွေးပါ'

'အေးပါကွာ အေးပါ၊ အေးပါ... အေးပါ၊ ကျွေးပါ့မယ်၊ ကျွေးပါ့မယ်'

ကိုဘကံနှုတ်မှ ကယောင်ကတမ်းနှင့် စာတွတ်တွတ် ရေရွတ်နေလေသည်။

'ကိုဘကံ ကိုဘကံ တော့် ကိုဘကံ ထတော့လေ၊ နေတောင်ထွက်နေပြီ ဘာတွေအော်နေတာလဲ'

'ဟော အေး... အေး ထပါ့မယ်'

သူ့ဇနီး မိဖဲလှက လှုပ်နှိုးလိုက်မှ ကိုဘကံ နိုးထသွားရသည်။ နေအိမ်ထရံပေါက်ကလေးများကြားမှ နေရောင်ခြည်တန်းလေးများပင် "အိမ်ထဲသို့ ထိုးဝင်နေလေပြီ။

ရေချိုးစဉ်အိုးနားသို့ မျက်နှာသစ်ရန်သွားလိုက်ပြီး ညက သူရခဲ့သော ဖားခုံညင်း ကျောက်ဖားလေးကို ကြည့်လိုက်သောအခါ ရေစဉ်အိုးထဲတွင် ငြိမ်သက်နေသည်ကို တွေ့ရသည်။

'မင်းနဲ့ငါ ပဋ္ဌာန်းဆက်ရှိလို့ ဆုံရတာပဲ။ မင်း အိပ်မက်ပေး ပြောသွားသလိုပဲ ငါ မင်းကို ထမင်းဖြူ နေ့တိုင်းကျွေးမယ်။ ငါ့ကိုလဲ ကောင်းတဲ့အကြံဉာဏ်တွေ ပေးပေါ့ကွာ၊ ဟုတ်လား။ မင်းကိုငါ ဘယ်သူ့လက်ထဲမှ မပို့ဘူး။ ငါကတိပေးတယ်'

ဟု ဆိုကာ ကိုဘကံသည် ကျောက်ဖားလေးကို ရေစဉ်အိုးထဲ ပြန်ထည့်လိုက်လေသည်။

ထို့နောက် မျက်နှာသစ်ပြီး ထမင်းကြမ်းခဲတစ်ခဲယူ၍ ရေစဉ်အိုးထဲ ထည့်လိုက်လေတော့သည်။

* * *

ထိုနေ့၊ ထိုရက်၊ ထိုအချိန်မှစ၍ ကိုဘကံ၏မိသားစုသည် ဘာလုပ်လုပ် ကျောက်ဖားလေးကို တိုင်ပင်ခဲ့လေသည်။

'ကျောက်ဖားလေးရေ မနက်ဖြန် နှမ်းကြဲမလို့ ကြဲရမလား'

'မနက်ဖြန် မြေပဲစိုက်မလို့ စိုက်ရမလားဟေ့'

'ဒီနေ့ မြို့ကို ဈေးဝယ်သွားမလို့၊ ဆန်ဝယ်မလို့၊ ရွှေဝယ်မလို့ ဝယ်ရမလားဟေ့'

စသည်ဖြင့် တိုင်ပင်၍ အခါတော်ပေးခိုင်းလေသည်။

ထိုသို့ တိုင်ပင်သည့်အခါ လုပ်သင့်သည်၊ အောင်မြင်မည်ဆိုလျှင် အိပ်မက်ထဲတွင် ကျောက်ဖားလေးမှ ''အုံအင်၊ အုံအင်၊ အုံအင်''ဟု သုံးကြိမ် အော်မြည်အသံပေးလေသည်။ မလုပ်သင့်သေး၊ အောင်မြင်မှု မရရှိနိုင်လျှင် ဘာအသံမှမပေးဘဲ ငြိမ်သက်နေခဲ့သည်။

ဤသို့ဖြင့် သုံးနှစ်အတွင်းမှာပင် ကိုဘကံတို့မိသားစုမှာ ပဲကရ၊ နှမ်းကရ၊ စပါးတောင်လိုပုံ၊ ဆီကိုရေချိုး၊ ဆေးရိုးမီးလှုံနိုင်လောက်အောင် စီးပွားများ ဖြစ်ထွန်းအောင်မြင်ခဲ့ပေသည်။

ယာမြေလုပ်ငန်းဆောင်တာမှ သီးနှံထွက်များ ထူးထူးခြားခြား အထွက်တိုးအောင်မြင်ပြီး ၊ ပျဉ်ထောင်၊ သွပ်မိုးအိမ်ကြီးရှိုင်နှင့် တောသူဌေးများအဖြစ် ထင်ရှားပြီး ဖြစ်ခဲ့သည်။

ပဲကြဲရမည့်နေ့၊ နှမ်းကြဲရမည့်နေ့၊ စပါးစိုက်ရမည့်နေ့၊ ရိတ်သိမ်းရမည့်အချိန်၊ ရောင်းချရမည့်အချိန်၊ ဝယ်ယူရမည့်အချိန်၊ ဝယ်ယူရမည့်အခါရက်များကို အိပ်မက်ထဲတွင် ကျောက်ဖားလေးက အချက်ပြ အော်မြည်၍ အကြံဉာဏ်ပေးခဲ့သဖြင့် ယခုကဲ့သို့ အောင်မြင်တိုးတက်လာခဲ့ခြင်း ဖြစ်သည်ကို တစ်မိသားစုလုံး ယုံကြည်ခဲ့ပါသည်။ သို့နှင့်ပင်...။

* * *

သို့နှင့်ပင်... ယခုနှစ် ဝါဆို၊ ဝါခေါင်ရေဖောင်ဖောင်တွင် ကိုဘကံ၏ အငယ်ဆုံးသားနှင့် နှမ်းသွာသားတို့က မောင်ရှင်လောင်းလုပ်ချင်သည်။ ရှင်ပြုအလှူ လုပ်ပေးပါဟု ပူဆာလာသည်။

'သီတင်းကျွတ် သီးနှံတွေသိမ်းပြီးတော့ လုပ်တာပေါ့သားတို့ရာ၊ ခုဟာက မိုးရာသီကြီး စိုက်တုန်းပျိုးတုန်းအချိန်ကွ။ မိုးဖျက်လို့ အလှူပျက်ရင် ဘယ့်နှယ်လုပ်မတုံး။ စောင့်ပါဦးကွာ။ တစ်လ နှစ်လပဲလိုပါတော့တယ်'

ဟု ကိုဘကံက တားမြစ်သည်။ သို့သော် မမိဖဲလှက...

'ကိုဘကံကလဲတော် ဘာတွေ တွေးနေတာလဲ။ ကိုယ့်မှာ ဆန်၊ ဆီ ငွေကြေး အပိုတွေ အများကြီးရှိနေ တာပဲ။ သားတွေ လှူချင်တာ လှူ လိုက်ရအောင်ပါ'

'ဟ ငါက မလှူချင်လို့မဟုတ်ဘူး ဝါဆို၊ ဝါခေါင်ကာလဖြစ်နေလို့ မိုးအုံ ပြီး ရွာနေရင် ငါတို့ အလှူပျက်ရမှာ ဘယ်သူမှ လာနိုင်မှာမဟုတ်လို့ ပြော နေရတာ'

'ဒါဆို ကျုပ်တို့ ကျောက်ဖားလေး ကို တိုင်ပင်ကြည့်ရအောင်လေ'

'အေး ဟုတ်သဟ၊ ဒီကောင် တိုင်ပင်ကြည့်ရအောင်။ ကောင်းတ ကွာ'

ကိုဘကံနှင့် မမိဖဲလှတို့ ကျော လေးကို ရှင်ပြုအလှူလုပ်သင့်၊ မ



www.burmeseclassic.com

www.burmeseclassic.com

သင့် တိုင်ပင်လေသည်။ ထိုအခါ အိပ်မက်ထဲတွင် ကျောက်ဖားက "အုံအင်၊ အုံအင်၊ အုံအင်" နှင့် အလှူလုပ်သင့်ကြောင်း ထောက်ခံအကြံပြုလေသည်။

ဤသို့နှင့် ဝါဆို၊ ဝါခေါင် ရေဖောင်ဖောင် မိုးတွင်းကာလကြီးမှာပင် ကိုဘကံနှင့် မမိဖဲလှတို့မှ သားရှင်ပြုအလှူပွဲကြီး ထူးထူးခြားခြား ကျင်းပဆင်နွှဲလေတော့သည်။ ရွာနီးချုပ်စပ် ရွာပေါင်းနှစ်ဆယ်ကျော်ကို ဗျိုးဟစ်၍ ထမင်းရည်ချောင်းစီး မောင်းတီးလှူခြင်းဖြစ်ရာ အလှူပွဲရက်မရောက်မီကပင် တသိမ့်သိမ့်လှုပ် နာမည်ကြီးလျက်ရှိသည်။

မန္တလေးမြို့မှ ထိုစဉ်က နာမည်ကြီး "စိန်ဗိုလ်အောင် မင်္ဂလာဆိုင်း"ကြီးနှင့် ညှော်ခံဖျော်ဖြေမည်ဟုပါ ကြေညာသတင်းလွှင့်ထားရာ အလှူသို့ ဆိုင်းနားထောင်လာကြရန် ပြင်ဆင်နေခဲ့ကြသည်။

အလှူပွဲဝင်သည့် ပွဲစ,နေ့၊ ညဆယ်နာရီခန့်အချိန်၊ ဆိုင်းတီးကောင်းနေသည့်အချိန် ညှော်ပရိသတ်များ မဏ္ဍပ်ပြည့် ဖြစ်နေစဉ်မှာပင် ကောင်းကင်တွင် မိုးသားတိမ်လိပ်များ မည်းတက်လာပြီး မိုးခြိမ်းသံကြီးများပေးကာ မိုးသီးမိုးပေါက်များ စတင် ရွာချလေသည်။ မဏ္ဍပ်တစ်ခုလုံး လှုပ်လှုပ်ရွရွဖြစ်သွားပြီး ဆိုင်းလည်း အတီးရပ်သွားလေသည်။

မိုးရေများမှာ မဏ္ဍပ်အမိုးကို ချက်ချင်းပေါက်မကျသေးဘဲ တဖြောက်ဖြောက် စတင် ရွာကျချိန်မှာပင် အလှူ့ဒါယကာ ဦးဘကံနှင့် ဒါယိကာမ ဒေါ်မိဖဲလှတို့သည် ကျောက်ဖားထည့်ထားသောရေစဉ့်အိုးနားသို့ ပြေးသွားကာ...

'ကျောက်ဖားရေ လုပ်ပါဦးကွ။ ပါတို့ အလှူ မိုးဖျက်လို့ ပျက်ရတော့မှာလား။ မင်း လှူပါ လုပ်ပါဆိုလို့ ပါတို့လဲ အလှူပွဲ လုပ်လိုက်ရတာ။ မိုးကို တားပေးနိုင်ရင် တားပေးပါဦး'

ဟု ပြောဆို တောင်းပန်လေသည်။ ထိုအခါ ပတ်ဝန်းကျင်မှ "အုံအင်... အုံအင်...အုံအင်...အုံအင်...အုံအင်" နှင့် ဖားအော်သံများ ကြားလိုက်ရာ ထိုအသံသည် ဆိုင်းဗိုင်းတွင် ချိတ်ထားသော စကားပြောခွက်မှတစ်ဆင့် အသံဝင်သွားပြီး တစ်ရွာလုံးကို ဖားအော်သံ လွှမ်းသွားလေတော့သည်။

မိုးသည်လည်း ချက်ချင်းရပ်သွားပြီး ကောင်းကင်တွင် မိုးသားတိမ်လိပ်တို့ ကင်းစင်သွားလျက် လမင်းရောင်ခြည်ပင် ထွက်ပေါ်လာတော့သည်။ ယခုမှပင် ဆိုင်းဆရာ "စိန်ဗိုအောင်" လည်း ပြုံးနိုင်ပြီး ဆိုင်း ဆက်တီးနိုင်လေတော့သည်။ ထို့အတူ...။

ထို့အတူ ရွာထဲမှ သက်ကြီးရွယ်အို ဘိုးဘွားတို့ကလည်း...

'ကျောက်ဖားအော်သံ ကြားလိုက်ရတယ်'

'ဟုတ်တယ် စောစောကအော်သံဟာ ကျောက်ဖားအော်သံပဲ'

'မှန်တယ်ဟေ့ **ကျောက်ဖားဆိုတာ မိုးရွာအောင် ခေါ်နိုင်သလို၊ မိုးမရွာအောင်လဲ တားနိုင်တယ်'**



'ဟုတ်လား၊ ဒါဆိုရင် ဘကံဟာ တော်တော်ကံထူးတဲ့ ပါရမီရှင်ပဲ။ သူ့အလှူမှာ မိုးက လာဖျက်တာတောင်မှပဲ ကျောက်ဖားက အော်ပြီး တားပေးတယ်ဆိုတော့ တော်ရုံတန်ရုံ ကံမဟုတ်ဘူး။ ကြီးမားတဲ့ ရေးကုသိုလ် အဆက်လို့ ပြောရမှာပဲ'

'အေး ငါတို့ရွာနားမှာ ကျောက်ဖားရှိတယ်ဆိုတာ လာဘ်ကောင်းတာပဲကွ။ မိုးများနေရင်လဲ တားနိုင်းရမယ်၊ မိုးလိုရင်လဲ မိုးခေါ်နိုင်းရမယ်၊ ကျောက်ဖားအရှာ ထွက်ရမယ်ကွ'

စသည်ဖြင့် သက်ကြီးစကား သက်ငယ်ကြားဆိုသလို တစ်ဆင့်ပြီးတစ်ဆင့် စကား ပြန့်သွားခဲ့လေသည်။ အလှူ့ဒါယကာကြီး ဦးဘကံနှင့် အလှူ့ဒါယိကာမကြီး ဒေါ်မိဖဲလှတို့၏ သားရှင်ပြုအလှူပွဲကြီးမှာလည်း အောင်မြင်စည်ကားသိုက်မြိုက်စွာနှင့် ပြီးစီးခဲ့ရပါလေသည်။

* * *

ထိုသို့ ထမင်းရည်ချောင်းစီး မောင်းတီးအလှူကြီး ပြီး၍ သုံးလခန့်ရှိချိန်၊ တစ်နေ့ နံနက်စောစောတွင် ကိုဘကံတို့ နေအိမ်သို့ လေးအိမ်တန်းရွာဦးကျောင်း ဆရာတော် ဦးပဏ္ဍိတသည် ကြွရောက်လာလေသည်။

ကိုဘကံနှင့် မမိဖဲလှတို့မှာ ဆရာတော် ကြွရောက်လာသဖြင့် အိမ်ပေါ်ထပ် ဘုရားခန်းတွင် ချက်ချင်း လှည်းကျင်း၊ ကော်ဇောခင်း၍ ဝတ်ပြုကြသည်။ ဆရာတော်မှ မျက်လုံးကို ချ

www.burmeseclassic.com

ထားပြီး…

'… …။ အဲဒီတော့ ဒကာကြီးနဲ့ ဒကာမကြီးတို့ အစွဲမကြီးကြပါနဲ့။ အစွဲအတွေ ဆိုတာ မကောင်းပါဘူး။ အပါယ်ကို လားနိုင်ပါတယ်။ ဘုန်းကြီးရဲ့ အကျင့် သီလ၊ သမာဓိကို ဒကာကြီးတို့ သိပြီးဖြစ်ပါ့မယ်။ ဒကာကြီးတို့ထံမှာ သုံးနှစ်ကျော်ကျော် သူ့ ပဌာန်းဆက်၊ ကုသိုလ်ဆက်ရှိသရွေ့ နေခဲ့ ကူညီခဲ့ပြီးပြီပဲ။ သူ့နေရာသူ ပြန်ပို့ပေးပါတဲ့။

အကာကြီးတို့ရဲ့ အလှူပွဲစတဲ့ညမှာ မိုးရွာ ကတည်းက ကျောက်ဖားအော်သံကို ဘုန်း ကြီးလဲ ကြားခဲ့ရပါတယ်။ အခု ဘုန်းကြီးကို သုံးညဆက်တိုက် အိပ်မက်ပေးပြီး တောင်းပန် နိုင်းနေပါတယ်။

သူ့မူလ "ဖိုးသူတော်ကန်"ကို ပြန်ပို့ပေးပါ တဲ့။ ဒကာကြီးတို့ကို သူပြောမထွက်ဘဲ ဖြစ်နေလို့ပါတဲ့။ ပြီးတော့ အစွဲကြီးကြီးနဲ့ သူ့ ကို ဒကာကြီးတို့ မစွန့်နိုင်ဘဲ ဖြစ်နေမှာကို လဲ စိုးရိမ်လို့ တရားပြ ပြောဟောပေးဖို့ ဘုန်းကြီးကို တောင်းပန်နေပါတယ်၊ ဒါကြောင့် ဘုန်းကြီး ဒကာကြီးတို့ဆီကို ချက်ချင်း ကြွ လာထာပါပဲ'

ဆရာတော် ဦးပဏ္ဍိတမှ တောက် လျှောက် မိန့်ကြားပြီး ရေနွေးကြမ်း တစ်ခွက် ဘုဉ်းပေးတော်မူကာ ဆက် လက် မေးတော်မူပြန်သည်။

'အဲဒီတော့ ဒကာကြီးတို့ဆီမှာ ကျောက်ဖား ရောက်နေ ရှိနေတာ အမှန်ပဲလား။ ဘုန်းကြီးအိပ်မက် မမှန် ရင် ဘုန်းကြီးဟာ သီလ၊ သမာဓိပျက် သူ ဖြစ်ရမှာပဲ။ ဒကာကြီးတို့ ဇနီး မောင်နှံဟာ သီလရှိသူတွေလို့ ဘုန်းကြီး ယုံကြည်စွာမေးတာပါ'

ကိုဘကံနှင့် မမိဇံလှတို့ တစ် ယောက်မျက်နှာတစ်ယောက် ကြည့် လိုက်ကြသည်။ အတန်ကြာမှပင် ကိုဘကံက…

'အမှန်ပါပဲဘုရား။ တပည့်တော်ဆီမှာ ကျောက်ဖားရောက်နေတာ သုံးနှစ်ကျော်ခဲ့ တာလဲ အမှန်ပါပဲ။ သူနဲ့ တပည့်တော် ကံကုန်ပြီဆိုရင် တပည့်တော် ပြန်ပို့ပေးရမှာ ပေါ့ဘုရား။ တပည့်တော် အစွဲမထား။ အတွေ မကြီးပါဘူးဘုရား'

'အေး အေး အေး ဝမ်းသာတယ် ဒကာရယ်၊ ဝမ်းသာတယ် သာဓု… သာဓု… သာဓု…။

"အိပ်မက်ထဲမှာ ကျောက်ဖားလေး က ဘုန်းကြီးကို လျှောက်ထားခဲ့သေး တယ်။ အခုလို သူ့ကို ပြန်ပို့နိုင်းရတာ ကလဲ သူ့အသံသတင်းကို လူတွေ အနံ့ခံလိုက်လာပြီး သူ့ကိုလိုချင်မက် မောစွာနဲ့ ခိုးကြ၊ လုကြ၊ ရောင်းကြ၊ ဝယ်ကြဖြစ်ပြီး လူတွေ တစ်ဦးနဲ့တစ်ဦး သွေးထွက်သံယို ရန်မီးတွေ ပွားကုန်မှာ မြင်ယောင်လို့ပါ"တဲ့ ဒကာရဲ့။ ကဲ ကဲ ရက်မဆိုင်းဘဲ ဒီတစ်ရက်၊ နှစ်ရက် အတွင်း ကျောက်ဖားကို "ဖိုးသူတော် ကန်"ဆီ သွားပို့လိုက်ပါ ဒကာကြီး'

'တင်ပါ့ဘုရား။ တပည့်တော် ပို့ လိုက်ပါ့မယ်။ စိတ်ချတော်မူပါဘုရား'

သို့နှင့်ပင် ကိုဘကံသည် လမိုက်ည တစ်ညတွင် မိဇံလှနှင့် လင်မယားနှစ် ယောက် လူမသိ၊ သူမသိအချိန် ဂမ္ဘီရကျောက်ဖားလေးကို မူလ ဖိုးသူ တော်ကန်ဆီသို့ ပြန်ပို့လွှတ်လိုက်လေ သည်။

'ကျောက်ဖားလေးရေ မင်း အခါတော်ပေး ကူညီခဲ့လို့ ငါတို့မိသားစုမှာ သက်ငယ်မိုး ဝါးထရံကာကနေ သွပ်မိုး ပျဉ်ထောင် ပျဉ်ခင်း အိမ်ကြီးရှိုင်နဲ့ နေနိုင်ခဲ့ရတယ်။ ယာမြေကလဲ သီးနှံအထွက်တွေတိုးပြီး လူမှုအဆင့်အတန်း မြင့်ခဲ့ရပါတယ်။ သားရှင်ပြု အလှူကြီးလဲ လုပ်နိုင်ခဲ့ရတယ်။ မင်းရဲ့အစွမ်းနဲ့ ကူညီခဲ့မှုကို မမေ့ပါဘူး။ မင်းကျေးဇူးတရားကို ဒီတစ်သက် မကာဘူး။ နောင်ဘဝတစ်သက်အထိ … ဘူး။ မင်းသွားလိုရာ သွားပါတော့'

ဟု ရေရွတ်လျက် ကိုဘကံသည် ကျောက်ဖားလေးကို ဖိုးသူတော်ကန် ထဲသို့ လွှတ်ပေးလိုက်လေသည်။ … မှာပင် မိုးသည် အချိန်အခါမဟုတ် … သည်းထန်စွာ ရွာသွန်းလေတော့သည်။

* * *

'အဲဒီတုန်းက အစာအသက်ဟာ … အရွယ်ပါ။ အခု အဘအသက်ဟာ ရှ… သုံးနှစ်ရှိပါပြီ။ ဂမ္ဘီရကျောက်ဖားကို ဖိုး… ကန်ထဲ လွှတ်ပြီးမှ တစ်ရွာလုံးသိ… အဘဆီ မေးကြ မြန်းကြနဲ့ အိမ်မှာ … ကို မပြတ်ဘဲ ဖြစ်နေခဲ့သေးတယ်။

အဲဒီအချိန်ကစပြီး မိုးဦးကျရင် တစ်… ဖားကောက်သူတွေဟာ ဖိုးသူတော်… သွားပြီး ကျောက်ဖားအော်သံ နားစွင့်… ကြ၊ ကျောက်ဖားကိုရှာကြ လုပ်ကြ… ဒါပေမယ့် အခု နှစ်သုံးဆယ်ကျော် … ကျောက်ဖားကို ဘယ်သူမှ မရခဲ့ … ခဲ့ကြပါဘူး။ တစ်ခါတစ်ရံမှာတော့ ကျောက် ဖားအော်သံကို ကြားရတတ်ပါသေးတယ်'

'ဒါဆိုရင် အဘရယ် ဂမ္ဘီရကျောက် ဖားဆိုတာ တကယ်ရှိတယ်ပေါ့ … လား။ ကျွန်တော် အဲဒါ သိချင်တာ…'

'ရှိလို့ အဘတောင် ပိုင်ဆိုင်ခဲ့ဖူး… ပေါ့ကွယ်'

လွန်ခဲ့သော ငါးနှစ်ခန့်က … မောက်မြို့နယ်၊ လေးအိမ်တန်းကျေး… မှ အသက်ရှစ်ဆယ်ကျော် အဘ… ကံ၏ ကိုယ်တွေ့ပြောပြချက် ဂမ္ဘီ… ကျောက်ဖားအကြောင်းကို ရေး… တင်ပြလိုက်ပါသည်။

*တျန်းမာ ချမ်းသာ လန်းဖြာ၍*
*အသိဗဟုသုတ တိုးပွားကြပါစေ…*

**နတ်မောက် လှမြင့်…**



www.burmeseclassic.com

www.burmeseclassic.com



မောင်လေးဝေ
(ဘီးလင်း)

# နတ်ရောက်မှု

[၁]

ကျွန်တော် တပ်မ(၁၀၁)မှာ ဒုဗိုလ် ဘဝတုန်းက ဖြစ်ပျက်ခဲ့တာတွေပါ။ လွန်ခဲ့တဲ့ ၁၉၉၉ ခုနှစ်က ကယား ပြည်နယ်အစွန်လောက်မှာ ရှေ့တန်း တာဝန်ထမ်းစဉ်က ဖြစ်ပါတယ်။

တောထဲတောင်ထဲ ရွာပုန်း ရွာပျက်တွေထဲ အပါအဝင် နေရာအနှံ့ ရောက်ရပါတယ်။ ရွာပျက်တစ်နေရာတွင် စခန်းချ အနားယူစဉ် တပ်ကြပ် တစ်ယောက်က ရွာနတ်သစ်ပင် အောက်မှာ မသိ၍ အပေါ့သွားမိခဲ့ပါတယ်။

အဲဒီညမှာပဲ အဲဒီတပ်ကြပ် ဟာ သေနတ်အပါအဝင် သူတစ်ယောက်တည်း ပျောက်သွားခဲ့တယ်။ အဖော် တပ်ဖွဲ့ဝင်တွေက လိုက်လံ စုံစမ်းပေမယ့် သတင်း ကြားရပါ။ သေနတ်ပါသွားလို့ ပိုပြီး စိတ်ပူကြရပါတယ်။

တပ်ကြပ်တစ်ယောက် ပျောက်ဆုံးကြောင်း အထက်ကို သတင်း တင်ပြကြရတယ်။ တပ်မမှူးမှ အမိန့်ချလာပါတယ်။

**"သက်ဆိုင်ရာ တောစိုး နတ်တွေကို တောင်းပန်ပါ"** တဲ့။

တပ်ရင်းမှူးကတော့ နတ်ဝှက်တာ ဆိုတာကို မယုံဘူးပေါ့။ မဖြစ်နိုင်တဲ့ ကိစ္စဆိုပြီး တောင်းပန်ဖို့ ဝန်လေးနေ တယ်။ နောက်မှ ဟုတ်သော်ရှိ မဟုတ် သော်ရှိ အဘလုပ်ကြည့်ဖို့သင့်ကြောင်း ဗိုလ်ချုပ်က ဒုဗိုလ်ဖြစ်သူ ကျွန်တော်က ကောင်းတောင်းပန်ပန်ပြောမှ တပ်ရင်း မှူးကြီးက (စလင်းတပ်မှ ဖြစ်သည်) သစ်ပင်တစ်ပင်အောက်တွင် အမွှေး တိုင်၊ ဖယောင်းတိုင်ထွန်းပြီး တောင်းပန် ခဲ့ပါတယ်။

အဲဒီညမှာပဲ ပျောက်ဆုံးသွားတဲ့ တပ်ကြပ်ဟာ သေနတ်တွေနဲ့အတူ ပြန်ရောက်ချလာပါတယ်။

'ဘယ်ရောက်နေလဲ၊ ဘယ်သွားလဲ'

လို့မေးတော့ နတ်တစ်ဦးက သူ့ကို ထိန်းသိမ်းထားကြောင်း၊ မျက်နှာကို တော့ မှုန်ဝါးဝါးသာမြင်ရပြီး မသဲကွဲ ကြောင်း၊ ထိုနတ်ရဲ့ အဝတ်အစား ကတော့ ဓာတ်ထဲက နတ်ဝတ်တန်ဆာ လို ဖြစ်ကြောင်း ပြောပြပါတယ်။

''ဒီ(၇)ရက်အတွင်း ဘာစားသလဲ'

လို့ တပ်ကြပ်ကို မေးကြရာ အဲဒီ နတ်က သူ့ကို ဖန်ခါးသီးနှစ်လုံးကျွေး ကြောင်း၊ ဖန်ခါးသီးနှစ်လုံးကြောင့်

www.burmeseclassic.com

ထမင်းမဆာကြောင်း ပြောပြပါတယ်။

သူ့ကို လိုက်ရှာကြတဲ့ ရဲဘော်တွေကို တွေ့ပါကြောင်း၊ သူ့ကို အော်ခေါ်သံတွေကိုလဲ ကြားရကြောင်း၊ သူပြန်ထူးပေမယ့် လိုက်ရှာကြသူများက မကြားကြတာဖြစ်ကြောင်း ပြောပြပါတယ်။

အဲဒီနောက် အဲဒီတပ်ကြပ်ကို ထိုက်သင့်တဲ့အပြစ်ဒဏ် ချမှတ်ခဲ့ကြကြောင်း ဗိုလ်ကြီးညီညီဇော်က စာရေးသူကို ပြောပြပါတယ်။

[၂]

စကားစပ်မိလို့ ရေးရဦးမယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၀)ကျော်က ဖြစ်ပါတယ်။ လေးကေရွာ အရှေ့ဘက် (၃)မိုင်ခန့်တွင် **မူးဒေးတောရကျောင်း** ရှိပါတယ်။ မူးဒေးကျောင်းဝင်းတွင် မြန်မာတပ်မတော်စစ်ကြောင်း တစ်ကြောင်း နားခိုစဥ် ညအခါ ထိုတပ်ရင်းက တပ်စိတ်တစ်စိတ်လုံးရဲ့ သေနတ်များအားလုံး ထူးဆန်းစွာပျောက်သွားပါတယ်။ အဲဒီတပ်စိတ်မှာ လက်နက်မဲ့ဖြစ်သွားကြကုန်ပါတယ်။ ဒါနဲ့ မိုးလင်းတဲ့အခါ မူးဒေးဆရာတော်ကြီး ဦးနာဂိန္ဒကို ဒီကျောင်းဝင်းမှာ တည်းခိုတဲ့စစ်သားအချို့ရဲ့ သေနတ်များ ပျောက်သွားကြောင်း လျှောက်ကြပါတယ်၊ တပ်ရင်းမှူး၊ တပ်ခွဲမှူး၊ တပ်စုမှူးတို့က လာလျှောက်ကြခြင်း ဖြစ်ပါတယ်။

အဲဒီအခါ မူးဒေးဆရာတော်ကြီးက...

'ဒကာတို့ ဒီမူးဒေးကျောင်းဝင်းမှာ သားငါးတွေ အရက်သေစာတွေ သောက်စားကြသေးလား'

မေးတော်မူလို့ တပ်ရင်းမှူးက စစ်သားအချို့ ဝက်သားဟင်းချက်စားကြကြောင်း၊ မ,တစ်ထောင်သားများဖြစ်ကြလို့ အသောက်အစားကင်းသူနည်းပါးပါကြောင်း ပြန်လျှောက်ပါတယ်။

အဲဒီအခါ မူးဒေးဆရာတော်ဦးနာဂိန္ဒက...

'ဒကာတို့ ဘုရားကန်တော့ပြီး တောပိုင်တောင်ပိုင်တွေကို ပြန်တောင်းပန်ရင် သေနတ်တွေ ပြန်ရကောင်း ရနိုင်ပါတယ်'

လို့ မိန့်သဖြင့် တပ်ရင်းမှူးနဲ့တကွ စစ်သည်များ စုပေါင်းဘုရားကန်တော့ကြပြီး တောပိုင်တောင်ပိုင်ကို ဝန်ချတောင်းပန်ကြပါတယ်။

ဝန်ချတောင်းပန်ပြီး မကြာမီ ပျောက်နေတဲ့ သေနတ်များကို ဓမ္မာရုံအနီးရှိ သစ်ပင်ကြီးတစ်ပင်တွင် ပဒေသာပင်များ တွဲလောင်းကျနေသလို သေနတ်များ တွဲလောင်းကျနေတာကို တွေ့ရပါတယ်။

တပ်ရင်းမှူးနဲ့ အရာရှိစစ်သည်တော်များ လွန်စွာဝမ်းသာကြပါတော့တယ်။ အဲဒီတုန်းက အဖြစ်အပျက်များကို လေးကေကျောင်းနေ ဦးဝီရိယက စာရေးသူအား ပြန်လည်ပြောပြလို့ သိရပါတယ်။

ဦးဝီရိယမှာ ယခုအခါ သက်တော် (၇၀)ကျော်ပြီ ဖြစ်ပါတယ်။

အနယ်နယ်အရပ်ရပ်သို့ လှည့်လည်သွားလာကြရသူများအဖို့ သတိပြုစရာ "နတ်ဝှက်မှု" အကြောင်းကို ရေးသားတင်ပြရပါတယ်။

မှတ်ချက်

**ရှေ့တန်းတပ်မ(၁၀၁)မှ ဗိုလ်ကြီးညီညီဇော်နှင့် လေးကေကျောင်း ဦးဝီရိယတို့အား ကျေးဇူးတင်ပါသည်။** *(စာရေးသူ)*

*ကျန်းမာ ချမ်းသာကြပါစေ။*

**မောင်လေးကေ** *(ဘီးလင်း)*

စာမူပို့လိုက...

ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
အမှတ် ၂၃၃၊ (၂၉)လမ်း၊
ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း-၀၁ ၂၄ ၂၈၇



www.burmeseclassic.com

www.burmeseclassic.com



မောင်သွန့်ဘိန်း
(တောင်စွန်းမြို့)

# ဂျိုရှဂါဏ်ထောအသန်းတစ်ပုဒ်

ပညာရှင်များမှ ဖော်ထုတ်ပေးကြပါ

ကျွန်တော်သည် မြန်မာ့တပ်မတော်သားဘဝအဖြစ် **၁၉၇၃ ခုနှစ်မှ ၂၀၀၄ ခုနှစ်**အထိ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ပါသည်။ ထိုသို့ တာဝန်ထမ်းဆောင်ခဲ့သော နေရာများမှာ အရှေ့တိုင်း စစ်ဌာနချုပ် (ရတခ)၏ လက်အောက်ခံတပ်ရင်း ဖြစ်သော ခလရ(...)တွင် ၁၉၇၃ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၉၀ ပြည့်နှစ် ဒီဇင်ဘာလတွင် ရင်းတပ်မှ အခြားသော တပ်ရင်းသို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ခဲ့ရသည်။

ကျွန်တော်သည် ကရင်ပြည်နယ်နှင့် ရေစက်မကုန်၍လားမသိပါ မွေးရာတွင်လည်း ကရင်ပြည်နယ်မှာမွေး၍ တပ်မတော်ထဲ တာဝန် စတင်ကျသည်မှာလည်း ကရင်ပြည်နယ် တာဝန်ကျကာ ယခု တပ်ပြောင်းရပြန်တော့လည်း ကရင်ပြည်နယ်မှာပင် ဖြစ်၏။

ကျွန်တော့်အနေနှင့် ယခုကဲ့သို့ ကရင်ပြည်နယ် အတွင်းမှာချည်း တာဝန်ထမ်းဆောင်ရ၍ ဝမ်းသာရ၏။ အဘယ်ကြောင့်ဆိုသော် ယခု တပ်ရင်းစစ်ဆင်ရေးထွက်ရသော နယ်မြေမှာလည်း ယခင်တပ်တွင်ရှိစဉ်က ရဲဘော်ဘဝနှင့် ကာလများစွာ ကျင်လည်၍ စစ်ဆင်ရေးထွက်ရသည့် နယ်မြေများ ဖြစ်သည်။

ယခင်က အကြမ်းဖက်သောင်းကျန်းသူ နယ်မြေဖြစ်သော အဇင်းကျိုက်တုံ လန်ဖား၊ ငှက်ပျောတော စသည့် နယ်မြေများသို့ ပြန်လည်၍ စစ်ဆင်ရေး

www.burmeseclassic.com

ဝင်ရသည်ဖြစ်၍ ကျွန်တော့်အဖို့ နယ်မြေကျွမ်းကျင်ပြီးသား ဖြစ်ခြင်းကြောင့်ပင်။

ထို့ကြောင့် ရန်သူ၏ အလေ့အထနှင့် ၎င်းတို့၏ လှုပ်ရှားသွားလာနိုင်သည့် နေရာများကို သိရှိထားနိုင်ခဲ့သည်။ ယခင်ကဆိုလျှင် အဖင်းကျိုက်တုံဝင်တာနှင့် အကြမ်းဖက်သောင်းကျန်းသူများနှင့် ပွဲကြီးပွဲကောင်း နွှဲရမြဲဖြစ်သည်။ ယခုတော့ ၎င်းနယ်မြေများသည် အေးချမ်းသာယာလျက်ရှိနေပြီ။ ဤကား ငြိမ်းချမ်းရေး၏ ချိုမြိန်သောရလဒ်ပင်ဖြစ်သည်။

၎င်းနယ်မြေသည် ဥယျာဉ်ခြံမြေထွက် အသီးအနှံများ လွန်စွာပေါ၏။ ကွမ်းသီး၊ ဒူးရင်းသီး၊ မင်းကွတ်သီး၊ ရှောက်၊ သံပရာသီး စသည့်သီးနှံများကား စားမကုန် သုံးမကုန်အောင်ပင် ပေါများလှ၏။

ယခင်က နယ်မြေ မအေးချမ်းသောကြောင့် ဌာနေတိုင်းရင်းသားများ စီးပွားရေးထုတ်ကုန် အောင်မြင်အောင် မလုပ်နိုင်ခဲ့ပေ။ ယခုဆိုလျှင် ကျိုက်တုံမှ နယ်စပ်ဘုရားသုံးဆူအထိ ကားလမ်းပေါက်နေပြီ။ ထိုတွင်မက ကျိုက်တုံ၊ ကြာအင်းဆိပ်ကြီး၊ မော်လမြိုင်ထိ ကားလမ်းကား ကောင်းမွန်ဖြောင့်ဖြူးနေပေပြီ။ ထိုအကျိုးဆက်ကြောင့် ယခုကျိုက်တုံသည် စီးပွားရေးကောင်းသောနေရာဒေသတစ်ခုအဖြစ်သို့ ရောက်ရှိခဲ့ပြီ ဖြစ်သည်။

ဤသို့သော နယ်မြေသို့ ကျွန်တော် တစ်ကျော့ပြန် စစ်ဆင်ရေးထွက်ရသည်မှာ ယခင် ခလရ(...)တပ်တွင် နေခဲ့စဉ်က ထူးဆန်း၍ ပြောပြလျှင် မယုံကြည်နိုင်လောက်အောင် တွေ့ကြုံခဲ့ရသော အံ့သြဖွယ်ကောင်းသော ဖြစ်စဉ်လေးတစ်ခုကို တောင်စွန်းမြို့



စာရေးဆရာ ထွဋ်ခေါင်ကျော်နှင့် တွေ့စဉ် ပြောပြမိသဖြင့် ဆရာ၏ တိုက်တွန်းချက်နှင့် ဤဆောင်းပါးကို ရေးသားလိုက်ပါသည်။

### ဖြစ်စဉ် (၁)

ထိုစဉ်က ကျွန်တော် ရဲဘော်ဘဝနှင့် ခွဲရုံတပ်စုနှင့် (...)ကျေးရွာတွင် တာဝန်ကျပါသည်။ ၎င်းရွာတွင် ကျေးရွာပြည်သူ့စစ် အဖွဲ့အစည်းရှိ၍ ကျွန်တော်တို့နှင့်အတူ လက်တွဲ၍ နိုင်ငံ့တာဝန်ထမ်းဆောင်ကြပါသည်။ ၎င်းရွာလေးမှာ (ဇမိမြစ်)၏ ကမ်းနဖူးပေါ်တွင် တည်ရှိပြီး သင်္ဘောဆိပ်လည်းရှိ၍ သွားလာရေး အဆင်ပြေလှသည်။ ထိုရွာတွင် လူမျိုးပေါင်းစုံနေကြသည်။ ဘာသာရေးနှင့်လည်း မိမိယုံကြည်ရာ ကိုးကွယ်ကြသည်။ အများစုမှာ ရှမ်း၊ ကရင်၊ ဗမာ၊ ပအိုဝ်း တိုင်းရင်းသားများနှင့်အတူ ဘာသာခြားများလည်း ရှိကြသည်။

ကျေးရွာ ပြည်သူ့စစ်ထဲတွင် မောင်မျိုးဟုခေါ်သော ပအိုဝ်း တိုင်းရင်းသားလေးတစ်ယောက်လည်း ပါသည်။ မောင်မျိုးမှာ ရိုးသား၍ အမြဲပင် ပြုံးပြုံးရွှင်ရွှင်နှင့် ပျော်ပျော်နေတတ်ပြီး စကားပြောရာတွင် ယဉ်ကျေး၍ လူချစ်လူခင် ပေါများလှပေသည်။ ပျော်ပျော်နေသော်လည်း အရက်နှင့် လောင်းကစားတို့ကို လုံးဝမလုပ်ပေ။ ထို့ကြောင့် ရဲဘော်များက ညီရင်းအစ်ကိုကဲ့သို့ ချစ်ခင်ကြသည်။ ရဲဘော်များထံမှာရှိလျှင်လည်း ယူစား၍ သူ့ဆီမှာရှိလျှင်လည်း ရက်ရောစွာ ကျွေးမွေးတတ်သည်။

မောင်မျိုးတွင် မိသားစုဝင် များများမရှိပါ။ ၎င်းနှင့် မကြာသေးမီကမှ ရရှိထားသော ဇနီး အသစ်စက်စက်တစ်ဦးသာ ရှိသည်။

ထူးခြားသည်က မောင်မျိုးမှာ ပအိုဝ်းတိုင်းရင်းသား ဗုဒ္ဓဘာသာဖြစ်၍ သူ့ဇနီးကတော့ ဘာသာခြား အမျိုးသမီးတစ်ဦး ဖြစ်သည်။ ၎င်းတို့ ဇနီးမောင်နှံမှာ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာရှိလွန်းသောကြောင့် ကိန္နရီမောင်နှံဟုပင် ပတ်ဝန်းကျင်မှ ဆိုကြရသည်။ ချီးမွမ်းကြရသည်အထိ ဖြစ်သည်။ ဤသို့ နေလာရာ တစ်နေ့တွင် မမျှော်လင့်သော သတင်းဆိုးတစ်ရပ် ကြားရလေတော့သည်။ မောင်မျိုးသေနတ် ညက ပျောက်သွားကြောင်း မောင်မျိုးနှင့်အတူ ပြည်သူ့စစ်ခေါင်းဆောင်ကိုလှငွေမှ လာရောက် သတင်းပို့ပါသည်။

ကျွန်တော်တို့လည်း သတင်းရရချင်း အထက်မှ အထက်အရာရှိ၏ တာဝန်ပေးချက်အရ ရွာတွင်း ချက်ချင်း လိုက်လံ ရှာဖွေကြပါသည်။ ရွာတွင်း မတွေ့သဖြင့် ရွာအပြင်ရှိ လယ်တဲများ၊ တောစပ်ချုံနွယ်များ၊ ချောင်းစပ်များ ရှိနိုင်မည့်နေရာများကို လိုက်လံ ရှာဖွေပါသော်လည်း သေနတ်မှာ ပုန်းကောင်းနေဆဲပါ။

ထိုအခါ ကျွန်တော်တို့၏ အထက်အရာရှိမှာ အလွန်စိုးရိမ်လျက် ရှိနေပါသည်။ ဖြစ်စဉ်ကို မောင်မျိုးအား



www.burmeseclassic.com

www.burmeseclassic.com

မေးသောအခါ ည (၁၀း၀၀)နာရီမှ (၁၂း၀၀)နာရီအချိန်အထိ ကင်းတာဝန်ကျပြီး တာဝန်ပြီးဆုံး၍ တာဝန်လွှဲကာ ပြန်အိပ်ကြောင်း၊ ၎င်းသေနတ်အား သူအိပ်သော အိပ်ရာဘေးတွင် သေချာစွာထား၍ ဖနီးသည်နှင့်အတူ အိပ်နေကြောင်း၊ နံနက် အိပ်ရာထနိုးသောအခါ မိမိသေနတ် မတွေ့ရသဖြင့် ဖနီးသည်ကို မေးမြန်းကြည့်တော့ ဖနီးမှာ အံ့ဩကာ မသိကြောင်းသာ ပြောနိုင်ပါသည်။

ထို့ကြောင့် ပြည်သူ့စစ်ခေါင်းဆောင်အား ချက်ချင်းသတင်းပို့၍ အိမ်ပတ်ဝန်းကျင်အား လိုက်လံရှာဖွေ၍ မတွေ့ရသောကြောင့် တပ်ကို ယခုလို လာရောက် သတင်းပို့ကြောင်း ပြောပြပါသည်။ ၎င်းတို့နှင့်အတူ ဖနီးသည်မှာ လိုက်ပါလာပြီး ဘေးမှာ တရှုပ်ရှုပ်ငိုနေသည်ကိုသာ တွေ့မြင်နေရသည်။ မိမိတို့နှင့် လုပ်ဖော်ကိုင်ဖက်ဖြစ်သလို မိမိတို့နယ်မြေအတွင်း ဖြစ်ပွားခြင်းကြောင့် နယ်မြေခံတပ်အနေနှင့် များစွာ ပူပန်မိသည်။

ဤကိစ္စမှာ လက်နက်ကိစ္စ ဖြစ်သောကြောင့် မလွယ်ကူလှ၊ သေနတ်မတွေ့လျှင် မောင်မျိုး အရေးယူခံရမည် မဟုတ်ပါလား။ ထို့ကြောင့် မောင်မျိုးအတွက် ဝိုင်းသနားကြသည်။ ၎င်းမှာ ရိုးသားပြီး အေးချမ်းစွာ နေတတ်သောကြောင့် လူချစ်လူခင် ပေါများပါလျက် ဤသို့ ပျောက်ဆုံးမှုအတွက် လူကြီးများပင် စဉ်းစားမရအောင် ဖြစ်ရလေသည်။

ဒီလိုနှင့် ကျွန်တော်တို့ ထမင်းဟင်းပင် မှန်အောင် မစားနိုင်ဘဲ နေပူစပ်ခါးထဲမှာ ရွာတွင်းတစ်မျိုး၊ ရွာပြင်တစ်ဖုံ အပူတပြင်း နှံ့စပ်အောင် ရှာပါသော်လည်း လိုက်လေဝေးလေ ဖြစ်နေပါတော့သည်။ ထို့ကြောင့် တပ်ဖွဲ့ခွဲကာ



ပတ်ဝန်းကျင် ဖြစ်နိုင်ခြေရှိသော ကျေးရွာများသို့ လိုက်ရှာဖွေကြပါသည်။ နံနက်စောစောမှ ညနေ (၅း၀၀)နာရီအထိ မည်သည့်သတင်းမှမရဘဲ ရှိနေသည်။

ညနေ (၆း၀၀)နာရီလောက်တွင် ကျေးရွာလူကြီးများနှင့်အတူ ညှိသည် ဥပမိရုပ်ကောင်းကောင်းနှင့် အဘတစ်ယောက် ရောက်ရှိလာကာ တပ်ခွဲမှူးနှင့် တွေ့လိုကြောင်း ပြောသဖြင့် တပ်ခွဲမှူးမှလည်း လာခွင့်ပေးပြီး နေရာထိုင်ခင်းများပေးကာ ကျေးရွာလူကြီးများနှင့် ထိုအဘအား ထိုင်စေပါသည်။

ထိုအခါ တပ်ခွဲမှူးမှ…

'ဒီက လူကြီးမင်းများ ဘာကိစ္စရှိပါသလဲ ခင်ဗျာ'

ဟု မေးသောအခါ ပါလာသော အဘ၏ ပြောသောစကားကြောင့် အားလုံး အံ့ဩဝမ်းသာသွားကြသည်။

'ဒီလိုပါ ဗိုလ်လုံ ဒီရွာက ပြည်သူ့စစ်ရဲဘော်တစ်ယောက် သေနတ်ပျောက်သွားတယ် ကြားလို့ အဘက ကူညီရှာပေးမလို့ပါကွယ်။ အဘက ဒီရွာက မဟုတ်ပါဘူး။ တခြားရွာကပါ။ ဆွေမျိုးတွေရှိတဲ့ ဒီရွာကိုလာလည်ရင်း အခုလို ကြားရလို့ ကူညီလိုတဲ့ဆန္ဒနဲ့ လူကြီးတွေခေါ်ပြီး လာတာပါကွယ်'

ထိုအခါ တပ်ခွဲမှူးကြီးက…

'ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်။ ဒါနဲ့ အဘက ဘယ်လို ကူညီရှာပေးနိုင်မှာလဲ ခင်ဗျာ'

ထိုအဘကြီး ပြောသော စကားကြောင့် ကျွန်တော်တို့မှာ ပိုမို အံ့ဩသွားရပါသည်။ အဘဆရာကြီး ပြောသည်မှာ သေနတ်ပြန်တွေ့ရန် ဂါထာမန်းပေးမည်ဖြစ်ကြောင်း၊ ထိုဂါထာကိုလည်း လက်မရှိ လက်သည်းတွင် မန်းမည်ဖြစ်ကြောင်း ပြောသဖြင့် မယုံတစ်ဝက် ဖြစ်ရပါသည်။

တပ်ခွဲမှူးကြီးနှင့် ရွာလူကြီးများမှာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကာ အံ့အားသင့်နေကြပါသည်။ မိမိတို့တပ်ဖွဲ့ကော ဒေသခံများပါ နှံ့စပ်အောင်ရှာတာ မတွေ့သဖြင့် စိတ်ညစ်နေရသည်မို့ ထိုအဘကြီးပြောသော စကား လက်ခံရမလို ဖြစ်နေသည်။

ဘယ်သို့ပင်ဖြစ်စေ ရေနစ်နေသူဟာ ကောက်ရိုးပင်တစ်ပင်ကလည်း အား မဟုတ်ပါလား။ ထိုလောကီပညာများသည် ဇာတ်တော်များတွင် တကယ်ရှိခဲ့ဖူးသည် မဟုတ်ပါလား။ ပဒကုသလဇာတ်မှ သူခိုးခြေရာကောက်ဂါထာ၊ ပထဝီဇယမန္တန်တို့၊ ရွှေမိုး၊ ငွေမိုး ရွာစေသည့် မဟာဝေဒဗ္ဗမန္တန်တော်တွေ ရှိခဲ့ဖူးသည် မဟုတ်လား။ ဒါပေသိ ယခု သေနတ်ကိစ္စ အဘကြီးမှ ဂါထာမန်း ကူညီမည်ဆိုတော့…။

ထိုအခါ အဘကြီးမှ တပ်ခွဲမှူးနှင့် ရွာလူကြီးများမျက်နှာကြည့်ကာ တပ်ခွဲမှူးကြီးနှင့် ရွာလူကြီးများ၏ မယုံတစ်ဝက်ဖြစ်မှုအပေါ် ရိပ်မိသွားဟန်တူ၍…

'ဗိုလ်လုံတို့ အဲဒီလိုပြောလို့ မယုံကြဘူးထင်တယ်'

ဟု ပြောသောအခါ တပ်ခွဲမှူးမှ…

'ယုံတယ်မယုံတယ်လဲ မဟုတ်ပါဘူး ခင်ဗျာ။ ဒါမျိုး တစ်ခါမှ မကြားဖူးလို့ပါ'

ဟု စကားကို မတင်မကျ ပြောလိုက်

www.burmeseclassic.com

ပါသည်။

ထိုအခါ ထိုအဘကြီးမှ...

'အင်းပေါ့လေ မကြုံရဖူးတော့လဲ ယုံချင်မှ ယုံကြမှာပေါ့။ ဗုဒ္ဓိရပညာရပ်တချို့က သာမန်လူတွေ ယုံရခက်လောက်အောင် ရှိလေတော့ အချို့ မယုံတာ မဆန်းပါဘူးကွယ်။ အခုကိစ္စကလဲ အဘက ကြွားပါချင်လို့ မဟုတ်ဘဲ ဒုက္ခရောက်နေသူကို မေတ္တာနဲ့ ကူညီဖို့သက်သက်ပါ။ ဗိုလ်လုံတို့က ခွင့်ပြုမယ်ဆိုရင် အဘ ကူညီပါ့မယ်။ ဒါကလဲ ဗိုလ်လုံတို့ရဲ့ ဆန္ဒပါ'

ထိုအခါ တပ်ခွဲမှူးမှ...

'အဘ ကူညီနိုင်ရင် ကူညီပါအဘရယ်'

ဟုပြောပါသည်။ ထိုအခါ ကျွန်တော်တို့အားလုံး စိတ်ဝင်စား၍ ထိုအဘကို ဝိုင်းကြည့်နေကြပါသည်။ ကျွန်တော့်စိတ်ထဲမှာကား ဖြစ်မှဖြစ်နိုင်ပါ့မလားဟု တွေးရင်း တကယ်လို့သာ ထိုအဘကြီးပြောသည့်အတိုင်း မှန်မည်ဆိုပါက မောင်မျိုးတို့ ဇနီးမောင်နှံအတွက် ဝမ်းသာရမည့်အပြင် ၎င်းပညာရပ်အားလည်း အံ့ဩဖွယ်တွေ့ရမှာပဲဟု တွေးနေစဉ် ထိုဘကြီးမှ ရုတ်တရက် လက်သီးကိုဆုပ် လက်မထောင်ကာ...

'ကဲ... အားလုံး အဘလက်မလက်သည်းခွံပေါ်ကို ကြည့်ကြပါ'

ဟုဆိုပြီး နှုတ်မှ အသံမထွက်ဘဲ လက်သည်းကိုစိုက်ကြည့်ကာ နှုတ်ခမ်းတလှုပ်လှုပ်နှင့် မန်းမှုတ်ကာ နေပါတော့သည်။

ကျွန်တော်တို့ ကြည့်နေရင်း လက်သည်းခွံပေါ်တွင် မြင်ရသည်မှာကား လူတစ်ယောက်သည် မောင်မျိုးတို့အိမ်ပေါ်တက်လာကာ မောင်မျိုး၏ ဘေးတွင်ထားသော သေနတ်အား ကောက်ယူပြီး နောက်ပြန်ထမ်း၍ အိမ်ပေါ်မှ ဆင်းသွားပါသည်။



ထိုအခါ မောင်မျိုးတို့ လင်မယားထံမှ ဟာ... ဟင်... အို့ဟု အသံကြား၍ ကျွန်တော်တို့ လှည့်ကြည့်လိုက်စဉ် ထိုအဘဆရာကြီးမှ အသံမထွက်စေရန် သဘောဖြင့် လက်ကာပြ၍ ကျွန်တော်တို့လည်း တွေ့မြင်နေရသောဖြစ်စဉ်ကို ဆက်၍ ကြည့်နေမိပါသည်။

ထိုသူသည် ရွာ၏အရှေ့ဘက်ကို ဆက်လက်ထွက်သွားကာ ရွာအဝင်ရှိ ဥနဲ့ပင်ကြီးပေါ်သို့တက်၍ သေနတ်အား သစ်ပင်ခွကြားတွင်ထားကာ ပြန်ဆင်းလာပြီး ရုတ်တရက် ထိုသူသည် လက်သည်းခွံပေါ်မှ ပျောက်သွားပါတော့သည်။

ထိုအခါ တပ်ခွဲမှူးကြီးက မောင်မျိုးတို့ဘက်လှည့်ကာ စောစောက ဘာဖြစ်ကြတာလဲဟု မေးသောအခါ ပထမ မောင်မျိုး၏ ဇနီးလေးမှ ငိုကာ...

'အဲဒီလူဟာ ကျွန်မရဲ့ အစ်ကိုပါ'

ဟု ပြောပြီး မောင်မျိုးမှ ဆက်၍ စိတ်မကောင်းသည့်ဟန်ဖြင့်...

'မှန်ပါတယ် အဲဒီလူဟာ သူ့ရဲ့ အစ်ကို ကျွန်တော်ရဲ့ယောက်ဖပါ'

ဟု ပြောပါသည်။ တပ်ခွဲမှူးလည်း အချိန်ဆွဲမနေဘဲ ကျွန်တော်တို့တစ်ဖွဲ့အား သေနတ်ရှိရာနေရာသို့ အမြန်စေလွှတ်ပြီး ကျွန်တစ်ဖွဲ့အား ကျေးရွာပြည်သူ့စစ်ခေါင်းဆောင်ပါ ထည့်ပေးလိုက်ကာ မောင်မျိုးယောက်ဖဟုဆိုသူအား သွားရောက် ခေါ်စေပါသည်။

ကျွန်တော်တို့သည် ရွာအဝင် ဥနဲ့ပင်ရှိရာသို့ အမြန်ဆုံးသွားပြီး ခွဆုံပေါ်သို့ တက်ရောက်ကြည့်သောအခါ အံ့ဩဝမ်းသာဖွယ်ရာ သေနတ်အား တွေ့ရှိ၍ ယူဆောင်ခဲ့ကြပါသည်။ ကျွန်တော်တို့ ပြန်ရောက်သောအခါ မောင်မျိုး၏ ယောက်ဖအား ခေါ်ဆောင်လာသည်ကို တွေ့ရသဖြင့် အားလုံးပြီးသောအခါ တပ်ခွဲမှူးမှ ထိုအဘကြီးအား အထူး ကျေးဇူးတင်၍ ဥာဏ်ပူဇော်သောအနေနှင့် ပိုက်ဆံထုတ်ပေးသော်လည်း ထိုအဘဆရာကြီးက ငြင်းဆန်နေသဖြင့် အားလုံးက ဝိုင်းပြီး တောင်းပန်မှသာ မယူမဖြစ်သဘောဖြင့် အားနာစွာဖြင့် ယူသွားပါသည်။

ကျွန်တော် စဉ်းစားနေသည်မှာ မောင်မျိုး၏ ယောက်ဖသည် ဘာကြောင့် မိမိ၏ ညီမယောက်ျားသေနတ်အား ခိုးယူရသနည်း ဆိုသည်ကို အလွန် သိချင်နေပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်း၏ ယောက်ဖ မောင်မျိုး အရေးယူခံရပါက ညီမဖြစ်သူမှာလည်း စိတ်ဆင်းရဲရမည်ကို ပသိဘဲနှင့်နေမည် မဟုတ်ပေ။

ကျွန်တော် ထိုသို့ စဉ်းစားနေစဉ် တပ်ခွဲမှူးနှင့်တကွ ကျေးရွာလူကြီးများသည် မောင်မျိုးတို့ ဇနီးမောင်နှံနှင့် ယောက်ဖဖြစ်သူအား ခေါ်၍ မေးမြန်းရာမှ သိရှိရသည်မှာ မောင်မျိုးနှင့် ၎င်းဇနီးအား ဘာသာခြားဖြစ်၍ မောင်မျိုးနှင့်မယူရန် ပြောသော်လည်း မောင်မျိုးနှင့် ခိုးရာလိုက်ပြေးသွားသောကြောင့် ၎င်း၏မိခင်က ယခုကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com

ခိုးယူခိုင်းကြောင်း မောင်မျိုးယောက်ဖ မှ ပြောပါသည်။

တကယ်လို့သာ သေနတ်ပျောက်သွားပါက မောင်မျိုး အရေးယူခံရမည်။ ထိုသို့ဖြစ်ခဲ့လျှင် ၎င်းတို့၏ သမီးဖြစ်သူအား ပြန်ခေါ်လို၍ ဖြစ်သည်။

သြော် အာဃာတတရားတို့သည် မမျှော်လင့်သော ရာဇဝတ်မှု တစ်ခု ကျူးလွန်မိသည်အထိ ဖြစ်သွား ခဲ့ရသည့် သံဝေဂယူစရာပင် ဖြစ်တော့ သည်။



## ဖြစ်စဉ် (၂)

အထက်ပါဖြစ်ပြီးနောက် လေးနှစ်ခန့် အကြာတွင် အခြားတပ်ရင်းတစ်ရင်းသို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ရပါသည်။ ထိုတပ်ရင်း၌ စစ်ဆင်ရေးထွက်စဉ် ကရင်ပြည်နယ်အတွင်းရှိ ကော့ကရိတ်မြို့နယ် (...)ကျေးရွာသို့ အရောက် ကျွန်တော်တို့ နှစ်ရက်ခန့် ခေတ္တရပ်နားခွင့် ရရှိပါသည်။

ဖြစ်စဉ်မှာ ကျေးရွာသူ အမျိုးသမီး တစ်ယောက်မှ သူ၏ဆွဲကြိုး ပျောက်ဆုံးသွားကြောင်း ရွာလူကြီးဖြစ်သူကို တိုင်ကြားနေသည်ကို တွေ့ရပါသည်။ ကျွန်တော်လည်း မိမိနှင့်မဆိုင်၍ မည်သည်မျှ မပတ်သက်မိပါ။ စိတ်လည်း မဝင်စားပါ။ သို့သော် ရွာလူကြီး၏ ပြောသောစကားကြောင့် နားစွင့်လိုက်မိပါသည်။

လူကြီး ပြောသောစကားမှာ...

'နင်တို့ ဟိုဆရာမဆီကို မသွားဘူးလား။ ယူတဲ့လူပါ နာမည်သိရအောင်'

ဆို၍ ကျွန်တော်မှ...

'ဦးလေး ဗေဒင်မေးမလို့လားခင်ဗျာ'

ဟု မေးမြန်းကြည့်ရာ...

'အင်း... ဘယ်လိုပြောရမလဲ မသိဘူး ဗိုလ်လုံ၊ ဗေဒင်လို့တော့ ပြောလို့မရဘူး ဒါပေမယ့် ထူးဆန်းတယ်။ ဗိုလ်လုံ စိတ်ဝင်စားရင် လိုက်လေ့လာပါလား'

ရွာလူကြီး၏ ပြောစကားကြောင့် ကျွန်တော်က ဘာရယ်မဟုတ်ဘဲ...

'ဟုတ်ကဲ့ လေ့လာရတာပေါ့'

ဟု ဆိုကာ နေပြီး မကြာမီ ထိုဆရာမ ရောက်လာပါသည်။ ဆရာမက...

'ဦးလေး ဘာကိစ္စ အရေးကြီးလို့ ခေါ်တာလဲ'

ဟု မေးသဖြင့် ရွာလူကြီးမှ ဆွဲကြိုးပျောက်သည့်ကိစ္စကို အကျဉ်းချုံး ပြောပြကာ...

'ဒီကိစ္စကို ဆရာမ ကူညီပါဦး'

'ဟုတ်ကဲ့ ကူညီနိုင်ပါတယ်။ ကူညီဆို ကူညီပါ့မယ်။ ဒါပေမယ့် ယူတဲ့သူကိုတော့ ကြီးကြီးကျယ်ကျယ် မလုပ်ပါနဲ့။ ကိုယ့်ပစ္စည်း ပြန်ရရင် ကျေနပ်ကြပေါ့'

ကျွန်တော့်စိတ်ထဲတွင် ဒီအမျိုးသမီးက တစ်မျိုးပါလား ဘာမှလဲ မလုပ်ရသေးဘဲနှင့် သေချာသလောက် ပြောနေပါလား ဘယ်လိုလဲဟု တွေးမိသည်။

ကျေးရွာလူကြီးမှ...

'စိတ်ချပါ တို့ရွာသား အချင်းချင်းဆိုရင် ညှာညှာတာတာပဲ နောက်မလုပ်ဖို့ ပြောဆို ဆုံးမပါမယ်'

'ဟုတ်ကဲ့ ကောင်းပါတယ်။ ဒါဆိုရင် ပြီးတာပါပဲ။ လူကြည့်မှန်တစ်ချပ် ပေးပါ'

အိမ်ရှင်မှ ချက်ချင်းပင် မှန်တစ်ချပ် ထုတ်ပေးလိုက်သည်။ ဆရာမက ထိုမှန်ကို ပြောင်စင်အောင်သုတ်၍ မှန်ကို စိုက်ကြည့်ကာ ပါးစပ်မှ အသံမထွက်ဘဲ ရွတ်ဖတ်နေသည်။

ထိုသို့ ရွတ်ဖတ်နေစဉ် မှန်ထဲ၌ အမျိုးသမီးတစ်ဦး ပေါ်လာပါသည်။

ထိုအမျိုးသမီးသည် အိမ်တစ်အိမ်ပေါ်သို့ တက်ရောက်သွားပြီး အိပ်ခန်းထဲသို့ဝင်ကာ ခေါင်းအုံးတစ်လုံးအောက်မှ ပစ္စည်းတစ်ခုကိုယူကာ ပြန်ဆင်းလာပြီး အခြားအိမ်တစ်လုံး၏ ခေါင်းရင်းတိုင်တွင် ကျင်းတူးပြီး ထိုပစ္စည်းကို မြှုပ်နေပါသည်။ အံ့ဖွယ်ကောင်းပေစွ။ ယနေ့ တီဗွီမှန်သားပြင်မှ မြင်ရသလိုပင် ရှင်းလင်းလှပါသည်။

ထိုအခါ ကျေးရွာလူကြီးမှ သိပြီ၊ သိပြီ ပြောကာ ရွာသားတစ်ဦးကို တိုးတိုးပြောလွှတ်လိုက်ပါသည်။ နာရီဝက်ခန့်ကြာသောအခါ လွှတ်လိုက်သော ရွာသားနှင့်အတူ အမျိုးသမီးတစ်ဦး ပါလာ၍ ကျေးရွာလူကြီးက ထိုင်ခိုင်း



www.burmeseclassic.com

www.burmeseclassic.com

ကာ ဆွဲကြိုးပျောက်သောကိစ္စ စစ်မေးတော့သည်။

အမျိုးသမီးမှာ သူ မယူကြောင်း ငြင်းနေသဖြင့် ကျေးရွာလူကြီးမှ စောစောက ခေါ်ခိုင်းသည့်လူနှင့် အခြားတစ်ယောက်ကို တစ်နေရာခေါ်သွားပြီး လွှတ်လိုက်ပါသည်။ မကြာမီ ထိုသူနှစ်ယောက် ပြန်လာကာ လက်ထဲတွင် ဆွဲကြိုးတစ်ကုံး ပါလာသည်။ ကျေးရွာလူကြီးမှ "ဘယ်ကနေ ရလာတာလဲ" မေးသောအခါ တစ်ယောက်က (...) အိမ်ခေါင်းရင်းအလယ်တိုင်က တူးယူလာကြောင်း ပြောသောအခါမှ စောစောက ငြင်းနေသော အမျိုးသမီးမှာ ငိုပြီး မိမိယူမိကြောင်း အမှန်ဝန်ခံတော့သည်။

ကျွန်တော် စဉ်းစားနေမိသည် ယခင်ရဲဘော်ဘဝက တစ်ကြိမ် သေနတ်ပျောက်သောအမှုမှာ ဤသို့ဖြစ်စဉ် ကြုံဖူး၏။ ယခု ကျွန်တော် တပ်ခွဲတပ်ကြပ်ကြီး (...)ဖြစ်တော့ တစ်ကြိမ် ကြုံရပြန်သည်။ နှစ်များ ကွာခြားသော်လည်း တရားခံဖော်ထုတ်ပုံမှာ အတူတူပင် ဖြစ်သည်။ တစ်ခုကွာခြားသည်မှာ ယခင် သေနတ်ကိစ္စ၌ လက်သည်းခွံပေါ်မှာ၊ ယခု ဆွဲကြိုးကိစ္စ၌ မှန်ပေါ်တွင် ဖြစ်သည်။

ကျွန်တော် ဒီပညာကို စိတ်ဝင်စားမိသည်။ သို့နှင့် ဆရာမ ပြန်အသွားတွင် အိမ်လိုက်သွားရာ ဆရာမက...

'ဆရာကြီး ဘာကိစ္စရှိပါလဲရှင်'

'ဪ... ဒီလိုပါခင်ဗျာ စောစောက ဆရာမ ဖော်ထုတ်ပေးခဲ့တဲ့ ပညာကို စိတ်ဝင်စားမိလို့ပါ။ ပြီးတော့ သိချင်တာလေးတွေ မေးချင်လို့ပါ'

'ဟုတ်ကဲ့ ရပါတယ်ရှင်'

ဆရာမ၏ အသက် (၄၀)နှစ်ခန့်သာ ရှိပေမည် အသားဖြူ၍ စိတ်သဘောထားကောင်းပုံ ရပါသည်။ ကျွန်တော် ရဲဘော်ဘဝက တွေ့ကြုံခဲ့ရသော သေနတ်ပျောက်မှုကို အကျဉ်းချုံး ပြောပြကာ...



'အဲဒီတုန်းက ဆရာကြီးက လက်သည်းခွံပေါ် မန်းပြီး ပြပေးပါတယ်။ အခု ဆရာမကတော့ လူကြည့်မှန်အပေါ်မှာ ပြတာတွေ့ရလို့ပါ။ ဒီပညာဟာ တစ်ခုတည်းလားဆိုတာ ဆက်စပ်မိလို့ပါ။ အဲဒါလေး သိချင်ပါတယ်'

ထိုအခါ ဆရာမက...

'ဪ ဆရာကြီးက ကြုံဖူးတာကိုး။ ဒီဂါထာဟာ တစ်ခုတည်းပါ။ လက်သည်းပေါ်ပဲကြည့်ကြည့်၊ မှန်မှာပဲကြည့်ကြည့် ရပါတယ်။ မှန်မှာကြည့်တော့ ပိုသဲသဲကွဲကွဲ မြင်ရတာပေါ့ ဆရာကြီး။ ကျွန်မကတော့ ယူသူကို ပြပေမယ့် ယူတဲ့သူက သိပ်အပြစ်မကြီးရင် အတတ်နိုင်ဆုံး ခွင့်လွှတ်ပေးဖို့ ပြောပါတယ်။ ဥပမာ တစ်ခါတလေ ပြုမှုမိတာမျိုးပေါ့'

ဟု စိတ်ကောင်းစေတနာနှင့် ပြောပါသည်။

'ကျွန်တော့်ကို ဒီလိုဆိုရင် ပညာပေးလို့ မရဘူးလား ဆရာမ'

ဟု ဆက်မေးလိုက်ပါသည်။

'ရပါတယ် စိတ်ကောင်းရှိသူ မည်သူ ကိုမဆို ကျွန်မ ပေးပါတယ် မိမိအနေနှင့် အတော် ဝမ်းသ မိသည်။ ဤပညာ၏ အစွမ်း လည်း သိထားသောကြောင့် ဤပညာကို လိုချင်မိခြ ဖြစ်သည်။

'ဪ... ဒါနဲ့ ဆရာ ပညာယူပြီးရင် ဆောင်ရ ရှောင်ရန်လေးတွေများ ရှိပါသေ လား။ ရှိရင်လဲ တစ်လက်စတည် ပြောပြပါဦး'

'အထူးကတော့ မရှိပါဘူးရှင်။ ဒ ပေမယ့် ခွေးကိုက်ဖူးသူ၊ ရေနစ်ဖူးသူ တွေတော့ ဂါထာ မလိုက်ဘူးရှင့်'

ထိုစကားကြောင့် ကျွန်တော် စိတ် ဓာတ်ကျရပါတော့သည်။ အကြောင်း မှာ ငယ်စဉ်က ခွေးကိုက်ခံရဖူးသော ကြောင့် ဖြစ်သည်။

'ဒါဆိုရင်လဲ မယူတော့ပါဘူ ဆရာမရယ်'

ဟုသာ ပြောပြီး ပြန်ခဲ့ရပါသည်။


နောက်မှ သိရသည်မှာ ပမိ ခွေးကိုက်ခံရဖူး ရေနစ်ဖူးသော သည် ခွေးကိုက်မခံဖူးသူ၊ ရေမနစ်ဖူးသူ ရှ ခိုင်းက ရကြောင်း သိရသည်။ ဤ ကာ နောက်မှ တ,မိသော နောင်တ,ရ ပင် ဖြစ်ပါတော့သည်။ **မြန်မာနိုင် တစ်နံတစ်လျားမှ ပညာရှင်မျာ အနေနှင့် ၎င်းပညာအား သိရှိပါ ဖော်ထုတ်ပေးကြပါရန် လေးစာ ဖြင့် မေတ္တာရပ်ခံ ပန်ကြားအပ် သည် ခင်ဗျား။**

**မောင်ညွှန့်သိန်း**
**(တောင်ငူမြို့**



www.burmeseclassic.com

www.burmeseclassic.com




# ပေရွက်ရှိုင်းက

သာဝါစွ

ကျွန်တော်တို့ ဘုန်းတော်ကြီး ဦးဉာဏိက ကျောင်းထိုင်သော မင်းလှမြို့ မယ်ဇလီတောကျောင်း၏ အရှေ့မြောက်ထောင့်တွင် သစ်ဆိမ့်ပင်ကြီး တစ်ပင် ရှိပါသည်။ ပင်စည်လုံးပတ် တစ်ပေသာသာရှိ၍ အမြင့် ဝါးနှစ်ပြန်သာသာရှိပြီး အကိုင်းအခက် ဝေဖြာလွန်းလှ၍ နံနက် နေထွက်တပြုတွင် သစ်ဆိမ့်ပင်ကြီးအား မြင်ရလျှင် အလွန်လှပ၍ ကြည့်မဝပါ။

ထိုသစ်ဆိမ့်ပင်ကြီးအောက်တွင် ခန်းနေဦးပဥ္စင်းကြီး ဦးအဂ္ဂဝံသမှ လေးတိုင်ခင် ထန်းလက်မိုး ဖိုသိုက်တဲလေး ဆောက်ပေးထားပါသည်။ ဖိုသိုက်၏ အားတွင် ခြေဆန့်လက်ဆန့်နေနိုင်သော ဝါးကွပ်ပျစ်လေးတစ်ခု ရှိပါသည်။

"ဒီအရွယ်မှ အမြီးမပေါက်ရင် အာ ဆောက်တုံး" လို့ မေးစရာမလို သက်သို့ သစ်ဆိမ့်ပင် ဤမျှလောက် အသက်ရလာလျှင် ဘယ်နတ် ထိုင်ပါသနည်းဟု မေးစရာမလိုတော့ပါ။

ယခုအခါ ကားဖြင့် ခရီးရှည်သွားလျှင် သစ်ပင်ကြီးများတွင် သစ်ပင်မခုတ်ရ၊ နတ်မကြိုက်ဟူ၍ အောက်ခံဆေးအစိမ်းသုတ်ထားသော သစ်သားပြားလေးပေါ်တွင် သဘော်ဆေးအဖြူဖြင့် ရေးထားသော စာတန်းလေးများကို မြင်တွေ့ရပါသည်။

လွန်ခဲ့သော နှစ်(၄၀)ကျော်က ခရီးသွားလျှင် လမ်း၌ တွေ့ရသော ဇရပ်ကြီးများ၌ ဇရပ်မှာ မီးသွေးနှင့်မကင်း ဆိုရမည်ကဲ့သို့ မီးသွေးခဲဖြင့် ဇရပ်၏ ပျဉ်တန်းများတွင် အပျော်အပြက်ရေးထားသော စာတန်းများကိုသာ ဖတ်ရှုရလေ့ ရှိပါသည်။

ဥပမာ ကျွတ်မုံးဝင်လိုစာမျိုး၊ လူကိုယုံပါသည် စိတ်ကို မယုံပါဆိုသည့်စာမျိုး၊ မောင်ချစ်လွန်းလှပါသည်မေဆိုသော ကာလသားပေါက်တို့၏ဝေဒနာပျို့အန်လာသော စာမျိုး၊ ရေနံသုတ်မှ ရုပ်နာမ်သေ၊ ရုပ်နာမ်သေမှ နိဗ္ဗာန်ရဆိုသည့် ဖိုးသူတော်၏ ဓာတ်ပရမတ် စာမျိုး...။

ဘုန်းတော်ကြီး ဦးဉာဏိကသည် "ကြေးပြဒါး နည်းမများ" ဆိုသည့် စကားအရ ဓာတ်လုံးထိုးမီးပညာကို ဝါသနာပါလွန်း၍ ကြေးပြဒါးဓာတ်လုံး



www.burmeseclassic.com

www.burmeseclassic.com

ကို ညနေ တရားထိုင်ပြီးသည့်အချိန်တိုင်း ဖားဖိုဖြင့် ဓာတ်လုံးထိုးလေ့ ရှိပါသည်။ ဖိုမီးရောင်ကို မြင်နေရလျှင် စိတ်နှလုံး မွေ့လျော်သည်ဟူ၍ ကျွန်တော့်အား ခဏခဏ မိန့်ကြားတတ်ပါသည်။

တစ်ခါတစ်ရံ ရေပူပူတွင် ပဝါခံ၍ ဓာတ်လုံးကို လောင်း၏။ တစ်ခါတစ်ရံ လက်ချားမှုန့်ဖြူဖြူများနှင့် ဓာတ်လုံးကို ထိုးသည်ကိုလည်း မြင်တွေ့ရပါသည်။

ကျွန်တော်က လေးထပ်ဖားဖိုကြီးကို ဆွဲပေးရ၏။ ဖားဖိုကြီးအား ကြိုးဆွဲချက် မမှန်၍ လေအထွက် ပြတ်တောင်းပြတ်တောင်းဖြစ်နေလျှင် ကျွန်တော့်ကို ဘုန်းတော်ကြီးမှ မျက်လုံးဖြင့်ကြည့်ခြင်းကို ခံရပါသည်။

ဘုန်းတော်ကြီးသည် ကြေးပြဒါးဓာတ်လုံးကို မီးကျွေးနေသည်မှာ (၄၅) ရက်ကျော်လာပါပြီ။ ဓာတ်လုံးလေးလည်း အနှစ်ထိုင်၍ ရွှေဝါရောင်လေးလေးတစ်တစ်ကလေး ဖြစ်လာပါပြီ။

ဤသည်ကို ဓာတ်လုံး ဂနဝင်လာပြီဟု ကျွန်တော့်ကို မိန့်ပါသည်။ ကျွန်တော်ကတော့ ဖားဖိုကြီးအား ဖိုဆွဲပေးရသည့်ဒုက္ခမှ ကင်းဝေးတော့မည်ဖြစ်၍ ကျိတ်ပြီး ပျော်နေပါသည်။

ကြေးပြဒါးဓာတ်လုံးအား လုံဖင်တိုက် ဘီလူးခေါင်းကျအောင် မီးပေးလျှင် ကြေးပြဒါးဓာတ်လုံး၏ ပျော်မှတ်လွန်မီးရောင်သည် အစိမ်းရောင်ကွပ်ထားသော မီးစံကားဝါရောင်ဖြစ်လာ၍ ကျွန်တော်မှ ကြည့်ကောင်းကောင်းနှင့် ကြည့်ရင်း ဖားဖိုကြီးကို လေထွက်မှန်အောင် ဂရုစိုက် ဆွဲရပါသည်။

တစ်နေ့ နေ့ဆွမ်းခံချိန် သစ်ဆိမ့်ပင်ကြီးအောက် ဖိုသိုက်တဲ၌ ဖိုဆွဲနေစဉ် သဒ္ဓါဆွမ်း လေး,ငါးချိုင့် လာလှူ၍



ဆရာတော်မှ အကပ်ခံပြီး ဆွမ်းတရားဟောရသဖြင့် ဖိုခန်းဝင်သည့်အလုပ် ပျက်ပါသည်။

ညနေပိုင်း ဖိုခန်းဝင်လျှင် ကျွန်တော်မှ...

'ဘုန်းကြီးဘုရား ဆွမ်းချိုင့်တွေ များလှချည့်လားဘုရား'

ဟု လျှောက်လျှင်...

'ဒကာကြီးရ အဲဒီ ဓာတ်လုံးက လာတ်ဖွင့်ပေးတာပေါ့။ ဘယ်ဓာတ်လုံးဖြစ်ဖြစ် တေဇောကိန်းပြီဆိုရင် လာဘ်လာဘ ပွင့်တာပဲ'

ဟု မိန့်သည်ကို ကျွန်တော် နားမလည်ပါ။

ဤကဲ့သို့ ဘုန်းတော်ကြီး ဦးဉာဏိက နှင့် ကျွန်တော်သည် ရွှေဝါရောင်ကြေးပြဒါးဓာတ်လုံးလေးအား ပေါ့ပေါ့ပါးပါး ရေပူတိုက်ကျွေးလိုက်၊ ရေအေးတိုက်ကျွေးလိုက် ဓာတ်လုံးမှထွက်သော မီးစံကားဝါရောင် မီးညွှန့်ကို ဘုန်းတော်ကြီးမှ စိုက်စိုက်စူးစူး မမှိတ်မသုန်ကြည့်လိုက်နှင့် နေ့ရက်များကို ကုန်လွန်ခဲ့ပါသည်။

**ဓာတ်လုံးအား ရေပူတိုက်ကျွေးသည် ဆိုသည်မှာ** လက်ချားချော်ဖြင့် ထိုးခြင်းကိုခေါ်၍ **ရေအေးတိုက်ကျွေးသည် ဆိုသည်မှာ** ဓာတ်လုံးကို ခံရည်တစ်မျိုးမျိုးတွင် လောင်းခြင်းဖြစ်သည်ဟု ဘုန်းတော်ကြီးမှ ပြောပြ၍ မှတ်သားရပါသည်။

တစ်နေ့သောညနေ သစ်ဆိမ့်ပင်ကြီး၏အရိပ်အောက် ဖားဖိုကြီး၏ဘေး ဝါးကွပ်ပျစ်ကလေးပေါ်တွင် ဘုန်းတော်ကြီးနှင့်ကျွန်တော် ထိုင်နေစဉ် ဘုန်းတော်ကြီးမှ...

'ဒကာကြီး မေတ္တာပို့ အလေ့အကျင့် ရှိသလား'

ဟု မေးပါသဖြင့်...

'တပည့်တော်ကတော့ ရွာထဲက ဒေါ်ပုမကြီး မေတ္တာပို့သလို ငါ့လင်နဲ့မ ကြွမ်းပိုးနှင့်သန်း မပါ အားလုံး ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေလောက်တော့ ပို့မိပါတယ်ဘုရား'

ဟု လျှောက်ထားလျှင်...

'ဒကာကြီး ညက ကျုပ်တရားမှတ်ပြီး မှေးခနဲ ပျော်သွားတုန်း သစ်ဆိမ့်ပင်နတ်ကြီး ကျုပ်ဆီလာပြီး...

"ဘုန်းကြီးဓာတ်လုံးရောင်စဉ်လွှင်းက သူတို့ကို လာရိုက်ခတ်လို့ အနေအထိုင် မချမ်းသာပါဘူးဘုရား။ တပည့်တော်နဲ့ တပည့်တော်အခြံအရံများ အနေအထိုင်ချမ်းသာအောင် ဘုန်းတော်ကြီးမှ သီးခြားရည်စူးပြီး မေတ္တာပို့ပေးတော်မူပါဘုရား"

လို့ ကျုပ်ကို အိပ်မက်နဲ့ လာလျှောက်တယ်ဒကာကြီး။

ဓာတ်လုံးက တေဇောကိန်းလာတော့ ဓာတ်လုံးက ဟိတ်ခတ်တော့မှာပေါ့။ အဲဒီတော့ ဒကာကြီးရာ လူနတ်ဗြဟ္မာသတ္တဝါ ချမ်းသာကိုယ်စိတ်ဖြစ်ပါစေ၊ ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေလို့ ညတိုင်း မေတ္တာပို့ပါ'

ဟု မိန့်လေလျှင် ကျွန်တော့်စိတ်အစဉ်၌...

'ဩော် ငါ့မှာ ဖိုဆွဲရတဲ့ တာဝန်အပြင် မေတ္တာပို့ရသည့်တာဝန်ပါ ထပ်တိုးပါပကောလား'

ဟု တွေးမိပါတော့သတည်း။

**အောင်လှသန်း (မင်းဘူး)**



www.burmeseclassic.com

www.burmeseclassic.com



# ရွှာတော်၏ ဝေယာဥ်

အဖြေညှိမိသူ

ကြည်လိှုင် (ရွှေကူ)

ကျွန်ုပ် ငယ်စဉ်ဘဝကို ပြန်ပြောရရင် လွမ်းဆွေးတမ်းတစရာလေးတွေနဲ့ ပြောပြလို့ မယုံနိုင်စရာတွေ ရှိခဲ့ပါတယ်။

**၁၃၂၈ ခုနှစ်လောက်က** ဖခင်ကြီး လုပ်ငန်းခွင်မှ အငြိမ်းစားယူပြီး မိခင်ရဲ့ ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်တဲ့ **ကသာမြို့နယ်အစွန်က စကားကုန်းရွာမှာ** အခြေချ နေထိုင်ဖြစ်ကြတယ်။

သာယာတယ်ပဲ ပြောရမလား အုံ့ဆိုင်းညို့မှိုင်းပြီး ရွာရဲ့ တောင်ဘက်ကို ဆိုရင် ထွက်တာနဲ့ နေပြောက်မထိုးတဲ့



www.burmeseclassic.com

www.burmeseclassic.com

တောကြီး။ သားမျိုးစုံစွာ ပေါပါတဲ့ ရဂုံမြို့ကြောပဲ။ ကျားနဲ့တောဝက်လို မျိုးတွေက ပေါတော့ ကြောက်စရာ တော့ အကောင်းသား။

ရွာက ကုန်းပေါ်မှာ၊ ကုန်းအခြေက ချောင်း၊ တစ်ဖက်ကမ်းက ကွင်းကြီး သာယာတယ်။ တောထွက်သီးနှံ သားငါးအမဲ အစုံတော့လဲ ပေါတဲ့ဒေသ ပါပဲ။

နေသားကျသွားတော့လဲ ပျော်စရာ တော့ ကောင်းလာတယ်။ ရွာလယ်က မြသိန်းတန်ဘုရားပွဲကလဲ စည်ကား တယ်တဲ့။ မိခင် ငယ်ဘဝဆို ဒီဘုရား ပွဲ ဘုန်းကြီးကန်တော့ပွဲ အခါရက်တိုင်း မြေပိုင်းအငြိမ့် ကရတယ်တဲ့။

စာရေးသူကိုလဲ အကသင်ပေးပြီး ရွာအကအဖွဲ့မှာ ပါဝင်စေတယ်။ နေစောင်းရင် ညီမဝမ်းကွဲတစ်ယောက် နဲ့ ရွာဘုံ အကတိုက်တဲ့ဆီ သွားရတာ ပေ့ါ။ သူက ယိမ်းအက မင်းသမီးတစ် လက်ပေ့ါ။

'အစ်ကိုလေး ညရှစ်နာရီ အက တိုက်တာ ခဏနားရင် ညီမတို့ဆီ လာထိုင်ပေးပါဦး။ ကာလသားငယ် လေးတွေက စချင်ကြတယ်'

'အင်းပါ'

'အင်း မလုပ်နဲ့ မနေ့က နားတော့ မလာဘူး'

'ဟာ မနေ့က နှစ်ပါးမြိုင် အချလေး မှာ ဝါးနည်းနည်းလေးလွတ်ပြီး နောက် ကျသွားတာနဲ့ နားချိန်မှာ ကိုယ့်ချည်း သင်ပေးခံနေရတာ နားကို မနားလိုက် ရဘူး။ ဟော နည်းနည်းနားထောင် စမ်း။ ဟိုကုန်းဘက်ဆီက အတီးသံကို မြိုင်ဆိုင်နေတာပဲ။ အဲဒါ ဘယ်က အတီးသံပါလိမ့်'

'ဩော် အစ်ကိုလေးက မသိသေး ဘဲကိုး။ ရွာရဲ့မြောက်ဘက် ကွင်းကြီး အလယ်ထဲမှာ တောင်ကုန်းညိုညိုကြီး ကို မြင်တယ်မဟုတ်လား'

'အဲဒါတော့ မြင်တာပေ့ါ'

'အဲဒါ **လုံကန်လေး**(သင်္ချိုင်း နောက်မြီးတွဲ)လို့ ခေါ်တာပေ့ါ။ ဟိုးဝေး ဝေးက နောက်တစ်ကုန်းကတော့ **လုံကန်ကြီး**တဲ့(သင်္ချိုင်းကြီး)တဲ့။ ခုန ဆိုင်းသံ မောင်းထုတဲ့အသံတွေဟာ အဲဒီကဟာ ဟုတ်လား ဘယ်သူ တီး နေကြတာလဲ'

'ဘယ်သူကမှာလဲ ဥစ္စာစောင့်တွေ အခါကြီးရက်ကြီးဆို အမြဲ တီးသံကြား ရတယ်။ တစ်ခါတစ်ခါ လယ်စိုက်ရင်း ကြားရတာများဆို သွားကြည့်ရင် တွေ့ရမတတ်ဘဲ။ သွားတော့ မကြည့်နဲ့ မှားမယ်။ အဲဒီတောကြီးထဲမှာ မျက်စိ လည်ပြီး ဆယ်ပတ်လောက် ပတ်ရလိမ့် မယ်'

'ဟာ ဒီလောက် စွမ်းသလားဟ'

'စွမ်းပ့ါ အလှူအတန်းရှိရင်လဲ ပစ္စည်းငှားတဲ့ နေရာရှိတယ်'

'ဟာ ဒါဆို အတော်ပဲ ပွဲကတဲ့နေ့ ကျ ဆွဲရအောင် ခေါ်လာပြားကြီး ငှားဦး မှ'

'ဟယ် ပေါက်ကရ မကြောက်မလန့် ပြောရဲတယ်'

'အင်း ငါက ဗုံသံကြားရင် က,ချင် တာကိုး'

'တော်တော့ ပိုဆိုးလာပြီ အကနား ရင် လာတွေ့နော်'

ပြောပြောဆိုဆို ယိမ်းအဖွဲ့ရှိရာဘက် ကို ထွက်သွားပါတယ်။

ဒီလိုနဲ့ပဲ လူပျိုဖော်ဝင်ခဲ့တယ်။ လူပျို ထဲ ဝင်ပါပြီဆိုကာမှ ငှက်ဖျားပါဝင်ပြီး တစ်နှစ်က ပြင်းပြင်းထန်ထန် အသည်း အသန်ဖျား နောက်တစ်နှစ်က လမ်း လျှောက်သင်ရတယ်။ အဲဒီအခါမှာပဲ စာရေးသူ ပရလောကနဲ့ ဆက်သွယ် မှန်းမသိ ဆက်သွယ်မိခဲ့တယ်လို့ ပြော တော့မှာပဲဗျာ။

နေ့အခါ ထူမ တွဲကူ လမ်းလျှောက် ဖော်လူ မရှိတာနဲ့ ပက်လက်ကုလား ထိုင်မှာ မှေးနေခိုက် စိတ်အသိ အာ ပြောင်းသွားတယ်။

မူလ အတွေးစိတ်ကနေပြီး ဘယ် လိုပြောရမလဲ။ ချက်ချင်းကြီး အတော် ကို အရမ်းအိပ်ချင်လာတာ ထင်ထင် ရှားရှားပဲ။

သိသလိုလို မသိလိုလို နှစ်ခုကြား ထဲပဲ ပြောရမှာ။ ပြောမပြတတ်အောင် ကြုံလိုက်ရတယ်။ ပတ်ဝန်းကျင် အရာ အားလုံးကိုလဲ သိသလို မသိလိုလို ဒါပေမယ့် ရုပ်ပိုင်းဆိုင် အာရုံခံ အတွေ့အထိ အားလုံးဟ ကိုယ့်သဘောနဲ့ စေစားလုပ်ကိုင် မရတော့ပါ။

အဲဒီအချိန် ရှေ့တည့်တည့်က လူ တစ်ယောက် ကိုယ့်ဆီကို လျှောက်လာ တယ်။ ဝတ်စားထားတာက မင်းသာ လို ပုဆိုးတောင်ရှည် သျှောင်ထုံး သူလျှောက်လာတဲ့ လမ်းကလဲ သဲ ခင်း ရာဇမတ်ကာ အနားရောက် တော့...

'ဒီမှာ အကြည်တော် ကျွန်ုပ်ကို မှ လား'

'မမှတ်မိဘူးဗျ'

'အင်း ဟုတ်ပေမပေ့ါ တစ်ချိန် သူငယ်ချင်းတွေပေ့ါ။ ထားပါတော့ ယခု အကြည်တော်ကို ကူညီဖော ရောက်ဖို့ လာခဲ့ရတာပဲ ကဲ လက် ဖြန့်'

'ဟုတ်ကဲ့'

လို့ ဆိုကာ လက်ဝါးဖြန့် ခံ စဉ် ရွှေရောင်အလုံး(၃)လုံး

'ဒါကို လည်မှာဆွဲထား နေ ကျန်းမာ၍ သာယာပြုရပေမည်'





www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောပြီးတာနဲ့ သတိဝင်လာတယ်။ အဲဒါ ရတနာသုံးပါး မမေ့ဖို့ သတိပေးတာတဲ့ ဆေးဆရာကြီးက ပြောတယ်။

ဒီလိုနဲ့ ခြံစည်းရိုးကိုင် လမ်းလျှောက်တတ်စနေ့က စမ်းလျှောက်ပြီး နားခိုက်အရမ်းသန်းလာတယ်။ ဟာ အမေရေ သားအရမ်းကို အိပ်ချင်လာတယ်လို့ ပြောရင်းပဲ မူလအသိ ပျောက်သွားတယ်။ အိမ်ခြံဝင်းတံခါးဝမှာ အရပ်(၆)တောင် လောက်ရှိတဲ့ လူမည်းကြီး(၂)ဦးကိုပဲ မြင်လိုက်ရတယ်။ **(ပတ်ဝန်းကျင်ရှိသူများကတော့ စာရေးသူ ခေါ်မရတော့ဘူးပေါ့။)**

'မောင်ရင် သခင်မရဲ့ အမိန့်အရ လာခေါ်ရတာပဲတဲ့'

တစ်ယောက်ပခုံး တစ်ဖက်စီ ကိုင်ပြီးသား တန်းခေါ်သွားတယ်။ ကုန်းကြီးတစ်ကုန်းဆင်းပြီး ချောင်းဖြတ်ကူးတယ်။ ရေအနက်က ကျွန်ုပ် ခြေထောက်မမီဘူး။ သူတို့ကြည့်တော့ ဒူးဆစ်မြုပ်နေတယ်။

စီးမျောနေတာ ကြည့်မိတော့ ယင်းခေတ်ကသုံးငွေ ကျပ်စေ့၊ ငါးမူးစေ့၊ မတ်စေ့၊ ဆယ့်ပြား၊ ငါးပြားစေ့တွေချည်းသာ၊ ချောင်းအတက် ကမ်းစပ်မှာ ဆင်နီးနီးရှိတဲ့ ကျွဲအုပ်က မြုပ်ချည်ပေါ်ချည်နဲ့ ကူးနေကြတယ်။ ကမ်းပေါ်မှာ သာယာသား။ တစ်ဖက် နေခြည်ထိုးထားတဲ့ ကုန်းစောင်း။ တစ်ဖက်ကသစ်တောဟာ နေခြည်ပူပူအောက်မှာ အာလာမျိုးစုံစွာနဲ့ အုပ်စုဖွဲ့လို့ ယိုင်ထိုးနေဟန်က လှပတဲ့ ပန်းချီတစ်ချပ်ပဲ။

ကုန်းပေါ်ရောက်တော့ စာရေးသူ တစ်ဦးတည်းသာ။ ဟိုနှစ်ကောင် ဘယ်ဆင်သွားပြီ မသိ။ ရွာလိုလို မြို့ဆိပ်ကမ်း တစ်နေရာလိုလိုပဲ။ ရေတွင်းမှာလဲ ရွှယ်မိန်းကလေးတစ်သိုက်ရဲ့ စကားသံ၊ ရယ်သံ၊ စက်ဘီးသံ တကျွိကျွိနဲ့ လမ်းတစ်ဖက်ကို ကြည့်တော့ ခမ်းနားထည်ဝါလှတဲ့ မုခ်ဝတစ်ခု။

အဲဒီမှာလဲ မုခ်တံခါး ပွင့်လာတယ်။ အမျိုးသမီးတစ်ဦးကိုပါ တွေ့လိုက်ရတယ်။ လှပကျော့ရှင်းပုံက ထူးတော့ ထူးပါတယ်။ မြေပေါ် ဝဲနေအောင် ကျတဲ့ဆံပင်၊ ကိုယ်အပေါ်ယံလွှာက ဇာပဝါ အစိမ်းနု။

အပေါ်ယံအကျီက ရွှေဝါရောင်ရေးပောင်းလက်ရာတွေချည်းနဲ့ လက်ဝတ်ရတနာ နားတံပေါ်ပေါ် တော်တော်တော့ လှသားလို့ အကဲခတ်မိနေတုန်း မထင်မှတ်ဘဲ သူ့ရဲ့ နှုတ်ခမ်းဖူးဖူးလေးက လှုပ်ရှားလာတယ်။

'ဟယ် မောင်တော် ဘယ်လိုကြီး ဖြစ်နေတာလဲ နမတော်ကို ဒီလိုကြည့်နေပုံထောက်တော့ မှတ်မိတော် မမူဘူး ထင်ပါရဲ့'

'ဟုတ်တယ် ကျွန်ုပ် ဘယ်အရာကိုမှ မသိပါဘူး'

'ဩော်... တစ်ချိန်က မောင်တော် အပိုင်စားရတဲ့ ယှင်းစဲမြို့ရဲ့ မြောက်တံခါးကိုးပင် သဘော်ာဆိပ်လေ'

မသိတော့ပါ။ ဘာနဲ့ ဘယ်အရာကိုမှ မသိရပါလား။

သာယာသော ရှုခင်းနဲ့ ဒေဝစွရာဆန်တဲ့ သူမရဲ့ သုခမဟာန် မမြင်စဖူးထူးကဲတဲ့ အလှပိုင်ရှင်ကို လူ့တစ်ဘဝမှာ ဒီတစ်ခါသာ ဆုံဖူးသည်မို့ လှလိုက်တာကလဲ မှုံညက်လို့ပဲ။

ကျွန်ုပ် နှလုံးသားဖူးစစ ဒီမှာ အရည်ပျော် ရချည့်ရဲ့။

ဒါပေမယ့် ငယ်ဘဝက ထုံလာခဲ့တဲ့ ရတနာသုံးပါး အာရုံက ပေါ်လာခဲ့လေတော့...

'ဘုရား ဘုရား ငါ ရောက်နေတာ ဗိုလ်ကို ခေါ်လာတဲ့ သူတွေဟာ ဘယ်သတ္တဝါ ဘုံသားတွေမှန်းမသိ။ ထူးဆန်းနေတာ သေချာလျက်နဲ့ သူ့အလှချည်း အာရုံကျလို့ မဖြစ်ခြေသေးဘူး'

လို့ တွေးမိရင်း ဘုရားတိုက်ဆောင်ကိုပဲ လှမ်းကြည့်မိတော့ သူမကလဲ တော်တော် ပါးနပ်သား။

'ဩော် ပြောရဦးမယ်။ ဒီဘုရားကြီးကို၊ ဒီဘုရားကြီး(မွှာရုံ)ကို မောင်တော် မှတ်မိသေးပါသလား'

'မှတ်မိဆို ခုမှပဲ မြင်ဖူးတာပဲ'

'တစ်ချိန်ကလို့ ပြောရမှာပေါ့'

'ဟုတ်ကဲ့ပြောပါ'

'မောင်တော်ရဲ့ ဓမ္မအာရုံယူရာ တရားနှလုံးရင်း ဖူးမြော် ကြည်ညိုခဲ့တဲ့ နေရာလေ'

'ကျွန်ုပ် မမှတ်မိတော့ပါဘူးဗျာ'

'ဒါအပြင် နမတော်နဲ့ မောင်ဘုရားတို့ရဲ့ ပျော်စံရာ ရေကန်သာလဲ ရှိသေးတယ်'

'ဩော်...ဟုတ်လား'

'ဒါပဲ မောင်တော့်ကို ပြောလိုက်ရင်... အင်း ဟုတ်လားနဲ့၊ ဩော် ဩော်တဲ့ ဘာတစ်ခုမှ မမှတ်မိခဲ့ဘူး။ ဟုတ်ပေမပေါ့။ ဘဝတွေက အများကြီးကို ပြောင်းလဲခဲ့ပြီကိုး၊ မောင်တော့်ကို ပြန်ပြောပြရရင် ညပေါင်း တစ်ထောင် ကျော်နိုင်တယ်။

ဒီဘက် မိုးတားမြို့ပောင်း ရာဝတီ



www.burmeseclassic.com

အစပ်ကနေ နွားတလယ်ဘုရား
တစ်ဖက်က သပိတ်ကျင်းအထိ'

'အဲဒါတွေ ထားလိုက်ပါတော့ဗျာ ဘုရားအရင်ဖူးချင်လို့ပါ'

'အဲဒါလဲ ပြောပြဦးမှာပဲ'

'ဘယ်လိုပါလဲဗျာ'

'ပထမ သံတံခါးပွင့်မယ်၊ ဒုတိယ တပေါ်(လိုက်ကာ)ပွင့်မယ်၊ (၁၅)စက္ကန့်အတွင်း ရအောင်ဖူးပါ'

'သြော်မှတ်မိလား ဟုတ်ကဲ့ပါဗျာ'

သူမက ပြောရင်းတံခါးကို ထိလိုက်တယ်။ ကျွီခနဲ အသံနဲ့အတူ တံခါး ဟလာတယ်။ ကျွန်ုပ်လဲ စီးထားတဲ့ ကင်းပတ်အဖြူဖိနပ်ကို ချွတ်တယ်။ တစ်ဖက်ကတော့ အလွယ်ကျွတ်တယ်။ ညာဘက်က ကျွတ်လိုက် ပြန်ဝင်လိုက်နဲ့ ထပ်ချွတ်လိုက်နဲ့...

ဒီအချိန် သံတံခါးကြီးပွင့်လို့ အစိမ်းနုရောင် ဇာခန်းစည်းနောက်မှာ ဘုရားရှင်မျက်နှာတော်၊ **ဘော်ရွှေရောင်**(အဖြူရောင်သန်းနေတဲ့ အဝါဆန်ဆန်) တလက်လက်နဲ့ ကိုယ်လုံးတော်က ရွှေသားအတိ။ ကြည်ညိုဖွယ် ဆောင်လုံးပြည့် မဟာမြတ်မုနိကိုယ်တော် အလားပဲ။

မဟာမြတ်မုနိဘုရားကြီးက ပလ္လင်တော်မြင့်တယ်။ ဟိုက ခါးသာသာပဲ။ ကျွန်ုပ်လဲ ဘုရားဖူးရန်အတွက် ဖိနပ်တစ်ဖက်ချွတ်မရ၊ လှမ်းကြည့်ရင်းပဲ ဇာပေါ် စ,ပိတ်လေပြီ။ ရှီးဆို ဆွဲစေ့သွားလေပြီ။

သူမကတော့ သတိပေးရှာတယ်။

'ပိတ်တော့မယ် ရအောင်ဖူးပါ။ ဒီဘုရားကြီးကို လူ့ဘဝကနေ ဖူးဖူးတာ မောင်တော်နဲ့ ဘိုးရိုန်းဆိုတဲ့ မဟာသမားတော်ကြီးပဲ ရှိတယ်'

ဘုရားပေါ်တက်ဖို့ မစဉ်းစားတော့ဘဲ မြေပြင်ကနေ ဒူးထောက် ကန်တော့ချိန်

ပဲ သံဘာဂျာတံခါးကြီး ပိတ်သွားပါလေရော။

'ကဲ လမ်းလျှောက်ရင်း မောင်တော်ရဲ့ ဥစ္စာရွှေငွေ ရတနာပစ္စည်းတွေ ပြမယ်'

ဘာမသိညာမသိနဲ့ ငူငူကြီး လိုက်နေမိတယ်။ သူမက ရဲတင်းစွာ အားမလို အားမရဖြင့် လက်ကို လှမ်းဆွဲရင်းက...

'မောင်တော်ဘုရား ဘယ်လိုဖြစ်နေတာလဲ'

'ကျွန်တော် ဘယ်လိုများ ဖြစ်နေလို့လဲ'

'ဘယ်လိုဖြစ်နေရမှာလဲ ဟိုတုန်းကဆိုရင် တက်ကြွလန်းဆန်း ပေါ့ပါးပြီး ကိုယ့်ကိုယ်ကိုယ် အရမ်းကို ယုံကြည်သလို အပြည့်ပြည့်ကလဲ ယုံကြည်ကိုးစားရတဲ့ မင်းသားတစ်ပါးပါ'

အဲဒီမှာ ဝတ်ဖြူစင်ကြယ်ဝတ် သျှောင်ထုံး တောင်ဝှေးနဲ့ အဘိုးအိုတစ်ဦးကို လှမ်းမြင်လိုက်ရတယ်။

'အဲဒီ ဘိုးဘိုးဘုရားလေ၊ သူကတော့ ဒီမှာပြတယ်၊ မောင်တော်ကသာ အရုံးများလို့ ဘဝတွေမှာ လည်နေတာ'

အဆောင်တွင်း ရာဝင်အိုးကြီးများ အကြားရောက်လာလေရာ ဖွင့်ပြတဲ့ အလွား အိုးဖြူကြီးများကို ရတနာ အပြည့်ဖြင့်သာ ပန်းတဉ်းလက်ရာ အမျိုးမျိုးနဲ့ ရွှေရောင်စိန်ရောင် တောက်လျှက်မြင်ရတယ်။



'ကဲ...ကဲ ဒီတစ်ခေါက်တော့ ဒီတာလဲ ပြ...
ပါတော့။ အိမ်မှာ မောင်တော့်အမေ စိတ်...
ပြီး ခေါ်နေရှာပြီ'

တဲ့။ လမ်းမကြီးအတိုင်း လျှောက်...
လာကြရာ ဗွက်ကို အုန်းပင်အပိုင်းတုံး...
တစ်တုံးကို တံတားအဖြစ် ကူးထားတာ...
ကိုက်(၂၅)ကိုက်လောက် ရှည်မယ်...
"ဒီလမ်းအတိုင်း ပြန်ပါ" လို့ပြောရင်း...
သူမက အုန်းတုံးထိပ်တွင် ကျန်ခဲ့...
တယ်။

စာရေးသူလဲ အုန်းတုံးပေါ်တက်...
လျှောက်လာတာ အလယ် ရောက်...
သတိထားမိတယ်။ အုန်းတုံးအောက်...
လှမ်းကြည့်မိတော့ ရေက ပြာစိမ်းကြည်...
နေတယ်။ ကြည်တာမှ ဟိုးအောက်...
က စကြဝဠာဝေဟင်ပြင် မြင်ရတယ်...
ထင်ရတယ်။

မတော်လို့ ခြေချော် ကျသွားရင်...
တွေးမိရင်း ကျောတောင် စိမ့်သွား...
တယ်။ အုန်းတုံးအဆုံးရောက်တော့...
သူမက သွယ်လျလျ သူ့ရဲ့လက်...
အသာလေး ယမ်းပြတယ်။ နှုတ်ဆက်...
တဲ့ သဘောပေါ့။

အုန်းတုံးပေါ်မှာ လှမ်းအဆင်...
ခြေတစ်ဖက်က အုန်းတုံးပေါ်မှာ...
ထဲ စီခနဲဆို အမေ့အသံ ကြားလိုက်...
တယ်။

'သားရေ... လာ လာ အ...
တယ်'

'ဟ အမေစိတ်ပူပူနဲ့ခေါ်တဲ့ အသံ...



www.burmeseclassic.com

www.burmeseclassic.com

အမြန်ပြန်မှ'

လို့ တွေးမိပြီး အုန်းတုံးပေါ်မှ အပြီး ဆင်းချလိုက်တယ်။ မြေပြင်နဲ့ ခြေဖဝါး ထိတာနဲ့ ရွာတော်ရှင် စင်တော်ရှေ့ ရောက်တယ်။

နောက်ထပ် ခြေတစ်လှမ်း ထပ်ချမိတော့ အိမ်ခြံဝင်းတံခါးဝ ဟိုနှစ်ကောင် ကိုယ့်ကို ဆွဲခေါ်သွားတဲ့နေရာ။ ထူးတာက အမေ့အသံမှတစ်ပါး ဘယ်သူ့အသံမှ မကြားရဘူး။

မိခင်ရဲ့ သောကအပြည့်နဲ့ အသံကို ကြားစိလို့ မိခင်ရင်ခွင်ကို ပြေးဝင်ဖို့ စိတ်ဖြစ်တာနဲ့ မိမိနဲ့ သွေးအရင်းနီးဆုံး အသံကို အရင်မှတ်မိတယ်။ အစဉ်အတိုင်းပဲ နောက်တော့ ဆူညံနေအောင် ဝိုင်းခေါ်နေကြတာပဲ။

အဲဒီမှာလဲ စ,မြင်ရတာ အမေ့ရုပ်လွှာမှသည် တစ်ဦးချင်း လူ့မျက်နှာကို စ,မြင်ရစဉ် ဖောင်းပွပွ တွန့်ကားပြီး အရေးအကြောင်းကြီးများကလဲ တစ်ပေခန့်နက်တယ်လို့ ထင်ရတယ်။ လူက ဘီလူးကို မြင်ရသလိုထက် ရုပ်ဆိုးနေပါတယ်။

စောစောက သုခမရုပ်လွှာ ဒေဝစွရာ အသွင်သဏ္ဍာန် ယခုက အာဟာရ ရုပ်ကြမ်းကြီးတွေကို အာရုံက ယှဉ်နေမိတာကိုး။ အဲဒါ ပထမအကြိမ်ပေါ့။ အကြိမ်ကြိမ် အခေါ်ခံရတယ်။

တစ်ကြိမ်မှာ သူကပြောတယ်။

'နှမတော်ကို အိမ်လည်လေး ဘာလေး မခေါ်ချင်ဘူးလား'

'ခေါ်ချင်ပါတယ် ကျွန်တော့်အမေကို မေးကြည့်ဦးမယ်။ အိမ်ခေါ်ရမှာ အားနာစရာ အိမ်က မကောင်းတော့ လောလောဆယ် အိမ်သစ်ဆောက်ဖို့ ပျဉ်စု၊ သစ်စု လုပ်တုန်းဆိုတော့...'

'ရပါတယ် အလည်ခေါ်မယ်သာ ပြောပါ'



မဟုတ်ဘူး ဟုရောကခါမှ နေစရာ မရှိတော့ အားနာလို့ပါ'

'မောင်တော်ရဲ့ ယခုဘဝ အမေကို ပြောလိုက်ပါ။ ခုဆောက်မယ့် အိမ်တော်ကို ကြီးကျယ်ခမ်းနားအောင် စီစဉ်ပါလို့'

'ဟာ အဲဒါတော့ မဖြစ်နိုင်ပါဘူး။ အိမ်မှာက မိခင်ရဲ့ ရောင်းဝယ်မှုတစ်ခုတည်းနဲ့ ကျွန်တော်တို့ ရပ်တည်နေရတာပါ'

'ဟယ် မောင်တော်ကလဲ နှမတော်ပြောတာက မယ်ဘုရားကြီးသာ ခွင့်ပြုတော်မူရင် အိမ်တော်ကြီး ပြီးတဲ့အထိ ရတနာတွေ ပေးနေမှာပါ'

ဒါတစ်ကြိမ်ပေါ့။

ဖြစ်စဉ်တိုင်းကို အမေ့ ပြန်ပြောပြတာ ဒီတစ်ကြိမ်တော့ အမေက အရမ်းကို စိတ်ပူသွားတာပေါ့။

'ငါ့သားလေး... ဒီကောင်မဆီက ဥစ္စာပစ္စည်း ဘာတစ်ခုကိုမှ လက်မခံပါနဲ့'

တဲ့။

ဒီလိုနဲ့ နောက်ဆုံးအဖြစ် ဆုံခဲ့စဉ်မှာ သူမက သိထားသူမို့ တွေ့တာနဲ့ နှုတ်ဆက်စကားပဲ ပြောလာတယ်။

'မောင်တော်ရယ် နှမတော်ရယ် ဘဝအကွေ့များစွာ ဒီတစ်ကြိမ် ပြန်ဆုံကြတာကို မောင်တော်က သိပ်ကို စိမ်းကားတာပဲ။ သံယောဇဉ်ထားတတ်သူလို မခင်မင်နိုင်ဘူးတဲ့'

'ထားပါတယ်ဗျာ ယခု ခင်ခင်မင်မင် ဆက်ဆံပြောဆိုနေတာပဲ'

'ခုပြောတာ ဟုတ်တယ် နောက်ဆို ဒီကို လာရတော့မှာ မဟုတ်ဘူး'

'ဘာကြောင့်လဲ မောင်တော်ရဲ့ အမေလေ ဆရာတွေနဲ့ စီမံနေတယ်။ ပြီးတော့ မောင်တော်ကိုယ်တိုင်ကလဲ ဘုရားဂုဏ်တော် အမြဲတည်တယ်။ ဒီတော့ နောက်ဆုံးအနေနဲ့ နှမတော် အတွက် မေးခွန်းလက်ဆောင် ဖြေပေးထားခဲ့ပါ'

'လောကမှာ လူသားတွေဟာ ဘယ်အရာကို တန်ဖိုးထား အမြတ်နိုးဆုံးပါလဲ'

ကျွန်ုပ်လဲ ငယ်ဘဝရဲ့ အတွေးမျိုးနဲ့...

'လောကမှာလူတွေက တချို့ ကာမရာဂအာရုံနောက် လိုက်ကြတယ်။ တချို့က ဥစ္စာရွှေငွေ၊ တချို့ ရတနာသုံးပါး ဆည်းကပ်ခြင်းတွေပေါ့'

'ဒါဆို မောင်တော်ကရော'

တဲ့။

'ကျွန်တော်ကတော့ မွေးရသလို ပြောရမှာပေါ့။ တရားတော်ရဲ့ အနှစ်သာရသိဖို့ ရှာဖွေဆဲပါ'

လို့ ပြောမိတော့...

**'ဘဝတစ်ကွေ့ ဒီမှာ နှုတ်ဆက်ပါတယ်'**


တဲ့။

မှတ်မိပါသေးတယ်။ **ဖြေမိတဲ့ ရတနာသုံးပါး တန်ခိုးအားကြောင့် သေမင်းခေါ်ရာ မပါခဲ့ရပါလားလို့ တွေးရင်း** ဖော်ပြလိုက်ရပါတယ်။

***ရတနာသုံးပါး တန်ခိုးအားကြောင့် ဘဝများစွာ ချမ်းသာသုခ ရကြပါစေ။***

ကြည်လှိုင် (ရွှေကူ)

www.burmeseclassic.com



နွားများ

# ဗိုက်ကယ် ဗိုက်ကားဖြစ်လျှင်

စာရေးသူတို့တစ်သိုက် ရှာလယ်ပိုင်းရှိ မောင်လှိုင်မြင့်၊ မခင်သိန်းတို့အိမ်သို့ အလုပ်ကိစ္စတစ်ခုဖြင့် ရောက်ခဲ့သည်။ လက်ဖက်ရည်ကြမ်းဝိုင်းတွင် မောင်လှိုင်မြင့်၏ ဖခင် ဦးကိုအေး (အိုင်ကလောရွာ)နှင့် ဆုံတွေ့၏။ ရောက်တတ်ရာရာစကားများ ပြောကြရာ နွားအကြောင်းပါလာ၏။

ဦးကိုအေးက တောင်သူလယ်သမားပီပီ နွားများကို အထူး အားကိုးအားထားရကြောင်းနှင့် နွားများ၏ ကျန်းမာရေးကို ဂရုစိုက်သင့်ကြောင်း။ နွားမရှိပါက လယ်သမားတွေမှာ ညာလက်ရုံး တစ်ဖက်ပြုတ်သလို ခံစားရကြောင်းတို့ကို အောက်ပါအတိုင်း ပြောပြပါသည်။

'ယခု ရာသီက နွားတွေ ခွာနာလျှာနာ ဖြစ်တတ်တဲ့ ရာသီကွ သတိထားကြ။ တို့ တောင်သူလယ်သမားဆိုတာ နွားကို အားကိုးအားထား ပြုနေရတာ။ ဘယ်လိုပဲ စက်မှုလက်မှုတွေ ထွန်းကားလာပါစေ နွားကို လက်လွှတ်လို့ မရသေးဘူးကွ။

နွားက ဘက်စုံ သုံးလို့ရတယ်။ စက်က ဘက်စုံ သုံးလို့မရသေးဘူးကွ။ ဒါကြောင့် နွားကို အစစအရာရာ ဂရုစိုက်ကြ။ တစ်ဆက်တည်းပဲ ငါ့နွား တစ်ကောင်အကြောင်း ပြောရဦးမယ်။

တစ်ခါက ငါ့ခိုင်းနွားကြီးတစ်ကောင် ကိုင်းထဲမှာ လွှတ်ပြီး တွေ့ကရာတွေ လျှောက်စားတာ ဗိုက်ကယ် ဗိုက်ကားကြီး ဖြစ်ရော။ တအင်းအင်းနဲ့ ဗိုက်ပုတ်ကြည့်တော့လဲ တဗုန်းဗုန်းနဲ့ ဆီးလဲ မသွား၊ ဝမ်းလဲ မသွားဘူး ဖြစ်နေတယ်။ ငါလဲ စိုးရိမ်သွားတာပေါ့ကွာ။ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်နေတယ်။ ငါ့နွားကြီး အခြေအနေမှ ကောင်းပါတော့မလားနဲ့ပေါ့။

အဲဒီအချိန်မှာ ရှေးမီနောက်မီ လူကြီးတစ်ယောက်ကပေါ့ကွာ...

"ဟော့ကောင် ကိုအေး မင်း ဘာမှမပူနဲ့ ဆိုပြီး အိမ်သုံးစားဆီ တစ်အာတာ (ပုလင်း ဝက်ခန့်) လောက် ယူခဲ့စမ်းဆိုပြီး ဆီ တစ်အာတာ (ပုလင်းဝက်ခန့်) နွားကို တိုက်လိုက်တယ်"

မကြာဘူး ဟော့ကောင်ရေ နွားကြီး ဆီးတွေ, ဝမ်းတွေ မှန်လာပြီး ကျန်းမာရေးကောင်းသွားလို့ လုပ်ငန်းခွင် ပြန်ဝင်နိုင်ခဲ့တယ်'

ထို့ကြောင့် နွားများ အစားအသောက် လွန်၍သော်လည်းကောင်း၊ အစားမှား (ဗိုက်ကားစာ) စား၍သော် လည်းကောင်း ဗိုက်ကယ် ဗိုက်ကား ဖြစ်နေလျှင် ဦးကိုအေး ပြောပြသလို အိမ်စားသုံးဆီ တစ်အာတာ (ပုလင်းဝက်ခန့်) တိုက်ပေးခြင်းဖြင့် အဖိုးထိုက်တန်ပြီး အင်မတန် အားကိုးရသော နွားများ အသက်ဆုံးရှုံးမှု၊ တန်ဖိုး ဆုံးရှုံးမှုဘေးမှ ကင်းဝေးပြီး ရောဂါဘယလည်း ကင်းစင်ပပျောက်စေကြောင်း စေတနာကောင်းဖြင့် တင်ပြလိုက်ပါသည်။

**(ဤဆေးနည်း ပြောပြသော ကနောင်မြို့ တောင်ဘက် အိုင်ကလောကျေးရွာမှ ဦးကိုအေးအား ကျေးဇူးတင် အမှတ်တရ)**

***သမ္မာဆန္ဒ ပြည့်ဝကြပါစေ။***

**စိုးလင်းအောင်(မြန်အောင်)**



www.burmeseclassic.com